ပြည်ထောင်စုမြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

## တရားရုံးချုပ်၏စီရင်ချက်များ

၁၉၉၀ ပြည့်နှစ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၁၉၉၁ – ဒီဇင်ဘာလ

အုပ်ရေ – ၆၀၀၀

မျက်နှာဖုံးကင်းလွတ်ခွင့်အမှတ်(၀၆/၉၂)(၁)

တရားရုံးချုပ်၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်း (ယာယီမှတ်ပုံတင်အမှတ် ၃၃၆၊) က တရားရုံးချုပ်ပုံနှိပ်တိုက်၊ အမှတ် ၁၀၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်၍ တရားရုံးချုပ် ဒုတိယ ညွှန်ကြားရေးမှူးဦးမြင့်သိန်း၊ ကင်းလွတ်ခွင့်အမှတ်-၄၉/၉၁(၁၀) က ထုတ်ဝေသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

### တရားရုံးချုပ်၊ တရားသူကြီးအဖွဲ့

၁။ ဦးမြအောင်တိုး B.A., B.L. — တရားသူကြီးချုပ်

၂။ ဦးဘေအေးအုန်း B.A., B.L. — တရားသူကြီး

၃။ ဦးကျော်တင့် B.A., B.L. — တရားသူကြီး

၄။ ဦးမျိုးထွန်းလင်း M. Com. (Ygn.), LL.M. (LOND), JUR. DRS. (UTRECHT), Bar-at-Law (INNER TEMPLE). — တရားသူကြီး

၅။ ဦးကျော်ဝင်း B.A. — တရားသူကြီး

## ပြည်ထောင်စု မြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံ တရားစီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့

၁။ ဦးမျိုးထွန်းလင်း M.Com. (Ygn.), LL.M. (LOND), — ဥက္ကဋ္ဌ
JUR. DRS. (UTRECHT),
Bar-at-Law (INNER TEMPLE).
တရားသူကြီး၊ တရားရုံးချုပ်

၂။ ဦးမြ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ တရားမဌာန

၃။ ဦးစိုးမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန

၄။ ဦးတင်ညွှန့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ စီမံဌာန

# ၁၉၉၀ ပြည့်နှစ်
# ပြစ်မှုဆိုင်ရာအမှုများ

## စိရင်ထုံးပြု သော ဖြစ်မှု များ


| | | | စာမျက်နှာ |
| --- | --- | --- | --- |
| ဦးကေဆင်ဘားနက်စ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| မောင်ကံပင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၅ |
| ခင်မောင်လတ်ပါ(၂) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၈ |
| ဦးချစ်သန်းပါ(၂) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၁၂ |
| ဦးစော | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၃) | ၁၇ |
| ဦးဆန်းဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၁၀) | ၂၂ |
| ဒေါ်တင်မြင့် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၃) | ၂၇ |
| ဦးတင်ရွှေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၃၁ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးကျော်အေး | ၃၅ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | မတင်ကြွန်ပါ(၅) | ၃၉ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | ဦးဘိုအေး | ၄၃ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | သန်းအောင်ပါ(၄) | ၄၇ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော် | နှင့် | အောင်ရလဒဟာ | ၅၂ |
| ဦးမိဂျေကူးမား | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၅၆ |
| ဦးဘိုချုပ်(ခ)ဦးသန်းအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၅၉ |
| ဦးလှ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၆၅ |
| ဦးသိုက်ထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၄) | ၆၉ |
| ကိုသန်းအောင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၇၅ |
| ဦးသိန်းလွင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၇၉ |
| ဒေါက်တာအောင်ကျော်ဇင် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၈၄ |
| ဦးအောင်မြင့်ပါ(၄) | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၂) | ၉၀ |
| မောင်အုန်းတင် / ပြည်ထောင်စု မြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် / မောင်အုန်းတင် | ၉၄ |
| ဒေါ်အုံးရီ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ(၄) | ၁၀၄ |

# ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ–

တရားစီရင်ရေး ဥပဒေ

ပြစ်မှုဆိုင်ရာဥပဒေ

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

၁၉၆၈ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ

၁၉၇၆ ခုနှစ် လောင်းကစားဥပဒေ

၁၉၇၉ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်မဆောက်ရေးအဖွဲ့၏ အမိန့်များ

တရားစီရင်ရေး ဥပဒေပုဒ်မ ၆– အထူး အယူခံ လျှောက်လွှာ တင်သွင်းနိုင်ခွင့်ရှိသူ ဟုတ်မဟုတ် သုံးသပ်ရန်လိုခြင်း– တရားခံအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို ရှေ့နေချုပ်ရုံးကသာ အယူခံဝင်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ဤအမှုတွင် တရားရုံးချုပ်၏အမိန့်အပေါ် ပြန်လည်အရေးယူလောက်သော ပြဿနာ ရှိ မရှိကို အထူး အယူခံခွင့် လျှောက်လွှာ တင်သွင်းခဲ့သော ဦးတင်ရွှေသည် ဥပဒေအရ တင်သွင်းနိုင်ခွင့်ရှိသူ ဟုတ်မဟုတ်ကို ဦးစွာ သုံးသပ်ရန်လိုအပ်သည်။

တောင်ကြီးမြို့နယ်တရားရုံးက တရားခံ ဦးဟုတ်ပင်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဦးတင်ရွှေသည် မူလအမှုတွင် တရားလိုပင်ဖြစ်စေဦး အယူခံမှု တင်သွင်းခွင့်ရှိခဲ့သူ မဟုတ်သဖြင့် ဥပဒေနှင့်အညီ ရှေ့နေချုပ်ရုံးက အယူခံမှု တင်သွင်းခဲ့ရခြင်း ဖြစ်ပေသည်။

(၁) ညွှန်းချက်

စာမျက်နှာ

အဆိုပါအယူခံမှုတွင်လည်း တရားရုံးချုပ်က တောင်ကြီး မြို့နယ် တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့ပြီးဖြစ်သဖြင့် အထူး အယူခံခွင့်ရရန် တင်သွင်းခဲ့သော ဤအထွေထွေ လျှောက်လွှာတင်သွင်းမှုသည်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ မူလ အမှုစစ်တရားရုံး ၏ အမိန့်ကို ပယ်ဖျက်ခွင့်ရရန် တင်သွင်းမှုပင် ဖြစ်ပေသည်။ သို့ အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံမှုတင် သွင်းနိုင်သူမှာ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ ရှေ့နေချုပ် ရုံးသာ ဖြစ်သည်။ အမှုသည် တစ်ဦးတစ်ယောက်က မူလရုံးမှတရားခံ အား အပြီးအပြတ် လွှတ်ခဲ့သည့် အမိန့်ကို အယူခံ ဝင်ရောက်ခွင့် မရှိချေ။

၎င်းအပြင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ရှေ့နေချုပ်ရုံးမှ တင်သွင်းခဲ့သော အယူခံမှုကိုပလစ်ခဲ့ သောကြောင့် နစ်နာသူမှာ ရှေ့နေချုပ်ရုံးသာ ဖြစ်သဖြင့် တရား စီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူး အယူခံခွင့်ရရန် အထွေထွေ လျှောက်လွှာကို ရှေ့နေချုပ်ရုံးကသာ တင်သွင်းနိုင်ခွင့် ရှိပေသည်။ ဦးတင်ရွှေအပါအဝင် မည်သူ့ တစ်ဦးတစ်ယောက်ကမျှ တင်သွင်းခွင့် မရှိပေ။

ဦးတင်ရွှေ နှင့် ပြည်ထောင်စု .... .... ၃၁
မြန်မာနိုင်ငံတော်ပေါ်(၂)

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅— ယင်းပုဒ်မပါ ''ပစ္စည်း'' ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းသာမက မရွှေ့ မပြောင်းနိုင်သော ပစ္စည်းနှင့်လည်း အကျုံးဝင်ခြင်း။

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ တွင် ''ပစ္စည်းကို သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်မှုကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံ ခြင်း ခံရသည့်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလဲ လျှင် ××× ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည် အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်မည်၏'' ဟု ပြဋ္ဌာန်းထားသည်။ သို့ ဖြစ်ရာ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုမှာ ''ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း'' နှင့်သာ သက်ဆိုင်သည် သို့မဟုတ် ''မရွှေ့မပြောင်းနိုင်သောပစ္စည်း'' နှင့်သာ သက်ဆိုင်သည်ဟု ပြဋ္ဌာန်း ထားခြင်း မရှိချေ။ အဆိုပါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ၏ ''ဥပမာ (က)'' တွင် သေသူ၏ အမွေပစ္စည်းကို ထိန်းသိမ်း စီမံ

ခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်းခံရသူက သေတမ်းစာပါ ခွဲဝေပေးရန် ညွှန်ကြားသည့် ဥပဒေကို မရိုးမဖြောင့်သော သဘောနှင့် ဖီဆန်၍ မိမိ ပစ္စည်းအဖြစ်ဖြင့် သုံးစွဲခြင်းသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်ဟု ဆက်လက်ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ အမွေပစ္စည်းကို ထိန်းသိမ်း စီမံခန့်ခွဲရန် သေတမ်းစာဖြင့် ဆိုသည့် စကားရပ်တွင် မရွှေ့မပြောင်းနိုင်သော မြေ၊ အိမ်၊ အဆောက်အဦးများပါရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ပါ ''ပစ္စည်း'' ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းသက်သက်ကိုသာ ရည်ရွယ် ပြဋ္ဌာန်းခြင်း မဟုတ်ဘဲ မရွှေ့မပြောင်းနိုင်သောပစ္စည်းလည်း စပ်ဆိုင် အကျုံးဝင်ကြောင်း ကောက်ယူနိုင်ပေသည်။

ဦးစော　　နှင့်　ပြည်ထောင်စု .... ....　　၁၇
မြန်မာနိုင်ငံတော် ပါ (၃)

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃– တိုင်လျှောက်လွှာ၌ ဖော်ပြချက်နှင့် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိရုံဖြင့် မမှန်သက်သေခံခြင်း မြောက်မမြောက်။**

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံခြင်းသည် တရားရုံးရှေ့၌ ကတိသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက် (၂)ခု ကွဲလွဲရန်လိုအပ်သည်။ ဒေါ်တင်မြင့်၏ တိုင်လျှောက်လွှာသည် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုသော ထွက်ချက်မဟုတ်ပေ။ ယင်းသို့ တိုင်လျှောက်လွှာ၌ ဖော်ပြချက်နှင့် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိရုံဖြင့် မမှန်သက်သေခံခြင်းမြောက်သည်ဟု မဆိုနိုင်ချေ။

ဒေါ်တင်မြင့်　　နှင့်　ပြည်ထောင်စု .... ....　　၂၇
မြန်မာနိုင်ငံတော်ပါ (၃)

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇– တရားရုံးသို့ တင်ပြခြင်း မရှိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားရုံးတွင်အမိန့်ချမှတ်ရန် တာဝန်မရှိခြင်း။**

ဆုံးဖြတ်ချက်။ တရားရုံးသည် အမှုအား စီရင်ဆုံးဖြတ်ပြီးပါက အမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့်အမိန့်ကို မလွဲမသွေ ချမှတ်ရန် တာဝန်ရှိသည်။ သို့ရာတွင် တရားရုံးသို့ တင်ပြလာခြင်းမရှိသော

စာမျက်နှာ

သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ယင်းကဲ့သို့ အမိန့်ချမှတ်ရန် တာဝန်ရှိမည် မဟုတ်ပေ။

ဦးစွကဆင်တားနက်စ် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် .... .... ၁

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၄၀–ပြင်ဆင်မှုတွင် နှစ်ဘက် အမှုသည်များနှင့် ၎င်းတို့၏ အကျိုးဆောင်များသည် အခွင့်အရေး တစ်ရပ် အနေဖြင့် လျှောက်လဲ တင်ပြခွင့် မရှိခြင်း–ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ (၂)–တရားခံအား နစ်နာစေသည့် အမိန့်ကိုချမှတ်မည်ဆိုလျှင် ယင်းတရားခံအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ထုချေခွင့်ပေးရန် လိုခြင်း၊

ဆုံးဖြတ်ချက်။ ။လက်အောက်ခံ တရားရုံးများက ဥပဒေနှင့် မညီမညွတ် ဆောင်ရွက် နေသည်ကို ပြင်ဆင် တည့်မတ်ပေးနိုင်ရန် အတွက် တိုင်းတရားရုံးက ပြင်ဆင်မှု ဖွင့်လှစ်ခွင့် ရှိသည်မှာ မှန်သည်။ ပြင်ဆင်မှုများတွင် နှစ်ဖက် အမှုသည်များနှင့် ၎င်းတို့၏ အကျိုးဆောင်များသည် အခွင့်အရေး တစ်ရပ်အနေဖြင့် လျှောက်လဲ တင်ပြခွင့်မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၄၀ တွင် ပြဋ္ဌာန်းထားသော်လည်း ယင်းပြဋ္ဌာန်းချက်၏ ခြွင်းချက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေရပေ။ အဆိုပါ ပြင်ဆင်မှု၌ တရားခံအား ထိခိုက်နစ်နာစေသော အမိန့်ကို ချမှတ်မည်ဆိုလျှင် ယင်းတရားခံအား ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ထုချေ ကြားနာခွင့် မပေးဘဲ အမိန့်ချမှတ်နိုင်ခွင့်မရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၂) တွင် ပြဋ္ဌာန်းထားသည်။

ဧရာဝတီတိုင်း တွဲဖက် (၆) တရားရုံးသည် ပြစ်မှုဆိုင်ရာပြင်ဆင်မှု (က) ဖွင့်လှစ် ဆောင်ရွက်ရာ၌ မူလမှုတရားခံ ခင်မောင်လတ်ပါ–၂ ဦးတို့ကို ကြားနာခွင့် မပြုခဲ့ကြောင်း အမှုတွဲ နေ့စဉ်မှတ်တမ်းအရ တွေ့ရသည်။ ဒဏ်ငွေတပ်ရိုက်ခဲ့သည့် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အမှုကိုအစမှပြန်လည် စစ်ဆေးစေခဲ့သည့် တိုင်းတရားရုံး၏ အမိန့်မှာ တရားခံ ခင်မောင်လတ် ပါ–၂ ဦးတို့အား နစ်နာစေသော အမိန့်တစ်ရပ်သာဖြစ်သည်ဟု ဆိုရမည်ဖြစ်သောကြောင့် တိုင်းတရားရုံး

၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၂) ပါ ပြဋ္ဌာန်းတားမြစ်ချက်နှင့် ဆန့်ကျင်နေပေသည်။

ခင်မြမောင်လတ်ပါ(၂) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် .... .... ၈

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၃(၂) တရားလိုအား စစ်ဆေးရာ၌ ဆုံးခန်းတိုင် မရောက်ရှိသေးမီ အမှုကို ရဲစခန်းမှ ပိတ်သိမ်းခဲ့ပြီးဖြစ်သည့်အပေါ် အခြေခံ၍ တရားခံအား တရားရှင်လွှတ်နိုင် မနိုင်။

ဆုံးဖြတ်ချက်။ မြို့နယ် တရားရုံးသည် တရားလိုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး တရားခံများ အပေါ် ပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံ အရေးယူ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံအရေးယူဆောင်ရွက်ပြီးနောက်တရားခံ များအပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၀ ဖြင့် အရေးယူ ဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းနှင့် အညီ ဆောင်ရွက်သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီး နောက် မြို့နယ်တရားရုံးသည် တရားလိုမှ တင်ပြသော သက်သေများကို စစ်ဆေးပြီး မည်သည့် အဆင့်တွင် မဆို တရားလို၏ စွပ်စွဲချက်များ သည် အခြေအမြစ် မရှိကြောင်း ပေါ်ပေါက်ပါက တရားခံများအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂) အရ တရားရှင်လွှတ်ရန် ဖြစ်သည်။ ယခုမှု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၄ အရလက်ခံ အရေးယူဆောင်ရွက်ပြီးနောက် မူလရုံး တရားလို ဒေါ်ညိုလေးအား စစ်ဆေးနေစဉ်၊ တစ်နည်းဆိုသော် တရားလိုအား စစ်ဆေးရာ၌ ဆုံးခန်း တိုင် မရောက်ရှိသေးမီ မည်သို့မျှ တိုးတက်မှု အခြေအနေပေါ်ပေါက် ခြင်းမရှိသေးပါဘဲလျက် ယင်းအမှုကို ရဲစခန်းမှ ပိတ်သိမ်းခဲ့ပြီးဖြစ်သည့် အပေါ် အခြေခံ၍ တရားခံများအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂)အရ တရားရှင် လွှတ်ခဲ့ခြင်းသည် ဥပဒေ အရ မှန်ကန် သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် စစ်ကိုင်းတိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးချစ်သန်း ပါ (၂) ဦးတို့ အပေါ် ဥပဒေနှင့် အညီ

ဆက်လက် ဆောင်ရွက်စေရန် ချမှတ်ခဲ့သည့် အမိန့်ကို အတည်ပြုကာ ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်၊

ဦးချစ်သန်းပါ (၂) နှင့် ပြည်ထောင်စု .... .... ၁၂
မြန်မာနိုင်ငံတော်ပါ (၂)

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃- တရားခံ တစ်ဦးတည်းက ပြစ်မှုအများကို တစ်ဆက်တည်းကျူးလွန်မှု—ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉– ပြစ်မှုတစ်ရပ်ကို ဆက်စပ်ကျူးလွန်သူများအား တစ်မှုတည်းတွင် ပူးတွဲစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ သည် တရားခံတစ်ဦးတည်းက ကျူးလွန်ခဲ့သည့် တစ်ခုထက်များသော ပြစ်မှုများမှာ တစ်ဆက်တစပ်တည်း ဖြစ်နေသောကြောင့် အဆိုပါ တရားခံအား အမှုတစ်မှုတည်းတွင် ၎င်းကျူးလွန်ခဲ့သော တစ်ခုထက်များသည့် ပြစ်မှုများအတွက် ခွဲချက်အသီးသီးတင်၍ စစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက် ဖြစ်သည်။ သို့အတွက် ယင်းပြဋ္ဌာန်းချက်မှာ တရားခံတစ်ဦးတည်းက ပြစ်မှုအများကို တစ်ဆက်တည်းကျူးလွန်ခဲ့မှုများအတွက် ရည်ရွယ်ထားခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ မှာ တစ်ဦးထက်ပိုသော တရားခံများကို ပူးတွဲ၍ တစ်မှုတည်းတွင် စွဲဆိုနိုင်ခွင့်ရှိသည့် အချက်များကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆိုပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် မှုခင်းတစ်ရပ်တည်းတွင် ကျူးလွန်သော ပြစ်မှုတစ်မျိုးတည်းနှင့် စွပ်စွဲခံရသူများ၊ ပြစ်မှုတစ်ရပ်နှင့် စွပ်စွဲခံရသူများနှင့် အဆိုပါပြစ်မှုကို အားပေးကူညီမှု သို့မဟုတ် ကျူးလွန်ရန်အားထုတ်မှုနှင့် စွပ်စွဲခံရသူများ (၁)နှစ်ကာလအတွင်း ပုဒ်မ ၂၃၄ ၏ အနက်အဓိပ္ပာယ်အရ တစ်ခုထက်များသော မျိုးတူ ပြစ်မှုများကို အတူတကွ ကျူးလွန်ခဲ့ကြောင်းဖြင့် စွပ်စွဲခံရသူများ၊ မှုခင်းတစ်ရပ်တည်းတွင် အမျိုးအစားမတူ ကွဲပြားခြားနားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူများ၊ ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ ပြစ်မှုမကင်းသော အလွဲသုံးစားမှုနှင့် ဆက်စပ်နေသူများ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့နှင့် စပ်လျဉ်းပြီး စွပ်စွဲခံရသူများ၊ ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ ပြစ်မှုမကင်းသော အလွဲသုံး

စားမှုနှင့် ဆက်စပ်နေသူများ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့နှင့် စပ်လျဉ်း၍ စွပ်စွဲခံရသူများ၊ ဒင်္ဂါးအတုနှင့်စပ်လျဉ်းသော ပြစ်မှုကို ဆက်စပ်ကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို တစ်မှုတည်းတွင် ပူးတွဲစွဲဆို စစ်ဆေးနိုင်သည်။

ဦးဆန်းဦး နှင့် ပြည်ထောင်စု .... .... ၂၂
မြန်မာနိုင်ငံတော်ပါ (၁၀)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀- အထူးရာဇဝတ်အာဏာရရှိသော တရားသူကြီးက ချမှတ်နိုင်ခွင့်ရှိသည့် ပြစ်ဒဏ်များ— ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့် စွဲဆိုထားသောအမှုကို အထူးရာဇဝတ်အာဏာရရှိသော တရားသူကြီးသည် စစ်ဆေးစီရင်ပိုင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ အထူးရာဇဝတ်အာဏာရရှိသော တရားသူကြီး တစ်ဦးအနေဖြင့် သေဒဏ်ချမှတ်နိုင်သော ပြစ်မှုများမှအပ အခြားပြစ်မှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ စစ်ဆေး စီရင်နိုင်ခွင့် ရှိသည်မှာ မှန်သော်လည်း ချမှတ်နိုင်ခွင့်ရှိသည့် ပြစ်ဒဏ်အတိုင်းအတာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါ ကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရ အထူးရာဇဝတ်အာဏာရရှိထားသော တရားသူကြီးအနေဖြင့် သေဒဏ်အမိန့် သို့မဟုတ် (၇)နှစ်အထက် ကျွန်းဒဏ်အမိန့်၊ သို့မဟုတ် (၇) နှစ်အထက် ထောင်ဒဏ်အမိန့်တို့ကိုချမှတ်နိုင်ခွင့်မရှိဘဲ ယင်းပြစ်ဒဏ်များမှ လွဲ၍သာလျှင် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ခွင့် ရှိမေသည်၊ ယင်းအချက်ကို သတိပြုရန်လိုအပ်သည်။

ယခုအမှုတွင် တရားခံအား ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်လျှင် (၁၀)နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ မလွှဲမသွေ စီရင်ရမည် ဖြစ်သည့်အပြင် ငွေဒဏ်လည်း စီရင်ရမည်ဖြစ်သဖြင့် ရာဇဝတ် အထူးအာဏာသာရရှိသော တရားသူကြီးက ယင်း ဥပဒေပုဒ်မဖြင့်စွဲဆိုထားသော အမှုကို စစ်ဆေးစီရင်ပိုင်ခွင့်မရှိချေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးကျော်အေး.... .... ၃၅

စာမျက်နှာ

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ – ပြစ်မှုနှစ်ခုအရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် တရားခံသည် ပြစ်မှုတစ်ခုနှင့် စပ်လျဉ်း၍ ပြီးစွန်းခြင်းမရှိကြောင်း စီရင်ချက်တွင် အတိအလင်းသုံးသပ်ခြင်း ဖြင့် ယင်းပြစ်မှုမှ အပြီးအပြတ် လွှတ်ရာရောက်ခြင်း– အပြီး အပြတ် လွှတ်သောအမိန့်ကို အယူခံနိုင်ခွင့်နှင့် ယင်းအမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ပြစ်မှုထင်ရှား စီရင်ပိုင်ခွင့်။**

**ဆုံးဖြတ်ချက်။** ယခုအမှုတွင် ပခုက္ကူမြို့နယ်တရားရုံးက တရားခံ ဘိုးထွားပါ ၇ ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ နှင့် ၄၂၇ တို့အရ စွဲချက်တင်စစ်ဆေးခဲ့ပြီးနောက် ပုဒ်မ ၄၅၂ နှင့်မပြီးစွန်းကြောင်း စီရင်ချက်တွင် အတိအလင်းသုံးသပ်၍ ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင် ရှား စီရင်ခဲ့ပြီးဖြစ်သဖြင့် ပုဒ်မ ၄၅၂ အရ စွဲချက်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၀ အရ ဘိုးထွားပါ ၇ ဦးတို့အပေါ် အပြီး အပြတ် လွှတ်ရာရောက်ပေသည်။

သို့ဖြစ်ရာ အပြီးအပြတ် လွှတ်ပြီးသောအမိန့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံးကသာ တရားရုံးချုပ်သို့ အယူခံတင်သွင်းနိုင်ခွင့်ရှိပြီး တရားရုံးချုပ်ကသာလျှင် အပြီးအပြတ်လွှတ်ခဲ့သော မူလရုံး၏အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၃(၁)(က) အရ ပယ်ဖျက်ပြီးတရားခံအား ပြစ်မှု ထင်ရှား စီရင်နိုင်ခွင့်ရှိသည်။ မူလရုံး၏ အပြီးအပြတ် လွှတ်ခဲ့သော အမိန့်ကို ပြည်နယ်၊ တိုင်းတရားရုံးများက ပယ်ဖျက်နိုင်ခွင့် မရှိချေ။ ယင်းအချက်နှင့်စပ်လျဉ်းပြီး တရားသူကြီးအဖွဲ့က ၁-၈-၈၄ ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ် (၂၃) ကိုလည်း ထုတ်ပြန်ပြီးဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဘိုအေး .... .... ၄၃

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) – အထူး ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ရာ၌ ခံဝန်ဖြင့် အစမ်း လွှတ်ထားနိုင်ခွင့်ကို ကျင့်သုံးနိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ဤအမှု၌ အထူးဥပဒေတစ်ရပ်ဖြစ်သော ၁၉၈၆ ခု နှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၂ (က) အရ ပြစ်မှုထင်ရှား တွေ့ရှိ စီရင်သည့်ကိစ္စတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ဖြင့် အစမ်းလွှတ်ထားနိုင်ခွင့် ရှိမရှိကို သုံးသပ်ရန် ရှိပေသည်။

မြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ၎င်းနှင့်ဆန့်ကျင်ကွဲလွဲသည့် သီးခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိလျှင်ဤဥပဒေပါမည်သည့် ပြဋ္ဌာန်းချက်ကမျှ တည်ဆဲ အထူးဥပဒေ သို့မဟုတ် ဒေသန္တရ ဥပဒေ တစ်စုံတစ်ရာကိုဖြစ်စေ၊ တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်က အာဏာ အပ်နှင်း ထားသည့် အထူး စီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် အာဏာကိုဖြစ်စေ၊ ယင်းဥပဒေက သတ်မှတ်ထားသည့် အထူးကျင့်ထုံး တစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိရ။

သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်များမှာ တည်ဆဲအထူးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိဘဲသာလျှင် ကျင့်သုံးနိုင်ခွင့်ရှိပြီး အထူးဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ခွင့် မရှိကြောင်း ထင်ရှားသည်။ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေမှာ အထူးဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ယင်းဥပဒေပုဒ်မ ၁၂ (က) အရ ပြစ်မှုထင်ရှားစီရင်လျှင် အနည်းဆုံး ထောင်ဒဏ် (၃) လမှ အများဆုံး ထောင်ဒဏ် (၆) လ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၅၀၀/- ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။

သို့အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) ကို ကျင့်သုံးလျှင် လောင်းကစားဥပဒေပုဒ်မ ၁၂ (က) ပါ အနည်းဆုံးချမှတ်ရမည့် ထောင်ဒဏ် (၃) လ သတ်မှတ်ချက်နှင့် ဆန့်ကျင်နေမည်ဖြစ်သဖြင့် ယင်းသို့ ကျင့်သုံးခွင့်မရှိတော့ချေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် သန်းအောင်ပါ (၄) .... ၆၇

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၅– စွဲချက်ကို တရားခံမှဝန်ခံပြီးဖြစ်လျက် တရားရုံးသည် တရားခံကို လုံးဝစစ်ဆေးခြင်းမရှိဘဲ အမှုမှ အပြီးအပြတ် လွှတ်ပိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ယခုအမှုမှာ တရားလိုပြသက်သေ (၄) ဦးကို စစ်ဆေးပြီးမှ ပြစ်ခွန်းသော သက်သေခံချက်များအရ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကိုတရားခံ

စာမျက်နှာ

က အပြစ်ရှိကြောင်းဝန်ခံထားသည့် တရားခံအပေါ် စွဲချက်တင်ထားခြင်းမှာလည်း သက်သေခံချက်များအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် စွဲချက်ကိုဝန်ခံပြီးသော တရားခံအပေါ် တရားရုံးသည် ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်စီရင်ရန်ဖြစ်သော်လည်း မူလမြို့နယ်တရားရုံးသည် တရားခံအပေါ် တာဝန်မရှိဟုဆိုကာ တရားခံကိုလုံးဝ စစ်ဆေးခြင်းမရှိဘဲ အမှုမှအပြီးအပြတ်လွှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅ ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာရာကျရောက်သည်။ ထို့ကြောင့် မူလမြို့နယ်တရားရုံး၏ အမိန့်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုသာချေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် အောင်လေးဟာ .... ၅၂

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂— တရားလိုတစ်ဦးတည်းကိုသာ စစ်ဆေးပြီးတရားလိုပြသက်သေတစ်စုံတစ်ဦးကိုမျှ စစ်ဆေးခြင်းမရှိဘဲ အဆုံးအဖြတ် ပေးနိုင်မပေးနိုင်။

ဆုံးဖြတ်ချက်။ မြို့နယ်တရားရုံးသည် တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးပြီး တရားလိုပြသက်သေ တစ်စုံတစ်ဦးကိုမျှ စစ်ဆေးခြင်းမရှိဘဲ တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု မဆိုနိုင်ပေ။ အကယ်၍ တရားလို၏ တိုင်လျှောက်ချက်သည် ပြစ်မှုကြောင်းအရ အရေးယူရန် ပြစ်စွန်းချက်မရှိဟု ပေါ်ပေါက်လျှင်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ချက်ကို ရယူပြီးနောက်တွင် ယင်းဥပဒေပုဒ်မ ၂၀၃ အရ တိုင်လျှောက်ချက်ကို ပလပ်ရမည်ဖြစ်သည်။ ယခုမှု ယင်းကဲ့သို့ ပလပ်ခဲ့ခြင်းမရှိဘဲ ယင်းဥပဒေပုဒ်မ ၂၀၄ အရ တရားခံကို ဆင့်ခေါ်ပြီး တရားလိုတစ်ဦးတည်းကိုသာ စစ်ဆေးကာ တရားမကြောင်းသက်သက်သာ စွဲဆိုထိုက်သည့် အမှုဖြစ်သည်ဟု သုံးသပ်လျက် တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်ခြင်းမှာ ဥပဒေအရ ဆီလျော်မှန်ကန်မှုမရှိပေ။

ဦးလှ နှင့် ပြည်ထောင်စု .... .... ၆၅
မြန်မာနိုင်ငံတော်ပါ (၂)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (ခ)— အထက်တရားရုံးများသည် အောက်တရားရုံးများက တရားခံကို သိသိသာသာ ထိခိုက်နစ်နာမှုရှိစေသော ပြစ်မှုထင်ရှား စီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်နိုင်ခွင့်ရှိခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံး

ဥပဒေပုဒ်မ ၃၅၀ တစ်ခုလုံးကို ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (က) တွင် တရားခံအနေဖြင့် စစ်ပြီးသက်သေများအားလုံးကို သို့မဟုတ် အချို့ကို ပြန်လည် ကြားနာပေးရန် တောင်းဆိုနိုင်ခွင့်ရှိသည်မှာ မှန်သော်လည်း ယင်းသို့ တောင်းဆိုတိုင်း တရားရုံးက မလွှဲမသွေ ပြန်လည် စစ်ဆေးကြားနာပေးရမည်ဟု ပြဋ္ဌာန်းထားခြင်းမဟုတ်ပေ။ ထိုကဲ့သို့တရားခံက တောင်းဆိုလျှင် ပြန်လည်ကြားနာရန် သင့်မသင့်ဆိုသော အချက်ကို နောက်ဆက်ခံသည့် တရားသူကြီးအနေဖြင့် ချင့်ချိန်နိုင်ရေးအတွက် စံထားရမည့် အချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (ခ) တွင် အောက်ပါအတိုင်း ဆက်လက်ပြဋ္ဌာန်းထားသည်—

''တရားရုံးချုပ်သည် သို့မဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည် မိမိ၏လက်အောက်ရှိ ရာဇဝတ်တရားသူကြီးက စစ်ဆေးစီရင်ခဲ့သော အမှု၌ တရားခံက အယူခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ ယင်းတရားသူကြီးက ၎င်းကိုယ်တိုင် အစမှအဆုံးထိ ရေးမှတ်ရယူခဲ့ခြင်းမဟုတ်သော သက်သေခံချက်များကိုအခြေခံ၍ တရားခံအား ပြစ်မှုထင်ရှား စီရင်ထားခြင်းမှာ တရားခံကို သိသာထင်ရှားစွာ ထိခိုက်နစ်နာစေမှု ရှိခဲ့သည်ဟုယူဆလျှင် ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်၍ စုံစမ်းစစ်ဆေးမှုကိုဖြစ်စေ၊ စစ်ဆေးစီရင်မှုကို ဖြစ်စေ အသစ်ထပ်မံပြုလုပ်စေရန် အမိန့်ချမှတ်နိုင်သည်။''

သို့ဖြစ်ရာ နောက်ဆက်ခံသော တရားသူကြီးက ယခင်တရားသူကြီး စစ်ဆေးရယူခဲ့သော သက်သေခံချက်များကို မှီတည်၍ တရားခံအား ပြစ်မှုထင်ရှား စီရင်ခဲ့သည့်ကိစ္စတွင် တရားခံအပေါ် သိသိသာသာ ထိခိုက်နစ်နာမှုရှိစေခဲ့ကြောင်း အထက်တရားရုံးများက [illegible] ပေါ်ပေါက်သည့်အခါမှသာ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်နိုင်ခွင့်ရှိသည်မှာ ထင်ရှားသည်။ အကယ်၍ ယင်းသို့ ပြစ်မှုထင်ရှား စီရင်ရာ၌ တရားခံအပေါ် သိသာထင်ရှားစွာ ထိခိုက်နစ်နာမှုမရှိဟု ပေါ်ပေါက်နေလျှင် အထက်တရားရုံးများက ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်ကို လက်ခံနိုင်ခွင့်ရှိကြောင်းမှာလည်း အငြင်းမပွားသည့်အချက် ဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၅၀ တစ်ခုလုံးကို ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်မှာ အမှုဆုံးဖြတ်သည့် တရားသူကြီးအနေဖြင့် ကိုယ်တိုင်ရယူခဲ့သော သက်သေခံချက်

များကို အခြေပြုနိုင်ရန်ဖြစ်သော်လည်း တရားသူကြီးပြောင်းတိုင်း အမှုများကို မလွှဲမသွေ အစမှပြန်လည်စစ်ဆေးရန် မလိုအပ်ပေ။ ယင်းသို့ ဆောင်ရွက်ရမည်ဟုလည်း ပြဋ္ဌာန်းထားခြင်းမရှိချေ။

အမှုကို အစမှပြန်စစ်ရန် သင့်မသင့်ဆိုသောအချက်ကို ချင့်ချိန်ရာ၌ ယခင်စစ်ဆေးခဲ့သော တရားသူကြီးဆောင်ရွက်ခဲ့ချက်များတွင် တရားခံအား သိသိသာသာ ထိခိုက်နစ်နာစေခဲ့မှု ရှိမရှိဆိုသော အချက်ကို ဦးတည်သုံးသပ်ရမည့်အပြင် အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ရမည်ဆိုသော အခြေခံအချက်ကိုလည်း ထည့်သွင်းသုံးသပ်ရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယင်းအချက်ကို ကွန်းအားပေး ဆောင်ရွက်လျက်ရှိသည်ကို တရားသူကြီးများအနေဖြင့် သတိမူရပေမည်။

ဦးသိုက်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၆၉
ဦးထွေးပါ (၃)

တရားခံက အမှုကြန့်ကြာစေလိုသည့်သဘောဖြင့် ပြန်ခေါ်သက်သေကို စစ်ဆေးလိုကြောင်း အခွင့်အရေးတောင်းဆိုပါက ခွင့်ပြုရန်မသင့်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆(၁) တွင် တရားခံက ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးလိုကြောင်း တင်ပြလာလျှင် တရားရုံးက ခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြထားသည်မှန်သော်လည်း အမှုကြန့်ကြာစေလိုသည့်သဘောဖြင့် ထိုအခွင့်အရေးကိုနှစ်ကြိမ်ခဲ့ပြီး မမှန်မကန် တောင်းဆိုခြင်းကိုမူ ခွင့်ပြုရန်မသင့်ပေ။ တရားခံက သက်သေသုံးဦးကို ပြန်ခေါ်စစ်ဆေးလိုကြောင်းတောင်းဆိုခဲ့ပြီးနောက် လေးလခန့်ကြာမှ နောက်သက်သေတစ်ဦးကို ပြန်ခေါ် စစ်ဆေးလိုကြောင်း တင်ပြခြင်းသည် အမှုကိုကြန့်ကြာအောင် တမင်ဖန်တီးနေသည့်သဘော သက်ရောက်သည်။ သက်သေဆရာဝန်ကို စစ်ဆေးခဲ့စဉ်က တရားခံဘက်က ရှေ့နေရှေ့ရပ်ဖြင့် အပြည့်အစုံ ပြန်လည် မေးမြန်းခဲ့ပြီးဖြစ်၍ ၎င်းအား ပြန်ခေါ်စစ်ဆေးရန်ထူးခြားသောအကြောင်း ရှိသည်ဟု မပေါ်လွင်ပေ။

ကိုသန်းအောင် နှင့် ပြည်ထောင်စု ... ၇၅
မြန်မာနိုင်ငံတော်ပါ (၂)

**ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော ပစ္စည်းများကို တရားရုံးသို့ တင်ပို့ခြင်းမပြုလျှင် ယင်းပစ္စည်းကို တရားရုံးက စီမံခန့်ခွဲပိုင်ခွင့် ရှိမရှိ—ရှာဖွေပုံစံဖြင့်သိမ်းဆည်းထားသောပစ္စည်းကို တရားရုံးသို့ အမှုစွဲမတင်မီ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စီမံခန့်ခွဲသည့်အမိန့်ချမှတ်ပြီးဖြစ်လျှင် အမှုပြီးဆုံးသည့် အခါ ယင်းပစ္စည်းအပေါ် တရားရုံးက အမိန့်ချမှတ်၍ အဆုံးအဖြတ် ပေးရန် လိုအပ်မှု ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။အမှုနှင့်စပ်လျဉ်းသောပစ္စည်းကို ရဲကရှာဖွေပုံစံနှင့် သိမ်းဆည်းခဲ့ပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းမပြုရသေးလျှင် ယင်း ပစ္စည်းကို တရားရုံးသို့ တင်ပို့ခြင်းမပြုသော်လည်း အမှုပြီးဆုံးသည့် အခါ တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇(၁)အရ စီမံခန့်ခွဲနိုင်ခြင်းမှာ အငြင်းပွားရန်အကြောင်း မရှိချေ။ ဦးမိတ် ကောင်း၊ ဒေါ်ခင်ခင်နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အမှု တွင်လည်း အလားတူ ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။ သို့ရာတွင် ဤအမှု၌ ရဲက ရှာဖွေပုံစံနှင့်သိမ်းဆည်းခဲ့ပြီး တရားရုံးရှေ့သို့ မတင်ပြရုံမျှမကဘဲ သက်သေခံပစ္စည်း ရွှေချောင်းကို ပန်းတောင်းမြို့နယ် ပြည်သူ့ကောင်စီ၏ အမိန့်ဖြင့် ဒေါ်မမချေသို့ ပြန်လည်ပေးအပ်ခဲ့ပြီးကြောင်း ပေါ်လွင်နေသည်။ သို့အတွက် ရဲပုံစံ ၃၂ တွင်ဒေါ်မမချေက လက်ခံ ရရှိပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုး ခဲ့ခြင်းဖြစ်ပေသည်။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အနေဖြင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၈၉ (ဃ) အရ တရားရုံးရှေ့သို့ တင်ပြခြင်းမပြုရသေးသော သိမ်းဆည်းထားသည့် ပစ္စည်းများကို စီမံခန့်ခွဲနိုင်ခွင့်လည်း ရှိနေပေသည်။

ဦးသိန်းလွင် နှင့် ပြည်ထောင်စု .... .... ၇၉
မြန်မာနိုင်ငံတော် ပါ(၂)

**ဥးရုံးကြီး နောက်ထိုးတရားခံများအဖြစ် သတ်မှတ်ရန်မလိုကြောင်း အမိန့်ချမှတ်ထားပြီးသူများအပေါ် ရဲစွဲချက်အသစ်ဖြင့် အမှုသစ် ဖွင့်လှစ်စစ်ဆေးနေခြင်းမှာ တရားစီရင်ရေးယန္တရားကို မတော်ရား အသုံးပြုရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ယခုအမှုတွင် လျှောက်ထားသူ ဦးအောင်မြင့်ပါ (၄)ဦးတို့မှာ တရားလိုဦးညီမောင်တိုင်ကြားခဲ့သော အမှုနှင့်စပ်လျဉ်း ပြီး ရဲစွဲချက်အရ တရားခံသန်းထွန်းပါ (၁၀)ဦးတို့နှင့်အတူ နောက် ဘိုး တရားခံများအဖြစ် သတ်မှတ်ရန် မလိုအပ်ကြောင်း တွဲဖက်

မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စု) တရားရုံးက အမိန့်ချမှတ်ထားပြီးဖြစ်သည့် အခြေအနေတွင် ၎င်းတို့ (၄) ဦး အပေါ် အမှုသစ်ဖွင့်လှစ် စစ်ဆေးနေခြင်းမှာ တရားရုံးအနေဖြင့် တရားစီရင်ရေး ယန္တရားကို မတရားအသုံးပြုရာရောက်ကြောင်း ပေါ်လွင်နေသည်။ ဤအမှုမျိုးကို ခွင့်ပြုမည်ဆိုလျှင် ဥပဒေနှင့်အညီ တရားရုံးအဆင့်ဆင့်က ချမှတ်ထားသည့်အမိန့်များကို မသိကျိုးကျွန်ပြု၍ တရားစွဲ အဖွဲ့အစည်းက ရဲစွဲချက်အသစ်များဖြင့် အကြိမ်ကြိမ်တရားစွဲဆိုမှုကို ခွင့်ပြုရာရောက်နေမည်ဖြစ်ပေသည်။

ဦးမောင်မြင့်ပါ (၄)  နှင့်  ပြည်ထောင်စု မြန်မာနိုင်ငံတော် .... .... ၉၀

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၂ – ယင်းပုဒ်မအရ စွဲဆိုလိုလျှင် အမှုစတင် ဖြစ်ပွားသော နေ့မှ (၉) လအတွင်း စွဲဆိုရန်လိုခြင်း – အထူးဥပဒေတစ်ရပ်တွင် ကာလ စည်းကမ်းသတ်နှင့်ပတ်သက်၍ အတိအလင်း ပြဋ္ဌာန်းချက်ကို တရားရုံးက ကင်းလွတ်ခွင့် ပြုနိုင်သော စီရင်ပိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အမှုတွဲတွင် ပေါ်ပေါက်ချက်အရ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၂၂ အရ စွဲဆိုတိုင်ကြားလိုလျှင် အမှုစတင် ဖြစ်ပွားသောနေ့မှ (၉) လ အတွင်း တိုင်ကြားရမည်ဟု ယင်းဥပဒေပုဒ်မ ၃၉ တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက အချင်းဖြစ်အခန်းသို့ ၈-၂-၇၆ နေ့စတင် ဝင်ရောက်ပြီး အမှုတိုင်ကြားသောနေ့သည် ၂၄-၅-၉၀ နေ့ဖြစ်သည်။ အထူး ဥပဒေတစ်ရပ်တွင် ကာလ စည်းကမ်းသတ်နှင့် ပတ်သက်၍ အတိအလင်း ပြဋ္ဌာန်းထားသည်ကို တရားရုံးက ကင်းလွတ်ခွင့်ပြုနိုင်သော စီရင်ပိုင်ခွင့်မရှိပေ။

ဦးမိုးဂျူကူးမား  နှင့်  ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၂) .... .... ၅၆

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ – ဖြစ်မှုနှစ်ရပ် ထပ်မံ ဖြည့်စွက်ပြဋ္ဌာန်းခြင်း – ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ – ပုဒ်မနှစ်ခုတို့တွင်

**အကျုံးဝင်သော ပြုလုပ်မှုတစ်ခုတည်းအတွက် ပြစ်ဒဏ် တစ်ခုထက်ပို၍ ချမှတ်ခွင့် မရှိခြင်း။**

ဆုံးဖြတ်ချက်။ အယူခံတရားလို၏ ရှေ့နေတင်ပြသော ရန်စံလင်း (ခ) ကျော်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်[၁] အမှုကို ဆုံးဖြတ်စဉ်က တည်ဆဲဥပဒေနှင့် ယခု အမှုဖြစ်ပွားစဉ်က တည်ဆဲဥပဒေတို့သည် ခြားနားမှုရှိသည်ကို အယူခံတရားလို၏ ရှေ့နေအနေဖြင့် သတိထားမိဟန်မတူချေ။ ရန်စံလင်း အမှုဖြစ်ပွားစဉ်က မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချခြင်း၊ ရောင်းချရန် အားထုတ်ခြင်း၊ သို့တည်းမဟုတ် ရောင်းချရန် ပူးပေါင်းကြံစည်ခြင်းအတွက်သာ ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် (၁) ဖြင့် ပြင်ဆင်ရာတွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများရောင်းချခြင်းနှင့် စပ်လျဉ်း၍ အထက်ဖော်ပြပါ ပြစ်မှုများအပြင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည့်အတွက် ပြစ်မှုတစ်ရပ်နှင့် ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်သည့်အတွက် ပြစ်မှုတစ်ရပ်ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။ ရန်စံလင်း အမှုတွင် ထုံးဖွဲ့သော စီရင်ထုံးသည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆–က (ခ) အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုနှင့် ပုဒ်မ ၇-က (ခ) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုများနှင့် မသက်ဆိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၄) ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ကို မထိခိုက်စေရ။"

မောင်အုန်းတင်သည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) တို့တွင် အကျုံးဝင်သော ပြုလုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်ခဲ့သည်ဖြစ်ရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ အရ ပြစ်ဒဏ်တစ်ခုထက်ပို၍ချမှတ်ခွင့် မရှိချေ။ ထို့ကြောင့် မောင်အုန်းတင်အား ရှမ်းပြည်နယ် (လားရှိုးမြို့နယ်စု) တရားရုံး၊ ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်

စာမျက်နှာ

၄၇၃ တွင် သီးခြားပြစ်ဒဏ် ၂ ရစ်ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့် အထင်အရှား ဆန့်ကျင်သည်။

မောင်အုန်းတင် / ပြည်ထောင်စု .... .... ၉၄
ပြည်ထောင်စု နှင့် မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော် / မောင်အုန်းတင်

လောင်းကစားဥပဒေပုဒ်မ ၁၀ (က) – အမှုဖြစ်နေစဉ်အတွင်းပူးတွဲ တရားခံ၏ လုပ်ဆောင်ချက်များသည် သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၊ ၇၊ ၈ တို့အရ စပ်ဆိုင်သော အချက်အလက်များအဖြစ် သက်သေခံဝင်သည်။

ဆုံးဖြတ်ချက်။ သက်သေခံ အက်ဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ မှုခင်းမဖြစ်မီ လုပ်ဆောင်ချက်အပြုအမူတို့သည်လည်းကောင်း၊ ဖြစ်ပွားစဉ် တရားခံလုပ်ဆောင်နိုင်သည့် အခြေအနေ၊ အခွင့်အလမ်းတို့သည် လည်းကောင်း စပ်ဆိုင်သောအကြောင်းအရာများအဖြစ် သက်သေခံဝင်သည်။ ဤအမှုတွင် အမှုဖြစ်နေစဉ်အတွင်း ပူးတွဲတရားခံ ဖိုးတုတ်သည် ဦးဘိုချုပ်၏အိမ်သို့ ဝင်ပြေးခြင်းမှာ ဖိုးတုတ်လုပ်ဆောင်နိုင်သည့် အခြေအနေ အခွင့်အလမ်းအနေဖြင့် သက်သေခံဝင်သည်၊

ဤအမှုတွင် မူလကပင် ဦးဘိုချုပ်၏ နေအိမ်သို့ လောင်းကစားမှုနှင့် စပ်လျဉ်းပြီး ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရန် လာခြင်းပင်ဖြစ်သည်။ ပူးတွဲတရားခံ ဖိုးတုတ်သည် ထွက်ပြေးလာပြီး ဦးဘိုချုပ်နှင့် မြင့်လွင် အိမ်အကြားန္ဌ ချဲလယ်ဂျာစာရွက်နှင့် ငွေများပါသော အထုပ်ကို လွှင့်ပစ်ခဲ့ခြင်း၊ ထိုသို့လွှင့်ပစ်ပြီးနောက် ဖိုးတုတ်သည် ဦးဘိုချုပ်၏ နေအိမ်ပေါ်တက်ပြေးကာ စားပွဲပေါ်၌ ချဲလယ်ဂျာစာရွက်တစ်ရွက်နှင့် ငွေများပါသောအထုပ်ကို ပစ်တင်ခဲ့ခြင်း၊ ထိုသို့ပစ်တင်ပြီးနောက် ဦးဘိုချုပ်၏ အိမ်နောက်ဖေးသို့ သွားရောက်ပုန်းအောင်းနေခြင်း၊ ဦးဘိုချုပ်၏ နေအိမ်အပေါ် အခြားနေရာများမှ ငွေများ အန္တံ့အပြားကိုသိမ်းဆည်းရမိခြင်း၊ ဦးဘိုချုပ်နှင့် ဖိုးတုတ်မှာ ဆက်ဆံမှုမရှိဘဲ ကင်းကင်းရှင်းရှင်းဖြစ်ပါက ထွက်ပြေးရန် နေရာအများအပြားရှိပါလျက် ဖိုးတုတ်သည် ဦးဘိုချုပ်၏နေအိမ်ပေါ်သို့တက်ပြေးပြီး ငွေနှင့်ချဲစာရွက်ကို စားပွဲပေါ်ပစ်တင်ခြင်း၊ နောက်ဖေးဘက် သွားရောက်ပုန်းအောင်းခြင်းတို့မှာ ၎င်းတို့နှစ်ဦး အဆက်အသွယ်ရှိကြောင်း ကောက်ယူရမည့် စပ်ဆိုင်သော အချက်အလက်များ ဖြစ်ပေသည်။

ဦးဘိုချုပ် (ခ) ဦးသန်းအောင် နှင့် ပြည်ထောင်စု.... .... ၁၉
မြန်မာနိုင်ငံတော်

စာမျက်နှာ

**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ ၏ အပိုဒ် ၅—ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်း မပြုလိုကြောင်း သက်ဆိုင်ရာ တရားရုံးတွင် လျှောက်ထားခွင့်ရှိခြင်း—တရားရုံးက ဥပဒေနှင့်အညီ ပြန်လည်အမှုဖွင့်လှစ်ပြီးမှ နစ်နာသူက အမှုပြန်လည်ပိတ်ပေးရန် လျှောက်ထားခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ဤအမှု၌ ကိုယ်တိုင် ထိခိုက်နစ်နာသူတွင်အကျုံးဝင်သည့် သေသူ၏ ခင်ပွန်းဖြစ်သူ ဦးစံသိန်းက အမှုပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားချက်အရ တိုင်းတရားရုံးက အမှုကို ဥပဒေနှင့် အညီ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ဖွင့်လှစ်ပြီးမှ အမှုကို ပြန်လည် ပိတ်ပေးပါရန် နစ်နာသူ ဦးစံသိန်းက အမိန့်အမှတ် ၄/၇၉ အရ လျှောက်ထားပြန်ရာ ယင်းလျှောက်ထားချက်သည် အမိန့်အမှတ် ၄/၇၉ပါ မည်သည့် ပြဋ္ဌာန်းချက်နှင့်မျှ ညီညွတ်ကြောင်း မတွေ့ရှိရ၍ တိုင်းတရားရုံးက လက်မခံဘဲ ယင်းလျှောက်ထားချက်ကို ပယ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မဆိုသာချေ။ ယင်းအမှုကို ရုပ်သိမ်းလိုပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၄ အရသာ ဆောင်ရွက်ရန်ဖြစ်သည်။

ဒေါ်မခင်ကံပင်　　　နှင့် ပြည်ထောင်စု .... .... ၅
မြန်မာနိုင်ငံတော် ပါ (၂)

**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အမိန့်အမှတ် ၄/၇၉ အပိုဒ် ၆—ကိုယ်တိုင် ထိခိုက်နစ်နာသူ–ထိခိုက်နစ်နာသူ ဇနီးမရှိမှ သားသမီးတွင် လျှောက်ထားခွင့်ရှိသည် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အမိန့်အမှတ် ၄/၇၉ အပိုဒ် ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

> ''အပိုဒ် ၆။ ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုသည်မှာ နစ်နာသူ၏ တရားဝင် ဇနီး၊ ခင်ပွန်း၊ သားသမီး တို့သာ ဆိုသည်။''

ထို့ကြောင့် ဦးကံကြီး သေဆုံးမှုအတွက် ကြားနာစစ်ဆေးဆဲ အမှုကို ပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားခွင့်ရှိသူများမှာ ဦးကံကြီး၏ တရားဝင်ဇနီးသာမက သားသမီးများလည်း လျှောက်ထားနိုင်သည်။ ထို့ပြင် လျှောက်ထားရာ၌ ဇနီး မှလျှောက်ထားမှ

မရှိမှ သားသမီးများက လျှောက်ထားရန် မဟုတ်ပေ၊ သေသူ ဦးကံကြီး၏ တရားဝင်ဇနီး ဖြစ်စေ၊ သားသမီးများ ဖြစ်စေ၊ ၎င်းတို့ အနက် မည်သူမဆို လျှောက်ထားနိုင်ကြသည်။ အစီအစဉ် အတိုင်း ဇနီးမရှိမှ သားသမီးများက လျှောက်ထားရန် မဟုတ်ပေ။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် မတင်ကျွန် ပါ(၅) .... ၃၉

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အမိန့်အမှတ် ၄/၈၉ စာပိုဒ် ၅၊၆–ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှု မပိတ် သိမ်းလိုကြောင်း လျှောက်ထားခွင့်–ကိုယ်တိုင် ထိခိုက်နစ်နာ သူများတွင်ပါသော ဇနီး၊ ခင်ပွန်းနှင့် သား သမီးတို့သည် အစီအစဉ်အတိုင်းသာလျှင် လျှောက်ထားခွင့် ရှိသည်ဟု တရား ရုံးချုပ်က အနက်အဓိပ္ပာယ် ထုပ်မံဖွင့်ဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။တရားရုံးက ပိတ်သိမ်းခဲ့ပြီး ဖြစ်သည့် အမှုကို ၂၂-၉-၈၉ နေ့ နောက်ဆုံးထား၍ ကိုယ်တိုင် ထိခိုက်နစ်နာသူ က အမှုပိတ်သိမ်းခြင်း မပြုလိုလျှင် သက်ဆိုင်ရာတရားရုံးတွင် မပိတ်သိမ်း လိုကြောင်းကို လျှောက်ထားခွင့်ရှိသည်ဟု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အမိန့်အမှတ် ၄/၈၉ စာပိုဒ် ၅၏ ဒုတိယ ဝါကျတွင်ပါရှိသည်။၎င်းအပြင် ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုရာတွင် နစ်နာသူ၏ တရားဝင်ဇနီး၊ခင်ပွန်းနှင့် သားသမီးတို့ကိုသာဆိုကြောင်း စာပိုဒ် ၆ တွင် တိတိကျကျ ဆက်လက်ပါရှိသဖြင့် ယင်း စကားရပ် အတိုင်းသာ တရားရုံးက မှတ်ယူရန်ရှိပေသည်။ စာပိုဒ် ၆တွင် ပါ သော ဇနီး၊ ခင်ပွန်းနှင့် သား သမီးတို့သည် အစီအစဉ်အတိုင်း သာလျှင် ကိုယ်တိုင် ထိခိုက်နစ်နာသူများ အဖြစ် ရပ်တည်မှုရှိသည်ဟု တရားရုံးချုပ်က အနက်အဓိပ္ပာယ် ထပ်မံဖွင့်ဆိုခွင့်မရှိချေ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က ဥပဒေ အမှတ် ၂/၈၈ အရ ထုတ်ပြန်ထားသည့် တရားစီရင်ရေး ဥပဒေ အခန်း (၄) စာပိုဒ် ၄တွင် ပါရှိသော အာဏာများတွင်လည်း ဥပဒေ တစ်ရပ်ရပ် တွင် ပါရှိသော စကားရပ်များ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည့် အာဏာကို တရားရုံးချုပ်သို့ အပ်နှင်းထားခြင်းမရှိပေ။

ဒေါက်တာအောင်ကျော်ဇင် နှင့် ပြည်ထောင်စု .... .... ၈၄
ပါ(၂) မြန်မာနိုင်ငံတော်ပါ(၂)

အမှုပြန်ဖွင့်ခြင်းသည် တိုင်တန်းထားပြီးသော မှုခင်းကို ဆက်လက် အရေးယူစေခြင်းသာဖြစ်ခြင်း–အမှုဖွင့်ရာ၌ရွေးချယ်တင်မြှောက် ပွဲတွင် ဆန္ဒမဲပေးသကဲ့သို့ အဆုံးအနက် ခွဲးစားဆုံးဖြတ်ရန်

အကြောင်း မပေါ်ပေါက်သဖြင့် အမှုဖွင့်သူ၏ အသက်ကန့်သတ်ချက်မရှိခြင်း— နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏ စာပိုဒ် (၆)—တရားဝင် ဇနီး၊ ခင်ပွန်းနှင့် သားသမီးဆိုသည့် စကားရပ်များကို အဓိပ္ပာယ် ကောက်ယူရာ၌ အရွယ်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ နှစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့်သားသမီးများအကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုပြန်ဖွင့်ခြင်းမှာ အမှုပြန်ဖွင့်သူ၏ ဆန္ဒကို ဖော်ထုတ်ခြင်းဖြစ်သည်ဟူသော အယူခံတရားလို၏ ရှေ့နေတင်ပြသော အမြင်ကို လက်မခံနိုင်ရန် အကြောင်းမရှိချေ။ ဆန္ဒဖော်ထုတ်ရာတွင် အသက်ကန့်သတ်ချက်ရှိရမည်ဟူသော တင်ပြချက်မှာမူ အခါခပ်သိမ်း မမှန်နိုင်။ ရွေးချယ်တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများ အနက် မည်သူ့ကို ရွေးချယ်ရမည်ဟူ၍ စဉ်းစားဆင်ခြင်ရန် အကြောင်း ရှိသည်ဖြစ်၍ ရှိုင်းနှိုင်းချိန်ချိန် ဆင်ခြင်နိုင်မည့်အရွယ်ကို ဥပဒေဖြင့် သတ်မှတ်ပေးရသည်။ ပဋိညာဉ်ပြုရာတွင် ပဋိညာဉ်ပြုသူများအကြား၌ တာဝန်နှင့် ရပိုင်ခွင့်များ ပေါ်ပေါက်စေသည်ဖြစ်၍ အသက်ကန့်သတ်ချက်ရှိရမည်။ သက်သေခံရာ၌ မိမိ သိရှိသမျှကို ဖော်ထုတ်ရန်သာ တာဝန်ရှိသည်ဖြစ်၍အသက်ကန့်သတ်ချက်သတ်မှတ်မထားပေ။ တရားရုံးတွင် မေးမြန်းချက်တို့ကို အကျိုးသင့်အကြောင်းသင့်နားလည်ဖြေကြား နိုင်မှုသည်သာလျှင် သက်သေခံ ခွင့်မှတ်ကျောက်အဖြစ် သတ်မှတ်ထားသည်။ အမှုကို ပြန်ဖွင့်ခြင်းနှင့် ပထမ သတင်းပေး တိုင်တန်းချက်ရေး ဖွင့်ခြင်းတို့သည် အခြေခံသဘောအားဖြင့် ကွဲလွဲမှု မရှိချေ။ အမှုပြန်ဖွင့်ခြင်းသည် တိုင်တန်းထားပြီးသော မှုခင်းကို ဆက်လက်အရေးယူစေခြင်းသာ ဖြစ်သည်။ ထိုကိစ္စတွင် အမှုဖွင့်သူအနေဖြင့် တာဝန်ယူမှု မရှိနိုင်၊ အမှုဖွင့်ရာ၌ ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲ ပေးသကဲ့သို့ အလေးအနက် စဉ်းစားဆုံးဖြတ်ရန်အကြောင်း မပေါ်ပေါက်ချေ။ မိမိ မကျေနပ်မှုကို ဖော်ထုတ်သည့်သဘောသာ ဆောင်သည်။ ဖခင်ဖြစ်သူ အသတ်ခံရသည့်ကိစ္စတွင် တာဝန်ရှိသူတို့အား ဖော်ထုတ်အပြစ်ပေး စေရန်အလို့ငှာ ရည်ရွယ်လျက် သားသမီးများက မိမိတို့၏နစ်နာမှုကို ကုစားရန်အတွက် ဆန္ဒဖော်ထုတ်ခြင်းသာဖြစ်သည်။ မတင်တင်မော်တို့ (၃) ဦးသည် ကျောင်းသူကျောင်းသားများဖြစ်ကြပြီး မတင်တင်မော် နှင့် မောင်အောင်ဆန်းဦးတို့မှာ ၁၉၈၈ခုနှစ်၊ အတွင်းက စတုတ္ထတန်း တွင် ပညာသင်ကြားလျက်ရှိသူများဖြစ်၍ အတော်အတန် စဉ်းစား ဆင်ခြင်နိုင်သူများဖြစ်သည်မှာ ယုံမှားနိုင်ဖွယ်ရာမရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ အမိန့်အမှတ် ၄/၈၉ တွင် ကိုယ်တိုင်ထိခိုက်နစ်နာသူဆိုသော

## ညွှန်းချက်

စာမျက်နှာ

စကားရပ်၌ နစ်နာသူ၏ တရားဝင် ဇနီးခင်ပွန်းလည်း အကျုံးဝင်ကြောင်း ပြဋ္ဌာန်းထားသည်။ အိမ်ထောင်ကျသူများတွင် အရွယ်မရောက်သေးသူများလည်း ရှိနိုင်သည်။ အရွယ်ရောက်သူကသာ စာပိုဒ်(၆)အရ အမှုပြန်ဖွင့်နိုင်သည်ဟုကောက်ယူလျှင် သဘာဝကျမည် မဟုတ်ချေ။ စာပိုဒ်(၆)ပါ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ကောက်ယူရာ၌ အရွယ်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ နစ်နာသူ၏တရားဝင်ဇနီး၊ ခင်ပွန်းက အမှုပြန်ဖွင့်နိုင်သည်ဟု ယူဆ၍ အရွယ်ရောက်သူ သားသမီးတို့ကသာ အမှုပြန်ဖွင့်နိုင်သည်ဟု အကွဲကွဲအလွဲလွဲ ယူဆလျှင် သင့်မြတ်မည်မဟုတ်ချေ။

ဒေါ်အုံးရီ နှင့် ပြည်ထောင်စု .... .... ၁၀၄
မြန်မာနိုင်ငံတော်ပါ (၄)

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

## ဦးကေဆင်ဘားနက်စ်

## နှင့်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်*

† ၁၉၅၀
အောက်တို
ဘာလ
၂၃-ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ -- တရားရုံးသို့ တင်ပြခြင်း မရှိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားရုံးတွင် အမိန့်ချမှတ်ရန် တာဝန်မရှိခြင်း။**

**ဆုံးဖြတ်ချက်၊** တရားရုံးသည် အမှုအား စီရင်ဆုံးဖြတ်ပြီးပါက အမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့် အမိန့်ကို မလွဲ မသွေ ချမှတ်ရန် တာဝန်ရှိသည်။ သို့ရာတွင် တရားရုံးသို့တင်ပြလာခြင်းမရှိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ယင်းကဲ့သို့ အမိန့်ချမှတ်ရန် တာဝန်ရှိမည် မဟုတ်ပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | – ဒေါ်နီနီသိန်း၊ တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | – ဦးခင်မောင်ဦး၊ ဥပဒေ အရာရှိ အဆင့် (၁) |
| တရားရုံးအကြံပေး | – ဦးဘဟန် |

မန္တလေးတိုင်း တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၉/၀၇ တွင် ကေဆင်ဘားနက်စ် အပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ စွဲဆိုခဲ့ရာ တိုင်းတရားရုံးက တရားခံအပေါ် ယင်းဥပဒေပုဒ်မဖြင့်ပင် စွဲချက်တင်စစ်ဆေးပြီးနောက် ထောင်ဒဏ် (၁) နှစ်ကျခံ

---

* ၁၉၅၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၀ (ခ)

† ၁၉၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၉ တွင် ချမှတ်သော (၃-၃-၀၀) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၀
ဦးကေဆင်
ဘားနက်စ်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

စေရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် သက်သေခံ ငွေ ၃၅၀၀၀/-ကျပ်ကို အယူခံရက်ကျော်လွန်က တရားခံသို့ ပြန်လည်ထုတ်ပေးစေရန်လည်း အမိန့်ချမှတ်ခဲ့သည်။ တရားခံက အယူခံရက် ကျော်လွန်သောအခါ ဖော်ပြပါ သက်သေခံငွေကို ပြန်လည်ထုတ်ပေးရန်လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက တရားစွဲ အဖွဲ့ အစည်းမှ အမှန်တကယ် ပေးသွင်းထားသော ငွေ ၁၇၅၀/-ကျပ် ကိုသာပြန်လည်ထုတ်ပေးခဲ့သည်။ ယင်းအမိန့်ကို ဦးကေဆင်ဘားနက်စ်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ မိုးကုတ်မြို့၊ စစ်တန်းရပ် ဂေါက်ကွင်းလမ်း အမှတ် ၆၅ နေ ဦးကေဆင်ဘားနက်စ်၏ နေအိမ်သို့ ၂၇-၄-၈၇ ရက်နေ့တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင် ကျောက်မိုးတူးရာ၌ သုံးစွဲကုန်ကျသည့်တို့ကို ရေးမှတ်ထားသော စာအုပ် (၅)အုပ်နှင့် ငွေ ၃၅၀၀၀/-ကျပ်တို့ကို တွေ့ရှိရသဖြင့် သက်သေများရှေ့၌ သိမ်းဆည်းခဲ့ကြောင်း၊ သတ္တုတွင်း ဝန်ကြီးဌာန၏ ဂ-၃-၆၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၆၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်၍ ၎င်း ဦးကေဆင်ဘားနက်စ်အပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေး စနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေပုဒ်မ ၁၄ (၁) အ ရ အရေးယူပေးရန်ဟု မန္တလေးမြို့၊ အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယ စုံစမ်းရေးမှူး ဦးအေးသိမ်းက မိုးကုတ် ရဲစခန်းသို့ တိုင်ကြားရာမှ အမှုစတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ပြင်ဆင်မှု လျှောက်ထားသူက အဓိက ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာ၌ မိမိထံမှ ငွေ ၃၅၀၀၀/-ကျပ်ကို ၂၇-၄-၈၇ ရက်နေ့က သိမ်းဆည်းသွားခြင်း ဖြစ်ကြောင်း၊ အမှုကို ပထမ မိုးကုတ်မြို့နယ်တရားရုံး၌ စွဲတင်ပြီး ၎င်းမှ တစ်ဖန် မန္တလေး အနောက်မြောက်မြို့နယ်တရားရုံးသို့လည်းကောင်း၊ မန္တလေးတိုင်း တရားရုံးသို့လည်းကောင်း ရုံးပြောင်း စစ်ဆေးခဲ့ကြောင်း၊ တရားစွဲ အဖွဲ့က သက်သေခံပစ္စည်း ငွေ ၃၅၀၀၀/-ကျပ်ကို တရားရုံးသို့ မတင်ပြဘဲနေသဖြင့် ၅-၉-၈၇ နေ့စွဲပါ နိုင်ငံတော်ကောင်စီ၏ အမိန့်အမှတ် ၁/၈၇ အရ ငွေ ၂၅/-ကျပ်တန်၊ ၃၅/-ကျပ်တန်နှင့် ၇၅/-ကျပ်တန်တို့မှာ တရားမဝင်ငွေအဖြစ် ကြေညာခဲ့သောကြောင့် တရားဝင်ငွေ ၁၇၅၀/-ကျပ်ကိုသာ တိုင်းတရားရုံးသို့ ၁၂-၁၁-၈၇ ရက်နေ့တွင် အပ်နှံခဲ့သည်ဟု သိရကြောင်း၊ မိမိထံမှ သိမ်းဆည်းသွားသော ငွေ ၃၅၁၀၀/-ကျပ်မှာ သိမ်းဆည်းသွားစဉ်က တရားဝင်ငွေဖြစ်၍ အချိန်မီ တရားရုံးသို့ တင်သွင်းပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ (၂) နှင့် တရားရုံးများလက်စွဲအပိုဒ် ၁၀၀၉ တို့နှင့်အညီ ငွေတိုက် (ဘဏ်) သို့ အပ်နှံထားမည်ဆိုလျှင် မိမိအား ပြန်လည်ပေးအပ်ချိန်တွင် တရားဝင်ငွေများသာ ဖြစ်နေမည်ဖြစ်ကြောင်း၊ ယခုမှု

၁၉၉၀
ဦးကေဆင် ဘားနက်စ် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်

ယင်းသို့ ဆောင်ရွက်ခြင်း မရှိခဲ့သောကြောင့် မိမိတွင် ဆုံးရှုံးနစ်နာမှု ဖြစ်ရကြောင်း၊ သို့ဖြစ်၍ ငွေ ၁၇၅၀/–ကျပ်ကိုနုတ်ပြီး ကျန်ငွေ ၃၃၂၅၀/-ကျပ်ကို မိမိအား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်ပေးပါရန်ဟု တင်ပြထားသည်။

တိုင်းတရားရုံး၏ အမှုတွဲကို လေ့လာရာ၌ တရားခံ ဦးကေဆင် ဘားနက်စ်အား စွဲဆိုထားသည့် ဥပဒေပုဒ်မဖြင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန်နှင့် သက်သေခံ ငွေ ၃၅၀၀၀/–ကျပ်ကို တရားခံအား ပြန်လည်ထုတ်ပေးရန် ၃–၃–၈၈ ရက်နေ့က အမိန့် ချမှတ်ခဲ့သည်။ သက်သေခံငွေ ၃၅၀၀၀/–ကျပ်ကို ၂၇-၄-၈၇ ရက်နေ့တွင် တရားခံထံမှ သိမ်းဆည်းခဲ့ပြီး ယင်းငွေကို တရားရုံးသို့ပေးသွင်းခဲ့ခြင်း မရှိဘဲ အမှုတွဲ အဖွဲ့အစည်းဖြစ်သော အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာန လက်ဝယ်၌ ထားရှိခဲ့သည်။ ကျပ် ၂၅/–ကျပ်တန်၊ ကျပ် ၃၅/–ကျပ်တန် နှင့်၊ ကျပ် ၇၅/–ကျပ်တန် ငွေစက္ကူများကို တရားမဝင်ငွေအဖြစ် နိုင်ငံတော် ကောင်စီက ၅-၉-၈၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ယင်းကြေညာချက်အရ သက်သေခံငွေ ၃၅၀၀၀/- အနက်မှ ငွေ ၃၃၂၅၀/–ကျပ်မှာ တရားမဝင်ငွေအဖြစ်သို့ ရောက်ရှိသွားပြီး ကျန်ငွေ ၁၇၅၀/–ကျပ်သာလျှင် တရားဝင်ငွေအဖြစ် တည်ရှိခဲ့သည်။ အထူး စုံစမ်းစစ်ဆေးရေး ဦးစီးဌာနက အဆိုပါ ငွေအနက် တရားမဝင်ဖြစ်သွားသော ငွေစက္ကူ တန်ဖိုး ၃၃၂၅၀/–ကျပ်ကို စာရင်းဇယား ပြုလုပ်၍ လည်းကောင်း၊ ကျန်ငွေ ၁၇၅၀/-ကျပ်ကို ငွေသားဖြင့် လည်းကောင်း၊ တိုင်းတရားရုံး ဘိလစ် စာရေးကြီးထံ ၁၂-၁၁-၈၇ ရက်နေ့တွင် ပေးသွင်းခဲ့ကြောင်း တွေ့ရှိရသည်။ တရားမဝင် ငွေစက္ကူများကိုမူ အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာန လက်ဝယ်၌ထားရှိကြောင်းလည်း တွေ့ရှိရသည်။

တရားရုံးသည် အမှုအား စီရင်ဆုံးဖြတ်ပြီးပါက အမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲသည့်အမိန့်ကို မလွဲမသွေ ချမှတ်ရန် တာဝန်ရှိသည်။ သို့ရာတွင် တရားရုံးသို့ တင်ပြလာခြင်း မရှိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ယင်းကဲ့သို့ အမိန့်ချမှတ်ရန် တာဝန်ရှိမည်မဟုတ်ပေ။ ယခုအမှု၌သက်သေခံ ပစ္စည်း ငွေ ၃၅၀၀၀/-ကျပ် အနက်မှ တရားဝင်ငွေ ၁၇၅၀/–ကျပ်ကိုသာ တရားရုံးသို့ပေးသွင်းခဲ့သည်ဟု ပေါ်ပေါက်သည်။ သို့ဖြစ်၍ အဆိုပါ ငွေ ၁၇၅၀/-ကျပ်ကို တရားခံသို့ ပြန်လည်ထုတ်ပေးခဲ့သော တိုင်းတရားရုံး၏ အမိန့်သည် မှားယွင်းခြင်းမရှိပေ။ တရားရုံးသို့ မပေးသွင်းမိ နိုင်ငံတော် အစိုးရက တရားမဝင် ငွေစက္ကူအဖြစ် ကြေညာခဲ့သော ငွေ ၃၃၂၅၀/–ကျပ် အတွက် တရားရုံး၌ တာဝန်ရှိမည် မဟုတ်ပေ။ သိမ်းဆည်းရမိသော သက်သေခံငွေကို တရားရုံးသို့ အချိန်မီမပေးအပ်ခြင်းမှာ သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်း၏ တာဝန်သာ ဖြစ်သည်။

၁၉၉၈
ဦးကေဆင်
ဘားနက်စ်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

တရားမဝင်ငွေအဖြစ် မကြေညာမီက တရားရုံးသို့ ပေးသွင်းခြင်းဖြစ်လျှင် တရားရုံး၌ တာဝန်ရှိမည် ဖြစ်သော်လည်း ယင်းကဲ့သို့ ကြေညာပြီး နောက်ပိုင်းမှ ယခုကဲ့သို့ လာအပ်ခြင်းဖြစ်၍ တရားရုံး၌ လုံးဝ တာဝန်ရှိ တော့မည် မဟုတ်ပေ။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မကျေနပ်လျှင် သက်ဆိုင် ရာ တရားစွဲအဖွဲ့အစည်းထံ တင်ပြဖြေရှင်းရန်သာရှိမည် ဖြစ်သည်။

တိုင်းတရားရုံး၏ ၃–၃–၁၁ နေ့စွဲပါ အက်သေခံပစ္စည်း ငွေ ၃၅၀၀၀/–ကျပ်နှင့် စပ်လျဉ်းသောအမိန့်တွင် ယင်းငွေ ၃၅၀၀၀/–ကျပ် ကို အယူခံရက်ကျော်လွန်က တရားခံသို့ပြန်ပေးစေဟု အမိန့်ချမှတ်ထား ကြောင်း တွေ့ရှိရသည်။ တိုင်းတရားရုံးသည် မိမိတရားရုံးသို့ အပ်နှံသော တရားဝင်ငွေ ၁၇၅၀/–ကျပ် အတွက်သာ အမိန့်ချမှတ်ရန် တာဝန်ရှိပါ လျက် မိမိတရားရုံးသို့ လုံးဝအပ်နှံခြင်းမရှိသောတရားမဝင်ငွေ ၃၃၂၅၀/- ကျပ်ကိုပါ ထည့်သွင်းပြီး အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ မလိုအပ်ဘဲ မှားယွင်း ချမှတ်ထားသည့် အမိန့် ဖြစ်၍ ပြင်ဆင်ပေးရန် လိုအပ်လျက်ရှိပေသည်။

ထို့ကြောင့် မန္တလေးတိုင်းတရားရုံး၏ ၃–၃–၁၁ နေ့စွဲပါသက်သေခံ ငွေ ၃၅၀၀၀/-ကျပ်ကို တရားခံသို့ ပြန်ပေးစေရန် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်၍ ၎င်းအစား သက်သေခံငွေ ၁၇၅၀/-ကျပ်ကို တရားခံသို့ပြန်ပေးစေဟု ပြင်ဆင်လိုက်သည်။ ဤပြင်ဆင်မှုကို ခွင့်ပြုရန် အကြောင်းမရှိ၍ ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

မောင်ကံပင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)*

† ၁၉၉၀ / မေလ ၁၅ရက်

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့် အမှတ် ၄/၈၉ ၏ အပိုဒ် ၅-ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်း မပြုလိုကြောင်း သက်ဆိုင်ရာ တရားရုံးတွင် လျှောက်ထားခွင့်ရှိခြင်း—တရားရုံးက ဥပဒေနှင့်အညီ ပြန်လည် အမှုဖွင့်လှစ်ပြီးမှ နစ်နာသူက အမှုပြန်လည်ပိတ်ပေးရန် လျှောက်ထားခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဤအမှု၌ ကိုယ်တိုင်ထိခိုက်နစ်နာသူတွင် အကျုံးဝင်သည့် သေသူ၏ ခင်ပွန်းဖြစ်သူ ဦးစံသိန်းက အမှုပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားချက်အရ တိုင်းတရားရုံးက အမှုကို ဥပဒေနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ဖွင့်လှစ်ပြီးမှ အမှုကို ပြန်လည်ပိတ်ပေးပါရန် နစ်နာသူ ဦးစံသိန်းက အမိန့်အမှတ် ၄/၈၉ အရ လျှောက်ထားပြန်ရာ ယင်းလျှောက်ထားချက်သည် အမိန့် အမှတ် ၄/၈၉ ပါ မည်သည့် ပြဋ္ဌာန်းချက်နှင့်မျှ ညီညွတ်ကြောင်း မတွေ့ရှိရ၍ တိုင်းတရားရုံးက လက်မခံဘဲ ယင်းလျှောက်ထားချက်ကို ပယ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိဟူ၍ မဆိုသာချေ။ ယင်းအမှုကို ရုပ်သိမ်းလိုပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရသာ ဆောင်ရွက်ရန် ဖြစ်သည်။

လျှောက်ထားသူအတွက် — ဦးခင်မောင်ဦး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးအောင်စိန်၊ ဥပဒေ အရာရှိ အဆင့်(၁)၊
၂။ ဦးမောင်မောင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘသန်း

---

* ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၀၃ (ခ)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၁၁ တွင် ချမှတ်သော (၁၄-၉-၈၉) ရက်စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၀
မောင်ကံပင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်း တရားရုံး (ကလေးမြို့နယ်စု)၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁/၈၉ တွင် မောင်ကံပင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂၊ ၃၂၆ တို့အရ ၂၁-၅-၈၇ နေ့က တရားစွဲဆိုတင်ပို့ခဲ့ရာ န-ဝ-တ ၏ အမိန့်အမှတ် ၄/၈၉ အရ ယင်းအမှုကို ၂၄-၇-၈၉ နေ့က ပိတ်သိမ်းခဲ့သော်လည်း ၄-၉-၈၉ နေ့က သေသူ၏ခင်ပွန်း ဦးစံသိန်း၏ လျှောက်ထားချက်အရ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့သော် ၁၄-၉-၈၉ နေ့က ဦးစံသိန်းကအမှုကို ပြန်လည်ဖွင့်ရန် လျှောက်ထားချက်ကို ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် လျှောက်ထားရာ တိုင်းတရားရုံးက ခွင့်မပြုဘဲ ၎င်း၏ လျှောက်လွှာကို ပလပ်ပြီး အမှုကို ဆက်လက် စစ်ဆေးမည် ဖြစ်ကြောင်းဖြင့် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံးတရားခံမောင်ကံပင်က မကျေနပ်သောကြောင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ ၂၂-၄-၈၇ နေ့ နံနက် (၉) နာရီ အချိန်ခန့်တွင် တစ်ရွာတည်းနေ မောင်ကံပင်၏ဇနီး မလှစန်းရီမှ နေ့အိမ်သို့ လာရောက်ပြီး ကိုကံပင်က ဆရာတို့ အမတို့ကို ဓားနှင့်ခုတ်လို့ ဆေးရုံသွားစရာရှိရင် စီစဉ်ရန် ပြောသဖြင့် လိုက်သွားရာ ကိုကံပင်၏ အိမ်ပေါ်တွင် ကျောင်းဆရာ ဦးစံသိန်းသည် ခေါင်းတွင် ဒဏ်ရာများနှင့် လဲနေသည်ကိုတွေ့ရပြီး ဇနီးဖြစ်သူ မလှအေးမှာ သေနေသည်ကို တွေ့ရကြောင်း၊ အဖြစ်အပျက်ကို မေးမြန်းစုံစမ်းရာ တရားခံ ကိုကံပင်က ဓားဖြင့်ခုတ်သဖြင့် ကျောင်းဆရာ ဦးစံသိန်း ဓားဒဏ်ရာရရှိပြီး မလှအေးမှာ ဓားဒဏ်ရာဖြင့် သေဆုံးရန် ကြောင်း စုံစမ်းသိရှိရသည်ဆိုကာ မင်းကင်းမြို့နယ် ထိန်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးဘတုတ်က တရားလိုပြုလုပ် တိုင်တန်းခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

လျှောက်ထားသူ မူလရုံးတရားခံ မောင်ကံပင်က အဓိက အကြောင်းပြချက်အဖြစ် တင်ပြရာတွင် နစ်နာသူကိုယ်တိုင်၏ လျှောက်ထားချက်နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ် ၄/၈၉ တို့ကို ထည့်သွင်းစဉ်းစား ထိုက်ပါလျက် ယင်းအချက်တို့ကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ လျှောက်လွှာပိတ်ရန် အမိန့်တွင်မပါဟု သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်းဟူ၍ဖြစ်သည်။

၂၀-၇-၈၉ နေ့စွဲပါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အမိန့် (အမိန့်အမှတ် ၄/၈၉) ၏ အပိုဒ် ၅ တွင် "၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့နှင့် ထိုနေ့မတိုင်မီ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံးများ၌ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှု အားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ ချက်ချင်း လွှတ်ရမည်၊ သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု၊ လူတစ်ဦးအား ထိခိုက်နစ်နာစေသည့်

၁၉၉၀
မောင် ကံ ပင်
နှင့်
ပြည် ထောင် စု
မြန်မာ
နိုင်ငံတော်

ပြစ်မှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်းမပြုလိုလျှင် ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ အမှုပိတ်သိမ်းခြင်း မပြုလို ကြောင်း သက်ဆိုင်ရာ တရားရုံးတွင် လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားလျှင် သက်ဆိုင်ရာ တရားရုံးသည် အမှုကို ပိတ်သိမ်းသည့် အချိန်က ရောက်ရှိနေသည့် အဆင့်မှစ၍ ဆက်လက်စစ်ဆေးရမည်'' ဟူ၍ ဖော်ပြပါရှိရာ ယင်းသို့ဆိုလျှင် ဤအမှု၌ ကိုယ်တိုင် ထိခိုက် နစ်နာသူတွင် အကျုံးဝင်သည့် သေသူ၏ ခင်ပွန်းဖြစ်သူ ဦးစံသိန်းက အမှုပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားချက်အရ တိုင်းတရားရုံးက အမှုကို ဥပဒေ နှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ယင်းသို့ဖွင့်လှစ်ပြီးမှ အမှုကို ပြန်လည်ပိတ်ပေးပါရန် နစ်နာသူ ဦးစံသိန်း က အမိန့်အမှတ် ၄/၇၉ အရ လျှောက်ထားပြန်ရာ ယင်း လျှောက်ထား ချက်သည် အမိန့်အမှတ် ၄/၇၉ ပါ မည်သည့် ပြဋ္ဌာန်းချက်နှင့်မျှ ညီညွတ် ကြောင်း မတွေ့ရှိရ၍ တိုင်းတရားရုံးက လက်မခံဘဲ ယင်း လျှောက်ထား ချက်ကို ပယ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မဆိုသာချေ။

ယင်းအမှုကို ရုပ်သိမ်းလိုပါက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄ အရ သာ ဆောင်ရွက်ရန်ဖြစ်သည်။

ထို့ကြောင့် လျှောက်ထားသူ မောင်ကံပင်၏ ပြင်ဆင်မှု လျှောက်လွှာ ကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု
## ဘရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

† ၁၉၉၀
စက်တင်ဘာလ
၂၇-ရက်

ခင်မောင်လတ် ပါ(၂)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၄၀— ပြင်ဆင်မှုတွင် နှစ်ဘက် အမှုသည်များနှင့် ၎င်းတို့၏ အကျိုးဆောင်များသည် အခွင့် အရေး တစ်ရပ်အနေဖြင့် လျှောက်လဲ တင်ပြခွင့် မရှိခြင်း–ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၂)–တရားခံအား နစ်နာ စေသည့် အမိန့်ကို ချမှတ်မည်ဆိုလျှင် ယင်းတရားခံအား ကိုယ် တိုင် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ထုချေခွင့်ပေးရန်လိုခြင်း။**

**ဆုံးဖြတ်ချက်။** ။ လက်အောက်ခံ တရားရုံးများက ဥပဒေနှင့်မညီ မညွတ် ဆောင်ရွက်နေသည်ကို ပြင်ဆင် တည့်မတ် ပေးနိုင်ရန် အတွက် တိုင်းတရားရုံးက ပြင်ဆင်မှု ဖွင့်လှစ်ခွင့်ရှိသည်မှာ မှန်သည်။ ပြင်ဆင်မှု များတွင် နှစ်ဘက်အမှုသည်များနှင့် ၎င်းတို့၏ အကျိုးဆောင်များသည် အခွင့်အရေး တစ်ရပ်အနေဖြင့် လျှောက်လဲတင်ပြခွင့် မရှိကြောင်း ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၄၀ တွင် ပြဋ္ဌာန်းထားသော်လည်း ယင်း ပြဋ္ဌာန်းချက်၏ ခြွင်းချက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၂)ပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေရပေ။ အဆိုပါပြင်ဆင်မှု၌ တရားခံ အား ထိခိုက်နစ်နာစေသော အမိန့်ကို ချမှတ်မည်ဆိုလျှင် ယင်း တရားခံ အား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ထုချေကြားနာခွင့် မပေးဘဲ အမိန့်ချမှတ်နိုင်ခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၂)တွင် ပြဋ္ဌာန်းထားသည်။

ဧရာဝတီတိုင်း (တွဲဖက်-၆) တရားရုံးသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု (က) ဖွင့်လှစ် ဆောင်ရွက်ရာ၌ မူလမှုတရားခံ ခင်မောင်လတ်ပါ-၂ ဦး တို့ကို ကြားနာခွင့်မပြုခဲ့ကြောင်း အမှုတွဲ နေ့စဉ်မှတ်တမ်းအရ တွေ့ရသည်။ ဒဏ်ငွေ တပ်ရိုက်ခဲ့သည့် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အမှုကို အစမှပြန်လည် စစ်ဆေးစေခဲ့သည့် တိုင်းတရားရုံး၏ အမိန့်မှာ တရားခံ

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၊ ၃၈၅(ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၊ ၇၄(က) တွင် ချမှတ်သော (၂၂-၅-၉၀) ရက်စွဲပါ ဧရာဝတီတိုင်း (တွဲဖက်-၆) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ခင်မောင်လတ်ပါ-၂ ဦးတို့အား နစ်နာစေသော **အမိန့်တစ်ရပ်သာ ဖြစ်**
သည်ဟု ဆိုရမည် ဖြစ်သောကြောင့် တိုင်းတရားရုံး၏ ဆောင်ရွက်ချက်
သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်း ကား
မြစ်ချက်နှင့် ဝေန့်ကျင်နေပေသည်။

၁၉၉၀
ခင်မောင်လ
ပါ (၂)
နှင့်
ပြည် ထောင်
မြန်မာ
နိုင်ငံတော်

လျှောက်ထားသူများအတွက် –ဦးဝင်းမောင် (စမ်းချောင်း)
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် –ဦးမြည်မိမ်း၊ ဥပဒေအရာရှိအဆင့် (၁)

တရားရေးအကြံပေး –ဦးတင်အေး

ပုသိမ်အနောက်မြို့နယ် (တွဲဖက်-၅) တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၅၆၇/၉၀ တွင် တရားခံ ခင်မောင်လတ်နှင့် အောင်ဖုန်းမြင့် (မူလ မှုတရားခံများ) အား အကျဉ်း စစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့ရာ အပြစ်ရှိကြောင်း တရားခံများက ဝန်ခံကြသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ) အရ ဒဏ်ငွေကျပ် ၃၀၀/-စီ ပေးဆောင်စေရန်၊ မဆောင် ပျက်ကွက်က အလုပ်ဖြင့် ထောင် (၃) လစီ ကျခံစေရန် အမိန့်ချမှတ် ခဲ့သည်။ အဆိုပါ မြို့နယ်တရားရုံး၏ အမိန့်နှင့်ဆောင်ရွက်ချက်မှာ ဥပဒေ နှင့် ညီညွတ်မှုရှိ မရှိ စိစစ်နိုင်ရန်အတွက် ဧရာဝတီတိုင်း (တွဲဖက်-၆) တရားရုံးက ပြင်ဆင်မှု (က) ဖွင့်လှစ်ပြီးနောက် မူလရုံး၏ အမိန့်ကို ပယ်ဖျက်၍ အမှုကို အခြားတရားသူကြီးက ဥပဒေနှင့်အညီ ပြန်လည် စစ်ဆေးစီရင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ခင်မောင်လတ်ပါ-၂ ဦးတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ရန်ကုန်မြို့ ဒဆပလရဲကွက် တိုက်အမှတ်- ၅၊အခန်း-၂ နေ ခင်မောင်လတ်နှင့် ရန်ကုန်မြို့ စမ်းချောင်း မြေနီကုန်း မပိုလမ်း အမှတ် (၃၇) နေ အောင်ဖုန်းမြင့်တို့သည် နိုင်ငံတော်အစိုးရအား လည်းကောင်း၊ တပ်မတော်အား လည်းကောင်း ထိခိုက်ပျက်ပြားအောင် ကြံရွယ်၍ ငြိမ်ဝပ် ပိပြားမှု ထိခိုက်စေရန် ပြည်သူတို့အား လှုံ့ဆော် စည်းရုံးခြင်းပြုကြောင်း လျှို့ဝှက်သတင်း ရသဖြင့် အရေးယူပေးရန် ပုသိမ် အနောက်မြို့နယ် အသည်ကြီး ရဲစခန်းမှူး ဦးထွန်းမြင့်က တိုင်ကြားခဲ့သည့် အမှုဖြစ်သည်။

ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် ခင်မောင်လတ် ပါ-၂ ဦး တို့၏ အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာ၌ ဒဏ်ငွေ ပေးဆောင် စေ သော မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ အမှုအား ပြန်လည်စစ်ဆေး စေရန် ချမှတ်ခဲ့သည့် တိုင်းတရားရုံး၏အမိန့်မှာ မူလမှုတရားခံများအား နစ်နာစေသည့် အမိန့်တစ်ရပ်သာဖြစ်သဖြင့် ယင်းသို့ နစ်နာစေသောအမိန့် ညို တရားခံအား ထုချေခွင့်မပေးဘဲ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများတွင် ချမှတ်

၁၉၉၀ ခင်မောင်လတ် ပါ(၂) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ပိုင်ခွင့် မရှိကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၂)တွင် ပြဋ္ဌာန်းချက်ကို တိုင်းတရားရုံးက လိုက်နာမှုမရှိခဲ့ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(ခ)မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး၊ ဥပဒေပုဒ်မ ၂၆၀ နှင့် ၂၆၁ တို့အရ အကျဉ်း စစ်ဆေးနည်းဖြင့် စီရင်နိုင်ခွင့် ရှိသော ပြစ်မှုမဟုတ်ဘဲ အကျဉ်းစစ်ဆေးနည်းဖြင့် စစ်ဆေးခဲ့သဖြင့် မှားယွင်းနေသည့်အတွက် ဧရာဝတီတိုင်းတရားရုံးက ပြင်ဆင်မှု(က) ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

လက်အောက်ခံ တရားရုံးများက ဥပဒေနှင့် မညီမညွတ် ဆောင်ရွက်နေသည်ကို ပြင်ဆင်တည့်မတ်ပေးနိုင်ရန်အတွက် တိုင်းတရားရုံးက ပြင်ဆင်မှု ဖွင့်လှစ်ခွင့်ရှိသည်မှာ မှန်သည်။ ပြင်ဆင်မှုများတွင် နှစ်ဘက်အမှုသည်များနှင့် ၎င်းတို့၏ အကျိုးဆောင်များသည် အခွင့်အရေး တစ်ရပ်အနေဖြင့် လျှောက်လဲတင်ပြခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၄၀ တွင် ပြဋ္ဌာန်းထားသော်လည်း ယင်းပြဋ္ဌာန်းချက်၏ ခြွင်းချက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၂)ပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေရပေ။ အဆိုပါ ပြင်ဆင်မှု၌ တရားခံအား ထိခိုက်နစ်နာစေသော အမိန့်ကို ချမှတ်မည်ဆိုလျှင် ယင်းတရားခံအား ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ထုချေကြားနာခွင့်မပေးဘဲ အမိန့်ချမှတ်နိုင်ခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၂)တွင် ပြဋ္ဌာန်းထားသည်။

ဧရာဝတီတိုင်း (တွဲဖက်-၆) တရားရုံးသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု (က) ဖွင့်လှစ်ဆောင်ရွက်ရာ၌ မူလမှုတရားခံ ခင်မောင်လတ်ပါ- ၂ ဦးတို့ကို ကြားနာခွင့် မပြုခဲ့ကြောင်း အမှုတွဲ နေ့စဉ်မှတ်တမ်းအရ တွေ့ရသည်။ ဒဏ်ငွေတင်ရိုက်ခဲ့သည့် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အမှုကို အစမှ ပြန်လည် စစ်ဆေးစေခဲ့သည့် တိုင်းတရားရုံး၏ အမိန့်မှာ တရားခံ ခင်မောင်လတ်ပါ- ၂ ဦးတို့အား နစ်နာစေသော အမိန့်တစ်ရပ်သာ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သောကြောင့် တိုင်းတရားရုံး၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၂)ပါ ပြဋ္ဌာန်းထားချက်နှင့် ဆန့်ကျင်နေပေသည်။

နိုင်ငံတော်အတွက် လိုက်ပါ ဆောင်ရွက်သော ဥပဒေ အရာရှိကလည်း ဧရာဝတီတိုင်း (တွဲဖက်-၆) တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉(၂)ပါ ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ အမိန့်တစ်ရပ် ချထားခဲ့ကြောင်း တွေ့ရသဖြင့် ဥပဒေနှင့်ညီညွတ်သော အမိန့်တစ်ရပ် ချမှတ်ပေးသင့်ကြောင်း ရေးသား တင်ပြ လျှောက်လဲသည်။

သို့အတွက် ဤငြင်ဆင်မှုကို ခွင့်ပြု၍ ရောဝတီတိုင်း (တွဲဖက်-၆) တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး အမှုကို ဥပဒေနှင့်အညီနှစ်ဘက်ပြန်လည်ကြားနာဆုံးဖြတ်ရန် ရောဝတီတိုင်း (တွဲဖက်-၆) တရားရုံးအား ညွှန်ကြားလိုက်သည်။

၁၉၉၀
ခင်မောင်လတ်
ပါ(၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းဖြေ့တွင်

းချစ်သန်း ပါ (၂)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၂)*

† ၁၉၉၀
ဒီဇင်ဘာ လ
၇-ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) - တရားလိုအား စစ်ဆေးရာ၌ ဆုံးခန်းတိုင် မရောက်ရှိသေးမီ၊ အမှုကို ရုံးခန်းမှ ပိတ်သိမ်းခဲ့ပြီးဖြစ်သည့်အပေါ် အခြေခံ၍ တရားခံအား တရားရှင်လွှတ်နိုင် မနိုင်။**

ဆုံးဖြတ်ချက်။ ။ မြို့နယ်တရားရုံးသည် တရားလိုအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး တရားခံများအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံအရေးယူ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံ အရေးယူ ဆောင်ရွက်ပြီးနောက် တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် အရေးယူ ဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းကဲ့သို့ ဆောင်ရွက်ပြီးနောက် မြို့နယ်တရားရုံးသည် တရားလိုမှ တင်ပြသော သက်သေများကို စစ်ဆေးပြီး မည်သည့်အဆင့်တွင်မဆို တရားလို၏ စွပ်စွဲချက်များသည် အခြေအမြစ် မရှိကြောင်း ပေါ်ပေါက်ပါက တရားခံများအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) အရ တရားရှင်လွှတ်ရန်ဖြစ်သည်။ ယခုမူ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံ အရေးယူ ဆောင်ရွက်ပြီးနောက် မူလရုံးတရားလို ဒေါ်ညိုလေးအား စစ်ဆေးနေစဉ် တစ်နည်းဆိုသော် တရားလိုအား စစ်ဆေးရာ၌ ဆုံးခန်းတိုင်မရောက်ရှိသေးမီ မည်သို့မျှတိုးတက်မှုအခြေအနေ ပေါ်ပေါက်ခြင်း မရှိသေးပါဘဲလျက် ယင်းအမှုကို ရုံးခန်းမှ ပိတ်သိမ်းခဲ့ပြီး ဖြစ်သည့်အပေါ် အခြေခံ၍ တရားခံများအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၅ (ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁ တွင် ချမှတ်သော (၂၅-၆-၉၀) ရက်စွဲပါ စစ်ကိုင်းတိုင်း (မုံရွာမြို့နယ်ရုံး) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၂၅၃(၂)အရ တရားရှင် လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင် ---

၁၉၉၀
ဦးချစ်သန်း ပါ (၂) နှင့် ဒေါ်ညိုလေး ၊ မြန်မာနိုင်ငံတော် ပါ (၂)

လျှောက်ထားသူများအတွက် —ဗိုလ်ကြီးမောင်မောင်စင်း (အငြိမ်းစား) တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် —၁။ ဦးမြညိမ်း၊ ဥပဒေအရာရှိ အဆင့်(၁)

၂။ ဦးတင်ထွန်း၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးဘသန်း

မုံရွာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၀၆/၈၉ အမှုတွင် လျှောက်ထားသူ ဦးချစ်သန်းနှင့် ဒေါ်ရဲတင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်ရန်အကြောင်း မမြင်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃(၂)အရ စွဲချက်မတင်မီ လွှတ်ကြောင်း ချမှတ်ခဲ့သည့် မြို့နယ်တရားရုံး၏ အမိန့်ကို မူလရုံးအရေးလို လျှောက်ထားခံရသူ အမှတ်(၂)ဒေါ်ညိုလေးက မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံး(မုံရွာမြို့နယ်စု)သို့ ပြင်ဆင်မှု စင်ရောက်ခဲ့ရာ တိုင်းတရားရုံးက အမှုကို မူလစစ်ဆေးသော တွဲဖက်မြို့နယ် တရားသူကြီးမှအပ အခြားစီရင်ပိုင်ခွင့်ရှိသော တရားသူကြီး တစ်ဦးဦးက အမှုရောက်ရှိနေသော အဆင့်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူ မူလရုံးတရားခံ ဦးချစ်သန်း ပါ(၂)ဦး တို့က မကျေနပ်ပါသောကြောင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ လျှောက်ထားခံရသူ ဒေါ်ညိုလေးက လျှောက်ထားသူ ဦးချစ်သန်းနှင့် ဒေါ်ရဲတင်တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ အရေးယူပေးရန် မုံရွာမြို့သူ့ရဲတပ်ဖွဲ့စခန်းသို့ ၃၀-၇-၈၉ နေ့က ပထမ သတင်းပေး တိုင်ချက် ရေးဖွင့်ခဲ့သည်။ ယင်းအမှုကို ရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ နှင့် ငြိစွန်းခြင်း မရှိသဖြင့် ပိတ်သိမ်းခဲ့ရာ ဒေါ်ညိုလေးက မကျေနပ်၍ မုံရွာမြို့နယ် တွဲဖက်မြို့နယ် တရားသူကြီးရုံးတွင် တိုက်ရိုက်တိုင်လျှောက်ခဲ့ရာ တွဲဖက်မြို့နယ် တရားသူကြီးက တရားလိုအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး တရားခံများ အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ အရေးယူပြီးနောက် ပြစ်မှု

၁၉၉၀
ဦးချစ်သန်း ပါ (၂)
နှင့်
ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃(၂) အရ တရားခံများအား အမှုမှ ခွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံး တရားလို ဒေါ်ညိုလေးက မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး (မုံရွာ မြို့နယ်စု) သို့ ပြင်ဆင်မှု ဝင်ရောက်ခဲ့ရာ တိုင်းတရားရုံးက တရားခံများ အပေါ် အထက် ဖော်ပြပါအတိုင်း အမိန့်ချမှတ်ခဲ့ရာမှ ပေါ်ပေါက်လာ သော အမှုဖြစ်သည်။

လျှောက်ထားသူတို့က အဓိက ပြင်ဆင်မှု အကြောင်းပြချက်များအဖြစ် တင်ပြရာ၌ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ လျှောက်ထား ခံရသူ မူလရုံးတရားလို ဒေါ်ညိုလေးအား စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၃ အရ ပယ်ချရမည့်အမှုမှန်း မူလက မသိရှိ ခဲ့၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃(၂)အရ လျှောက်ထားသူ မူလရုံး တရားခံများဖြစ်ကြသည့် ဦးချစ်သန်း ပါ-၂ တို့အား တရားရှင် လွှတ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါလျက် တိုင်းတရားရုံးမှ အမှု၏တိုးတက်မှု တစ်စုံတစ်ရာ မရှိသေးဘဲ တရားရှင် လွှတ်ခြင်းသည် လျော်ကန်မှုမရှိကြောင်း သုံးသပ်ပြီး တရားခံများအပေါ် ယခုကဲ့သို့ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်းဟူ၍ ဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲကို လေ့လာသုံးသပ်ရာတွင် မြို့နယ်တရားရုံး သည် မူလရုံးတရားလို ဒေါ်ညိုလေးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက်၊ ယင်းဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ခြင်းမရှိဘဲ ယင်းဥပဒေပုဒ်မ ၂၀၄ အရ တရားခံများအပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ အရေးယူရန် ပေါ်ပေါက်သည်ဆိုကာ တရားခံများအပေါ် အရေးယူရန် ဆုံးဖြတ်ခဲ့ကြောင်း အမှုတွဲ၏ ၈-၁၂-၈၉ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ တွေ့ရှိသည်။ ယင်းကဲ့သို့ အရေးယူပြီးနောက် မူလတရားရုံးသည် မူလရုံးတရားလို ဒေါ်ညိုလေးအား စစ်ဆေးဆဲ ဖြစ် ကြောင်း တွေ့ရှိရသည်။ တစ်နည်းဆိုသော် တရားလို ဒေါ်ညိုလေးအား အဓိက စစ်မေးချက်ပင်လျှင် ပြီးဆုံးကြောင်း မတွေ့ရှိရချေ။ သို့ဖြစ်၍ ဒေါ်ညိုလေးအား ဆက်လက် စစ်ဆေးရန်သာဖြစ်သည်။ သို့သော် မြို့နယ် တရားရုံးက ''ဤအမှုကို သုံးသပ်ရလျှင် အမှုကို ယနေ့ နေ့လည် ၁၂ နာရီ မှ ညနေ ၄း၃၀ အချိန်အထိ အမှု ခေါ်ထားသော်လည်း တရားလို ဒေါ်ညိုလေး ရုံးရှေ့မလာရောက်၊ ပျက်ကွက်ခြင်း၊ အမှုမှာ ရဲစခန်းမှ တရားခံများအား ပုဒ်မ ၄၂၀ အရ အရေးယူနိုင်လောက်အောင် ခြေစွန်း ချက် မရှိ၍ ပိတ်သိမ်းခဲ့သည့် အမှုဖြစ်ခြင်း၊ အမှုမှာ ရဲအရေးပိုင် ပြေငြိမ်း၊ ပြေအေးခွင့်မရှိသော အမှုဖြစ်သော်လည်း ဦးတိုက် လျှောက်ထားချက် အရ ပေါ်ပေါက်သော အမှု ဖြစ်ခြင်းတို့ကြောင့် ဤအမှု စွပ်စွဲထားချက်မှာ မခိုင်လုံဟု ယူဆသည်''ဟူ၍ သုံးသပ်ပြီး လျှောက်ထားသူ မူလရုံးတရားခံ

၁၉၉၀
ဦးချစ်သန်း ပါ (၂) နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၂)

ဦးချစ်သန်းပါ (၂) တို့အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) အရ တရားရှင်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

တိုင်းတရားရုံးက ''အမှုတွင် မှုခင်းရာဇဝတ်ခန်း၏ ၈-၁၂-၇၉ ရက်စွဲပါ စာဖြင့် ဒေါ်ညိုလေးစွဲဆိုသည့်အမှုကို မြို့နယ်ဥပဒေ တာဝန်ခံ အရာရှိ၏ ပြန်ကြားချက်အရ ပိတ်သိမ်းထားကြောင်း အစီရင်ခံစာကို သိရှိရပါ သည်။ ရဲစခန်းတွင် အမှု ပိတ်သိမ်းထားခြင်းကြောင့် တရားရုံးအမှုတွဲတွင် တရားခံများအား စွဲချက်မတင်မီ လွှတ်ရန် အကြောင်း မပေါ်ပေါက်ပေ။ ထို့ကြောင့်မြို့နယ်တရားရုံး၏အမိန့်မှာ မှန်ကန်ခြင်းမရှိသောကြောင့်ယင်း အမိန့်ကို ပြင်ဆင်ရန် လိုအပ်ပေသည်'' ဟူ၍သုံးသပ်ပြီးအမှုကို မူလစစ်ဆေး သော တွဲဖက်မြို့နယ်တရားသူကြီး (၃) မှအပ အခြားစီရင်ပိုင်ခွင့်ရှိသော တရားသူကြီး တစ်ဦးဦးက အမှုရောက်ရှိနေသော အဆင့်မှ ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်စေရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရှိရ သည်။

မြို့နယ်တရားရုံးသည် တရားလိုအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး တရားခံများအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၄ အရ လက်ခံအရေးယူ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံအရေးယူ ဆောင်ရွက်ပြီးနောက် တရားခံများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် အရေးယူ ဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် အညီ ဆောင်ရွက်သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းကဲ့သို့ဆောင်ရွက် ပြီးနောက် မြို့နယ်တရားရုံးသည် တရားလိုမှတင်ပြသော သက်သေများကို စစ်ဆေးပြီး မည်သည့် အဆင့်တွင်မဆို တရားလို၏စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း ပေါ်ပေါက်ပါက တရားခံများအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) အရ တရားရှင်လွှတ်ရန် ဖြစ်သည်။ ယခုမှု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ လက်ခံအရေးယူ ဆောင်ရွက်ပြီးနောက် မူလရုံးတရားလို ဒေါ်ညိုလေးအား စစ်ဆေး နေစဉ် တစ်နည်းဆိုသော် တရားလိုအားစစ်ဆေးရာ၌ ဆုံးခန်းတိုင် မရောက်ရှိ သေးမီ မည်သို့မျှ တိုးတက်မှုအခြေအနေ ပေါ်ပေါက်ခြင်း မရှိသေးပါဘဲ လျက် ယင်းအမှုကို ရဲစခန်းမှ ပိတ်သိမ်းခဲ့ပြီး ဖြစ်သည့်အပေါ် အခြေခံ၍ တရားခံများအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) အရ တရားရှင် လွှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အမှုကို သက်ဆိုင်ရာ ရဲစခန်းမှ ပိတ်သိမ်းရုံမျှဖြင့် ယင်းအမှုမှ တရားလိုက သက်ဆိုင်ရာတရားရုံးသို့ တိုက်ရိုက် တိုင်လျှောက် လာလျှင် အမှုအား လက်ခံအရေးယူ ဆောင်ရွက်ခြင်း မပြုရဟူ၍ ဥပဒေ တားမြစ်ချက် မရှိပေ။

ပ၉၉၀

ဦးချစ်သန်း ပါ(၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ထို့ကြောင့် စစ်ကိုင်းတိုင်း တရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဦးချစ်သန်းပါ (၂) ဦးတို့ အပေါ် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရန် ချမှတ်ခဲ့သည့် အမိန့်ကို အဘည့်ပြုကာ ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဦးစော

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၃)*

† ၁၉၉၀
ဇွန်လ
၁၀-ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅-ယင်းပုဒ်မပါ''ပစ္စည်း''ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းသာမက၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်လည်း အကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ တွင် ''ပစ္စည်းကို သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်မှုကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်း ခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ် ပြောင်းလဲလျှင်××××ထိုသူသည် ရာဇဝတ်မကင်းသောယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည် မည်၏''ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုမှာ'ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း' နှင့်သာ သက်ဆိုင်သည် သို့မဟုတ်'မရွှေ့မပြောင်းနိုင်သော ပစ္စည်း' နှင့်သာ သက်ဆိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ အဆိုပါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ၏ 'ဥပမာ(က)'တွင် သေသူ၏ အမွေပစ္စည်းကို ထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်း ခံရသူက သေတမ်းစာပါ ခွဲဝေပေးရန် ညွှန်ကြားသည့် ဥပဒေကို မရိုးမဖြောင့်သော သဘောနှင့် ဖီဆန်၍ မိမိပစ္စည်းအဖြစ်ဖြင့် သုံးစွဲခြင်းသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်ဟု ဆက်လက် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ အမွေပစ္စည်းကို ထိန်းသိမ်း စီမံခန့်ခွဲရန် သေတမ်းစာဖြင့် ဆိုသည့် စကားရပ်တွင် မရွှေ့မပြောင်း နိုင်သော မြေ၊ အိမ်၊ အဆောက်အအုံများ ပါရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ပါ'ပစ္စည်း' ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်း သက်သက်ကိုသာ ရည်ရွယ် ပြဋ္ဌာန်းခြင်း

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂ (ခ)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၈ တွင် ချမှတ်သော (၂၇-၁၀-၈၉) ရက်စွဲပါ ဝဲခူးတိုင်း (ပြည်မြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၀
ဦးစော
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၃)

မှဟုတ်ဘဲ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း စပ်ဆိုင် အကျုံးဝင်ကြောင်း ကောက်ယူနိုင်ပေသည်။

လျှောက်ထားသူအတွက် -ဦးကိုနီ၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်-၁ ဦးခင်မောင်ဦး၊ ဥပဒေအရာရှိ အဆင့်(၁)

၂နှင့်၃ ဒေါ်မေခိုင်ထွန်း (ရှမ်းပြည်) တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး -ဦးတင်အေး

တွဲဖက် ပြည်နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၈၅၇/၈၉ တွင် တရားခံ ဦးသောင်းစိန်နှင့် ဒေါ်ညွန့်စီ တို့ နှစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်သည့် အမိန့် ချမှတ်ခဲ့သည်ကို ဦးသောင်းစိန်ပါ (၂)ဦးတို့က မကျေနပ်၍ ပဲခူးတိုင်း (ပြည်နယ်စု) တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ဦးသောင်းစိန်ပါ- ၂ ဦး စလုံးအား စွဲချက်မတင်မီ လွှတ်ခဲ့သည်။ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို မူလမှုတရားလို ဦးစောက မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ဦးစောက ၎င်းပိုင်ပြည်မြို့နယ် ခေတ္တရာမြို့သစ် အကွက်အမှတ်-၃၁၊ ဦးပိုင် (၇၈/၁၉၈၁-၈၂) ရှိ (၃) ပင် နှစ်ခန်း အဆောက်အအုံတွင် သူ၏ယာဉ်မောင်း ဦးသောင်းစိန်နှင့် ဇနီးတို့အား အခမဲ့ ခွင့်ပြုချက်ဖြင့် ထားခဲ့ရာမှ ၎င်းတို့က အချင်းဖြစ်ဥပစာကို ဦးမြင့်ကြည်နှင့် ဇနီး ဒေါ်စိန်စိန်တို့ထံသို့ ငွေကျပ် ၂၅၀၀၀/- နှင့် ရောင်းချပြီး အလွဲသုံးစား ပြုလုပ်ကြောင်း ဦးစောက တိုက်ရိုက် လျှောက်ထားခဲ့သည့် အမှုဖြစ်သည်။

ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် ဦးစော၏ အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာတွင် ပဲခူးတိုင်းတရားရုံးက ဦးသောင်းစိန်ပါ-၂ ဦးတို့အား စွဲချက်မတင်မီ လွှတ်ရာတွင် အချင်းဖြစ်ပစ္စည်းသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည်ဆိုသည့် အချက်ကို အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်း ရှိမရှိ ဆိုသည့်အချက်ကို အလေးအနက်ထား သုံးသပ်ခြင်း မရှိခဲ့သည့်အပြင် ဥပဒေနှင့်အညီ စွဲချက်တင်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့ခြင်း မှာလည်း မှားယွင်းနေကြောင်း တင်ပြထားသည်။

၁၉၉၀
ဦးစော
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၃)

ပြည်မြို့ အမှတ် ၃၇၅/ လမ်းမတော်တွင် နေထိုင်သော ဦးစောက ခေတ္တရာ မြို့သစ်ရှိ အချင်းဖြစ်မြေကွက်နှင့်အဆောက်အအုံကို ဦးထွန်းရှိန်နှင့် ဇနီး မလုံးတို့ထံမှ အရောင်းအဝယ် ပြုလုပ်သည့်စာချုပ် (သက်သေခံ-က) ဖြင့် ၂၅-၁၁-၆၁ နေ့တွင် ငွေကျပ် ၄၀၀/-နှင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း တရားလို ဦးစောကထွက်ဆိုသည်။ ယင်းသို့ဝယ်ယူပြီးနောက် သုံးပင် နှစ်ခန်းတွဲ အဆောက်အအုံအား တိုးချဲ့ပြင်ဆင်၍ ကြက်မွေးမြူရေးလုပ်ငန်းကို တရားလို ဦးစောက အစ်ကိုဖြစ်သူ ဦးလှဘို (လိုပြ-၅) နှင့်အတူ လုပ်ကိုင်ကြရာ လုပ်ငန်း အဆင်မပြေသဖြင့် မွေးမြူရေးလုပ်ငန်းကို ဖျက်သိမ်းခဲ့ရသည်။ ၎င်းနောက် သုံးဘီးကား (၃) စီး ဝယ်ယူလုပ်ကိုင်ရာတွင် တရားခံ ဦးသောင်းစိန်မှာ ကား (၃) စီး အနက် တစ်စီးကို မောင်းနှင်သူဖြစ်သည်။ ဦးသောင်းစိန်၏ လုပ်ငန်းဆောင်ရွက်မှုကို အားရ ကျေနပ်သဖြင့် လည်းကောင်း၊ နေထိုင်ရန်အခက်အခဲဖြစ်နေသော ဦးသောင်းစိန်က အကူအညီတောင်းခံသဖြင့်လည်းကောင်း အချင်းဖြစ် အဆောက်အအုံတွင် ဦးသောင်းစိန်နှင့်ဇနီး ဒေါ်ညွန့်စီတို့အား ဦးစောက ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုခဲ့ကြောင်း ဆက်လက်ထွက်ဆိုထားသည်။

ယင်းသို့ နေထိုင်ရာမှ ဦးသောင်းစိန်နှင့်ဇနီး ဒေါ်ညွန့်စီတို့က အချင်းဖြစ် မြေနှင့်ခြံကို ဦးမြင့်ကြည်နှင့်ဇနီး ဒေါ်စိန်စိန်တို့ထံသို့ ၎င်းတို့ပေးရန်ရှိငွေ အကြွေး ကျပ် ၂၅၀၀၀/-အတွက် ပေးအပ်ထားကြောင်း ဦးစောက ထွက်ဆိုသည်။ ယင်းအချက်မှာ ၂၉-၁၀-၈၆ နေ့က ရစ်ကွက်ပြည်သူ့ကောင်စီရုံး၌ တရားခံဦးသောင်းစိန်ကိုယ်တိုင် အစစ်ခံခဲ့သည့်ထွက်ဆိုချက် (သက်သေခံ-ခ) နှင့်လည်း ကိုက်ညီမှန်ကန်နေကြောင်း ပေါ်လွင်သည်။

သို့ဖြစ်ရာ တရားခံဦးသောင်းစိန်နှင့်ဇနီး ဒေါ်ညွန့်စီတို့သည် မိမိတို့ ပိုင်ဆိုင်ခြင်း မရှိသည့် အချင်းဖြစ် မြေယာနှင့်အဆောက်အအုံကို တရားလို ဦးစော၏ သဘောတူညီချက်မရှိဘဲ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုခဲ့ကြောင်း မြင်သာသည့် သက်သေခံချက်များရှိနေသည်ဟု ပေါ်ပေါက်သည်။ ယင်းသို့သော အခြေအနေတွင် ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု ကျူးလွန်ခြင်း ရှိမရှိဆိုသည့်အချက်နှင့် စပ်လျဉ်းပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ တွင် "ပစ္စည်းကို သို့တည်းမဟုတ် စီမံခန့်ခွဲပိုင်မှုကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလျှင် သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ်ပြောင်းလဲလျှင် ×××××××× ထိုသူသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည် မည်၏" ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုမှာ "ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း" နှင့်သာ သက်ဆိုင်သည် သို့မဟုတ်၊ "မရွှေ့မပြောင်းနိုင်သော ပစ္စည်း" နှင့်သာ သက်ဆိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ အဆိုပါ

၁၉၉၀
ဦးစော
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၃)

ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅၏ 'ဥပမာ (က)' တွင် သေသူ၏ အမွေပစ္စည်းကို ထိန်းသိမ်း စီမံခန့်ခွဲရန် သေတမ်းစာဖြင့် လွှဲအပ်ခြင်းခံရသူက သေတမ်းစာပါ ခွဲဝေပေးရန် ညွှန်ကြားသည့်ဥပဒေကို မရိုးမဖြောင့်သော သဘောနှင့်ဖီဆန်၍ မိမိ ပစ္စည်းအဖြစ်ဖြင့် သုံးစွဲခြင်းသည် ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်သည်ဟု ဆက်လက်ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ အမွေပစ္စည်းကို ထိန်းသိမ်းစီမံခန့်ခွဲရန် သေတမ်းစာဖြင့်ဆိုသည့် စကားရပ်တွင် မရွှေ့မပြောင်းနိုင်သော မြေ၊ အိမ်၊ အဆောက်အအုံများ ပါရှိသောကြောင့် ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၅ပါ 'ပစ္စည်း'ဆိုသော စကားရပ်သည် ရွှေ့ပြောင်းနိုင်သော ပစ္စည်း သက်သက်ကိုသာ ရည်ရွယ်ပြဋ္ဌာန်းခြင်း မဟုတ်ဘဲ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလည်း စပ်ဆိုင် အကျုံးဝင်ကြောင်း ကောက်ယူနိုင်ပေသည်။ ပဲခူးတိုင်း (ပြည်မြို့နယ်စု) တရားရုံးက (ဦးကဒိုး နှင့် ဘုရင်မင်းမြတ်အမှု)[၁] ကိုရည်ညွှန်းကိုးကား၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုမှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်ပတ်သက်၍သာ ကျူးလွန်နိုင်သည်ဟု ဆုံးဖြတ်ခဲ့သည်ကို တွေ့ရသည်။

ဦးကဒိုးနှင့်ဘုရင်မင်းမြတ်အမှုတွင် သစ်တောအရာရှိ ဦးကဒိုးသည် အောက်လနတ်သတ်ကျွန်း (၁၀) တန် ခုတ်ခွင့်ရသော ဖိုးသီဆိုသူကို သစ်ခုတ်ခွင့် ပြုရာ၌ ဥပဒေနှင့်အညီ ၎င်းသတ်မှတ်ပေးနိုင်ခွင့်ရှိသော ကျွန်းသစ်ပင်များကို တံဆိပ်ရိုက်သတ်မှတ်ပေးရမည့်အစား ကျွန်းပင်ပေါက်များအား ခုတ်လှဲခွင့်ပေးခဲ့သည်။ တရားလွှတ်တော်က နိုင်ငံတော် အစိုးရသည် သစ်တောအရာရှိ ဦးကဒိုးအား ၎င်းတာဝန်ကျရာနယ်ပယ်တစ်ခုလုံးရှိ ကျွန်းတောကို အပ်နှံထားခဲ့ခြင်း ဟုတ် မဟုတ်ဆိုသည့်အချက်အား အဆုံးအဖြတ်ပေးရာ၌ အခက်အခဲတွေ့ရကြောင်း သုံးသပ်ခဲ့ပြီး ကျွန်းပင်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းသာ ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ ၎င်းအပြင် အဆိုပါ အမှုတွင် ရည်ညွှန်း ကိုးကားခဲ့သော စီရင်ထုံး (၄) ခုမှာလည်း အိန္ဒိယနိုင်ငံ ဘုံဘေ၊ ကာလကတ္တား တရားလွှတ်တော်များမှ အမှုများသာ ဖြစ်ပေသည်။ မြန်မာနိုင်ငံမှ ဖြစ်ရပ်များကို ရည်ညွှန်းကိုးကားခဲ့ခြင်း မဟုတ်ပေ။ မြန်မာ့ရေမြေ၊ မြန်မာ့စရိုက်တို့နှင့်ကိုက်ညီသည်ဟုလည်း မဆိုနိုင်။ ဥပဒေပြဋ္ဌာန်းချက် မူရင်းပါစကားလုံးကို ချွင်း၍လည်းကောင်း၊ နုတ်ပယ်၍လည်းကောင်း တရားရုံးများက ကောက်ယူဆုံးဖြတ်ခွင့်မရှိပေ။

ယခုအမှုမှာ တရားလိုဦးစောက ၎င်းဝယ်ယူထားသည့် မြေနှင့်အိမ်ကို တရားခံဦးသောင်းစိန်နှင့်ဇနီး ဒေါ်ညွန့်စိတို့အား ယုံကြည်စွာဖြင့် အခမဲ့

---

၁။ ၁၉၂၉ ခုနှစ် ရန်ကုန်စီရင်ထုံး အတွဲ (၇)၊ စာ-၁၃

၁၉၉၀
ဦးစော
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပ ၇(၃)

းနေထိုင်ခွင့်ပြုထားခဲ့ခြင်းအပေါ် ဦးသောင်းစိန်တို့က အဆိုပါအိမ်နှင့်မြေကို အခြားသူတစ်ဦးသို့ပေးရန်ရှိသည့် ကြွေးအတွက် ပေးအပ်ခဲ့ခြင်းမှာ ဦးကဒိုး အမှုတွင်ပါရှိသည့်ဖြစ်ရပ်နှင့်တူညီခြင်း မရှိချေ။ ဦးကဒိုးမှာ အစိုးရဝန်ထမ်း ာစ်ဦးအနေဖြင့် ကျွန်းသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန် ှိသူသာဖြစ်ပြီး ယခုအမှုမှ တရားခံဦးသောင်းစိန်နှင့်ဇနီး ဒေါ်ညွန့်စီတို့မှာ အချင်းဖြစ် မြေနှင့်အိမ်ပေါ်တွင် ကိုယ်ထိလက်ရောက် နေထိုင် သုံးစွဲနေသူ များ ဖြစ်ပေသည်။ ယင်းသို့ နေထိုင်သုံးစွဲနေရင်းမှ ပိုင်ရှင်သဘောတူညီမှု ှရှိဘဲ မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် အခြားသူတစ်ဦးသို့ လွှဲပြောင်း ပေး အပ်ခဲ့ခြင်းမှာ ရာဇဝတ် မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်နိုင်ဘွယ်ရာ မြင်သာသော သက်သေခံချက်များ ရှိနေသည်ဟု းကောက်ယူရန် ရှိပေသည်။

သို့ဖြစ်ရာ ဦးကဒိုးအမှုကို ကိုးကား၍ မူလမှုတရားခံ ဦးသောင်းစိန်နှင့် ဇနီးတို့အား စွဲချက်မတင်မီလွှတ်ခဲ့သော ပဲခူးတိုင်း (ပြည်မြို့နယ်စု) တရား ရုံး၏ အမိန့်မှာ မှန်ကန်သည်ဟု မဆိုနိုင်ချေပ။

သို့အတွက် ဤပြင်ဆင်မှုကို ခွင့်ပြု၍ မူလမှုတရားခံ ဦးသောင်းစိန်နှင့် ဒေါ်ညွန့်စီတို့အား စွဲချက်မတင်မီလွှတ်ခဲ့သည့် ပဲခူးတိုင်း (ပြည်မြို့နယ်စု) တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရစွဲချက် တင်ခဲ့သော တွဲဖက်ပြည်မြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြု ကြောင်းအမိန့်ချမှတ်သည်။

## ပြင်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

† ၁၉၉၀
စက်တင်ဘာလ
၂၀-ရက်

ဦးဆန်းဦး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၁၀)*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၅-တရားခံ တစ်ဦးတည်းက ပြစ်မှုအများကို တစ်ဆက်တည်း ကျူးလွန်မှု-ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉-ပြစ်မှုတစ်ရပ်ကို ဆက်စပ် ကျူးလွန်သူများအား တစ်မှုတည်းတွင် ပူးတွဲစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၅ သည် တရားခံ တစ်ဦးတည်းက ကျူးလွန်ခဲ့သည့် တစ်ခုထက်များသော ပြစ်မှုများမှာ တစ်ဆက် တစ်စပ်တည်းဖြစ်နေသော ကိစ္စ၌ အဆိုပါ တရားခံအား အမှုတစ်မှုတည်းတွင် ၎င်းကျူးလွန်ခဲ့သော တစ်ခုထက် များသည့် ပြစ်မှုများအတွက် စွဲချက်အသီးသီး တင်၍ စစ်ဆေး နိုင်ကြောင်း ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ သို့အတွက် ယင်းပြဋ္ဌာန်းချက်မှာ တရားခံတစ်ဦးတည်းက ပြစ်မှုအများကို တစ်ဆက် တည်း ကျူးလွန်ခဲ့မှုများအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ မှာ တစ်ဦးထက် ပိုသော တရားခံများကို ပူးတွဲ၍ တစ်မှုတည်းတွင် စွဲဆိုနိုင်ခွင့်ရှိသည့်အချက်များကို ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ အဆိုပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် မှုခင်းတစ်ရပ်တည်းတွင် ကျူးလွန် သော ပြစ်မှု တစ်မျိုးတည်းနှင့် စွပ်စွဲခံရသူများ၊ ပြစ်မှုတစ်ရပ်နှင့် စွပ်စွဲခံရ သူများနှင့် အဆိုပါ ပြစ်မှုကို အားပေးကူညီမှု သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှုနှင့် စွပ်စွဲခံရသူများ (၁) နှစ် ကာလအတွင်း ပုဒ်မ ၂၃၄ ၏ အနက် အဓိပ္ပာယ်အရ တစ်ခုထက်များသော မျိုးတူ ပြစ်မှုများကို အတူ တကွ ကျူးလွန်ခဲ့ကြောင်းဖြင့် စွပ်စွဲခံရသူများ၊ မှုခင်း တစ်ရပ်တည်းတွင် အမျိုးအစား မတူ ကွဲပြားခြားနားသည့် ပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟု

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ်၊ ၂၉၉ (ခ)

၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ်၊ ၉၅ တွင် ချမှတ်သော (၁၄-၃-၉၀) ရက်စွဲပါ ရန်ကုန်တိုင်း (ဟံသာဝတီမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၀
ဦးဆန်းဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၁၀)

စွပ်စွဲခံရသူများ၊ ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ ပြစ်မှုမကင်းသော အလွဲသုံးစားမှုနှင့် ဆက်စပ်နေသူများ၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့နှင့် စပ်လျဉ်းပြီး စွပ်စွဲခံရသူများ၊ ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ ပြစ်မှုမကင်းသော အလွဲသုံးစားမှုနှင့် ဆက်စပ်နေသူများ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့နှင့် စပ်လျဉ်းပြီး စွပ်စွဲခံရသူများ၊ ဒဂ်ါး အဘုနှင့် စပ်လျဉ်းသော ပြစ်မှုကို ဆက်စပ် ကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို တစ်မှုတည်းတွင် ပူးတွဲ စွဲဆိုစစ်ဆေးနိုင်သည်။

လျှောက်ထားသူအတွက် — ဦးဇော်လင်း၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်— ၁၊ ဦးခင်မောင်ဦး၊ ဥပဒေ အရာရှိ အဆင့်(၁)

၂၊ မှ ၁၀၊ ဦးကျော်ဝင်း၊ တရားရုံး ချုပ် ရှေ့နေ

တရားရေးအကြံပေး — ဦးတင်အေး

ခရမ်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁၃/၈၉ တွင် တရားခံ ဦးကျင်စိန် အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ စွဲချက်တင်ခဲ့ပြီး ပူးတွဲ တရားခံ ဒေါ်အေးမြိုင် ပါ-၉ ဦး တို့အား စွဲချက်မတင်မီ လွှတ်ခဲ့သည်။ အဆိုပါ စွဲချက်မတင်မီ လွှတ်သည့်အမိန့်ကို မူလမှုတရားလို ဦးဆန်းဦးက မကျေနပ်၍ ရန်ကုန်တိုင်း (ဟံသာဝတီမြို့နယ်စု) တရားရုံးသို့ ပြင်ဆင်ရန် လျှောက်ထားခဲ့သော်လည်း မအောင်မြင်သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက် တင်သွင်းသည်။

အမှုမှာ ခရမ်းမြို့နယ် ပလူဝ ကျေးရွာကွင်း အမှတ်-၃၆ ဦးပိုင် အမှတ် ၁၉ (ခ) ရှိ လယ် ၁၀.၀၉ ဧကတွင် မျိုးစပါး (၃၃) တင်းကို ဦးဆန်းဦးက ပျိုးထောင်စိုက်ပျိုးထားခဲ့ရာတွင် ၇-၇-၈၉နှင့် ၈-၇-၈၉ နေ့များတွင် ဦးကျင်စိန်ပါ-၄ ဦးတို့က လည်းကောင်း၊ ၁၄-၇-၈၉၊ ၁၅-၇-၈၉ နှင့် ၁၆-၇-၈၉ နေ့များက ဦးကျင်စိန်ပါ-၁၈ ဦးတို့က လည်းကောင်း၊ ၁၇-၇-၈၉ နေ့က ခင်ရွှေပါ-၅ဦးတို့က လည်းကောင်း၊ ၂၀-၇-၈၉ နေ့တွင် ပူးတွဲ တရားခံ အောင်သန်းတစ်ဦးတည်းကလည်းကောင်း ကျူးကျော်ဝင်ရောက်၍ ကြွခင်းများကြဲခြင်း၊ စက်ခုတ်ခြင်း၊ ပျိုးနုတ်ခြင်း၊ နွားများမောင်းသွင်း၍ ကျောင်းခြင်းတို့ကို ပြုလုပ်ကြသောကြောင့် စုစုပေါင်းငွေကျပ် ၂၀၀၀၀/- မှ ကျပ် ၃၀၀၀၀/-ခန့် ဆုံးရှုံးသဖြင့် အရေးယူပေးရန် ဦးဆန်းဦးက ခရမ်းမြို့နယ် တရားရုံးတွင် တိုက်ရိုက် လျှောက်ထားခဲ့မှုဖြစ်သည်။

၁၉၉၀
ဦးဆန်းဦး
နှင့်
ပြည် ထောင်စု
မြန်မာ
နိုင်ငံတော်
ာါ (၁၀)

ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် ဦးဆန်းဦး၏ အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာ၌ အချင်းဖြစ်ပွားရာ လယ်မြေမှာ ဦးဆန်းဦး လက်ရှိ လုပ်ကိုင်လျက် ရှိကြောင်းနှင့် တရားခံများက ကျူးကျော် ဝင်ရောက် ဖျက်ဆီးကြောင်း ပေါ်လွင်သည့်အပြင် ဦးဆန်းဦး၏စွပ်စွဲမှုကို တရားခံ များကလည်း ဆန့်ကျင် မေးမြန်းခြင်း မရှိပါဘဲလျက် ဒေါ်အေးမြိုင်ပါ–၉ ဦးတို့သည်လူငှားများဖြစ်ပြီး ဦးဆန်းဦး၏ခိုင်းစေချက် အရ သဘောရိုးဖြင့် ပြုလုပ်ခဲ့ကြောင်း မြို့နယ်တရားရုံးကသုံးသပ်ပြီး ၎င်းတို့အား စွဲချက်မတင်မီလွှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်းတင်ပြထားသည်။ ၎င်းအပြင် ဒေါ်အေးမြိုင်ပါ–၉ ဦးတို့သည် မှုခင်း တစ်ရပ်အတွင်း မျိုးမတူပြုလုပ်မှုများကို တစ်ဆက်တစ်စပ်တည်း ကျူးလွန်ခဲ့ကြသူများဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ နှင့် ၂၃၉ တို့အရပူးပေါင်းပြီး တရားစွဲဆိုနိုင်သဖြင့် တရားခံများအား ပူးတွဲစစ်ဆေးခဲ့ခြင်းမှာ မူလကပင် ဖျက်ပြယ်လျက်ရှိကြောင်း တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာလည်း မှားယွင်းနေကြောင်း ဆက်လက်တင်ပြထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ သည် တရားခံ တစ်ဦးတည်းက ကျူးလွန်ခဲ့သည့် တစ်ခုထက်များသော ပြစ်မှုများမှာ တစ်ဆက် တစ်စပ်တည်းဖြစ်နေသော ကိစ္စ၌ အဆိုပါ တရားခံအား အမှု တစ်မှုတည်းတွင် ၎င်းကျူးလွန်ခဲ့သော တစ်ခုထက် များသည့် ပြစ်မှုများအတွက် စွဲချက်အသီးသီးတင်၍ စစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ သို့အတွက် ယင်းပြဋ္ဌာန်းချက်မှာ တရားခံတစ်ဦးတည်းက အပြစ်မှုများကို တစ်ဆက်တည်း ကျူးလွန်ခဲ့မှုများအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ မှာ တစ်ဦးထက်ပိုသောတရားခံများကိုပူးတွဲ၍တစ်မှုတည်းတွင်စွဲဆိုနိုင်ခွင့်ရှိသည့်အချက်များကိုပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ အဆိုပါ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉ ၏ ပြဋ္ဌာန်းချက်အရဆိုလျှင် မှုခင်းတစ်ရပ်တည်းတွင် ကျူးလွန်သော ပြစ်မှု တစ်မျိုးတည်းနှင့် စွပ်စွဲခံရသူများ၊ ပြစ်မှုတစ်ရပ်နှင့် စွပ်စွဲခံရသူများနှင့် အဆိုပါပြစ်မှုကို အားပေးကူညီမှု သို့မဟုတ် ကျူးလွန်ရန် အားထုတ်မှုနှင့် စွပ်စွဲခံရသူများ၊ (၁)နှစ်ကာလအတွင်း ပုဒ်မ ၂၃၄ ၏ အနက်အဓိပ္ပာယ်အရ တစ်ခုထက်များသော မျိုးတူ ပြစ်မှုများကို အတူတကွ ကျူးလွန်ခဲ့ကြောင်းဖြင့် စွပ်စွဲခံရသူများ၊ မှုခင်းတစ်ရပ်တည်းတွင် အမျိုးအစားမတူ ကွဲပြားခြားနားသည့်ပြစ်မှုများကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူများ၊ ခိုးမှု၊ ခြောက်လှန့်တောင်းယူမှု၊ ပြစ်မှုမကင်းသော အလွဲသုံးစားမှုနှင့်ဆက်စပ်နေသူများ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့နှင့်စပ်လျဉ်းပြီး စွပ်စွဲခံရသူများ၊ခိုးမှု၊ ခြောက်လှန့် တောင်းယူမှု၊

ပြစ်မှုမကင်းသော အလွဲသုံးစားမှုနှင့် ဆက်စပ်နေသူများ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၁ နှင့် ၄၁၄ တို့နှင့် စပ်လျဉ်းပြီး စွပ်စွဲခံရသူများ၊ ဒင်္ဂါး အတုနှင့် စပ်လျဉ်းသောပြစ်မှုကို ဆက်စပ်ကျူးလွန်သည်ဟု စွပ်စွဲခံရသူများကို တစ်မှုတည်းတွင် ပူးတွဲစွဲဆိုစစ်ဆေးနိုင်သည်။ ၁၉၉၀ ဦးဆန်းဦးနှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၁၀)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၄ အရလည်း တရားခံတစ်ဦး က တစ်နှစ်အတွင်း ကျူးလွန်ခဲ့သော ပြစ်မှုသုံးရပ်အထိသာ စွဲချက်ပြုလုပ် စစ်ဆေး စီရင်ခွင့် ရှိပေသည်။ (မောင်ရှင်နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အမှု)[၁]ကို ရည်ညွှန်းသည်။

ဤအမှုတွင် တရားလို ဦးဆန်းဦး၏ တိုက်ရိုက်လျှောက်လွှာအရပင်လျှင် တရားခံ ဦးကျင်စိန်ပါ-၁၀ ဦးတို့သည် ၇-၇-၈၉ နေ့မှ ၂၀-၇-၈၉ နေ့ အထိ (၇)ကြိမ်တိုင်တိုင် တစ်ကြိမ်နှင့်တစ်ကြိမ် အရေအတွက်အားဖြင့် တူညီခြင်းမရှိကြသော တရားခံအသီးသီးတို့က ကျူးကျော်ဝင်ရောက် ဖျက်ဆီးကြကြောင်း အဆိုပြုထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ တရားခံ (၁၀)ဦးတို့၏ အကြိမ်ကြိမ်ကျူးလွန်မှုမှာ တရားခံ တစ်ဦးချင်းအတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅နှင့် စပ်ဆိုင်သဖြင့် ပုဒ်မ ၂၃၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာ၍ စွဲချက်များကို ပူးပေါင်းစစ်ဆေးနိုင်မည်ဖြစ်သော်လည်း သီးခြားတစ်နေ့စီဖြစ်ခဲ့သော ပြစ်မှုများအတွက် တရားခံအားလုံးအား တစ်မှုတည်းတွင် ပူးပေါင်း၍ စွဲဆိုခြင်းမှာမူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်ဟု မဆိုနိုင်ချေ။ မှုခင်းတစ်ရပ်တည်းသာဖြစ်သည်ဟုလည်း မဆိုနိုင်ပေ။

သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်သောအမှုများမှ တရားခံများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ မူလကပင် ပျက်ပြယ်သည်။ (မခင်ခင်စော၊ မောင်ဝင်းမြင့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အမှု)[၂] ကို ရည်ညွှန်းသည်။

ဒေါ်အေးမြင့်ပါ ၉-ဦးတို့သည် ဦးကျင်စိန်၏ လူငှားများသာ ဖြစ်ပြီး ဦးကျင်စိန်၏ ခိုင်းစေချက်အရ ဆောင်ရွက်ရမှုအတွက် အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့သော ခရမ်းမြို့နယ် တရားရုံး၏အမိန့်မှာ မှားယွင်းနေသည့်တိုင် တရားခံများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာ

---

၁။ ၁၉၇၆ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ စီရင်ထုံး စာ-၁၁၁။

၂။ ၁၉၈၆ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၇။

၁၉၉၀
ဦးဆန်းဦး
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၁၀)

ကျင့်ထုံးဥပဒေပုဒ်မ ၂၃၉ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်ဘဲ မူလကပင် ပျက်ပြယ်လျက်ရှိကြောင်း သုံးသပ်၍ ဒေါ်အေးမြိုင်ပါ ၉-ဦးတို့အား စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းကို အတည်ပြုခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေ အရာရှိကလည်း သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများကိုတစ်ပေါင်းတည်း စစ်ဆေးခဲ့ခြင်းမှာ မှားယွင်းပျက်ပြယ်နေကြောင်း တိုင်းတရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်အမိန့်မှာ ချွတ်ချော်နေသည်ဟု မဆိုနိုင်၍ ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း ရေးသားတင်ပြလျှောက်လဲသွားသည်။

သို့အတွက် ဒေါ်အေးမြိုင်ပါ ၉-ဦးတို့အား စွဲချက်မတင်မီ လွှတ်ခဲ့သော ခရမ်းမြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်း (ဟံသာဝတီမြို့နယ်စု) တရားရုံးတို့၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန်မရှိ၍ ဤပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

ဒေါ်တင်မြင့်

†၁၉၉၀
နို ဝင် ဘာ လ
၂၀-ရက်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၃)*

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃-တိုင်လျှောက်လွှာ၌ ဖော်ပြချက်နှင့် တရားရုံး ရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်တို့ကွဲလွဲမှုရှိရုံဖြင့် မမှန် သက်သေခံခြင်းမြောက်မမြောက်။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံခြင်းသည် တရားရုံးရှေ့၌ ကတိသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက် (၂) ခု ကွဲလွဲရန် လိုအပ်သည်။ ဒေါ်တင်မြင့်၏ တိုင်လျှောက်လွှာသည် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုသော ထွက်ချက်မဟုတ်ပေ။ ယင်းသို့ တိုင် လျှောက်လွှာ၌ ဖော်ပြချက်နှင့် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်တို့ ကွဲလွဲမှုရှိရုံဖြင့် မမှန် သက်သေခံခြင်း မြောက်သည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက် — ဦးတင်မောင်ဦး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁၊ ဦးခင်မောင်ဦး၊ ဥပဒေ အရာရှိ အဆင့် (၁)
၂၊ ၃၊ ဦးမြဟန်တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးဘဟန်

တာမွေမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၁၄/၈၅ တွင် တရားလို ဒေါ်တင်မြင့်အား စစ်ဆေးရာတွင် ၎င်း၏ တိုင်လျှောက်လွှာ အပိုဒ် ၃ တွင် ဖော်ပြထားသော နေရပ်လိပ်စာ၌ နေထိုင်ခြင်း မရှိဟု ရုံးရှေ့၌ ကွဲလွဲထွက်ဆိုမှုနှင့် စပ်လျဉ်း၍ တရားလိုအား ပြစ်မှုဆိုင်ရာ

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၁၉ (ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်၊ ၃၇ တွင် ချမှတ်သော (၂၃-၃-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် တရားခံ ဦးမြင့်သိန်းတို့ဘက်မှ လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှု ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၈၅/၈၉ ကို ဖွင့်လှစ်ဆောင်ရွက်ပြီးနောက် တရားခံများ၏လျှောက်ထားချက်ကို ပယ်ကြောင်း ၁၁-၁၂-၈၉ ရက်နေ့က အမိန့် ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို တရားခံများက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၃၇/၉၀ တွင် အယူခံဝင်ရောက်ခဲ့ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး တရားလို ဒေါ်တင်မြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူဆောင်ရွက်သွားရန်ဟု ၂၃-၃-၉၀ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ တိုင်းတရားရုံး၏ အမိန့်ကို မူလရုံး တရားလို ဒေါ်တင်မြင့်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤ ပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ တာမွေမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၈၁၄/၈၅ တွင် ဒေါ်တင်မြင့်က ဦးမြင့်သိန်းနှင့် ဦးတင်ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၈၊ ၄၂၀၊ ၄၆၈/၁၁၄ တို့အရ တိုက်ရိုက်လျှောက်ထားစွဲဆိုထားသည်။ ဒေါ်တင်မြင့်က ၎င်း၏ နေရပ်လိပ်စာကို မြို့မရပ်၊ ပဲခူးကုန်း၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဟု ဖော်ပြထားပြီး တိုင်လျှောက်လွှာ အပိုဒ် ၃ တွင်မှု "၁၉၈၂ ခုနှစ်ကုန်ပိုင်းတွင် ကျွန်မနှင့်အတူတကွ အမှတ်(၁၆)၊ ၁၆၅ လမ်း တာမွေမြို့နယ်တွင် နေထိုင်သော အစ်မကြီး ဒေါ်မြသန်း မမာမကျန်းဖြစ်လာ၍ ပဲခူးကုန်းသို့ ပြန်သွားခဲ့ရာ ၂၁-၁-၈၃ ရက်နေ့တွင် ဒေါ်မြသန်းသည် ပဲခူးကုန်း၌ ကွယ်လွန်ခဲ့ပါသည်။ ဒေါ်မြသန်း ကွယ်လွန်ပြီးသည့်နောက်ပိုင်း ကျွန်မလည်း ရန်ကုန်မြို့သို့ မရောက်ရှိတော့ပါ × × "ဟု ဖော်ပြထားသည်။ ဒေါ်တင်မြင့်အား ရုံးရှေ့၌ တရားခံ အကျိုးဆောင်မှ ပြန်လှန်မေး၍ ဖြေဆိုရာတွင် "အချင်းဖြစ် ၁၆၅ လမ်း၊ အမှတ် (၁၆) နေအိမ်တွင် ဦးမြင့်သိန်းတို့ မိသားစုနှင့် ပြောင်းရွှေ့နေထိုင်သည်ဆိုလျှင် မဟုတ်ပါ။ နေတော့ နေခဲ့ပါသည်။ ကျွန်မ အချင်းဖြစ်အိမ်၌ နေသောအချိန်တော့ ဦးမြင့်သိန်းတို့နှင့် ကျွန်မ အတူနေသည်ဆိုပါက အတူမနေပါ၊ ရှိနေပါသည်။ ဦးမြင့်သိန်းမိသားစုနှင့် ကျွန်မ သီးခြား အခန်းခွဲခြား၍ နေသည်ဆိုလျှင်မနေပါ"ဟု ထွက်ဆိုခဲ့သည်။ အထက်ပါ ကွဲလွဲမှုများကို အခြေခံ၍ ဒေါ်တင်မြင့်သည် တရားရုံးရှေ့၌ မမှန်မကန် လိမ်လည် ထွက်ဆိုသဖြင့် ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန်ဟု တရားခံဘက်မှ လျှောက်ထားရာမှ အမှု စတင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

မြို့နယ်တရားရုံးက ၎င်း၏ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၈၅/၈၉ တွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် စီရင်ချက် ချမှတ်ရာတွင်

၁၉၉၀
ဒေါ်တင်မြင့်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၃)

ဒေါ်တင်မြင့်သည် ပ်နွယ်ကုန်း၌ အမြဲတမ်းနေထိုင်သူဖြစ်ပြီး ရန်ကုန်မြို့သို့ လာသည့်အခါ အမှတ် (၁၆) ၁၆၅ လမ်းရှိ နေအိမ်၌ ခေတ္တ တည်းခို လေ့ရှိသည်ဟု ပေါ်ပေါက်ကြောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ဂ၁၄/ဂ၅ တွင် တရားခံ အကျိုးဆောင်က ပြန်လှန်မေး၍ ဒေါ်တင်မြင့်က ဖြေဆိုရာ၌ ''အမှတ် (၁၆) ၁၆၅ လမ်းတွင် မနေဖူးပါ။ နေထိုင်သည်ဆိုလျှင် မဟုတ်ပါ၊ နေတော့ နေခဲ့ပါသည်''ဟု ထွက်ဆိုရာတွင် ဒေါ်တင်မြင့်က လုံးဝ နေထိုင်ခြင်း မရှိဟု မဆိုဘဲ ''နေတော့ နေခဲ့ပါသည်'' ဟု ထွက်ဆိုထားသည်ကို တွေ့ရကြောင်း၊ ထို့ပြင် တိုင်လျှောက်လွှာ အပိုဒ် ၃ တွင် ဖော်ပြထားချက်သည် တရားသူကြီးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်မဟုတ်သဖြင့် စာပိုဒ်ပါ အချက်အလက် အားလုံးသည် မှချမှန်ကန်သော အချက်အလက်ဟု မဆိုနိုင်ကြောင်း၊ ဒေါ်တင်မြင့်အနေနှင့် အချင်းဖြစ်နေအိမ်၌ နေခြင်း၊ မနေခြင်းပြဿနာသည်လည်း မူလစွဲဆိုသော အမှုကို ထိခိုက်နိုင်သည်ဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်၍ ရုံးတော်သို့ မမှန်မကန်တင်ပြသည်ဟု မဆိုနိုင်ကြောင်းဖြင့် သုံးသပ်ထားသည်။

တိုင်းတရားရုံးကမူ ဒေါ်တင်မြင့်က ဘဏ်မှတ်တမ်းပြေစာတွင် အမှတ် (၁၆) ၁၆၅ လမ်း၊ တာမွေဟု ဖော်ပြထားခြင်း မှန်ကန်သည်ဟုလည်းကောင်း၊ ယင်း လိပ်စာတွင် မိမိ မနေပါဟု လည်းကောင်း၊ ပြောင်းရွှေ့နေထိုင်ခဲ့သည်ဆိုလျှင် မဟုတ်ပါ၊ နေတော့နေခဲ့ပါသည်၊ အတူတူနေသည်ဆိုက အတူမနေပါ၊ ရှိနေပါသည်ဟု လည်းကောင်း၊ တရားခံဘက်မှ ပြန်လှန်မေးတွင် ထွက်ဆိုထားကြောင်း၊ တိုင် လျှောက်လွှာ အပိုဒ် ၃ တွင် ဖော်ပြချက်သည် တရားသူကြီးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်မဟုတ်သော်လည်း ဒေါ်တင်မြင့်သည် ရုံးရှေ့ ကတိသစ္စာပြု အစစ်ခံချက်၌ ကွဲလွဲစွာ မမှန်သည်ကို သိလျက် အမှန်ဖြစ်ဘိသကဲ့သို့ ဖုံးကွယ် ထွက်ဆိုခဲ့ကြောင်း တွေ့ရသဖြင့် ၎င်းသည် မမှန်သက်သေခံသည့်သဘော သက်ရောက်စေကြောင်း၊ ယင်းသို့ မမှန်မကန် ဖုံးကွယ်ထွက်ဆိုမှုကြောင့် အမှုမှာ မလိုလားအပ်ဘဲ ကြန့်ကြာနေရကြောင်းဖြင့် သုံးသပ်ကာ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့ခြင်း ဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန် သက်သေခံခြင်းသည် တရားရုံးရှေ့၌ ကတိသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက် (၂)ခု ကွဲလွဲရန် လိုအပ်သည်။ ဒေါ်တင်မြင့်၏ တိုင်လျှောက်လွှာသည် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုသော ထွက်ချက် မဟုတ်ပေ။ ယင်းသို့ တိုင်လျှောက်လွှာ၌ ဖော်ပြချက်နှင့် တရားရုံးရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုချက်တို့ ကွဲလွဲမှု ရှိရုံဖြင့် မမှန်သက်သေခံခြင်း မြောက်သည်ဟု မဆိုနိုင်ချေ။ ထို့ပြင် ရုံးရှေ့၌ တရားခံဘက်မှ ပြန်လှန် မေး၍ ဖြေဆိုရာတွင် အချင်းဖြစ်နေအိမ်၌ မနေပါ။ နေတော့ နေခဲ့ပါသည်ဟု ထွက်ဆိုချက်ကို ထောက်ရှုလျှင် လုံးဝမနေဟု မဆိုလိုဘဲ ရံဖန်ရံခါ နေတော့ နေခဲ့ကြောင်း

၁၉၉၀
ဒေါ်တင်မြင့်
နှင့်
ပြည် ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၃)

ဝန်ခံရာ ရောက်ပေသည်။ ဒေါ်တင်မြင့်က ၎င်းသည် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးကောက်ပွဲများ၌ တာမွေမြို့နယ်တွင် တစ်ခါမျှ မဲမထည့်ရဘဲ ပဲခူးယ်ကုန်း၌သာ မဲထည့်ခဲ့ရကြောင်း တင်ပြထားသည်။ သို့ဖြစ်၍ ၎င်း၏ အမြဲတမ်းနေရပ်မှာ ပဲခူးယ်ကုန်းဖြစ်သည်ဟု ထင်ရှားပေါ်ပေါက်လျက် ရှိသည်။

ထို့ပြင် မြို့နယ်တရားရုံးက သုံးသပ် ထားသကဲ့သို့ တာမွေမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၁၄/၈၅ တွင် ဒေါ်တင်မြင့်က တရားလိုပြုလုပ်၍ ဦးမြင့်သိန်းနှင့် ဦးတင်ဦးတို့အပေါ် မိမိပိုင် ကုန်တင်ယာဉ် အမှတ် ခ/၂၉၃၉ ကားတစ်စီးနှင့် ကားနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ၁၉၈၂ ခုနှစ်က ဦးမြင့်သိန်းသို့ ယုံကြည်စွာ အပ်နှံခဲ့ကြောင်း၊ မိမိ ပဲခူးယ်ကုန်း၌ ရှိနေစဉ် ကားပိုင်ရှင်အမည်ကို မိမိ အမည်မှ ဦးတင်ဦးအမည်သို့ မိမိအား အသိမပေးဘဲ ပြောင်းထားသည် ကို တွေ့ရကြောင်း၊ ယင်းသို့ ပြောင်းနိုင်ရန် ဦးတင်ဦးသို့ အချင်းဖြစ် ကားကို မိမိက ရောင်းချခြင်းမရှိဘဲ ရောင်းချသည့်ဟု လိမ်လည်ပြီး စာချုပ် ပြုလုပ်ကာ မိမိ၏ လက်မှတ်အတုကို ရေးထိုးခဲ့ကြောင်းဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၈၊၄၂၀၊၄၆၈/၁၁၄ တို့အရ စွဲဆိုထားခြင်း ဖြစ်သည်။ အဆိုပါအမှု၌ ဖော်ပြပါ ပြစ်မှုအင်္ဂါရပ်များကို ဖောက်ဖျက် ကျူးလွန်မှု ရှိမရှိကိုသာ ပေါ်လွင်အောင် အမိက စစ်ဆေးသွားရန် ရှိမည်ဖြစ်သည်။ အချင်းဖြစ် တာမွေမြို့နယ် ၁၈၅ လမ်း အမှတ်(၁၆)သည် တရားလို ဒေါ်တင်မြင့် နေထိုင်ခြင်းရှိမရှိမှာ အဓိကအချက် မဟုတ်ပေ။ စွဲဆိုထား သည့်အတိုင်း ကွဲလွဲထွက်ဆိုရုံမျှဖြင့် အထက်ဖော်ပြပါ အမှု၏ အဓိက ကြောင်းကို ထိခိုက်ပြောင်းလဲစေမည် မဟုတ်ပေ။

အမှု၌ ပေါ်ပေါက်ချက်များအရ မြို့နယ်တရားရုံး၏ သုံးသပ်ချက် ကောက်ယူဆုံးဖြတ်ချက်တို့သည် ဥပဒေနှင့် ညီညွတ်ကြောင်း တွေ့ရှိရပြီး တိုင်းတရားရုံး၏ အမိန့်မှာ ဥပဒေအရ မှန်ကန်မှုရှိသည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဒေါ်တင်မြင့်၏ ပြင်ဆင်မှုကို ခွင့်ပြု၍ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မူလတာမွေမြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

## တရားရုံးချုပ်၊ တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း

## ဦးကျော်တင့်နှင့် ဦးကျော်ဝင်း တို့ရှေ့တွင်

ဦးတင်ရွှေ

†၁၉၉၀
ဇွန်လ
၂၇-ရက်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂)*

**တရားစီရင်ရေး ဥပဒေပုဒ်မ ၆–အထူး အယူခံလျှောက်လွှာ တင်သွင်းနိုင်ခွင့်ရှိသူ ဟုတ်မဟုတ် သုံးသပ်ရန် လိုခြင်း–တရားခံအား အပြီးအပြတ်လွှတ်သည့်အမိန့်ကို ရှေ့နေချုပ်ရုံးကသာ အယူခံဝင်ခွင့် ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဤအမှုတွင် တရားရုံးချုပ်၏ အမိန့်အပေါ် ပြန်လည် အရေးယူလောက်သော ပြဿနာရှိမရှိကို အထူးအယူခံခွင့်လျှောက်လွှာ တင်သွင်းခဲ့သော ဦးတင်ရွှေသည် ဥပဒေအရ တင်သွင်းနိုင်ခွင့်ရှိသူ ဟုတ်မဟုတ်ကို ဦးစွာသုံးသပ်ရန် လိုအပ်သည်။

တောင်ကြီးမြို့နယ် တရားရုံးက တရားခံဦးဟုတ်ပင်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဦးတင်ရွှေသည် မူလအမှုတွင် တရားလိုပင် ဖြစ်စေဦး အယူခံမှု တင်သွင်းခွင့်ရှိခဲ့သူ မဟုတ်သဖြင့် ဥပဒေနှင့်အညီ ရှေ့နေချုပ်ရုံးက အယူခံမှု တင်သွင်းခဲ့ရခြင်း ဖြစ်ပေသည်။

အဆိုပါ အယူခံမှုတွင်လည်း တရားရုံးချုပ်က တောင်ကြီးမြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုခဲ့ပြီး ဖြစ်သဖြင့် အထူးအယူခံခွင့်ရရန် တင်သွင်းခဲ့သော ဤအထွေထွေ လျှောက်လွှာတင်သွင်းမှုသည်လည်း ပြစ်မှုဆိုင်ရာ

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာမှုအမှတ် ၁၄

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂တွင် ချမှ[illegible]သော(၈–၆–၇၉) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်အား စုံညီခုံရုံးဖြင့် စစ်[illegible]းပေးရန် လျှောက်ထားခြင်း။

၁၉၉၀
ဦးတင်ရွှေ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ မူလအမှုစစ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခွင့်ရရန် တင်သွင်းမှုပင်ဖြစ်ပေသည်။ သို့အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံမှု တင်သွင်းနိုင်သူမှာ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ ရှေ့နေချုပ်ရုံးသာ ဖြစ်သည်။ အမှုသည် တစ်ဦး တစ်ယောက်က မူလရုံးမှတရားခံအား အပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်ကို အယူခံ ဝင်ရောက်ခွင့် မရှိချေ။

၎င်းအပြင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ရှေ့နေချုပ်ရုံးမှ တင်သွင်းခဲ့သော အယူခံမှုကို ပလပ်ခဲ့သောကြောင့် နစ်နာသူမှာ ရှေ့နေချုပ်ရုံးသာ ဖြစ်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံခွင့်ရရန် အထွေထွေလျှောက်လွှာကို ရှေ့နေချုပ်ရုံးကသာ တင်သွင်းနိုင်ခွင့် ရှိပေသည်။ ဦးတင်ရွှေအပါအဝင် မည်သူတစ်ဦး တစ်ယောက်ကမျှ တင်သွင်းခွင့် မရှိပေ။

လျှောက်ထားသူအတွက် —ဒေါ်မေခိုင်ထွန်း (ရှမ်းပြည်) တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်—ဦးတင်ရွှေ၊ ဥပဒေ အရာရှိ အဆင့် (၁)၊
ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးတင်အေး

တောင်ကြီးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၄၇/၈၆ တွင် ဦးဟုဘ်ပင်အား ၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ (တားမြစ်ချက်) အက်ဥပဒေပုဒ်မ ၅ အရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်။ အဆိုပါ အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ရာ တောင်ကြီးမြို့နယ် တရားရုံး၏အမိန့်ကို အတည်ပြု၍ အယူခံကို ပလပ်ခဲ့ပြီး ဖြစ်သည်။ တရားရုံးချုပ်၏ အမိန့်ကို ဦးတင်ရွှေက မကျေနပ်သဖြင့် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံခွင့်ရရန် ဤအထွေထွေလျှောက်လွှာကို တင်သွင်းလာခြင်း ဖြစ်ပေသည်။

အမှုမှာ တောင်ကြီးမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌကိုယ်စား ရုံးအဖွဲ့မှူး ဦးဘုန်း[illegible]က တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက် အမှတ်၁၅၅ ပန်းခြံသးလမ်း[illegible] နေအိမ်ကို နိုင်ငံခြားသားလက်မှတ် အမှတ်–၉ကအယ်လ်

၁၉၉၀
ဦးတင်ရွှေ နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ (၂)

ဒုမလျ။ ၀၀၀၃၅ ကိုင်ဆောင်ထားသူ ဦးဟုတ်ပင်သည် ပိုင်ရှင်ဒေါ်ရွှေယု၏ သားသမီးများထံမှ ငွေကျပ် ၁၅၀၀၀၀/-နှင့် ဝယ်ယူရာတွင် အသက် (၁၅) နှစ်သာ ရှိသေးသော သားမောင်ယူဝမ်း၏အမည်ခံယူလျက် ဝယ်ယူခဲ့ကြောင်း၊ သို့အတွက် ဦးဟုတ်ပင်အား ၁၉၇၄ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ (တားမြစ်ချက်) အက်ဥပဒေပုဒ်မ ၅ အရ အရေးယူပေးရန် မြို့နယ် တရားရုံးသို့ တိုက်ရိုက်လျှောက်ထားခဲ့မှု ဖြစ်သည်။

အထူးအယူခံခွင့် ပေးသင့်ကြောင်း လျှောက်ထားသူ ဦးတင်ရွှေ၏ အကျိုးဆောင်က အဓိကထား၍ တင်ပြရာ၌ နိုင်ငံခြားသား ဦးဟုတ်ပင်အား တရားစွဲဆိုခွင့်ကို နိုင်ငံတော်ကောင်စီက စိစစ်၍ ခွင့်ပြုခဲ့သည့်ကိစ္စတွင် မူလတရားရုံးနှင့် တရားရုံးချုပ်တို့က ယင်းအချက်ကို အထောက်အထားအဖြစ် အသုံးမပြုဘဲ ပစ်ပယ်၍ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။ နိုင်ငံခြားသား ဦးဟုတ်ပင်က ၎င်း၏သား အသက် (၁၅) နှစ်သာ ရှိသေးသော (၁၀) တန်းကျောင်းသား မောင်ယူဝမ်း၏အမည်ဖြင့် မရွှေ့မပြောင်း နိုင်သော ပစ္စည်းကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူရရှိခဲ့ခြင်းကို အခြေခံ၍ အိမ်ငှား ဦးတင်ရွှေအား နှင်ထုတ်ဖယ်ရှားခဲ့ကြောင်းလည်း ထင်ရှားနေပါလျက် မူလ အမှုစစ်တရားရုံးနှင့် တရားရုံးချုပ်တို့က တရားခံ ဦးဟုတ်ပင်အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းမှာ မှားယွင်းနေကြောင်းကိုလည်း ဆက်လက် တင်ပြထားသည်။

ဦးတင်ရွှေသည် တောင်ကြီးမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၅/၈၀ တွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ) အရ စွဲဆိုခံခဲ့ရသူဖြစ်ပြီး အချင်းဖြစ်ဥပစာမှ နှင်ထုတ်ခံခဲ့ရသူ ဖြစ်သည်။ ယင်းသို့ ဖယ်ရှားခံခဲ့ရခြင်းကို မကျေနပ်၍ ဦးတင်ရွှေက ဦးဟုတ်ပင်သည် နိုင်ငံခြားသားတစ်ဦးဖြစ်၍မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူပိုင်ဆိုင်ခွင့် မရှိပါဘဲလျက် ၎င်း၏သား အသက် (၁၅) နှစ်သာရှိသေးသူ မောင်ယူဝမ်း၏အမည်ဖြင့် မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း တောင်ကြီးမြို့နယ် ပြည်သူ့ကောင်စီသို့ တိုင်ကြားခဲ့ရာမှ တောင်ကြီးမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏ ကိုယ်စား ရုံးအဖွဲ့မှူး ဦးဘုန်းကျော်က တရားလို ပြုလုပ်၍ ဦးဟုတ်ပင်အား ၁၉၄၇ ခုနှစ် မရွှေ့မပြောင်း နိုင် သော ပစ္စည်းများ (တားမြစ်ချက်) အက်ဥပဒေပုဒ်မ ၅ အရ အရေးယူပေးရန် တိုက်ရိုက်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ဦးတင်ရွှေသည် မူလ အမှုစစ် တောင်ကြီးမြို့နယ် တရားရုံးတွင် တရားလိုအဖြစ် တရားစွဲဆိုခဲ့သူ မဟုတ်ချေ။

ဤအမှုတွင် တရားရုံးချုပ်၏ အမိန့်အပေါ် ပြန်လည်အရေးယူလောက်သော ပြဿနာ ရှိမရှိကို အထူးအယူခံခွင့် လျှောက်လွှာတင်သွင်းခဲ့သော

၁၉၉၀
ဦးတင်ရွှေ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ (၂)

ဦးတင်ရွှေသည် ဥပဒေအရ တင်သွင်းနိုင်ခွင့်ရှိသူ ဟုတ်၊ မဟုတ်ကို ဦးစွာ သုံးသပ်ရန် လိုအပ်သည်။

တောင်ကြီးမြို့နယ်တရားရုံးက တရားခံ ဦးဟုတ်ပင်အား အမှုမှ အပြီး အပြတ်လွှတ်ခဲ့သည့်အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ အယူခံ တင်သွင်းခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဦးတင်ရွှေသည်မူလအမှုတွင် တရားလိုပင်ဖြစ်စေဦး အယူခံမှု တင်သွင်းခွင့်ရှိခဲ့သူ မဟုတ်သဖြင့် ဥပဒေနှင့်အညီ ရှေ့နေချုပ်ရုံးက အယူခံမှု တင်သွင်းခဲ့ရခြင်း ဖြစ်ပေသည်။

အဆိုပါ အယူခံမှုတွင်လည်း တရားရုံးချုပ်က တောင်ကြီး မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုခဲ့ပြီးဖြစ်သဖြင့် အထူးအယူခံခွင့်ရရန် တင်သွင်းခဲ့သော ဤအထွေထွေလျှောက်လွှာ တင်သွင်းမှုသည်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ မူလအမှုစစ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ခွင့်ရရန် တင်သွင်းမှုပင် ဖြစ်ပေသည်။ သို့အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ အယူခံမှုတင်သွင်းနိုင်သူမှာ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်အရ ရှေ့နေချုပ်ရုံးသာ ဖြစ်သည်။ အမှုသည်တစ်ဦးတစ်ယောက်က မူလရုံးမှ တရားခံအား အပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ကို အယူခံဝင်ရောက်ခွင့် မရှိချေ။

၎င်းအပြင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ ရှေ့နေချုပ်ရုံးမှ တင်သွင်းခဲ့သော အယူခံမှုကို ပလပ်ခဲ့သောကြောင့် နစ်နာသူမှာ ရှေ့နေချုပ်ရုံးသာ ဖြစ်သဖြင့် တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံခွင့်ရရန် အထွေထွေလျှောက်လွှာကို ရှေ့နေချုပ်ရုံးကသာ တင်သွင်းနိုင်ခွင့် ရှိပေသည်။ ဦးတင်ရွှေအပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ တင်သွင်းခွင့်မရှိပေ။

သို့အတွက် အထူးအယူခံဝင်ခွင့်ရရန် လျှောက်ထားသူ ဦးတင်ရွှေ၏ လျှောက်လွှာကို လက်ခံစဉ်းစားရန် အကြောင်းမမြင်သဖြင့် ဤအထွေထွေလျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နှင့်

ဦးကျော်အေး*

† ၁၉၉၀
ဧပြီလ
၂၅-ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄–အထူး ရာဇဝတ်အာဏာရရှိသော တရားသူကြီးက ချမှတ်နိုင်ခွင့် ရှိသည့် ပြစ်ဒဏ်များ– ၁၉၆၃ ခုနှစ် အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ ဖြင့် စွဲဆိုထားသောအမှုကို အထူး ရာဇဝတ်အာဏာရရှိသော တရားသူကြီးသည် စစ်ဆေးစီရင်ပိုင်ခွင့် မရှိခြင်း။

**ဆုံးဖြတ်ချက်။** အထူး ရာဇဝတ်အာဏာ ရရှိသော တရားသူကြီး တစ်ဦးအနေဖြင့် သေဒဏ်ချမှတ်နိုင်သော ပြစ်မှုများမှအပ အခြားပြစ်မှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ စစ်ဆေးစီရင်နိုင်ခွင့် ရှိသည်မှာ မှန်သော်လည်း ချမှတ်နိုင်ခွင့်ရှိသည့် ပြစ်ဒဏ် အတိုင်းအတာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါ ကျင့်ထုံးဥပဒေပုဒ်မ ၃၄ အရ အထူး ရာဇဝတ်အာဏာ ရရှိထားသော တရားသူကြီးအနေဖြင့် သေဒဏ်အမိန့် သို့မဟုတ် (၇) နှစ်အထက် ကျွန်းဒဏ်အမိန့်၊ သို့မဟုတ် (၇) နှစ်အထက် ထောင်ဒဏ်အမိန့်တို့ကို ချမှတ်နိုင်ခွင့်မရှိဘဲ ယင်းပြစ်ဒဏ်များမှ လွဲ၍သာလျှင် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ခွင့်ရှိပေသည်။ ယင်းအချက်ကို သတိပြုရန် လိုအပ်သည်။

ယခုအမှုတွင် တရားခံအား ၁၉၆၃ ခုနှစ် အမျိုးနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှား စီရင်လျှင် (၁၀) နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ဖြစ်စေ၊ မလွှဲမသွေ စီရင်ရမည်ဖြစ်သည့်အပြင် ငွေဒဏ်လည်း စီရင်ရမည်ဖြစ်သဖြင့် ရာဇဝတ်အထူးအာဏာ

---

* ၁၉၈၉ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈ (က)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄ တွင် ချမှတ်သော (၁၆-၆-၈၉)ရက်စွဲပါ မိုင်းဆတ်မြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၀
မြန်မာ နိုင်ငံတော် နှင့် ဦးကျော်အေး

သာ ရရှိသော တရားသူကြီးက ယင်းဥပဒေ ပုဒ်မဖြင့် စွဲဆိုထားသောအမှုကို စစ်ဆေးစီရင်ပိုင်ခွင့် မရှိချေ။

လျှောက်ထားသူအတွက် —ဦးတင်ရွှေ၊ ဥပဒေအရာရှိ အဆင့်—၁

လျှောက်ထားခံရသူအတွက် —ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးတင်အေး

မိုင်းဆတ်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄/၈၉ တွင် တရားခံ ဦးကျော်အေးအား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှု ထင်ရှား မတွေ့ဟု သုံးသပ်၍ အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်၊ အဆိုပါအမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ သိနိုင်ရန်အတွက် တရားရုံးချုပ်က ဤ ပြင်ဆင်မှုကို ဖွင့်လှစ်ခြင်း ဖြစ်သည်။

အမှုမှာ မိုင်းဆတ်မြို့ အခြေခံပညာရေး အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီး ဦးကျော်အေးသည် ကျောင်းရန်ပုံငွေ စုစုပေါင်း ကျပ် ၁၄၃၀၀၀/၁၅ ပြားကို ယာယီ အလွဲသုံးစားပြုလုပ်ထားကြောင်း မြို့နယ်လုပ်ငန်းစစ် အစီရင်ခံစာအရ သိရှိရသဖြင့် ရှမ်းပြည်နယ် ပညာရေး မှူး၏ ညွှန်ကြားချက်အရ မိုင်းဆတ်မြို့နယ် ပညာရေးမှူးက တိုင်ချက်ရေး ဖွင့်ခဲ့သည့်အမှု ဖြစ်သည်။

မိုင်းဆတ်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄/၈၉ အား စစ်ဆေးစီရင်ခဲ့သည့် တရားသူကြီးမှာ တရားရေးဝန်ထမ်း အဆင့် (၄) တစ်ဦးဖြစ်ပြီး ၎င်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ သေဒဏ်ချမှတ်နိုင်သော ပြစ်မှုများမှအပ အခြား ပြစ်မှုများကို စစ်ဆေးစီရင်နိုင်ရန်အတွက် အထူး ရာဇဝတ်အာဏာ အပ်နှင်းထားသူ ဖြစ်ပေသည်။

အထူး ရာဇဝတ်အာဏာ ရရှိသော တရားသူကြီးတစ်ဦးအနေဖြင့် သေဒဏ်ချမှတ်နိုင်သောပြစ်မှုများမှအပ အခြားပြစ်မှုများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ စစ်ဆေးစီရင်နိုင်ခွင့်ရှိသည်မှာ မှန်သော်လည်း ချမှတ်နိုင်ခွင့် ရှိသည့် ပြစ်ဒဏ်အတိုင်းအတာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသည်။ အဆိုပါ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄ အရ အထူး ရာဇဝတ်အာဏာ ရရှိထားသော တရားသူကြီး အနေဖြင့် သေဒဏ်အမိန့်၊ သို့မဟုတ် (၇) နှစ်အထက် ကျွန်းဒဏ်အမိန့်၊ သို့မဟုတ် (၇) နှစ်အထက် ထောင်ဒဏ်အမိန့်တို့ကို ချမှတ်နိုင်ခွင့် မရှိဘဲ ယင်းပြစ်ဒဏ်များမှ လွဲ၍သာလျှင် ဥပဒေနှင့်အညီ စီရင် ဆုံးဖြတ်နိုင်ခွင့် ရှိပေသည်။ ယင်းအချက်ကို သတိပြုရန်လိုအပ်သည်။

၁၉၉၀
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဦးကျော်အေး

ယခုအမှုတွင် တရားခံအား ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်လျှင် (၁၀) နှစ်အောက် မနည်းသည့် ထောင်ဒဏ်ဖြစ်စေ၊ သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ မလွှဲမသွေ စီရင်ရမည်ဖြစ်သည့်အပြင်ငွေဒဏ်လည်း စီရင်ရမည်ဖြစ်သဖြင့် ရာဇဝတ်အထူးအာဏာသာ ရှိသော တရားသူကြီးက ယင်း ဥပဒေပုဒ်မဖြင့် စွဲဆိုထားသော အမှုကို စစ်ဆေးစီရင်ပိုင်ခွင့် မရှိချေ။

၎င်းအပြင် ပြစ်မှုဆိုင်ရာ ဥပဒေအရ စွဲဆိုသောအမှုများ မဟုတ်ဘဲ အခြားဥပဒေများအရ စွဲဆိုတင်ပို့သော အမှုများအား စစ်ဆေးစီရင်ရမည့်တရားသူကြီးများကိုပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနောက်ဆက်တွဲ ဇယား (၂) စာတိုင် (၈) တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်အရဆိုလျှင် သေဒဏ်၊ ကျွန်းဒဏ် သို့မဟုတ် (၇) နှစ်အထက် ထောင်ဒဏ် စီရင်နိုင်ခွင့်ရှိသော ပြစ်မှုများကို စက်ရှင်အာဏာ ရရှိသော တရားသူကြီးကသာလျှင် စစ်ဆေးစီရင်ရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ ရာဇဝတ်အထူးအာဏာသာ ရရှိထားသော တရားသူကြီးက ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ အရ စွဲဆိုထားသည့် အမှုကို လက်ခံ၍ စစ်ဆေးထားသည့်အပြင် ယင်းဥပဒေအရ ဖွဲ့ချက်တင်ခဲ့ခြင်း၊ တရားခံအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းတို့မှာ စီရင်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သဖြင့် မူလကပင် ပျက်ပြယ်သျက် ရှိပေသည်။

သို့အတွက် အထူးရာဇဝတ် အာဏာသာ ရရှိသော မိုင်းဆတ်မြို့နယ် တရားသူကြီးက ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရစစ်ဆေးစီရင်ပြီး အမှုမှအပြီးအပြတ် လွှတ်ခဲ့သော အမိန့်ကိုပယ်ဖျက်၍အမှုကိုဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားသူကြီးက ဥပဒေနှင့်အညီ ပြန်လည် စစ်ဆေးစီရင်ရမည်သာ ဖြစ်ပေသည်။

ယင်းသို့ ပြန်လည် စစ်ဆေး စီရင်မှုနှင့် စပ်လျဉ်းပြီး တရားခံ၏ အကျိုးဆောင်မှ ကန့်ကွက်ရန် မရှိကြောင်း၊ သို့ရာတွင် ဦးကျော်မြင့်မှာ အမှုစတင် စွဲဆိုစဉ်ကပင် မိုင်းဆတ်မြို့ အခြေခံပညာရေးအထက်တန်းကျောင်းတွင် တာဝန်ယူ ထမ်းဆောင်ခြင်း မရှိတော့ဘဲ ဆရာဝတီတိုင်း ဟင်္သာတမြို့ အခြေခံပညာရေးအထက်တန်းကျောင်းသို့ ကျောင်းအုပ်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေခဲ့ပြီ ဖြစ်ကြောင်းနှင့် ယခုအခါ တာဝန်မှ ရပ်စဲခံခဲ့ရသဖြင့် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိကြောင်း ၎င်း ကျူးလွန်ခဲ့ခြင်းမရှိသော ပြစ်မှုအတွက် တစ်နှစ်ကျော်ကာလအတွင်း စစ်ဆေးစီရင်မှုကို ရင်ဆိုင်ခဲ့ရပြီးဖြစ်သည့်အပြင် အမှုမှ အပြီးအပြတ်လွှတ်ခြင်း

၁၉၉၀
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဦးကျော်အေး

ခံရသော အချိန်၌လည်း ယင်းအမိန့်ကို ပယ်ဖျက်၍ အမှုကိုအစမှ ပြန်လည်စစ်ဆေးမှုကို ခံရမည့် အခြေအနေတွင် အမှုအား ရန်ကုန်တိုင်းအတွင်းရှိ တရားရုံးတစ်ခုခု၌ စစ်ဆေးခွင့်ပြုပါရန် တရားခံ၏ အကျိုးဆောင်မှ တင်ပြလျှောက်လဲသွားသည်။

တရားခံ အကျိုးဆောင်၏ တင်ပြချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း ကန့်ကွက်ရန် မရှိပါကြောင်း တင်ပြ လျှောက်လဲသည်ကို တွေ့ရသည်။

သို့အတွက် အထူးရာဇဝတ် အာဏာရ မိုင်းဆတ်မြို့နယ် တရားသူကြီးက ၁၉၆၃ ခုနှစ်အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ စွဲဆိုမှုကို လက်ခံစစ်ဆေး၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ အရ တရားရုံးချုပ်အား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲ၍ အမှုကို ရန်ကုန်တိုင်းအတွင်းရှိ ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ရုံးရုံးက စစ်ဆေးစီရင်နိုင်စေရေးအတွက်တာဝန်ချထားပေးရန် ရန်ကုန်တိုင်းတရားသူကြီးအား ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်းရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

မွတင်ကြွနု ပါ(၅)*

† ၁၉၉၀ စက်တင်ဘာလ ၂၃-ရက်

**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ အပိုဒ် ၆— ကိုယ်တိုင်ထိခိုက်နစ်နာသူ— ထိခိုက်နစ်နာသူ ဇနီးမရှိမှ သားသမီးတွင် လျှောက်ထားခွင့်ရှိသည် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ အပိုဒ် ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

''အပိုဒ် ၆။ ကိုယ်တိုင် ထိခိုက်နစ်နာသူ ဆိုသည်မှာ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်း၊ သားသမီးတို့သာ ဆိုသည်။''

ထို့ကြောင့် ဦးကံကြီး သေဆုံးမှုအတွက် ကြားနာစစ်ဆေးဆဲ အမှုကို ပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားခွင့် ရှိသူများမှာ ဦးကံကြီး၏ တရားဝင် ဇနီးသာမက သားသမီးများလည်း လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာ၌ ဇနီး လျှောက်ထားမှု မရှိမှ သားသမီးများက လျှောက်ထားရန် မဟုတ်ပေ။ သေသူဦးကံကြီး၏ တရားဝင် ဇနီးဖြစ်စေ၊ သားသမီးများဖြစ်စေ၊ ၎င်းတို့အနက် မည်သူမဆို လျှောက်ထား နိုင်ကြသည်။ အစီအစဉ်အတိုင်း ဇနီးမရှိမှ သားသမီးများက လျှောက်ထားရန် မဟုတ်ပေ။

လျှောက်ထားသူအတွက် —ဦးသန်းကျော်၊ ဥပဒေအရာရှိ အဆင့်(၁)

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၅၆(ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် (၂) တွင် ချမှတ်သော (၁၆-၂-၉၀) ရက်စွဲပါ စစ်ကိုင်းတိုင်း (ရွှေဘိုမြို့နယ်စု) တရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၉၀
မြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် မတင်ကွန့် ပါ(၅)

လျှောက်ထားခံရသူများအတွက် —ဦးမင်းဆွေ၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး —ဦးတင်မြင့်

ခင်ဦးမြို့နယ်တရားရုံးပြစ်မှုကြီးမှုအမှတ် ၂၃၉/၈၉ တွင် မတင်ကွန့်ပါ တရားခံ (၅) ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ စွဲချက် တင်၍ စစ်ဆေးကြားနာလျက်ရှိသော အမှုကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉ အရ အမှုကို ပိတ်သိမ်းခဲ့ ပြီး ထိုအမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားသော မခင်စန်းဝင်း၏ လျှောက်လွှာကို ပယ်ခဲ့သည်။ မြို့နယ်တရားရုံးက မခင်စန်းဝင်း၏ လျှောက် လွှာအား ပယ်သည့်အမိန့်ကို မြို့နယ်စု ဥပဒေအရာရှိက မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး (ရွှေဘိုမြို့နယ်စု) သို့ ပြင်ဆင်မှုအမှတ် ၂/၉၀ ဖြင့် ဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သောကြောင့် ရှေ့နေချုပ် ရုံးက တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ၂-၉-၈၄ ရက်နေ့ည ၇း၃၀ နာရီ အချိန်ခန့်တွင် ရွှေဘို မြို့နယ် တဲဘိုပင်ကျေးရွာ၌ ဦးကံကြီးသည် ဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်ဆိုကာ ကိုထိန်က အမှုဖွင့် တိုင်ကြားရာ ခင်ဦး ရဲစခန်းက မတင်ကွန့်၊ မောင်စိန်ဝင်း၊ မောင်စိန်မင်း၊ ဦးစိန်နှင့် ဒေါ်ဂိုင်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားရုံးသို့ တရားစွဲဆို တင်ပို့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက ပြင်ဆင်မှုလျှောက်လွှာတွင် အဓိကအကြောင်းပြချက် များအဖြစ် တင်ပြရာ၌ မခင်စန်းဝင်းသည် သေသူဦးကံကြီး၏ သမီးဖြစ်၍ အမှုပြန်ဖွင့်ရန် ဥပဒေနှင့်အညီ လျှောက်ထားခွင့် ရှိကြောင်း၊ ဇနီးမရှိမှ သာ သမီးက လျှောက်ထားနိုင်သည်ဆိုသော တိုင်းတရားရုံး၏ အမိန့်မှာ န-ဝ-တ ၏ အမိန့်အမှတ် ၄/၈၉ အပိုဒ် ၆ နှင့် ဆန့်ကျင်ကြောင်းဖြင့် ဖော်ပြထားသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာ လျှောက်ထားခံရသူ မူလရုံး တရားခံများအပေါ် ခင်ဦးမြို့နယ် တရားစီရင်ရေး အဖွဲ့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ ၁၂-၁၀-၈၇ ရက်နေ့တွင် စွဲချက် တင် ထားကြောင်း တွေ့ရသည်။ ထိုအမိန့်ကို မူလရုံးတရားခံများက မကျေနပ် ၍ စစ်ကိုင်းတိုင်းတရားရုံး (ရွှေဘိုမြို့နယ်စု) သို့ ပြင်ဆင်မှုအမှတ် ၉၂/၈၈ ဖြင့် ဝင်ရောက်ခဲ့ရာ တွဲဖက်တိုင်းတရားသူကြီးက တရားခံများအပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ စွဲချက်တင်၍ အမှုကို ဆက်လက် စစ် ဆေး ကြားနာသွားရန် အမိန့် ချမှတ်ခဲ့သည့်အတိုင်း မြို့နယ်တရားရုံးက စွဲချက်အသစ်တင်၍ အမှုကို ဆက်လက်စစ်ဆေးခဲ့သည်။

၁၉၉၀
ပြည် ထောင်စု မြန်မာ နိုင်ငံတော် နှင့် မတင်ကွန်း ပါ(၅)

ယင်းအမှုမှာ န-ဝ-တ၏ အမိန့်အမှတ် ၄/၇၉ နှင့် အကျုံးဝင်သဖြင့် ၂၄-၇-၇၉ ရက်နေ့တွင် အမှုကို ပိတ်သိမ်းခဲ့ပြီး ဖြစ်သည်။ ထို့နောက်မှ သေသူ ဦးကံကြီး၏ သမီး မခင်စန်းဝင်းက အမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားရာ မြို့နယ်တရားရုံးက သေသူ ဦးကံကြီး၏ ဇနီး ဒေါ်ဝင်းကြည်သည် သက်ရှိထင်ရှား ရှိနေကြောင်း သက်သေခံချက်ရှိသဖြင့် ဦးကံကြီး၏ ပထမဇနီး ဒေါ်ဝင်းကြည်မရှိမှသာ ၎င်း၏သမီး မခင်စန်းဝင်းသည် ကိုယ်တိုင် ထိခိုက်နစ်နာသူဖြစ်မည်ဖြစ်၍ မခင်စန်းဝင်း၏ လျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

စစ်ကိုင်းတိုင်း တရားရုံးကလည်း အမှု ပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားခွင့်ရှိသူမှာ ဦးကံကြီး၏ဇနီး ဒေါ်ဝင်းကြည်သာလျှင် ဖြစ်၍ မခင်စန်းဝင်း၏ လျှောက်ထားချက်ကို ပယ်ခဲ့ကြောင်း အမိန့်ချမှတ်ထားသည်။

အမှုမှာ ပေါ်ပေါက်ချက်အရ မခင်စန်းဝင်းသည် သေသူ ဦးကံကြီးနှင့် မဝင်းကြည်၏ သမီးဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ အပိုဒ် ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

''အပိုဒ် ၆။ ကိုယ်တိုင် ထိခိုက်နစ်နာသူ ဆိုသည်မှာ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်း၊ သားသမီးတို့သာဆိုသည်။''

ထို့ကြောင့် ဦးကံကြီးသေဆုံးမှုအတွက် ကြားနာစစ်ဆေးဆဲ အမှုကို ပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားခွင့် ရှိသူများမှာ ဦးကံကြီး၏ တရားဝင်ဇနီးသာမက သားသမီးများလည်း လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားရာ၌ ဇနီး လျှောက်ထားမှုမရှိမှ သားသမီးများက လျှောက်ထားရန် မဟုတ်ပေ။ သေသူ ဦးကံကြီး၏ တရားဝင်ဇနီးဖြစ်စေ၊ သားသမီးများဖြစ်စေ ၎င်းတို့အနက် မည်သူမဆို လျှောက်ထားနိုင်ကြသည်။ အစီအစဉ်အတိုင်း ဇနီးမရှိမှ သားသမီးများကလျှောက်ထားရန် မဟုတ်ပေ။

မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အခြေပြုသည့် မောင်မြဟန် ပါ-၂ နှင့် နိုင်ငံတော် အမှု[၁] စီရင်ထုံးမှာ ယခုအမှုနှင့် အလားသဏ္ဌာန်မတူပေ။ န-ဝ-တ၏ အမိန့်အမှတ် ၄/၇၉ အမိန့်မှာ ဥပဒေကဲ့သို့ အာဏာတည်ကြောင်း ယင်း၏ အပိုဒ် ၇ တွင် ပြဋ္ဌာန်းထားချက်

(၁) အထူးရာဇဝတ် အယူခံရုံး စီရင်ထုံးများ စာ-၂

၁၉၉၀
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် မတင်ကွန့် ပါ(၅)

သီးခြားရှိရာ ဥပဒေတစ်ရပ်ကဲ့သို့ ပြဋ္ဌာန်းထားခြင်း မရှိသေးသည့် မောင်မြဟန်တို့၏ အမှုအခြေအနေနှင့် မတူညီပေ။

ထို့ကြောင့် စစ်ကိုင်းတိုင်းတရားရုံးက သေသူ၏ဇနီး ဒေါ်ဝင်းကြည် လျှောက်ထားပြီးမှ သမီးဖြစ်သူ မခင်စန်းဝင်း လျှောက်ထားခွင့်ရှိကြောင်း သုံးသပ်ဆုံးဖြတ်ထားခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ မခင်စန်းဝင်း၏ လျှောက်ထားချက်အရ အမှုကို ပြန်လည် ဖွင့်လှစ်ပေးရန်သင့်သည်။

လျှောက်ထားခံရသူများ၏ ရှေ့နေက မခင်စန်းဝင်းသည် သေဆုံးသူ ဦးကံကြီး၏ သမီးဖြစ်သော်လည်း ဦးကံကြီး၏ပထမဇနီး အသက်ထင်ရှားရှိနေသဖြင့် အမှုကို ပြန်ဖွင့်ရန် လျှောက်ထားခွင့် မရှိကြောင်းဖြင့် တင်ပြချက်မှာ လက်ခံနိုင်ဖွယ်ရာ မရှိပေ။

သို့ဖြစ်၍ ဤ ပြင်ဆင်မှုကို ခွင့်ပြုပြီး ခင်ဦးမြို့နယ်တရားရုံးက မခင်စန်းဝင်းသည် သေသူ ဦးကံကြီး၏ ထိုက်နစ်နာသူ မဟုတ်ကြောင်း ဆုံးဖြတ်ကာ အမှုကို ပြန်ဖွင့်ပေးရန် မခင်စန်းဝင်း၏ လျှောက်ထားချက်ကို ပယ်ခဲ့သော အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော စစ်ကိုင်းတိုင်းတရားရုံး (ရွှေဘိုမြို့နယ်စု)၏ အမိန့်တို့ကို ပယ်ဖျက်ကာ လျှောက်ထားခံရသူ မတင်ကွန့် ပါ (၅)ဦးတို့အပေါ် စွဲဆိုထားသော အမှုကို ပြန်လည် ဖွင့်လှစ်ပြီး ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်း ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၉၉၀ ဇူလိုင်လ ၁၀ ရက်

နှင့်

ဦးဘိုအေး*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၀–ပြစ်မှုနှစ်ခုအရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက်၊ တရားခံသည် ပြစ်မှုတစ်ခုနှင့် စပ်လျဉ်း၍ ပြီးစွန်းခြင်းမရှိကြောင်း စီရင်ချက်တွင် အတိအလင်း သုံးသပ်ခြင်းဖြင့် ယင်းပြစ်မှုမှ အပြီးအပြတ် လွှတ်ရာရောက်ခြင်း– အပြီးအပြတ်လွှတ်သော အမိန့်ကို အယူခံနိုင်ခွင့်နှင့် ယင်းအမိန့်ကို ပယ်ဖျက်ပြီး တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်ခွင့်။

ဆုံးဖြတ်ချက်။ ။ ယခုအမှုတွင် ပခုက္ကူမြို့နယ်တရားရုံးက တရားခံ ဘိုးထွားပါ-၇ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂နှင့် ၄၂၇ တို့အရ စွဲချက်တင်စစ်ဆေးခဲ့ပြီးနောက် ပုဒ်မ ၄၅၂ နှင့်မငြိစွန်းကြောင်းစီရင်ချက်တွင် အတိအလင်းသုံးသပ်၍ ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှား စီရင်ခဲ့ပြီး ဖြစ်သဖြင့် ပုဒ်မ ၄၅၂ အရ စွဲချက်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၄၀ အရ ဘိုးထွားပါ–၇ ဦးတို့အပေါ် အပြီးအပြတ် လွှတ်ရာ ရောက်ပေသည်။

သို့ဖြစ်ရာ အပြီးအပြတ်လွှတ်ပြီးသောအမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံးကသာ တရားရုံးချုပ်သို့ အယူခံတင်သွင်းနိုင်ခွင့်ရှိပြီး တရားရုံးချုပ်ကသာလျှင် အပြီးအပြတ်လွှတ်ခဲ့သော မူလရုံး၏အမိန့်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၂၃(၁) (က) အရ ပယ်ဖျက်ပြီး တရားခံအား ပြစ်မှုထင်ရှား စီရင်နိုင်ခွင့်ရှိသည်။ မူလရုံး၏ အပြီးအပြတ် လွှတ်ခဲ့သောအမိန့်ကို ပြည်နယ်၊

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၊ ၂၁၁(ခ)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၊ ၅၃ တွင် ချမှတ်သော ၁၂-၁-၈၈ ရက်စွဲပါ မကွေးတိုင်း(ပခုက္ကူမြို့နယ်စု) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

တိုင်းတရားရုံးများက ပယ်ဖျက်နိုင်ခွင့် မရှိချေ။ ယင်းအချက်နှင့် စပ်လျဉ်း၍ တရားသူကြီးအဖွဲ့က ၁-၈-၈၄ ရက်စွဲဖြင့် ညွှန်ကြားချက် အမှတ် (၂၃) ကိုလည်း ထုတ်ပြန်ပြီး ဖြစ်ပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ဦးမြညိမ်း၊ ဥပဒေအရာရှိ အဆင့် (၁) |
| လျှောက်ထားခံရသူအတွက် | – | ကိုယ်တိုင် (မလာ) |
| တရားရေးအကြံပေး | – | ဦးတင်အေး |

**ပခုက္ကူမြို့နယ်တရားရုံး** ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၃/၈၉ တွင် တရားခံဘိုးထွားပါ ၈-ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ နှင့် ၄၂၇ တို့အရ စွဲချက်တင်စစ်ဆေးခဲ့ပြီးနောက် တရားခံပိုက်အေးအား အမှုမှ အပြီးအပြတ်လွှတ်၍ ကျန်တရားခံ ဘိုးထွားပါ ၇-ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ အလုပ်ဖြင့် ထောင် (တစ်) လစီ ကျခံစေရန်နှင့် ပြစ်ဒဏ်ကို ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၂/၈၉၊ ၅၂၄/၈၉ ပါ ပြစ်ဒဏ်များနှင့် တစ်ပေါင်းတည်း ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ပြင်ဆင်ရန် လျှောက်ထားခံရသူ (မူလမှုတရားလို) ဦးဘိုအေးက မကျေနပ်၍တရားခံဘိုးထွားပါ-၇ဦးတို့အပေါ် ပြစ်ဒဏ်အားတိုးမြှင့်သတ်မှတ်ပေးရန် မကွေးတိုင်း (ပခုက္ကူမြို့နယ်စု) တရားရုံးသို့ ပြင်ဆင်ရန် လျှောက်ထားခဲ့ရာ ဘိုးထွားပါ-၇ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ မူလမြို့နယ်တရားရုံးက ပြစ်မှုထင်ရှား စီရင်ခဲ့သည့် အမိန့်ကို အတည်ပြုခဲ့သည့်အပြင်၊ ပုဒ်မ ၄၅၂ အရ အလုပ်ဖြင့် ထောင် (တစ်) လစီ ကျခံစေရန်နှင့် ဒဏ်ငွေ ကျပ် ၇၀၀/–စီ ပေးဆောင်စေရန်၊ မဆောင်ပျက်ကွက်က အလုပ်ဖြင့် ထောင် (၆) လစီ ကျခံစေရန် အမိန့် ချမှတ်ခဲ့သည်။ ပုဒ်မ ၄၂၇ အရ ပြစ်ဒဏ်၊ ပုဒ်မ ၄၅၂ အရပြစ်ဒဏ်နှင့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၂/၈၉ နှင့် ၅၂၄/၈၉ မှ ပြစ်ဒဏ် များကို တစ်ပေါင်းတည်းကျခံစေရန်လည်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါ မကွေးတိုင်း (ပခုက္ကူမြို့နယ်စု) တရားရုံး၏အမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ပခုက္ကူမြို့နယ် တိုင်းကျေးရွာနေ ဦးဘိုအေး၏ နေအိမ်သို့ အရေးအခင်း ကာလဖြစ်သော ၁၄-၉-၈၈ နေ့ ညနေ (၄) နာရီခွဲအချိန်ခန့်က တရားခံဘိုးထွားပါ-၈ ဦး အပါအဝင် သပိတ်အဖွဲ့ဝင်လူ (၁၀၀) ခန့်တို့က ဓားမ၊ ဓားများကိုင်စွဲလျက် လာရောက်ကြသဖြင့် မိသားစုများ ထွက်ပြေး ခဲ့ကြရကြောင်း၊ အဆိုပါ သပိတ်အဖွဲ့ဝင်များက အိမ်ထောင်ပရိဘောဂ ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၆၂၅/– ဘိုး ခန့်ကို

*၁၉၉၀*
*ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဦးဘိုအေး*

ဖျက်ဆီး ရိုက်ခွဲသွားကြောင်း ဦးဘိုအေးက ရဲစခန်းတွင် တိုင်ကြားခဲ့သည့် အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက မကွေးတိုင်း (ပခုက္ကူမြို့နယ်စု) တရားရုံး၏ အမိန့်မှာ မှားယွင်းနေကြောင်း အဓိကထား တင်ပြရာ၌ မူလအမှုစစ် ပခုက္ကူမြို့နယ် တရားရုံးက တရားခံဘိုးထွားပါ-၇ ဦး တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၅၂၊ ၄၂၇နှင့် ၅၀၆ တို့အရ စွဲချက်သုံးရပ်ဖြင့် တင်ခဲ့ပြီးနောက် ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှား စီရင်ခဲ့သဖြင့် ပုဒ်မ ၄၅၂ နှင့် ၅၀၆ တို့မှာ အပြီးအပြတ် လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်နေပါလျက် တိုင်း တရားရုံးက ဘိုးထွားပါ- ၇ ဦးကိုအား ပုဒ်မ ၄၅၂ အရ ထပ်မံ ပြစ်မှု ထင်ရှား စီရင်ခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် (၂၃) တို့နှင့် မညီညွတ်ကြောင်း ထင်ရှားသဖြင့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက် ပေးသင့်ကြောင်း တင်ပြထားသည်။

အောက်ရုံးအမှုတွဲများကို ခေါ်ယူကြည့်ရှုရာတွင် ရဲစခန်းက တရားခံများအား ပုဒ်မ ၄၅၂၊ ၄၂၇နှင့် ၅၀၆ တို့အရ တရားစွဲဆို တင်ပို့ထားခဲ့ပြီး ပခုက္ကူမြို့နယ်တရားရုံးမှ တရားခံ ဘိုးထွားပါ-၈ ဦး (အပြီးအပြတ် လွှတ်ခြင်းခံရသူ တရားခံပိုက်အေး အပါအဝင်) အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ နှင့် ၄၂၇ တို့အရ စွဲချက်နှစ်ရပ်ဖြင့် ၁၄-၈-၈၉ နေ့က တင်ထားသည်ကို တွေ့ရသည်။ ရှေ့နေချုပ်ရုံးမှ တင်ပြသကဲ့သို့ စွဲချက် သုံးရပ် မဟုတ်ပေ။ အမှုအား ဆက်လက်စစ်ဆေးပြီးနောက် ဘိုးထွားပါ- ၇ ဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

တရားခံအပေါ် စွဲချက်အများအပြား တင်ခဲ့ပြီးနောက် ယင်းစွဲချက်များ အနက်မှ အချို့သော စွဲချက်ဖြင့်သာ အမှုစစ်တရားရုံးက ပြစ်မှု ထင်ရှား စီရင်သည့် ကိစ္စတွင် အဆိုပါ ပြစ်မှုထင်ရှား စီရင်ချက်ကို အထက် တရားရုံးက မပယ်ဖျက်မီအချိန်ထိ ပြစ်မှုထင်ရှားစီရင်ခြင်း မပြုရသေးသော စွဲချက်များမှာ အပြီးအပြတ် လွှတ်ရာရောက်သည်။ မူလအမှုစစ် တရားရုံး အနေဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းမပြုသော ကျန် စွဲချက်များ အပေါ် တရားခံအား ပြစ်မှုထင်ရှား စီရင်ရန်ဖြစ်စေ၊ အမှုမှအပြီးအပြတ် လွှတ်ရန် ဖြစ်စေ ဆက်လက်ဆောင်ရွက်ရန်လည်း မလိုအပ်ပေ။ အကယ်၍ အထက် တရားရုံးက မူလရုံး၏ဆိုခဲ့သော ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပြီး မူလအမှုစစ်ရုံးမှ ပြစ်မှုထင်ရှား စီရင်ခြင်း မပြုရသေးသော စွဲချက်များ အပေါ် ထပ်မံစစ်ဆေးရန် ညွှန်ကြားလျှင် အဆိုပါ စွဲချက်များနှင့်စပ်လျဉ်း

ပြီး ညွှန်ကြားချက်နှင့်အညီ မူလ အမှုစစ်ရုံးက ဆက်လက်စစ်ဆေးနိုင်ပေသည်။[၁]

ယခုအမှုတွင် ပခုက္ကူမြို့နယ်တရားရုံးက တရားခံ ဘိုးထွားပါ–၇ ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ နှင့် ၄၂၇ တို့အရ စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် ပုဒ်မ ၄၅၂ နှင့် မငြိစွန်းကြောင်း စီရင်ချက်တွင် အတိအလင်းသုံးသပ်၍ ပုဒ်မ ၄၂၇ အရသာ ပြစ်မှုထင်ရှား စီရင်ခဲ့ပြီး ဖြစ်သဖြင့် ပုဒ်မ ၄၅၂ အရ စွဲချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၀ အရ ဘိုးထွားပါ- ၇ ဦးတို့အပေါ် အပြီးအပြတ် လွတ်ရာရောက်ပေသည်။

သို့ဖြစ်ရာ အပြီးအပြတ် လွတ်ပြီးသော အမိန့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အတွက် ရှေ့နေချုပ်ရုံးကသာ တရားရုံးချုပ်သို့ အယူခံ တင်သွင်းနိုင်ခွင့်ရှိပြီး တရားရုံးချုပ်ကသာလျှင် အပြီးအပြတ် လွတ်ခဲ့သော မူလရုံး၏အမိန့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၂၃(၁)(က)အရ ပယ်ဖျက်ပြီး တရားခံအား ပြစ်မှုထင်ရှား စီရင်နိုင်ခွင့်ရှိသည်။ မူလရုံး၏ အပြီးအပြတ်လွှတ်ခဲ့သော အမိန့်ကို ပြည်နယ်၊ တိုင်းတရားရုံးများက ပယ်ဖျက်နိုင်ခွင့်မရှိချေ။ ယင်းအချက်နှင့်စပ်လျဉ်းပြီး တရားသူကြီးအဖွဲ့က ၁–၈–၈၄ ရက်စွဲဖြင့် ညွှန်ကြားချက်အမှတ်(၂၃) ကိုလည်း ထုတ်ပြန်ပြီးဖြစ်ပေသည်။

တရားရုံးချုပ်အပါအဝင် မည်သည့် ပြည်နယ်နှင့် တိုင်းတရားရုံးကမျှ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများတွင် မူလရုံးမှ အပြီးအပြတ်လွှတ်ခဲ့သော အမိန့်အား ပြစ်မှုထင်ရှားစီရင်သည့် အမိန့်သို့ ပြောင်းလဲခြင်းမပြုနိုင်။[၂]

သို့အတွက် ဤပြင်ဆင်မှုကို ခွင့်ပြု၍ မကွေးတိုင်း (ပခုက္ကူမြို့နယ်စု) တရားရုံး၏အမိန့်တွင် လျှောက်ထားခံရသူ ဘိုးထွားပါ- ၇ ဦး တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

တိုင်းတရားရုံး၏ အမိန့်အရ တရားခံများက ဒဏ်ငွေ ပေးဆောင်ပြီး ဖြစ်ပါက ပြန်လည်ထုတ်ပေး စေရမည်။

---

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၀ နှင့် တရားရုံးများ လက်စွဲစာပိုဒ်–၄၄၀။

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၉ (၄)။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

သန်းအောင်ပါ (၄)*

၁၉၉၀ စက်တင်ဘာ လ ၂၇ ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁)–အထူး ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ရာ၌ ခံဝန်ဖြင့် အစမ်း လွှတ်ထားနိုင်ခွင့်ကို ကျင့်သုံးနိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** ။ ဤအမှု၌ အထူးဥပဒေတစ်ရပ်ဖြစ်သော ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၁၂ (က) အရ ပြစ်မှုထင်ရှား တွေ့ရှိစီရင်သည့်ကိစ္စတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ဖြင့် အစမ်းလွှတ်ထားနိုင်ခွင့် ရှိမရှိကို သုံးသပ်ရန် ရှိပေသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

> ''ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ၎င်းနှင့်ဆန့်ကျင်ကွဲလွဲသည့် သီးခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိလျှင် ဤဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တည်ဆဲအထူးဥပဒေ သို့မဟုတ် ဒေသန္တရ ဥပဒေတစ်စုံတစ်ရာကို ဖြစ်စေ၊ တည်ဆဲ အခြားဥပဒေ တစ်ရပ်ရပ်က အာဏာအပ်နှင်းထားသည့် အထူးစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် အာဏာကိုဖြစ်စေ၊ ယင်းဥပဒေကသတ်မှတ်ထားသည့် အထူးကျင့်ထုံး တစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိရ။''

သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်များမှာ တည်ဆဲအထူးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိဘဲသာလျှင် ကျင့်သုံးနိုင်ခွင့်ရှိပြီး အထူးဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ခွင့်မရှိကြောင်း ထင်ရှားသည်၊

---

* ၁၉၉၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၆(ခ)

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်၊ ၇၉၇ တွင် ချမှတ်သော (၁၁-၁၂-၈၉)ရက်စွဲပါ ပြည်မြို့နယ်(တွဲဖက်-၃)တရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေမှာ အထူးဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ယင်းဥပဒေပုဒ်မ ၁၂ (က) အရ ပြစ်မှုထင်ရှားစီရင်လျှင် အနည်းဆုံး ထောင်ဒဏ် (၃) လမှ အများဆုံးထောင်ဒဏ် (၆) လ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၅၀၀/-ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။

သို့အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) ကို ကျင့်သုံးလျှင် လောင်းကစားဥပဒေပုဒ်မ ၁၂ (က) ပါ အနည်းဆုံး ချမှတ်ရမည့် ထောင်ဒဏ် (၃) လ သတ်မှတ်ချက်နှင့် ဆန့်ကျင်နေမည် ဖြစ်သဖြင့် ယင်းသို့ ကျင့်သုံးခွင့် မရှိတော့ချေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | ဦးမြညိမ်း၊ ဥပဒေအရာရှိ အဆင့် (၁) |
| လျှောက်ထားခံရသူများအတွက် | — | ၁။ ၃နှင့်၄၊ဦးခင်မောင်မြင့် တရားရုံးချုပ်ရှေ့နေ |
| | | ၂။ ကိုယ်တိုင် (မလာ) |
| တရားရေးအကြံပေး | | ဦးတင်အေး |

ပထမတန်း အာဏာရ ပြည်မြို့နယ် (တွဲဖက်-၃) မြို့နယ်တရားသူကြီးရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၉၇/၈၉ တွင် တရားခံ သန်းအောင်ပါ-၄ ဦးတို့အား ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေပုဒ်မ ၁၂ (က) အရ အပြစ်ရှိသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ သန်းအောင်၊ သန်းလှနှင့် ကျော်ဝင်းတို့အား (၁) နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်စေရန် ကျပ် ၁၅၀၀/-တန် ခံဝန်သူနှစ်ဦးစီဖြင့် ခံဝန်ချုပ်စေကြောင်းနှင့် ဝင်းမောင်အား တစ်နှစ်ခွဲအတွင်း ကောင်းမွန်စွာ နေထိုင်စေရန် ကျပ် ၂၀၀၀/-တန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ်စေကြောင်းအမိန့် ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကိုတင်သွင်းသည်။

အမှုမှာ ၃-၆-၈၉ နေ့ (၁၁း၄၅) နာရီခန့်တွင် ပြည်မြို့ အမှတ် (၂) ရဲစခန်းမှ ဒုရဲအုပ် ဦးတင်ထူးနှင့်အဖွဲ့သည် လုပ်အားပေးပွဲမှ ပြန်လာရာ မြို့သစ်ဆိုက်ကားဂိတ်၌ လောင်းကစားနေကြသူများကို တွေ့၍ ဝင်ရောက်ဖမ်းဆီးကြရာ သန်းအောင်ပါ-၄ ဦးတို့အား (၆) ကောင်ဂျင် အံစာတုံး သုံးတုံး၊ အရှပ်ကားချပ်တစ်ချပ်၊ နှီးချောဦးထုပ် တစ်လုံးနှင့် လောင်းကြေး ငွေကျပ် ၆၀/- တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဦးတင်ထူးက တိုင်ကြားခဲ့သည့် အမှုဖြစ်သည်။

ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် ရှေ့နေချုပ်ရုံးက အဓိကထား၍ တင်ပြရာ၌ မြစ်မူးဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁က) ပါ စီရင် ပိုင်ခွင့်ကို အထူးဥပဒေအရ မြစ်မူးထင်ရှား စီရင်သည့်ကိစ္စ၌ တရားရုံးများ က သုံးစွဲခွင့်မရှိကြောင်း (ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ဦးလှတင်ပါ–၂၂ ဦး အမှု)[၁] ကို ရည်ညွှန်း ကိုးကား တင်ပြထားသည်။ ၁၉၉၀ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် သန်းအောင် ပါ (၄)

ရှေ့နေချုပ်ရုံးမှ ရည်ညွှန်းထားသော အမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁ က) ပါ ပြဋ္ဌာန်းချက်ကို အထူး ဥပဒေများတွင် ကျင့်သုံးမှု မပြုနိုင်ကြောင်း လမ်းညွှန်ထားသည့် စီရင်ထုံးဖြစ်သည်။ ယခု အမှုတွင် ပြည်မြို့နယ် တွဲဖက်မြို့နယ် တရားသူကြီးက တရားခံများအား ယင်းကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ စီရင်ခဲ့ခြင်းဖြစ်ပြီး၊ ရှေ့နေ ချုပ်ရုံးမှ တင်ပြသကဲ့သို့ ပုဒ်မ ၅၆၂ (၁က) ကို ကျင့်သုံးခဲ့ခြင်း မဟုတ် ချေ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁က)တွင် ပြစ်မှု ဆိုင် ရာ ဥပဒေအရ (၂)နှစ် ထက်မပိုသော ထောင်ဒဏ်ထိုက်သင့်သည့် ပြစ်မှု များနှင့် ခိုးမှု၊ အဆောက်အအုံအတွင်း ခိုးမှု၊ စာရေး (သို့မဟုတ်) အစေခံကခိုးမှု၊ မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု၊ ပြစ်မှု မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုနှင့် လိမ်လည်မှုများတွင် ကျင့်သုံးနိုင်ခွင့် ရှိကြောင်း အတိအလင်း ပြဋ္ဌာန်းထားပါသည်။ သို့အတွက် ပြစ်မှုဆိုင်ရာ ဥပဒေမဟုတ်သော အထူး ဥပဒေဖြစ်သည့် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား- ၂၊ အမှတ်စဉ် ၂၀ အရ အပြစ်ရှိကြောင်း ဆုံးဖြတ်သည့်အမှု၌ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁ က) အရ ဆိုဆုံးမ၍ လွှတ်နိုင်ခွင့်မရှိကြောင်း အထက်ပါ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်နှင့် ဦးလှတင်ပါ–၂၂ ဦး အမှုတွင် စီရင်ထုံးပြုခဲ့ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ရှေ့နေချုပ်ရုံး၏ ကိုးကားတင်ပြခဲ့သည့် စီရင်ထုံးနှင့် ဤ အမှုမှာ စပ်ဆိုင်ခြင်းမရှိကြောင်း ထင်ရှားသည်။

ဤအမှု၌ အထူးဥပဒေ တစ်ရပ်ဖြစ်သော ၁၉၈၆ ခုနှစ် လောင်း ကစား ဥပဒေပုဒ်မ ၁၂ (က) အရ ပြစ်မှုထင်ရှား တွေ့ရှိစီရင်သည့် ကိစ္စ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ဖြင့် အစမ်း

[၁] ၁၉၈၁ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံစီရင်ထုံး၊ စာ–၈၃။

၁၉၄၈
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
သန်းအောင်
ပါ(၄)

လွှတ်ထားနိုင်ခွင့် ရှိမရှိကို သုံးသပ်ရန်ရှိပေသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ၎င်းနှင့်ဆန့်ကျင် ကွဲလွဲသည့် သီးခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိလျှင် ဤဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တည်ဆဲ အထူး ဥပဒေ သို့မဟုတ် ဒေသန္တရ ဥပဒေ တစ်စုံတစ်ရာကိုဖြစ်စေ၊ တည်ဆဲ အခြားဥပဒေ တစ်ရပ်ရပ်က အာဏာအပ်နှင်းထားသည့် အထူးစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် အာဏာကိုဖြစ်စေ ယင်းဥပဒေက သတ်မှတ်ထားသည့် အထူးကျင့်ထုံး တစ်စုံတစ်ရာကိုဖြစ်စေ ထိခိုက်ခြင်းမရှိရ။

သို့ဖြစ်ရာပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပြဋ္ဌာန်းချက်များမှာတည်ဆဲအထူး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိဘဲသာလျှင် ကျင့်သုံးနိုင်ခွင့်ရှိပြီး အထူးဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ခွင့်မရှိကြောင်း ထင်ရှားသည်။ ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေမှာ အထူး ဥပဒေတစ်ရပ်ဖြစ်သည့်အပြင် ယင်းဥပဒေပုဒ်မ ၁၂ (က) အရ ပြစ်မှုထင်ရှားစီရင်လျှင် အနည်းဆုံး ထောင်ဒဏ် (၃) လ မှ အများဆုံး ထောင်ဒဏ် (၆) လ သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၅၀၀/- ချမှတ်ခြင်း ခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။

သို့အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁) ကို ကျင့်သုံးလျှင် လောင်းကစား ဥပဒေပုဒ်မ ၁၂ (က) ပါ အနည်းဆုံး ချမှတ်ရမည့် ထောင်ဒဏ် (၃) လ သတ်မှတ်ချက်နှင့် ဆန့်ကျင်နေမည်ဖြစ်သဖြင့် ယင်းသို့ ကျင့်သုံးခွင့် မရှိတော့ချေ။

အမှုစစ် ပြည်မြို့နယ် တွဲဖက်မြို့နယ်တရားသူကြီး (၃) ဦးအောင်တင်စိန်အား သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို သေချာတိကျစွာ လိုက်နာဆောင်ရွက်ရန် မှတ်ချက်ပြုလိုက်သည်။

ပြင်ဆင်မှုတင်သွင်းရာ၌ သတ်မှတ်ကာလထက် အနည်းငယ်ကျော်လွန်သွားခြင်းမှာ ဥပဒေအရာရှိ အဆင့်ဆင့်တို့က ဆင့်ကဲဆင့်ကဲ စိစစ်၍ တာဝန်ရှိသူထံ တင်ပြ အဆုံးအဖြတ် ရယူခဲ့ရခြင်းကြောင့် ဖြစ်ကြောင်း ရှေ့နေချုပ်ရုံး၏ ကတိသစ္စာပြုလွှာပါ အချက်များကို အထောက်အထားပြု၍ ကာလစည်းကမ်းသတ် ကျော်ပြီးမှ တင်သွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်။

သို့အတွက် ဤပြင်ဆင်မှုကိုခွင့်ပြု၍ ပြည်မြို့နယ် တွဲဖက်မြို့နယ်တရားရုံးက ပြင်ဆင်ရန်လျှောက်ထားခံရသူ သန်းအောင်၊ သန်းလှ၊ ကျော်ဝင်းနှင့် ဝင်းမောင်တို့အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂(၁) အရ ခံဝန်ချုပ်ဆိုစေခဲ့သည့်အမိန့်များကိုပယ်ဖျက်၍ သန်းအောင်၊ သန်းလှ၊ ကျော်ဝင်းနှင့် ဝင်းမောင်တို့အား ၁၉၇၆ ခုနှစ် လောင်းကစားဥပဒေပုဒ်မ ၁၂(က)အရ ထောင်(၃)လ (သုံးလ)စီ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

၁၉၉၀
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
သန်း အောင်
ပါ(၄)

အမှုအတွင်း ချုပ်ရက်များရှိက ထောင်ဒဏ်မှ ထုတ်နှုတ်ခံစားခွင့် ပြုသည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်း ရှေ့တွင်

† ၁၉၉၀ ဧပြီလ ၃၀-ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နှင့်

အောင်လေးဟာ *

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၅-စွဲချက်ကို တရားခံမှ ဝန်ခံပြီး ဖြစ်လျက် တရားရုံးသည် တရားခံကို လုံးဝ စစ်ဆေးခြင်း မရှိဘဲ အမှုမှ အပြီးအပြတ် လွှတ်ပိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ယခုအမှုမှာ တရားလိုပြသက်သေ (၄)ဦးကို စစ်ဆေး ပြီးမှ ငြိစွန်းသော သက်သေခံချက်များအရ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကို တရားခံက အပြစ်ရှိကြောင်း ဝန်ခံထားသည့် တရားခံအပေါ် စွဲချက် တင်ထားခြင်းမှာလည်း သက်သေခံချက်များအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် စွဲချက်ကို ဝန်ခံပြီးသော တရားခံအပေါ် တရားရုံးသည် ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ် စီရင်ရန်ဖြစ်သော်လည်း မူလမြို့နယ်တရားရုံးသည် တရားခံအပေါ် တာဝန်မရှိဟုဆိုကာ တရားခံကို လုံးဝ စစ်ဆေးခြင်းမရှိဘဲ အမှုမှ အပြီးအပြက်လွှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၅ ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာရာ ကျရောက်သည်။ ထို့ကြောင့် မူလမြို့နယ်တရားရုံး၏ အမိန့်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုသာချေ။

အယူခံတရားလိုအတွက် -ဦးမြင့်နိုင်၊ ဥပဒေအရာရှိ အဆင့်-၁

အယူခံတရားခံအတွက် -ကိုယ်တိုင် (မလာ)

တရားရေး အကြံပေး -ဦးတင်မြင့်

မင်းတပ်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃/၇၉ တွင် တရားခံ အောင်လေးဟာအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၂၀

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃ တွင်ချမှတ်သော (၃၁-၁-၇၉) ရက်စွဲပါ မင်းတပ်မြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၀
ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် အောင်လောဟာ

စွဲချက်တင်ပြီးနောက် အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်။ ထိုအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၂၇-၇-၈၈ ရက်နေ့၊ နေ့လယ် ၁၂း၀၀ နာရီ အချိန်တွင် မှင်းတစ်မြို့နယ် အနောက်ရပ်ကွက် မြလေးငုံစေတီ မြောက်ဘက်တွင်၊ အောင်လောဟာ မောင်းနှင်သော ယာဉ်အမှတ် ၈/၇၉၂၂ ဂျစ်ကားမှာ မိန်းရှပ် ပင်နီယံ ပြုတ်သွားပြီး ယာဉ်ပေါ်တွင် စီးနင်း လိုက်ပါသော မောင်မောင်တာ၏ ညာဘက် ခြေသလုံးရိုး ကျိုးသွားသည်ဆိုကာ ရဲ ဇာပ်ကြပ်ကြီး ဦးထန်းဟုန်းက မင်းတပ်ရဲစခန်းသို့ အမှုဖွင့် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အယူခံလွှာတွင် အကြောင်းပြရာ၌ တရားလိုပြ သက်သေ များ၏ ထွက်ချက်အရ အယူခံတရားခံ မောင်းနှင်သောကား တိမ်း မှောက်သဖြင့် မောင်မောင်တာ၏ ညာဘက်ခြေသလုံးရိုး ကျိုးသွား ကြောင်းမှာ ါ သက်သေခံချက် ရှိကြောင်း၊ အယူခံတရားခံအား စွဲချက် တင်ရာ တရားခံက အပြစ်ရှိကြောင်း ဝန်ခံထားသော်လည်း၊ တရားရုံးက ကား၏အရေးကြီးသော အစိတ်အပိုင်း ချွတ်ယွင်းသွား၍သာ မထိန်းနိုင် ဖြစ်ရသည်ဟု သုံးသပ်ကာ တရားခံအပေါ် အပြီးအပြတ် လွှတ်ခြင်းမှာ မှားယွင်းကြောင်းဖြင့် ဖော်ပြထားသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုရာ တရားလိုပြ သက်သေ (၄) ဦး စစ်ဆေးထားကြောင်း တွေ့ရသည်။ သက်သေခံချက်များအရ ၂၇-၇-၈၈ ရက်နေ့ နံနက်တွင်၊ အောင်လောဟာ၊ ဦးရှိန်း (လိုပြ-၂) နှင့် မောင်မောင်တာတို့သည် မြလေးငုံစေတီသို့ ဘုရားဖူးသွားရန် တရားခံ မောင်အောင်လောဟာ၏ ကားကို ဆီဖြည့်ပေးမည်ပြောပြီး စီးလာခဲ့ရာ မြလေးငုံစေတီ ရောက်ခါနီးအတက်တွင် ထိုကားမှာ နောက်ပြန် လိမ့်လာ သဖြင့် မောင်းသူက ဆင်းကြဆင်းကြဟုဆို၍ ခုန်ဆင်းကြကြောင်း၊ကား မှာ ကမ်းပါးနှင့်တိုက်ပြီး လဲကျသွားကြောင်း၊ ထိုသို့လဲကျစဉ် ကားစီး လာသူ မောင်မောင်တာ ဆိုသူမှာ ညာဘက်ခြေသလုံးတွင် ဒဏ်ရာ ရ သည်ကို တွေ့ရကြောင်း၊ ဦးဟုတ်ခင် (လိုပြ-၃) က မောင်မောင်တာ ဆိုသူ၏ ဒဏ်ရာကိုစစ်ဆေးရာ ဒဏ်ရာ (၂) ချက်ရရှိပြီး အရိုးထိနက်သော ဒဏ်ရာများ တွေ့ရှိကြောင်း၊ အဆိုပါကားကို ယာဉ်မောင်းကျွမ်းကျင် သူ ဒုစက်မြင် ဦးဟာလိန်း (လိုပြ-၄) က စစ်ဆေးရာ ဂီယာပေါက် မိန်းရှပ်ပြုတ်သည်ကို တွေ့ရပြီး ညာဘက်ကြေးဘရိတ်ပိုက် ပြုတ်သွားသည် ကို တွေ့ရကြောင်း၊ ယင်းရှပ်ပြုတ်သွားသော်လည်း ဘရိတ်ကောင်းပါက ထိန်းသိမ်း၍ ရနိုင်သေးကြောင်း၊ အချင်းဖြစ်သည့်ကားမှာ ဘရိတ်မိုက်

၁၉၉၀
ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် အောင်လောဟာ

ပါ ပြုတ်သွားသည့်အတွက် ကားမောင်းသူအနေဖြင့် မည်သို့မျှ ထိန်းသိမ်းနိုင်မည် မဟုတ်ကြောင်းဖြင့် သက်သေခံချက်ရှိသည်။

တရားခံ အောင်လောဟာကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ စွဲချက်တင်ပြီး အပြစ်ရှိမရှိမေးမြန်းရာ တရားခံက အပြစ်ရှိကြောင်း ဝန်ခံထားသည်ကို တွေ့ရသည်။ သို့သော် မြို့နယ်တရားရုံးက တရားခံသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ဆောင်ရွက် ခဲ့ကြောင်း အထောက်အထား မရှိခြင်း၊ ကား၏အရေးကြီးသော အစိတ်အပိုင်းများ ချို့ယွင်းပျက်စီးမှုကြောင့် ဖြစ်ရခြင်း စသည့် အကြောင်းများကြောင့် တရားခံအား စွဲဆိုထားသော ပုဒ်မနှင့် ငြိစွန်းမှုမရှိ၍ အပြစ်မပေးထိုက်ဟု သုံးသပ်ကာ အမှုမှ အပြီးအပြတ်လွှတ်ခဲ့ကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာအမှုများတွင် တရားခံများက စွဲချက်ကိုဝန်ခံထားသော်လည်း တရားရုံးအနေဖြင့် တရားခံအား ပြစ်မှုထင်ရှားစီရင်ရန် နိုင်လုံသော အကြောင်းမရှိကြောင်းပေါ်ပေါက်လျှင် တရားခံအား အမှုမှအပြီးအပြတ်လွှတ်နိုင်သော်လည်း ယင်းသို့လွှတ်ရာ၌ တရားခံအပေါ် ငြိစွန်းချက်များရှိမရှိတို့ကို တရားရုံးသည် စဉ်းစားချင့်ချိန်ပြီးမှ လိုအပ်လျှင် တရားခံကိုပါ စစ်ဆေးပြီးမှ ထိုသို့လွှတ်လေ့ရှိသည်။ ထို့ပြင် ထိုကဲ့သို့သော အကြောင်းအရာများမှာ ထောင်ဒဏ် (၆) လအထိ အပြစ်ပေးနိုင်သော ပြစ်မှုများနှင့်သာ သက်ဆိုင်လေ့ရှိသည်။ ထောင်ဒဏ် (၆) လအထက် အပြစ်ပေးနိုင်သော ဝရမ်းအမှုအတွက် မူလတရားရုံးသည် တရားလိုပြသက်သေများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၂ အရ စစ်ဆေးပြီးမှ တရားခံကို စွဲချက်တင်ရန်ငြိစွန်းသောအကြောင်းအချက်များမရှိလျှင် ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၂ (၂) အရ တရားခံအား စွဲချက်မတင်မီ လွှတ်ရန်ဖြစ်သည်။ အကယ်၍တရားခံအား ငြိစွန်းသောသက်သေခံချက်များရှိပါက တရားရုံးသည် ကျင့်ထုံးဥပဒေပုဒ်မ ၂၅၄ အရ တရားခံကိုစွဲချက်တင်ပြီး အပြစ်ရှိမရှိ မေးမြန်းရန်ဖြစ်သည်၊ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၅ အရ တရားခံက အပြစ်ရှိကြောင်းဝန်ခံလျှင် တရားရုံးသည် သင့်တော်သည့်အမိန့်ချမှတ်ရန် ဖြစ်ပေသည်။

ယခုအမှုမှာ တရားလိုပြသက်သေ (၄) ဦးကို စစ်ဆေးပြီးမှ ငြိစွန်းသော သက်သေခံချက်များအရ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကို တရားခံက အပြစ်ရှိကြောင်းဝန်ခံထားသည်၊ တရားခံအပေါ်စွဲချက်တင်ထားခြင်းမှာလည်း သက်သေခံချက်များအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် စွဲချက်ကိုဝန်ခံပြီးသော တရားခံအပေါ် တရားရုံးသည် ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်စီရင်ရန်ဖြစ်သော်လည်း မူလမြို့နယ်တရားရုံးသည် တရားခံအပေါ်

| ၁၉၉၀ |
| --- |
| ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် အောင်လောဟာ |

တာဝန်မရှိဟုဆိုကာ တရားခံကို လုံးဝစစ်ဆေးခြင်းမရှိဘဲ အမှုမှ အပြီး အပြတ်လွှတ်ခြင်း၊ မှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၅ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာရာကျရောက်သည်။ ထို့ကြောင့် မူလမြို့နယ်တရားရုံး၏ အမိန့်မှာ ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုသာချေ။

တရားခံသည် စွဲချက်ကိုနှို၀န်ခံပြီးဖြစ်သဖြင့် ၎င်းအပေါ် ပြစ်မှုထင်ရှား စီရင်ရန်သာဖြစ်သည်။

သို့ဖြစ်၍ ဤအယူခံကို ခွင့်ပြုပြီး မင်းတပ်မြို့နယ် တရားရုံးက တရားခံ အောင်လောဟာအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃ဂ အရ အပြစ်မရှိဟု သုံးသပ်ကာ အမှုမှအပြီးအပြတ်လွှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားခံ အောင်လောဟာအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃ဂ အရရုံးတက် ရုံးဆင်း၄ ထောင် (၁) ရက် နှင့် ဒဏ်ငွေ ကျပ် ၁၀၀၀/-ပေးဆောင်စေ၊ ဒဏ်ငွေမဆောင်က နောက်ထပ် ထောင် (၆) လကျခံစေ၊

ဒဏ်ငွေပေးဆောင်ပါက နစ်နာသူ မောင်မောင်တာ သို့ လျော်ကြေး ငွေ ကျပ်၆၀၀/-ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

†၁၉၉၀
နိုဝင်ဘာလ
၁၆-ရက်

ဦးမိဂျေကူးမား

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၂)

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ-၂၂-ယင်းပုဒ်မအရ စွဲဆိုလိုလျှင် အမှုစတင်ဖြစ်ပွားသော နေ့မှ (၉) လအတွင်း စွဲဆိုရန်လိုခြင်း-အထူးဥပဒေတစ်ရပ်တွင် ကာလ စည်းကမ်းသတ်နှင့်ပတ်သက်၍ အတိအလင်းပြဋ္ဌာန်းချက်ကို တရားရုံးက ကင်းလွတ်ခွင့်ပြုနိုင်သော စီရင်ပိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ အမှုတွဲတွင် ပေါ်ပေါက်ချက်အရ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၂၂အရ စွဲဆိုတိုင်ကြားလိုလျှင် အမှုစတင်ဖြစ်ပွားသောနေ့မှ (၉) လအတွင်း တိုင်ကြားရမည်ဟု ယင်းဥပဒေပုဒ်မ ၃၉တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက အချင်းဖြစ်အခန်းသို့ ၈-၂-၈၆ နေ့ စတင်ဝင်ရောက်ပြီး အမှုတိုင်ကြားသောနေ့သည် ၂၄-၅-၉၀ နေ့ဖြစ်သည်။ အထူးဥပဒေတစ်ရပ်တွင် ကာလစည်းကမ်းသတ်နှင့် ပတ်သက်၍ အတိအလင်းပြဋ္ဌာန်းထားသည်ကို တရားရုံးက ကင်းလွတ်ခွင့်ပြုနိုင်သော စီရင်ပိုင်ခွင့်မရှိပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | – အက်စ်အင်ဒတ်စ်ဂုပတာ၊ တရားရုံးချုပ် ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | – ၁။ ဒေါ်သိန်းဟန်၊ ဥပဒေအရာရှိ အဆင့်(၁) |
| | ၂။ ဦးအောင်ဇေယျ၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | – ဦးချန်ထွန်း |

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ်-၈၁။

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်၊ ၂၈၅၊ ပန်းဘဲတန်းမြို့နယ် တရားရုံးအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲ ချေဖျက်ပေးရန်လျှောက်ထားမှု

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၅/၉၀ တွင် ဦးမိဂျေကူးမား အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ လက်ခံစစ်ဆေးနေသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တိုင်ကြားသောအမှုဖြစ်ခြင်းနှင့် အမှုတိုင်ကြားသူသည် တရားဝင် တိုင်ကြားပိုင်ခွင့်ရှိသူ မဟုတ်သောကြောင့် ယင်းအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၆၁-က အရ ချေဖျက်ပေးရန် ဦးမိဂျေကူးမားက တရားရုံးချုပ်သို့ ဤအထွေထွေလျှောက်လွှာကို တင်သွင်းသည်။ ၁၉၉၀ ဦးမိဂျေ ကူးမား နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

အမှုမှာ ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်း၊ အိမ်အမှတ် ၄၅/၄၇ (ပထမထပ်)၊ အခန်းအမှတ် (၃) သည် ဦးဆူလေမန်ပိုင်သောအခန်းဖြစ်ကြောင်း ယင်းအခန်းကို ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဦးရှိယိုရှန်ကာဗားမားဆိုသူအား ငှားရမ်းခဲ့ကြောင်း၊ ဦးရှိယိုရှန်ကာဗားမားသည် ၁၉၈၂ ခုနှစ်မှစ၍ ထိုအခန်းတွင်လုံးဝ မနေတော့ဘဲ အိမ်လခလည်းမပေး၍အိမ်ကို သော့ခတ်ပြီး ပိတ်ထားကြောင်း၊ ၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် တရားလို ဦးဆူလေမန်သည် အချင်းဖြစ်အခန်းသို့ သွားရောက်ကြည့်ရှုရာ ယင်းအခန်း၌ ဦးမိဂျေကူးမားက ကျူးကျော်ဝင်ရောက်နေထိုင်သည်ကို တွေ့ရ၍ ၎င်းအပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရအရေးယူပေးရန် ဦးဆူလေမန်က ပန်းဘဲတန်းမြို့နယ် တရားရုံးသို့ တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ဦးမိဂျေကူးမားက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာဟွင် ဦးဆူလေမန်၏ လျှောက်လွှာအရ မိမိကပြစ်မှုကျူးလွန်ခဲ့သောနေ့သည် ၈-၂-၈၆ နေ့၌ဖြစ်ပြီး မိမိအပေါ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ အရေးယူရန် တိုင်ကြားသောနေ့သည် ၂၄-၅-၉၀ နေ့တွင် ဖြစ်ကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၃၉ တွင် ယင်းအမှုမျိုး ကျူးလွန်ပြီးနောက် (၉) လ အတွင်း တိုင်ကြားရမည်ဟု ဖော်ပြထားကြောင်း၊ ဦးဆူလေမန်သည်အိမ်ရှင် ဦးအမ်အီးမီရာ၏ ကိုယ်စားလှယ်အဖြစ် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်၏ ၂-၄-၉၀ နေ့စွဲပါ အမှုစွဲဆိုခွင့်ပြုမိန့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဦးအမ်အီးမီရာမှာ လွန်ခဲ့သော (၂) နှစ် ခန့်တွင် ကွယ်လွန်သွားပြီး ဖြစ်ကြောင်း ပေါ်ပေါက်၍ ထိုနေ့မှတိုင်မီက ရရှိထားသော အထွေထွေကိုယ်စားလှယ်စာသည် တရားမဝင်တော့ကြောင်း၊ မိမိသည် ဦးရှိယိုရှန်ကာဗားမားထံမှ အိမ်ခန်းဝယ်ယူပြီး နေထိုင်ခြင်း ဖြစ်ကြောင်း၊ ကျူးကျော်နေထိုင်ခြင်းမဟုတ်ကြောင်း၊ ဦးရှိယိုရှန်ကာဗားမားသည် ယခု အထိ အချင်းဖြစ် အခန်းတွင် သန်းခေါင်စာရင်း ရှိနေ

၁၉၉၀
ဦးမီရျေ
ကူးမား
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

သေးကြောင်း၊ သို့ဖြစ်၍ ဦးဆူလေမန်၏ အမှုတိုင်ကြားချက်သည် ဥပဒေနှင့် မညီညွတ်၍ ယင်းအမှုကို ချေဖျက်ပေးရန်တင်ပြပါသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိအဆင့် (၁)က ကရားလိုသည် ငှားရမ်းခကြီးကြပ်ရေးဝန်ထံ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၂အရ တရားစွဲဆိုခွင့်ပြုမိန့်ကို ၂-၄-၉၀ နေ့တွင် ရရှိပြီး ၂၄-၅-၉၀ နေ့တွင် အမှုစွဲဆိုတိုင်ကြားခြင်းဖြစ်၍ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်းနှင့် အိမ်ရှင် ဦးအမ်အီးမီရာ သေဆုံးပြီးနောက် ၎င်း၏တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန် ငှားရမ်းခကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့ကြောင်း ပေါ်ပေါက်၍ ယခုအမှုကိုချေဖျက်ပေးရန် အကြောင်းမရှိကြောင်းဖြင့် လျှောက်လဲတင်ပြသွားသည်။

အမှုတွဲတွင် ပေါ်ပေါက်ချက်အရ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂၂အရ စွဲဆိုတိုင်ကြားလိုလျှင် အမှုစတင်ဖြစ်ပွားသောနေ့မှ (၉)လအတွင်း တိုင်ကြားရမည်ဟု ယင်းဥပဒေပုဒ်မ ၃၉ တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ လျှောက်ထားသူက အချင်းဖြစ်အခန်းသို့ ၈-၂-၈၆ နေ့စတင်ဝင်ရောက်ပြီး အမှုတိုင်ကြားသောနေ့သည် ၂၄-၅-၉၀ နေ့ဖြစ်သည်။ အထူးဥပဒေတစ်ရပ်တွင် ကာလစည်းကမ်းသတ်နှင့် ပတ်သက်၍ အတိအလင်းပြဋ္ဌာန်းထားသည်ကို တရားရုံးက ကင်းလွတ်ခွင့်ပြုနိုင်သောစီရင်ပိုင်ခွင့်မရှိပေ။ သို့ဖြစ်၍ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တိုင်ကြားထားသောအမှုဖြစ်ခြင်းနှင့် အိမ်ရှင်သေဆုံးပြီးနောက် ကိုယ်စားလှယ်မှတစ်ဆင့် တိုင်လျှောက်သောအမှုဖြစ်ခြင်းတို့အရ ယခုအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုသင့်သည်ဟု သုံးသပ်ရပေမည်။

သို့ဖြစ်၍ ဤအထွေထွေလျှောက်လွှာကို ခွင့်ပြုလျက် မန်းဘဲတန်းမြို့နယ်တရားရုံးက ဦးမီရျေကူးမားအပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၂ အရ လက်ခံစစ်ဆေး နေသောပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၅/၉၀ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ချေဖျက်ကြောင်းအမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊
ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

ဦးဘိုချုပ် (ခ) ဦးသန်းအောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

† ၁၉၉၀
ဒီဇင်ဘာလ
၂၄-ရက်

**လောင်းကစားဥပဒေပုဒ်မ ၁၀ (က) – အမှုဖြစ်နေစဉ်အတွင်း ပူးတွဲတရားခံ၏ လုပ်ဆောင်ချက်များသည် သက်သေခံအက်ဥပဒေပုဒ်မ ၆၊ ၇၊ ၈ တို့အရ စပ်ဆိုင်သော အချက်အလက်များအဖြစ် သက်သေခံဝင်သည်။**

**ဆုံးဖြတ်ချက်။** ။သက်သေခံအက်ဥပဒေ ပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ မှုခင်းမဖြစ်မီ လုပ်ဆောင်ချက် အပြုအမူတို့သည်လည်းကောင်း၊ ဖြစ်ပွားစဉ် တရားခံ လုပ်ဆောင်နိုင်သည့် အခြေအနေ၊ အခွင့်အလမ်းတို့သည် လည်းကောင်း စပ်ဆိုင်သော အကြောင်းအရာများအဖြစ် သက်သေခံဝင်သည်။ ဤအမှုတွင် အမှုဖြစ်နေစဉ်အတွင်း ပူးတွဲတရားခံဖိုးတုတ်သည် ဦးဘိုချုပ်၏ အိမ်သို့ ဝင်ပြေးခြင်းမှာ ဖိုးတုတ်လုပ်ဆောင်နိုင်သည့် အခြေအနေ အခွင့်အလမ်းအနေဖြင့် သက်သေခံဝင်သည်။

ဤအမှုတွင် မူလကပင် ဦးဘိုချုပ်၏နေအိမ်သို့ လောင်းကစားမှုနှင့် စပ်လျဉ်းပြီး ဝရမ်းဖြင့် ဆင်ရောက်ရှာဖွေရန် လာခြင်းပင်ဖြစ်သည်။ ပူးတွဲတရားခံဖိုးတုတ်သည် ထွက်ပြေးလာပြီး ဦးဘိုချုပ်နှင့် မြင့်လွင် အိမ်အကြား၌ ချဲလယ်ဂျာစာရွက်နှင့် ငွေများပါသောအထုပ်ကို လွှင့်ပစ်ခဲ့ခြင်း၊ ထိုသို့ လွှင့်ပစ်ပြီးနောက် ဖိုးတုတ်သည် ဦးဘိုချုပ်၏နေအိမ်ပေါ် တက်ပြေးကာ စားပွဲပေါ်၌ ချဲလယ်ဂျာစာရွက်တစ်ရွက်နှင့် ငွေများပါသော အထုပ်ကို ပစ်တင်ခဲ့ခြင်း၊ ထိုသို့ပစ်တင်ပြီးနောက် ဦးဘိုချုပ်၏ အိမ်နောက်ဖေးသို့ သွားရောက် ပုန်းအောင်းနေခြင်း၊ ဦးဘိုချုပ်၏ နေအိမ်အပေါ် အခြား

---

* ၁၉၉၀ ပြည့်နှစ်၊ အထူးအယူခံမှုအမှတ် ၆၊

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၂၆ (ခ)တွင် ချမှတ်သော (၁၁-၄-၉၀) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အယူခံမှု။

နေရာများမှ ငွေများ အနှံ့အပြားကို သိမ်းဆည်းရမိခြင်း၊ ဦးဘိုချုပ်နှင့် ဖိုးတုတ်မှာ ဆက်ဆံမှုမရှိဘဲ ကင်းကင်းရှင်းရှင်း ဖြစ်ပါက ထွက်ပြေးရန် နေရာအများအပြား ရှိပါလျက် ဖိုးတုတ်သည် ဦးဘိုချုပ်၏ နေအိမ်ပေါ်သို့ တက်ပြေးပြီး ငွေနှင့်ချဲစာရွက်ကို စားပွဲပေါ်ပစ်တင်ခြင်း၊ နောက်ဖေးဘက် သွားရောက် ပုန်းအောင်းခြင်းတို့မှာ ၎င်းတို့နှစ်ဦး အဆက်အသွယ်ရှိကြောင်းကောက် ယူရမည့် စပ်ဆိုင်သော အချက်အလက်များ ဖြစ်ပေသည်။

အယူခံတရားလိုအတွက် - ဦးခင်ဇော်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

**တရားရေးအကြံပေး** - ဦးစိုးမြင့်

မြောင်းမြနယ်တရားရုံး၊ ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆၄၅ တွင် တရားခံဦးဘိုချုပ် (ခ) ဦးသန်းအောင်အပေါ် လောင်းကစား ဥပဒေပုဒ်မ ၁၅ (က) အရ ထောင်ဒဏ် (၁) နှစ်နှင့် (၆) လကျခံစေရန်နှင့် သက်သေခံငွေ ၂၃၀၅၅၀/-ကျပ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးဘိုချုပ်က မကျေနပ်၍ ဧရာဝတီတိုင်းတရားရုံးသို့ အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင် သဖြင့် တရားရုံးချုပ်၊ ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၂၆ (ခ) တွင် ပြင်ဆင်မှုတင်သွင်းခဲ့သည်။

တရားရုံးချုပ်ကလည်း အဆိုပါပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချ မှတ် ခဲ့သဖြင့် ဦးဘိုချုပ်က တရားရုံးချုပ်၊ ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှု ဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ်-၄၅ တွင် တရားရုံးချုပ်၏ အမိန့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေး စီရင် ပေးရန် လျှောက်ထားရာ တရားရုံးချုပ်က အောက်ပါပြဿနာကို ကြား နာရန် အတွက် အထူးအယူခံဝင်ခွင့် ပြုလိုက်သည်--

"ပူးတွဲတရားခံ မောင်ဖိုးတုတ်သည် ၎င်း၏နောက်မှ ရဲတပ်ဖွဲ့ဝင် များ လိုက်လာနေသည်ကို သိရှိ၍ ဦးဘိုချုပ်၏ အိမ်ထဲ ဝင်ပြေးကာ အိမ်ရှေ့စားပွဲပေါ်သို့ ၎င်းလက်ထဲပါလာသော ချဲထီ လောင်းကစား စာရွက်နှင့် ငွေကိုပစ်တင်ခဲ့ပြီး အိမ်နောက်ဖေးဘက်၌ သွားရောက် ပုန်းအောင်း နေခြင်းသည် မောင်ဖိုးတုတ်နှင့် ဦးဘိုချုပ်တို့အကြား ချဲထီဒိုင်ဆက်သွယ်မှု ရှိ၍သာ ဖြစ်နိုင်သည်ဟု ကောက်ယူ ဆုံးဖြတ်ခဲ့ သော တရားရုံးချုပ်၏ အမိန့်သည် လောင်းကစား ဥပဒေပုဒ်မ-၁၅ (က) နှင့် ပုဒ်မ-၁၈ တို့အရ ညီညွတ်ခြင်း ရှိ-မရှိ စုံညီခုံရုံးဖြင့် ပြန်

၁၉၉၀
ဦးဘိုချုပ်
(ခ)
ဦးသန်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

လည်း သုံးသပ်နိုင်ရန် ဤ အထူးအယူခံခွင့် လျှောက်လွှာကို လက်ခံ ခွင့်ပြုသည်။

အမှုအဖြစ်အပျက် အကျဉ်းချုပ်မှာ ၁၆-၇-၈၉ နေ့၊နံနက် ၁၀း၁၀ နာရီအချိန် မြောင်းမြမြို့နယ်၊ ပြည်သူ့ရဲစခန်းမှ ဒုရဲအုပ် ဦးစိုးမြင့်သည် ရ-ဝ-တ ဥက္ကဋ္ဌ ဦးကြီးရွှေ၊ ရ-ဝ-တ အဖွဲ့ဝင် ဦးကျော်ဝင်း၊ ရဲဒုတပ်ကြပ် မြင့်ကြည်၊ ရဲတပ်သား ဦးကြည်တို့နှင့်အတူ အမှတ် (၁) နယ်မြေ အောင်ဆန်းလမ်း အမှတ်- (၂၇) နေ ဦးဘိုချုပ်နေအိမ်သို့ လောင်းကစား ဝရမ်းဖြင့် ရှာဖွေဖမ်းဆီးခဲ့သည်။ ဦးဘိုချုပ်နေအိမ်မှ ချဲထီလယ်ဂျာ စာရင်းစာရွက်များ၊ ငွေများနှင့်အတူ ဦးဘိုချုပ်၊ ဦးဝင်းကြိုင်၊ ကိုထွန်းထွန်း၊ ကိုသောင်းချစ်၊ ကိုစစ်ကြူ၊ ကိုတင်ထွန်း၊ ကိုရဲသန်းတို့ကို တွေ့ရှိခဲ့ပြီး၊ ဦးစိုးမြင့်မှ သက်သေခံပစ္စည်းများကို ရှာဖွေပုံစံတွင် ရေးသွင်း၍ သိမ်းဆည်းခဲ့ပြီးနောက် သက်သေခံ (ဂ) ပါအတိုင်း ပြည်သူ့ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာမှ တရားခံ အသီးသီးအပေါ် လောင်းကစား ဥပဒေ ပုဒ်မ ၁၅ (က) / ၁၆ (က) အရ အရေးယူခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို ဦးဘိုချုပ်က အဓိက အကြောင်းပြချက်များ အဖြစ် တင်ပြရာ၌ သက်သေခံ ရှာဖွေပုံစံအမှတ် (က) တွင် ဖော်ပြပါရှိသည့် အမှတ်စဉ် (၁) အဖြစ် ငွေကျပ် ဂ၇၀/-၊ အမှတ်စဉ် (၂) အဖြစ် ဂဏန်းများ ရေးသားထားသော လယ်ဂျာစာရွက် နှစ်ရွက်၊ အမှတ်စဉ် (၃) အဖြစ် စပို့ရှပ်တစ်ထည်တို့မှာ တရားခံဖိုးတုတ်က လမ်းကြားတွင်လွှင့်ပစ် ခဲ့သည့် အထုပ်ထဲမှ တွေ့ရှိသိမ်းဆည်းခဲ့သော ပစ္စည်းများ ဖြစ်ကြောင်း၊ အမှတ်စဉ် (၄) အဖြစ် ငွေကျပ် ၁ဂဂ၀/-၊ အမှတ်စဉ် (၅) အဖြစ် ပုံနှိပ် ထားသော လယ်ဂျာစာရွက် တစ်ရွက်တို့မှာ တရားခံဖိုးတုတ်က အယူခံ တရားလို၏ နေအိမ်ပေါ်သို့ ပြေးတက်လာပြီးနောက် စားပွဲပေါ် ပစ်တင်ခဲ့ သော အထုပ်မှ တွေ့ရှိသိမ်းဆည်းခဲ့သော ပစ္စည်းများဖြစ်ကြောင်း၊ အမှတ် စဉ် (၆) အဖြစ် ငွေ ၂၇၅၅/- ကျပ်နှင့် သက်သေခံ ရှာဖွေပုံစံ (ခ) ပါ ငွေ ၁၉၉ဂ၉၀/-ကျပ်မှာ အယူခံတရားလို ခနိရောင်း၍ရသော ငွေနှင့် ဆားစက်လုပ်ငန်း၏ ရှယ်ယာငွေသာဖြစ်ကြောင်း၊ အမှတ်စဉ် (၇) ငွေကျပ် ၃၃၄၀၅/-မှာ ဆားဝယ်ရန်အတွက် ကိုချစ်သိန်းက ပေးအပ်ထားသော ငွေဖြစ်ကြောင်း စသည်ဖြင့် ပေါ်ပေါက်ပါလျက် မြောင်းမြမြို့နယ် တရားရုံး က ၎င်းအပေါ် လောင်းကစား ဥပဒေပုဒ်မ-၁၅ (က) အရ အပြစ်ဒဏ် သတ်မှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်းဖြင့် တင်ပြထားသည်။

မူလတရားရုံးအမှုတွဲကို လေ့လာရာ ရှာဖွေသက်သေလူကြီး ဦးကြီးရွှေ (လိုပြ-၁)၊ ဦးကျော်ဝင်း (လိုပြ-၂) နှင့် ဒုရဲအုပ် ဦးစိုးမြင့် (လိုပြ-၃) တို့၏ ထွက်ဆိုချက်များအရ အယူခံတရားလို ဦးဘိုချုပ်၏အိမ်သို့ ဝရမ်းဖြင့်

၁၉၉၀
ဦးဘိုချုပ်
(၁)
ဦးသန်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ရှာဖွေရန် သွားရာ၌ ဦးဘိုချုပ်၏ အိမ်ရှေ့၌ ပူးတွဲတရားခံ ဖိုးတုတ်သည် ကမ်းနားလမ်းမှပြေးလာပြီး ဦးစိုးမြင့်မှတားသော်လည်း ဖိုးတုတ်မှာ မရပ်ဘဲ ထွက်ပြေးကာ ၎င်းနှင့်ပါလာသော အထုပ်တစ်ထုပ်ကို ဦးဘိုချုပ်အိမ်နှင့် မြင့်လွင်တို့၏ အိမ်ခြံကြားထဲသို့ လွှင့်ပစ်ကြောင်း၊ ဖိုးတုတ်သည် ဦးဘိုချုပ် နေအိမ်ပေါ်သို့ တက်ပြေးပြီး အိမ်ပေါ်သို့ ရောက်သည့်အခါ ၎င်း၏အင်္ကျီအတွင်းမှ အထုပ်တစ်ထုပ်ကို စားပွဲပေါ်သို့ ပစ်တင်ပြီး အိမ်နောက်ဖေး ဘက်၌ ဝင်ပုန်းနေကြောင်း၊ ထိုအထုပ်ကို ဖြေကြည့်ကြရာ ငွေ ၁၀၀၀ ကျပ်နှင့် ချဲထီ လယ်ဂျာစာရွက် တစ်ရွက်ကိုလည်းကောင်း၊ ဖိုးတုတ် အပြင်ဘက်တွင် လွှင့်ပစ်ခဲ့သော အထုပ်အတွင်းမှ ငွေကျပ်-၈၇၈/ နှင့် ချဲထီလယ်ဂျာစာရွက် နှစ်ရွက်ကိုလည်းကောင်း၊ ဦးဘိုချုပ်၏ အိမ်ခန်း ခေါင်းအုံးအောက်မှ ငွေကျပ် ၂၇၅၅/-ကိုလည်းကောင်း၊ ဦးဘိုချုပ်၏ နေအိမ်ခန်း သေတ္တာဘေး ခေါင်းအုံးအောက်မှ ငွေကျပ် ၃၃၄၀၅/-ကို လည်းကောင်း၊ အိမ်ဧည့်ခန်းအတွင်း သေတ္တာထဲမှငွေကျပ် ၁၉၉၈၉၀/-ကို လည်းကောင်း အသီးသီးရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ကြောင်းမှာ အငြင်းမပွားချေ။

အယူခံတရားလို ဦးဘိုချုပ်က ထုချေ ထွက်ဆိုရာ၌ အချင်းဖြစ်သည်ဆိုသည့်နေ့က သေနတ်သံနှစ်ချက်ကြားကာ တရားခံ ဖိုးတုတ်မှာ ၎င်း၏ အိမ်ထဲသို့ ပြေးဝင်လာပြီး၊ ၎င်း၏ လက်ထဲမှ စက္ကူအိတ်ကို စားပွဲပေါ်သို့ ပစ်ချကာ နောက်ဖေးဘက်သို့ ပြေးသွားကြောင်း၊ ယင်းအထုပ်ထဲမှ ရှာဖွေ ပုံစံ သက်သေခံ (က) အမှတ်စဉ် ၄ နှင့် ၅ တို့တွင် ဖော်ပြထားသည့် ငွေ ၁၀၀၀/-နှင့် ပုံနှိပ်ထားသော ချဲလယ်ဂျာ စာရင်း စာရွက် တစ်ရွက်ကိုတွေ့ရှိခဲ့ခြင်းသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းငွေနှင့် ချဲလယ်ဂျာ စာရွက်တို့မှာ ၎င်းနှင့် လုံးဝမပတ်သက်ကြောင်း၊ သေတ္တာထဲမှ တွေ့ရှိသည်ဆိုသော ငွေကျပ်နှစ်သိန်းကျော်မှာလည်း ဆားစက် လုပ်ငန်းအတွက် ၎င်းနှင့် ကိုအောင်မြင့် (ခံပြ-၉)၊ ကိုစောဝင်း (ခံပြ-၁၀) တို့ သုံးဦးပိုင် ရှယ်ယာငွေများဖြစ်ကြောင်း၊ အချင်းဖြစ်နေ့က ပူးတွဲ တရားခံများဖြစ်ကြသည့် ကိုတင်ထွန်း၊ ကိုထွန်းထွန်း၊ ကိုစစ်ကြူ၊ ကိုရဲသန်းနှင့် ကိုသောင်းချစ်တို့မှာလည်း ဆားကိစ္စအတွက် ရောက်လာကြခြင်း ဖြစ်ကြောင်း၊ ငွေသုံးသောင်းသုံးထောင်ကျော်မှာလည်း ဆားလုပ်ငန်းအတွက် ထားသည့် ငွေဖြစ်ကြောင်း၊ ခေါင်းအုံးအောက်မှ ငွေ ၂၀၀၀ ကျော်မှာလည်း မုန့်ရောင်းရငွေ ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ချဲလုံးဝ လောင်းကစားခြင်း မပြုလုပ်ကြောင်းတို့ကို အဓိကထား၍ ထွက်ဆိုထားသည်။

အယူခံ တရားလို ဦးဘိုချုပ်ကို အပြစ်ရှိကြောင်း သုံးသပ် ဆုံးဖြတ်ရာတွင် ပူးတွဲ တရားခံ ဖိုးတုတ်နှင့် ဦးဘိုချုပ်တို့မှာ ချဲထီဒိုင် အဖြစ် စီမံခန့်ခွဲရာ၌ အဆက်အသွယ် ရှိကြောင်းဖြင့် သုံးသပ်ထားကြောင်း တွေ့ရ

သည်။ လောင်းကစား ဥပဒေ ပုဒ်မ-၁ဂ ပါ ပြဋ္ဌာန်းချက် အရ မှတ်ယူဆုံးဖြတ်ထားခဲ့ခြင်း မဟုတ်ပေ။ လောင်းကစား ဥပဒေ ပုဒ်မ-၁ဂ တွင် အောက်ဖော်ပြပါ အတိုင်း ပြဋ္ဌာန်းထားသည်-

''၁ဂ။ လောင်းကစားအိမ်၌ လည်းကောင်း၊ ထိုအိမ်၌ ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင် လည်းကောင်း၊ လောင်းကစား ကိရိယာ တစ်ခုခုကို တွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မမြင်စေကာမူ လောင်းကစား အိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေကြောင်း မဟုတ်ကြောင်း၊ ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှား မပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍ လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများ ဖြစ်သည်ဟူ၍ လည်းကောင်း မှတ်ယူရမည်။

လောင်းကစားဥပဒေပုဒ်မ-၁၀တွင်–

''မည်သူမျှ-

(က) ခွင့်ပြုချက်မရှိဘဲ ထီ သို့မဟုတ် ထီကဲ့သို့ အခြား ကံစမ်းကစားနည်းတစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ် လည်းကောင်း၊ လောင်းကြေး လက်ခံသူ အဖြစ် လည်းကောင်း၊ ဒိုင်အဖြစ် လည်းကောင်း၊ ဆောင်ရွက်ခြင်း၊ သို့မဟုတ် ထိုသို့ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း မပြုရ။

(ခ) ပုဒ်မခွဲ(က)ပါ ကစားနည်း တစ်မျိုးမျိုးကို အကြောင်းပြု၍ ငွေကြေးအကျိုးအမြတ် ရယူခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ(က)ပါကစားနည်း တစ်မျိုးမျိုးတွင် ပါဝင် လောင်းကစားခြင်း မပြုရ။''

ဟူ၍ ပြဋ္ဌာန်းထားသည်။

သက်သေခံ အက်ဥပဒေပုဒ်မ ၆၊ ၇ နှင့် ဂ တို့ အရ အမှုခင်း မဖြစ်မီ လုပ်ဆောင်ချက် အမြုအမူတို့သည် လည်းကောင်း၊ ဖြစ်ပွားစဉ် တရားခံ လုပ်ဆောင်နိုင်သည့် အခြေအနေ၊ အခွင့်အလမ်းတို့သည် လည်းကောင်း စပ်ဆိုင်သော အကြောင်းအရာများ အဖြစ် သက်သေခံဝင်သည်။ ဤအမှုတွင် အမှုဖြစ်နေစဉ် အတွင်း ပူးတွဲ တရားခံ ဖိုးတုတ်သည် ဦးဘိုချုပ်၏ အိမ်သို့ ဝင်ပြေးခြင်းမှာ ဖိုးတုတ် လုပ်ဆောင်နိုင်သည့် အခြေအနေအခွင့်အလမ်းအနေဖြင့် သက်သေခံ ဝင်သည်။

၁၉၉၀
ဦးဘိုးချုပ်
(ခ)
ဦးသန်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

ဤအမှုတွင် မူလကပင် ဦးဘိုချုပ်၏ နေအိမ်သို့ လောင်းကစားမှုနှင့် စပ်လျဉ်းပြီး ဝရမ်းဖြင့် ဝင်ရောက်ရှာဖွေရန် လာခြင်းပင် ဖြစ်သည်။ ပူးတွဲတရားခံ မိုးတုတ်သည် ထွက်ပြေးလာပြီး ဦးဘိုချုပ်နှင့် မြင့်လွင် အိမ်အကြား၌ ချဲလယ်ဂျာ စာရွက်နှင့် ငွေများပါသော အထုပ်ကို လွှင့်ပစ်ခဲ့ခြင်း၊ ထိုသို့ လွှင့်ပစ်ပြီးနောက် မိုးတုတ်သည် ဦးဘိုချုပ်၏ နေအိမ်ပေါ်တက်ပြေးကာ စားပွဲပေါ်၌ ချဲလယ်ဂျာစာရွက် တစ်ရွက်နှင့် ငွေများပါသော အထုပ်ကိုပစ်တင်ခဲ့ခြင်း၊ ထိုသို့ ပစ်တင်ပြီးနောက်၊ ဦးဘိုချုပ်၏ အိမ်နောက်ဖေးသို့ သွားရောက်ပုန်းအောင်းနေခြင်း၊ဦးဘိုချုပ်၏ နေအိမ်အပေါ်အခြားနေရာများမှ ငွေများအနှံ့အပြားကို သိမ်းဆည်းရမိခြင်း၊ဦးဘိုချုပ်နှင့်မိုးတုတ်မှာ ဆက်ဆံမှုမရှိဘဲ ကင်းကင်းရှင်းရှင်း ဖြစ်ပါက ထွက်ပြေးရန် နေရာအများအပြားရှိပါလျက် မိုးတုတ်သည် ဦးဘိုချုပ်၏ နေအိမ်ပေါ်သို့ တက်ပြေးပြီး ငွေနှင့်ချဲစာရွက်ကို စားပွဲပေါ် ပစ်တင်ခြင်း၊ နောက်ဖေးဘက်သွားရောက် ပုန်းအောင်းခြင်းတို့မှာ ၎င်းတို့ နှစ်ဦး အဆက် အသွယ်ရှိကြောင်း ကောက်ယူရမည့် စပ်ဆိုင်သော အချက်အလက်များ ဖြစ်ပေသည်။ သို့ဖြစ်ရာ အမှုတွဲတွင် ပေါ်ပေါက်နေသော သက်သေခံချက်များမှာ လောင်းကစားဥပဒေပုဒ်မ-၁၀ (က) တွင် ပြဋ္ဌာန်းထားချက်များနှင့် ငြိစွန်းနေပေသည်။

သို့ဖြစ်ရာ အယူခံတရားလို ဦးဘိုချုပ် အပေါ် လောင်းကစား ဥပဒေပုဒ်မ-၁၅ (က) အရ အပြစ်ရှိကြောင်းနှင့် သက်သေခံငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသော အမိန့်များသည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဦးဘိုချုပ်၏ အထူးအယူခံမှုကို ပလပ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဦးလှ

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂)*

† ၁၉၉၀
ဖေဖော်ဝါရီလ
၆-ရက်

**ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၅၂-တရားလိုတစ်ဦးတည်းကိုသာ စစ်ဆေးပြီး တရားလိုပြသက်သေ တစ်စုံတစ်ဦးကိုမျှစစ်ဆေးခြင်းမရှိဘဲ အဆုံးဖြတ်ပေးနိုင် မနိုင်။**

ဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးသည် တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးပြီး တရားလိုပြ သက်သေ တစ်စုံတစ်ဦးကိုမျှ စစ်ဆေးခြင်း မရှိဘဲ တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု မဆိုနိုင်ပေ။ အကယ်၍ တရားလို၏ တိုင်လျှောက်ချက်သည် ပြစ်မှုကြောင်းအရ အရေးယူရန် ပြီးစွန်းချက် မရှိဟု ပေါ်ပေါက်လျှင်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ချက်ကို ရယူပြီးနောက်တွင် ယင်းဥပဒေပုဒ်မ ၂၀၃ အရ တိုင်လျှောက်ချက်ကို ပလပ်ရမည် ဖြစ်သည်။ ယခုမူ ယင်းကဲ့သို့ ပလပ်ခဲ့ခြင်းမရှိဘဲ ယင်းဥပဒေပုဒ်မ ၂၀၄ အရ တရားခံကို ဆင့်ခေါ်ပြီး တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးကာ တရားမကြောင်းသက်သက်သာ စွဲဆိုတိုက်သည့် အမှုဖြစ်သည်ဟု သုံးသပ်လျက် တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်ခြင်းမှာ ဥပဒေအရ ဆီလျော်မှန်ကန်မှု မရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | ဦးကံငြိမ်း၊ တရားရုံးချုပ် ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | — | ၁။ ဦးမြညိမ်း၊ ဥပဒေ အရာရှိ အဆင့် (၁)၊ |
| | | ၂။ ဦးသန်းကျော်၊တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးဘဟန် |

---

* ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၂ (ခ)

† ၁၉၈၉ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀ (အရတ) တွင်ချမှတ်သော (၁၇-၅-၈၉) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၀
ဦးလှ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

မန္တလေး အရှေ့တောင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၆၄/၈၈ တွင် ဦးလှက တရားလိုပြုလုပ်၍ ဦးစိန် အပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆၊ ၄၂၀ တို့အရ တိုက်ရိုက်လျှောက်ထားစွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက တရားလိုအား စစ်ဆေးပြီးနောက် အမှုမှာ တရားမကြောင်းအရ စွဲဆိုရမည့် အမှုဖြစ်ပြီး တရားခံအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် ခြိုင်လုံချက်မရှိဟု အကြောင်းပြလျက် တရားခံအား စွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးလှက မကျေနပ်၍ မန္တလေးတိုင်း တရားရုံးသို့ ပြင်ဆင်မှုတင် သွင်းခဲ့သော်လည်း အောင်မြင်မှု မရရှိသောကြောင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ မန္တလေးအရှေ့မြောက်မြို့နယ် မောရဂီဝါရပ်နေ ဦးလှက ညီဖြစ်သူ ဦးစိန်အား မန္တလေးအရှေ့တောင်မြို့နယ် မဟာနွယ်စဉ်ရပ်ကွက် အမှတ် (၆၉၇) ဦးပိုင်အမှတ် (၅) ရှိ မိမိပိုင်မြေနှင့် မြေပေါ်ရှိ အဆောက် အအုံကို စိတ်ချယုံကြည်စွာ အပ်နှံထားကြောင်း၊ ဦးစိန်သည် ယင်းအဆောက် အအုံ၌ ၁၉၈၄ ခုနှစ် မှ ၁၉၈၇ ခုနှစ်ထိ တစ်လလျှင် ၄၀၀/-ကျပ်နှုန်းနှင့် ကျူရှင်ကို အငှားထားခဲ့ကြောင်း၊ ထိုကာလ အတွင်း ငှားရမ်းခငွေ ၁၃၆၀၀/-ကျပ် ရရှိခဲ့သော်လည်း မိမိအား လုံးဝ ပေးအပ်ခြင်း မရှိဘဲ သုံးစွဲလိုက်ကြောင်း၊ မိမိက အဆိုပါ ငွေများကို ပေးအပ်ရန် အကြိမ်ကြိမ် တောင်းဆိုသော်လည်း မပေးဘဲ လိမ်လည် လှည့်ဖြားပြီး ငွေကို မပေးဘဲ နေကြောင်း၊ ဦးစိန်သည် မိမိပိုင်အိမ်မြေအား ကျူရှင်ငှားပြီး ရရှိသော ငွေကို ပိုင်ရှင်ဖြစ်သူ မိမိထံ မပေးဘဲ ကိုယ်ကျိုးအလွဲသုံးစားပြုထားသော ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ ကို လည်းကောင်း၊ ငွေ ၁၃၆၀၀/- ကျပ်ကို အကြောင်း အမျိုးမျိုးပြပြီး လိမ်လည် လှည့်ဖြားနေသောကြောင့် ပုဒ်မ ၄၂၀ ကို လည်းကောင်း ဖောက်ဖျက် ကျူးလွန်လျက် ရှိသောကြောင့် အရေးယူပေးပါရန်ဟု ဦးလှက တိုက်ရိုက် လျှောက်ထားစွဲဆိုရာမှ အမှု စတင်ပေါ်ပေါက်လာခြင်း ဖြစ်သည်။

လျှောက်ထားသူက အဓိက ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြ ရာ၌ မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၂၀ တို့ အရ အရေးယူပြီးဖြစ်ပါလျက် တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးပြီး ကျန် တရားလိုပြ သက်သေများကို မစစ်ဆေးဘဲ တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်ကြောင်း အမိန့်ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၅၂ ပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ တရားလိုပြ သက်သေ မစစ်ဆေးသေးဘဲ တရားမကြောင်း သက်သက် စွဲဆိုထိုက်သည့် အမှုဖြစ် သည်ဟု သုံးသပ်ခဲ့ခြင်းမှာလည်း မှားယွင်းကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ အရေးယူပြီးမှ တရားလိုကိုသာ စစ်ဆေးပြီး တရား လိုပြသက်သေများကို မစစ်ဆေးဘဲ တရားခံကို စွဲချက်မတင်မီလွှတ်ခြင်းမှာ

၁၉၉၀
ဦးလှ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁) နှင့် ညီညွတ်မှု မရှိကြောင်းဖြင့် တင်ပြထားသည်။

မြို့နယ်တရားရုံး၏ အမှုတွဲကို လေ့လာရာ၌ တရားလိုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀အရ စစ်ချက် ရယူပြီးနောက် အမှုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၂၀ တို့ အရ အရေးယူမည်ဟု ၁၅-၁၂-ဂဂ ရက်နေ့က အမိန့် ချမှတ်ခဲ့သည်။ ထို့နောက် ၁၀-၃-ဂ၉ ရက်နေ့တွင် တရားလိုကိုစစ်ဆေးပြီး တရားခံအား စွဲချက်မတင်မီ ပြန်လွှတ်လိုက်ကြောင်း ထိုနေ့တွင်ပင် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

တိုက်ရိုက် လျှောက်ထားသော တိုင်လျှောက်လွှာကို လက်ခံရရှိသော အခါ တရားသူကြီးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ချက်ရယူရန် ဖြစ်သည်။ အပ်သလိုည်ဟု ထင်မြင်လျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ လက်အောက်ခံ တရားသူကြီး သို့မဟုတ် ရဲစခန်းမှူး စသူများကို စုံစမ်းစစ်ဆေးစေပြီး ပြန်လည်တင်ပြရန် ညွှန်ကြား နိုင်သည်။ ယင်းသို့ ဆောင်ရွက်ပြီးနောက် အမှုအား ဆက်လက်စစ်ဆေး ရန် လုံလောက်သည့် အခြေအမြစ် မရှိဟု သဘောရလျှင် တိုင်လျှောက် လွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၃ အရ ပလပ်နိုင်သည်။ အကယ်၍ အမှုအား ဆက်လက် အရေးယူ ဆောင်ရွက်သွားရန် လုံလောက်သော အခြေအမြစ်ရှိကြောင်းတွေ့ရပါက ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၄ အရ တရားခံအား ဆင့်စာ ထုတ်ခေါ်ပြီး အမှုကို ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်သည်။ ထိုသို့ တရားခံထံဆင့်စာထုတ်ပြီး နောက်တွင် တိုင်လျှောက်လွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ မပလပ် နိုင်တော့ပေ။

အမှုအား အရေးယူ ဆောင်ရွက်သွားရန် ဆုံးဖြတ်သည့် ကိစ္စတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၂၅၂ အရ တရားလိုနှင့် တရားလိုပြ သက်သေ များ၏ ထွက်ဆိုချက်မှန်သမျှကို ရယူရမည် ဖြစ်သည်။ ယင်းသို့ သက်သေခံ ချက်အားလုံး ရယူပြီးနောက် ပြစ်မှုထင်ရှား စီရင်ခြင်းခံထိုက်သည့် အမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိကြောင်း တွေ့ရလျှင် တရားခံကို စွဲချက် မတင်မီ ပြန်လွှတ်နိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁) ၌ ပြဋ္ဌာန်းထားသည်။

မြို့နယ်တရားရုံးသည် တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးပြီး တရား လိုပြသက်သေ တစ်စုံတစ်ဦးကိုမျှ စစ်ဆေးခြင်းမရှိဘဲ တရားခံအား စွဲချက် မတင်မီ ပြန်လွှတ်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု မဆိုနိုင်ပေ။ အကယ်၍ တရားလို၏ တိုင်ချလျှောက်ချက်သည် ပြစ်မှုကြောင်းအရ အရေး

ယူရန် ပြဋ္ဌာန်းချက်မရှိဟု ပေါ်ပေါက်လျှင်လည်း ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ချက်ကို ရယူပြီး နောက်တွင် ယင်း ဥပဒေပုဒ်မ ၂၀၃ အရ တိုင်လျှောက်ချက်ကို ပလပ်ရမည် ဖြစ်သည်။ ယခုမှု ယင်းကဲ့သို့ပလပ်ခြင်းမရှိဘဲ ယင်းဥပဒေပုဒ်မ ၂၀၄ အရ တရားခံကို ဆင့်ခေါ်ပြီး တရားလို တစ်ဦးတည်းကိုသာ စစ်ဆေးကာ တရားမ ကြောင်းသက်သက်သာ စွဲဆိုထိုက်သည့် အမှုဖြစ်သည်ဟု သုံးသပ်လျက် တရားခံအား စွဲချက်မတင်မီပြန်လွှတ်ခြင်းမှာ ဥပဒေအရ ဆီလျော်မှန်ကန်မှု မရှိပေ။ တရားရုံးသည် အမှန်တရားကို ဆုံးဖြတ်ရာတွင် ယင်းကဲ့သို့ အမှန် တရားကို ဆုံးဖြတ်ကြောင်း အများပြည်သူ သိရှိနားလည်သဘောပေါက် အောင် ဆောင်ရွက်ရမည် ဖြစ်သည်။ ယခု အမှု၌လည်း တရားလိုနှင့် ၎င်းတင်ပြသော တရားလိုပြ သက်သေများကို စစ်ဆေးပြီးမှသာ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ (၁) အရ တရားခံအား စွဲချက်မတင်မီ လွှတ်ကြောင်းအမိန့်ကို ချမှတ်သင့်ပေသည်။ မြို့နယ် တရားရုံးသည် ယင်း ကိစ္စနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၂ (၁) အရလိုက်နာ ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိ ရပေသည်။ မြို့နယ် တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော တိုင်းတရားရုံး၏ အမိန့်တို့သည် ဥပဒေနှင့် ညီညွတ်သော အမိန့်များဖြစ်သည်ဟု ဆိုနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် မန္တလေး အရှေ့တောင်မြို့နယ် တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော မန္တလေးတိုင်း တရားရုံး၏ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ မန္တလေး အရှေ့တောင်မြို့နယ် တရားရုံးသည်မူလရုံး တရားလို၏ တိုင်လျှောက်ချက်နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ စုံစမ်း စစ်ဆေးသွားရန်ဖြစ်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီးဦးမျိုးထွန်းလင်းရှေ့တွင်

ဦးသိုက်ထွန်း

နှင့်

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်*

၂။ ဦးထွေးပါ(၃)

† ၁၉၅၀ ဖေဖော်ဝါရီလ ၁၅-ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (ခ)– အထက် တရားရုံးများသည် အောက်တရားရုံးရာများက တရားခံကို သိသိသာသာ ထိခိုက်နစ်နာမှု ရှိစေသော ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်နိုင်ခွင့် ရှိခြင်း–ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ တစ်ခုလုံးကို ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (က) တွင် တရားခံအနေဖြင့် စစ်ပြီး သက်သေများအားလုံးကို သို့မဟုတ် တချို့ကိုပြန်လည်ကြားနာပေးရန် တောင်းဆိုနိုင်ခွင့်ရှိသည်မှာ မှန်သော်လည်း ယင်းသို့ တောင်းဆိုတိုင်း၊ တရားရုံးကမလွှဲမရှောင် ပြန်လည်စစ်ဆေး ကြားနာပေးရမည်ဟု ပြဋ္ဌာန်းထားခြင်း မဟုတ်ပေ။ ထိုကဲ့သို့ တရားခံကတောင်းဆိုလျှင် ပြန်လည်ကြားနာရန် သင့်မသင့်ဆိုသောအချက်ကို နောက်ဆက်ခံသည့် တရားသူကြီးအနေဖြင့် ချင့်ချိန်နိုင်ရေးအတွက် စီထားရမည့်အချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (ခ)–တွင် အောက်ပါအတိုင်း ဆက်လက် ပြဋ္ဌာန်းထားသည်–

''တရားရုံးချုပ်သည် သို့မဟုတ် ခရိုင် ရာဇဝတ် တရားသူကြီးသည် မိမိ၏လက်အောက်ရှိ ရာဇဝတ်တရားသူကြီးက စစ်ဆေး စီရင်ခဲ့သောအမှု၌ တရားခံက အယူခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ ယင်း တရားသူကြီးက ၎င်းကိုယ်တိုင်အစမှအဆုံးထိ ရေးမှတ်ယူရခဲ့ခြင်းမဟုတ်သော

---

* ၁၉၄၉ ခုနှစ်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၅၉ (ခ)

† ၁၉၄၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၇၀ တွင် ချမှတ်သော (၁၃-၆-၄၉) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု၊

သက်သေခံချက်များကို အခြေခံ၍ တရားခံအား ပြစ်မှုထင်ရှား စီရင်ထားခြင်းမှာ တရားခံကို သိသာထင်ရှားစွာ ထိခိုက် နစ်နာစေမှု ရှိခဲ့သည်ဟု ယူဆလျှင် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်၍ စုံစမ်းစစ်ဆေးမှုကိုဖြစ်စေ၊ စစ်ဆေးစီရင်မှုကိုဖြစ်စေ အသစ်ထပ်မံ ပြုလုပ်စေရန် အမိန့်ချမှတ်နိုင်သည်။''

သို့ဖြစ်ရာ နောက်ဆက်ခံသော တရားသူကြီးက ယခင် တရားသူကြီး စစ်ဆေးရယူခဲ့သော သက်သေခံချက်များကို မှုတည်၍ တရားခံအားပြစ်မှုထင်ရှား စီရင်ခဲ့သည့်ကိစ္စတွင် တရားခံအပေါ် သိသိသာသာ ထိခိုက် နစ်နာမှု ရှိစေခဲ့ကြောင်း အထက် တရားရုံးများက ယူဆ ပေါ်ပေါက်သည့် အခါမှသာ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်နိုင်ခွင့်ရှိသည်မှာ ထင်ရှားသည်။ အကယ်၍ ယင်းသို့ပြစ်မှုထင်ရှား စီရင်ရာ၌ တရားခံအပေါ် သိသာထင်ရှားစွာ ထိခိုက်နစ်နာမှုမရှိဟု ပေါ်ပေါက်နေလျှင် အထက် တရားရုံးများက ပြစ်မှုထင်ရှား စီရင်ခဲ့သည့်အမိန့်ကို လက်ခံနိုင်ခွင့် ရှိကြောင်း မှာလည်း အငြင်းမပွားသည့် အချက် ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ တစ်ခုလုံးကို ပြဋ္ဌာန်းထားခြင်း၏ ရည်ရွယ်ချက်မှာ အမှုဆုံးဖြတ်သည့် တရားသူကြီး အနေဖြင့် ကိုယ်တိုင်ရယူခဲ့သော သက်သေခံချက်များကို အခြေပြုနိုင်ရန် ဖြစ်သော်လည်း တရားသူကြီးပြောင်းတိုင်း အမှုများကို မလွဲမသွေ အစမှ ပြန်လည်စစ်ဆေးရန် မလိုအပ်ပေ။ ယင်းသို့ ဆောင်ရွက်ရမည် ဟုလည်း ပြဋ္ဌာန်းထားခြင်းမရှိချေ။

အမှုကို အစမှပြန်စစ်ရန် သင့်မသင့်ဆိုသော အချက်ကို ချင့်ချိန်ရာ၌ ယခင်စစ်ဆေးခဲ့သော တရားသူကြီး၏ ဆောင်ရွက်ခဲ့ချက်များတွင် တရားခံအား သိသိသာသာ ထိခိုက်နစ်နာစေခဲ့မှု ရှိမရှိဆိုသောအချက်ကို ဦးတည်သုံးသပ်ရမည့်အပြင် အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ရမည်ဆိုသော အခြေခံချက်ကိုလည်း ထည့်သွင်းသုံးသပ်ရန် လိုအပ်ပေသည်။ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ယင်းအချက်ကို တွန်းအားပေး ဆောင်ရွက်လျက် ရှိသည်ကို တရားသူကြီးများအနေဖြင့် သတိမူရပေမည်။

လျှောက်ထားသူအတွက် —ဦးဝင်းထိန်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများ အတွက် —၁။ ဦးကျင်စိန်၊ ဥပဒေ အရာရှိ
အဆင့်(၁)၊(၂)၊(၃)၊(၄)
ကိုယ်တိုင်(မလာ)

တရားရုံးအကြံပေး —ဦးတင်မြအေး

၁၉၉၀
ဦးသိုက်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ
တော်
ဦးထွေး
ပါ(၃)

ကျောက်တံတားမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၅၆/၇၆ တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ အရ အမှုကို အစမှ ပြန်လည်စစ်ဆေးရန် အမိန့် ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို တရားလို ဦးသိုက်ထွန်းက မကျေနပ်၍ ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး (၉) ရုံးသို့ ပြင်ဆင်ရန်လျှောက်ထားခဲ့ရာ အကျဉ်းနည်း ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက်တင်သွင်းလာခြင်း ဖြစ်သည်။

အမှုမှာ အမှတ် ၃၆၀/မဟာဗန္ဓုလလမ်းနေ ဦးသိုက်ထွန်းထံသို့ ချန်ကင်း မြို့နယ် အမှတ် ၁၁၅၂/ကံဘဲ့ ဘူတာရုံလမ်းနေ ဦးထွေး၊ဇနီး ဒေါ်သောင်းနှင့် သမီး မခင်သန်းဝင်းတို့ ၅-၁၁-၇၃ နေ့ (၁၉း၀၀) နာရီခန့်တွင် လာရောက်ပြီး အခြားသူသို့ ရောင်းချပြီးဖြစ်သော နွား(၁၂) ကောင်မှာ ၎င်းတို့ပိုင် နွားများဖြစ်ကြောင်း ယုံကြည်အောင် လိမ်လည် ပြောဆို၍ ဝန်ခံကတိ စာချုပ်ချုပ်ဆိုကာ ငွေကျပ် ၂၀၀၀၀/-ရယူသွားသဖြင့် အရေးယူပေးရန် ဦးသိုက်ထွန်းက ကျောက်တံတား ရဲစခန်းသို့ တိုင်ကြားခဲ့မှုဖြစ်သည်။

အမှုအား အစမှပြန်လည်စစ်ဆေးစေသည့် အမိန့်ကို ပယ်ဖျက်ပေးသင့်ကြောင်း ဦးသိုက်ထွန်း၏ အကျိုးဆောင်က ပြင်ဆင်ရန် အကြောင်းပြချက်အဖြစ် အဓိကထား၍တင်ပြရာ၌ မူလကပင် ကြန့်ကြာစေရန် တရားခံများက ဖန်တီးထားခဲ့ခြင်းကို တရားရုံးမှ အားပေးရာ ရောက်နေသည့်အပြင် တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်လုပ် ဟူသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ဆောင်ပုဒ်နှင့် ဆန့်ကျင် နေကြောင်း၊၎င်းအပြင် ဤအမှုကိုမူလကတရားစီရင်ရေး အဖွဲ့ဝင်(၃)ဦး ပါသော အဖွဲ့ဖြင့် စစ်ဆေးခဲ့ခြင်း ဖြစ်သောကြောင့် တစ်ဦးတည်း ရုံးထိုင်စစ်ဆေးသည့် တရားသူကြီးများ လိုက်နာရန် ပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ (၁) ပါ ပြဋ္ဌာန်းချက်အရ ဆုံးဖြတ်ခဲ့ခြင်းမှာလည်း မှားယွင်းကြောင်းကို တင်ပြထားသည်။

ယခင် တရားစီရင်ရေး စနစ်တွင် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇၊ ၂၀(က)၊ ၃၂(က)၊ ၄၄(က) နှင့် ၅၆(က)တို့ အရ တရားစီရင်ရေးအဖွဲ့ဝင် (၃)ဦးတို့က အမှုကိုစစ်ဆေးခဲ့ခြင်းမှာ အထူး ကိစ္စရပ်တစ်ခုအနေဖြင့် ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့ခြင်းမျိုးမဟုတ်ဘဲ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ လိုက်နာခဲ့ရခြင်းသာ ဖြစ်ပေသည်။ ယခုအခါ လက်ရှိတရားစီရင်ရေး စနစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ တရားစီရင်ရေး ဥပဒေအရ တရားသူကြီးတစ်ဦးက ယခင် တရားစီရင်ရေး အဖွဲ့များလက်ထက်က မပြီးမပြတ်ကျန်ရှိခဲ့သော အမှုများကို လက်ခံလွှဲပြောင်းရယူပြီး ဆက်လက် စစ်ဆေးရသည် ဖြစ်ရာ အဖွဲ့ဖြင့် စစ်ဆေးခဲ့သော အခြေအနေမှ ပြောင်းလဲလာသည့် တရားစီရင်

၁၉၉၆
ဦးသိုက်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ဦးထွေး
ပါ(၃)

ရေး ဥပဒေအရ တစ်ဦးထိုင်တရားသူကြီးများက ဥပဒေနှင့်အညီ လွှဲပြောင်းလက်ခံရယူ စစ်ဆေးခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ နှင့် စပ်ဆိုင်ခြင်း မရှိကြောင်း လျှောက်ထားသူ အကျိုးဆောင်၏ တင်ပြမှုကို လက်ခံရန် အကြောင်းမရှိပေ။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀(၁)တွင် မူလ စစ်ဆေးကြားနာ ခဲ့သော တရားသူကြီးက သက်သေထွက်ဆိုချက် တစ်စိတ်တစ်ပိုင်းကို ကြားနာရေးမှတ်ပြီးနောက် စီရင်ပိုင်ခွင့် ပြီးဆုံးသွားသဖြင့် စီရင်ပိုင်ခွင့် ရှိသော နောက်တရားသူကြီးက ဆက်ခံသည့်အခါ အဆိုပါ ဆက်ခံသော တရားသူကြီးသည် ယခင်တရားသူကြီး ရေးမှတ်ခဲ့သည့် သက်သေ ထွက်ချက်များအရဖြစ်စေ၊ ယင်းထွက်ချက်များနှင့် မိမိကိုယ်တိုင် တစ်စိတ် တစ်ပိုင်း ရေးမှတ်ခဲ့သည့် သက်သေခံချက်များအရဖြစ်စေ အမှုကို ဆက်လက်ဆောင်ရွက်နိုင်ကြောင်း၊ သို့မဟုတ် သက်သေများကို ပြန်ခေါ် ဆင့်ဆို၍ စုံစမ်းစစ်ဆေး စီရင်မှုကို ပြန်လည်စနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး (၉)၏ ၁၃-၆-၇၉ နေ့စွဲပါ အကျဉ်းနည်း ပလပ်သည့်အမိန့်တွင် အောက်ပါအတိုင်း ပါရှိသည်-

"ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀(၁)၏ ပထမခြွင်းချက်အရ တရားခံက စစ်ပြီးသက်သေကို ပြန်ခေါ်စစ်ဆေးရန် တောင်းဆိုခွင့် ရှိသည်။ ယင်းသို့တောင်းဆိုလျှင် တရားသူကြီးက ပြန်လည်ခေါ်ယူ စစ်ဆေး ရန်သာ ဖြစ်သည်။"

ပုဒ်မ ၃၅၀(၁)၏ ခြွင်းချက် (က) တွင် တရားခံအနေဖြင့် စစ်ပြီး သက်သေများအားလုံးကို သို့မဟုတ် တချို့ကို ပြန်လည်ကြားနာပေးရန် တောင်းဆိုနိုင်ခွင့် ရှိသည်မှာ မှန်သော်လည်း ယင်းသို့ တောင်းဆိုတိုင်း တရားရုံးက မလွှဲမသွေ ပြန်လည်စစ်ဆေး ကြားနာပေးရမည်ဟု ပြဋ္ဌာန်းထားခြင်းမဟုတ်ပေ။ ထိုကဲ့သို့ တရားခံကတောင်းဆိုလျှင် ပြန်လည်ကြားနာရန် သင့်မသင့်ဆိုသော အချက်ကို နောက်ဆက်ခံသည့် တရားသူကြီးအနေဖြင့် ချင့်ချိန် နိုင်ရေးအတွက် စံထားရမည့် အချက်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ (၁) ၏ ခြွင်းချက် (ခ) တွင် အောက်ပါအတိုင်း ဆက်လက်ပြဋ္ဌာန်းထားသည်-

"တရားရုံးချုပ်သည် သို့မဟုတ် ခရိုင်ရာဇဝတ် တရားသူကြီးသည် မိမိ၏ လက်အောက်ရှိ ရာဇဝတ် တရားသူကြီးက စစ်ဆေး စီရင်ခဲ့သော အမှု၌ တရားခံက အယူခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ ယင်းတရားသူကြီးက ၎င်းကိုယ်တိုင် အစမှအဆုံးထိ ရေးမှတ်ရယူခဲ့ခြင်း မဟုတ်သော သက်သေခံချက်များကို အခြေခံ၍ တရားခံအား ပြစ်မှုထင်ရှား စီရင်ထားခြင်းမှာ တရားခံကို သိသာထင်ရှားစွာ ထိခိုက် နစ်နာ

၁၉၉၀
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဦးသိုက်ထွန်း နှင့် ဦးထွေး ပါ(၃)

စေမှု ရှိခဲ့သည်ဟုယူဆလျှင် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်၍ စုံစမ်းစစ်ဆေးမှုကိုဖြစ်စေ၊ စစ်ဆေးစီရင်မှုကိုဖြစ်စေ အသစ်ထပ်မံပြု လုပ်စေရန် အမိန့်ချမှတ်နိုင်သည်။''

သို့ဖြစ်ရာ နောက်ဆက်ခံသော တရားသူကြီးက ယခင် တရားသူကြီး စစ်ဆေးရယူခဲ့သော သက်သေခံချက်များကို မူတည်၍ တရားခံအားပြစ်မှု ထင်ရှား စီရင်ခဲ့သည့် ကိစ္စတွင် တရားခံအပေါ် သိသိသာသာ ထိခိုက် နစ်နာမှု ရှိစေခဲ့ကြောင်း အထက်တရားရုံးများက ယူဆ ပေါ်ပေါက်သည့် အခါမှသာ ပြစ်မှုထင်ရှား စီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်နိုင်ခွင့် ရှိသည် မှာ ထင်ရှားသည်။ အကယ်၍ ယင်းသို့ ပြစ်မှုထင်ရှားစီရင်ရာ၌ တရားခံ အပေါ် သိသာထင်ရှားစွာ ထိခိုက်နစ်နာမှုမရှိဟု ပေါ်ပေါက်နေလျှင် အထက်တရားရုံးများက ပြစ်မှုထင်ရှား စီရင်ခဲ့သည့်အမိန့်ကို လက်ခံနိုင် ခွင့် ရှိကြောင်းမှာလည်း အငြင်းမပွားသည့် အချက်ဖြစ်ပေသည်။

သို့အတွက်နောက်ဆက်ခံသည့်တရားသူကြီးကတရားခံအားယခင်တရား သူကြီးရယူခဲ့သောသက်သေခံချက်များကိုအခြေပြု၍ပြစ်မှုထင်ရှားစီရင်သည့် ကိစ္စ၌ပင်လျှင် တရားခံအပေါ်၌ သိသာစွာ ထိခိုက်နစ်နာမှု မဖြစ်ခဲ့ကြောင်း တွေ့ရလျှင် အဆိုပါပြစ်မှုထင်ရှားစီရင်သည့် အမိန့်ကိုပင် အထက် တရား ရုံးက လက်ခံ အတည်ပြုနိုင်သည်ဖြစ်၍ အမှုကိုလက်ခံချိန်၌ ရောက်ရှိသည့် အဆင့်မှ ဆက်လက်စစ်ဆေးရန် သင့်မသင့် စဉ်းစားဆုံးဖြတ်ရာတွင်လည်း ယခင်တရားသူကြီး၏ ပြုမူဆောင်ရွက်ခဲ့ချက်များမှာ တရားခံအပေါ် သိ သိသာသာ ထိခိုက်နစ်နာမှု ဖြစ်ခဲ့ခြင်းရှိမရှိဆိုသော အချက်အပေါ် မူတည် ဆုံးဖြတ်ရမည်သာ ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀ တစ်ခုလုံးကို ပြဋ္ဌာန်းထား ခြင်း၏ ရည်ရွယ်ချက်မှာ အမှုဆုံးဖြတ်သည့် တရားသူကြီးအနေဖြင့် ကိုယ် တိုင်ရယူခဲ့သော သက်သေခံချက်များကို အခြေပြုနိုင်ရန် ဖြစ်သော်လည်း တရားသူကြီးပြောင်းတိုင်း အမှုများကို မလွဲမသွေ အစမှ ပြန်လည်စစ်ဆေး ရန် မလိုအပ်ပေ။ ယင်းသို့ ဆောင်ရွက်ရမည်ဟုလည်း ပြဋ္ဌာန်း ထား ခြင်း မရှိချေ။

အမှုကို အစမှ ပြန်စစ်ရန် သင့်မသင့်ဆိုသော အချက်ကို ချင့်ချိန်ရာ၌ ယခင် စစ်ဆေးခဲ့သော တရားသူကြီး၏ဆောင်ရွက်ခဲ့ချက်များတွင် တရားခံ အား သိသိသာသာ ထိခိုက်နစ်နာစေခဲ့မှု ရှိမရှိဆိုသောအချက်ကို ဦးတည် သုံးသပ်ရမည့်အပြင် အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ရမည်ဆိုသော အခြေခံအချက်ကိုလည်း ထည့်သွင်း သုံးသပ်ရန် လိုအပ် ပေသည်။ နိုင်ငံ တော်အစိုးရအနေဖြင့်လည်း ယင်းအချက်ကို တွန်းအားပေး ဆောင်ရွက် လျက်ရှိသည်ကို တရားသူကြီးများ အနေဖြင့် သတိမူရပေမည်၊

၁၉၉၀
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ဦးသိုက်ထွန်း
နှင့်
ဦးထွေး
ပါ(၃)

ယခုအမှုမှာ ၁၉၈၆ ခုနှစ်မှ စတင်စစ်ဆေးလာခဲ့ခြင်း ဖြစ်ပြီးတရားခံ (၃)ဦးစလုံးကို ဥပဒေနှင့်အညီ အမှုအတွင်း အာမခံနှင့် နေခွင့်ပေးခဲ့သည့်အပြင် တရားခံ ဒေါ်သောင်းကြီးလည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၅ အရ ရုံးရှေ့လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားကြောင်း တွေ့ရသည်။ တရားခံများကို ၃-၆-၈၇ နေ့တွင် စွဲချက်တင်ခဲ့ရာ၌ စစ်ဆေးပြီး သက်သေများ အားလုံးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၆အရ ပြန်ခေါ်စစ်ဆေးပေးရန် တရားခံများ၏ တောင်းဆိုဖာင်ပြချက်အရ မူလတရားစီရင်ရေး အဖွဲ့က၊ အချိန်ယူပြီး ပြန်ခေါ် စစ်ဆေးပေးခဲ့ပြီးလည်းဖြစ်သည်။ ၎င်းနောက် တရားခံများကို ဆက်လက်စစ်ဆေးပြီး တရားခံပြသက်သေများ စစ်ဆေးရန် အကြိမ်ကြိမ် စောင့်ဆိုင်း ချိန်းဆိုနေစဉ် တရားသူကြီးတစ်ဦး ထိုင်သော လက်ရှိ တရားစီရင်ရေး စနစ်သို့ ပြောင်းလာခဲ့ခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ ၁၉၈၆ ခုနှစ်မှ စတင်ခဲ့သော အမှုသည် ယခု ၁၉၉၀ ပြည့်နှစ်သို့ရောက်ရှိပြီး (၄) နှစ်ကြာသည့်တိုင်အောင် အကြောင်းအမျိုးမျိုးကြောင့် ပြီးပြတ်မှု မရှိသေးသော အခြေ အနေ၌ စစ်ဆေးချက် ရယူခဲ့သည့် ယခင် တရားစီရင်ရေး အဖွဲ့အနေဖြင့် တရားခံများ၏ ဥပဒေအရ ရသင့်ရထိုက်သော အခွင့် အရေးများ အားလုံးကို ဥပဒေနှင့်အညီ ခွင့်ပြု ထားခဲ့ကြောင်းလည်း စိစစ်တွေ့ရှိရသည်။ ယခင် တရားစီရင်ရေးအဖွဲ့က ထိခိုက်နစ်နာစေသော ပြုမူဆောင်ရွက်ချက်များ ပြုကျင့်ခဲ့ပါသည်ဟုလည်း တရားခံများက တစ်စုံတစ်ရာ တင်ပြထားခြင်း မရှိချေ။

ယင်းသို့သောအခြေအနေနှင့်လေ့လာစိစစ်တွေ့ရှိချက်များအရ အမှုကို အစမှ ပြန်လည်စစ်ဆေးရန် ချမှတ်ခဲ့သော ကျောက်တံတားမြို့နယ်တရားရုံး၏ အမိန့်နှင့် တရားခံက တောင်းဆိုလျှင် တရားသူကြီးက အမှုကိုအစမှ ပြန်စစ်ရန်ဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သော ရန်ကုန်တိုင်း တရားရုံး၏ အမိန့်များမှာ ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည်ဟု မဆိုနိုင်ပေ။

သို့အတွက် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး အမှုကိုအစမှပြန်လည်စစ်ဆေးရန် ချမှတ်ခဲ့သည့် ကျောက်တံတားမြို့နယ် တရားရုံးနှင့်တွဲဖက် ရန်ကုန်တိုင်း တရားရုံး၏ အမိန့်များကို ပယ်ဖျက်၍ အမှုကို လက်ရှိရောက်နေသော အဆင့်မှ ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးစီရင်သွားစေရန် အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

## ကိုသန်းအောင်

## နှင့်

## ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂)[1] *

† ၁၉၉၀
ဇူလိုင်လ
၁၀-ရက်

**တရားခံက အမှု ကြန့်ကြာ စေလိုသည့် သဘောဖြင့် ပြန်ခေါ် သက်သေကို စစ်ဆေး လိုကြောင်း အခွင့်အရေး တောင်းဆိုပါက ခွင့်ပြုရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၆ (၁) တွင် တရားခံက ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးလိုကြောင်း တင်ပြလာလျှင် တရားရုံးက ခွင့်ပြုရမည်ဖြစ်ကြောင်း ဖော်ပြထားသည် မှန်သော်လည်း အမှု ကြန့်ကြာစေလိုသည့် သဘောဖြင့် ထိုအခွင့်အရေးကို နှစ်ကြိမ်ခွဲပြီး မမှန်မကန်တောင်းဆိုခြင်းကိုမူ ခွင့်ပြုရန် မသင့်ပေ။ တရားခံက သက်သေသုံးဦးကို ပြန်ခေါ် စစ်ဆေးလိုကြောင်း တောင်းဆိုခဲ့ပြီးနောက်လေးလခန့်ကြာမှ နောက်သက်သေတစ်ဦးကို ပြန်ခေါ် စစ်ဆေးလိုကြောင်း တင်ပြခြင်းသည်အမှုကို ကြန့်ကြာအောင် တမင် ဖန်တီးနေသည့် သဘောသက်ရောက်သည်။ သက်သေ ဆရာဝန်ကို စစ်ဆေးခဲ့စဉ်က တရားခံဘက်က ရှေ့နေရှေ့ရပ်ဖြင့် အပြည့်အစုံ ပြန်လည်မေးမြန်းခဲ့ပြီးဖြစ်၍ ၎င်းအား ပြန်ခေါ် စစ်ဆေးရန် ထူးခြားသောအကြောင်းရှိသည်ဟု မပေါ်လွင်ပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | – ဦးဇော်ဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ) |
| လျှောက်ထားခံရသူများအတွက် | – ၁။ ဦး သန်း ကျော်၊ ဥပဒေ အရာရှိအဆင့် (၁) |
| | ၂။ ဦးသောင်းထွန်း၊ တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | – ဦးချန်ထွန်း |

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၆၇ (ခ)

† ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၁၁ တွင် ချမှတ်သော (၁၉-၃-၉၀) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၀
ကိုသန်းအောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၂၃၄၃/၈၉ တွင် မိုဟာမက်မာမွတ် အပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၄ (က) အရ စွဲချက်တင်ရာ မိုဟာမက်မာမွတ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၆၅ (၁) အရပြန်ခေါ် သက်သေသုံးဦးကို စစ်ဆေးလိုကြောင်း တင်ပြ၍ တရားလိုသက်သေ သုံးဦးကို ပြန်ခေါ်စစ်ဆေးပြီးနောက် အခြားလိုပြ သက်သေတစ်ဦးဖြစ်သော မှုခင်းဆရာဝန်ကိုလည်း ပြန်ခေါ်စစ်ဆေးလိုသေးကြောင်း ထပ်မံတင်ပြရာ မြို့နယ်တရားသူကြီးက ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်သည်။ ယင်းအမိန့်ကို မကျေနပ်၍ မိုဟာမက်မာမွတ်က ရန်ကုန်တိုင်း တရားရုံးသို့ ပြင်ဆင်မှု ထင်သွင်းရာတွင်ဖက် တိုင်းတရားသူကြီးက မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မိုဟာမက်မာမွတ် လျှောက်ထားသည့်အတိုင်း မှုခင်း ဆရာဝန်ကို ပြန်ခေါ်သက်သေအဖြစ် ဆင့်ခေါ် စစ်ဆေးစေရန် ချမှတ်ခဲ့သည့် အမိန့်ကို မူလရုံးတရားလို ဦးသန်းအောင်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကိုတင်သွင်းသည်။

အမှုမှာ အသက် ၆၁ နှစ်ရှိ ဦးကြီးမော်သည် ၁၁-၂-၈၉ နေ့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေလမ်းဆုံတွင် လမ်းဖြတ် ကူးနေစဉ် မိုဟာမက်မာမွတ် မောင်းနှင်သော ကားအမှတ် ၅/၅၄၉၉ က တိုက်မိ၍ ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသနေစဉ် သေဆုံးသွားသောကြောင့် ကားမောင်းသူ မိုဟာမက်မာမွတ်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) အရ အရေးယူပေးရန် ဒုရဲအုပ် စခန်းမှူး အောင်မြင့်က ပန်းဘဲတန်းရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသော အမှု ဖြစ်သည်။

ပြင်ဆင်မှု လျှောက်ထားသူက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာတွင် လျှောက်ထားခံရသူအပေါ် ၉-၁၀-၈၉နေ့က ပုဒ်မ ၃၀၄ (က) အရ စွဲချက်တင်ပြီး ပြန်ခေါ် သက်သေ စစ်ဆေးလိုသော ဆန္ဒ ရှိ-မရှိ မေးမြန်းရာ သက်သေ သုံးဦးကို ပြန်ခေါ် သက်သေ အဖြစ် စစ်ဆေးလိုကြောင်း တင်ပြချက်အရ သက်သေသုံးဦးကို ပြန်ခေါ် စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ နောက်ထပ် တရားလိုသက်သေတစ်ဦးကို ထပ်မံ၍ ပြန်ခေါ်သက်သေအဖြစ် စစ်ဆေးလိုကြောင်း တင်ပြခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း၊ ပြန်ခေါ် သက်သေ အဖြစ် ထပ်ခါတလဲလဲ ခေါ်ခွင့်ရှိသည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိကြောင်း၊ တိုင်းဥပဒေအရာရှိ တင်ပြသလို ပြန်ခေါ်သက်သေ (၃) ကြိမ်အထိ ခေါ်ခွင့်ရှိသည်ဟု ဥပဒေတွင် မပါရှိကြောင်း၊ ပြန်ခေါ်သက်သေ (၃) ဦးကို စစ်ဆေးခဲ့ခြင်းပင်လျှင် (၄) လခန့်ကြာမြင့်ခဲ့ပြီးဖြစ်ရာ နောက်ထပ် ပြန်ခေါ် သက်သေတို့ကို စစ်ဆေးခြင်းဖြင့် မလိုလားအပ်သော အချိန်ကြန့်ကြာမှုဖြစ်စေနိုင်ကြောင်း၊ ဆရာဝန်ကို စစ်ဆေးခဲ့စဉ် ပြန်လှန် စစ်ဆေး မေးမြန်းခဲ့ပြီးဖြစ်ရာ ဆရာဝန်၏ ထွက်ဆိုချက်ကို ထပ်မံစစ်ဆေးရန် အကြောင်းမရှိ၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပေးရန် တင်ပြသည်။

၁၉၉၀
ကိုသန်းအောင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပါ(၂)

တွဲဖက် တိုင်းတရားသူကြီးက ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၅၆ (၁) အရ တရားခံ၏ ခုခံလျှောက်လဲချက်နှင့် အခွင့်အရေးတွင် ပြန်ခေါ် သက်သေအား တရားခံ၏ ဆန္ဒအလျောက် တောင်းခံလာလျှင် မဖြစ်မနေ ခွင့်ပြုရမည် ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

လျှောက်ထားခံရသူ၏ အကျိုးဆောင် ရှေ့နေက ယခု ပြင်ဆင်မှုကို နိုင်ငံတော် ကိုယ်စား ရှေ့နေချုပ်ရုံးက တင်သွင်းခြင်းမဟုတ်ဘဲ ကာယကံရှင် ကိုသန်းအောင်က တင်သွင်းခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း ရှေးဦးစွာ လျှောက်လဲ တင်ပြသွားသည်။ ယင်းတင်ပြချက်နှင့်ပတ်သက်၍ အခြားတစ်ဘက်က ပြန်လည် ချေပ လျှောက်လဲရာတွင် မူလရုံးတွင် ဥပဒေ အရာရှိ၏ ခွင့်ပြုချက်အရ ရှေ့နေ ဦးဇော်ဝင်းလှိုင်သည် တရားလို၏ အကျိုးဆောင်အဖြစ် ပူးတွဲ ဆောင်ရွက်ခဲ့သောကြောင့် တရားရုံးချုပ်သို့ ၎င်းအနေဖြင့် ပြင်ဆင်မှု တင်သွင်းခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း တင်ပြသည်။ ရှေ့နေချုပ်ရုံးအတွက် လိုက်ပါ ဆောင်ရွက်သော ဥပဒေ အရာရှိအဆင့် (၁) က ရန်ကုန်တိုင်း တရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၆ (၁) အရ မှုခင်း ဆရာဝန်အား ပြန်ခေါ် သက်သေ အဖြစ် စစ်ဆေးရန် ခွင့်ပြုခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းခြင်းမရှိကြောင်း လျှောက်လဲတင်ပြသွားသည်။

မူလတရားရုံးတွင် ရှေ့နေ ဦးဇော်ဝင်းလှိုင်ကပင် တရားလို အကျိုးဆောင်အဖြစ် ပူးတွဲ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရ၍ ယခု ပြင်ဆင်မှုကို ဦးဇော်ဝင်းလှိုင်ကပင် လျှောက်ထားသူ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ပြီး လျှောက်လွှာတင်သွင်းခဲ့ခြင်းသည် အမှုပျက်ပြယ်စရာ အကြောင်း မရှိဟု သုံးသပ်သည်။

မြို့နယ် တရားရုံး အမှုတွဲကို လေ့လာရာတွင် တရားလို သက်သေ ဦးဇော်မြင့် (လိုပြ-၁)၊ ဦးသောင်းညွန့် (လိုပြ-၂)၊ ဦးစိန်မြင့် (လိုပြ-၃)၊ မမော်မော်ဦး (လိုပြ-၄)၊ ဒေါက်တာ မောင်မောင်တိုး (လိုပြ-၅)၊ မောင်သန်းအောင် (လိုပြ-၆) တို့ကို စစ်ဆေးခဲ့သည်။ ၉-၁၀-၈၉ နေ့က တရားခံအပေါ် စွဲချက်တင်သော အမိန့် ချမှတ်ပြီးနောက် ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ ပြန်ခေါ် သက်သေအဖြစ် စစ်ဆေးလို-မလို မေးမြန်းရာ ဦးဇော်မြင့်၊ ဦးစိန်မြင့်၊ ဦးသောင်းညွန့်တို့ သုံးဦးကို ပြန်ခေါ်စစ်ဆေးလိုကြောင်း တင်ပြခဲ့သည်။ ၆-၂-၉၀နေ့တွင် တရားခံက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) အရ မှုခင်း ဆရာဝန်ကို ပြန်ခေါ် သက်သေ အဖြစ် စစ်ဆေးလိုကြောင်း ထပ်မံ တင်ပြရာ တရားသူကြီးက တစ်စုံတစ်ရာ သုံးသပ်ချက် မပါဘဲ လျှောက်ထားချက်ကို ပယ်ခဲ့ကြောင်းတွေ့ရသည်။ တရားခံက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၅၆ (၁) အရ အခွင့်အရေးကို နှစ်ခါခွဲပြီး တောင်းဆိုခဲ့ကြောင်း ပေါ်ပေါက်သည်။

၁၉၉၀
ကိုသန်း
အောင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ (၁) တွင် တရားခံက ပြန်ခေါ် သက်သေ အဖြစ် စစ်ဆေးလိုကြောင်း တင်ပြလာလျှင် တရားရုံးက ခွင့်ပြုရမည် ဖြစ်ကြောင်း ဖော်ပြထားသည် မှန်သော်လည်း အမှု ကြန့်ကြာစေလိုသည့် သဘောဖြင့် ထိုအခွင့် အရေးကို နှစ်ကြိမ် ခွဲပြီး မမှန်မကန် တောင်းဆိုခြင်းကိုမူ ခွင့်ပြုရန် မသင့်ပေ။ တရားခံက သက်သေ သုံးဦးကို ပြန်ခေါ်စစ်ဆေးလိုကြောင်း တောင်းဆိုခဲ့ပြီးနောက် လေးလခန့် ကြာမှ နောက်သက်သေတစ်ဦးကို ပြန်ခေါ် စစ်ဆေးလိုကြောင်း တင်ပြ ခြင်းသည် အမှုကို ကြန့်ကြာအောင် တမင်ဖန်တီးနေသည့် သဘောသက် ရောက်သည်။ သက်သေ ဆရာဝန်ကို စစ်ဆေးခဲ့စဉ်က တရားခံဘက်က ရှေ့နေရှေ့ရပ်ဖြင့် အပြည့်အစုံ ပြန်လည် မေးမြန်းခဲ့ပြီးဖြစ်၍ ၎င်းအား ပြန်ခေါ်စစ်ဆေးရန် ထူးခြားသော အကြောင်းရှိသည်ဟု မပေါ်လွင်ပေ။ အမှုကို မြန်မြန်နှင့်မှန်မှန် စစ်ဆေးဆုံးဖြတ်ရန် တရားရုံးများအဆင့်ဆင့်သို့ တရားရုံးချုပ်မှ မကြာခဏ လမ်းညွှန်မှုပြုခဲ့သည့်အားလျော်စွာ တရားခံ၏ တောင်းဆိုချက်ကို ပယ်ချခဲ့သော မြို့နယ် တရားသူကြီး၏ အမိန့်သည် ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏ ၁၉-၃-၉၀ နေ့စွဲပါ အမိန့်ကို ပယ်ဖျက်ပြီး ပန်းဘဲတန်းမြို့နယ် တရားရုံး၏ ၆-၂-၉၀ နေ့စွဲပါ အမိန့်ကို ပြန်လည် အတည်ပြုလိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

တရားရုံးချုပ်၊ တရားသူကြီးများ ဖြစ်ကြသော တရားသူကြီး ဦးအေးအုန်း၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

ဦးသိန်းလွင်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၂)*

† ၁၉၉၀ မေလ ၁၁-ရက်

**ရှာဖွေ ပုံစံဖြင့် သိမ်းဆည်းထားသော ပစ္စည်းများကို တရားရုံးသို့ တင်ပို့ခြင်းမပြုလျှင် ယင်းပစ္စည်းကို တရားရုံးက စီမံခန့်ခွဲပိုင်ခွင့် ရှိ မရှိ ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော ပစ္စည်းကို တရားရုံးသို့ အမှုတွဲမတင်မီ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စီမံခန့်ခွဲသည့် အမိန့်ချမှတ်ပြီးဖြစ်လျှင်၊ အမှုပြီးဆုံးသည့်အခါ ယင်းပစ္စည်းအပေါ် တရားရုံးက အမိန့်ချမှတ်၍ အဆုံးအဖြတ်ပေးရန် လိုအပ်မှု ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။အမှုနှင့် စပ်လျဉ်းသော ပစ္စည်းကို ရဲက ရှာဖွေပုံစံနှင့် သိမ်းဆည်းခဲ့ပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း မပြုရသေးလျှင် ယင်းပစ္စည်းကို တရားရုံးသို့ တင်ပို့ခြင်းမပြုသော်လည်း အမှု ပြီးဆုံးသည့်အခါ တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ (၁) အရ စီမံခန့်ခွဲနိုင်ခြင်းမှာ အငြင်းပွားရန်အကြောင်းမရှိချေ။ (ဦးမိတ်ကောင်း၊ ဒေါ်ခင်ခင်နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အမှု)[၁] တွင်လည်း အလားတူ ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။ သို့ရာတွင် ဤအမှု၌ ရဲက ရှာဖွေပုံစံနှင့် သိမ်းဆည်းခဲ့ပြီး တရားရုံးရှေ့သို့ မတင်ပြရဲ မျှမကဘဲ သက်သေခံပစ္စည်း ရွှေချောင်းကို ပန်းတောင်းမြို့နယ် ပြည်သူ့ကောင်စီ၏ အမိန့်ဖြင့် ဒေါ်မမချေသို့ ပြန်လည် ပေးအပ်ခဲ့ပြီးကြောင်း ပေါ်လွင်နေသည်။ သို့အတွက် ရဲပုံစံ ၃၂ တွင် ဒေါ်မမချေက လက်ခံရရှိပြီးဖြစ်ကြောင်းလက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပေသည်။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေ

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ်-၉

† ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၀၉ (ခ) တွင် ချမှတ်သော (၁၄-၁၂-၈၈) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို လျှောက်ထားမှု။

၁၉၉၀
ဦးသိန်းလွင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

ပုဒ်မ ၁၉ (က) အရ တရားရုံး ရှေ့သို့ တင်ပြခြင်း မပြုရသေးသော သိမ်းဆည်းထားသည့် ပစ္စည်းများကို စီမံခန့်ခွဲနိုင်ခွင့်လည်း ရှိနေပေသည်။

လျှောက်ထားသူအတွက် — ဦးခင်ဇော်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးအောင်စိန်၊ ဥပဒေအရာရှိ အဆင့် (၁)

၂။ ဦးမြင့်၊ တရားရုံးချုပ်ရှေ့နေ

တရားစေရေးအကြံပေး — ဦးတင်အေး

ပန်းတောင်းမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၇၉/၈၆ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ အရ တရားစွဲထားသော တရားခံ လုံးပိုနှင့် ကျော်ဝင်းတို့အား ပစ္စည်းဆုံးရှုံးသူ ဒေါ်မမချော၏ အမှုကျေအေးရန် လျှောက်ထားချက်အရ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်။ သက်သေခံ ရွှေချောင်းနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ပေးရန်ဦး သိန်းလွင်က လျှောက်ထားတင်ပြခဲ့ရာ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၃/၈၇ဖြင့်လုပ်ကြံနာပြီးနောက် သက်သေခံ ရွှေချောင်းအား ရဲကတရားရုံးသို့ တင်ပို့ခဲ့ခြင်း မရှိသောကြောင့် ဦးသိန်းလွင်၏ လျှောက်လွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးသိန်းလွင်က မကျေနပ်၍ ပဲခူးတိုင်း တရားရုံးသို့ပြင်ဆင်ရန် လျှောက်ထားခဲ့ရာတွင် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဦးသိန်းလွင်ထံမှ သိမ်းသွားသော ရွှေချောင်းကို ဦးသိန်းလွင်သို့ပြန်ပေးစေရန်ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ဒေါ်မမချောက မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ၌ ပဲခူးတိုင်း တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ပန်းတောင်းမြို့နယ်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုခဲ့သည်၊ အဆိုပါတရားရုံးချုပ်၏ အမိန့်ကို ဦးသိန်းလွင်က မကျေနပ်၍ ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံခွင့်ရရန် ဤအထွေထွေ လျှောက်လွှာကို တရားရုံးချုပ်သို့ တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ဒေါ်မမချောက တောင်ကုတ်မှ ပန်းတောင်းမြို့သို့ လာရာ ပန်းတောင်းမြို့၊ ဆင်တဲဆိပ်ကမ်း၌ သူ၏ ရွှေထည်ပစ္စည်းများ ထည့်ထားသော သိုးမွေး ပိုက်ဆံအိတ် ခါးပိုက်နှိုက် ခံရကြောင်း ပန်းတောင်း ရဲစခန်းတွင် တိုင်ကြားခဲ့သည့်အမှုဖြစ်သည်။

တရားရုံးချုပ်၏ အမိန့်ကို ပြင်ဆင်ပေးရန် အတွက် လျှောက်ထားသူ ဦးသိန်းလွင်၏ အကျိုးဆောင်မှ အဓိကထား၍ တင်ပြရာ၌ သက်သေခံ

ရွှေချောင်းမှာ ရုံးရှေ့သို့ တင်ပို့ခြင်းမရှိသော်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇(၁) အရလည်းကောင်း (အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦးနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ စီရင်ထုံး)[၁] ပါ လမ်းညွှန်မှုအရ လည်းကောင်း ပြစ်မှုနှင့် စပ်လျဉ်းသည်ဟု ယူဆရန်ရှိသော ပစ္စည်းကိုတရားရုံးက စီမံခန့်ခွဲခွင့်ရှိကြောင်း ထင်ရှား သဖြင့် သက်သေခံပစ္စည်းကို တရားရုံးသို့တင်ပို့ခဲ့ခြင်း မရှိ၍ အမိန့်ချမှတ် ရန်မလိုကြောင်း ဆုံးဖြတ်ခဲ့သော ပန်းတောင်းမြို့နယ်တရားရုံး၏ အမိန့် နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးချုပ်၏ အမိန့်ကို ပယ်ဖျက် ပေးသင့်ကြောင်း တင်ပြထားသည်။ ၎င်းအပြင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး ဖြစ်သော ရွှေချောင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ တရား ရုံး၏ အမိန့်အရသော် လည်းကောင်း၊ ပြည်သူ့ကောင်စီ အဆင့်ဆင့် တို့၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ ဥပဒေပုဒ်မ ၈၉(ထ) အရ ပန်းတောင်း မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ အမိန့်အရသော် လည်းကောင်း မဟုတ်ဘဲ အထက်အရာရှိမှ တယ်လီဖုန်းဖြင့် ပြောကြား ချက်အရ စခန်းမှူးက ဒေါ်မမချေသို့ပြန်ပေးခဲ့ခြင်းမှာမှား ယွင်းကြောင်း ရဲလက်စွဲစာပိုဒ် ၁၅၉၇ အရလည်း ယင်းသို့ မဆောင်ရွက်နိုင်ကြောင်း ဆက်လက်တင်ပြထားသည်။

အထူး အယူခံလျှောက်ထားမှုကို လက်ခံ စဉ်းစားရန် သင့် မသင့် ချင့်ချိန်ရာ၌ ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော်လည်း ယင်းပစ္စည်းကို အမှုစွဲတင်သည့်အခါ တရားရုံးသို့ တင်ပို့ခြင်း မပြုလျှင် အဆိုပါ ပစ္စည်းကို တရားရုံးက စီမံခန့်ခွဲပိုင်ခွင့် ရှိ မရှိ ဆိုသော အချက်နှင့် ရှာဖွေ ပုံစံဖြင့် သိမ်းဆည်းထားသော ပစ္စည်းကို တရားရုံးသို့ အမှု စွဲမတင်မီ မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စီမံခန့်ခွဲသည့် အမိန့်ချမှတ်ပြီး ဖြစ်လျှင် အဆိုပါ ပစ္စည်း အပေါ် တရားရုံးက အမှု ပြီးဆုံးသည့်အခါ အမိန့်ချမှတ်၍ အဆုံးအဖြတ်ပေးရန် လိုအပ်မှု ရှိ-မရှိ ဆိုသော အချက် နှစ်ရပ်ကို သုံးသပ်ရန် ရှိပေသည်။

ဒေါ်မမချေက ၎င်း၏ ရွှေထည် ပစ္စည်းများ ထည့်ထားသည့် ပိုက်ဆံ အိတ် ခါးပိုက်နှိုက်ခံရကြောင်း တိုင်ကြားမှုကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၉ အရ အမှုဖွင့်ခဲ့သော်လည်း နောက်ပိုင်းတွင် ရဲက ပိတ်သိမ်းပြီး နောက် စခန်းမှူး ဦးခင်မြိုင်က ပန်းတောင်းမြို့နယ် တရားရုံးသို့ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ အရ အရေးယူပေးရန် တိုက်ရိုက်လျှောက်ထား ခဲ့ရာ ၁၂-၁၁-၈၆ နေ့တွင် ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၄၇၉/၈၆

---

(၁) ၁၉၈၄ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် တရား စီရင်ထုံးများ၊ စာ-၁၂။

၁၉၉၀
ဦးသိန်းလွင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၃)

အဖြစ် လက်ခံခဲ့သည်။ ထိုနေ့တွင်ပင် သက်သေခံ ပစ္စည်းများ ရရှိပြီးဖြစ်၍ အမှုအား ကျေအေးပေးရန် ဒေါ်မမချောက လျှောက်ထားခဲ့သဖြင့် တရားရုံးက ကျေအေးခွင့်ပြုပြီး တရားခံများကို အမှုမှ အပြီး အပြတ် လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရသည်။

၎င်းနောက် သက်သေခံ ရွှေချောင်းကို ရှာဖွေ ပုံစံဖြင့် အပ်ခဲ့သော ဦးသိန်းလွင်က ရွှေချောင်းကို ပြန်လည် ရရှိရန် လျှောက်ထားခဲ့သဖြင့် ပန်းတောင်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ အမှုသေး အမှတ် ၃/၈၇ ဖွင့်လှစ်၍ မြို့နယ် တရားရုံး၏ ဘိုလစ် မှတ်ပုံတင် အမှတ် (၃) နှင့် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၇၉/၈၆ အမှုတွဲတို့ကို ကြည့်ရှု လေ့လာပြီးနောက် သက်သေခံ ရွှေချောင်းကို အမှုတွဲတင်စဉ်က တရားရုံးသို့ ရဲစခန်းက တင်ပို့ခဲ့ခြင်း မရှိသောကြောင့် လျှောက်လွှာကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇၉/၈၆ တရားစွဲတင်ပို့ခဲ့စဉ်က အမှုတွဲတွင် သက်သေခံ ရွှေချောင်းကို အမှုစစ်ရဲအရာရှိက ရှာဖွေ ပုံစံနှင့် သိမ်းဆည်းခဲ့သော်လည်း တရားရုံးသို့ တင်ပြခဲ့ခြင်း မရှိချေ။ သို့အတွက် တရားရုံး၏ ဘိုလစ်မှတ်ပုံတင် (၃) တွင် မှတ်ပုံတင်ထားခဲ့မှု မရှိခြင်းဖြစ်ပေသည်။ ယင်းသို့ တရားရုံးတွင် ရွှေချောင်း မတင်ပြခဲ့ခြင်းနှင့် စပ်လျဉ်းပြီး ရဲစခန်းမှူး ဦးခင်မြင့်က ရဲပုံစံ-၃၂ တွင် မြို့နယ် ပြည်သူ့ ကောင်စီ၏ ၉-၇-၈၆ ရက်စွဲပါ စာအမှတ် ၂၆၅၂/၁/၁—၂၁-ပတ/၈၆အရ ဒေါ်မမချောက သက်သေ ခံပစ္စည်း အားလုံးကို လက်မှတ်ထိုး၍ လက်ခံရယူပြီး ဖြစ်သည်ဟု ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၃/၈၇ တွင် ထွက်ဆိုထားကြောင်း တရားရုံးချုပ်က သုံးသပ်ပြီး သက်ဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့ အစည်း၏ ဆောင်ရွက်ချက်ကို မကျေနပ်သူသည် စီမံခန့်ခွဲရေး နည်းအရ အထက်အဖွဲ့အစည်းသို့သာ တင်ပြသင့်ကြောင်း မှတ်ချက်ပြု၍ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့ခြင်း ဖြစ်ပေသည်။

ပဲခူးတိုင်း တရားရုံးကမူ ရုံးရှေ့သို့ရဲစခန်းက တင်ပို့ခဲ့ခြင်း မရှိသော်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁) နှင့် အငြိမ်းစား ဗိုလ်မှူးချုပ် တင်ဦး စီရင်ထုံးပါ လမ်းညွှန်ချက်များအရ ဦးသိန်းလွင်ထံမှ သိမ်းသွားသော ရွှေချောင်းကို မြို့နယ်တရားရုံးက ဥပဒေနှင့်အညီ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရသည်။

သို့အတွက် အမှုနှင့် စပ်လျဉ်းသော ပစ္စည်းကို ရဲကရှာဖွေ ပုံစံနှင့် သိမ်းဆည်းခဲ့ပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း မပြုရသေးလျှင် ယင်းပစ္စည်းကို တရားရုံးသို့ တင်ပို့ခြင်း မပြုသော်လည်း အမှု ပြီးဆုံးသည့် အခါ တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ (၁) အရ

၁၉၉၀
ဦးသိန်းလွင်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

စီမံခန့်ခွဲနိုင်ခြင်းမှာ အပြင်းပွားရန် အကြောင်း မရှိချေ။ (ဦးဗိုတ်ကောင်း၊ ဒေါ်ခင်ခင်နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အမှု)[၂] တွင်လည်း အလားတူ ဆုံးဖြတ်ထားပြီး ဖြစ်ပေသည်။ သို့ရာတွင် ဤအမှု၌ ရဲက ရှာဖွေပုံစံနှင့် သိမ်းဆည်းခဲ့ပြီး တရားရုံးရှေ့သို့ မတင်ပြရုံမျှမကဘဲ သက်သေခံပစ္စည်း ရွှေချောင်းကို ပန်းတောင်းမြို့နယ် ပြည်သူ့ကောင်စီ၏ အမိန့်ဖြင့် ဒေါ်မမချေသို့ ပြန်လည်ပေးအပ်ခဲ့ပြီးကြောင်း ပေါ်လွင်နေသည်။ သို့အတွက် ရဲပုံစံ ၃၂ တွင် ဒေါ်မမချေက လက်ခံရရှိပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပေသည်။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၇၉ (ထ) အရ တရားရုံးရှေ့သို့တင်ပြခြင်းမပြုရသေးသော သိမ်းဆည်းထားသည့် ပစ္စည်းများကို စီမံခန့်ခွဲနိုင်ခွင့်လည်းရှိနေပေသည်။

သို့အတွက် သက်သေခံရွှေချောင်းကို မြို့နယ်ပြည်သူ့ကောင်စီ၏ စီမံခန့်ခွဲရေးနည်းအရ ဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် တရားရုံးက ထပ်မံ၍ တရားစီရင်ရေးလမ်းကြောင်းအရ ဆုံးဖြတ်ရန် မလိုအပ်သောကြောင့် ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သော တရားရုံးချုပ်၏ အမိန့်မှာ မှားယွင်းမှုမရှိချေ။

ချုပ်၍ကြည့်လျှင် တရားရုံးချုပ်ဖြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၉ (ခ) ၇၇ တွင် ချမှတ်ခဲ့သော အမိန့်နှင့် စပ်လျဉ်း၍ အထူး အယူခံခွင့်ပေးပြီး ကြားနာလောက်သည့် ပြဿနာ ပေါ်ပေါက်ခြင်း မရှိသောကြောင့် ဤအထွေထွေလျှောက်လွှာကို ပယ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

---

(၂) ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် တရားစီရင်ထုံးများ၊ စာ-၁၆။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်း နှင့်

ဦးကျော်ဝင်းတို့ရှေ့တွင်

† ၁၉၉၀ မေလ ၁၁ ရက်

ဒေါက်တာ အောင်ကျော်ဇင် ပါ (၂)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ (၂)*

**နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ်– ၄/၈၉ စာပိုဒ် ၅,၆– ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှု မပိတ်သိမ်းလိုကြောင်း လျှောက်ထားခွင့်– ကိုယ်တိုင် ထိခိုက်နစ်နာသူများတွင်ပါသော ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့သည်အစီအစဉ်အတိုင်းသာလျှင် လျှောက်ထား ခွင့်ရှိသည်ဟု တရားရုံးချုပ်က အနက်အဓိပ္ပါယ် ထပ်မံဖွင့်ဆိုခွင့်မရှိခြင်း။**

ဆုံးဖြတ်ချက်။ ။တရားရုံးက ပိတ်သိမ်းခဲ့ပြီးဖြစ်သည့်အမှုကို ၂၂-၉-၈၉ နေ့နောက်ဆုံးထား၍ ကိုယ်တိုင်ထိခိုက်နစ်နာသူ က အမှုပိတ်သိမ်းခြင်း မပြုလိုလျှင် သက်ဆိုင်ရာတရားရုံးတွင် မပိတ်သိမ်း လိုကြောင်းကို လျှောက်ထားခွင့်ရှိသည်ဟု နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ စာပိုဒ် ၅ ၏ ဒုတိယဝါကျတွင်ပါရှိသည်။ ၎င်းအပြင် ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုရာတွင် နစ်နာသူ၏ တရားဝင် ဇနီး၊ ခင်ပွန်းနှင့်သားသမီးတို့ကိုသာဆိုကြောင်း စာပိုဒ် ၆တွင် တိတိကျကျ ဆက်လက် ပါရှိသဖြင့် ယင်းစကားရပ်အတိုင်းသာ တရားရုံးက မှတ်ယူရန်ရှိပေသည်။ စာပိုဒ် ၆ တွင် ပါသော ဇနီး၊ ခင်ပွန်း နှင့် သားသမီး တို့သည် အစီအစဉ်အတိုင်းသာလျှင် ကိုယ်တိုင်ထိခိုက်နစ်နာသူများအဖြစ် ရပ်တည်မှုရှိသည်ဟု တရားရုံးချုပ်က အနက်အဓိပ္ပာယ် ထပ်မံဖွင့်ဆိုခွင့် မရှိချေ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေ အမှတ် ၂/၈၈ အရ ထုတ်ပြန်ထားသည့် တရားစီရင်ရေးဥပဒေ အခန်း (၄) စာပိုဒ် ၄ တွင် ပါရှိသော အာဏာများတွင်လည်း ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော

---

* ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၁၈(ခ)

† ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၂၉၆ တွင် ချမှတ်သော (၃-၈-၈၉) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု

စကားရပ်များ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည့် အာဏာကို တရားရုံးချုပ်သို့ အပ်နှင်းထားခြင်းမရှိပေ။

၁၉၉၀
ဒေါက်တာအောင်ကျော်ဇင် ပါ(၂) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ(၂)

လျှောက်ထားသူများအတွက် — ဦးမြင့်အောင်၊ တရားရုံးချုပ် ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးမြညိမ်း၊ ဥပဒေအရာရှိ အဆင့် (၁)

၂။ ဦးစိန်ဝင်း (မြင်းခြံ)၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးတင်အေး

ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၉၆/၈၈ အား ၂၀-၇-၈၉ နေ့စွဲပါ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏ စာပိုဒ် ၅နှင့်၇ တို့အရ ၂၃-၇-၈၉ နေ့တွင် ပိတ်သိမ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)နှင့် ၃၂၅ တို့အရ တရားစွဲဆိုခံထားရသည့် တရားခံများအား အမှုမှ လွှတ်ခဲ့သည်။ ၎င်းနောက် တရားလို မသန်းမြင့်က အမှုပြန်လည်ဖွင့်လှစ်ပေးရန် ၁-၈-၈၉ နေ့တွင် လျှောက်ထားခဲ့ခြင်းကို ခွင့်ပြု၍ ရောက်ရှိနေသည့်အဆင့်ကပင် ဆက်လက်ဆောင်ရွက်သွားရန် အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ ဒေါက်တာ အောင်ကျော်ဇင် နှင့် ညီအောင်ကျော်စိုးတို့က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကိုတင်သွင်းသည်။

အမှုမှာ လမ်းမတော်မြို့နယ် အမှတ် ၈၇၊ ၁၄ လမ်းနေ မသန်းမြင့်က ၂၂-၁၀-၈၆ နေ့ (၂၂၀၀)နာရီ အချိန်တွင် သူ၏ဖခင်ဖြစ်သူ ဦးကျင်ဆွေအား အမှတ် ၈၀၊ ၁၄ လမ်းနေ ဦးယုံကြည်က ကားသွင်းရာတွင် မလွှတ်၍ ကားဖယ်ခိုင်းရာမှ ရိုက်နှက်ခဲ့သည့်အပြင် ဦးယုံကြည်၏သားများဖြစ်ကြသော အောင်ကျော်ဇင်တို့ ညီအစ်ကိုနှစ်ယောက်ကပါ ဝင်ရောက်ရိုက်နှက်ကြသောကြောင့် ဖခင်ဦးကျင်ဆွေနှင့် မောင်ငယ် မောင်အောင်မြင့်တို့မှာ ဒဏ်ရာများရကြောင်း မသန်းမြင့်က တိုင်ကြားခဲ့သည့်အမှု ဖြစ်သည်။ အမှုဖွင့်ပြီးနောက် ဦးကျင်ဆွေမှာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်။

အမှုပြန်လည်ဖွင့်လှစ်ရန် ချမှတ်ခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပေးသင့်ကြောင်း လျှောက်ထားသူများ၏ အကျိုးဆောင်မှ အဓိကထား၍တင်ပြရာ၌ သေဆုံးသူ ဦးကျင်ဆွေတွင် ဇနီးဒေါ်လှမြင့်ရှိနေသဖြင့် ဒေါ်လှမြင့်ကသာ အမှုပြန်လည်ဖွင့်လှစ်ပေးရန် လျှောက်ထားနိုင်

၁၉၉၀
ဒေါက်တာ
အောင်ကျော်
ဇင် ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၂)

ခွင့်ရှိကြောင်း စီရင်ထုံးများကို ကိုးကားတင်ပြသွားသည့်အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉၏ စာပိုဒ် ၆ အရလည်း သေသူ၏ဇနီး ဒေါ်လှမြင့်က သေသူ၏သမီး မသန်းမြင့်ထက် သာလွန်၍ အမှုပြန်ဖွင့်ပေးရန် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ပေါ်လွင်သဖြင့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းနေကြောင်း တင်ပြထားသည်။ ၎င်းအပြင် အမိန့်အမှတ် ၄/၇၉ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ခြင်း၏ အဓိက ရည်ရွယ်ချက် မှာ တရားခံများအပေါ် သက်ညှာလိုသော ဆန္ဒထားရှိခြင်း ဖြစ်သောကြောင့် ဆရာဝန်တစ်ဦးဖြစ်သော အောင်ကျော်ဇင်နှင့် ညီအောင်ကျော်စိုးတို့မှာ ဖြစ်ချက်ဟောင်းမရှိခဲ့သော လူငယ်များဖြစ်ကြခြင်း၊ ဖခင်နှင့်ဖြစ်ပွားခဲ့သော ကိစ္စတွင် စိတ်မထိန်းနိုင်ဘဲ ပါဝင်ခဲ့မှုသာဖြစ်ခြင်း အစရှိသော အချက်များကို ထည့်သွင်းစဉ်းစားသင့်ကြောင်းကိုပါ တင်ပြထားသည်။

အချင်းဖြစ်ပွားခဲ့သောကိစ္စရပ်အတွက် နှစ်ဘက်စလုံးက ရဲစခန်းတွင် အပြန်အလှန်မှုများ ဖွင့်လှစ်တိုင်ကြားခဲ့သဖြင့် တစ်ရုံးတည်းတွင် စစ်ဆေးကြားနာဆဲ ဖြစ်ပေသည်။

ဤအမှုတွင် အဓိကစဉ်းစားရမည့် အချက်မှာမူလကတရားလို ပြုလုပ်တိုင်တန်းခဲ့သော သေသူ ဦးကျောင်ဆွေ၏သမီး မသန်းမြင့်က အမှုပြန်လည်ဖွင့်လှစ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင် မသန်းမြင့်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၂၀-၇-၇၉ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ် ၄/၇၉၏ စာပိုဒ်၆ ပါ 'ကိုယ်တိုင် ထိခိုက်နစ်နာသူ' ဆိုသောစကားရပ်တွင် အကျုံးဝင်မှုရှိမရှိသော အချက်ဖြစ်သည်။ အဆိုပါ အပိုဒ် ၆ တွင် အောက်ပါအတိုင်းပါရှိသည်–

> ''၆။ ကိုယ်တိုင် ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူ၏ တရားဝင် ဇနီး၊ ခင်ပွန်းနှင့် သားသမီး တို့ကိုသာ ဆိုသည်။''

သို့ဖြစ်ရာ သေသူ၏သမီး မသန်းမြင့်မှာ ပိတ်သိမ်းခဲ့သည့် အမှုအား ပြန်လည်ဖွင့်လှစ် စစ်ဆေးပေးရန် လျှောက်ထားနိုင်ခွင့်ရှိသူများတွင် ပါဝင်နေသည်သာ ဖြစ်ပေသည်၊

ယင်းသို့ စာပိုဒ် ၆ တွင် နစ်နာသူ၏ သားသမီး ပါဝင်သည်မှာ မှန်သော်လည်း နစ်နာသူ၏ဇနီး ဒေါ်လှမြင့်ရှိနေသဖြင့် မသန်းမြင့်သည် နစ်နာသူမဟုတ်ကြောင်း လျှောက်ထားသူများ၏ အကျိုးဆောင်က

၁၉၉၀
ဒေါက်တာ
အောင် ကျော်
ဇင် ပါ (၂)
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၂)

(မောင်မြဟန် ပါ–၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု)[၁] နှင့် (ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဒေါက်တာပြည့်စိုးနှင့် ဒေါ်တင်တင် အမှု)[၂] ကို ရည်ညွှန်းကိုးကား တင်ပြထားသည်ကို တွေ့ရသည်။

မောင်မြဟန်ပါ–၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှုတွင် ပါရှိသော ပြဿနာမှာ ၁–၄–၆၃ နေ့စွဲဖြင့် နိုင်ငံတော် တော်လှန်ရေးကောင်စီက ထုတ်ပြန်ခဲ့သော အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် အပိုဒ် ၁ ၏ စာပိုဒ်ခွဲ (၂) တွင်ပါသော ''ကိုယ်တိုင် ထိခိုက်နစ်နာခြင်းခံရသည်မှာ တိုင်ကြားသူ''ဆိုသည့် စကားရပ်ကို အထူး ရာဇဝတ် အယူခံရုံးက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်း ဖြစ်ပေသည်။ အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် ၎င်းကိုယ်တိုင် ထိခိုက်နစ်နာခြင်းခံရသည်ဟု မိမိ၏ အခွင့်အရေးကို သုံးစွဲလျက် တိုင်ကြားသူနှင့်စပ်လျဉ်း၍ အငြင်းပွားမှုကိုသာ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း ဖြစ်သည်၊ ၁၉–၈–၅၇ နေ့၌ ကျေးရွာကာကွယ်ရေးအဖွဲ့ဝင် မောင်မြဟန်က သေနတ်ဖြင့်ပစ်သတ်၍ မတင်လှ သေဆုံးခဲ့ရသောကိစ္စအတွက် ၁၆–၄–၆၃ နေ့တွင်မှ သေသူ မတင်လှ၏ အစ်မ မအေးသန်းက ရဲစခန်းတွင်တိုင်ကြားခဲ့ခြင်းမှာ မတင်လှ၏ခင်ပွန်း မောင်ခင်ရှိန် ရှိနေပါလျက် မောင်ခင်ရှိန်က အမှုဖွင့်တိုင်ကြားခဲ့မှု မရှိသောကြောင့် တရားခံမောင်မြဟန်မှာ နိုင်ငံတော်တော်လှန်ရေးကောင်စီ၏ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်တွင် လုံးဝအကျုံးဝင်နေသည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဒေါက်တာပြည်စိုးနှင့် ဒေါ်တင်တင်အမှုမှာလည်း မောင်မြဟန် စီရင်ထုံးကိုအမှီပြုလျက် လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ ဝိတ်ငြိမ်းလျှော်ငြိမ်းချင်း ကိုယ်တိုင်ထိခိုက်နစ်နာသူက တိုင်ကြားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ထားခြင်းဖြစ်ပေသည်။ ယင်းသို့ဆုံးဖြတ်ရခြင်းမှာ နိုင်ငံတော် တော်လှန်ရေးကောင်စီ၏ ၁–၄–၆၃ နေ့စွဲပါ အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်တွင် ဝိတ်ငြိမ်းအမှုကို ပြန်လည်ဖွင့်လှစ်ရန် လျှောက်ထားမှုများအတွက် ရှင်းလင်းစွာပြဆိုထားမှု မပါဝင်ခဲ့သော ကြောင့် ဖြစ်သည်။

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့)၊ စာ–၈၁။

၂။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်၊ စုံညီခုံရုံး)၊ စာ–၁၀၇၅။

၁၉၉၀
ဒေါက်တာ အောင်ကျော် ဇင် ပါ(၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

ယခု အငြင်းပွားသည့်ကိစ္စမှာ ယင်းသို့တိုင်ကြားသူနှင့် စပ်ဆိုင်ခြင်းမရှိချေ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အမိန့်အမှတ် ၄/၈၉ စာပိုဒ် ၅ ၏ ပထမဝါကျအရ တရားရုံးက ပိတ်သိမ်းခဲ့ပြီးဖြစ်သောအမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် လျှောက်ထားနိုင်ခွင့်ရှိသော ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုသည့် စကားရပ်နှင့်သာ စပ်ဆိုင်နေသည့် ပြဿနာသာဖြစ်သည်။

၎င်းအချက်နှင့် စပ်လျဉ်းပြီး တရားရုံးက ပိတ်သိမ်းခဲ့ပြီးဖြစ်သည့် အမှုကို ၂၂-၉-၈၉ နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်းမပြုလိုလျှင်သက်ဆိုင်ရာတရားရုံးတွင် မပိတ်သိမ်းလိုကြောင်းကိုလျှောက်ထားခွင့်ရှိသည်ဟု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ စာပိုဒ် ၅ ၏ ဒုတိယဝါကျတွင် ပါရှိသည်။ ၎င်းအပြင် ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုရာတွင်နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာ ဆိုကြောင်း စာပိုဒ် ၆ တွင် တိတိကျကျ ဆက်လက်ပါရှိသဖြင့် ယင်းစကားရပ်အတိုင်းသာ တရားရုံးက မှတ်ယူရန်ရှိပေသည်။ စာပိုဒ် ၆ တွင် ပါသော ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့သည် အစီအစဉ်အတိုင်းသာလျှင် ကိုယ်တိုင်ထိခိုက်နစ်နာသူများအဖြစ် ရပ်တည်မှုရှိသည်ဟု တရားရုံးချုပ်က အနက်အဓိပ္ပါယ် ထပ်မံ ဖွင့်ဆိုခွင့် မရှိချေ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဥပဒေအမှတ် ၂/၈၈ အရ ထုတ်ပြန်ထားသည့် တရားစီရင်ရေးဥပဒေ အခန်း(၄) စာပိုဒ် ၄ တွင်ပါရှိသော အာဏာများတွင်လည်း ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော စကားရပ်များ၏ အနက်အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည့် အာဏာကို တရားရုံးချုပ်သို့ အပ်နှင်းထားခြင်း မရှိပေ။

ထို့အတွက် အဆိုပါ နိုင်ငံတော် တော်လှန်ရေးကောင်စီကထုတ်ပြန်ခဲ့သည့်အတွေ့ထွေလွှတ်ငြိမ်းချမ်းသာခွင့်တွင်ပါဝင်သော "ကိုယ်တိုင်ထိခိုက်နစ်နာခြင်းခံရသည်ဟု တိုင်ကြားသူ" ဆိုသော စကားရပ်၏ အဓိပ္ပါယ်နှင့် ယခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏စာပိုဒ် ၆ ပါ "ကိုယ်တိုင်ထိခိုက်နစ်နာသူ" ဆိုသည့် စကားရပ်တို့မှာ တူညီခြင်းမရှိသဖြင့် လျှောက်ထားသူများ တင်ပြသော စီရင်ထုံးများအတိုင်း အဓိပ္ပါယ်ကောက်ယူရန် မလိုအပ်ချေ။

၎င်းအပြင် အမိန့် အမှတ် ၄/၈၉ ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့မှ တရားရုံးများက ပြစ်ဒဏ် သတ်မှတ် စီရင်ခြင်း ခံထားရသော နိုင်ငံသားများနှင့် ပြစ်မှုဖြင့် စစ်ဆေးခြင်း ခံနေရသော နိုင်ငံသားများအပေါ် သက်ညှာစွာ စဉ်းစားရန် ရည်ရွယ်၍ ထုတ်ပြန်ကြောင်း ယင်း အမိန့်၏စာပိုဒ် ၁ တွင် ပါရှိသည်မှာ မှန်သော်လည်း လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးအား ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ ပုဂ္ဂလိက

ပိုင် ပစ္စည်းဆုံးရှုံး နစ်နာသည့် ပြစ်မှုများကို ပိတ်သိမ်းရန် မရည်ရွယ်ကြောင်း အဆိုပါ စာပိုဒ် ၅ ၏ ဒုတိယဝါကျတွင် အတိအလင်း ပါရှိနေသည်၊ တစ်နည်းဆိုသော် ပြစ်မှုဆိုင်ရာ အမှုများ အားလုံးကို သင်ပုန်းချေ၍ ပိတ်သိမ်းရန် ရည်ရွယ်ခဲ့ခြင်းမဟုတ်ကြောင်း ထင်ရှားသည်။

၁၉၉၀ ဒေါက်တာ အောင်ကျော် ဇင် ပါ(၂) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၂)

နိုင်ငံတော်အတွက် လိုက်ပါ ဆောင်ရွက်သော ဥပဒေအရာရှိကလည်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ ၏ စာပိုဒ် ၆ တွင် ကိုယ်တိုင် ထိခိုက်နစ်နာသူ ဆိုသည့် စကားရပ်၌ ဇနီးမရှိမှသာလျှင် သားသမီးက အမှုပြန်ဖွင့်ပေးရန် လျှောက်ထားနိုင်သည်ဟု ဖော်ပြထားခြင်း မရှိ၍ မသန်းမြင့်က အမှုပြန်ဖွင့်ပေးရန် လျှောက်ထားမှုသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း ရှေးသားတင်ပြ လျှောက်လဲသွားသည်။

ထို့ကြောင့် ဖခင် အရိုက်ခံရမှုအတွက် အချင်းဖြစ်စဉ်က ၎င်း တစ်ဦးတည်းသာ နေအိမ်၌ ရှိနေခဲ့သော သမီး မသန်းမြင့်က ရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းခဲ့သောအမှုတွင် မသန်းမြင့်က ယင်းအမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားမှုမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ ၏ စာပိုဒ် ၅ နှင့် ၆ တို့တွင် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီကြောင်း သုံးသပ်၍ အမှုကို ပြန်ဖွင့်ပြီး လက်ရှိ ရောက်နေသည့် အဆင့်မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချမှတ်ခဲ့သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဤ ပြင်ဆင်မှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့်ရှေ့တွင်

† ၁၉၉၀
မတ်လ ၆-ရက်

ဦးအောင်မြင့် ပါ(၄)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် *

တရားရုံးကနောက်တိုးတရားခံများအဖြစ် သတ်မှတ်ရန်မလိုကြောင်း အမိန့်ချမှတ်ထားပြီးသူများအပေါ် ရဲစွဲချက်အသစ်ဖြင့် အမှုသစ်ဖွင့်လှစ် စစ်ဆေးနေခြင်းမှာ တရားစီရင်ရေးယန္တရားကို မတရားအသုံးပြုရာရောက်ခြင်း။

**ဆုံးဖြတ်ချက်။** ။ယခု အမှုတွင် လျှောက်ထားသူ ဦးအောင်မြင့် ပါ (၄) ဦးတို့မှာ တရားလို ဦးညီမောင် တိုင်ကြားခဲ့သော အမှုနှင့် စပ်လျဉ်းပြီး ရဲစွဲချက်အရ တရားခံသိန်းထွန်း ပါ (၁၀) ဦးတို့နှင့် အတူ နောက်တိုး တရားခံများအဖြစ် သတ်မှတ်ရန် မလိုအပ်ကြောင်း တွဲဖက် မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စု) တရားရုံးက အမိန့်ချမှတ်ထားပြီး ဖြစ်သည့် အခြေအနေတွင် ၎င်းတို့ (၄) ဦးအပေါ် အမှုသစ် ဖွင့်လှစ် စစ်ဆေး နေခြင်းမှာ တရားရုံးအနေဖြင့် တရားစီရင်ရေး ယန္တရားကို မတရား အသုံးပြုရာရောက်ကြောင်း ပေါ်လွင်နေသည်။ ဤ အမှုမျိုးကို ခွင့်ပြုမည်ဆိုလျှင် ဥပဒေနှင့်အညီ တရားရုံးအဆင့်ဆင့်က ချမှတ်ထားသည့် အမိန့်များကို မသိကျိုးကျွန်ပြု၍ တရားစွဲအဖွဲ့အစည်းက ရဲစွဲချက် အသစ်များဖြင့် အကြိမ်ကြိမ် တရားစွဲဆိုမှုကို ခွင့်ပြုရာရောက်နေမည်ဖြစ်ပေသည်။

လျှောက်ထားသူများအတွက် — ဒေါ်သန်းသန်း၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးတင်ရွှေ၊ ဥပဒေ အရာရှိအဆင့် (၁)

တရားရေးအကြံပေး — ဦးတင်အေး

---

* ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၅၃

၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်၊ ၈၄၃၊ မြစ်သား မြို့နယ် တရားရုံး အမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန်လျှောက်ထားမှု

၁၉၉၀
ဦးအောင်မြင့် ပါ(၄) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်

မြစ်သားမြို့နယ် တရားရုံး။ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၄၃/၈၉ တွင် ၁၉၇၀ ခုနှစ်၊ သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား ၂၊ စာတိုင် (၆)၊ (၁၀)၊ (၂၀)နှင့်(၂၁)တို့အရ တရားစွဲဆိုခြင်း ခံနေရသော ဦးအောင်မြင့် ပါ ၄ဦးတို့က အဆိုပါ အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် တင်သွင်းလာသည့် လျှောက်လွှာဖြစ်သည်။

အမှုမှာ အရေးအခင်းကာလအတွင်းက မြစ်သားမြို့နယ် သမဝါယမ ပွဲရုံလုပ်ငန်းနှင့် ဝယ်ဖြန့်လုပ်ငန်း အသင်းပိုင် ပစ္စည်းများကို တရားဝင် ခွင့်ပြုချက် မရှိဘဲ ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များနှင့် သံဃာ အဖွဲ့တို့မှ ထုတ်ယူ ရောင်းချ အသုံးပြုကြပြီးနောက် ပြန်လည် ပေးသွင်းထားသည့် တန်ဖိုးနှင့် ကွာခြားနေသည်ဟု ဆိုကာ အသင်း၏ ဒုဥက္ကဋ္ဌ (၂) ဦးညီမောင်က တရားလိုပြုလုပ်၍ မြစ်သားရဲစခန်းတွင် တိုင်ကြားခဲ့သည့် အမှုဖြစ်သည်။

ဦးညီမောင်၏ တိုင်ကြားချက်အရ မြစ်သားမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၄၅/၈၈ တွင် တရားခံသိန်းထွန်း ပါ (၁၈)ဦး တို့ အား မြို့နယ်တရားရုံးက လက်ခံစစ်ဆေးခဲ့ပြီးဖြစ်သည့် အပြင် အဆိုပါ အမှုတွင် ယခုလျှောက်ထားသူ ဦးအောင်မြင့် ပါ (၄) ဦးတို့အား ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) အရ နောက်ထပ် တရားခံများအဖြစ် ထည့်သွင်းသည့် ၁၄-၂-၈၉ နေ့စွဲပါ အမိန့်ကိုချမှတ် ခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် အဆိုပါ အမိန့်ကို တွဲဖက် မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စု) တရားရုံးက ၃၀-၃-၈၉ နေ့စွဲဖြင့် ပယ်ဖျက်ခဲ့ပြီး ဖြစ်သဖြင့် ဦးအောင်မြင့် ပါ (၄) ဦးတို့အား နောက်ထပ် တရားခံများ-အဖြစ် ထည့်သွင်းရန်မလိုအပ်ကြောင်း တွဲဖက်မန္တလေးတိုင်း (ကျောက် ဆည်မြို့နယ်စု) တရားရုံး၏ အမိန့်မှာ တည်မြဲလျက်ရှိနေကြောင်း၊ ယင်း အမိန့်ကို တရားလိုဖြစ်သူ ဦးညီမောင်ကဖြစ်စေ၊ နိုင်ငံတော် အတွက် လိုက်ပါဆောင်ရွက်သည့် ဥပဒေအရာရှိကဖြစ်စေ ပြင်ဆင် ပယ်ဖျက်နိုင်ရန် အတွက် တရားရုံးချုပ်သို့ တင်သွင်းခြင်း မရှိပါဘဲလျက် ယခုကဲ့သို့ ဦးအောင်မြင့် ပါ (၄) ဦးတို့အား မြစ်သားမြို့နယ် တရားရုံးတွင် ပြစ်မှု ဆိုင်ရာ အမှုကြီးအမှတ် ၈၄၃/၈၉ အဖြစ် အသစ် ထပ်မံစွဲဆို တင်ပို့ ခဲ့ခြင်းကို လက်ခံစစ်ဆေးနေခြင်းမှာ မှားယွင်းကြောင်း ဦးအောင်မြင့် ပါ (၄) ဦး တို့၏ အကျိုးဆောင်က တင်ပြထားသည်။

အချင်းဖြစ်ပွားသော ကိစ္စအတွက် အသင်း၏ ဒုဥက္ကဋ္ဌ (၂) ဦးညီ မောင်၏ တိုင်ကြားချက်အရ မြစ်သားမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၄၅/၈၈ အဖြစ် လက်ခံပြီး တရားခံ သိန်းထွန်းပါ

၁၉၉၀
ဦး အောင်မြင့် ပါ (၄) နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံ တော်

(၁၈)ဦးတို့အပေါ် သမ၀ါယမအသင်း ဥပဒေအရ စစ်ဆေးခဲ့ပြီး ဖြစ်ပေသည်။ အဆိုပါအမှုတွင် ဦးအောင်မြင့်ပါ (၄) ဦးတို့ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၀ (၁) (ဂ) အရ နောက်တိုး တရားခံများအဖြစ် မြို့နယ်တရားရုံးက သတ်မှတ်၍ အမိန့် ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို ဦးအောင်မြင့်ပါ (၄) ဦးတို့က မကျေနပ်၍တွဲဖက်မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စု) တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ရာ မြို့နယ် တရားရုံး၏ အမိန့်ကို ၃၀-၃-၈၉ နေ့တွင် ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ သို့အတွက် လက်ရှိ အခြေအနေတွင် ဦးညီမောင်၏ တိုင်ကြားချက်နှင့်စပ်လျဉ်းပြီး ဦးအောင်မြင့်ပါ (၄) ဦးတို့အား တရားခံများအဖြစ် သတ်မှတ်ရန်မလိုအပ်ကြောင်း တွဲဖက်တိုင်းတရားရုံး၏ အမိန့်မှာ အတည်ဖြစ်လျက် ရှိနေပေသည်။

အဆိုပါ တိုင်းတရားရုံး၏အမိန့်ကို တရားလိုဖြစ်သူ အသင်း၏ဒုဥက္ကဋ္ဌ (၂) ဦးညီမောင်ကဖြစ်စေ၊ ဥပဒေအရာရှိကဖြစ်စေ မကျေနပ်ကြောင်း အဆိုပြုလျက် တရားရုံးချုပ်သို့ ပြင်ဆင်မှု တစ်စုံတစ်ရာ တင်သွင်းခဲ့ခြင်း မရှိချေ။ ယင်းသို့ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ မူလ တရားစွဲဆိုတင်ပို့ပြီးနောက် တစ်နှစ်နီးပါးမျှ ကြာသည့်အချိန်ရောက်မှ ရဲစခန်းက မူလအမှုတွင်ပါရှိသော ဦးညီမောင်၏ သတင်းပေးချက် မိတ္တူမှန်ဖြင့် လျှောက်ထားသူ ဦးအောင်မြင့် ပါ (၄) ဦးတို့အပေါ် စွဲချက် ပြုလုပ်၍ အမှုသစ်အဖြစ် ထပ်မံတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲ ချေဖျက်ပေးရန် တင်သွင်းသည့် လျှောက်လွှာများကို တရားရုံးချုပ် အနေဖြင့် အလွယ်တကူ ခွင့်ပြုလေ့မရှိသော်လည်း အမှုတွဲအား သာမန်ကြည့်ရုံမျှနှင့်ပင် တရားခံများအပေါ် စွပ်စွဲထားခြင်းမှာ မဓာရားသဖြင့် ကျရောက်နေပြီး ပြစ်မှုဆိုင်ရာ တရားစီရင်ရေးယန္တရားကို အလွဲသုံးစား ပြုလုပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြင်သာနေလျှင် ယင်းအမှုကို ပယ်ဖျက်ပေးရမည် ဖြစ်ပေသည်။ (စောသာဦး နှင့် မဒေးသီအမှု)[၁]ကို ရည်ညွှန်းသည်။

ယခုအမှုတွင် လျှောက်ထားသူဦးအောင်မြင့်ပါ (၄) ဦးတို့မှာ တရားလို ဦးညီမောင်တိုင်ကြားခဲ့သော အမှုနှင့်စပ်လျဉ်းပြီး ရဲစွဲချက်အရ တရားခံသိန်းထွန်းပါ (၁၈) ဦးတို့နှင့်အတူ နောက်တိုးတရားခံများအဖြစ် သတ်မှတ်ရန် မလိုအပ်ကြောင်း တွဲဖက်မန္တလေးတိုင်း (ကျောက်ဆည်မြို့နယ်စု) တရားရုံးက အမိန့်ချမှတ်ထားပြီးဖြစ်သည့်အခြေအနေတွင် ၎င်းတို့ (၄) ဦး

၁။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်) စာ-၁၇၉။

အဲဒီပေါ် အမှုသစ် ဖွင့်လှစ်စစ်ဆေးနေခြင်းမှာ တရားရုံးအနေဖြင့်တရားစီရင်ရေးယန္တရားကို မတရားအသုံးပြုရာ ရောက်ကြောင်း ပေါ်လွင်နေသည်။ ဤအမှုမျိုးကို ခွင့်ပြုမည်ဆိုလျှင် ဥပဒေနှင့်အညီ တရားရုံး အဆင့်ဆင့်က ချမှတ်ထားသည့် အမိန့်များကို မသိကျိုးကျွန်ပြု၍ တရားစွဲအဖွဲ့အစည်းက ရဲစွဲချက်အသစ်များဖြင့် အကြိမ်ကြိမ် တရားစွဲဆိုမှုကို ခွင့်ပြုရာ ရောက်နေမည် ဖြစ်ပေသည်။ 1990 ဦးအောင်မြင့် ပါ(၄) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဤအတွက် ဤလျှောက်ထားမှုကို ခွင့်ပြု၍ မြစ်သားမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၀၄၃/၀၉ အမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး

တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊
ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့ရှေ့တွင်

† ၁၉၉၀
ဒီဇင်ဘာလ
၂၄-ရက်

မောင်အုန်းတင်
ပြည်ထောင်စု မြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မောင်အုန်းတင်

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ– ပြစ်မှုနှစ်ရပ် ထပ်မံ ဖြည့်စွက်ပြဋ္ဌာန်းခြင်း– ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁– ပုဒ်မနှစ်ခုတို့တွင် အကျုံးဝင်သော ပြုလုပ်မှုတစ်ခုတည်းအတွက် ပြစ်ဒဏ်တစ်ခုထက်ပို၍ ချမှတ်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ အယူခံတရားလို၏ ရှေ့နေတင်ပြသော ရန်စံလင်း (ခ) ကျော်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် * အမှုကို ဆုံးဖြတ်စဉ်က တည်ဆဲဥပဒေနှင့် ယခုအမှုဖြစ်ပွားစဉ်က တည်ဆဲဥပဒေတို့သည် ခြားနားမှုရှိသည်ကို အယူခံ တရားလို၏ ရှေ့နေအနေဖြင့် သတိထားမိဟန် မတူချေ။ ရန်စံလင်းအမှုဖြစ်ပွားစဉ်က မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးကို ရောင်းချခြင်း၊ရောင်းချရန် အားထုတ်ခြင်း၊ သို့တည်းမဟုတ် ရောင်းချရန် ပူးပေါင်းကြံစည်ခြင်း အတွက်သာ ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါးများဥပဒေကို ၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ဖြင့် ပြင်ဆင်ရာတွင် မူးယစ်

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၇။

† ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၈၀၊၈၁ တို့တွင် ချမှတ်သော- (၉-၁၁-၉၀ / ၁၀-၁၁-၉၀) ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အယူခံမှု။

၁၉၉၀
မောင်အုန်းတင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
မောင်အုန်းတင်

ထုံထိုင်းသောဖြစ်စေတတ်သော ဆေးဝါးများရောင်းချခြင်းနှင့် စပ်လျဉ်း၍ အထက် ဖော်ပြပါ ပြစ်မှုများအပြင် မူးယစ်ထုံထိုင်း သောဖြစ်စေတတ်သော ဆေးဝါးများကိုရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည့်အတွက် ပြစ်မှုတစ်ရပ်နှင့် ရောင်းချရန်အလို့ငှာ သယ်ယူ ပို့ဆောင်သည့်အတွက် ပြစ်မှုတစ်ရပ်ကို ဖြည့်စွက် ပြဋ္ဌာန်းခဲ့သည်။ ရန်စံလင်း အမှုတွင် ထုံးဖွဲ့သော စီရင်ထုံးသည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း သောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုနှင့် ပုဒ်မ ၇-က (ခ) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုများနှင့် မသက်ဆိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၄) ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> ''ဤပုဒ်မပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ကို မထိခိုက်စေရ။''

မောင်အုန်းတင်သည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း သောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) တို့တွင် အကျုံးဝင်သော ပြုလုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်ခဲ့သည်ဖြစ်ရာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ အရ ပြစ်ဒဏ် တစ်ခုထက်ပို၍ ချမှတ်ခွင့်မရှိချေ။ ထို့ကြောင့် မောင်အုန်းတင်အား ရှမ်းပြည်နယ် (လားရှိုး မြို့နယ်စု) တရားရုံး၊ ၁၉၈၈ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈၃ တွင် သီးခြားပြစ်ဒဏ် ၂ ရပ် ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့် အထင်အရှားဆန့်ကျင်သည်။

| | | |
|---|---|---|
| **အယူခံတရားလိုအတွက်** | – | ဒေါ်နန်းခမ်းအွမ်၊ တရားရုံးချုပ်ရှေ့နေ |
| | | ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| **အယူခံတရားခံအတွက်** | – | ဦးခင်အောင်၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| | | ဒေါ်နန်းခမ်းအွမ်၊ တရားရုံးချုပ်ရှေ့နေ |
| **တရားရေးအကြံပေး** | – | ဦးစိုးမြင့် |

၁၉၉၀
မောင်အုန်းတင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
မောင်အုန်းတင်

ရှမ်းပြည်နယ် (လားရှိုးမြို့နယ်စု) တရားရုံး၊ ၁၉၈၈ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈၃ တွင် အယူခံ တရားလို မောင်အုန်းတင်အား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်နှင့် ယင်း ဥပဒေပုဒ်မ ၇-က (ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ကို တစ်ပြိုင်တည်း ကျခံစေရန်လည်းကောင်း၊ အဆိုပါတရားရုံး၊ ၁၉၈၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၈၄ တွင် ယင်းဥပဒေပုဒ်မ ၆-က (ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန်လည်းကောင်း အမိန့် ချမှတ်ခဲ့သည်။ မောင်အုန်းတင်က အဆိုပါအမိန့်များကို မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၈၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈၀ နှင့် ၈၁ တို့တွင်အသီးသီး အယူခံဝင်ရာ တရားရုံးချုပ်က အယူခံမှုများကို အကျဉ်းနည်းဖြင့် ပလပ်လိုက်သောကြောင့်မောင်အုန်းတင်က တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၃၉ နှင့် ၄၀ တို့တွင် တရားရုံးချုပ်၏ အမိန့်များကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် အသီးသီး လျှောက်ထားရာ တရားရုံးချုပ်က အောက်ပါ ဥပဒေပြဿနာကို ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုလိုက်သည်—

> "မောင်အုန်းတင်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) အရ ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည်ဥပဒေနှင့် ညီညွတ်မှုရှိ-မရှိ။"

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) အရ မောင်အုန်းတင်အပေါ် ပြစ်မှုထင်ရှား တွေ့ရှိထားခြင်းသည်မှန်ကန်ကြောင်း တွေ့ရှိရပါက ၎င်း အပေါ် ထောင်ဒဏ်များ အပြင် ငွေဒဏ် တပ်ရိုက်သင့်- မသင့် အဆုံး အဖြတ်ပေးရန် တရားရုံးချုပ်က မိမိသဘောအလျောက် ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၅ (က) နှင့် ၁၆ (က) တို့ကို ဖွင့်လှစ်ခဲ့သည်။

တရားလိုဘက်မှ စွပ်စွဲချက်များအရ အမှုဖြစ်ပွားပုံ အကျဉ်းချုပ်မှာ ၃၁-၁၀-၈၈ နေ့နံနက် ၁၁ နာရီကျော်ကျော်ခန့်တွင် လားရှိုးမြို့၊ ဒုပြည်နယ် ပြည်သူ့ရဲတပ်ဖွဲ့ရုံးမှ ဒုရဲအုပ်ထွန်းဝေ (လိုပြ-၁) သည် လားရှိုးမြို့ ရပ်ကွက် (၂) ကမ္ဘောဇလမ်းကြား၌ တွေ့ရှိရသော မောင်အုန်းတင် အား သတင်းအရ ရှာဖွေရာ ၎င်းကိုင်ထားသော အိတ်အတွင်းတွင် ဖင်ဆီဒိုင်း ချောင်းဆိုးပျောက်ဆေးရည် ၃၅ ပုလင်း တွေ့ရှိရသဖြင့် သက်သေ ဦးဆန်နီ (လိုပြ-၂) နှင့် ဦးဘသောင်း (လိုပြ-၃) တို့ရှေ့တွင် သက်

သေခံ (ခ) ရှာဖွေပုံစံအရ သိမ်းဆည်းပြီး လားရှိုးမြို့ အမှတ် (၁) ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ မောင်အုန်းတင်အပေါ် ဖြစ်မှုကြောင်းအရ အရေးယူပေးရန် တိုင်ကြားစာ ပေးပို့သည်။ မောင်အုန်းတင်၏ ထုတ်ဖော်ပြောဆိုချက်အရ လားရှိုးမတ်ဝေး တည်းခိုရိပ်သာသို့ သွားရောက်၍ ရှာဖွေရာ အဆိုပါ တည်းခိုရိပ်သာ၌ တည်းခိုနေကြသော မမာမာဌေးနှင့် မမာမာမူထံတို့မှ ဖင်ဆီဗိုင်း ချောင်းဆိုးပျောက်ဆေးရည် ၁၅ လုံးနှင့် ၁၆ လုံး အသီးသီးထပ်မံ တွေ့ရှိရသဖြင့် သက်သေခံ (ခ) ရှာဖွေပုံစံအရသိမ်းဆည်းသည်။ ထို့နောက် ထိုသို့တွေ့ရှိရသည့်ကိစ္စကို လားရှိုးမြို့ အမှတ် (၁) ပြည်သူ့ ရဲတပ်ဖွဲ့စခန်းသို့ တိုင်စာရေးသားပေးပို့ တိုင်တန်းသည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> ''မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်း မပြုရ။''

အဆိုပါ ဥပဒေပုဒ်မ ၇–က (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> ''မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို ရောင်းချရန်အလို့ငှာ သယ်ယူ ပို့ဆောင်ခြင်း မပြုရ။''

ဤအမှုတွင် အယူခံတရားလို မောင်အုန်းတင်၏လက်ဝယ်တွင်ဖင်ဆီဗိုင်း ချောင်းဆိုးပျောက်ဆေးရည် ၃၅ ပုလင်း တွေ့ရှိခြင်းမှာ အငြင်းမပွားပေ။ ထို့နည်းတူ မမာမာဌေးနှင့် မမာမာမူတို့ထံမှ တွေ့ရသော ချောင်းဆိုးပျောက်ဆေးရည် ၃၁ ပုလင်းမှာ မောင်အုန်းတင် ခေတ္တအပ်နှံထားသော ဆေးပုလင်းများဖြစ်ကြောင်း ပေါ်လွင်သည်။ အမှန်တကယ် လက်ရှိဖြစ်သူမှာ မမာမာဌေးနှင့် မမာမာမူတို့ ဖြစ်သော်လည်း ဥပဒေ သဘောအရဆိုလျှင် မောင်အုန်းတင်သည် ယင်းချောင်းဆိုးပျောက်ဆေးရည်များကို ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ ပုဒ်မ ၂ (ဃ) တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း လက်ဝယ်ထားရှိရာရောက်သည်။

အယူခံ တရားလို၏ ရှေ့နေက မောင်အုန်းတင်သည် သက်သေခံ ချောင်းဆိုးပျောက်ဆေးရည်များကို ရောင်းချရန်အလို့ငှာ လက်ဝယ်

၁၉၉၀
မောင်အုန်း
တင်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
မောင်အုန်း
တင်

ထားကြောင်း အထောက်အထားမရှိသဖြင့် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) အရ အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း၊ မောင်အုန်းတင်အား လက်ဝယ်ထားရှိမှုအပြင် သယ်ယူပို့ဆောင်မှုအတွက်လည်း အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးခင်အောင်က မောင်အုန်းတင်လက်ဝယ်၌ တွေ့ရှိရသော ဖင်ဆီဒိုင်းချောင်းဆိုးပျောက်ဆေးရည် ပုလင်းအရေအတွက်မှာ များပြားသည့်အတွက် ရောင်းချရန် လက်ဝယ်ထားကြောင်းမှာ ပေါ်ပေါက်ကြောင်း၊ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄-က တွင် မည်သည့်မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးမည်မျှကို လက်ဝယ်ထားရှိပါက ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည်ဟူ၍ လည်းကောင်း၊ ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်သည်ဟူ၍ လည်းကောင်း မှတ်ယူနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ဖင်ဆီဒိုင်း ချောင်းဆိုးပျောက်ဆေးရည်များကို မူးယစ်ထုံထိုင်း ဆေးဝါးအဖြစ် ကျန်းမာရေး ဝန်ကြီးဌာနက ၃-၆-၈၇ နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ သို့ရာတွင် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄-က (ဈ) အရ ဖင်ဆီဒိုင်း ဆေးပုလင်းများနှင့် စပ်လျဉ်း၍ အရေအတွက် သတ်မှတ်ထားသည်ကို မတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ မောင်အုန်းတင်အပေါ် အဆိုပါ ဥပဒေပုဒ်မ ၆-က (ခ) နှင့်ပုဒ်မ ၇-က (ခ) တို့အရ အသီးသီးပြစ်မှုထင်ရှား တွေ့ရှိခြင်းမှာ ဥပဒေအရမှန်ကန်မှုမရှိကြောင်း စာဖြင့်လျှောက်ထားသည်။

မူးယစ်ဆေးဝါးကို လက်ဝယ်ထားသည့် ကိစ္စ၌ ဖြစ်စေ၊ သယ်ယူပို့ဆောင်သည့် ကိစ္စ၌ ဖြစ်စေ၊ မည်သည့်အခါ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသည်၊ သို့တည်းမဟုတ် ရောင်းချရန် အလို့ငှာ သယ်ယူသည်ဟူ၍ မှတ်ယူနိုင်ကြောင်း ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄-က တွင်ပြဋ္ဌာန်းထားရာ ၎င်းပုဒ်မနှင့် သက်ဆိုင်သမျှသော ပြဋ္ဌာန်းချက်မှာအောက်ပါအတိုင်း ဖြစ်သည်-

> ''မည်သူမဆို အောက်ဖော်ပြပါ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးတစ်မျိုးမျိုးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသော အလေးချိန် သို့မဟုတ် ယင်းအလေးချိန်ထက် ပို၍ လက်ဝယ်ထားလျှင်ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင်ဖြစ်စေ ပုဒ်မ ၆-ကအရ ရောင်းချ

၁၉၉၀
မောင်အုန်းတင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်
မောင်အုန်းတင်

ရန်အလို့ငှာလက်ဝယ်ထားသည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၇-က အရ ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်။

× × ×

(ဈ) သက်ဆိုင်ရာ ဝန်ကြီးဌာနက မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများ အဖြစ် အခါအားလျော်စွာ သတ်မှတ်သော ဆေးဝါးနှင့် အလေးချိန်။

ကျန်းမာရေး ဝန်ကြီးဌာနက ဖင်ဆီဒိုင်း ချောင်းဆိုးပျောက်ဆေးရည်များကို မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးအဖြစ် သတ်မှတ်ထားသော်လည်း အထက်ပါပုဒ်မ ၁၄-က (ဈ) အရ လိုအပ်သော အရေအတွက်ကိုမူ သတ်မှတ်ထားခြင်း မရှိသေးချေ။ သို့ဖြစ်၍ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄-က (ဈ) အရ မောင်အုန်းတင်သည် သက်သေခံ ချောင်းဆိုးပျောက်ဆေးရည်များကို ရောင်းချရန် အလို့ငှာ လက်ဝယ်ထားသည်ဟူ၍သော်လည်းကောင်း၊ ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်သည်ဟူ၍သော် လည်းကောင်း မှတ်ယူခြင်း မပြုနိုင်ပေ။ သို့ရာတွင် ယင်းသို့ မှတ်ယူခြင်း မပြုနိုင်ရုံမျှဖြင့် တရားခံ တစ်ဦးအား ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က (ခ) အရ ဖြစ်စေ၊ ပုဒ်မ ၇-က (ခ) အရ ဖြစ်စေ ပြစ်မှု ထင်ရှား စီရင်ခြင်းမပြုနိုင်ဟု တားမြစ်ပိတ်ပင်သော ဥပဒေမရှိချေ။ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄-ပါက ပြဋ္ဌာန်းချက်များမှာ သက်သေခံချက်နှင့် သက်ဆိုင်သည့် အထူးဥပဒေသများသာဖြစ်ပြီး မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများနှင့် စပ်လျဉ်းသည့် မှုခင်းများတွင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ အရမှတ်ယူခွင့်ကို ဖျက်သိမ်းရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်း မဟုတ်ချေ။ သက်သေခံ ဥပဒေပုဒ်မ ၁၁၄ မှာ အခြေအနေအရပ်ရပ်ကို လွှမ်းခြုံသော ယေဘုယျ ပြဋ္ဌာန်းချက်ဖြစ်ပြီး ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄-ကမှာမူ ထို ပုဒ်မတွင်ဖော်ပြထားသည့် သီးခြား အခြေ အနေများနှင့် သက်ဆိုင်သည်။ သို့ဖြစ်၍ ပုဒ်မ ၁၁၄ က ပုဒ်မ ၁၄-က ထက် ပို၍ကျယ်ပြန့်သော သဘောဆောင်သည်။ ပုဒ်မ ၁၄-က တွင် အကျုံးမဝင်သော မှုခင်းများ၌ သက်သေခံဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားချက်နှင့်အညီ မှတ်ယူမှု ပြုနိုင်သည်။

သက်သေခံ ဥပဒေပုဒ်မ ၁၀၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> ''အကြောင်းခြင်းရာ တစ်ခုခုသည် တစ်ဦး တစ်ယောက်သောသူကသာ သိရှိနိုင်သည့် ထူးခြားသော အကြောင်းခြင်းရာ ဖြစ်နေသည့်အခါ ထိုအကြောင်းခြင်းရာကို သက်သေထင်ရှား တင်ပြရန် တာဝန်သည် ထိုသူအပေါ် ကျရောက်သည်။''

အယူခံတရားလို လက်ဝယ်မှ တွေ့ရှိရသော ချောင်းဆိုးပျောက်ဆေးရည် ပုလင်းအရေအတွက် များပြားမှုကိုထောက်ရှု၍ အယူခံတရားလိုသည် ယင်းချောင်းဆိုးပျောက်ဆေးရည်များကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည် သို့တည်းမဟုတ် ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်သည်ဟု သက်သေခံ ဥပဒေ ပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားသည့်အတိုင်း မှတ်ယူနိုင်သည်။ အယူခံ တရားလိုက ယင်းချောင်းဆိုးပျောက်ဆေးရည်များမှာ မိမိတွင် စွဲကပ်နေသော ချောင်းဆိုးရောဂါ ပျောက်ကင်းရန်အတွက် ဖြစ်ပါသည်၊ သို့တည်းမဟုတ် ရောင်းချရန်အလို့ငှာ မဟုတ်ဘဲ အခြား ကိစ္စတစ်ရပ်ရပ်အတွက် လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း ဖြစ်ရပါသည်ဟု တင်ပြလိုလျှင် ယင်းအချက်ကို အယူခံတရားလိုကသာ သိရှိနိုင်သည်ဖြစ်၍ ထိုအချက်ကို ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ သက်သေခံဥပဒေပုဒ်မ ၁၀၆ အရ အယူခံ တရားလို အပေါ် ကျရောက်သည်။ ဤအမှုတွင် အယူခံ တရားလိုသည် ရောင်းချရန်မှအပ ဖြစ်သော အခြား ကိစ္စအတွက် များပြားလှသော ချောင်းဆိုး ပျောက်ဆေးရည်များ လက်ဝယ်ထားကြောင်း သို့တည်းမဟုတ် သယ်ယူ ပို့ဆောင်ရကြောင်း နိုင်လုံသည့် အထောက်အထား တင်ပြနိုင်ခြင်း မရှိချေ။

အယူခံတရားလို၏ ရှေ့နေတင်ပြသော ရန်စံလင်း (ခ) ကျော်သိန်းနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်[၁] အမှုကို ဆုံးဖြတ်စဉ်က တည်ဆဲဥပဒေနှင့် ယခု အမှုဖြစ်ပွားစဉ်က တည်ဆဲဥပဒေတို့သည် ခြားနားမှုရှိသည်ကို အယူခံတရားလို၏ ရှေ့နေအနေဖြင့် သတိထားမိဟန် မတူချေ။ ရန်စံလင်း အမှုဖြစ်ပွားစဉ်က မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချခြင်း၊ ရောင်းချရန်အားထုတ်ခြင်း၊ သို့တည်းမဟုတ် ရောင်းချရန် ပူးပေါင်းကြံစည်ခြင်း အတွက်သာ ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်၊ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ၁၉၈၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ဖြင့် ပြင်ဆင်ရာတွင် မူးယစ်ထုံထိုင်းဘောဖြစ်

(၁) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၅၉။

၁၉၉၀
မောင်အုန်း
တင်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
မောင်အုန်း
တင်

စေတတ်သော ဆေးဝါးများ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အထက်ဖော်ပြပါ ပြစ်မှုများအပြင် မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားသည့် အတွက် ပြစ်မှုတစ်ရပ်နှင့် ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်သည့်အတွက် ပြစ်မှုတစ်ရပ်ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။ ရန်စံလင်း အမှုတွင် ထုံးဖွဲ့သော စီရင်ထုံးသည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က (ခ) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုနှင့် ပုဒ်မ ၇-က (ခ) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုများနှင့် မသက်ဆိုင်ချေ။

အယူခံတရားလို မောင်အုန်းတင်သည် သက်သေခံ ချောင်းဆိုးပျောက်ဆေးရည် ၃၅ ပုလင်းတို့ သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခြင်း ဖြစ်သည်။ မောင်အုန်းတင်၏လုပ်ရပ်သည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသော ပြစ်မှုများ၌ အကျုံးဝင်သည်ဖြစ်ရာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၃) တွင် ခွင့်ပြုထားသည့် အတိုင်း အဆိုပါချောင်းဆိုးပျောက်ဆေးရည် ၃၅ ပုလင်း သိမ်းဆည်းရမိခြင်းနှင့် စပ်လျဉ်း၍ မောင်အုန်းတင်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၂၃၅-၏ ဥပမာ (၄) အရ အဆိုပါ ပုဒ်မများဖြင့် သီးခြားပြစ်မှုထင်ရှား စီရင်နိုင်သည်။

သို့ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၅ (၄) ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> ''ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ကို မထိခိုက်စေရ။

မောင်အုန်းတင်သည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) တို့တွင် အကျုံးဝင်သော ပြုလုပ်မှုတစ်ခုတည်းကိုသာ ပြုလုပ်ခဲ့သည်ဖြစ်ရာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ အရ ပြစ်ဒဏ်တစ်ခုထက်ပို၍ ချမှတ်ခွင့်မရှိချေ။ ထို့ကြောင့် မောင်အုန်းတင်အား ရှမ်းပြည်နယ် (လားရှိုးမြို့နယ်စု) တရားရုံး၊ ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈၃ တွင် သီးခြားပြစ်ဒဏ် ၂ ရပ် ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့် အထင်အရှား ဆန့်ကျင်သည်။

ဤစီရင်ချက်အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်တစ်ရပ်ရှိသည်။ ဦးထွန်းငွေဝက ''ဓမ္မအစေ့ရှဲ'' အိတ်ဖြင့် ထည့်ထားသည့် ဖင်ဆီဗိုင်းတံညှပ်

၁၉၉၀
မောင်အုန်းတင်
ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်
မောင်အုန်း တင်

ပါ (၂) တံဆိပ်ပျက်နေသော ချောင်းဆိုးပျောက်ဆေးရည်ပုလင်း ၃၅ လုံးအား တွေ့ရှိ၍ စစ်မေးရာ ပတ်ဝေး တည်းခိုခန်းတွင် တည်းခိုနေသော မုံရွာမှ မာမာဌေးနှင့် မာမာမူတို့မှ ရောင်းခိုင်း၍ ယူလာကြောင်း ထွက်ဆိုပါသည်'' ဟု ထွက်ဆိုသည်။ ရဲအရာရှိရှေ့တွင် ထွက်ဆိုခဲ့သော ယင်းအစစ်ခံချက်မှာ မောင်အုန်းတင်အား ပြစ်မှုကြောင်းအရ ငြိစွန်းစေသည့် ဖြောင့်ချက်ဖြစ်သဖြင့် သက်သေခံဥပဒေပုဒ်မ ၂၅ အရ သက်သေခံမဝင်ချေ။ တရားရုံးကမှတ်တမ်းတင်သော သက်သေခံချက်တို့သည် သက်သေခံဥပဒေပုဒ်မ ၆ မှ ပုဒ်မ ၅၅ တွင် ဖော်ပြထားသော စပ်ဆိုင်သည့်အကြောင်းခြင်းရာများ ဖြစ်ရပေမည်။ အခြားအကြောင်းခြင်းရာများကို အမှုတွင် တင်ပြခွင့်မရှိစေရဟု သက်သေခံဥပဒေပုဒ်မ ၅ တွင် အတိအလင်း ပိတ်ပင်ထားသည်။

မောင်အုန်းတင်သည် အချင်းဖြစ်ပွားစဉ်က သက်သေခံ ချောင်းဆိုးပျောက်ဆေးရည်များကို စုပေါင်းလက်ဝယ် ထားရှိခဲ့ဟန်တူသည်။ အချို့ကို မမာမာဌေးနှင့် မမာမာမူတို့ထံ အပ်နှံပြီး ၃၅ ပုလင်းကိုခွဲ၍ သယ်ယူလာစဉ် ယခုကဲ့သို့ အဖမ်းခံရခြင်း ဖြစ်ဟန်တူသည်။ ဤအခြေအနေသည် မမာမာဌေးနှင့် မမာမာမူတို့မှတစ်ဆင့် ချောင်းဆိုးပျောက် ဆေးပုလင်းများကို လက်ဝယ်ထားရှိသည့်အတွက် ချမှတ်ရန်ဖြစ်သည့် ထောင်ဒဏ်ကို ယင်းချောင်းဆိုးပျောက်ဆေး ၃၅ ပုလင်း သယ်ယူသည့်အတွက် ချမှတ်ရန်ဖြစ်သော ထောင်ဒဏ်နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၉၇ တွင် ခွင့်ပြုထားသည့်အတိုင်း တစ်ပြိုင်တည်း ကျခံစေသင့်သည်ဟု ယူဆသည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က (ခ) အရ ဖြစ်စေ၊ ပုဒ်မ ၇-က (ခ) အရဖြစ်စေ တရားခံ တစ်ဦးအား ထောင်ဒဏ် (၁၀) နှစ် ချမှတ်လျှင် ငွေဒဏ်ကျပ် ငါးသောင်းကိုလည်း မလွဲမသွေ တပ်ရိုက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ရှမ်းပြည်နယ် (လားရှိုးမြို့နယ်စု) တရားရုံး၊ ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈၃တွင် မောင်အုန်းတင်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆-က (ခ) နှင့် ပုဒ်မ ၇-က (ခ) တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုသည်။ သို့ရာတွင် ပြုလုပ်မှု တစ်ရပ်တည်းအတွက် သီးခြားထောင်ဒဏ်များ ချမှတ်ခြင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည် ဖြစ်၍ ပုဒ်မ ၆-က (ခ) အရ ချမှတ်သောထောင်ဒဏ်ကို ပယ်ဖျက်လိုက်သည်။ ပုဒ်မ ၇-က (ခ) အရ ထောင်ဒဏ်ချမှတ်ခြင်းကို အတည်ပြုသည်။ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈၄/၈၈ တွင် မောင်အုန်းတင်အပေါ် အဆိုပါဥပဒေပုဒ်မ ၆-က (ခ) အရ ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခြင်းကိုလည်းအတည်

ပြုသည်။ အဆိုပါ ထောင်ဒဏ် ( ၂ ) ရပ်ကို တစ်ပြိုင်တည်း ကျခံစေ။
ထို့အပြင် အဆိုပါအမှု ( ၂ ) မှုတွင် မောင်အုန်းတင်အား ဒဏ်ငွေကျပ်
ငါးသောင်းစီ တပ်ရိုက်လိုက်သည်။ ဒဏ်ငွေများမဆောင်နိုင်ပါက နောက်
ထပ် အလုပ်နှင့် ထောင်ဒဏ် ( ၃ ) နှစ်စီ ကျခံစေ။

၁၉၉၀

မောင်အုန်း
တင်

ပြည် ထောင်စု
မြန်မာ
နိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်

မောင်အုန်း
တင်

## ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ
ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့်
ဦးကျော်ဝင်းတို့ ရှေ့တွင်

† ၁၉၉၀
ဒီဇင်ဘာလ
၂၄-ရက်

ဒေါ်အုံးရှိ

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ (၄) *

အမှုပြန်ဖွင့်ခြင်းသည် တိုင်တန်းထားပြီးသော မှုခင်းကို ဆက်လက်
အရေးယူစေခြင်းသာ ဖြစ်ခြင်း–အမှုဖွင့်ရာ၌ ရွေးချယ် တင်
မြောက်ပွဲတွင် ဆန္ဒမဲပေးသကဲ့သို့ အလေးအနက် စဉ်းစား ဆုံး
ဖြတ်ရန် အကြောင်းမပေါ်ပေါက်သဖြင့်၊ အမှုဖွင့်သူ၏ အသက်
ကန့်သတ်ချက် မရှိခြင်း–နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်
ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏ စာပိုဒ် (၆)–တရားဝင်
ဇနီး၊ ခင်ပွန်းနှင့် သားသမီးဆိုသည့် စကားရပ်များကို အဓိပ္ပာယ်
ကောက်ယူရာ၌ အရွယ်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊
နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးများ အကျုံး
ဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုပြန်ဖွင့်ခြင်းမှာ အမှုပြန်ဖွင့်သူ၏ ဆန္ဒကို ဖော်ထုတ်ခြင်းဖြစ်သည်ဟူသော အယူခံတရားလို၏ ရှေ့နေတင်ပြသော အမြင်ကို လက်မခံနိုင်ရန် အကြောင်း မရှိချေ။ ဆန္ဒဖော်ထုတ်ရာတွင် အသက်ကန့်သတ်ချက် ရှိရမည်ဟူသော တင်ပြချက်မှာမူ အခါခပ်သိမ်း မမှန်နိုင်၊ ရွေးချယ်တင်မြောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများအနက် မည်သူ့ကို ရွေးချယ်ရမည်ဟူ၍ စဉ်းစားဆင်ခြင်ရန် အကြောင်းရှိသည်ဖြစ်၍ နှိုင်းနှိုင်း ချိန်ချိန် ဆင်ခြင်နိုင်မည့် အရွယ်ကို ဥပဒေဖြင့် သတ်မှတ် ပေးရသည်။

---

* ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၉။

† ၁၉၈၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၁ (ခ) တွင် ချမှတ်သော (၁၅-၅-၉၀) ရက်စွဲပါ တရားရုံးချုပ်၏အမိန့်ကို အယူခံမှု

၁၉၉၀
ဒေါ်အုံးရီ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

ပဋိညာဉ်ပြုရာတွင် ပဋိညာဉ်ပြုသူများအကြား၌ တာဝန်နှင့် ရပိုင်ခွင့်များ ပေါ်ပေါက်စေသည်ဖြစ်၍ အသက် ကန့်သတ်ချက်ရှိရသည်။ သက်သေခံရာတွင် မိမိသိရှိသမျှကို ဖော်ထုတ်ရန်သာ တာဝန်ရှိသည်ဖြစ်၍ အသက် ကန့်သတ်ချက် သတ်မှတ် မထားပေ။ တရားရုံးတွင် မေးမြန်းချက်တို့ကို အကျိုးသင့် အကြောင်းသင့် နားလည်မြေကြားနိုင်မှုသည်သာလျှင် သက်သေခံခွင့် မှတ်ကျောက်အဖြစ် သတ်မှတ်ထားသည်။ အမှုကို ပြန်ဖွင့်ခြင်းနှင့် ပထမ သတင်းပေး တိုင်တန်းချက် ရေးဖွင့်ခြင်းတို့သည် အခြေခံသဘောအားဖြင့် ကွဲလွဲမှုမရှိချေ။ အမှုပြန်ဖွင့်ခြင်းသည် တိုင်တန်းထားပြီးသော မှုခင်းကို ဆက်လက်အရေးယူစေခြင်းသာဖြစ်သည်။ ထိုကိစ္စတွင် အမှုဖွင့်သူ အနေဖြင့် တာဝန်ယူမှု မရှိနိုင်၊ အမှုဖွင့်ရာ၌ ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးသကဲ့သို့ အလေးအနက် စဉ်းစားဆုံးဖြတ်ရန် အကြောင်းမပေါ်ပေါက်ချေ။ မိမိမကျေနပ်မှုကို ဖော်ထုတ်သည့်သဘော သာဆောင်သည်။ ဖခင်ဖြစ်သူ အသက်ခံရသည့်ကိစ္စတွင် တာဝန်ရှိသူတို့အား ဖော်ထုတ် အပြစ်ပေးစေရန်အလို့ငှာ ရည်ရွယ်လျက် သားသမီးများက မိမိတို့၏ နစ်နာမှုကို ကုစားရန်အတွက် ဆန္ဒဖော်ထုတ်ခြင်းသာဖြစ်သည်။ မဘင်တင်မော်တို့ (၃)ဦးသည် ကျောင်းသူ ကျောင်းသားများဖြစ်ကြပြီး၊ မတင်တင်မော်နှင့် မောင်အောင်ဆန်းဦးတို့မှာ ၁၉၈၈ ခုနှစ်၊ အတွင်းက စတုတ္ထတန်းတွင် ပညာသင်ကြားလျက်ရှိသူများ ဖြစ်၍ အတော်အတန် စဉ်းစားဆင်ခြင်နိုင်သူများ ဖြစ်သည်မှာ ယုံမှားနိုင်ဖွယ်ရာမရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ တွင် ကိုယ်တိုင် ထိခိုက်နစ်နာသူ ဆိုသော စကားရပ်၌ နစ်နာသူ၏ တရားဝင် ဇနီးခင်ပွန်းလည်း အကျုံးဝင်ကြောင်း ပြဋ္ဌာန်းထားသည်။ အိမ်ထောင်ကျသူများတွင် အရွယ်မရောက်သေးသူများလည်း ရှိနိုင်သည်။ အရွယ်ရောက်သူကသာ စာပိုဒ် (၆) အရ အမှုပြန်ဖွင့်နိုင်သည်ဟု ကောက်ယူလျှင် သဘာဝကျမည် မဟုတ်ချေ။ စာပိုဒ် (၆) ပါ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ကောက်ယူရာ၌ အရွယ်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းက အမှုပြန်ဖွင့်နိုင်သည်ဟု ယူဆ၍ အရွယ်ရောက်သူ သားသမီးတို့ကသာ အမှုပြန်ဖွင့်နိုင်သည်ဟု အကွဲကွဲ အလွဲလွဲယူဆလျှင် သင့်မြတ်မည်မဟုတ်ချေ။

၁၉၉၀
ဒေါ်အုံးရီ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးတင်ရီ၊တရားရုံးချုပ်ရှေ့နေ။ |
| အယူခံတရားခံများအတွက် | – | ၁။ ဦးခင်အောင်၊ ညွန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။<br>၂၊၃၊၄၊ ဦးကိုနီ၊ တရားရုံးချုပ်ရှေ့နေ။ |
| တရားရေးအကြံပေး | – | ဦးစိုးမြင့်။ |

ရန်ကုန်တိုင်း (ရန်ကုန်မြို့နယ်စု) တရားရုံး၊ ၁၉၈၉ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၉၀ တွင် ဒုရဲအုပ် ဦးကြည်မောင်၏ တိုင်တန်းချက်အရ အယူခံတရားလို ဒေါ်အုံးရီအပေါ် ခင်ပွန်းဖြစ်သူ ဦးအောင်ရွှေအား သတ်ဖြတ်သည့်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၂ အရ တရားစွဲဆိုရာ အမှုစစ်ဆေးဆဲတွင် ၂၀-၇-၈၉ ရက်နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏ အပိုဒ် (၅) အရ ၂၁-၈-၈၉ နေ့တွင် အမှုကို ပိတ်သိမ်းလိုက်သည်။ ထို့နောက် ဦးအောင်ရွှေ၏ သားသမီးများဖြစ်ကြသော မတင်တင်မော်၊ မောင်အောင်ဆန်းဦးနှင့် မသန္တာအောင် (အယူခံတရားခံများ) တို့၏ လျှောက်ထားချက်အရ အမှုကို ပြန်လည်ဖွင့်လှစ်ရန် ရန်ကုန်တိုင်း တရားရုံးက ၂၇-၉-၈၉ နေ့တွင်အမိန့်ချမှတ်လိုက်သည်။ အဆိုပါအမိန့်ကို တရားခံတစ်ဦးဖြစ်သူ ဒေါ်အုံးရီက ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်း တရားရုံးတွင် လျှောက်ထားရာ မအောင်မြင်ချေ။ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ဒေါ်အုံးရီက တရားရုံးချုပ်၊ ၁၉၉၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅၁ (ခ) တွင် လျှောက်ထားသော်လည်း ဆက်လက်အရေးနိမ့်သည်။ တရားရုံးချုပ်၏ အမိန့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည် စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ်၊ ၁၉၉၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ အမှတ် ၄၇တွင် လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါ ဥပဒေ ပြဿနာကို အဆုံးအဖြတ်ပေးရန် အထူးအယူခံဝင်ခွင့်ပြုလိုက်သည်—

''နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉၏ စာပိုဒ် (၆) ပါ ကိုယ်တိုင် ထိခိုက်နစ်နာသူ ဆိုသော စကားရပ်၌ သားသမီး ဆိုရာတွင် အရွယ်မရောက်သေးသောသားသမီးများ အကျုံးဝင်ခြင်းရှိ-မရှိ။

၁၉၉၀
ဒေါ်အုံးရီ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၇၉ ၏စာပိုဒ် (၅)နှင့် (၆)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

''၅။ × × × × × သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု၊ လူတစ်ဦးအား နစ်နာထိခိုက်စေသည့်ပြစ်မှု၊ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ ကိုယ်တိုင် ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်း မပြုလိုလျှင် ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်နေ့ နောက်ဆုံးထား၍ အမှုကိုပိတ်သိမ်းခြင်း မပြုလိုကြောင်း သက်ဆိုင်ရာ တရားရုံးတွင် လျှောက်ထားခွင့်ရှိသည် × × × ×

၆။ ကိုယ်တိုင် ထိခိုက်နစ်နာသူ ဆိုသည်မှာ နစ်နာသူ၏ တရားဝင် ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာ ဆိုသည်။''

အယူခံ တရားလို၏ ရှေ့နေက အမှုပြန်ဖွင့်ရန် လျှောက်ထားခြင်းသည် ဆန္ဒပေးခြင်းဖြစ်ကြောင်း၊ ဆန္ဒပေးသူသည် စိတ်ပေါ့သွပ်သူ၊ သို့မဟုတ် အရွယ်မရောက်သေးသူ မဖြစ်စေရဟု ဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ တွင် အသက်ကန့်သတ်မှု ပါဝင်ခြင်းမရှိသော်လည်း တရားဥပဒေအရ အသက်ကန့်သတ်ထားပြီးဖြစ်၍ အဆိုပါအမိန့်တွင် အသက် ကန့်သတ်ရန် မလိုအပ်သောကြောင့် ယင်းသို့ ကန့်သတ်မှု မပြုခြင်းဖြစ်လေမည်လားဟု စဉ်းစားဆုံးဖြတ်ရန် ဖြစ်ကြောင်း၊ အရွယ်မရောက်သေးသူသည် ပဋိညာဉ် မပြုနိုင်ကြောင်း၊ မဲဆန္ဒပေးခွင့် မရှိကြောင်း၊ အရွယ်မရောက်သူသည် ပထမသတင်းပေး တိုင်ချက်ရေးဖွင့်နိုင်ကြောင်း၊ သက်သေခံခွင့် ရှိကြောင်းကို မငြင်းလိုကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉၏ စာပိုဒ်(၁)တွင် သက်ဆိုင်ရာ တရားရုံး၌ ပြစ်မှုဖြင့် စစ်ဆေးခံနေရသည့် နိုင်ငံသားများနှင့် စပ်လျဉ်း၍ သက်ညှာစွာ စဉ်းစားပြီး ယင်းအမိန့်ကို ထုတ်ပြန်သည်ဟု အတိအလင်း ဖော်ညွှန်းထားကြောင်း၊ သို့ဖြစ်၍ အဆိုပါအမိန့်တွင် ပါရှိသော စကားရပ်များကို အဓိပ္ပာယ်ကောက်ယူရာ၌ တရားခံအား သက်သက်ညှာညှာ စဉ်းစားပေးသင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့် လျှောက်ထားသည်။

အယူခံတရားခံ မတင်တင်မော်တို့၏ ရှေ့နေကနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၇၉ ၏ စာပိုဒ်(၆)တွင် ကိုယ်တိုင် ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့်

၁၉၉၀
ဒေါ်အုံးရီ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

သားသမီးတို့ကိုသာ ဆိုကြောင်း ပြဋ္ဌာန်းရာ၌ အရွယ်ရောက်မှုကို ရည်ညွှန်းထားခြင်း မရှိကြောင်း၊ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (က) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း သားသမီး ဆိုသည့်စကားရပ်သည် အရွယ်ရောက်သူ၊ အရွယ်မရောက်သူ အားလုံး အကျုံးဝင်သည်ဟု အဓိပ္ပာယ်ကောက်ယူရန်ဖြစ်ကြောင်း၊ အရွယ်ရောက်ပြီးသူ သားသမီးသာအကျုံးဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုမည်ဆိုပါက အထက်ဖော်ပြပါဥပဒေပုဒ်မ ၃ (ခ) နှင့် ဆန့်ကျင်မည့်အပြင်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့၏ ရည်ရွယ်ချက်ကို ကျော်လွန်သွားမည့် ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၂ နှင့် ၈၃ တို့ကို ရည်ညွှန်း၍အသက် ၁၂ နှစ်ပြည့်ပြီးသူသည် ပြစ်မှုဆိုင်ရာဥပဒေကို လိုက်နာရန် တာဝန်ရှိသည့်အလျောက် အပြန် အလှန်အားဖြင့် ပြစ်မှုကျူးလွန်ခြင်း ခံရပါကလည်း အရေးဆို တိုင်တန်းခွင့်ရှိရမည်ဖြစ်ကြောင်း၊ ပဋိညာဉ်ပြုခြင်း၊ မဲဆန္ဒပေးခြင်းနှင့် ထိခိုက်နစ်နာသူအနေဖြင့် အမှုပြန်ဖွင့်ပေးရန် လျှောက်ထားသည့်လျှောက်ထားခြင်းတို့မှာ သဘောသဘာဝခြင်း လွန်စွာ ခြားနားကြောင်း၊ အမှုပြန်ဖွင့်ခွင့် ရှိသူများတွင် မည်သူများ ပါဝင်သည်ကို အမိန့် အမှတ် ၄/၈၉တွင် တိတိကျကျသတ်မှတ်ထားပြီးဖြစ်၍ အယူခံ တရားလိုဘက်မှ တင်ပြသည့် အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုလိုက်ပါက ပြဋ္ဌာန်းချက်ကို ချဲ့ရာရောက်မည်ဖြစ်ကြောင်း ဖြေကြားလျှောက်ထားသည်။

ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးခင်အောင်က ဥပဒေတစ်ရပ်တွင် အသက်သို့မဟုတ်ကန့်သတ်ချက်ထားရှိရန်လိုအပ်ပါကအတိအလင်းပြဋ္ဌာန်းကြောင်း၊ ဥပမာ-ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၂၊ ၈၃၊ ၃၆၁၊၃၆၆-က၊ ၃၆၆-ခ၊ ၃၇၃နှင့်၃၇၅ တို့တွင်အသက်ကန့်သတ်ချက်များကို တွေ့မြင်နိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ တွင် အသက်ကန့်သတ်ထားမှုမရှိဘဲ သတင်းပေးသူဟုသာ ဖော်ပြထားကြောင်း၊ သက်သေခံဥပဒေအရ သက်သေခံခွင့်ကို အသက်အရ ကန့်သတ်ထားခြင်း မရှိကြောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၈၉ တွင် အသက်ကို ကန့်သတ်ရန် လိုအပ်ပါက အမိန့်ထုတ်ပြန်စဉ်ကပင် ကန့်သတ်ဖော်ပြမည် ဖြစ်ကြောင်း၊ ထိုသို့ ကန့်သတ်ထားမှုမရှိခြင်းမှာ မိဘနှင့် သားသမီးတို့အကြားတွင် နစ်နာမှုရှိခဲ့လျှင် အသက်အရွယ်မရွေး အမှုဖွင့်နိုင်ရန်အတွက် အသက်ကန့်သတ်မှုကို မထားရှိခဲ့ခြင်းသာဖြစ်ကြောင်း ဖြေကြား လျှောက်ထားသည်။

၁၉၉၀
ဒေါ်အုံးရီ
နှင့်
ပြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ(၄)

မည်သူမဆို အသက်အရွယ်မရွေး ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၅၄ အရ ပထမသတင်းပေးတိုင်ချက် ရေးဖွင့်နိုင်သည် ဆိုသော ဥပဒေသကို အယူခံတရားလိုၜ၏ရှေ့နေက လက်ခံသည်။ တိုင်ချက် ရေးဖွင့်ခြင်းဟူသည် မှုခင်းကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူစုံစမ်းရန်အတွက် မှုခင်းဆိုင်ရာဥပဒေယန္တရားကို သက်ဝင်စတင်လှုပ်ရှားလိုက်သည့် သဘော ဖြစ်သည်။ ထို့ကြောင့်တိုင်ချက်ရေးဖွင့်သည့်ကိစ္စ၌ တိုင်ချက်ရေးဖွင့်သူနှင့် နိုင်ငံတော်အကြားတွင် တာဝန်နှင့် ရပိုင်ခွင့်များ ပေါ်ပေါက်စေသည် မဟုတ်၍ ပဋိညာဉ်အက်ဥပဒေနှင့် မသက်ဆိုင်နိုင်ချေ။ ယင်းကိစ္စသည် အရွယ်ရောက်ခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ တွင် ရည်ညွှန်းထားသော ကိစ္စရပ်များ၌လည်း အကျုံးမဝင်ချေ။ သို့ဖြစ်၍ အသက်ကန့်သတ်ချက်သည် တိုင်ချက်ရေးဖွင့်သူနှင့် မသက်ဆိုင်သည်မှာ မြင်သာသော အချက် ဖြစ်သည်။

အမှုပြန်ဖွင့်ခြင်းမှာ အမှုပြန်ဖွင့်သူ၏ ဆန္ဒကို ဖော်ထုတ်ခြင်းဖြစ်သည် ဟူသော အယူခံတရားလို၏ ရှေ့နေတင်ပြသော အမြင်ကို လက်မခံနိုင်ရန် အကြောင်းမရှိချေ။ ဆန္ဒဖော်ထုတ်ရာတွင် အသက် ကန့်သတ်ချက် ရှိရမည် ဟူသော တင်ပြချက်မှာမူ အခါခပ်သိမ်း မမှန်နိုင်။ ရွေးချယ်တင်မြှောက်ပွဲတွင်ကိုယ်စားလှယ်လောင်းများ အနက် မည်သူ့ကို ရွေးချယ်ရမည်ဟူ၍ စဉ်းစားဆင်ခြင်ရန် အကြောင်းရှိသည်ဖြစ်၍ နှိုင်းနှိုင်းချိန်ချိန် ဆင်ခြင်နိုင်မည့် အရွယ်ကို ဥပဒေဖြင့် သတ်မှတ်ပေးရသည်။ ပဋိညာဉ်ပြုရာတွင် ပဋိညာဉ်ပြုသူများအကြား၌ တာဝန်နှင့် ရပိုင်ခွင့်များ ပေါ်ပေါက်စေသည် ဖြစ်၍ အသက် ကန့်သတ်ချက် ရှိရသည်။ သက်သေခံရာတွင် မိမိ သိရှိသမျှကို ဖော်ထုတ်ရန်သာ တာဝန်ရှိသည်ဖြစ်၍ အသက် ကန့်သတ်ချက် သတ်မှတ်မထားပေ။ တရားရုံးတွင် မေးမြန်းချက်တို့ကို အကျိုးသင့်အကြောင်းသင့် နားလည် ဖြေကြားနိုင်မှုသည်သာလျှင် သက်သေခံခွင့် မှတ်ကျောက်အဖြစ် သတ်မှတ်ထားသည်။ အမှုကို ပြန်ဖွင့်ခြင်းနှင့် ပထမ သတင်းပေးတိုင်တန်းချက် ရေးဖွင့်ခြင်းတို့သည် အခြေခံ သဘောအားဖြင့် ကွဲလွဲမှု မရှိချေ။ အမှု ပြန်ဖွင့်ခြင်းသည် တိုင်တန်း ထားပြီးသော မှုခင်းကို ဆက်လက် အရေးယူစေခြင်းသာ ဖြစ်သည်။ ထိုကိစ္စတွင် အမှုဖွင့်သူ အနေဖြင့် တာဝန်ယူမှု မရှိနိုင်။ အမှုဖွင့်ရာ၌ ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးသကဲ့သို့ အလေးအနက် စဉ်းစား ဆုံးဖြတ်ရန် အကြောင်း မပေါ်ပေါက်ချေ။ မိမိ မကျေနပ်မှုကို ဖော်ထုတ်သည့် သဘောသာ ဆောင်သည်။ ဖခင်ဖြစ်သူ အသတ်ခံရသည့် ကိစ္စတွင် တာဝန်ရှိသူတို့အား ဖော်ထုတ် အပြစ်ပေးစေရန် အလို့ငှာ ရည်ရွယ်လျက် သားသမီးများက မိမိတို့၏ နစ်နာမှုကို ကုစားရန်အတွက် ဆန္ဒဖော်ထုတ်ခြင်းသာ ဖြစ်သည်။

၁၉၉၀ ဒေါ်အုံးရီ နှင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော် ပါ(၄)

မတင်တင်မော်တို့ (၃)ဦးသည် ကျောင်းသူကျောင်းသားများ ဖြစ်ကြပြီး မတင်တင်မော်နှင့် မောင်အောင်ဆန်းဦးတို့မှာ ၁၉၈၈ ခုနှစ် အတွင်းက စတုတ္ထတန်းတွင် ပညာသင်ကြားလျက် ရှိသူများဖြစ်၍ အတော်အတန် စဉ်းစားဆင်ခြင်နိုင်သူများ ဖြစ်သည်မှာ ယုံမှားနိုင်ဖွယ်ရာ မရှိချေ။

အယူခံတရားလို၏ ရှေ့နေက အရွယ်မရောက်သေးသော သားသမီးများသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉၏ စာပိုဒ်(၆)အရ အမှုပြန်ဖွင့်ခွင့် ရှိသည်ဟုဆိုလျှင် မွေးကင်းစ သားသမီးများလည်း အလားတူအမှုဖွင့်ခွင့် ရှိမည်ဖြစ်ကြောင်း၊ မွေးကင်းစ ကလေးသည် အသိဉာဏ်ရှိသူမဟုတ်၍ အမှုဖွင့်ရေးအတွက် အရေးယူ ဆောင်ရွက်နိုင်စွမ်း ရှိမည်မဟုတ်ကြောင်း၊ သို့ပါ၍ စာပိုဒ်(၆)ပါ သားသမီးဆိုသော စကားရပ်တွင် အရွယ်မရောက်သေးသူ သားသမီးများလည်း အကျုံးဝင်သည်ဟု ကောက်ယူရန် မသင့်ကြောင်း တင်ပြလျှောက်ထားသည်။ မွေးကင်းစ ကလေးသည် အမှုပြန်ဖွင့်ရန်အတွက် အရေးယူဆောင်ရွက်မည်မဟုတ်သည်မှာ မြင်သာသော အချက်ဖြစ်သည်။ သို့ရာတွင် ယင်းအကြောင်းပြချက် သက်သက်ဖြင့် စာပိုဒ်(၆)ပါ သားသမီးဆိုသော စကားရပ်တွင် အရွယ်ရောက်ပြီးသူ သားသမီးသာ အကျုံးဝင်သည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ်၄/၈၉ တွင် ကိုယ်တိုင်ထိခိုက်နစ်နာသူ ဆိုသောစကားရပ်၌နစ်နာသူ၏တရားဝင်ဇနီး၊ ခင်ပွန်းလည်း အကျုံးဝင်ကြောင်း ပြဋ္ဌာန်းထားသည်။ အိမ်ထောင်ကျသူများတွင် အရွယ်မရောက်သေးသူများလည်း ရှိနိုင်သည်။ အရွယ်ရောက်သူကသာ စာပိုဒ်(၆)အရ အမှုပြန်ဖွင့်နိုင်သည်ဟု ကောက်ယူလျှင် သဘာဝကျမည်မဟုတ်ချေ။ စာပိုဒ်(၆)ပါ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးဆိုသည့် စကားရပ်များကို အဓိပ္ပာယ်ကောက်ယူရာ၌ အရွယ်ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းက အမှုပြန်ဖွင့်နိုင်သည်ဟု ယူဆ၍ အရွယ်ရောက်သူသားသမီးတို့ကသာ အမှုပြန်ဖွင့်နိုင်သည်ဟု အကွဲကွဲ အလွဲလွဲ ယူဆလျှင် သင့်မြတ်မည် မဟုတ်ချေ။

ဦးထွန်းလှိုင်ပါ(၂)နှင့် ဦးကြည်ဝင်းပါ(၅)၊ ဦးကျော်စိန်ပါ(၄)[၁] အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်—

"တရားရုံးသည် ဥပဒေကို ရှင်းလင်းထင်ရှားသလို ကျင့်သုံးရမည်။ ရှင်းလင်း ထင်ရှားသော ဥပဒေစကားရပ်ကို တရားရုံးက

---

(၁) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၉၂။

၁၉၉၀
ဒေါ်အုံးရီ
နှင့်
မြည်ထောင်စု
မြန်မာ
နိုင်ငံတော်
ပါ (၄)

အမိပ္ပာယ် ဖွင့်ဆိုရန်၊ ငြိကာချဲ့ရန်မလို၊ အမိပ္ပာယ် ဖွင့်သလိုနှင့် ဥပဒေကို ချဲ့ခြင်း၊ ချုံ့ခြင်းပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြု အာဏာပိုင်အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း မကြာခဏသတိပေးခဲ့ဖူးပြီ။''

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အမိန့်အမှတ် ၄/၈၉ ၏ စာပိုဒ် (၆) ပါ သားသမီးဆိုသော စကားရပ်သည် အရွယ်ရောက်သူ သားသမီးကိုသာ ဆိုလိုသည်ဟု အမိပ္ပာယ် ဖွင့်ဆိုပါက ပင်ရင်းပြဋ္ဌာန်းချက်ကိုချုံ့ရာရောက်ပေလိမ့်မည်။ ထို့ကြောင့် ကိုယ်တိုင် ထိခိုက်နစ်နာသူ၏ သားသမီးသည် အရွယ်မရောက်သေးစေကာမူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၈၉ ၏ စာပိုဒ် (၅) အရ ပိတ်ထားသောအမှုကို ပြန်ဖွင့်နိုင်ကြောင်း ကျွန်ုပ်တို့ အနက်အမိပ္ပာယ် ဖွင့်ဆိုလိုက်သည်။

# ၁၉၉၀ ပြည့်နှစ်

## တရားမမှုများ

ဓိန္ဒြပြ ၁၉၅၄

ေပြဖွမ်းကြလေ

# စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ၁။ ဦးကျော်ဇင်ပါ(၂) | နှင့် | မထိုက် | ၁ |
| ၂။ ဦးခင်မောင်လှိုင် | နှင့် | ဒေါ်ခင်မျိုးလှ | ၅ |
| ၃။ ဒေါ်စကီနာ | နှင့် | ဦးမောင်စိန် | ၁၁ |
| ၄။ ဦးဇော် | နှင့် | ဒေါ်မြို | ၁၅ |
| ၅။ မိုလ်မှူးဇော်လဝ်းပါ(၂) | နှင့် | ဒေါ်စိန်တီ | ၁၈ |
| ၆။ ဒေါ်ညွန့်ညွန့်ခင် | နှင့် | ဒေါ်အိမ်ကြည် | ၂၂ |
| ၇။ ဒေါ်တင်ကြည်ပါ(၆) | နှင့် | ဦးစိုးဝင်း | ၂၈ |
| ၈။ ဒေါ်တင်ကြည် | နှင့် | ဦးစန်းမြင့်ပါ(၂) | ၃၄ |
| ၉။ ဦးတင်မြင့် | နှင့် | ဦးလှင်ကျန်ဟင်း | ၄၁ |
| ၁၀။ တန်အင်စွမ်း (ခ)တန်အင်ချွန်း (ခ) ဦးကျော်မင်း | နှင့် | ဒေါ်ခလေးမ(ခ) ဒေါ်ကျင်ရင် | ၄၅ |
| ၁၁။ ဒေါ်ထွေးခင် | နှင့် | ဒေါ်တင်မြ | ၄၉ |
| ၁၂။ ဒေါ်ထွေးတင် | နှင့် | ဒေါ်ကြည်ကြည် | ၅၆ |
| ၁၃။ ဒေါ်ထွေးသိန်း | နှင့် | ဦးရွှေကူပါ(၂) | ၆၀ |
| ၁၄။ ဒါဝတ်အီဘရာဟင်ဘိုင်မြား | နှင့် | ဗိုင်အေမြား (ခ) ယာ တီး ယား မက်မြား | ၆၅ |
| ၁၅။ ကိုပုပါ(၂) | နှင့် | ဒေါ်သန်းသန်းပါ (၆) | ၇၁ |
| ၁၆။ ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင် | နှင့် | ဦးမျိုးသန်းပါ(၂) | ၇၅ |
| ၁၇။ ဒေါ်မော်လွီ | နှင့် | ဦးဝေါင်ဖုတ်ရီပါ (၂) | ၇၉ |
| ၁၈။ ဦးမင်းမောင်ပါ(၂) ဦးထွန်းအောင်ပါ(၂) | နှင့် | ဦးလှမောင်ပါ (၆) | ၈၃ |
| ၁၉။ မရှမ်းပါ(၅) | နှင့် | ဦးသန်းမြင့် | ၈၈ |
| ၂၀။ ဦးလင်ကျန်ဟင်း | နှင့် | ဦးတင်မြင့် | ၉၀ |
| ၂၁။ ဦးလင်းကြည် | နှင့် | ဒေါ်မေသကြန် | ၉၉ |
| ၂၂။ ဒေါ်လှပိုပါ(၂) | နှင့် | ဦးတင်အုန်းပါ(၂) | ၁၀၄ |
| ၂၃။ ဦးဝှာကေး | နှင့် | ဒေါ်သောင်း | ၁၀၈ |
| ၂၄။ ဦးသောင်း | နှင့် | မတင်တင်ဦးပါ(၆) | ၁၁၄ |
| ၂၆။ ဒေါ်သန်းခင် | နှင့် | ဒေါ်နွဲ့နွဲ့ဇင် | ၁၁၉ |
| ၂၇။ ဒေါ်သန်းညွန့်ပါ(၄) | နှင့် | ဦးအုန်းမြိုင် | ၁၂၄ |
| ၂၈။ ဦးသန်းထွန်း | နှင့် | ဦးစန်းမောင် | ၁၂၈ |
| ၂၉။ ဒေါ်သန်းသန်းပါ(၃) | နှင့် | ဒေါ်တီပါ(၃) | ၁၃၁ |
| ၃၀။ ဦးသိန်းသန်း | နှင့် | ဦးအာရစ်ဘန်း | ၁၄၀ |
| ၃၁။ ဒေါ်အေးမှိပါ(၂) | နှင့် | ဒေါ်ဟုန်ပါ(၃) | ၁၄၃ |
| ၃၂။ ဒေါ်အေးသင် | နှင့် | ဒေါ်ခင်စိန်(ခ) ဒေါ်ချောပါ(၅) | ၁၄၇ |

| | | | [illegible] | စာမျက်နှာ |
|---|---|---|---|---|
| ၃၃။ | ဒေါ်ရွှေအေးအေးကြိုင် | နှင့် | ဒေါ်သိန်းဆွေး | ၁၅၀ |
| ၃၄။ | ဦးအောင်မျှင် / ဒေါ်ထွေး | နှင့် | ဒေါ်သင်းလှိုင် | ၁၅၂ |
| ၃၅။ | ဒေါ်အုန်းရင် | နှင့် | ကိုမြရွှေအောင်ပါ(၂) | ၁၆၀ |
| ၃၆။ | (၁) သွန်ကြားရေးမှူးချုပ် အိုးအိမ်ဦးစီးဌာန (၂) သတင်းတစ်ဖွဲ့မှူး ပြည်သူ့ရဲတပ်ဖွဲ့ | နှင့် | ချန်ဒရာဒေဗီ(ခ) ဒေါ်မြခင်ပါ(၁၀)ဦး | ၁၆၆ |

## တရားမမှုဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ-**

ကာလစည်းကမ်းသတ် ဥပဒေ

တရားမကျင့်ထုံး ဥပဒေ

တရားစီရင်ရေး ဥပဒေ

ပဋိညာဉ် အက်ဥပဒေ

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ

ရှုံးခွန်အက်ဥပဒေ

သီးခြားသက်သာခွင့် ဥပဒေ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ

ကြီးကြပ်ရေး အက်ဥပဒေ

**ပစ္စည်းလက်ရောက်ရလိုမှု—တရားလိုဘက်မှ သက်သေထူရမည့် အချက်များ။**

**ဆုံးဖြတ်ချက်။** လက်ရောက်ရလိုမှုတွင် တရားမစွဲမီ ၁၂ နှစ် အတွင်းက အချင်းဖြစ်ပစ္စည်းမှာ တရားလိုလက်ရှိ ဖြစ်ကြောင်းနှင့်၊ တရားပြိုင်သည် ယင်းပစ္စည်းကို ဆိုင်ရေးဆိုင်ခွင့်မရှိဘဲ သိမ်းပိုက်ထားကြောင်း တရားလိုက သက်သေထူရန်ဖြစ်သည်။

ဒေါ်တင်ကြည်ပါ ၆ နှင့် ဦးစိုးဝင်း.... .... ၂၀

**ပစ္စည်းခွဲဝေပေးစေလိုမှု—တရားစွဲဆိုနိုင်ရန် အကြောင်းသည် နေ့စဉ် ထပ်တလဲလဲ ပေါ်ပေါက်ခြင်း။**

**ဆုံးဖြတ်ချက်။** ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပေါ်ပေါက်သော တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းအရာသည် ထပ်တလဲလဲ ပေါ်ပေါက်သည် ဖြစ်၍ ပစ္စည်းခွဲ မပေးသရွေ့ ကာလပတ်လုံး တရားစွဲရန် နေ့စဉ်နှင့်အမျှ အကြောင်း ပေါ်ပေါက်နေမည်သာ ဖြစ်သည်။

မရှမ်းပါ(၅) နှင့် ဦးသန်းမြင့်.... .... ၈၈

**တရားမကျင့်ထုံးဥပဒေ အမိန့် ၃၃၊ နည်း ၃၊၄ (၃)နှင့် ၄(၅)—လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင် ကိုယ်တိုင်တင်သွင်းခြင်းမပြုသည့်အတွက်ပလပ်ခြင်း—နောက်ထပ် အလားတူလျှောက်လွှာတင်သွင်းခြင်း ပြုနိုင်မနိုင်။**

**ဆုံးဖြတ်ချက်။** အထက်ပါ ပြဋ္ဌာန်းချက်များကို နည်း ၃ နှင့် နည်း ၄ (၃) တို့နှင့်တွဲဖက်၍ ဖတ်ရှုပါက လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင်ကိုယ်တိုင် တင်သွင်းခြင်းမပြုသည့်အတွက် ပလပ်လိုက်သည်ကို အကြောင်းပြုပြီး နောက်ထပ်အလားတူ လျှောက်လွှာ တင်သွင်းခြင်းကို နည်း၄(၅)ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်သည်ဟု ကောက်ယူရန် မသင့်ပေ။

ဦးကျော်ဇင်ပါ(၂)　　နှင့်　　မထိုက်...　　...

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊ နည်း၁—ချေလွှာတင်ပြီးမှမေးမြန်းချက်စာတမ်းများတင်သွင်းရန်ဟုတ်မဟုတ်—အမိန့် ၁၁၊ နည်း၆နှင့် နည်း၇ များသည် ချေလွှာတင်သွင်းသည့်ကိစ္စကို ရည်ညွှန်းထားမှု မရှိခြင်း—တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁ အရတစ်ဘက်အမှုသည်အား မေးခွန်းထုတ်ခြင်း၏ရည်ရွယ်ချက်။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေအမိန့် ၁၁၊နည်း ၁ တွင် ချေလွှာတင်ပြီးမှ မေးမြန်းချက်စာတမ်းများ (Interrogatories) တင်သွင်းနိုင်ကြောင်းပြဋ္ဌာန်းထားခြင်းမရှိချေ။ မေးမြန်းချက်ကို ကန့်ကွက်နိုင်သော အကြောင်းအချက်များကို အမိန့် ၁၁၊ နည်း ၆ တွင်လည်းကောင်း၊ မေးမြန်းချက်အား ပယ်ဖျက်နိုင်သည့်အကြောင်းရပ်များကို အမိန့် ၁၁၊ နည်း၇ တွင်လည်းကောင်း ပြဋ္ဌာန်းထားရာ ယင်းနည်းဥပဒေများသည် ချေလွှာတင်သွင်းသည့်ကိစ္စကို ရည်ညွှန်းထားခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ အရ တစ်ဘက်အမှုသည်အား မေးခွန်းထုတ်ခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ ဆန့်ကျင်ဘက်အမှုသည်ထံမှ ဝန်ခံချက်ရယူကာ ယင်းဆန့်ကျင်ဘက်အမှုသည်၏အမှုကို ဖြိုဖျက်ပစ်နိုင်ရန် အကြောင်းတစ်ရပ်လည်း ပါဝင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မေးခွန်းထုတ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အမှုသည်များအကြား အငြင်းပွားလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာများနှင့် ပတ်သက်သော အကြောင်းအရာများကို ဆန့်ကျင်ဘက်အမှုသည်ထံမှ ရစေခြင်းဖြင့်လည်းကောင်း၊ ငြင်းချက်နှင့်စပ်လျဉ်း၍ သက်သေပြရန် အကြောင်းခြင်းရာကို တစ်ဘက်

အမှုသည်ထံမှ ဝန်ခံချက်ရစေခြင်းဖြင့်လည်းကောင်း၊ စရိတ်စကအကုန်အကျ သက်သာစေရန်ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုလျှင် မေးမြန်းချက်များ၏ အဖြေတို့သည် မေးမြန်းသူတင်ပြလိုသောအမှုကို အထောက်အကူပြုစေမည် ဖြစ်လျှင်သော်လည်းကောင်း၊ ဆန့်ကျင်ဘက်အမှုသည်၏အမှုကို ဖြိုဖျက်နိုင် စေမည်ဖြစ်သော်လည်းကောင်း၊ ယင်းမေးမြန်းချက်တို့ကို ခွင့်ပြုမည်ဖြစ် သည်။ ထို့ပြင်တစ်ဘက်အမှုသည်၏သဘောသဘာဝကို သိရှိနိုင်ရန်အတွက် အမိန့် ၁၁ အရ မေးခွန်းထုတ်နိုင်သည်။

ဦးခင်မောင်လှိုင်နှင့် ဒေါ်ခင်မျိုးလှ....

**တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့် ပုဒ်မ ၁၅၁—မည်သည့်အခါ ပုဒ်မ ၁၄၄ အရ လျှောက်ထားခွင့်ရှိခြင်း—မည်သည့်အခါပုဒ်မ ၁၅၁ အရ အခွင့်အာဏာကို ကျင့်သုံးရန်မသင့်ခြင်း—၁၉၆၀ ပြည့် နှစ်မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) မည်သည့်အခါပုဒ်မ ၁၅(၁) အရ လျှောက်ထားခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ လျှောက် ထားသူ ဒေါ်စကီနာအနေဖြင့် ၎င်းအပေါ်၌ ဒီကရီတစ်စုံတစ်ရာချမှတ် ထားခြင်းမရှိသောအခါမှ လျှောက်ထားရမည်ဖြစ်သည်။ ယခုကိစ္စတွင် ဒေါ်စကီနာအပေါ်၌ ပုဒ်မ ၁၂(၁) (က)အရ ချမှတ်သည့်ဒီကရီမှာ ယခုတိုင်တည်မြဲလျက်ရှိနေသည်။ ထို့ကြောင့် ဒေါ်စကီနာသည် ပုဒ်မ ၁၄၄ အခွင့်အရေးကို လျှောက်ထားတောင်းဆိုနိုင်သည့် အနေအထား၌မရှိ ပေ။ ပုဒ်မ ၁၄၄ ပြဋ္ဌာန်းချက်ရှိနေသဖြင့် ပုဒ်မ ၁၅၁ အခွင့်အာဏာကို ကျင့်သုံးရန်လည်း မသင့်ပေ။ ထို့ကြောင့် ပုဒ်မ ၁၄၄ အရ လျှောက်ထား သည့် ဒေါ်စကီနာ၏လျှောက်လွှာကို တိုင်းတရားရုံးမှ ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်းမတွေ့ရပေ။ တရားရုံးဒေါ်စကီနာက ၎င်း အပေါ်ချမှတ်ထားသည့် ဒီကရီကိုအတည်ပြုပြီးချိန်ကျမှ ပုဒ်မ ၁၅(၁) ပါ အခွင့်အရေးကို လျှောက်ထားတောင်းဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။

ဒေါ်စကီနာနှင့် ဦးမောင်စိန်.... ....

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၅၈—ပြင်ဆင်မှု—တစ်ဦးတစ် ယောက်၏နစ်နာမှုကို ဥပဒေအရ ကုစားရန် လမ်းပွင့်နေသည့် ကိစ္စမျိုး၌ ပြင်ဆင်မှုတွင် စွက်ဖက်မည်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားမှုတွင် တရားရုံးကစုံစမ်းစစ်ဆေးပြီးနည်း ၆၀ အရ ဝရမ်းခွာပေးရန် ဆုံးဖြတ်သည်ဖြစ်စေ၊ နည်း ၆၁အရ ဝရမ်းခွာပေးရန် ငြင်းပယ်လိုက်သည်ဖြစ်စေ ချမှတ်သည့် အမိန့်တစ်စုံတစ်ရာကို မကျေနပ်

စာမျက်နှာ

သူသည် အချင်းဖြစ်ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းပြီး အမိန့် ၂၁၊ နည်း ၆၃ အရ တရားတစ်ထုံးစွဲခွင့်ရှိသည်။ ယင်းကဲ့သို့ တစ်ဦးတစ်ယောက်၏ နာနာမှုကိုဥပဒေအရ ကုစားရန် နည်းလမ်းပွင့်နေသည့်ကိစ္စမျိုး၌ မူလရုံး၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုတရားရုံးက ပြင်ဆင်မှုတွင် ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဦးဇော်နှင့်ဒေါ်မြ ....                                                                ၁၅

**တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၂ ၏ရည်ရွယ်ချက်—အငြင်းထွက်ပြဿနာသည် ဥပဒေငြင်းချက်သက်သက်ဖြစ်သော်၊ ယင်းပြဿနာကို ဦးစွာအဆုံးအဖြတ်ပေးရန်လို မလို။**

**ဆုံးဖြတ်ချက်။** ။ဥပဒေငြင်းချက် သက်သက်ဖြစ်သော အငြင်းထွက်ပြဿနာကို ဦးစွာအဆုံးအဖြတ်ပေးခြင်းဖြင့် မလိုအပ်ဘဲအမှုကို ကြာမြင့်စွာခုခံနေရသောဒုက္ခမှ ကင်းဝေးစေရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၂ က ရည်ရွယ်သည်။

ဒေါ်ညွန့်ညွန့်ခင် နှင့် ဒေါ်အိမ်ကြည် .... ....                                  ၂၂
(၄င်းကိုယ်စားလှယ်စာရသူဦးထွန်းရီ)

**အယူခံဝင်ခွင့်-တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၆-မည်သူကမည်သည့်အခါ အယူခံဝင်ခွင့်ရှိခြင်း။**

ဒေါ်ခြေအေးနှင့် ဦးစန်းမြင့်တို့သည် မောင်နှမအရင်းချား ဖြစ်ကြသည်။ ဒေါ်ခြေအေးသည် ရန်ကုန်မြို့သို့ လာရောက်၍ ဆေးကုသမှု ခံယူခိုက်တွင် ဦးစန်းမြင့်တို့က ဆေးကုသရန်အတွက် လက်မှတ်ရေးထိုးရမည်ဟု ပြောဆိုသဖြင့် စာရွက်များတွင် အကြိမ်ကြိမ်လက်မှတ်ရေးထိုးခဲ့ရကြောင်း၊ နောက်ပိုင်းတွင် ပုသိမ်မြို့ရှိမိမိပိုင်တိုက်နှင့်မြေကို ဦးစန်းမြင့်တို့အား အပေးစာချုပ်ချုပ်ဆိုထားသည်ကို သိရှိလာရကြောင်း စသည်ဖြင့်အဆိုပြုကာ ယင်းမှတ်ပုံတင်အပေးစာချုပ်မှာတရားမဝင်ကြောင်းနှင့်စာချုပ်ပါပစ္စည်းများကိုမိမိပိုင်ကြောင်းမြွက်ဟကြေညာပေးစေရန်ဒေါ်ခြေအေးကဦးစန်းမြင့်နှင့်ဒေါ်သန်းစိန်အပေါ် ရှေ့ဝတီတိုင်းတရားရုံးတွင် တရားစွဲဆိုသည်။ အမှုဆိုင်နေစဉ်အတွင်း ဒေါ်ခြေအေးကွယ်လွန်သွားသဖြင့် အယူခံတရားလို ဒေါ်တင်ကြည်က မိမိသည်ကွယ်လွန်သူဒေါ်ခြေအေး၏ ကိတ္တိမသမီးဖြစ်သည်ဟု အကြောင်းပြကာ အမှုတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန်လျှောက်ထားသည်။ တိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်ပြီး ဒေါ်ခြေအေးစွဲဆိုသော အမှုကိုပိတ်လိုက်သည်။ ဒေါ်တင်ကြည်က မိမိအားတရားဝင်ကိုယ်စားလှယ်အဖြစ်ထည့်သွင်းခွင့်ပြုရန် ငြင်းပယ်သောတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားရာ တရားရုံးချုပ်က ဒေါ်ခြေအေးစွဲဆိုသောအမှုကို ပိတ်

လိုက်သည့်တိုင်းတရားရုံး၏အမိန့်သည် ဒီကရီဖြစ်သည်ဟုကောက်ယူရမည်ဖြစ်၍ ပြင်ဆင်မှုလျှောက်ထားခွင့် မရှိကြောင်း သုံးသပ်ခါလျှောက်လွှာကို ပလပ်လိုက်သည်။

**ဆုံးဖြတ်ချက်။** ။အမှုသည်တစ်ဦးထံမှ ဆိုင်ရေးဆိုင်ခွင့် ရရှိသူသည် အထက်ဖော်ပြပါပြဋ္ဌာန်းချက်များအရ မိမိအား အကြိုးအကျယ်ထိခိုက်စေသည့်ဒီကရီကိုအယူခံဝင်ခွင့်ရှိသည်။သို့ဖြစ်၍ ကွယ်လွန်သူအမှုသည်၏တရားဝင်ကိုယ်စားလှယ်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆_ ပါပြဋ္ဌာန်းချက်များအရ မိမိအားအကြိုးအကျယ်ထိခိုက်နစ်နာစေသည့်ဒီကရီကိုအယူခံဝင်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင်ဒေါ်တင်ကြည်သည်ကွယ်လွန်သူ၏တရားဝင်ကိုယ်စားလှယ်မဟုတ်ဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ထားသည်။ တိုင်းတရားရုံး၏ ၂၆-၂-၈၈ ရက်စွဲပါ အမိန့်အတည်ဖြစ်နေသေးသရွေ့ ကာလပတ်လုံးဒေါ်တင်ကြည်အနေဖြင့် ဒေါ်အေးစွဲဆိုခဲ့သောအမှုအား တိုင်းတရားရုံးက ပိတ်လိုက်သောအမိန့်ကို အယူခံဝင်ခွင့်မရှိနိုင်ချေ။ ဒေါ်တင်ကြည်အနေဖြင့် ဒေါ်အေး၏ကိတ္တိမသမီးမဟုတ်ဟူသောတိုင်းတရားရုံး၏ဆုံးဖြတ်ချက်ကို ပယ်ဖျက်စေပြီး အမှုတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ဝင်ခွင့်ရရှိမှသာ အယူခံဝင်ခြင်း အပါအဝင်ကိစ္စအဝဝကို ဆောင်ရွက်ခွင့်ရရှိပေလိမ့်မည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက ဒေါ်အေးစွဲဆိုသောအမှုကိုပိတ်သည့်အပြီးသတ်အမိန့်ကို အယူခံဝင်ရန်ဖြစ်သည်ဟုတရားရုံးချုပ်က ကောက်ယူဆုံးဖြတ်ခြင်းသည် ဤအမှုတွင် ပေါ်ပေါက်သောထူးခြားချက်များအရ မှားယွင်းပေသည်။

ဒေါ်တင်ကြည် နှင့် ဦးစန်းမြင့်ပါ (၂) .... ....

**မီးသေခြင်း–မှုသည့်အခါ စီရင်ချက် တစ်ရပ်သည် တရားပြိုင်အချင်းချင်းအကြားတွင် မီးသေခြင်း။**

အယူခံတရားလို ဒေါ်ထွေးခင်နှင့် အယူခံတရားပြိုင်ဒေါ်တင်မြ၊ ဤအယူခံမှုတွင် အမှုသည်အဖြစ်မပါသော ဒေါ်ညွန့်ခင်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်စိန်၊ ဦးကျော်ထွန်းနှင့် ကွယ်လွန်သူဒေါ်ညွန့်တင်တို့သည် မောင်နှမ အရင်းအချာများဖြစ်ကြသည်။ ဒေါ်ညွန့်တင်မှာ အမှုသည်များ၏ အစ်မ ဖြစ်သည်။ ၁၄–၃–၇၅ နေ့တွင် ဒေါ်ညွန့်တင် ကွယ်လွန်သောအခါ ခင်ပွန်းသားသမီးများမကျန်ရစ်ချေ။ ဒေါ်တင်မြက ဒေါ်ညွန့်တင်ကျန်ရစ်ခဲ့သော ပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် ရန်ကုန်တိုင်းတရားရုံးတွင် အစ်မ၊ညီမများနှင့် မောင်တို့အပေါ် တရားစွဲဆိုသည်။

စာမျက်နှာ

ထိုအမှုကို အယူခံတရားလို ဒေါ်ထွေးခင်ကသာ ယှဉ်ပြိုင်ပြီး ကျန်တရားပြိုင်များက ဖြောင့်ဆိုဝန်ခံကြသည်။ ဒေါ်ထွေးခင်က အချင်းဖြစ် အိမ်ကို ကွယ်လွန်သူနှင့်မိမိတို့ ဆောက်လုပ်ကြသည်ဟု ထုချေသည့်အပြင် ယင်းအိမ်တစ်ဝက်မှာ မိမိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် တန်ပြန်တောင်းဆိုသည်။ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်ထွေးခင်၏ တင်ပြချက်ကိုပယ်ချကာ အမွေပစ္စည်းများ၏ ခြောက်ပုံတစ်ပုံကိုဒေါ်တင်မြအား ခွဲဝေပေးစေရန် ပဏာမဒီကရီ ချမှတ်လိုက်သောကြောင့် ဒေါ်ထွေးခင်က တရားရုံးချုပ်တွင် ဤအယူခံကို ဒေါ်တင်မြ တစ်ဦးတည်းအပေါ် တင်သွင်းသည်။

**ဆုံးဖြတ်ချက်။** အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူတစ်ဦးတည်းပိုင် ဟုတ်မဟုတ် အယူခံတရားလို ဒေါ်ထွေးခင်နှင့် ဤအယူခံ၌ အမှုသည်များ အဖြစ်ဖြင့် မပါဝင်သော ဒေါ်ညွန့်ခင်ပါ ၄ ဦးတို့အကြားတွင် အငြင်းပွားလျက်ရှိသည်။တရားလိုတောင်းဆိုသောသက်သာခွင့်ကိုရခွင့်ရှိမရှိအဆုံးအဖြတ်ပေးရာ၌ ယင်းအငြင်းပွားချက်ကို ဆုံးဖြတ်ပေးရန် လိုအပ်သည့် အလျောက် တိုင်းတရားရုံးသည် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ငြင်းချက် အမှတ်(၁) နှင့် ငြင်းချက် အမှတ်(၂)တို့ကို ထုတ်နုတ်ကြားနာကာ ဒေါ်ညွန့်ခင်အားအနိုင်ပေး၍ ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်ရာ မူလရုံး၏ဆုံးဖြတ်ချက်သည် အယူခံတရားလိုနှင့် မူလရုံးတရားပြိုင်များဖြစ်ကြသော ဒေါ်ညွန့်ခင်ပါ ၄ ဦးတို့အကြားတွင် မီးသေပြီး ဖြစ်သည်။ ဤအခြေအနေတွင် ဤအယူခံမှု၌ တရားရုံးချုပ်က အယူခံတရားလို၏ တင်ပြချက်ကိုလက်ခံကာ အချင်းဖြစ်အိမ်မှာ ဒေါ်ထွေးခင်နှင့် ကွယ်လွန်သူးတို့နှစ်ဦးပိုင်အိမ်ဖြစ်သည်ဟုကောက်ယူဆုံးဖြတ်ပါကပြဿနာ တစ်ရပ်တည်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက် ဆုံးဖြတ်ချက်နှစ်ရပ် ပေါ်ပေါက်လာမည် ဖြစ်သည်။

ဒေါ်ထွေးခင်နှင့် ဒေါ်တင်မြ*
(၎င်း၏ကိုယ်စားလှယ်ဦးအောင်မြင့်)။.... .... ၄၁

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊နည်း ၂၉ အရ မွေထိန်းစာကို ပယ်ဖျက်ပေးရန်လျှောက်ထားမှုသည် တရားမကြီးမှုဟုတ်မဟုတ်-ယင်းအမှုလျှောက်ထားဆဲတွင် ဇာရီမှုကိုဆိုင်းငံ့ထားခွင့် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** အမွေထိန်းစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉တွင် ရည်ညွှန်းထားသော 'တရားမကြီးမှု' မဖြစ်နိုင်ပေ။သို့ဖြစ်၍ အမွေထိန်းစာ ပယ်ဖျက်ပေးရန်

စာမျက်နှာ

ဖျောက်ထားဆဲတွင် ဒေါ်ထွေးတင် ဖွင့်လှစ်ထားသော ဇာရီမှုကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊နည်း ၂၉ အရ ဆိုင်းငံ့ထားခွင့် ရှိမည် မဟုတ်ချေ။

ဒေါ်ထွေးတင် နှင့် ဒေါ်ကြည်ကြည် .... .... ၅၆

**လိမ်လည်မှု–မည်သည့်လိမ်လည်မှုမျိုးအပေါ် အခြေခံ၍ ဒီကရီတစ်ရပ်ကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ခြင်း– ဆုံးဖြတ်ပြီးသော ပြဿနာကို ထပ်မံအရေးဆိုခွင့် မရှိခြင်း။**

ဆုံးဖြတ်ချက်။ လိမ်လည်မှုကို အကြောင်းပြု၍ ဒီကရီ တစ်ရပ်ကို ပယ်ဖျက်ပေးရန်အတွက် တရားစွဲဆိုနိုင်ရန်ထိုဒီကရီကိုအခြေခံသည့်သက်သေ ခံချက်သည် မမှန်ကန်ကြောင်း တရားလိုက ပြဆိုရုံမျှဖြင့် မသုံးသက်ရ။ မိမိ၏ပျက်ကွက်မှု (သို့မဟုတ်) လျစ်လျူရှုမှုကြောင့်မဟုတ်ဘဲ တရားပြိုင် (ယခင်အမှုတရားလို)၏ တမင် လိမ်လည်လှည့်ဖြားမှုကြောင့် မိမိသည် ယင်းလိမ်လည်မှုကို ယခင်အမှုတွင် ဖော်ထုတ်နိုင်ခွင့် မရခဲ့ကြောင်းသက်သေ ပြရမည်။ ဆုံးဖြတ်ပြီးသော ပြဿနာများကို ထပ်မံအရေးဆိုခွင့် မရနိုင်ချေ။

ကိုပုပါ(၂) နှင့် ဒေါ်သန်းသန်းပါ(၆).... .... ၇၁

**တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊နည်း ၁၆–တရားနိုင်၏ တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့်၎င်း၏အစ်ကိုဖြစ်သူက တရားနိုင်ရရှိထားသောဒီကရီကို အတည်ပြုခွင့် ရှိမရှိ–တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၆–မူလတရားနိုင် လျှောက်ထားခွင့်ရှိသော ဇာရီမှုကို တရားနိုင်အား ဆက်ခံအရေးဆိုသူက ဆက်လက် ဆောင်ရွက်ခွင့် ရှိ မရှိ။**

ဆုံးဖြတ်ချက်။ အယူခံ တရားပြိုင် ဦးဝေါင်ဖုတ်ရီသည် တရားနိုင် ဦးဝေါင်ဖုတ်မိန်၏ အစ်ကိုဖြစ်သည့်အားလျော်စွာ ၎င်း၏တရားဝင် ကိုယ်စား လှယ်အဖြစ်ဖြင့် တရားနိုင်ရရှိထားသော ဒီကရီကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၁၆ အရ အတည်ပြုခွင့်ရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ မူလတရားနိုင် လျှောက်ထားခွင့်ရှိသော ဇာရီမှုကို ယင်းတရားနိုင်အား ဆက်ခံအရေးဆိုသူအနေဖြင့် အစ်ကို ဦးဝေါင်ဖုတ်ရီက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆တွင် ခွင့်ပြုထားသည့်အတိုင်း ဆက်လက် ဆောင်ရွက်ခွင့်ရှိသည်။ ဇာရီမှုအသစ် ဖွင့်လှစ်ပေးရန် လျှောက်ထားခွင့် လည်း ရှိသည်။

ဒေါ်မော်လွှမ် နှင့် ဦးဝေါင်ဖုတ်ရီပါ (၂).... .... ၇၄

(၈)

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀—က ဆင့်ဆိုရန် လိပ်စာ တင်သွင်းရန် ပျက်ကွက်လျှင်ဆောင်ရွက်ရန် နည်းလမ်း—မည်သည့် အခါ၌ အဆိုလွှာကို ပလပ်သည့်အထိ အရေးယူနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** အမိန့် ၅၊ နည်း ၂၀–က(၄) အရ ဆင့်ဆိုရန် လိပ်စာ တင်သွင်းရန် ပျက်ကွက်သောအဆိုလွှာကို တရားရုံးက ပလပ်နိုင်သည်။ ထိုသို့ ပလပ်ခြင်းမပြုဘဲ လိပ်စာတင်သွင်းစေရန် ဆင့်ဆိုနိုင်သည်။ ယင်းသို့ ဆင့်ဆို ရာ၌ အမှုကိုရုံးချိန်းပေးရသည့်အတွက် တစ်ဘက်အမှုသည်များအား တရား စရိတ် ပေးစေနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** တရားလိုဘက်မှ လိပ်စာတင်သွင်းရန် ပျက်ကွက် ခြင်းနှင့် ရုံးသို့အချိန်မှန်မှန် လာရောက်ခြင်းတို့သည် သီးခြားကိစ္စများ ဖြစ် သည်။ တရားလိုများသည် ရုံးချိန်းပျက်ကွက်ခြင်း မရှိသည့်အတွက် လိပ်စာ တင်သွင်းရန် မလိုဟူ၍လည်းကောင်း၊ တရားလိုဘက်ကိုဆင့်ဆိုရန် လိပ်စာ မပါသောအဆိုလွှာကို လက်ခံဆောင်ရွက်ခဲ့ပြီးဖြစ်၍ လိပ်စာတင်သွင်းစေရန် မလို ဟူ၍လည်းကောင်း မူလရုံးက ယူဆခဲ့ဟန်တူသည်။ ယင်းယူဆချက် သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀—က(၁)ပါ အတိအလင်း ပြဋ္ဌာန်းချက်ကို အဟောသိကံ ဖြစ်စေသည်။ အဆိုလွှာကို လက်ခံစဉ်အခါက လိပ်စာပါမပါ မစိစစ်မိ၍ လက်ခံမိသည့်တိုင်အောင် လိပ်စာ တင်သွင်းရန် ပျက်ကွက်ကြောင်း တွေ့ရလျှင် အမိန့် ၅၊ နည်း ၂၀—က(၄)အရ အမိန့် တစ်ရပ်ရပ်ချမှတ်ရမည် ဖြစ်သည်။ လိပ်စာတင်သွင်းရန် တရားရုံးကညွှန်ကြား ပါလျက် တရားလိုဘက်မှ တင်သွင်းရန်ပျက်ကွက်လျှင် အဆိုလွှာကို ပလပ် ပစ်သည်အထိ အရေးယူဆောင်ရွက်ရန်ဖြစ်သည်။

ဦးမင်းမောင်ပါ —၂ / ဦးထွန်းအောင်ပါ —၂ နှင့် ဦးလှမောင်ပါ-၆ .... ၁၄

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၄ နှင့် နည်း ၆၊ အမွေစီမံ ခန့်ခွဲပေးစေလိုမှုသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လက် ရောက်ရလိုမှု မဟုတ်ခြင်း—တရားစွဲဆိုနိုင်ရန် အကြောင်းများကို မည်သည့်အခါ သီးခြားစစ်ဆေး စီရင်ရခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၄ သည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလက်ရောက်ရလိုမှုကို ရည်ညွှန်းသည်။ ယခု အမှုတွင် အမွေခွဲဝေရမည့် ပစ္စည်းများတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း များပါဝင်သော်လည်း အယူခံတရားလိုစွဲဆိုသည့် အမှုသည် အနှစ်သာရ အားဖြင့် မရွှေ့မပြောင်းနိုင်သည်ပစ္စည်းကို လက်ရောက်ရလိုသည် မဟုတ်

ချေ။ သို့ဖြစ်ရာ အယူခံတရားလို ပူးတွဲစွဲဆိုလိုသော တရားစွဲဆိုနိုင်ရန် အကြောင်းနှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစွဲဆိုခြင်းအားဖြင့် အမိန့် ၂၊ နည်း ၄ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ရန်အကြောင်းမရှိနိုင်ပေ။ ထို့ပြင် တရားစွဲဆိုရန် အကြောင်းများကိုမှားယွင်း ပူးတွဲစွဲဆိုမှုဖြင့် အမှုကိုပလပ်ရန် မဟုတ်ချေ။ ပူးတွဲထားသောတရားစွဲဆိုနိုင်ရန်အကြောင်းများကို စုပေါင်း၍ စစ်ဆေးစီရင်ခြင်းမပြုနိုင်လျှင် တရားရုံးက သီးခြားစစ်ဆေးစီရင်စေရန် အမိန့်ချမှတ်နိုင်သည်။ တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၊ နည်း ၆ ၌ တရားရုံးသည် သင့်သည်ထင်မြင်သည့် အခြားအမိန့်ချမှတ်နိုင်သည် ဆိုရာ၌ အမှုကို ပလပ်ပစ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ချေ။

ဦးသောင်း နှင့် မတင်တင်ဦးပါ(၆) .... .... ၁၁၄

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၃၁-ဒီကရီတွင် ပစ္စည်းကို လက်ရောက်ပေးအပ်ခြင်း– မပြုနိုင်သည့်အခါ ဆောင်ရွက်ရန် နည်းလမ်း–ဇာရီရုံး၏အာဏာ။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၁ အရ ဒီကရီတွင် ပစ္စည်းကို လက်ရောက်ပေးအပ်ခြင်း မပြုနိုင်ပါက တန်ဖိုးငွေမည်မျှ ပေးရမည်ဟု ပါရှိလျှင် အဆိုပါတန်ဖိုးငွေကို တရားနိုင်သို့ ပေးစေရန်နှင့် တန်ဖိုးငွေ သတ်မှတ်ထားခြင်း မရှိလျှင် တရားရုံးက သင့်သည် ထင်မြင်သည့် လျော်ကြေးကို ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ မူလ ဒီကရီတွင် ပစ္စည်းကိုသာ လက်ရောက်ပြန်လည် ပေးအပ်စေရန် ပါရှိပြီး ပစ္စည်းပေးအပ်ခြင်း မပြုနိုင်က တန်ဖိုးငွေ မည်ရွေ့မည်မျှ ပေးရမည်ဟု ပါရှိခြင်း မရှိ၍ ဇာရီရုံးက ထိုက်သင့်သော လျော်ကြေးကို ပေးအပ်စေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးသန်းထွဋ် နှင့် ဦးစန်းမောင် .... .... ၁၂၈

**အပ်ဝရမ်းအတည်ပြုခြင်း ဘိလစ်ကဆောင်ရွက်ရန် နည်းလမ်း။**

**ဆုံးဖြတ်ချက်။** ။ဘိလစ် ဖြစ်သူသည် အပ်ဝရမ်းကို အတည်ပြုရာ၌ လက်ရောက်ပေးအပ်ရန်ရှိသော ဥပစာ၌ တရားရှုံးနေထိုင်ခြင်း ရှိမရှိ မိမိတတ်စွမ်းသမျှ စုံစမ်းစိစစ်ရသည်၊ တရားရှုံးမရှိသည့်တိုင်အောင်ပေး အပ်ရန်ဖြစ်သော ဥပစာတွင် လက်ရှိနေထိုင်လျက်ရှိသူများသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများဟုတ်မဟုတ် ထပ်ဆင့်စုံစမ်းရမည်။ လိုက်နာရန်တာဝန်ရှိသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရလျှင် အပ်ဝရမ်း၌ အခွင့်အာဏာပေးအပ်ထားသည့်အတိုင်း ထိုသူတို့ကို ဖယ်ရှားရန်ဖြစ်သည်။ ပေးအပ်ရန်ဖြစ်သော ဥပစာ၌ တရားရှုံးလည်းထိုဒီကရီကိုလိုက်နာရန်တာဝန်ရှိသူ

စာမျက်နှာ

များလေလည်းနေထိုင်ခြင်းမပြုကြောင်းတွေ့ရပြီးအခြားသူများနေထိုင်လျက်ရှိခြင်းကြောင့်ပစ္စည်းကိုတရားနိုင်အားမပေးအပ်နိုင်လျှင် အကျိုးအကြောင်းဖော်ပြ၍ အပ်ပိုင်ရမ်းကို အတည်မပြုရကြောင်း တရားရုံးသို့ အစီရင်ခံရန်ဖြစ်သည်။

ဒေါ်သန်းညွန့်ပါ (၄) နှင့် ဦးအုန်းမြိုင် .... .... ၁၂၄

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁–မီးသေသော ဆုံးဖြတ်ချက်ဖြစ်ရန်လိုအပ်ချက်များ–မည်သည့် ဆုံးဖြတ်ချက်များသည်မှုဖြစ်အကြောင်းအရာကို အပြီးသတ်ဆုံးဖြတ်ရာမရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ မီးသေသော ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်ရန် အသို့ဘွာ အမှုဘွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့် လည်းကောင်း၊ အငြင်းပွားသော အကြောင်းအရာကို တရားရုံးကကြားနာ၍ အပြီးသတ် အဆုံးအဖြတ်ပြုသော ဆုံးဖြတ်ချက် တစ်ရပ်ရှိရန် လိုအပ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် ဗဟိုဘုရားရုံး၏ သုံးသပ်ချက်အရဆိုလျှင် အယူခံတရားလိုတို့ ပထမစွဲဆိုသော အမှုကို အမှုသွားအမှုလာအရ အဆုံးအဖြတ်မပေးကဲ့ အမှုပုံစံလွဲမှားခြင်း သက်သက်ကိုအကြောင်းပြု၍ အယူခံတရားလိုတို့၏ အမှုကို ပလပ်လိုက်ခြင်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ အမှုသည်များအကြား အငြင်းပွားသည့် အကြောင်းအရာကို ကြားနာ၍အပြီးသတ် အဆုံးအဖြတ်ပြုသော ဆုံးဖြတ်ချက်သာလျှင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် ဆုံးဖြတ်ချက်မှတ်သည့် အမှုတွင် ပါဝင်သော အမှုသည်များအပေါ်တွင်ဖြစ်စေ၊ သူတို့၏ အကျိုးကို ဆက်ခံသောသူများ အပေါ်တွင်ဖြစ်စေ၊ အကျိုးသက်ရောက်မှုရှိနိုင်သည့် အမှုပုံစံ လွဲမှားခြင်း၊ နို့တစ်စာ တရားမဝင်ခြင်း၊ အမှုသည် မစုံလင်ခြင်း၊ အမှုသည်များကို မှားယွင်းပူးတွဲထားခြင်း၊ တရားစွဲဆိုနိုင်ရန် အကြောင်းမပေါ်ပေါက်ခြင်း၊ စီရင်ပိုင်ခွင့်မရှိခြင်း၊ ရုံးခွန်လုံလောက်စွာ မထမ်းဆောင်ခြင်း စသည့် အကြောင်း တစ်ရပ်ရပ်ကို အကြောင်းပြု၍ အမှုကို ပလပ်သောစီရင်ချက်သည် မှုဖြစ်အကြောင်းအရာ အပြီးသတ် ဆုံးဖြတ်ရာမရောက်သဖြင့် မီးသေ ဆုံးဖြတ်ချက် မဟုတ်ချေ။

ဒေါ်သန်းသန်းပါ (၃) နှင့် ဒေါ်တီပါ (၃) .... .... ၁၃၁

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ အမှုပွားများရန် အကြောင်းရှိခြင်းကြောင့် အမှုရုပ်သိမ်းခြင်းကို ငြင်းပယ်ရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ။အမှုကို ရုပ်သိမ်းခွင့်ပြုခြင်းကြောင့် တရားတစ်ထုံးထပ်မံစွဲဆိုရန် အကြောင်းရှိမည်ဖြစ်သော်လည်း ယင်းသို့ အမှုပွားများလာရန် အကြောင်းရှိသည်ကို ညွှန်ပြကာ အမှုရုပ်သိမ်းခွင့်ကို ငြင်းပယ်ရန်

စာမျက်နှာ

မဟုတ်ပေ။ ထိုအကြောင်းပြချက်ဖြင့် ငြင်းပယ်မည် ဆိုပါက တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ (၂) ပါ ပြဋ္ဌာန်းချက်မှာ အဟောသိကံဖြစ်ပေလိမ့်မည်။

**ထင်မ်ဆုံးဖြတ်ချက်။** ။တရားမမှုများကို အကြိမ်ကြိမ် စွဲဆိုရန်မသင့်ဟူသော ဥပဒေသကို ခြွင်းချက်ဖြင့် ကျင့်သုံးရန်ဖြစ်သည်။ တရားလိုတစ်ဦးသည် အကြောင်းအရာတစ်ရပ်တည်း အပေါ် အကြိမ်ကြိမ် တရားစွဲဆိုလျှင် တစ်ဘက်အမှုသည်အား အနည်းနှင့်အများ နစ်နာစေမည်ဖြစ်သည်။ သို့ရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁(၂) တွင် အကျုံးဝင်သော အကြောင်းတစ်ရပ်ရပ်ကြောင့် အမှုကိုရုပ်သိမ်းခွင့်ပြုရန် အကြောင်းဆိုက်ရောက်လာလျှင် တရားရုံးအနေဖြင့် ခွင့်ပြုသင့်ပေသည်။

ဒေါ်အေးမိုပါ (၂) နှင့် ဒေါ်ဟန်ပါ-(၃) .... , .... ၁၄၃

**အမှုသည်ရုပ်စဲခြင်း— အမွေထိန်းစာရသူ ကွယ်လွန်သောအခါ ၎င်းစွဲဆိုသော အမှုရုပ်စဲသွားခြင်း။**

**ဆုံးဖြတ်ချက်။** ။မူလရုံး အမှုတွဲ၌တရားလို ဦးခင်ဌေးက အမှုစွဲဆိုရာတွင် အချင်းဖြစ် ပစ္စည်း၏ အမွေဆိုင် တစ်ဦးဖြစ်သူ ဒေါ်စောတင် (ကွယ်လွန်)၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်စာ လျှောက်ထားပြီး အမွေထိန်းလက်မှတ်စာရသူ အနေဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။ အမွေထိန်းလက်မှတ်စာကို ကိုင်ဆောင်၍ တရားမမှုစွဲဆိုသူ တရားလို ဦးခင်ဌေး အမှုအတောအတွင်း ကွယ်လွန်သွားသောခါ အမှုမှာ အလိုလိုရုပ်စဲ ပြီးဆုံးသွားပြီဖြစ်သည်။ အကြောင်းမူကား ဦးခင်ဌေး တစ်ဦးချင်းအနေဖြင့် လျှောက်ထား ရရှိထားသည့် အမွေထိန်း လက်မှတ်စာဖြစ်သဖြင့် ဦးခင်ဌေး သေဆုံးသည်နှင့်တစ်ပြိုင်နက် ထိုအမွေထိန်း လက်မှတ်စာမှာလည်းဆုံးခန်းတိုင် ရောက်သွားပြီးဖြစ်သည်။

ဒေါ်အေးသင် နှင့် ဒေါ်ခင်စိန် (ခ) ဒေါ်ချောပါ-၅ .... ၁၄၇

**ယာယီတားရမ်း—အငြင်းပွားပစ္စည်းမရှိလျှင် ယာယီ တားရမ်းထုတ်ပေးရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အမှုတွင် အငြင်းပွားသည့် ပြဿနာသည် စာချုပ်အား ပျက်ပြယ်စေလိုကြောင်းသာဖြစ်၍ အငြင်းပွားပစ္စည်းဟူ၍ မရှိချေ။ ဤအခြေအနေတွင် ယာယီတားရမ်း ထုတ်ဆင့်ရန်အကြောင်းမရှိပေ။

(၆)

စာမျက်နှာ
ဒေါ်ဒွေးဒွေးကြိုင် နှင့် ဒေါ်သိန်းထွေး .... ၁၅၊
(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူဒေါ်ခင်မျိုးလှ)

ကျူးကျော်သူအား ဖယ်ရှားပေးစေလိုမှု—တရားမစွဲဆိုမီ ကျူးကျော်သူထံ နို့တစ်စာပေးရန်လိုမလို—ကျူးကျော်သူအား ကျူးကျော်သည့်နေ့တွင်တရားစွဲဆိုနိုင်ရန်အကြောင်းပေါ်ပေါက်ခြင်း၊ တရားစွဲဆိုနိုင်ရန်ထပ်တလဲလဲပေါ်ပေါက်ခြင်း—ရှိမရှိ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည့်နေ့—ရှေ့နေ၏ ဝန်ခံချက် ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ရှေ့နေတစ်ဦး၏ မှားယွင်းသော ဝန်ခံချက်သည် အမှုသည်၏ အကျိုးကိုထိခိုက်စေခြင်းရှိပရှိ။

**ဆုံးဖြတ်ချက်။** ။ကျူးကျော်သူအား ဖယ်ရှားပေးစေလိုမှုတွင် အိမ်ငှားအားနှင်ထုတ်ပေးစေလိုမှုမှာကဲ့သို့အကြောင်းကြားစာပေးရန် မလိုချေ။ ကာလအပိုင်းအခြားသတ်မှတ်၍ ငှားရမ်းသည့်ကိစ္စဥ်ပင်လျှင် ငှားရမ်းခြင်းကို ရပ်စဲရန် အကြောင်းကြားစာ ထုတ်ဆင့်ဖို့မလိုချေ။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၁၁(က) ကို ကြည့်ပါ။ ကျူးကျော်သူအားနှင်ထုတ်ပိုင်ခွင့်ကို ကျူးကျော်သည့်နေ့တွင် သက်ဆိုင်ရာ မြေရှင်သို့မဟုတ် မြေကိုလက်ရှိထားသူက ရရှိသည်။ မြေမှ ဖယ်ရှား ထွက်ခွာပေးစေရန် အကြောင်းကြားစာကိုမလိုက်နာခြင်းက တရားစွဲဆိုနိုင်စေရန် အကြောင်း ပေါ်ပေါက်စေသည် မဟုတ်ချေ။ ကျူးကျော်သူအား ဖယ်ရှားပေးစေရန် တရားစွဲဆိုခွင့်သည် ထပ်တလဲလဲ ပေါ်ပေါက်သော အခွင့်အရေးမျိုး မဟုတ်၊ ကျူးကျော်သည့်နေ့တွင် စတင်ပေါ်ပေါက်သည်။ စည်းကမ်းသတ်ကာလကို ထိုနေ့မှစ၍ စတင်ရေတွက်ရသည်။ သို့ဖြစ်၍ အကြောင်းကြားစာကို အကြောင်းပြု၍ တရားစွဲဆိုနိုင်ရန် အကြောင်း ပေါ်ပေါက်သည်ဟု အဆိုပြုခြင်းသည် လည်းကောင်း၊ ၃၁-၁-၇၃ နေ့၏ နောက်ပိုင်းတွင် တရားစွဲဆိုနိုင်ရန် အကြောင်းမှာ အဆက်မပြတ် ပေါ်ပေါက်သည်ဟူသော အဆိုပြုချက်သည် လည်းကောင်း၊ ဥပဒေနှင့် ညီညွတ်ခြင်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ဥပဒေ ကြောင်းနှင့်စပ်လျဉ်း၍ ရှေ့နေတစ်ဦး၏ မှားယွင်းသော ဝန်ခံချက်သည် သူ့အမှုသည်၏ အကျိုးကို ထိခိုက်စေခြင်း မရှိချေ။

ဦးအောင်မျင် / ဒေါ်ထွေး နှင့် ဒေါ်သန်းလှိုင်.... ၁၅

စာမျက်နှာ

**အုပ်ထိန်းခံစဉ်ခွင့်ရှိသူများ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၃- မည်သည့်အခါ ပေးကမ်းမှုအတည်မဖြစ်ခြင်း-အတည်မဖြစ်သော အပေးစာချုပ်အပေါ် အခြေခံ၍ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုသောအမှုသွားက တရားမှုကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၁၁ အရ ပလပ်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားရုံးတစ်ရုံး၏ စီရင်ချက်ဖြစ်သည်မဟုတ်ဘဲ ဒီကရီကို အုပ်ထိန်းခံဝင်ခွင့်ရှိသူများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်သည်-

(က) ဒီကရီအရ အကြီးအကျယ် ထိခိုက်နစ်နာသူအမှုသည်၊ အကယ်၍ ထိုသူကွယ်လွန်လျှင် ၎င်း၏တရားဝင်ကိုယ်စားလှယ်၊

(ခ) အဆိုပါအမှုသည်၏ အကျိုးသက်ဆိုင်ခွင့်ကို လွှဲပြောင်းရရှိထားသူ၊ ထိုအကျိုးသက်ဆိုင်ခွင့်နှင့် စပ်လျဉ်းသမျှ ထိုသူသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသည့်အပြင် ၎င်း၏အမည်ကို အမှုတွဲတွင် ဖော်ပြထားပြီးဖြစ်ရမည်။

(ဂ) လိမ်လည်လှည့်ဖြားခြင်းကို အကြောင်းပြုပြီး ဇာရီမှုတွင် ပစ္စည်းရောင်းချခြင်းကို ပယ်ဖျက်သည့်အမိန့်အား လေလံဆွဲဝယ်သူက အုပ်ထိန်းခံဝင်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အဆိုပါအပိုဒ် (၄)ပါ အဆိုပြုချက်များအရ ဒေါ်မြခင်၏ဖခင်မှာ အချင်းဖြစ်ပစ္စည်းများကို ဒေါ်မြခင်အား ပေးကမ်းသည်ဆိုရာ၌ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၁၂၃ နှင့်အညီ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ခြင်းမရှိ၍ ပေးကမ်းမှုမှာ အတည်မဖြစ်နိုင်ချေ။ ဤအခြေအနေတွင် ဒေါ်မြခင်သည် အချင်းဖြစ်ပစ္စည်းများ၏ပိုင်ရှင်အဖြစ်သို့ မည်သည့်နည်းနှင့်မျှမရောက်နိုင်ချေ။ အဆိုလွှာသည် တရားစွဲဆိုနိုင်ရန်အကြောင်း ပေါ်ပေါက်ကြောင်း ထင်ရှားသိသာစေခြင်းမရှိ၍ အဆိုလွှာကိုတရားမကျင့်ထုံးဥပဒေအမိန့် ၇၊နည်း၁၁(က) အရပလပ်ရန်ဖြစ်သည်။အဆိုလွှာပါအဆိုပြုချက်များအရဒေါ်မြခင်သည် အချင်းဖြစ်ပစ္စည်းများ၏ပိုင်ရှင်ဖြစ်ကြောင်း မပေါ်မလွင်ပါဘဲလျက်နှင့် တရားရုံးများ၏ မြွက်ဆိုချက်သည် ပိုင်ရှင်မဟုတ်သူအား ပိုင်ရှင်ဖြစ်အောင် မဖန်တီးနိုင်ပေ။

ညွှန်ကြားရေးမှူးချုပ်ပါ-၂ ချွန်ဒရာဗေဒီ (ခ)
အိုးအိမ်ဦးစီးဌာန နှင့် ဒေါ်မြခင်ပါ-၁၀ ဦး၃
အုန်းပင်ရွာကပ်ရှိ (ခ)မောင်ဒေအး

စာမျက်နှာ

**တရားစီရင်ရေးဥပဒေပုဒ်မ ၆—တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့်အမိန့် ၄၇၊ နည်း ၁–အရ တရားရုံးက ချမှတ်သောဒီကရီစီရင်ချက်အမိန့်ဆုံးဖြတ်ချက်တို့ကို ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထားခြင်းပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့်အမိန့် ၄၇ နည်း ၁ (၁) တွင် ရည်ညွှန်းထားသော ဒီကရီ သို့မဟုတ် အမိန့်သည် တရားမကျင့်ထုံးဥပဒေနှင့်သက်ဆိုင်သည်။ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ စီရင်ပိုင်ခွင့်သည် တရားမကျင့်ထုံးဥပဒေနှင့် မသက်ဆိုင်ချေ။ ထို့ နည်းတူ အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းအပိုဒ် ၂ (က) အရ ဖွဲ့စည်းသောအထူးခုံရုံးက အပိုဒ် ၁၅ သို့မဟုတ် အပိုဒ် ၁၆ အရ ချမှတ်သော အမိန့်သည် တရားမကျင့်ထုံးဥပဒေနှင့် မသက်ဆိုင်ချေ။ ထို့ပြင် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ စုံညီခုံရုံးက ချမှတ်သော ဒီကရီစီရင်ချက် အမိန့်ဆုံးဖြတ်ချက် အစရှိသည်တို့ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ သို့မဟုတ် အမိန့် ၄၇ နည်း ၁ အရ ပြန်လည်သုံးသပ်ပေးစေရန်လျှောက်ထားခြင်းမပြုနိုင်ချေ။

ဦးလှမှူးဖော်လင်းပေါ် (၂) နှင့် ဒေါ်စိန်တီ.... ... ၁၈

**တရားစီရင်ရေး ဥပဒေပုဒ်မ ၆–အရေးယူလောက်သော ပြဿနာဖြစ်ရန်လိုအပ်ချက်များ—အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ ချမှတ်သောဆုံးဖြတ်ချက်ကို ပြန်လည်စစ်ဆေးစီရင်ရန် အတွက် အထူးအယူခံဝင်ခွင့်ပေးသင့်ခြင်း။ မည်သည့်အခါ အထူးအယူခံဝင်ခွင့် ပေးသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အရေးယူလောက်သောပြဿနာဖြစ်ရန် အောက်ပါအချက်များဖြင့် ညီညွတ်ရန် လိုအပ်သည်—

(က) ပြဿနာသည် ယေဘုယျအားဖြင့် အများပြည်သူများ အတွက် အရေးပါရမည်၊

(ခ) အဆိုပါပြဿနာသည် အမှုသည်များ၏ အခွင့်အရေးကို အတော်အတန် ထိုက်ရိုက်အားဖြင့် အကျိုး သက်ရောက်သည့် အချက်နှင့် သက်ဆိုင်ရမည်။

(ဂ) အဆိုပါပြဿနာသည် ခက်ခဲသည့်ပြဿနာ ဖြစ်ရမည်၊

(ဃ) အမြင့်ဆုံးတရားရုံးက အဆုံးအဖြတ် မပေးဖူးသေးသော ပြဿနာမျိုး ဖြစ်ရမည်။

**ထပ်မံ ဆုံးဖြတ်ချက်။** ပထမအယူခံတွင် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ စာဒကတက်ခွင့် ပြုထားသည်၊ ဒုတိယအယူခံတွင်မူ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀(၁)(ဃ) အရ တင်သွင်းသော အယူခံမှုတွင်မှ တစ်ပါး အခြားတရားမ ဒုတိယအယူခံမှုတွင် မူလရုံးနှင့် ပထမအယူခံ တရားရုံးက အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တစ်သဘောတည်း မကောက်ယူ ဆုံးဖြတ်ခြင်းကို တရားရုံးချုပ်က စွက်ဖက်ပြင်ဆင်ခြင်း မပြုနိုင်။ အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၀ တွင် ကျဉ်းမြောင်းစွာ ဘောင်ခတ်ပြီးခါမှ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ တင်သွင်းသည့်ကိစ္စ၌ အကြောင်းခြင်းရာများကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့် ရှိမည် ဆိုလျှင် သဘာဝကျမည်မဟုတ်ချေ။ တစ်ဘက်တွင် တရားရုံးချုပ်သည် အမှုတွဲတွင် အခိုင်အမာတည်ရှိသော သက်သေခံချက်တို့ကို မျက်ကွယ်ပြု၍ယင်းသက်သေခံချက်များနှင့် ဆန့်ကျင်ဆုံးဖြတ်လျှင်ဖြစ်စေ၊ သက်သေခံ အထောက်ထား လုံးဝမရှိဘဲ အမှုသည်တစ်ဦးဦးအား အနိုင်ပေးလျှင်ဖြစ်စေ၊ တရားရုံးချုပ်၏ စီရင်ချက်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ စွက်ဖက် ပြင်ဆင်သင့်ပေသည်။

တန်အင်စွမ်း (ခ) တန်အင်ချွန်း (ခ) ဦးကျော်မင်း နှင့် ဒေါ်ခလေးမ (ခ) ဒေါ်ကျင်ရင်*

အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု–အမှုကို စိစစ်ဆုံးဖြတ်ရန် အချက်များ။

**ဆုံးဖြတ်ချက်။** အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲအဆုံးအဖြတ်ပေးရန်မဟုတ် ဟူသော ဥပဒေသကို လိုက်နာကျင့်သုံးရန် ဖြစ်သည်။ တစ်ဘက်တွင် တရားပြိုင်သည် အခွင့်အမိန့်အရ နေထိုင်သူဖြစ်သလား သို့တည်းမဟုတ် မိမိ၏ ဆိုင်ရေးဆိုင်ခွင့်အရ နေထိုင်သူဖြစ်သလား ဟူသောပြဿနာကို စိစစ်ဆုံးဖြတ်ရာ၌ အခြေအမြစ်ရှိသော အထောက်အထားများအရ အချင်းဖြစ် ဥပစာတွင် အမွေဆက်ခံသူအဖြစ်ဖြင့် နေထိုင်သူ ဟုတ်မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရန်လိုအပ်သည်။ သို့မှသာ အခွင့်အမိန့်အရ နေထိုင်သူ ဟုတ်မဟုတ်ကို ပြည့်ပြည့်စုံစုံ အဆုံးအဖြတ်ပြုရာ ရောက်ပေလိမ့်မည်။ စီရင်ထုံးများတွင်

အမွေဆက်ခံမှုကို နက်နက်နဲနဲစိစစ်ခြင်းမပြုဘဲ အမွေဆိုင်တစ်ဦး အနေဖြင့် ခုနထိုင်ခြင်းဖြစ်ကြောင်း အခြေအမြစ်ရှိသည့် အထောက် အထားများကို စိစစ်ဆုံးဖြတ်ထားကြောင်း တွေ့မြင်ရသည်။

ဒါဝတ်အိဘာရာဟင်ဘိုင်မြားနှင့် ဗိုင်ဒေအမြား(ခ) ယာတီးယား အာမက်မြား ၆၅

**အရေးယူလောက်သည့်ပြဿနာ–အထူးအယူခံဝင်ခွင့်ပေးခြင်း–နို့တစ်စာတရားဝင်မှုဝင်မှာ အများပြည်သူနှင့်သက်ဆိုင်သည့် အရေးကြီးသောဥပဒေပြဿနာမဟုတ်၍ အထူးအယူခံဝင်ခွင့် မပေးသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူ၏ ပြဆိုချက်ဖြစ်သည့် အမှုများတွင်ပေးပို့ခဲ့သည့် နို့တစ်စာမှာ ဥပဒေအရ မှားယွင်းနေသဖြင့် လျှောက်ထားခံရသူများသည် ဒီကရီ မရထိုက်ပါဟုဆိုသည်နှင့်ပတ်သက်၍ ၎င်းအချက်ကို မူလရုံးနှင့် တရားရုံးချုပ်တို့မှ သက်သေခံချက်များနှင့် အကြောင်းအရာများ စိစစ်ပြီးနို့တစ်စာမှာ ဥပဒေအရမှန်ကန်စွာ ပေးပို့သည့်နို့တစ်စာဖြစ်ကြောင်း သဘောတူညီ ယူဆဆုံးဖြတ်ထားပြီးဖြစ်သည့်အပြင် ၎င်းပြဿနာမှာ အကြောင်းခြင်းရာနှင့် ဥပဒေရောစပ်နေလင့်ကစား အများပြည်သူနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေပြဿနာတစ်ရပ်မဟုတ်ခဲ့သောကြောင့် ထိုအကြောင်းပြချက်ကိုအခြေပြုတည်၍ စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာရန်မသင့်သဖြင့် လျှောက်ထားသူ၏ လျှောက်ထားလွှာများကို ပယ်ရန်သာဖြစ်သည်။

ဒေါ်မိမိသွင်(ခ)ဒေါ်တင်မာသွင် နှင့် ဦးမျိုးသန်းပေါ်–၂ ၇၅

**ပဋိညာဉ်ဥပဒေပုဒ်မ ၆၅–အိမ်ငှားက အိမ်ရှင်ထံမှ စပေါ်ငွေပြန်လည်ရခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပဋိညာဉ်တစ်ရပ်ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရရရှိထားသည့် အကျိုးခံစားခွင့်ကို ရရှိထားသူက ပြန်လည်ပေးအပ်ရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ တွင် ပြဋ္ဌာန်းထားသည်။ ဤအခြေ

စာမျက်နှာ

အနေတွင် အိမ်ငှားကအိမ်ရှင်ထံမှ ပေးအပ်ထားသော စပေါ်ငွေပြန်ရခွင့်
ရှိကြောင်း ပေါ်လွင်သည်။
ဦးဝှာမေကး နှင့် ဒေါ်ဘေသင်း.... .... ၁၀၆

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ပေးကမ်းခြင်း—အမွေရှင်မကွယ်လွန်မီအမွေပစ္စည်းအားလုံးကိုပေးကမ်းခြင်းနှင့် စပ်လျဉ်း၍၊ အမွေရရန်ရှိသူတစ်ဦးကပေးကမ်းခြင်းကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။အမွေပစ္စည်းအားလုံးကို ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ်ခြင်းရှိမရှိမှာ အမွေရှင်ကွယ်လွန်သည့်အခါမှသာ ပေါ်ပေါက်မည့်ပြဿနာဖြစ်သဖြင့် အမွေရှင် မကွယ်လွန်မီ ထိုသို့ပေးကမ်းခြင်းကို ပယ်ဖျက်ပေးရန် အမွေရရန်ရှိသူတစ်ဦးက တရားစွဲဆိုခွင့်မရှိဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။စာချုပ်စာတမ်းတစ်ခုကို ဖျက်သိမ်းခွင့်ရှိသူတစ်ဦးသည် ယင်းစာချုပ်နှင့် သက်ဆိုင်သောပစ္စည်းတွင်ဖြစ်စေ၊ ယင်းစာချုပ်အရပေးအပ်သော အခွင့်အရေးတွင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူဖြစ်ရန် လိုအပ်သည်။ ဤအမှုတွင် ဒေါ်စောခင်မကွယ်လွန်မီ ဒေါ်လှုပိုသည်အချင်းဖြစ်ပစ္စည်းကို အကျိုးသက်ဆိုင်ခွင့်တစ်စုံတစ်ရာမရရှိသောကြောင့် ဒေါ်စောခင်ကအချင်းဖြစ်ပစ္စည်းများအားဆိုနပေးကမ်းခြင်းကို ကန့်ကွက်ပြောဆိုခွင့်မရှိသည့်အလျောက် ဒေါ်စောခင်အပေါ် ယင်းစာချုပ်ပျက်ပြယ်ကြောင်း တရားစွဲဆိုခွင့်မရှိနိုင်ချေ။

ဒေါ်လှပိုပါ(၂)နှင့် ဦးဟင်အုန်းပါ(၂) ၁၀၄

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ— အမွေဆက်ခံခြင်း— မွေးစားသားသမီးက မွေးစားမိဘထံမှ အမွေဆက်ခံခွင့်**

**ဆုံးဖြတ်ချက်။** မွေးစားသည့် ကလေးသည် ၎င်း၏ မိရင်းဖရင်းထံမှ အမွေဆက်ခံခွင့်ဆုံးရှုံးပြီး မွေးစားမိဘနှင့် မွေးစားမိဘ၏ ဆွေမျိုးများထံမှ အမွေဆက်ခံခွင့် ရသည်ဆိုသည့် ဥပဒေသည် မြန်မာဗုဒ္ဓဘာသာ တရားဥပဒေတွင် အခြေခံအချက်တစ်ရပ် ဖြစ်နေသည်။

ဒေါ်သန်းခင်နှင့် ဒေါ်နွဲ့နွဲ့ဇင်* ၁၁၃
(ကွယ်လွန်သူ ဒေါ်ခင်ခင်၏ တရားဝင်ကိုယ်စားလှယ်)

စာမျက်နှာ

**မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ — မယားဖြစ်သူ ဖောက်ပြားခြင်း — မည်သည့်အခါ လင်ခန်းမယားခန်း ပြတ်စဲခြင်း။**

**ဆုံးဖြတ်ချက်။** ဤအမှုတွင် မယားဖြစ်သူ ဒေါ်ဒေါင်းရှိန်က ဦးအုန်းမောင်ဆိုသူနောက် လိုက်ပါသွားခြင်းဖြင့် နောက်လင်ယူသည့် ဆိုခြင်းနှင့် စပ်လျဉ်း၍ ခင်ပွန်းဖြစ်သူ ဦးခေါသွယ်က မယားနိုးမှုဖြင့်ဖြစ်စေ၊ တရားရုံး၌ တရားဝင်ကွာရှင်းခွင့် ဒီကရီတောင်းခံခြင်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့ခြင်းအလျဉ်းမရှိချေ။ ထို့ကြောင့်ဒေါ်ဒေါင်းရှိန်ကဦးအုန်းမောင်ဆိုသော တစ်ပါးသောယောကျာ်းနှင့် ဖောက်ပြားပေါင်းသင်း၍ ကလေးတစ်ယောက်ရခဲ့သည် မှန်စေဦး၊ ဦးခေါသွယ်နှင့် ဒေါ်ဒေါင်းရှိန်တို့သည် လင်မယား အဖြစ်မှ အလိုအလျောက် တရားဝင် ကွာရှင်း ပြတ်စဲပြီးရာ မရောက်ချေ။

ဒေါ်အုန်းရင် နှင့် (၁) ဦးမြမောင်.... ၁၆၀

(၂) ဦးထွန်းရွှေ

(ကွယ်လွန်သူ ဒေါ်ဒေါင်းရှိန်၏ တရားဝင် ကိုယ်စားလှယ်များ)

**ရုံးခွန်အက်ဥပဒေဇယား ၂၊ အပိုဒ် ၁၀— တရားမကျင့်ထုံးဥပဒေ ပုဒ်မ-၁၄၄ အရ လျော်ကြေးထားမှုတွင် ချမှတ်သောအမိန့်ကို အယူခံရာတွင် ရုံးခွန်အက်ဥပဒေဇယား ၂၊ အပိုဒ် ၁၁ အရမဟုတ်ဘဲ တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၄ အရ လျော်ကြေးထားမှုတွင် ချမှတ်သော အမိန့်ကို အယူခံ ဝင်ရာတွင် တင်သွင်းသော အယူခံလွှာအတွက် ရုံးခွန်ကို ဇယား ၂၊အပိုဒ် ၁၁အရ ထမ်းဆောင်လျှင် လုံလောက်မည် မဟုတ်ပေ။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရမည် ဖြစ်သည်။ **မောင်လှမောင် နှင့် မနှင်းဒေါက် အမှု နှင့် မထွေးနှင့်အခြားသူများနှင့် ဦးတုတ်အမှု** တို့ကို ရည်ညွှန်းသည်။

ဦးဘမြင့်နှင့် ဦးလင်းကျွန်ဟင်း (၎င်း၏ကိုယ်စားလှယ် ဒေါ်မျိုးမျိုးသူ)

**မြွက်ဟ ကြေညာပေးစေလိုမှုတရားရုံးလက်တွင် ဖြစ်စေ၊ တရား စာမျက်နှာရုံးက ခန့်အပ်ထားသော ပစ္စည်းထိန်းလက်တွင်ဖြစ်စေ ရှိသော ပစ္စည်းနှင့်စပ်လျဉ်း၍စွဲဆိုနိုင်ခွင့် အစိုးရဌာန၊ လက်ဝယ်ရှိ ပင်စင်ပေးရန် အမှု၌ နောက်ဆက်တွဲ သက်သာခွင့်တောင်းခံရန်မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။မြွက်ဟ ကြေညာပေးစေလိုသည့် အခွင့်အရေးနှင့် ဆက်စပ်သော အကျိုးဆက်ခံစားရန်ရှိသည့် ပစ္စည်းများနှင့် စပ်လျဉ်းသော အခွင့်အရေးမှာ ပစ္စည်းသည် တရားရုံးလက်တွင်ဖြစ်စေ၊ တရားရုံးက ခန့်အပ်ထားသော ပစ္စည်းထိန်းလက်တွင်ဖြစ်စေရှိနေလျှင် ပစ္စည်းပေးအပ်စေရန် မတောင်းဆိုဘဲ မြွက်ဟကြေညာပေးရန်သက်သက် စွဲဆိုနိုင်သည်။ မိသားစု ပင်စင်သည် တရားလိုတရားပြိုင် လက်ဝယ်ရှိ ပစ္စည်းမဟုတ်ပေ။ အစိုးရဌာန တစ်ခု၏ လက်ဝယ်တည်ရှိသည်။ တရားရုံးက ယင်းပင်စင်ကို မည်သူခံစားခွင့်ရှိကြောင်း အဆုံးအဖြတ်ပေး ကြေညာ မြွက်ဟလိုက်လျှင် ယင်းအဆုံးအဖြတ်ကိုအခြေပြု၍ သက်ဆိုင်ရာ အစိုးရဌာနက ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ အစိုးရဌာန လက်ဝယ်ရှိ ပင်စင်ပေးရန် အမှု၌ နောက်ဆက်တွဲ သက်သာခွင့် တောင်းခံရန်မလို၊ မြွက်ဟ ကြေညာရန် သက်သက်စွဲနိုင်သည်။

ဦးလင်းကြည် နှင့် ဒေါ်မြေသကြိုန်.... .... ၉၉

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၂(ဆ) စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ မှတ်ပုံမတင်သော အရောင်းအဝယ်စာချုပ်သည် အထမမြောက်ခြင်း အိမ်ငှားထံမှ ဥပစာကို မှတ်ပုံတင်သော စာချုပ်အရ ဝယ်ယူသူသည် အဆိုပါအိမ်ငှားထံမှ တစ်ဆင့် ဆိုင်ရာခွင့်ရရှိသူမဟုတ်၍ ဝယ်ယူသူဟု အဆိုရှိသူသည် အိမ်ငှားဖြစ်မလာနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်စာချုပ်ကို မှတ်ပုံမတင်ရသေးသည်မှာ အငြင်းမပွားသော အချက်ဖြစ်သည်။ ယင်းစာချုပ်တို့မှတ်ပုံတင်ရန်လိုအပ်သည်မှာလည်း မြင်သာသောအချက်ဖြစ်သည်။ သို့ဖြစ်ရာ စာချုပ် စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ အရ ရောင်းချမှုမှာ အထမမြောက်ချေ။

ဤအခြေအနေတွင် ဝယ်သူ ဒေါ်ညွန့်မေသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ) တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း မူလ အိမ်ငှား ဦးမောင်စီထံမှတစ်ဆင့် ဆိုင်ရာဆိုင်ခွင့်ရရှိသူဟု ကောက်ယူနိုင်မည်မဟုတ်ချေ။ သို့ဖြစ်၍ အချင်းဖြစ် အိမ်နှင့်စပ်လျဉ်း၍ ၂၇-၁၂-၇၂ ရက်စွဲပါ အိမ်အရောင်းအဝယ် စာချုပ်ချုပ်ဆိုသည်ကို အကြောင်းပြုပြီး အယူခံတရားပြိုင်များသည် မြေငှားအဖြစ်သို့ မရောက်ရှိနိုင်။



၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက် ဥပဒေ ပုဒ်မ ၁၂(၁)(စ)-အိမ်ထောင်ကျသွားသော သားသမီးများသည် မိဘအပေါ် လုံးဝဥဿုံ မှီခိုသူများဖြစ်သည်ဟု ကောက်ယူခြင်း ပြုနိုင် မနိုင်၊ ဥပဒေတစ်ရပ်ပါ စကားရပ်အသီးသီးသည် အနက်အဓိပ္ပါယ်တစ်မျိုးတည်းသာရှိခြင်း- ဥပဒေပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်ကို အထောက်အကူဖြစ်စေအောင် အဓိပ္ပာယ်ကောက်ယူနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** ။အိမ်ထောင်ကျသွားသော သားသမီးများသည် ငွေကြေးမတတ်နိုင်သဖြင့် အိုးအိမ်သီးခြား တည်ထောင်နိုင်သည့် အခြေအနေ မရှိဦးတော့ အိမ်ထောင်ကျသွားခြင်းကြောင့် မိဘ၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက်သွားသည်ဖြစ်၍ ရောက်သောဂနိ အရမှတွင် ရည်ညွှန်းထားသည့် မိဘအပေါ် လုံးဝဥဿုံ မှီခိုသူများဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်သည်မှာ တင်ရှားသောအချက်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် မြန်မာနိုင်ငံ တစ်ဝန်းရှိ မြို့ပြဒေသများတွင် အာဏာသက်ရောက်လျက်ရှိရာ အယူခံတရားခံ လို ရှေ့နေတင်ပြသကဲ့သို့ ကာလဒေသကိုလိုက်၍ ဥပဒေကို အဓိပ္ပာယ်အမျိုးမျိုးကောက်ယူရန် သင့်မည်မဟုတ်ချေ။ ဥပဒေတစ်ရပ်ပါ စကားရပ် အသီးသီးသည် ဥပဒေ အာဏာတည်သည့် အချိန်မှ သည်ဖျက်သိမ်းကုန်ဆုံးသည့်နေ့အထိ အနက်အဓိပ္ပာယ် တစ်မျိုးတည်းသာရှိသည်။ အချိန်အခါကိုလိုက်၍ဖြစ်စေ၊ ကာလဒေသလိုက်၍ ဖြစ်စေ၊ အဓိပ္ပာယ် အမျိုးမျိုးဆောင်သည်ဟုဆိုလျှင် လိုရာသို့ဆွဲ၍ အဓိပ္ပာယ်ကောက်ယူရာ ရောက်ပေလိမ့်မည်။ ရန်ကုန်မြို့ကဲ့သို့ လူဦးရေ ထူထပ်သောဒေသတွင် နေထိုင်ရန် ဥပစာ ရှားပါးသဖြင့် နေထိုင်ရန်အခက်အခဲရှိသောကြောင့် အိမ်ထောင်ခွဲ သားသမီးများသည် မိဘများအား မှီခိုသူဖြစ်သည်ဟု အဓိပ္ပာယ်ကောက်

စာမျက်နှာ

ယူပါက ဥပဒေကို ချွတ်ချော်ရာရောက်ပေလိမ့်မည်။ အိမ်ထောင်ခွဲ သားသမီးများ နေထိုင်ရန်အတွက် မိဘဖြစ်သူ အိမ်ရှင်က အိမ်ငှားကို ပုဒ်မ ၁၂ (၁) ( စ) အရ နှင်ခွင့်ရှိသည်ဟု ကောက်ယူလျှင် အိမ်ငှားအား အမိကအားဖြင့် အကာအကွယ်ပေးရန် ရည်ရွယ် ပြဋ္ဌာန်းသော ဥပဒေသည် အချည်းနှီးဖြစ်ပေလိမ့်မည်။

ဦးလှင်ကျန်ဟင်း　　နှင့်　　ဦးတင်မြင့် ....　　....　　၉၀

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅(၁) အိမ်လခပေးရန်ပျက်ကွက်သဖြင့် အကြိမ်ကြိမ်တရားစွဲဆိုခဲ့ရသော အိမ်ငှားအား ပုဒ်မ၁၅(၁)ပါ အကျိုးကျေးဇူးကို အကြိမ်ကြိမ်ခံစားခွင့်ပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** ။အိမ်ငှားတစ်ဦးသည် ဥပစာတစ်ခုတည်းနှင့် စပ်လျဉ်းပြီး ပုဒ်မ ၁၅ (၁)ပါ အကျိုးကျေးဇူးကို အကြိမ်ကြိမ် ခံစားခွင့်မရှိစေရဟု ပိတ်ပင်ထားခြင်း မရှိချေ။ အိမ်လခ မပေးသည့်အတွက် အငှားချထားသည့်အတွက် အငှားချထားသည့် ဥပစာမှ နှင်ထုတ်ရန် ဒီကရီချမှတ်ပြီးနောက် ယင်းဒီကရီကို အတည်မပြုရသေးမီ အိမ်ငှားအနေဖြင့် အိမ်လခကြွေးများ မည်သို့မည်ပုံ ပေးဆောင်ရမည် ဖြစ်ကြောင်း စည်းကမ်းချက်များ သတ်မှတ်၍ ဒီကရီ အတည်ပြုခြင်းကို ဆိုင်းငံ့ထားရပေမည်။ အိမ်ငှား တရားရှုံး၏ လျှောက်ထားချက်သည် ပုဒ်မ ၁၅ (၁) ပါ သတ်မှတ်ချက်နှင့် ညီညွတ်လျှင် တရားရုံးက ခွင့်ပြုရပေမည်။ ဥပဒေက အိမ်ငှားဖြစ်သူသို့ ပေးထားသော အခွင့်အရေးသာဖြစ်သည်။ အိမ်လခပေးရန် ပျက်ကွက်သဖြင့် အကြိမ်ကြိမ် တရားစွဲဆိုခဲ့သည်ကို အကြောင်းပြုပြီး တရားရှုံး အိမ်ငှား၏ လျှောက်ထားချက်ကို ပယ်ချခြင်း ပြုနိုင်ကြောင်း ဥပဒေပြဋ္ဌာန်းချက်၌ ဖော်ပြမှုမရှိချေ။ တရားရုံးချုပ်မှ အထက်ပါဖော်ပြသည့် အတိုင်း သုံးသပ်ခဲ့သည်။ ယင်းသို့ သုံးသပ်ချက်သည် တည်ဆဲပြဋ္ဌာန်း ဥပဒေနှင့် ဆန့်ကျင်မှု မရှိချေ။

ဦးသိန်းသန်း　　နှင့်　　ဦးအာရစ်ဘမ်း....　　....　　၁၄၃

**တရားမပြင်ဆင်မှု**

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

ဦးကျော်ဇင်ပါ(၂)

နှင့်

မထိုက်*

+ ၁၉၉၀ ဩဂုတ်လ ၁၀ ရက်

**တရားမကျင့်ထုံးဥပဒေ အမိန့် ၃၃၊ နည်း၃၊ ၄(၃)နှင့် ၄ (၅) လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင်ကိုယ်တိုင် တင်သွင်းခြင်း မပြုသည့်အတွက် ပလပ်ခြင်း-နောက်ထပ် အလားတူလျှောက်လွှာ တင်သွင်းခြင်း ပြုနိုင် မနိုင်။**

**ဆုံးဖြတ်ချက်။** အထက်ပါ ပြဋ္ဌာန်းချက်များကို နည်း ၃ နှင့် နည်း ၄(၃) တို့နှင့် တွဲဖက်၍ ဖတ်ရှုပါက လူမွဲအဖြစ်တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင်ကိုယ်တိုင် တင်သွင်းခြင်း မပြုသည့်အတွက် ပလပ်လိုက်သည်ကို အကြောင်းပြုပြီး နောက်ထပ်အလားတူ လျှောက်လွှာ တင်သွင်းခြင်းကို နည်း ၄(၅)ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်သည်ဟု ကောက်ယူရန် မသင့်ပေ။

လျှောက်ထားသူများအတွက် — ဦးမြင့်မောင်(တရားရုံးချုပ် ရှေ့နေ)

လျှောက်ထားခံရသူများအတွက် — ဦးကံမြင့်(တရားရုံးချုပ် ရှေ့နေ)

တရားရေး အကြံပေး — ဦးဘသန်းအောင်

မန္တလေးတိုင်းတရားရုံး ၁၉၈၇ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၃၇ (အရှေ့တောင်)တွင် လျှောက်ထားခံရသူ မထိုက်က လျှောက်ထားသူ ဦးကျော်ဇင်၊ မကြင်နုနှင့် အခြားသူ နှစ်ဦးတို့အပေါ် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားရာ လျှောက်လွှာကို လျှောက်ထားသူကိုယ်တိုင် တင်သွင်းခြင်းမရှိဟု အကြောင်းပြကာ တိုင်းတရားရုံးက လျှောက်လွှာကို ပလပ်လိုက်သည်။

---

* ၁၉၈၉ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်—၂၅၉

+ ၁၉၈၉ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် ၁၅တွင် ချမှတ်သော (၂၀-၁၂-၇၉)ရက်စွဲပါ မန္တလေးတိုင်း၊ တရားရုံး၏အမိန့်ကို လျှောက်ထားမှု

၁၉၉၀

ဦးကျော်ဇင်
ပါ(၂)
နှင့်
မထိုက်

ထို့နောက် မထိုက်က ဦးကျော်ဇင်တို့(၄)ဦးအပေါ် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် ထပ်မံလျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို တိုင်းတရားရုံးက ခွင့်ပြုလိုက်သဖြင့် ဦးကျော်ဇင်တို့က တရားရုံးချုပ်တွင် ဤပြင်ဆင်မှုကို လျှောက်ထားလာသည်။

လျှောက်ထားသူများဘက်မှ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် မထိုက်၏ လျှောက်ထားချက်ကို မန္တလေးတိုင်း တရားရုံးက ၁၉၈၇ခုနှစ် တရားမအထွေထွေမှု အမှတ် ၃၇ တွင် ပလပ်ခဲ့ပြီး ဖြစ်ပါလျက် ဒုတိယအကြိမ် လျှောက်ထားသည့် လျှော လွှာကို လက်ခံပြီး လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် ခွင့်ပြုခြင်းမှာ မှားယွင်းကြောင်းဖြင့် တရားရုံးများလက်စွဲ အပိုဒ်၂ ၉၅ ကို ကိုးကား၍ လျှောက်ထားသည်။

တရားရုံးများလက်စွဲ အပိုဒ် ၂၉၅တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

'လျှောက်လွှာနှင့် အဆိုလွှာတို့မှာ တရားမမှု အဆိုလွှာတွင် ပါရှိရန် လိုအပ်သည့် အားလုံးသော အကြောင်း အချက်များ ပါရှိရမည့်ပြင် မှန်ကြောင်းဝန်ခံသည့် လက်မှတ်ကိုလည်း ရေးထိုးပြီးလျှင် ကိုယ်တိုင် တင်သွင်းရမည်။ လျှောက်သူပိုင်မစွဲသည်း အရပ်ရပ်တို့နှင့်တကွ ၎င်းတို့၏ ခန့်မှန်းရ တန်ဖိုးဖော်ပြသည့် စာရင်းတစ်ရပ် လျှောက်လွှာနှင့် အတူ ပူးတွဲတင်သွင်းရမည်။ နည်းဥပဒေ ၂ နှင့် ၃ ပါ ပြဋ္ဌာန်းချက် များကို မလိုက်မနာ ဖျက်ကွက်ခြင်းကြောင့် သက်ရောက်မည့် အကျိုးမှာ လျှောက်လွှာ အပယ်ခံရမည့်ပင် ဖြစ်သည်။ ထိုအကြောင်းကြောင့် လျှောက်လွှာကို အပယ်ခံရလျှင် နောက်ထပ် လျှောက်လွှာ တင်သွင်းခြင်းကို ပိတ်ပင်စေသည်'

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ ဆိုလျှင် လျှောက်ထားသူတို့ဘက်မှ တင်ပြချက် မှန်ကန်သည်ဟု ယူဆရန် အကြောင်းရှိပေသည်။

တရားမကျင့်ထုံးဥပဒေပါ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စနှင့် သက်ဆိုင်သော အမိန့် ၃၃ ပါ ပြဋ္ဌာန်းချက်များကို ယခင်တရားလွှတ်တော်က ၁၉၃၅ ခုနှစ်တွင် ပြင်ဆင်အစားထိုးခဲ့သည်။ လက်ရှိ ပြဋ္ဌာန်းချက်များမှာ ယခင်ပြဋ္ဌာန်းချက်များနှင့် ကွဲပြားခြားနားသည်။

ယခင်အမိန့် ၃၃၊ နည်း ၃ တွင် လက်ရှိအမိန့် ၃၃၊ နည်း ၂ (၂)မှာကဲ့သို့ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကိုယ်တိုင် တင်သွင်းရန် သတ်မှတ်ခဲ့သည်။ ယင်းသတ်မှတ်ချက်နှင့် အညီ တင်သွင်းခြင်း မပြုလျှင် လျှောက်လွှာကို ပလပ်ရမည် ဖြစ်ကြောင်း ယခင်အမိန့် ၃၃၊ နည်း၅ (က)

တွင် ပြဋ္ဌာန်းထားသည်။ လက်ရှိအမိန့် ၃၃၊နည်း ၃ တွင် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို ပလပ်နိုင်သော ကိစ္စ (၅)ရပ်ကို ဖော်ပြထားသည်။ ယင်းပြဋ္ဌာန်းချက်များတွင်လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာအား ကာယကံရှင် ကိုယ်တိုင် တင်သွင်းခြင်း မပြုသည်ကို အကြောင်းပြုပြီး ပလပ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိချေ။ အမှန်ဆိုသော် လက်ရှိအမိန့် ၃၃ နည်း ၂ (၂)နှင့်အညီ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင် ကိုယ်တိုင် တင်သွင်းခြင်းမပြုလျှင် တရားရုံးကလက်ခံခြင်းမပြုဟု ငြင်းဆိုရန်ဖြစ်သည်။ပလပ်ရန် အကြောင်း မပေါ်ပေါက်ချေ။ သို့ရာတွင် မန္တလေးတိုင်း တရားရုံး ၁၉၇၇ခုနှစ် တရားမ အထွေထွေမှု အမှတ် ၃၇ (အရှေ့တောင်)၌ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင်က တင်သွင်းခြင်းမပြုပါဘဲလျက် တရားရုံးက လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်ကာ လက်ခံခဲ့ခြင်းကြောင့် နောက်ပိုင်းကျမှ ယင်းလုပ်ထုံး လုပ်နည်းနှင့် မညီညွတ်မှုကို ထောက်ပြကာ လျှောက်လွှာကို ပယ်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိအမိန့် ၃၃၊ နည်း ၄(၅)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

**"If the petition is rejected the plaintiff shall be precluded from filing any further petition to sue as a pauper in" respect of the same cause of action: provide that if the petition is rejected for default of appearance or due prosecution it may be revived on good cause being shown."**

အထက်ပါပြဋ္ဌာန်းချက်များကို နည်း ၃ နှင့် နည်း ၄ (၃)တို့နှင့် တွဲဖက်၍ ဖတ်ရှုပါက လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ကာယကံရှင်ကိုယ်တိုင် တင်သွင်းခြင်းမပြုသည့်အတွက် ပလပ်လိုက်သည်ကို အကြောင်းပြုပြီး၊ နောက်ထပ် အလားတူ လျှောက်လွှာတင်သွင်းခြင်းကို၊ နည်း ၄ (၅) ပါ၊ ပြဋ္ဌာန်းချက်များက၊ ပိတ်ပင်သည်ဟု ကောက်ယူရန်မသင့်ပေ၊

တရားရုံးများလက်စွဲ အပိုဒ် ၂၉၅ ကို၊ ယခင်နည်း ၃၃ ပါ ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ ရေးသားခဲ့ခြင်းဖြစ်ရာ ပြောင်းလဲသွားသော ပြဋ္ဌာန်းချက်များနှင့် လိုက်လျော ညီထွေစေရန် အပိုဒ် ၂၉၅ ကို ပြန်လည် ရေးသားသင့်ကြောင်း မှတ်ချက်ပြုလိုသည်။

လျှောက်ထားသူ ဦးကျော်ဇင် နှင့် ဒေါ်ကြင်နု တို့က ဒေါ်ထိုက်မှာ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်မပြုသင့်ကြောင်း

ရင်းတို့က ကန့်ကွက်ခဲ့ပါလျက် မူလတရားရုံးက ကန့်ကွက်ထားခြင်း မရှိကြောင်း သုံးသပ်ပြီး ဦးကျော်ဇင်တို့ တင်ပြသည့် သက်သေများကို၊ မစစ်ဆေးတော့ဘဲ တစ်ဘက်သတ် ဆုံးဖြတ်ခဲ့ခြင်းသည်မှားယွင်းကြောင်း တင်ပြထားသည်။

၂၀-၁၁-၈၉ နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

"အမှုတွင်လျှောက်ထား ခံရသူများကို စစ်ဆေးပြီးမှသာ ၎င်းတို့ပြသက် သေများကို ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း ကြားဖြတ်အမိန့်ချမှတ်လိုက်သည်။ အမှုအား လေ့လာရာ လျှောက်ထားသူ၏လျှောက်ထားချက်ကို လျှောက်ထားခံရသူများဘက်မှ တစ်စုံတစ်ရာကန့်ကွက်ချက် မရှိဘဲ အမှုအား စစ်ဆေးလျက်ရှိကြောင်း တွေ့ရှိ၍ နှစ်ဘက်ရှေ့နေများအား ရှင်းပြပြီး အမှုအပေါ် နှစ်ဘက်စလုံးမှ တင်ပြရန်ရှိက တင်ပြရန်ချိန်း"

အထက်ပါ နေ့စဉ်မှတ်တမ်းအရ လျှောက်ထားသူများက ဒေါ်ထိုက်အား လူမွဲအဖြစ်ဖြင့် တရားစွဲဆိုခွင့် မပြုသင့်ကြောင်းကန့်ကွက်လွှာကို ၂၇-၁၁-၈၉ နေ့တွင် တင်ခဲ့သည်၊ ထိုသို့ကန့်ကွက်လွှာတင်ခဲ့ပါလျက် တစ်စုံတစ်ရာကန့်ကွက်လျှောက်ထားခြင်းမရှိဟု သုံးသပ်ပြီး လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုကြောင်း အမိန့်ချခဲ့ခြင်းသည် အမှုတွင်ပေါ်ပေါက်ချက်နှင့် ကွဲလွဲနေသည်။ လျှောက်ထားသူများက သက်သေစာရင်းလည်း တင်ပြထားပြီးဖြစ်၍ ၂၀-၁၁-၈၉ နေ့စွဲပါ အမိန့်အတိုင်း သက်သေများကို ဆက်လက်စစ်ဆေးပေးရန်လိုသည်။ ထိုသို့မဆောင်ရွက်ခဲ့၍ မူလတရားရုံး၏ ၂၆-၁၂-၈၉ နေ့စွဲပါ အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး မန္တလေးတိုင်း တရားရုံး၏ ၂၀-၁၂-၈၉ နေ့စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ မန္တလေးတိုင်း တရားရုံးသည် လျှောက်ထားသူများတင်ပြသည့် သက်သေများကို ဆက်လက် စစ်ဆေးကြားနာပြီး၊ ဥပဒေနှင့်အညီအဆုံးအဖြတ်ပြုရန် ညွှန်ကြားလိုက်သည်။

ဤအမိန့်အတွက် စရိတ်မသတ်မှတ်။

## တရားမပြင်ဆင်မှု
## တရားရုံးချုပ်တရားသူကြီးဦးကျော်တင့်ရွှေ့တွင်

ဦးခင်မောင်လှိုင်

နှင့်

ဒေါ်ခင်မျိုးလှ*

+ ၁၉၉၀
အောက်တို
ဘာလ
၃၁ ရက်

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁၊ နည်း ၁- ချေလွှာတင်ပြီးမှ မေးမြန်းချက်စာတမ်းများ တင်သွင်းရ ဟုတ်မဟုတ်— အမိန့် ၁၁ နည်း ၆ နှင့်နည်း ၇ များသည် ချေလွှာတင်သွင်းသည့်ကိစ္စကို ရည်ညွှန်းထားမှုမရှိခြင်း—တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁ အရ တစ်ဘက်အမှုသည်အား မေးခွန်းထုတ်ခြင်း၏ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေ အမိန့် ၁၁၊ နည်း ၁ တွင် ချေလွှာတင်ပြီးမှ မေးမြန်းချက်စာတမ်းများ(Interrogatories)တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။ မေးမြန်းချက်ကို ကန့်ကွက်နိုင်သော အကြောင်းအချက်များကို အမိန့် ၁၁၊ နည်း ၆ တွင်လည်းကောင်း၊ မေးမြန်းချက်အား ပယ်ဖျက်နိုင်သည့်အကြောင်းရပ်များကို အမိန့် ၁၁၊နည်း ၇ တွင်လည်းကောင်း ပြဋ္ဌာန်းထားရာ ယင်းနည်းဥပဒေများသည် ချေလွှာတင်သွင်းသည့်ကိစ္စကို ရည်ညွှန်းထားခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၁ အရတစ်ဘက်အမှုသည်အား မေးခွန်းထုတ်ခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ ဆန့်ကျင်ဘက်အမှုသည်ထံမှ ဝန်ခံချက်ရယူကာယင်းဆန့်ကျင်ဘက်အမှုသည်၏ အမှုကိုဖြိုဖျက်ပစ်နိုင်ရန် အကြောင်းတစ်ရပ်လည်းပါဝင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။မေးခွန်းထုတ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အမှုသည်များအကြား အငြင်းပွားလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာများနှင့် ပတ်သက်သော အကြောင်းအရာများကို ဆန့်ကျင်ဘက်အမှုသည်ထံမှ ရစေခြင်းဖြင့်လည်းကောင်း ငြင်းချက်နှင့်စပ်လျဉ်း၍ သက်သေပြရန်အကြောင်းခြင်းရာကို တစ်ဘက်အမှုသည်ထံမှ ဝန်ခံချက်ရစေခြင်းဖြင့်လည်းကောင်း စရိတ်စကအကုန်အကျ သက်သာစေရန်ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုလျှင် မေးမြန်းချက်များ၏ အဖြေတို့သည် မေးမြန်းသူတင်ပြလိုသောအမှုကို အထောက်

---

+ ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၇၁
* ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၄၂(မရမ်းကုန်း)တွင် ချမှတ်သော (၂၄-၆-၉၀)ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၉၀ / ဦးခင်မောင်လှိုင် နှင့် ဒေါ်ခင်မျိုးလှ

အကူရစေမည်ဖြစ်လျှင် သော်လည်းကောင်း၊ ဆန့်ကျင်ဘက်အမှုသည်၏ အမှုကို ဖြိုဖျက်နိုင်စေမည် ဖြစ်လျှင်သော်လည်းကောင်း ယင်းမေးမြန်းချက်တို့ကို ခွင့်ပြုမည်ဖြစ်သည်။ ထို့ပြင်တစ်ဘက်အမှုသည်၏ သဘောသဘာဝကို သိရှိနိုင်ရန်အတွက် အမိန့် ၁၁ အရ မေးခွန်းထုတ်နိုင်သည်။

လျှောက်ထားသူအတွက် — ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း

ရန်ကုန်တိုင်းတရားရုံး ၁၉၉၀ ပြည့်နှစ် တရားမကြီးမှု အမှတ် ၄၂ (ခ) တွင် လျှောက်ထားခံရသူ ဒေါ်ခင်မျိုးလှ က လျှောက်ထားသူ ဦးခင်မောင်လှိုင်၊ ဦးတုန်းတင် နှင့် ဦးသန်းဋ္ဌေး တို့အပေါ် ဒေါ်ခင်မျိုးလှနှင့် ဦးထွန်းတင် တို့အကြား ချုပ်ဆိုခဲ့သည်ဟု အဆိုရှိသော ၁၁-၇-၈၅ ရက်စွဲပါ စာချုပ်သည် လိမ်လည်အတုပြုလုပ်ထားသော စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် အချင်းဖြစ် အိမ်နှင့် မြေကို သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ လက်ရောက်ရလိုကြောင်း စွဲဆိုသည်။ ဦးခင်မောင်လှိုင်က ချေလွှာမတင်မီ မေးခွန်း(၃)ရပ်ကို တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၁၊ နည်း ၄ နှင့်အညီ မေးမြန်းရာ ဒေါ်ခင်မျိုးလှက မေးခွန်း(၂)ရပ်ကို ဖြေကြားသော်လည်း ကျန်မေးခွန်းကို ဖြေဆိုရန်မလိုအပ်ဟု အကြောင်းပြကာ ဖြေဆိုခြင်းမပြုချေ။ ဒေါ်ခင်မျိုးလှသည် ဒုတိယ မေးခွန်းကို တိတိကျကျ ဖြေကြားမှု မပြုခြင်း၊ တတိယ မေးခွန်းကို ဥပဒေနှင့်အညီ ဖြေကြားခြင်းမပြုသည့်ကိစ္စကို ရန်ကုန်တိုင်းတရားရုံးတွင် တင်ပြရာ ရန်ကုန်တိုင်း တရားရုံးက တတိယမေးခွန်းအား ဖြေဆိုစေ၍ ငြင်းဆန်သည့် အတွက် လိုလောက်သည့်အကြောင်း မရှိဟုဆိုကာ၊ ဦး ခင် မောင် လှိုင် ၏ လျှောက်ထားချက်ကို ပလပ်လိုက်သောကြောင့်၊ ဦးခင်မောင်လှိုင်က တရားရုံးချုပ်တွင် ဤပြင်ဆင်မှုကို လျှောက်ထားလာသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက လျှောက်ထားသူသည် ချေလွှာ တင်သွင်းခြင်းမပြုမီ တရားလိုအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁ အရ မေးခွန်းထုတ်ခွင့်မရှိကြောင်းဖြင့် ကျမ်းပြုဆရာ မူလာပြုစုသော တရားမကျင့်ထုံးဥပဒေ (၁၃ ကြိမ်မြောက်ထုတ်)ကျမ်း စာမျက်နှာ ၈၃၂ ပါ ဝေဖန်ချက်ကို ကိုးကားတင်ပြသည်။ ကျမ်းပြုဆရာ၏ သုံးသပ်ချက်သည် အင်္ဂလန်နိုင်ငံရှိ တရားရုံးများ၏ စီရင်ထုံး နှစ်ခုကို ကိုးကား ထားကြောင်း တွေ့ရသည်။ ယင်းစီရင်ထုံးများသည် မည်သည့် ပြဋ္ဌာန်းချက်အပေါ် အခြေခံ၍၊ မည်သည့်အကြောင်းပြချက်များအရ ဆုံးဖြတ်ထားကြောင်းမသိရသဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁ နှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ကို ယင်းစီရင်ထုံးများအပေါ် အခြေခံကာ အသုံးအဖြတ် ပေးနိုင်မည်မဟုတ်ချေ။

လျှောက်ထားခံရသူ၏ ရှေ့နေက တရားမကျင့်ထုံး ဥပဒေနှင့် စပ်လျဉ်း၍၊ အေအိုင်အာရ်ဝေဖန်ချက်များ၊ ကုမ်းစာ ၁၇၇၉ ကို ကိုးကား၍ လျှောက်ထားပြန်သည်။ ယင်းအကိုးအကားသည် အေ အိုင် အာ ရ်၊ ၁၉၃၂၊ မဒရပ်၊ စာ ၃၁၆ စီရင်ထုံးအပေါ် အခြေခံပြီး တရားမြိုင်သည် ချေလွှာမတင်မီ တရားလိုထံမှ သက်သေခံချက်များကို 'အစ်'သည့်သဘော မေးမြန်းချက်တို့ကို ဖြေကြားရန် တရားရုံးက အမိန့်ချမှတ်ခြင်း မပြုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

လျှောက်ထားသူ မေးလိုသော မေးခွန်းအမှတ်(၃)မှာ အောက်ပါအတိုင်းဖြစ်သည်—

'၃။ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၁၀၈(မရမ်းကုန်း)/ ၈၈ တရားလို ဦးခင်မောင်လှိုင်နှင့် တရားမြိုင် ဒေါ်ခင်မျိုးလှ အမှုတွင် ဒေါ်ခင်မျိုးလှ၏ ချေလွှာအပိုဒ်(၆)၌၊ ဒေါ်ခင်မျိုးလှ နေ ထိုင် လျက် ရှိ သော ဥပစာအတွင်းသို့ ၂၅-၅-၈၈ နေ့၌၊ ဦးခင်မောင်လှိုင်က မတရားလုယက်သိမ်းပိုက်သောကြောင့် နစ်နာ ဆုံးရှုံးမှုရှိပြီး ထိုနေ့မှာပင် ရဲစခန်း၌ တိုင်ကြားချက် ဖွင့်ခဲ့ကြောင်း ယနေ့ထက်တိုင် အချင်းဖြစ်ခြံနှင့် နေအိမ်တို့အား လက် လွတ် ဆုံး ရှုံးနေရလျက်ရှိပါသည်ဟု ဖော်ပြ ထုချေခဲ့ခြင်း မှန်ပါသလား'

အထက်ပါ မေးခွန်းအရဆိုလျှင် ယင်းအမှု၌ ဒေါ်ခင်မျိုးလှက ဦးခင်မောင်လှိုင်တို့သည်။ အချင်းဖြစ် ဥပစာအတွင်းသို့ ၂၅-၅-၈၈ နေ့၌ ကျူးကျော်ဝင်ရောက်သည်ဖြစ်၍ ဒေါ်ခင်မျိုးလှက ဥပစာကို လက်လွတ် ဆုံးရှုံးခဲ့ရကြောင်း ထုချေခဲ့ပါက ၇-၂-၉၀ နေ့၌ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ အရ စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း ရှိ မရှိ အဆိုအချေအရ ဆုံးဖြတ်နိုင်ပေလိမ့်မည်။ သို့ဖြစ်ရာ မေးမြန်းချက်သည် တရားလိုထံမှ သက်သေခံ အထောက်အထားကို 'အစ်' ထုတ်ခြင်းမဟုတ်ဘဲ ကာလစည်းကမ်းသတ် ပြဿနာကို ဖော်ထုတ်နိုင်ရန်အတွက် မေးမြန်းခြင်း ဖြစ်၍ ထိုသို့ မေးမြန်းခြင်းကို အထက်ပါ စီရင်ထုံးက ပိတ်ပင်ရန်အကြောင်း မရှိပေ။

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁၊ နည်း ၁ တွင် ချေလွှာတင်ပြီးမှ မေးမြန်းချက် စာတမ်းများ (Interrogatories) တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိချေ။ မေးမြန်းချက်ကို ကန့်ကွက်နိုင်သောအကြောင်းအချက်များကို အမိန့် ၁၁၊ နည်း ၆ တွင် လည်းကောင်း၊ မေးမြန်းချက်အား ပယ်ဖျက်နိုင်သည့် အကြောင်းရပ်များကို အမိန့် ၁၁၊ နည်း ၇ တွင် လည်းကောင်း ပြဋ္ဌာန်းထားရာ ယင်းနည်းဥပဒေများသည် ချေလွှာတင်သွင်းသည့် ကိစ္စကို ရည်ညွှန်းထားခြင်း မရှိပေ။

ဦးခင်မောင်လှိုင်နှင့်ဒေါ်ခင်မျိုးလှ

တရားမကျင့်ထုံး ဥပဒေအမိန့် ၁၁ အရ တစ်ဘက် အမှုသည်အား မေးခွန်းထုတ်ခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ ဆန့်ကျင်ဘက်အမှုသည်ထံမှ ဝန်ခံချက်ရယူကာ ယင်းဆန့်ကျင်ဘက်အမှုသည်၏ အမှုကို ဖြိုဖျက်ပစ်နိုင်ရန် အကြောင်းတစ်ရပ်လည်း ပါဝင်သည်။ လျှောက်ထားသူ မေးလိုသော တတိယမေးခွန်းမှာ ကာလစည်းကမ်းသတ် ပြဿနာနှင့်စပ်လျဉ်း၍ တစ်ဘက်အမှုသည်အား အနိုင်ယူနိုင်ရန် ဦးတည်ထားကြောင်း ထင်ရှားသည် ဖြစ်ရာ မေးမြန်းသင့်သော မေးခွန်းဖြစ်သည့်မှာ ယုံမှားဖွယ်မရှိချေ။ ယင်းမေးခွန်း၏ အဖြေကိုရရှိသောအခါ ချေလွှာ၌ ထည့်သွင်းထုချေနိုင်သဖြင့် အဆင့်ပြေမှုအလို့ငှာ ချေလွှာမတင်မီ မေးမြန်းချက်စာတမ်းကို တင်သွင်းစေခြင်းသည် လျော်ကန်သည်ဟုဆိုရပေမည်။

ဦးခင်မောင်လှိုင်မေးလိုသော မေးခွန်းတွင် အပိုင်း(၂)ပိုင်းပါရှိသည်။ ပထမပိုင်းသည် ချေလွှာနှင့်သက်ဆိုင်သည်။ ဒုတိယပိုင်းသည် ငြင်းချက်ထုတ်ခြင်းနှင့်ပတ်သက်သည်။ နှစ်ခုမှာဆက်စပ်နေသော ကိစ္စရပ်များဖြစ်သည်။ ပထမပိုင်း အဖြေရလျှင် ဒုတိယပိုင်းကိုဖြေဆိုရန်လိုမည်မဟုတ်ချေ။ သို့ဖြစ်၍ဒုတိယပိုင်းကို ဖြေဆိုရန်မလိုဟုကောက်ယူသည်—

အဆိုလွှာအပုဒ်(၁)တွင် အောက်ပါအတိုင်းအဆိုပြုထားသည်။

'ရန်ကုန်တိုင်း။ မရမ်းကုန်းမြို့နယ်၊ ၉-မိုင် ၅ရပ်ကွက်၊ ယိုးဒယားလမ်းသွယ်၊ အမှတ်(၁၆)ဟုခေါ်တွင်သောမြေကို (၇-၃-၈၄)ရက်နေ့တွင်ပိုင်ရှင်ဒေါ်မြကြည်ထံမှ တရားလိုက တန်ဖိုးငွေ (၃၅၀၀ဝ)ဖြင့် ဝယ်ယူခဲ့ပြီး တန်ဖိုးငွေကျပ်-၁၅၀၀ဝ တန်အခုတ်ဘိနပ်ခံ။ မျဉ်ခင်း၊ ဝါးထရံကာ၊ အင်္ဂလိပ်သားမိုး၊ သုံးပင်နှစ်ခန်းနေအိမ်တစ်လုံးကို ဆောက်လုပ်ခဲ့ပါသည်။ ထို့ပြင်-၁၀၀ဝ ကျပ်တန်ရေတွင်း တစ်တွင်းကိုတူးခဲ့ပြီး ၁၀၀၀ဝ တန်ခြံစည်းရိုးကိုလည်း ကာရံခဲ့ပါသည်။'

ယင်းအဆိုပြုချက်များနှင့်စပ်လျဉ်း၍ လျှောက်ထားသူက အောက်ပါမေးခွန်းကိုထုတ်သည်-

"အဆိုအပိုဒ် ၁ တွင် ဖော်ပြထားသော မြေကွက်ပိုင်ဆိုင်သူမှာ ဒေါ်မြကြည်မဟုတ်ဘဲ ဦးစိုး-ဒေါ်ညို တို့ဖြစ်သည်ဆိုခြင်းမှာ မှန်ပါသလား"

ယင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူက အောက်ပါအတိုင်း ဖြေသည်—

"မှန်ပါ၊ ယခင်အမည်ပေါက်သူများမှာ ဦးစိုး-ဒေါ်ညိုဖြစ်သော်လည်း တရားလိုဝယ်ယူချိန်က ပိုင်ရှင်မှာ ဒေါ်မြကြည်ဖြစ်ပါသည်။"

အထက်ပါဖြေကြားချက်သည်၊ မေးမြန်းချက်နှင့် အံဝင်ခွင်ကျ မဖြစ်ကြောင်းမြင်သာသည်။ မြေကွက်ပိုင်ရှင်မှာ ဦးစိုး-ဒေါ်ညိုတို့ ဟုတ်မဟုတ်

အတိအကျဖြေကြားရန်လိုသည်။ အမည်ပေါက်သည့်ကိစ္စနှင့် မသက်ဆိုင်ချေ။ ဝယ်စဉ်က ဒေါ်မြကြည်ပိုင်သည်ဆိုခြင်းမှာလည်း မေးမြန်းချက်၏ အဖြေမဟုတ်ချေ။

အမှုနှင့်ဆိုင်သည့် အကြောင်းအရာနှင့် စာချုပ်စာတမ်းများကို ဖွင့်လှစ်ဖော်ထုတ်ခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်းကိစ္စကို တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၁ တွင် ပြဋ္ဌာန်းထားသည်။

တရားမမှုတွင် ငြင်းချက်များထုတ်ပြီးနောက် အမှုကိုစစ်ဆေးရန် ချိန်းဆိုလိုက်သောအခါ အမှုသည်အသီးသီးသည် မိမိအမှုကို မည်သို့မည်ပုံသက်သေထင်ရှားပြမည်ကို စိတ်ကူးကြမည်မှာ သဘာဝပင် ဖြစ်သည်။ မိမိအမှုကို ပေါ်လွင်စေရန်ဖြစ်စေ၊ ဆန့်ကျင်ဘက်အမှုသည်၏အမှုကို ဖြိုဖျက်ရန်ဖြစ်စေ ထိုသူထံမှငြင်းချက်များနှင့် ပတ်သက်သောအကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထိုသူလက်ဝယ်ရှိ သို့မဟုတ်စီမံခန့်ခွဲမှုအောက်တွင်ရှိသော စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ဖြစ်စေ သိလိုပေလိမ့်မည်။ သိလိုသည့်ကိစ္စသည် အကြောင်းခြင်းရာနှင့်သက်ဆိုင်လျှင် ဆန့်ကျင်ဘက်အမှုသည်အား မေးခွန်းထုတ်ခွင့်ပြုထားသည်။ ယင်းမေးခွန်းများကို **မေးမြန်းချက်စာတမ်းများ** (**Interrogatories**)ဟု ခေါ်သည်။ ဆိုင်ရာတရားသူကြီး မေးမြန်းလိုသည့်မေးခွန်းများမှာ ရောက်ရှိနေသောအဆင့်တွင် မေးမြန်းရန် လျော်ကန်သင့်မြတ်မှုရှိမရှိစိစစ်၍ လျော်ကန်သင့်မြတ်သည်ဟု သဘောရလျှင် အမှုမစစ်ဆေးမီ၊ အခြားအမှုသည်အား ဖြေကြားစေရမည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းကို ဆန့်ကျင်ဘက်အမှုသည်က အကြောင်းခြင်းရာများကို ဖွင့်လှစ်ဖော်ထုတ်ခြင်းဟု ခေါ်သည်။ အမှုသည်က အခြားအမှုသည်အား ငြင်းချက်နှင့်စပ်လျဉ်း၍ အရေးပါသော စာချုပ်စာတမ်းနှင့်ပတ်သက်သော အချက်အလက်ကို ရလိုလျှင် ထိုသူလက်ဝယ်ရှိ သို့မဟုတ်စီမံခန့်ခွဲမှုအောက်ရှိ စာချုပ်စာတမ်းအားလုံး၏ စာရင်းကို တင်ပြရန်အတွက် အတင်းအကျပ်ပြုလုပ်ပေးစေရန် လျှောက်ထားနိုင်သည်။ ထို့အပြင်တချို့အခြေအနေတွင် အမှုမစစ်ဆေးမီ စာချုပ်စာတမ်းကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူရယူခွင့်ပေးနိုင်သည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းကို စာချုပ်စာတမ်းများ ဖွင့်လှစ်ထုတ်ဖော်ခြင်းဟုခေါ်သည်။ အကြောင်းခြင်းရာများနှင့် စာချုပ်စာတမ်းများ ဖော်ထုတ်ခြင်းသည် စရိတ်စကကုန်ကျမှုကို သက်သာစေသည်သာမက အမှုဆိုင်ရခြင်း တိုတောင်းစေသည်။

မေးခွန်းထုတ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အမှုသည်များအကြား အငြင်းပွားလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ အရေးပါသော အကြောင်းခြင်းရာများနှင့် ပတ်သက်သောအကြောင်းအရာများကို ဆန့်

၁၉၉၀
ဦးခင်မောင်
လွှင်
နှင့်
ဒေါ်ခင်မျိုး
လှ

ကျင်ဘက်အမှုသည်ထံမှ ရစေခြင်းဖြင့်လည်းကောင်း၊ငြင်းချက်နှင့်စပ်လျဉ်း၍ သက်သေပြရန်အကြောင်းခြင်းရာကို တစ်ဘက်အမှုသည်ထံမှ ဝန်ခံချက်ရ စေခြင်းဖြင့်လည်းကောင်း စရိတ်စကအကုန်အကျသက်သာစေရန်ဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုလျှင် မေးမြန်းချက်များ၏ အဖြေတို့သည် မေးမြန်းသူ တင်ပြလိုသောအမှုကို အထောက်အကူ ရစေမည်ဖြစ်လျှင် သော်လည်း ကောင်း၊ ဆန့်ကျင်ဘက်အမှုသည်၏ အမှုကို ဖြိုဖျက်နိုင်စေမည်ဖြစ်လျှင် သော်လည်းကောင်း ယင်းမေးမြန်းချက်တို့ကို ခွင့်ပြုမည်ဖြစ်သည်။ ထို့ ပြင်တစ်ဘက်အမှုသည်၏ သဘောသဘာဝကို သိရှိနိုင်ရန်အတွက် အမိန့် ၁၁ အရမေးခွန်းထုတ်နိုင်သည်။

အမှုမစစ်ဆေးမီ မေးခွန်းထုတ်စေခြင်း၊ ဖြေကြားစေခြင်းဖြင့်အမှုသည် တို့အကြား အငြင်းပွားမှုကို ကျဉ်းမြောင်းစေခြင်းဖြင့် အမှုဆိုင်ရာတွင်ကြန့် ကြာမှုကို တားဆီးနိုင်သည်ဖြစ်ရာ အမိန့် ၁၁ အရ မေးမြန်းခြင်းကို အားပေးသင့်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ဒုတိယမေးခွန်းကို ပြတ်ပြတ် သားသားဖြေဆိုရန်နှင့် တတိယမေးခွန်း၏ ပထမအပိုဒ်ကို ဖြေကြားရန် လျှောက်ထားခံရသူအား ညွှန်ကြားလိုက်သည်။ ဤပြင်ဆင်မှုအတွက် စရိတ် သတ်မှတ်ပေးခြင်းမပြု။

**တရားမဒုတိယအယူခံမှု**

**တရားရုံးချုပ်တရားသူကြီး ဦးကျော်တင့်ရွှေ့တွင်**

ဒေါ်စကီနာ

နှင့်

ဦးမောင်စိန်*

+ ၁၉၉၀
ဇူလိုင်လ
၅ ရက်

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ နှင့် ပုဒ်မ ၁၅၁–မည်သည့် အခါ ပုဒ်မ ၁၄၄ အရ လျှောက်ထားခွင့်ရှိခြင်း– မည်သည့်အခါ ပုဒ်မ ၁၅၁ အရ အခွင့်အာဏာကိုကျင့်သုံးရန်မသင့်ခြင်း– ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁)–မည်သည့်အခါပုဒ်မ ၁၅(၁)အရ လျှောက်ထားခွင့်မရှိခြင်း။**

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရလျှောက်ထားသူ ဒေါ်စကီနာအနေဖြင့် ၎င်းအပေါ်၌ ဒီကရီတစ်စုံတစ်ရာ ချမှတ်ထားခြင်း မရှိသောအခါမှ လျှောက်ထားရမည်ဖြစ်သည်။ယခုကိစ္စတွင် ဒေါ်စကီနာအပေါ်၌ ပုဒ်မ ၁၂(၁)(က)အရ ချမှတ်သည့်ဒီကရီမှာယခုတိုင် တည်မြဲလျက်ရှိနေသည်။ ထို့ကြောင့် ဒေါ်စကီနာသည် ပုဒ်မ ၁၄၄ အခွင့်အရေးကို လျှောက်ထားတောင်းဆိုနိုင်သည့် အနေအထား၌မရှိပေ။ ပုဒ်မ ၁၄၄ ပြဋ္ဌာန်းချက် ရှိနေသဖြင့် ပုဒ်မ ၁၅၁ အခွင့်အာဏာကို ကျင့်သုံးရန်လည်း မသင့်ပေ။ ထို့ကြောင့် ပုဒ်မ ၁၄၄ အရ လျှောက်ထားသည့် ဒေါ်စကီနာ၏ လျှောက်လွှာကို တိုင်းတရားရုံးမှ ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း မတွေ့ရပေ။ တရားရုံးဒေါ်စကီနာက ၎င်းအပေါ် ချမှတ်ထားသည့် ဒီကရီကို အတည်ပြုပြီးချိန်ကျမှ ပုဒ်မ ၁၅ (၁)ပါ အခွင့်အရေးကို လျှောက်ထားတောင်းဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။

အယူခံတရားလိုအတွက် – ဦးမင်းဆွေ၊တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးစိန်ဝင်း(ရွှေကျွန်း) တရားရုံးချုပ် ရှေ့နေ

တရားရုံးရေးအကြံပေး – ဦးဘတင့်

---

* ၁၉၉၀ ပြည့်နှစ်၊တရားမဒုတိယအယူခံမှု အမှတ် ၆၆
+ ၁၉၈၉ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၂၄ တွင် ချမှတ်သော (၈-၁၂-၈၉) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု၊

သက်န်းကျွန်းမြို့နယ် တရားရုံး၊တရားမကြီးမှုအမှတ်၅၂/၈၅တွင် တရားလို ဦးမောင်စိန်က တရားပြိုင်ဒေါ်စကီနာအပေါ်၌ ၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် (ဂ)ဘို့အရ အိမ်နှင် လိုမှုစွဲဆိုရာစွဲဆိုသည့်အတိုင်းအနိုင်ဒီကရီ ရရှိသည်။ဒေါ်စကီနာကထိုဒီကရီကို ရန်ကုန်တိုင်း တရားရုံးသို့ တရားမ ပထမအယူခံမှု အမှတ် ၁၂/၈၈အရ အယူခံဝင်သောအခါ တိုင်းတရားရုံးက ပုဒ်မ ၁၂(၁)(က) ဒုတိယပိုင်း အရချမှတ်သော အမိန့်နှင့်ဒီကရီကို အတည်ပြုပြီး ပုဒ်မ ၁၂(၁) (ဂ)အရ ချမှတ်သည့်အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သည်။ တစ်ဖန် ဒေါ်စကီနာက တိုင်းတရားရုံး၏ အမိန့်နှင့်ဒီကရီကိုမကျေနပ်၍ တရားရုံးချုပ်သို့ တရားမ ဒုတိယယူခံမှုအမှတ်၁၂/၈၉အရအယူခံဝင်ရောက်သောအခါတရားရုံးချုပ်မှ တိုင်းတရားရုံး၏အမိန့်၌ ဖော်ပြထားသော ပုဒ်မ ၁၂(၁)(က) ဒုတိယ ပိုင်းဟူသော စကားရပ်တွင် ဒုတိယပိုင်းဟူသောစကားရပ်ကို ပယ်ဖျက်၍ အိမ်လခပေးရန် ပျက်ကွက်နေသူတရားပြိုင် ဒေါ်စကီနာအပေါ်၌ ပုဒ်မ၁၂(၁)(က)အရ ဒီကရီ ချမှတ်ပေးလိုက်သည်။

ထိုကဲ့သို့ ဒေါ်စကီနာက တရားရုံးချုပ်သို့ အယူခံဝင်နေစဉ် အတွင်း မူလမြို့နယ်တရားရုံးက ဇာရီမှုအမှတ် ၆၆/၈၈ အရ အတည်ပြု ဆောင်ရွက်ပြီး တရားရုံးဒေါ်စကီနာအား အချုပ်းဖြစ်ဥပစာမှ ဖယ်ရှားလိုက်သည်။ တရားရုံးချုပ်မှ ဒေါ်စကီနာ၏အယူခံကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး တိုင်း တရားရုံး၏အမိန့်၌ ဖော်ပြထားသော ပုဒ်မ ၁၂(၁) (က) ဒုတိယပိုင်း ဟူသောစကားရပ်တွင် ဒုတိယပိုင်းကိုပယ်ဖျက်၍ အိမ်လခ ပေးရန် ပျက် ကွက်သူ ဒေါ်စကီနာအပေါ်၌ ပုဒ်မ ၁၂(၁)(က)အရ ဒီကရီ ချမှတ်ပေး လိုက်ကြောင်း တရားရုံးချုပ်မှ ဆုံးဖြတ်သည်။

တရားရုံးချုပ်၏ အမိန့်နှင့်ဒီကရီအရ ဒေါ်စကီနာက မူလသက်န်းကျွန်း မြို့နယ်တရားရုံးတွင် တရားမအထွေထွေမှုအမှတ် ၁/၈၉အရ ၎င်းအား မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅(၁)ပါ အခွင့်အရေးနှင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ နှင့် ပုဒ်မ ၁၅၁တို့အရ ပိုနေမြဲ ကျား နေမြဲ အခွင့်အရေးနှင့် အိမ်လခများကို ပေးဆောင်ပြီး မူလ အခန်း၌ ပြန်လည်နေထိုင်ခွင့်ပေးရန် အခွင့်အရေးဘို့ကို လျှောက်ထားတောင်းဆို သည်။

မြို့နယ် တရားသူကြီးက တရားရုံးချုပ်မှချမှတ်သောဒီကရီသည် အောက် ရုံး၏ဒီကရီကို ပယ်ဖျက်ပြင်ဆင်ခြင်းဖြစ်၍ ဒေါ်စကီနာအနေဖြင့်ပုဒ်မ ၁၄၄ အခွင့်အရေးကို လျှောက်ထားတောင်းဆိုခွင့်ရှိကြောင်းပုဒ်မ၁၂(၁) (က) အရ ဒီကရီချမှတ်ခြင်းခံရသူ ဒေါ်စကီနာအနေဖြင့် ပုဒ်မ၁၅(၁)ပါ အခွင့် အရေးကို ရနိုင်ကြောင်းသုံးသပ်လျက် ဒေါ်စကီနာ လျှောက်ထားသည့်

၁၉၉၀

ဒေါ်စကီနာ နှင့် ဦးမေခင်စိန်

အတိုင်း ပုဒ်မ ၁၄၄ ပိုနေမြဲ ကျားနေမြဲ အခွင့်အရေးနှင့်ပုဒ်မ ၁၅(၁) အခွင့်အရေးကိုကို ခွင့်ပြုကြောင်း ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ကို မူလတရားလို ဦးမောင်စိန်မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ ၁၉၈၉ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၂၂၄(တတ)(သက်နုံးကျွန်း)အရ ဝင်ရောက်ရာ တွဲဖက်တိုင်းတရားသူကြီး(၁၀)က ၎င်း၏ ၈-၁၂-၈၉ နေ့စွဲပါ အမိန့်အရ မြို့နယ်တရားရုံးက တရားမအထွေထွေအမှုအမှတ် ၁/၈၉ ၌ ချမှတ်ထားသည့် ၁၆-၁၀-၈၉ နေ့စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် မူလရုံးတရားမြိုင် ဒေါ်စကီနာက တရားရုံးချုပ်သို့ ဤဒုတိယအယူခံကို တင်သွင်းလာခြင်း ဖြစ်သည်။

တွဲဖက် တိုင်းတရားသူကြီး(၁၀)က ၎င်း၏ ၈-၁၂-၈၉ နေ့စွဲပါ အမိန့်တွင်မူလရုံးတရားပြိုင် ဒေါ်စကီနာအပေါ်၌ ချမှတ်ထားသည့် ပုဒ်မ ၁၂ (၁)(က) အရဒီကရီမှာ ယခုတိုင် အတည်ဖြစ်လျက် ရှိခြင်းကြောင့် ဒေါ်စနာကီနားအနေဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားနိုင်ခွင့်ရှိမည် မဟုတ်ကြောင်း၊ ၎င်းအပေါ်၌ မည်သည့်ဒီကရီမှ ချမှတ်ထားခြင်းမရှိမှသာလျှင် ဒေါ်စကီနာအနေဖြင့် ပုဒ်မ ၁၄၄ ပိုနေမြဲကျားနေမြဲ အခွင့်အရေးကို လျှောက်ထားနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်စကီနာက ပုဒ်မ ၁၄၄ နှင့် ၁၅၁တို့အရ လျှောက်ထားခြင်းကို လက်ခံခွင့်ပြုခဲ့သည့် မြို့နယ်တရားရုံး၏အမိန့်မှာ မှားယွင်းသည်ဟု သုံးသပ်သည်။ တစ်ဖန် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရအခွင့်အရေး လျှောက်ထားခြင်းနှင့် ပတ်သက်၍ တွဲဖက်တိုင်းတရားသူကြီးက သုံးသပ်ရာတွင် ယင်းအခွင့်အရေးကို ဒီကရီ အတည်မပြုမီ လျှောက်ထားရမည် ဖြစ်ကြောင်း၊ ယခုကိစ္စမှာ ဒေါ်စကီနာအပေါ်၌ ဇာရီ အတည်ပြုပြီး အချင်းဖြစ်ဥပစာမှ ဖယ်ရှားလိုက်ပြီး ဖြစ်ခြင်းကြောင့် ပုဒ်မ ၁၅(၁)ပါ အခွင့်အရေးကို စဉ်းစားရန် မလိုတော့ကြောင်း သုံးသပ်လျက် မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားသူ ဒေါ်စကီနာအနေဖြင့် ၎င်းအပေါ်၌ ဒီကရီတစ်စုံတစ်ရာ ချမှတ်ထားခြင်း မရှိသောအခါမှ လျှောက်ထားရမည်ဖြစ်သည်။ ယခုကိစ္စတွင် ဒေါ်စကီနာ အပေါ်၌ ပုဒ်မ ၁၂ (၁)(က)အရ ချမှတ်သည့်ဒီကရီမှာ ယခုတိုင် တည်မြဲလျက် ရှိနေသည်။ ထို့ကြောင့် ဒေါ်စကီနာသည် ပုဒ်မ ၁၄၄အခွင့်အရေးကို လျှောက်ထားတောင်းဆိုနိုင်သည့် အနေအထား၌မရှိပေ။ ပုဒ်မ ၁၄၄ ပြဋ္ဌာန်းချက်ရှိနေသဖြင့် ပုဒ်မ ၁၅၁ အခွင့်အာဏာကို ကျင့်သုံးရန်လည်း မသင့်ပေ။ ထို့ကြောင့် ပုဒ်မ ၁၄၄ အရ လျှောက်ထားသည့် ဒေါ်စကီနာ၏ လျှောက်လွှာကို တိုင်းတရားရုံးမှ ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်း ကြောင်း မတွေ့ရပေ။

၁၉၉၀

ဒေါ်စကီနာ
နှင့်
ဦးမောင်စိန်

တရားရှင် ဒေါ်စကီနာက ၎င်းအပေါ် ချမှတ်ထားသည့် ဒီကရီကို အတည်ပြုပြီးချိန်ကျမှ ပုဒ်မ ၁၅(၁)၁ါ အခွင့်အခရေးကို လျှောက်ထား တောင်းဆိုခြင်းမှာ နည်းလမ်းမမှန်ပေ။ ထို့ကြောင့် ဒေါ်စကီနာအား ပုဒ်မ ၁၅(၁)၁ါ အခွင့်အခရေးကို ပေးရန်ငြင်းပယ်လိုက်သည့် တိုင်းတရားရုံး၏ဆုံးဖြတ်ချက်မှာ ဥပဒေအရ မှားယွင်းကြောင်း မတွေ့ရပေ။ ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်နှင့် ဒီကရီကိုအတည်ပြုပြီး ယခုအယူခံကို ပလပ်လိုက်သည်။

မိမိတို့စရိတ်ကို မိမိတို့ဘာသာ ကျခံကြစေ။

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဦး ဇော်

နှင့်

ဒေါ် မြို*

+ ၁၉၉၀
စက်တင်ဘာလ
၁၃ ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၅၈ ပြင်ဆင်မှု-တစ်ဦး တစ်ယောက်၏ နစ်နာမှုကို ဥပဒေအရ ကုစားရန် လမ်းပွင့် နေသည့် ကိစ္စမျိုး၌၊ ပြင်ဆင်မှုတွင် စွက်ဖက်မည် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၅၈၊ အရ၊ ဝရမ်းခွာပေးရန် လျှောက်ထားမှုတွင် တရားရုံးက စုံစမ်းစစ်ဆေးပြီး၊ နည်း ၆၀ အရ ဝရမ်းခွာပေးရန်ဆုံးဖြတ်သည်ဖြစ်စေ နည်း ၆၁ အရ၊ဝရမ်းခွာပေးရန် ငြင်းပယ်လိုက်သည်ဖြစ်စေ ချမှတ်သည့်အမိန့် တစ်စုံတစ်ရာကို မကျေနပ်သူသည် အချင်းဖြစ် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းပြီး အမိန့် ၂၁၊ နည်း ၆၃ အရ၊ တရား တစ်ထုံး စွဲဆိုခွင့်ရှိသည်။ ယင်းကဲ့သို့ တစ်ဦးတစ်ယောက်၏ နစ်နာမှုကို ဥပဒေ အရ ကုစားရန် နည်းလမ်းပွင့်နေသည့် ကိစ္စမျိုး၌ မူလရုံး၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုတရားရုံးက ပြင်ဆင်မှုတွင် ဝင်ရောက် စွက်ဖက်မည်မဟုတ်ပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးစိုးဝင်း၊ တရားရုံးချုပ်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်ခင်မြတ်သူ(ပြည်)တရားရုံးချုပ်ရှေ့နေ။ |
| တရားရေးအကြံပေး | - | ဦးအောင်ငွေ။ |

ပြည်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၃၁/၈၈တွင် ဒေါ်မြို့က ဦးမြသိန်းနှင့် ဒေါ်ပုမေတို့အပေါ် ချေးငွေရလိုမှုစွဲဆိုရာ အနိုင်ဒီကရီ ရရှိပါသည်။ တရားနိုင်ဒေါ်မြို့က တရားရှုံးဦးမြသိန်းတို့အပေါ် အနိုင်ဒီကရီ အတည်ပြုပေးရန် ဇာရီလျှောက်ထားရာ မြို့နယ်တရားရုံးက တရားရှုံးပိုင် ဟုဆိုကာ မြင်းလှည်းယာဉ်အမှတ်(၂၁၃)နှင့် မြင်းမအနီတစ်ကောင်က ဝရမ်းဖမ်းဆီးလိုက်သည်။ ဤတွင်လျှောက်ထားသူ ဦးဇော်က တရားရုံးကို

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၂၅၄

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေမှုအမှတ် ၁ တွင် ချမှတ်သော (၂၉-၃-၉၀) ရက်စွဲပါ ပြည်မြို့နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၉၀

ဦးဇော်
နှင့်
ဒေါ်မြို

ဝရမ်းဖမ်းဆီးလိုက်သော မြင်းလှည်းနှင့်မြင်းသည် တရားရှုံးဦးမြသိန်းကို ပိုင် ပစ္စည်းမဟုတ်ဘဲ မိမိခရီးသွားနေခိုက် ခေတ္တအငှားမြှမောင်းရန် ခေတ္တပေးအပ်ထားသောမိမိပိုင်ပစ္စ''းသာဖြစ်ကြောင်း ဖော်ပြလျှက်တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၀ အရ ဝရမ်းခွာပေးရန် ပြည်မြို့နယ်တရားရုံး တရားမ အထွေထွေအမှတ် ၁/၉၀ တွင် လျှောက်ထားသည်။ ယင်းလျှောက်လွှာကို မြို့နယ်တရားရုံးက လက်မခံ ငြင်းပယ်လိုက်သဖြင့် လျှောက်ထားသူ ဦးဇော်က တရားရုံးချုပ်တွင် ဤသာရေးမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

တရားရှုံးအပေါ် ဒီကရီအတည်ပြုရာ တရားရှုံးပိုင် ပစ္စည်းကို တရားရုံးက ဝရမ်းဖမ်းဆီးသည့်အခါ တရားရှုံးမဟုတ်သော အခြားသူက အချင်းဖြစ် ဝရမ်းဖမ်းဆီးသည့်ပစ္စည်းမှာ တရားရှုံးပိုင် ပစ္စည်းမဟုတ် တရားရှုံးလက်တွင် မိမိပိုင်ပစ္စည်းအဖြစ် ထားရှိသည့်ပစ္စည်းသာ ဖြစ်ကြောင်း သို့မဟုတ် လျှောက်ထားသူ မိမိလက်ရှိ ပစ္စည်းသာဖြစ်ကြောင်း ဖော်ပြလျှက် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားနိုင်သည်။ ယခုအမှုတွင် လျှောက်ထားသူက မှားယွင်းပြီး အမိန့် ၂၁၊ နည်း ၆၀ အရ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ဤအမှုတွင် လျှောက်ထားသူ ဦးဇော် အနေဖြင့် တရားရုံးက တရားရှုံး ဦးမြသိန်းတို့ထံမှ ဝရမ်းဖမ်းဆီးလိုက်သော မြင်းလှည်းနှင့်၊ မြင်းမ အနီတစ်ကောင်သည် တရားရှုံးလက်ဝယ်ရှိလျှောက်ထားသူ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း တင်ပြခြင်းဖြစ်သည်။ ဝရမ်းဖမ်းဆီးသည့်ပစ္စည်းသည် ဝရမ်းဖမ်းဆီးစဉ်၌ လျှောက်ထားသူ လက်ရှိမဟုတ်ပေ။ တရားရှုံး လက်ရှိဖြစ်ပြီး လျှောက်ထားသူက ခေတ္တအပ်နှံထားခြင်းသာ ဖြစ်ကြောင်း အမိက တင်ပြသည်။

မူလမြို့နယ် တရားရုံးက စုံစမ်းစစ်ဆေးပြီး လျှောက်ထားသူ ဦးဇော် လက်ရှိ မြင်းလှည်းမဟုတ်၊ ဦးဇော်ပိုင်လည်း မဟုတ်ဘဲ တရားရှုံး ပိုင် ပစ္စည်းအဖြစ် တရားရှုံး၏ လက်ရှိပစ္စည်းဖြစ်ကြောင်း ပေါ်ပေါက်သည် ဆိုကာ ဝရမ်းခွာပေးရန် လျှောက်ထားခြင်းအား ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။

ဤကဲ့သို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားမှုတွင် တရားရုံးက စုံစမ်းစစ်ဆေးပြီး နည်း ၆၀ အရ ဝရမ်းခွာပေးရန် ဆုံးဖြတ်သည်ဖြစ်စေ၊ နည်း ၆၁ အရ ဝရမ်းခွာပေးရန် ငြင်းပယ်လိုက်သည်ဖြစ်စေ ချမှတ်သည့် အမိန့် တစ်စုံတစ်ရာကို မကျေနပ်သူသည်အချင်းဖြစ်ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းပြီးအမိန့် ၂၁၊နည်း

၆၃ အရ တစ်ရားတစ်ထုံး စွဲဆိုခွင့် ရှိသည်၊ ယင်းကဲ့သို့ တစ်ဦးတစ်ယောက် ၁၉၉၈
၏ နစ်နာမှုကို ဥပဒေအရ ကုစားရန် နည်းလမ်းပွင့်နေသည့် ကိစ္စမျိုး၌ ဦးဇော်
မူလရုံး၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုတရားရုံးကပြင်ဆင်မှုတွင် ဝင်ရောက် နှင့်
စွက်ဖက်မည်မဟုတ်ပေ။ မခသက်နှင့် ဦးဘမှန်[1] အမှုနှင့်ဦးခင်လှ ပါ-၂ နှင့် ဒေါ်ဖြူ
ဦးရဲသွင်ဦး[2] အမှုကိုတွင်ကြည့်ပါ။

ထို့ကြောင့် မူလရုံး၏ ဝရမ်းခွာပေးရန် လျှောက်ထားမှုအား ငြင်းပယ်လိုက်သည့် အမိန့်အပေါ် တရားကျေ့ထုံး ဥပဒေပုဒ်မ ၁၁၅ အရ စွက်ဖက်စရာအကြောင်းမရှိသဖြင့် မူလရုံးအမိန့်ကို အတည်ပြုပြီး ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၅၀-သတ်မှတ်သည်။]

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်းထုံးများ၊ စာ ၁၂၈၊
(၂) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၅။

+ ၁၉၉၀
နိုဝင်ဘာ လ
၁၃-ရက်

**တရားမအထွေထွေလျှောက်လွှာ**

တရားရုံးချုပ်၊ တရားသူကြီးဦးအေးအုန်း၊ ဦးကျော်တင့်နှင့်
ဦးကျော်ဝင်းတို့ရှေ့တွင်
ဗိုလ်မှူး ဇော်လင်းပါ(၂)
နှင့်
ဒေါ်စိန်တီ *

**တရားစီရင်ရေးဥပဒေပုဒ်မ ၆ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇ နည်း ၁ -အထူးခုံရုံးက ချမှတ်သော ဒီကရီစီရင်ချက် အမိန့်ဆုံးဖြတ်ချက်တို့ကို ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထားခြင်းပြုနိုင် မပြုနိုင်။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့် ၄၇ နည်း ၁ (ခ) တွင် ရည်ညွှန်းထားသော ဒီကရီ သို့မဟုတ် အမိန့်သည် တရားမကျင့်ထုံးဥပဒေနှင့်သက်ဆိုင်သည်။ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ စီရင်ပိုင်ခွင့်သည် တရားမကျင့်ထုံးဥပဒေနှင့် မသက်ဆိုင်ချေ။ ထိုနည်းတူ အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၂ (က) အရ ဖွဲ့စည်းထားသော အထူးခုံရုံးက အပိုဒ် ၁၅ သို့မဟုတ် အပိုဒ် ၁၆ အရ ချမှတ်သော အမိန့်သည် တရားမကျင့်ထုံးဥပဒေနှင့် မသက်ဆိုင်ချေ။ ထို့ပြင် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ စုံညီခုံရုံးက ချမှတ်သော ဒီကရီစီရင်ချက် အမိန့်ဆုံးဖြတ်ချက် အစရှိသည်တို့ကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၄ သို့မဟုတ် အမိန့် ၄၇ နည်း ၁ အရ ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထားခြင်း မပြုနိုင်ချေ။

အယူခံတရားလိုများအတွက်— ဦးတင်လှိုင်ထွေး၊ တရားရုံးချုပ် ရှေ့နေ
အယူခံတရားပြိုင်အတွက် —

တရားရေးအကြံပေး — ဦးတင်ထွန်း

---

* ၁၉၉၀ပြည့်နှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၅၁
\+ တရားမကျင့်ထုံး အမိန့် ၄၇၊ နည်း ၁ အရ၊ (၄-၆-၉၀) ချက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်သုံးသပ်ပေးရန်လျှောက်ထားမှု။

ပန်းဘဲတန်းမြို့နယ်တရားရုံး ၁၉၇၅ ခုနှစ် တရားမကြီးမှု အမှတ် ၅ တွင် အိမ်ရှင်ဒေါ်စိန်တီက အိမ်ငှားဗိုလ်မှူးဇော်လင်းနှင့် ဇနီးဒေါ်လှိုင်လှိုင်မြင့်တို့ အပေါ် ငှားရမ်းထားသည့်ဥပစာမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(က)နှင့် (ဂ)တို့အရ နှင်လိုမှုစွဲဆိုရာ မအောင်မြင်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် အယူခံဝင်သောအခါ ပုဒ်မ ၁၂(၁)(က) (ဒုတိယပိုင်း)အရ ဒီကရီရရှိသည်။ အိမ်ငှားများက တိုင်း တရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်သဖြင့် တရားရုံးချုပ် ၁၉၇၉ ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ် ၉၃ တွင် အယူခံဝင်သောအခါ အရေးနိမ့်သဖြင့် ဗိုလ်မှူးဇော်လင်းတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးရန် ၁၉၉၀ ပြည့်နှစ် တရားမအထွေထွေ လျှောက်လွှာ အမှတ် ၅ တွင် လျှောက်ထားသည်။ အိမ်ရှင်ဒေါ်စိန်တီဘက်မှလည်း ပုဒ်မ ၁၂(၁) (ဂ)အရ ဒီကရီမရရှိသည့်အတွက် ၁၉၉၀ပြည့်နှစ် တရားမ အထွေထွေ လျှောက်လွှာအမှတ် ၇၂ကို တင်သွင်းသည်။ တရားရုံးချုပ်က ယင်းလျှောက်လွှာများကို စိစစ်ကြားနာပြီးနောက် တရားမဒုတိယအယူခံမှု အမှတ် ၉၃/၇၉ တွင် ချမှတ်သော စီရင်ချက်၌ အရေးယူလောက်သော ပြဿနာ ပေါ်ပေါက်ခြင်းမရှိဟုအကြောင်းပြကာ ပလပ်လိုက်သည်။ ထိုသို့ ပလပ်သည့်အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် ဗိုလ်မှူးဇော်လင်းတို့က ဤ လျှောက်လွှာကို တင်သွင်းလာခြင်းဖြစ်သည်။

တရားစီရင်ရေး ဥပဒေပုဒ်မ ၆ တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထား သည်—

'''တရားရုံးချုပ်တရားသူကြီးတစ်ဦးဖြင့်ဖြစ်စေ ခုံရုံးဖြင့် ဖြစ်စေ စီရင် ထားသော မည်သည့်အမှုကိုမဆို လိုအပ်ပါက တရားရုံးချုပ် လက်ရှိ အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံရုံးဖြင့် ပြန်လည် စစ်ဆေးစီရင်နိုင် သည်''

တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ အရတင်သွင်းသော အထူးအယူခံမှုများ ကို စစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရန် တရားရုံးချုပ်က တရားစီရင် ရေးဥပဒေပုဒ်မ ၂၀အရ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားရာ အပိုဒ် ၁၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

'နှစ်ဘက် ကြားနာပြီးနောက် အရေးယူလောက်သော ပြဿနာ ပေါ်ပေါက်ခြင်းမရှိကြောင်းအထူးခုံရုံးက တွေ့ရှိလျှင်အထွေထွေလျှောက် ထားမှုကို ပယ်ရမည်'

၁၉၉၀
ဗိုလ်မှူးဇော်လင်း ပါ(၂) နှင့် ဒေါ်စန်းတီ

အဆိုပါ လုပ်ထုံးလုပ်နည်းများတွင် ဖြစ်စေ တရားစီရင်ရေး ဥပဒေတွင် ဖြစ်စေ အထွေထွေလျှောက်ထားမှုကို ပယ်သောအမိန့်အားပြန်လည်သုံးသပ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့်၄၇ နည်း ၁(၁) တွင် ရည်ညွှန်းထားသော ဒီကရီ သို့မဟုတ် အမိန့်သည် တရားမကျင့်ထုံး ဥပဒေနှင့်သက်ဆိုင်သည်။ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ စီရင်ပိုင်ခွင့်သည် တရားမကျင့်ထုံး ဥပဒေနှင့်မသက်ဆိုင်ချေ။ ထိုနည်းတူ အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းအပိုဒ် ၂(က)အရ ဖွဲ့စည်းသော အထူးခုံရုံးက အပိုဒ် ၁၅ သို့မဟုတ် အပိုဒ် ၁၆ အရ ချမှတ်သောအမိန့်သည် တရားမကျင့်ထုံး ဥပဒေနှင့် မသက်ဆိုင်ချေ။ ထို့ပြင် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ စုံညီခုံရုံးက ချမှတ်သောဒီကရီစီရင်ချက် အမိန့် ဆုံးဖြတ်ချက် အစရှိသည်တို့ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ သို့မဟုတ် အမိန့် ၄၇ နည်း ၁ အရ ပြန်လည်သုံးသပ်ပေးစေရန် လျှောက်ထားခြင်းမပြုနိုင်ချေ။

တရားစီရင်ရေးဥပဒေ ပုဒ်မ ၂၀ အရ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအရဖွဲ့စည်းသည့် အထူးခုံရုံးက အထူး အယူခံဝင်ခွင့်ပေးခြင်းသည် ယခင် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ၆ အရ အခွင့်ထူးအယူခံပေးခြင်းနှင့်သဘောချင်းတူသည်။

ဦးဘညွန့်ပါ-၂ နှင့် ဦးစိန်ကြည်ပါ-၁[၁] အမှုတွင် အယူခံဝင်ရန် အတွက် အခွင့်ထူးလျှောက်လွှာကို တရားရုံးချုပ်က ပလပ်လိုက်ရာ ယင်းသို့ ပယ်သောအမိန့်ကိုပြန်လည်သုံးသပ်ပေးရန် လျှောက်ထားသော အခါ ယခင်တရားရုံးချုပ်က အောက်ပါအတိုင်း ထုံးဖွဲ့သည်—

''၁၉၆၂ ခုနှစ် ဥပဒေပုဒ်မ ၄၁ ဖြင့် တရားရုံးချုပ်က ချမှတ်သော တချို့စီရင်ချက် ဒီကရီအမိန့်တို့မှ အယူခံဝင်ရန် အခွင့်ထူး လျှောက်ထားခြင်းကို ခွင့်ပေးခဲ့စဉ်က အခွင့်ထူးလျှောက်လွှာ သို့မဟုတ် အခွင့်ထူး အယူခံတစ်ရပ်ရပ်အပေါ်တွင် တရားရုံးချုပ်က ချမှတ်သော အမိန့် စီရင်ချက်ကိုလည်း တရားရုံးချုပ်ကပင် ပြန်လည်သုံးသပ်နိုင်သည်ဟူ၍ နောက်တစ်ဆင့် တီထွင်ခြင်း အာဏာအပ်နှင်းခြင်းမရှိခဲ့ပေ၊

စီရင်ပိုင်ခွင့်အာဏာကို မအပ်ဘဲမရချေ။ မအပ်သော အာဏာကိုလည်း ဖန်တီးပြုလုပ်၍မယူနိုင်ချေ။ တရားရုံးချုပ်သည် ဥပဒေပြု

---

၁။ ၁၉၇၁ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးစာမျက်နှာ ၁၁

အာဏာပိုင်အဖွဲ့မဟုတ်ချေ။ အပ်နှင်းသော အာဏာ အတွင်းက သာလျှင်ထုံးတမ်းသာဓကလုပ်ထုံးစသည်တို့နှင့်အညီမျှတမှန်ကန်စွာ စီရင်ရသည်။ ၁၉၉၀ ဗိုလ်မှူး ဇော်လင်း ပါ (၂) နှင့် ဒေါ်ခင်နှင်းတီ

အယူခံဝင်ရာ အခွင့်လျှောက်လွှာ အခွင့်ထူးအယူခံမှု စသည့်အမှုတို့အပေါ်၌ တရားလွှတ်တော်ချုပ်က ချမှတ်ပြီးသော အမိန့်စီရင်ချက်တို့ကို တရားလွှတ်တော်ချုပ်ကပင် ပြန်လည်သုံးသပ်သော သာဓကတစ်ရပ်မျှပင်မရှိချေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် လျှောက်ထားသူတို့ တင်သွင်းသောလျှောက်လွှာကိုပလပ်လိုက်သည်။

၁၉၉၀
မေလ
၃၀ ရက်

## တရားမ ပထမအယူခံမှု

**တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်**

ဒေါ်ညွန့်ညွန့်ခင်

နှင့်

ဒေါ်အိမ်ကြည်*

(ဖြင့်း၏ ကိုယ်စားလှယ် စာရသူ ဦးထွန်းရီ)

**တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ၂ ၏ ရည်ရွယ်ချက်—အငြင်းထွက်ပြဿနာသည် ဥပဒေငြင်းချက် သက်သက် ဖြစ်သော ယင်းပြဿနာကို ဦးစွာ အဆုံးအဖြတ် ပေးရန်လို မလို။**

**ဆုံးဖြတ်ချက်။** ဥပဒေ ငြင်းချက် သက်သက်ဖြစ်သော အငြင်းထွက် ပြဿနာကို ဦးစွာအဆုံးအဖြတ်ပေးခြင်းဖြင့် မလိုအပ်ဘဲ အမှုကို ကြာမြင့်စွာ ခုခံနေရသောဒုက္ခမှ ကင်းဝေးစေရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၄၊ နည်း ၂ က ရည်ရွယ်သည်။

အယူခံတရားလိုအတွက် — ဦးရဲမြင့်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးတင်အေး၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးအောင်ငွေ၊

ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၃၉၇/၇၉ တွင် ဒေါ်ညွန့်ညွန့်ခင်က ဒေါ်အိမ်ကြည်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းနှင့် ပုဒ်မ ၁၂ (၁) (ဂ) တို့အရ အငှားနေထိုင်သော အိမ်ခန်းမှ နှင်ထုတ် ပေးစေလိုမှုစွဲဆိုသည်။ တရားရုံးက ငြင်းချက် (၄) ရပ်ထုတ်ပေးပြီး နှစ်ဘက် သက်သေ စစ်ဆေးခဲ့သည်။ တရားလိုဘက် စစ်ဆေးပိတ်သိမ်းပြီး တရားပြိုင်အား စစ်ဆေးဆဲအဆင့်၌ အမှုကို တွဲဖက် တိုင်းတရားသူကြီး (၃၂) မှ

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၆၂

+ ၁၉၇၉ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၃၉၇ တွင် ချမှတ်သော (၄-၁၂-၇၉) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု၊

ဆက်လက်စစ်ဆေးရန် လွှဲပြောင်းလက်ခံ ရရှိသည်။ တွဲဖက်တိုင်းတရားသူကြီး (၁၂)က ၂၁-၁၁-၈၉ နေ့ ရုံးချိန်းရက်၌ ရုံးသဘောအရ တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၅ အရ အောက်ပါနောက်ထိုးငြင်းချက်အဖြစ် သတ်မှတ် ထုတ်ပေးလိုက်သည်—

၁၉၉၀
ဒေါ်ညွန့်ညွန့်ခင်
နှင့်
ဒေါ်အိန်ကြည်

'နို့တစ်စာ တရားဝင်ပါသလား'

အထက်ပါ ပဏာမငြင်းချက်ပေါ် နှစ်ဘက်ကြားနာပြီး တရားလိုက တရားပြိုင်ထံပေးပို့သော၈-၁-၈၅ နေ့စွဲပါ နို့တစ်စာတရားမဝင်ဟု ဖြေဆိုဆုံးဖြတ်ပြီး တရားလိုစွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ယင်းသို့ပလပ်လိုက်သော တိုင်းတရားရုံး၏အမိန့်ကို မူလရုံးတရားလို ဒေါ်ညွန့်ညွန့်ခင် က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ပထမအယူခံကို တင်သွင်းခြင်းဖြစ်သည်။

တိုင်းတရားရုံးက တရားလိုက တရားပြိုင်ထံ ၈-၁-၈၅ နေ့စွဲပါနို့တစ်စာကို ပေးပို့ခဲ့ရာ ၃၁-၁-၈၅ နေ့ ကုန်ဆုံးသည်အထိ နောက်ဆုံးထား၍ ဖယ်ရှားပေးရန် ဖော်ပြထားကြောင်း တရားလို၏ အဆိုလွှာအရ နှုတ်ပဋိညာဉ်စည်းကမ်းများရှိခဲ့ကြသည်ဟု ပါရှိသည့်အပြင် တရားလိုနှင့် တရားပြိုင်တို့အကြား နှုတ် ပဋိညာဉ်စည်းကမ်းများ ရှိခဲ့ကြောင်း တရားလိုက ထွက်ဆိုထားကြောင်း ယင်းနှုတ်ကတိ စည်းကမ်းချက်အမှတ် (၄) အရ အိမ်ရှင်ကအိမ်ခန်းကို ပြန်ရလိုလျှင်တစ်လကြိုတင်၍ နို့တစ်စာ ပေးပို့ရမည်ဖြစ်ကြောင်း ဆန့်ကျင်ကွဲလွဲသည့် ပဋိညာဉ်နှင့်အညီ နို့တစ်စာကို တစ်လကြိုတင်ပေးပို့သောနို့တစ်စာမဟုတ်၍ နို့တစ်စာ တရားမဝင်ကြောင်းဖြင့် ကောက်ယူသုံးသပ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဤအယူခံတွင် အယူခံတရားလို၏ ရှေ့နေက တိုင်းတရားရုံးသည် အဆိုလွှာတွင် မပါသောအချက်ကို မူတည်၍ အခြေခံ၍မရသေးသည့် သက်သေခံချက်ကို အခြေခံလျက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ရာ မှားယွင်းကြောင်း တရားပြိုင်၏ ချေလွှာ အပုဒ် ၁၁ တွင် နို့တစ်စာကို အတိအလင်း ငြင်းဆိုမထားဘဲ ငြင်းချက်ထုတ် ဆုံးဖြတ်ခြင်းမှာလည်း မှားယွင်းကြောင်း တရားလို၏ အဆိုလွှာတွင် နှုတ်ကတိစည်းကမ်းများထားခဲ့သည်ဟု ဖော်ပြပါရှိပြီး တရားပြိုင်၏ ချေလွှာတွင် နှုတ်ကတိစည်းကမ်းမထားခဲ့ပါဟု ငြင်းဆိုထားသဖြင့် တရားလိုနှင့် တရားပြိုင်တို့ အိမ်ရှင်အိမ်ငှား နှုတ်ကတိစည်းကမ်းထားခဲ့သည် မှန်သလားဟု သီးခြားငြင်းချက်ထုတ်ထားပြီးဖြစ်သည့်ပြင် ယင်းငြင်းချက်ကို တရားရုံးက အဆုံးအဖြတ်မပြုရသေးဘဲ နှုတ်ကတိ စည်းကမ်းအရ နို့တစ်စာ တရားဝင်မဝင် ဆုံးဖြတ်၍ မရသေးကြောင်း ပေါ်ပေါက်ပါလျက် နို့တစ်စာ တရားမဝင်ဟု ဆုံးဖြတ်လိုက်ခြင်းမှာ မှားယွင်းကြောင်း နှုတ်ကတိမထားခဲ့ပါဟု တရားပြိုင်က ငြင်းဆိုထားသဖြင့် အပြန်အလှန် ကတိ

၁၉၉၀ / ဒေါ်ညွှန့်ညွှန့် ခင် နှင့် ဒေါ်အိမ်ကြည်

ဖြစ်ကြောင်း မပေါ်ပေါက်သေးဘဲ ပဋိညာဉ်ရှိကြောင်းဆုံးဖြတ်ရန် မဖြစ်နိုင်သေး သက်သေခံချက်များရယူပြီးမှ ဆုံးဖြတ်သင့်ကြောင်း တင်ပြထားသည်။

အမှုကို လေ့လာစိစစ်ကြည့်ရာ အယူခံတရားလို၏ အဆိုလွှာ အပိုဒ် ၁၁ တွင် တရားလိုက တရားပြိုင်ထံ ၈-၁-၈၅ နေ့စွဲပါ နို့တစ်စာ ပေးပို့ခဲ့ကြောင်း ဖော်ပြပြီး နို့တစ်စာတွင် ၃၁-၈-၈၅ နေ့ ကုန်ဆုံးသည့်အထိ နောက်ဆုံးထား၍ ဖယ်ရှားပေးရန်ပါရှိသည်။ အယူခံ တရားပြိုင်ဒေါ်အိမ်ကြည်က ချေလွှာအပိုဒ် ၁၁ တွင် အောက်ပါအတိုင်း ချေပ ထားသည်။

၁၁။ XXX XXX XXX

တရားလိုပေးပို့သော ၈-၁-၈၅ နေ့စွဲပါ အကြောင်းကြားစာသည် ဥပဒေနှင့်အညီ ပြည့်စုံသည့် အကြောင်းကြားစာ မဟုတ်သဖြင့် တရားဝင် အကြောင်းကြားစာ မဟုတ်ပါ'

တရားလိုပေးပို့သော နို့တစ်စာ တရားမဝင်ကြောင်း တရားပြိုင်က တိအလင်း ငြင်းဆိုထားကြောင်း ထင်ရှားသည်။ ထို့ကြောင့် တရားလိုပေးပို့သော နို့တစ်စာတရားဝင်မဝင် အဆိုအချေအရ အငြင်းပွားလျက်ရှိရာ အမှုကိုဆုံးဖြတ်ရန် အရေးပါသော ဥပဒေပြဿနာလည်း ဖြစ်ခြင်းကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၁ နှင့် ၃ တို့အရ ငြင်းချက်ထုတ်ပေးရန် လိုအပ်သော အချက်ဖြစ်ကြောင်း ထင်ရှားသည်။ အဆိုအချေအရ အငြင်းပွား၍ အမှုကိုဆုံးဖြတ်ရန် အရေးပါသော အချက်ဖြစ်လျှင် ငြင်းချက်အဖြစ်ထုတ်ပေးရပေလိမ့်မည်။ **မန္တတာ ချေဘီ အိုက်စ်နှင့် မစိန်စိန်**[၁] အမှုတွင်ကြည့်ပါ။ နို့တစ်စာ တရားမဝင်ကြောင်း တရားပြိုင်က အတိအလင်း ငြင်းဆိုမထား၍ ငြင်းချက်ထုတ်ပေးရန် မလိုဟု အယူခံတရားလို၏ ရှေ့နေတင်ပြသည့်အချက်မှာ လက်ခံရန်မဖြစ်နိုင်ပေ။

၎င်းကဲ့သို့အဆိုအချေအရ ငြင်းချက်ထုတ်ပေးရန် အမှန် လိုအပ်ပါလျက် ထုတ်မပေးဘဲ ကျန်ရစ်ခဲ့လျှင် တရားရုံးသည်အမှု၏ မည်သည့် အဆင့်တွင်မဆို တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၅ အရ၊ ငြင်းချက်များ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြု နိုင်သည်။ ၎င်းကဲ့သို့ အမိန့် ၁၄၊ နည်း ၅ အရ ငြင်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်ရသည့် ရည်ရွယ်ရင်း သဘောမှာ အဆိုအချေတွင် ပါသော အငြင်းပွားသည့် အချက်များကို အခြေခံပြီး ပြင်ဆင် သို့မဟုတ် ဖြည့်စွက် ထုတ်ပေးရခြင်း ဖြစ်ကြောင်း ဂရုပြုရန် လိုအပ်သည်။ **ဒေါ်ကျင်နု** နှင့်

---

(၁) ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ စ၁-၉၃၅(တရားရုံးချုပ်)။

၁၉၉၀
ဒေါ်ညွန့်ညွန့်ခင်နှင့် ဒေါ်အိမ်ကြည်

ဦးလှိုင် [1] အမှုတွင်ကြည့်ပါ။ ထို့ပြင် အိမ်ရှင်သည် ဥပစာ ငှားရမ်းခြင်းကို ရပ်စဲကြောင်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ နှင့် အညီ အကြောင်းကြားစာ ပေးပို့ပြီးမှသာ အိမ်ငှားအပေါ် ငှားရမ်းသည့်ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုနိုင်မည်ဖြစ်ရာ နို့တစ်စာပြဿနာမှာ အမှုအနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်သည့် ပြဿနာဖြစ်သည်။ ဦးတင်ဦးနှင့် ဦးရွှေလှဖြူ [2] အမှုတွင်ကြည့်ပါ။ ဥပဒေငြင်းချက် သက်သက်ဖြစ်သော အငြင်းထွက် ပြဿနာကို ဦးစွာအဆုံးအဖြတ်ပေးခြင်းဖြင့်မလိုအပ်ဘဲ အမှုကိုကြာမြင့်စွာ ခုခံနေရသောဒုက္ခမှ ကင်းဝေးစေရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်း ၂ က ရည်ရွယ်သည်။ အီဘရာဟင်မိုဟာမက်ပါ ၂ နှင့်မောင်လှ ဖေ(ခ)အဗ္ဗဒူရာဇတ် [3] အမှုတွင်ကြည့်ပါ။ ထို့ကြောင့် တိုင်းတရားရုံးက 'နို့တစ်စာ တရားဝင်ပါသလား' ဟု ဖြည့်စွက်ငြင်းချက် ထုတ်ခဲ့ခြင်းနှင့် ပဏာမငြင်းချက်အဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့ခြင်းမှာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အထူးပြောဖွယ်ရာ လိုမည် မဟုတ်ချေ။

ထို့ပြင် အယူခံတရားလို၏ အဆိုလွှာ အပိုဒ် ၃ နှင့် ၄ တို့တွင် အိမ်ကို နှုတ်ကတိစည်းကမ်းထား၍ ငှားရမ်းခဲ့ကြောင်း အတိအလင်း ဖော်ပြထား သည်။ ရုံးရှေ့ ထွက်ဆိုရာတွင်လည်းတရားလိုဒေါ်ညွန့်ညွန့်ခင် ကိုယ်တိုင် အမိကစစ်မေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုထားသည်။

'X X X တရားလို၏ဖခင်မှ တရားပြိုင်၏ဖခင်အား စတင်အိမ်ငှား ချထားစဉ်က အိမ်ရှင်အိမ်ငှား ကတိစာချုပ်များ မရှိခဲ့ပါ၊ နှုတ်ကတိ စည်းကမ်းချက်များသာ ရှိခဲ့ပါသည်။X X X။

X X X ကျွန်မ၏ဖခင်နှင့် တရားပြိုင်၏ဖခင်တို့ အိမ်ငှားရမ်းစဉ်က ထားရှိခဲ့သော နှုတ်ကတိ စည်းကမ်းချက်များမှာ....

၁။ X X X
၂။ X X X
၃။ X X X
၄။ အိမ်ရှင်ဖြစ်သူ ဦးချစ်ခင်က အိမ်ခန်းကို ပြန်လည် လိုချင်သော အခါ တစ်လကြိုတင်၍ ဦးကြင်ယုံ(ခေါ်) Ck Yong အား အကြောင်းကြားရန်နှင့်ဦးကြင်ယုံမှလည်း ၃ လအတွင်းငှားရမ်း နေထိုင်သောအခန်းမှ ပြောင်းရွှေ့ဖယ်ရှားပေးရန် ဟူ၍ နှုတ် ကတိ စည်းကမ်းများ ထားရှိခဲ့ကြပါသည်။''

---

(၁) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၈။
(၂) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၃၈။
(၃) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၁၀
(တရားလွှတ်တော်)

၁၉၆၇
ဒေါ်ညွန့်ညွန့်ခင်
နှင့်
ဒေါ်အုံမိကြည်

ထို့ကြောင့် တရားလိုနှင့်တရားပြိုင် အိမ်ရှင် အိမ်ငှားတို့အကြား နှုတ်ကတိ စည်းကမ်းမရှိခဲ့ပါဟု တရားပြိုင်က ချေပထားသဖြင့် နှုတ်ကတိ စည်းကမ်းရှိ မရှိ ငြင်းချက်ထုတ်ထားစေကာမူ တရားလို၏ ဝန်ခံထွက်ဆိုချက်အရ နှုတ်ကတိရှိခဲ့ကြောင်း ထင်ရှားပြီးဖြစ်သည်။ ဤသို့ထင်ရှားပြီး ဖြစ်သော အချက်ကို အခြေခံ၍ နှုတ်ကတိစည်းကမ်း ရှိခဲ့သည်ဟု တိုင်းတရားရုံးက လက်ခံဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်၍ သီးခြား ငြင်းချက်ထုတ်ထားခြင်းကြောင့် ဆုံးဖြတ်ခွင့်မရှိသေးပါဟု အယူခံ တရားလို၏ ရှေ့နေတင်ပြသည့် အချက်မှာ လက်ခံစရာအကြောင်း မရှိချေ။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ အရ ငှားရမ်းခြင်းရုပ်စဲသည့် နို့တစ်စာ ပေးပို့ရာတွင် ဆန့်ကျင်ကွဲလွဲသည့် သီးခြားပဋိညာဉ်မရှိသည့်အမှုမျိုး၌ တစ်လမှတစ်လသို့ ငှားရမ်းခြင်းဖြစ်လျှင် (၁၅)ရက်ကြိုတင် နို့တစ်စာပေးပို့ရမည်။ နို့တစ်စာ တရားဝင်မဝင် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ ၁၀၆ အရ စိစစ်ဆုံးဖြတ်ရန် ဖြစ်သည်။ သို့ရာတွင် အိမ်ရှင် အိမ်ငှားတို့အကြား ငှားရမ်းမှု ရုပ်စဲခြင်းနှင့်စပ်လျဉ်း၍ သီးခြားသဘောတူညီသည့်ကတိရှိခဲ့လျှင် နို့တစ်စာတရားဝင် မဝင်ပုဒ်မ ၁၀၆ အရဆုံးဖြတ်ရန်မဟုတ်တော့ချေ။ နို့တစ်စာမှာ အဆိုပါသီးခြားကတိ ပဋိညာဉ်နှင့် ညီ မညီသာ စိစစ်ဆုံးဖြတ်ရန် ဖြစ်ကြောင်း ဒေါက်တာ ဦးချစ်နှင့် ဒေါ်အုန်းရင်[၁] အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်။

**"Held: it is clear that thirty day's notice by either party is the requirement to be complied with according to the agreement entered in to by the parties; in the light of this construction the provision of S. 106 of the Transfer of property Act requiring fifteen day's notice expiring with the end of the month of the tenancy is not applicable to the case."**

ဤဥပဒေသကို ဦးမအောင်ခင် နှင့် ဦးတင်စီ[၂] တွင်လည်း တွေ့မြင်နိုင်သည်။

ဤအမှုတွင် အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော နှုတ်ပဋိညာဉ်စည်းကမ်းအရ နို့တစ်စာကို တစ်လကြိုတင်ပေးပို့ရမည်ဖြစ်သော်လည်း တရားလိုက ယင်းသို့ပေးပို့ခြင်းမပြုခဲ့ကြောင်း ထင်ရှားသည်။

---

(၁) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၃၆ (တရားလွှတ်တော်)။

(၂) ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၂၀။

အထက်ပါအကြောင်းများကြောင့် တိုင်းတရားရုံးက တရားလိုပေးပို့သော နို့တစ်စာတရားမဝင်ဟုခုကာကွယ်ယူအုံးသပ်ပြီး တရားလိုစွဲဆိုသော အမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ထို့ကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀ သတ်မှတ်သည်။

၁၉၉၀
ဒေါ်ညွန့်ညွန့်ခင် နှင့် ဒေါ်အိမ်ကြည်

တရားမပြင်ဆင်

တရားရုံးချုပ်၊ တရားသူကြီး ဦးခ

ဒေါ်တင်ကြည်ပါ(

နှင့်

ဦးစိုးဝင်း*

+ ၁၉၀၀
မေလ
(၁၅)ရက်

**ပစ္စည်းလက်ရောက်ရလိုမှု—တရားလိုဘက်မှ သက်သေထူရမည့်အချက်များ။**

**ဆုံးဖြတ်ချက်။** လက်ရောက်ရလိုမှုတွင် တရားမစွဲမီ ၁၂ နှစ်အတွင်းက အချင်းဖြစ်ပစ္စည်းမှာ တရားလိုလက်ရှိဖြစ်ကြောင်းနှင့် တရားပြိုင်သည်ယင်းပစ္စည်းကို ဆိုင်ရေးဆိုင်ခွင့်မရှိဘဲ သိမ်းပိုက်ထားကြောင်း တရားလိုက သက်သေထူရန်ဖြစ်သည်။

လျှောက်ထားသူများအတွက် —ဦးဝင်းရွှေကြီး၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် —ဦးစန်ရှင်း၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးအောင်ငွေ

ပုသိမ်အနောက်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈/၈၉ တွင် ဦးစိုးဝင်းက ဒေါ်တင်ကြည်နှင့်အတူနေသားသမီးများဖြစ်ကြသော မောင်လှသွင်၊ မစန်းရီ၊ မောင်တင်အုန်း၊ မချို၊ မောင်သာဂဒိုးတို့ အပေါ်ကျူးကျော်နေထိုင်သော အခန်းအားလက်ရောက်ရလိုမှုစွဲဆိုသည်။ အဆိုအချေအရမူလရုံးကအောက်ပါ ပဏာမငြင်းချက်(၃)ရပ်ထုတ်ပေးသည်။

(၁) တရားလိုသည် ဤအမှုကိုဤပုံစံအတိုင်း တရားစွဲဆိုနိုင်သလား —

(၂) တရားလို၏အမှု တန်ဖိုးသတ်မှတ်ချက်မှာ တရားရုံး၏ စီရင်ပိုင်ခွင့်အား ထိခိုက်အောင် လျော့နည်းနေသည်ဆိုတာ မှန်ပါသလား။

(၃) တရားလို၏ စွဲဆိုလွှာမှာ ကာလစည်းကမ်းသတ် ကျော်နေသည်ဆိုတာ မှန်သလား။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၁

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈ တွင် ချမှတ်သော (၂၄-၁၁-၈၉) ရက်စွဲပါပုသိမ်အနောက်မြို့နယ်တရားရုံး၏အမိန့်ကိုမကျေနပ်၍လျှောက်ထားမှု

အထက်ပါ ပဏာမ ငြင်းချက်များအပေါ် နှစ်ဘက်ကြားနာပြီး မူလရုံးက တရားလိုဘက်အသာပေး ဖြေဆိုဆုံးဖြတ်လိုက်သည်။ ယင်းသို့ ဆုံးဖြတ်သည့် မူလရုံး၏ ၂၄-၁၁-၈၉ နေ့စွဲပါ အမိန့်ကို မူလရုံး တရားပြိုင် ဒေါ်တင်ကြည်တို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၉၀
ဒေါ်တင်ကြည်
ပါ (၆)
နှင့်
ဦးစိုးဝင်း

မူလရုံးက ပဏာမငြင်းချက်(၁)နှင့် စပ်လျဉ်း၍ တရားလို ဦးစိုးဝင်းသည် အချင်းဖြစ် မြေနှင့်အိမ်ကို မူလပိုင်ရှင် အငြိမ်းစား ဗိုလ်မှူး စန်းမြင့် နှင့်ဇနီး ဒေါ်သန်းစိန် တို့ထံမှ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ဗိုလ်မှူး စန်းမြင့် ၏ အစ်မ ဒေါ်အေး ကို အခမဲ့ခနေခွင့်ပြုခဲ့ကြောင်း၊ ဒေါ်အေး ကွယ်လွန်ပြီးနောက် တရားပြိုင်များ ကျူးကျော်ဝင်ရောက်နေထိုင်သည် ဆိုကာ မိမိ၏ ပိုင်ရေးဆိုင်ခွင့်ကို အခြေခံစွဲဆိုခြင်းဖြစ်၍ ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုနိုင်ကြောင်း ဆုံးဖြတ်သည်။ ဤအမှုမျိုးမှာ ကာလ စည်းကမ်းသတ် ဥပဒေ ပထမဇယား အပိုဒ် ၁၄၄ နှင့် သက်ဆိုင်သဖြင့် ကာလ စည်းကမ်းသတ် မကျော်လွန်ကြောင်းလည်း ပဏာမ ငြင်းချက် (၃) ကို ဆုံးဖြတ်သည်။

လျှောက်ထားသူတို့၏ ရှေ့နေက မူလရုံးတရားလိုသည် အမှုကို ''ကျူးကျော်နေထိုင်သော အခန်းအား လက်ရောက်ရလိုမှု' ဟုဖော်ပြ စွဲဆိုထားရာ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၈ (သို့မဟုတ်) ပုဒ်မ ၉ ဟု မဖော်ပြဘဲ စွဲဆိုထားခြင်းဖြစ်၍ မရေရာကြောင်း အချင်းဖြစ်တရားလို ဝယ်ယူသော အိမ်ခန်းနှင့် စပ်လျဉ်း၍ အရောင်းစာချုပ်ပယ်ဖျက်ပေးရန် ဒေါ်အေး က သီးခြားအမှု စွဲဆိုထားဆဲရှိရာ တရားလို၏ ပိုင်ရေးဆိုင်ခွင့်ကို ငြင်းဆိုထားသဖြင့် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုရမည့် အမှုမျိုးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။ သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၉ အရ အမှုဖြစ်လျှင် ကာလ စည်းကမ်းသတ် ဥပဒေ ပထမဇယား အပိုဒ် ၃ အရ (၆)လအတွင်း စွဲဆိုရမည်ဖြစ်ရာ အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်းလည်း တင်ပြသည်။

ဥပစာ လက်ရှိဖြစ်သူတစ်ဦးကို တရားပြိုင်က ဥပစာအတွင်း ဝင်ပြီး ဖယ်ရှားပစ်သည့်အခါ လက်ရှိဖြစ်သူ ဥပစာကို လက်လွှတ်သွားလျှင် ထိုသူသည် ဥပစာကို လက်ရောက်ပြန်ရရန်အတွက် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၉ အရ တရားစွဲဆိုခွင့်ရှိသည်။ ဤအမှုမျိုးတွင် အခင်းမဖြစ်မီဥပစာကို တရားလိုလက်ရှိဖြစ်ခြင်းနှင့် တရားပြိုင်က တရားလိုအား ၎င်းသဘောမတူဘဲ သို့တည်းမဟုတ် ဥပဒေနှင့်အညီမဟုတ်ဘဲ တရားလိုအား ဥပစာမှ ဖယ်ရှားပစ်ခြင်းတို့ကို အဓိကအခြေခံသည်။ ပိုင်ရေးဆိုင်ခွင့် ပြဿနာ မပေါ်ပေါက်ချေ။

ဦးချစ်ဖွန်း နှင့် ဒေါ်ငွေသောင်[၁] အမှုနှင့် ဒေါ်အိမ်တင့် နှင့် ဦးစံလှ[၂] အမှုတို့တွင်ကြည့်ပါ။ ဤကဲ့သို့သော မရွှေ့မပြောင်းနိုင်သောပစ္စည်းအပေါ်မှ ကျူးကျော်သူအား နှင်ထုတ်ရန် စွဲဆိုသောအမှုကို ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား၊ အပိုဒ် ၃ အရ တရားလိုသည် အချင်းဖြစ် ဥပစာမှ ဖယ်ရှားခံရသည့်နေ့ (တရားပြိုင် ဥပစာအတွင်း ဝင်ရောက်သည့်နေ့) က စ၍ (၆)လအတွင်း စွဲဆိုရန်ဖြစ်သည်။ ဤကဲ့သို့ သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၉ အရ 'လက်ရှိ'ဖြစ်ခြင်းကိုအခြေခံ၍ စွဲဆိုရသော အမှုမျိုးကိုပင်လျှင် စည်းကမ်းသတ်ကာလ (၆) လအတွင်း စွဲဆိုခြင်းမပြုခဲ့ပါကတရားလိုသည် ပုဒ်မ ၈ အရ 'ပိုင်ရေးဆိုင်ခွင့်' ကို အခြေခံ၍ စွဲဆိုခွင့်ရှိသေးသည်။

ဤအမှုတွင် တရားလို ဦးစိုးဝင်း က အဆိုလွှာအပိုဒ် ၁၊ ၂၊ ၃၊ နှင့် ၄ တို့တွင် အောက်ပါအတိုင်း ဖော်ပြစွဲဆိုထားသည်။

၁။ တရားလိုသည် ပုသိမ်အနောက်မြို့နယ် အုပ်စုအမှတ် (၁၈)၊ အကွက်အမှတ်(၀၄)ဈေးအကွက်၊ ဦးပိုင်အမှတ် (၁၃) ဧရိယာ ၀.၀၉၆ဧကရှိ မြေအနက်မှ ဧရိယာဧကရှိမြေနှင့် မြေပေါ်ရှိ ၅ ပင် ၄ ခန်း အုတ်ကာနှစ်ထပ်တိုက် အောက်ထပ် သံမံတလင်းခင်း၊ အပေါ်ထပ် ပျဉ်ခင်း၊ သွပ်မိုး၊ ၄ ခန်းအနက်မှ မြောက်ဘက်နှစ်ခန်း အပေါ်ထပ် အောက်ထပ်အပါအဝင်တို့နှင့် အကျိုးခံစားခွင့် အားလုံးကို အငြိမ်းစား ဗိုလ်မှူးစန်းမြင့်နှင့် ၎င်း၏ ဇနီး ဒေါ်သန်းစိန်တို့ထံမှ ပုသိမ်မြို့ စာချုပ်စာတမ်း မှတ်ပုံတင် ရုံးတွင် (၂၃–၅–၈၄) နေ့စွဲပါ စာချုပ်အမှတ် ၂၉ အရ တန်ဘိုးငွေ ၅၅၀၀၀/–(ငါးသောင်းငါးထောင်ကျပ်) ဖြင့် ဝယ်ယူပိုင်ဆိုင်လာပါသည်။

၂။ တရားလိုဝယ်ယူသည့် အိမ်ခန်းနှင့် မြေထဲတွင် ယခုအချင်းဖြစ် ၁၆ ပေပတ်လည်ခန်းရှိ အငြိမ်းစား ဗိုလ်မှူးစန်းမြင့်၏ အစ်မအကြီး ဒေါ်ဖွားအေး လက်ရှိနေထိုင်သော အခန်းလည်း ပါဝင်လည်း။
xxx တရားလို ဝယ်ယူသည့် မြေနှင့်အဆောက်အအုံမှာ ပထမထပ် ရှိ ၁၆ ပေ ပတ်လည်ခန်းရှိ ဒေါ်အေး နေထိုင်သည့်အခန်းမှ အပ အားလုံး တရားလို၏ လက်ဝယ်ရရှိပြီး မိသားစု နေထိုင်လျက် ရှိပါသည်။

၃။ အငြိမ်းစားဗိုလ်မှူးစန်းမြင့်၏အစ်မကြီး ဒေါ်အေးမှာ(၁၆–၁၁–၈၇) နေ့တွင် တရားလိုနေထိုင်သည့်အိမ်တောခန်း၌ သေဆုံးသွားပါသည်။

---

၁) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စ၁–၁၄၂။
၂) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ။ စ၁– ၅။

၄။ ဒေါ်အေးသေဆုံးပြီး ရက်မလည်မီ တရားပြိုင်တို့သည် ဒေါ်အေး အခန်းသို့ ဝင်ရောက် ကျူးကျော်နေထိုင်ကြပါသည်။

၁၉၉၀
ဒေါ်တင်ကြည်
ဝါ (၆)
နှင့်
ဦးစိုဝင်း

ထုံ့ပြင် ပြင်ဆင်မှု လျှောက်ထားသူတို့က ၄-၅-၇၉နှင့် ၁၇-၅-၇၉ နေ့စွဲပါစာဖြင့် 'တရားလိုသည် မည်သည့်ဥပဒေ မည်သည့်ပုဒ်မဖြင့် တရားစွဲဆိုပါသလဲ' ဟု ဆိုသော မေးခွန်းကို မေးမြန်းခဲ့ရာ လျှောက်ထားခံရသူ မူလရုံးတရားလိုက ၂၂-၅-၇၉ နေ့စွဲပါစာဖြင့် ပြန်ကြားရာ၌ အောက်ပါ အတိုင်း ဖော်ပြပါရှိသည်—

'၂။ XXX (တရားလို သည် အချင်းဖြစ် အခန်း၏ တရားဝင် ပိုင်ဆိုင်သူဖြစ်၍ တရားပြိုင်တို့က ကျူးကျော်ဝင်ရောက်နေထိုင် သဖြင့် လက်ရောက် ပေးအပ်စေရန် တည်ဆဲ တရားမဥပဒေ အရဆိုလွှာတွင်ဖော်ပြ၍တရားစွဲဆိုခြင်းဖြစ်ကြောင်း)ပြည့်စုံစွာ ဖြေကြားထားပါသည်'

ထို့ကြောင့် တရားလိုဦးစိုးဝင်းစွဲဆိုသော အမှုသည် အချင်းဖြစ် ဥပစာကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ တရားပြိုင်များ ကျူးကျော်နေထိုင်ကြောင်း၊ ပိုင်ဆိုင်ခွင့်ကို အခြေခံပြီး လက်ရောက်ရလိုမှု စွဲဆိုခြင်းဖြစ်ကြောင်း တရားလို၏ အဆိုလွှာအရ ထင်ရှားသည်။ ဤသို့ပိုင်ဆိုင်ခွင့်ကို အခြေခံစွဲဆိုသောအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၈ အရ စွဲဆိုခြင်း ဖြစ်ကြောင်းနှင့် ပုဒ်မ ၉ အရ စွဲဆိုခြင်း မဟုတ်ကြောင်း အငြင်းပွားစရာ မရှိချေ။ ပုဒ်မ ၉ အရ စွဲဆိုခြင်း ဖြစ်သည်ဟု လျှောက်ထားသူတို့၏ ရှေ့နေတင်ပြသည့် အချက်မှာ လက်ခံရန် မဖြစ်နိုင်ပေ။ တရားမ ကျင့်ထုံး ဥပဒေအမိန့်—၇ နည်း ၁ အရ အဆိုလွှာတွင် စွဲဆိုသောအမှုနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ အမှုဖြစ်ကြောင်းခြင်းရာသာ ဖော်ပြရန် အဓိက လိုအပ်သည်။ တရားလို၏အဆိုပါ ဖော်ပြသည့် စွဲဆိုသည့် အမှုဖြစ်ကြောင်းခြင်းရာ နှင့် စပ်လျဉ်းပြီး ဥပဒေကြောင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို တရားရုံးအနေဖြင့် စပ်ဟပ်ဆုံးဖြတ်ရန် ဖြစ်သည်။ ဤသဘောတရားကို **ကော်နတ်တီကတ်မ်း အာမခံကုမ္ပဏီ နှင့် ကဘာနှာ** [1] အမှုနှင့် **ဘစ်ရှိဝါနတ်(သ်)ရေနှင့် ကာရှိနတ်သ်ရေ** [2] အမှုတို့ကို ကိုးကား၍ **ဒေါ်ကျော့ နှင့် ဒေါ်မြခင်** [3] အမှုတွင် ပြဆိုထားသည်။

---

(၁) ၁၈၉၂၊ အေစီ ၄၇၃၊ စာ-၄၃၀။
(၂) ၁၉၄၇ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၄၄၉။
(၃) ဗဟိုတရားရုံး ၁၉၇၆ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၇၉

၁၉၉၀
ဒေါ်တင်ကြည်
ပါ(၂)
နှင့်
ဦးစိုးဝင်း

လက်ရှိပိုင်ဆိုင်မှုကို အခြေပြုစွဲဆိုသော အမှုတွင် အခင်းဖြစ် ဥပစာကို အနည်းဆုံး ၁၂ နှစ်ကြာ လက်ရှိထားခဲ့ကြောင်း တရားလိုက သက်သေထူရန်မလိုချေ။ **မောင်မြသန်း**[၁] နှင့် **ဦးထွန်းတင်**[၃] အမှုတွင်ကြည့်ပါ။ လက်ရောက်ရလိုမှုတွင် တရားမစွဲမီ ၁၂ နှစ်အတွင်းက အချင်းဖြစ်ပစ္စည်းမှာ တရားလိုလက်ရှိ ဖြစ်ကြောင်းနှင့် တရားပြိုင်သည် ယင်းပစ္စည်းကို ဆိုင်ရေးဆိုင်ခွင့်မရှိဘဲ သိမ်းပိုက်ထားကြောင်း တရားလိုက သက်သေထူရန် ဖြစ်သည်။ **အဒမ်မီးယားရား နှင့် အီဆွတ်**[၂] အမှုတွင် ကြည့်ပါ။ တရားလို၏ အဆိုလွှာအရ တရားလိုပိုင်အခန်းတွင် ဒေါ်အေး နေထိုင်လျက် ရှိပြီး ဒေါ်အေး ၁၆-၁၁-၈၇ နေ့တွင် သေဆုံးသွားရာ တရားပြိုင်တို့၏ အိမ်ခန်းတွင်း ဝင်ရောက်ကျူးကျော်နေထိုင်ကြသဖြင့် တရားစွဲဆိုရကြောင်း ပေါ်ပေါက်သည်။ အမှုကို ၇-၄-၈၉နေ့တွင်စွဲဆိုခဲ့ခြင်းကြောင့် ကာလစည်းကမ်းသတ် ဥပဒေပထမဇယား၊ အမှတ်စဉ် ၁၄၄အရ (၁၂)နှစ်အတွင်း စွဲဆိုခြင်းဖြစ်၍ တရားလိုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် မကျော်ဟု မူလရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ ၄၂ အရ တရားလို၏ ပိုင်ဆိုင်မှုကို တရားပြိုင်များက ဆန့်ကျင်အရေးဆိုနေပါက တရားလိုသည် ဥပဒေအရ မိမိ၏ပစ္စည်းနှင့် စပ်လျဉ်းသော ပိုင်ဆိုင်ခွင့်ကို တရားရုံးကမြွက်ဟကြေညာပေးရန်စွဲဆိုရန်ဖြစ်သည်။ တရားလိုသည် ပစ္စည်းပိုင်ရှင်ဖြစ်၍ လက်ရောက်ရထိုက်ကြောင်း ထင်ရှားပြနိုင်လျှင် လက်ရောက်ရလိုမှုစွဲဆိုနိုင်သည်။ ပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေညာပေးရန်ပါ စွဲဆိုရန်မလိုချေ။ **မချို နှင့် သခင်အန္နကြီး**[၃] အမှုတွင် ယင်းသဘောတရားကို ပြဆိုထားခြင်း ဖြစ်သည်။ ဤအမှုတွင် တရားလိုဦးစိုးဝင်းက သူဝယ်ယူပိုင်ဆိုင်သော ပိုင်ရှင်အဖြစ် ဥပစာပေါ်သို့ တရားပြိုင်ဒေါ်တင်ကြည်တို့ ကျူးကျော်နေထိုင်သည်ဆိုကာ သူ၏ ပိုင်ရေးပိုင်ခွင့်ကို အခြေခံစွဲဆိုခြင်းဖြစ်သည်။ ဒေါ်တင်ကြည်တို့က အချင်းဖြစ် ဥပစာကို သူတို့လည်း ပိုင်ဆိုင်သည်ဟု အရေးဆိုလာခြင်းကြောင့် စွဲဆိုခြင်းမဟုတ်ချေ။

အထက်ပါ အကြောင်းများကြောင့် တရားလိုသည် အမှုကို သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုရမည်ဆိုခြင်းနှင့် တရားလိုစွဲဆိုသော အမှု ကာလစည်းကမ်းသတ် ကျော်လွန်နေပြီ ဆိုသော လျှောက်ထားသူတို့၏ ရှေ့နေတင်ပြသည့် အချက်များမှာ လက်ခံစရာ အကြောင်း မရှိချေ။

---

(၁) ၁၉၆၃ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၇၀၇။
(၂) ၁၉၄၇ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၄၁၁။
(၃) ၁၉၄၇ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၄၃၁။

၁၉၉၀ ဒေါ်တင်ကြည် ပါ(၂) နှင့် ဦးစိုးဝင်း

အမှုတန်ဖိုးနှင့် စပ်လျဉ်း၍လည်း အချင်းဖြစ်အိမ်ခန်းမှာ ၁၆ပေပတ်လည် အခန်းသာဖြစ်ပြီး ဥပစာနေအိမ်၏ အနောက်ဘက်အပေါ်ထပ် ဖြစ်ကြောင်း အငြင်းမပွားပေ။ မူလရုံးတရားလိုက ခန့်မှန်းတန်ဖိုး ၃၅၀၀ိ ထား၍ ကျသင့်သော တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ထားသည်။ ယင်းအပေါ် မူလရုံးက အိမ်ခန်းအခြေအနေ အရပ်ရပ်ကို ထောက်ရှု ဆင်ခြင်သုံးသပ်ပြီး တန်ဖိုး ၇၀၀၀ိ တိုးမြှင့်သတ်မှတ်သဖြင့် လိုအပ်နေသော ရုံးခွန်ကို တရားလိုက ထပ်မံထမ်းဆောင်ပြီး ဖြစ်ကြောင်း တွေ့ရသည်။ထို့ကြောင့် ပဏာမငြင်းချက် (၂) နှင့် စပ်လျဉ်း၍လည်း မူလရုံး၏ ဆောင်ရွက်ချက်အပေါ်-စွက်ဖက်စဉ်းစားစရာ မပေါ်ပေါက်ချေ။

အထက်ပါ အကြောင်းများကြောင့် မူလ ရုံးအမိန့်ကို အတည်ပြု၍ ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၅၀/သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး  တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့်ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်းတို့ရှေ့တွင်

+ ၁၉၉၀
နိုဝင်ဘာလ
၁၉ ရက်

ဒေါ်တင်ကြည်

နှင့်

ဦးစန်းမြင့်ပါ (၂)*

**အယူခံဝင်ခွင့်—တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆—မည်သူက မည်သည့်အခါ အယူခံဝင်ခွင့်ရှိခြင်း။**

ဒေါ်အေးနှင့် ဦးစန်းမြင့်တို့သည် မောင်နှမအရင်းများဖြစ်ကြသည်။ ဒေါ်အေးသည် ရန်ကုန်မြို့သို့လာရောက်၍ ဆေးကုသမှု ခံယူခိုက်တွင် ဦးစန်းမြင့်တို့က ဆေးကုသရန်အတွက် လက်မှတ်ရေးထိုးရမည်ဟု ပြောဆိုသဖြင့် စာရွက်များတွင် အကြိမ်ကြိမ် လက်မှတ်ရေးထိုးခဲ့ရကြောင်း၊ နောက်ပိုင်းတွင် ပုသိမ်မြို့ရှိ မိမိပိုင် တိုက်နှင့် မြေကို ဦးစန်းမြင့်တို့အား အပေးစာချုပ် ချုပ်ဆိုထားသည်ကို သိရှိလာရကြောင်း စသည်ဖြင့် အဆိုပြုကာ ယင်းမှတ်ပုံတင် အပေးစာချုပ်မှာ တရားမဝင်ကြောင်းနှင့်စာချုပ်ပါ ပစ္စည်းများကို မိမိပိုင်ကြောင်း မြွက်ဟ ကြေညာပေးစေရန် ဒေါ်အေးက ဦးစန်းမြင့်နှင့် ဒေါ်သန်းစိန်အပေါ် ဧရာဝတီတိုင်း တရားရုံးတွင် တရားစွဲဆိုသည်။ အမှုဆိုင်နေစဉ်အတွင်း ဒေါ်အေး ကွယ်လွန်သွားသဖြင့် အယူခံတရားလို ဒေါ်တင်ကြည်က မိမိသည် ကွယ်လွန်သူ ဒေါ်အေး၏ ကိတ္တိမသမီးဖြစ်သည်ဟုအကြောင်းပြကာ အမှုတွင်တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်ပြီး ဒေါ်အေး စွဲဆိုသောအမှုကို ပိတ်လိုက်သည်။ ဒေါ်တင်ကြည်က မိမိတရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုရန် ငြင်းပယ်သော တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားရာ တရားရုံးချုပ်က ဒေါ်အေး စွဲဆိုသောအမှုကို ပိတ်လိုက်သည့် တိုင်းတရား

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထူး အယူခံမှု အမှတ် ၃

\+ ၁၉၈၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၂ တွင် ချမှတ်သော (၁၄-၁၁-၈၈) ရက်စွဲပါ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်မှ အထူးအယူခံမှု

ရုံး၏ အမိန့်သည် ဒီကရီဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်၍ ပြင်ဆင်မှု လျှောက်ထားခွင့် မရှိကြောင်း သုံးသပ်ခါ လျှောက်လွှာကို ပလပ်လိုက်သည်။

**ဆုံးဖြတ်ချက်။** အမှုသည် တစ်ဦးထံမှ ဆိုင်ရေးဆိုင်ခွင့်ရရှိသူသည် အထက်ပါ ပြဋ္ဌာန်းချက်များအရ မိမိအား အကျိုးအကျယ်သိခိုက်စေသည့် ဒီကရီကို အယူခံဝင်ခွင့်ရှိသည်။ သို့ဖြစ်၍ ကွယ်လွန်သူ အမှုသည်၏ တရားဝင်ကိုယ်စားလှယ်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆ ပါ ပြဋ္ဌာန်းချက်များအရ မိမိအား အကျိုးအကျယ် ထိခိုက်နစ်နာစေသည့် ဒီကရီကို အယူခံဝင်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ဤအမှုတွင် ဒေါ်တင်ကြည်သည် ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ် မဟုတ်ဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ထားသည်။ တိုင်းတရားရုံး၏ ၂၆-၂-၁၁ ရက်စွဲပါ အမိန့်အတည်ဖြစ်နေသေးသ၍ ကာလပတ်လုံး ဒေါ်တင်ကြည် အနေဖြင့်ဒေါ်အေး စွဲဆိုခဲ့သောအမှုအားတိုင်းတရားရုံးက ပိတ်လိုက်သောအမိန့်ကို အယူခံဝင်ခွင့်မရှိနိုင်ချေ။ ဒေါ်တင်ကြည် အနေဖြင့် ဒေါ်အေး၏ ကိတ္တိမသမီး မဟုတ်ဟူသော တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်စေပြီး အမှုတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ဝင်ခွင့်ရရှိမှသာ အယူခံဝင်ခြင်း အပါအဝင် ကိစ္စအဝဝကို ဆောင်ရွက်ခွင့် ရရှိပေလိမ့်မည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက ဒေါ်အေး စွဲဆိုသောအမှုကို ပိတ်သည့်အပြီးသတ် အမိန့်ကို အယူခံဝင်ရန်ဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူဆုံးဖြတ်ခြင်းသည် ဤအမှုတွင်ပေါ်ပေါက်သော ထူးခြားချက်များအရ မှားယွင်းပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးဝင်းရွှေကြီး(ပုသိမ်) တရားရုံးချုပ် ရှေ့နေ၊ |
| အယူခံတရားပြိုင်များအတွက် | — | ဦးစန်ရှင်း၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေး အကြံပေး | — | ဦးမြ |

ပုသိမ်မြို့နေ ဒေါ်အေးနှင့် ရန်ကုန်မြို့နေ ဦးစန်းမြင့်တို့သည် မောင်နှမ အရင်းများဖြစ်ကြသည်။ ဒေါ်အေးသည် ရန်ကုန်မြို့သို့ လာရောက်၍ ဆေးကုသမှု ခံယူခိုက်တွင်ဦးစန်းမြင့်တို့က ဆေးကုသရန်အတွက် လက်မှတ် ရေးထိုးရမည်ဟု ပြောဆိုသဖြင့် စာရွက်များတွင် အကြိမ်ကြိမ် လက်မှတ် ရေးထိုးခဲ့ရကြောင်း၊ နောက်ပိုင်းတွင် ပုသိမ်မြို့ရှိ မိမိပိုင် တိုက်နှင့်မြေကို ဦးစန်းမြင့်တို့အား အပေးစာချုပ် ချုပ်ဆိုသားသည်ကိုသိရှိရကြောင်း စသည်ဖြင့် အဆိုပြုကာ ယင်းမှတ်ပုံတင်အပေးစာချုပ်မှာ တရားမဝင်

၁၉၉၀
ဒေါ်တင်ကြည်
နှင့်
ဦးစန်းမြင့်
ပါ(၂)

ကြောင်းနှင့် စာချုပ်ပါ ပစ္စည်းများကို မိမိပိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် ဒေါ်အေးက ဦးစန်းမြင့်တို့အပေါ် ရောဝတီတိုင်း တရားရုံး ၁၉၈၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၀ (ပုသိမ်အနောက်) တွင် တရားစွဲဆိုသည်။ အမှုဆိုင်နေစဉ်အတွင်း ဒေါ်အေး ကွယ်လွန်သွားသဖြင့် အယူခံတရားလို ဒေါ်တင်ကြည်က မိမိသည် ကွယ်လွန်သူ ဒေါ်အေး၏ ကိတ္တိမသမီးဖြစ်သည်ဟု အကြောင်းပြကာ အမှုတွင် တရားဝင် ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်ပြီး ဒေါ်အေး စွဲဆိုသောအမှုကို ပိတ်လိုက်သည်။ ဒေါ်တင်ကြည်က မိမိအား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုရန် ငြင်းပယ်သော တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်ပေးရန် ၁၉၈၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၂ တွင် လျှောက်ထားရာ တရားရုံးချုပ်က ဒေါ်အေး စွဲဆိုသောအမှုကို ပိတ်လိုက်သည့်အမိန့်သည် ဒီကရီဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်၍ ပြင်ဆင်မှုလျှောက်ထားခွင့် မရှိကြောင်း သုံးသပ်ကာ လျှောက်လွှာကို ပလပ်လိုက်သည်။

ဒေါ်တင်ကြည်က တရားရုံးချုပ်၏ အမိန့်ကို ပြန်လည် စစ်ဆေးစီရင်ပေးရန် ၁၉၈၉ ပြည့်နှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၂၇ တွင် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါ ပြဿနာကို စဉ်းစားနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုလိုက်သည်–

'ရောဝတီတိုင်း တရားရုံး၏ ၂၆-၂-၈၈ နေ့စွဲပါ အမိန့်များကို ဒေါ်တင်ကြည်သည် အယူခံဝင်ရောက်ခွင့် ရှိပါသလား သို့မဟုတ် ပြင်ဆင်မှုသာ တက်ခွင့်ရှိပါသလား'

တိုင်းတရားရုံးသည် ၂၆-၂-၈၈ ရက်စွဲပါ အမိန့်အရ တရားဝင် ကိုယ်စားလှယ် ထည့်သွင်းခွင့်ပြုရန် ဒေါ်တင်ကြည်၏ လျှောက်ထားချက်ကို ပလပ်ရာ၌ ဒေါ်တင်ကြည်သည် ကွယ်လွန်သူ ဒေါ်အေး၏ ကိတ္တိမသမီးမဟုတ်ဟု သုံးသပ်ပြီးနောက် အောက်ပါအတိုင်း အမိန့်ချမှတ်သည်–

'ထို့ကြောင့် ဒေါ်တင်ကြည်၏ ကိတ္တိမသမီးဖြစ်ကြောင်း အခိုင်ပြုပြီး တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်း ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားချက်ကို လက်မခံနိုင်၍ စရိတ်နှင့်တကွ ပယ်ရန် ဆုံးဖြတ်လိုက်သည်'

တိုင်းတရားရုံး၏ ၂၆-၂-၈၈ ရက်စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်တွင် 'ဤတရားမကြီးမှုကိုပိတ်ပါ၊ ဒီကရီရေးဆွဲရန် တရားမဌာနသို့ ပို့ပါ'ဟု အမိန့်ချမှတ်ထားသည်ကိုလည်း တွေ့ရသည်။

အယူခံတရားလို၏ ရှေ့နေက တိုင်းတရားရုံးသည် အမှုကိုပိတ်ခွင့် မရှိကြောင်း တင်ပြလျှောက်ထားသည်။

တရားလို ဒေါ်အေးသည် ၁၆-၁၁-၈၇ နေ့တွင် ကွယ်လွန်သွားရာ ၂၆-၂-၈၈ နေ့တွင် ဒေါ်တင်ကြည်၏ လျှောက်လွှာကို ပလပ်လိုက်သဖြင့် အမှုတွင် တရားဝင် ကိုယ်စားလှယ်ကို တရားလိုကွယ်လွန်ပြီးနောက် ရက် ၉၀ အတွင်း ထည့်သွင်းထားခြင်း မရှိသည့်အလျောက် ဒေါ်အေး စွဲဆိုသော အမှုမှာ ရပ်စဲသွားမည်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၃ အရ ယင်းသို့ ရပ်စဲကြောင်း အမိန့်ချမှတ်ရန် မလိုချေ။ ဤအခြေအနေတွင် တိုင်းတရားရုံးသည် အမှုကိုပိတ်လိုက်ရန်သာ ရှိပေတော့သည်။ အမှန်စင်စစ်မူ ရပ်စဲကြောင်း မှတ်တမ်းတင်၍ အမှုကို ပလပ်ပစ်ရန်ဖြစ်သည်။ အမှုကိုပလပ်ပစ်ရာရောက်သော တိုင်းတရားရုံး၏ နေ့စဉ်မှတ်တမ်း အမိန့်သည် တရားရုံးချုပ်က ကိုးကားသော စီရင်ထုံးအရ ဒီကရီဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ဒေါ်တင်ကြည်၏ လျှောက်လွှာကိုပလပ်သော တိုင်းတရားရုံး၏ အမိန့်ကို အယူခံဝင်ရန်ဖြစ်သလား၊ သို့တည်းမဟုတ် ပြင်ဆင်မှုလျှောက်ထားရန် ဖြစ်သလား ဟူသော ပြဿနာနှင့်စပ်လျဉ်း၍ အဖြေမှန်ကို သိရှိရန် ရှေ့နေကြီးများနှင့် တိုင်ပင်၍ပြင်ဆင်မှု တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်မှု တက်ရောက်ခွင့်ပြုသည့် စီရင်ထုံးများရှိကြောင်း သာဓက တစ်ရပ်အနေဖြင့် **ဒေါက်တာမိုးဇော်** နှင့် **ဒေါက်တာမျိုးသန်း** [1] စီရင်ထုံးကို ကိုးကားလိုပါကြောင်းစသည်ဖြင့် တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အယူခံတရားလို တင်သွင်းသော ပြင်ဆင်မှု လျှောက်လွှာတွင်သက်သာခွင့် တောင်းဆိုရာ၌ 'ရာဇဝတီတိုင်းရုံးတော်၏ တရားမကြီးမှု အမှတ် ၄၀/၈၅ ကို ခေါ်ယူလျက် ၂၆-၂-၈၈ နေ့က ချမှတ်ထားသည့် အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ကာ လျှောက်ထားသူအား ကွယ်လွန်သူ ဒေါ်အေး၏ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဟူ၍ ဖော်ပြထားရာ ဒီကရီကို အယူခံဝင်ရန်ဖြစ်ပါလျက် ပြင်ဆင်မှုတင်သွင်းခြင်းမှာ မှားယွင်းကြောင်း၊ အယူခံတရားလို၏ ရှေ့နေ ကိုးကားသော စီရင်ထုံးများတွင် အမှုကိုပိတ်ခဲ့ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ ဤအမှုဖြစ်ရပ်နှင့် ကွဲလွဲကြောင်း ဖြေကြားလျှောက်ထားသည်။

အယူခံတရားလို၏ ရှေ့နေက အမှုပိတ်လိုက်ခြင်းမှာ ဒေါ်တင်ကြည်နှင့် ခဆိုင်ကြောင်း၊ အမှုပိတ်သည့် အမိန့်ကို ဒေါ်တင်ကြည်အနေဖြင့် အယူခံ

(၁) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၄၈

၁၉၉၀ / ဒေါ်တင်ကြည် နှင့် ဦးစန်းမြင့် ပ၊(၂)

ဝင်ခွင့်မရှိကြောင်း၊ တရားဝင် ကိုယ်စားလှယ်အဖြစ် တင်သွင်းရန်လျှောက်လွှာကို ပြင်ဆင်မှုတင်သွင်းခွင့် မရှိဟု တရားရုံးချုပ်က ဆုံးဖြတ်လိုက်ခြင်းကြောင့် ဒေါ်တင်ကြည်မှာ အကြီးအကျယ် ထိခိုက်နစ်နာရကြောင်း၊ အမှုပိတ်သည့် အမိန့်မှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၄ တွင် အကျုံးမဝင်ကြောင်း၊ ဒီကရီရှိပါလျက် ဒေါ်တင်ကြည်အနေဖြင့် အယူခံမဝင်နိုင်သည့်အတွက် အခက်အခဲကြုံတွေ့နေရပါကြောင်း စသည်ဖြင့် ပြန်ကြားလျှောက်ထားသည်။

ဒေါက်တာ မိုးဇော်နှင့် အခြားအမှုများတွင် အမှုကိုပိတ်လိုက်ခြင်းမရှိ၍ တရားဝင် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ခွင့်မရှိသည့် ကိစ္စကို ပြင်ဆင်မှုတွင် အရေးဆိုနိုင်ခြင်းဖြစ်သည်။ ထို့ပြင် ယင်းအမှုများတွင် ပေါ်ပေါက်သောဖြစ်ရပ်သည် ဤအမှုနှင့် မတူချေ။

အယူခံတရားလိုသည် တရားရုံးချုပ် ၁၉၈၈ ခုနှစ် တရားမ ပြင်ဆင်မှုအမှတ် ၁၇၂ ၌ ပြင်ဆင်မှုလျှောက်ထားရာတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခြင်းမပြုသည့် တိုင်းတရားရုံး၏ အမိန့်မိတ္တူကို ပြင်ဆင်လျှောက်လွှာနှင့်အတူ တင်ပြခဲ့သော်လည်း အမှုပိတ်သည့် အမိန့်မိတ္တူကို တင်သွင်းခဲ့ခြင်းမရှိချေ။ သို့ရာတွင် ထိုအမိန့်အပေါ် အခြေခံ၍ ရေးဆွဲထားသော **မူလအမှုတွင်ဒီကရီ** ဟူသည့် ဒီကရီမိတ္တူကို တင်သွင်းထားကြောင်း တွေ့ရသည်။ အမှန်ဆိုသော် လျှောက်လွှာကို ပလပ်သည့်အမိန့်သည် ဒီကရီမဟုတ်သဖြင့် ဒီကရီရေးဆွဲရန် မဟုတ်ချေ။ **ထုံးပုံကျ အမိန့်သာ** ရေးဆွဲရန်ဖြစ်သည်။ တိုင်းတရားရုံးက ဒီကရီဟု မှားယွင်း ဖော်ပြခြင်းကြောင့် သက်သာခွင့်တောင်းဆိုရာ၌ ဒီကရီကို ပယ်ဖျက်ပေးရန် မှားယွင်းလျှောက်ထားမိခဲ့ခြင်းသာ ဖြစ်သည်။ ပြင်ဆင်မှုလျှောက်လွှာပါ အကြောင်းပြချက်များကို ခြုံ၍ဖတ်ကြည့်ပါက အမှုကိုပိတ်သည့်အမိန့်ကို အယူခံဝင်ရောက်ခြင်း မဟုတ်ကြောင်း တွေ့မြင်နိုင်သည်။ တိုင်းတရားရုံးက ဒီကရီမှားယွင်းရေးဆွဲမိရုံ ဖြင့်အယူခံဝင်ခွင့်မရသည့်အမိန့်ကို အယူခံဝင်နိုင်မည်မဟုတ်ချေ။ သို့ဖြစ်၍ အယူခံတရားမြိုင်၏ရှေ့နေ တင်ပြချက်ကို လက်ခံရန်အကြောင်းမရှိချေ။

ရောဝတီတိုင်း တရားရုံးသည် ၂၆-၂-၈၈နေ့တွင် ဒေါ်တင်ကြည်၏ လျှောက်လွှာကို ပလပ်သောအမိန့်နှင့်အမှုကို ပိတ်သိမ်းစေရန် ချမှတ်သောအမိန့်ဟူ၍ အမိန့်နှစ်ရပ်ချမှတ်ခဲ့သည်။ ပထမအမိန့်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂(၂) တွင် အကျုံးဝင်သော ဒီကရီ မဟုတ်ချေ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄(၁)နှင့် အမိန့် ၄၃၊နည်း ၁ တွင် ဖော်ပြထားသောအယူခံဝင်ခွင့်ရှိသည့် အမိန့်များတွင်လည်း အကျုံးမဝင်ချေ။ သို့ဖြစ်၍ ဒေါ်တင်ကြည်က အမှုတွင်တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်း

ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို ပလပ်လိုက်သော တိုင်းတရားရုံး၏ အမိန့်ကိုအယူခံဝင်ခွင့်မရှိချေ။ ရမ်ဆရပ် နှင့် မိုတီရမ်[၂] စီရင်ထုံးကို ကြည့်ပါ။ သို့ဖြစ်၍ ဒေါ်တင်ကြည်က တရားဝင် ကိုယ်စားလှယ် အဖြစ် လျှောက်ထားချက်ကို ပလပ်သော တိုင်းတရားရုံး၏ အမိန့်ကို တရားရုံးချုပ်တွင် ပြင်ဆင်မှုသာ လျှောက်ထားနိုင်သည်။

၁၉၆၀
ဒေါ်တင်ကြည်
နှင့်
ဦးစန်းမြင့်
ပ (၂)

တိုင်းတရားရုံးက ချမှတ်သော ဒုတိယအမိန့်သည် ဒီကရီဖြစ်၍ အယူခံဝင်ရမည့် ဆုံးဖြတ်ချက် ဖြစ်ကြောင်း အထက်တွင်ရှင်းပြပြီး ဖြစ်သည်။ ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်ပြီး နောက်အမှုကို အပြီးသတ် ဆုံးဖြတ်လိုက်လျှင် ယေဘုယျအားဖြင့် အပြီးသတ်ဆုံးဖြတ်ချက်ကိုသာ အယူခံဝင်နိုင်မည် ဖြစ်သည်။ ထိုသို့အယူခံဝင်ရာတွင် ကြားဖြတ်အမိန့်နှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅(၁)တွင် ခွင့်ပြုထားသည့် အတိုင်း အကြောင်းပြချက်တစ်ရပ်အဖြစ် တင်ပြလျှောက်ထားခွင့်ရှိသည်။ ဤကား ယေဘုယျ ဥပဒေသ ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆တွင်ဖြစ်စေ၊ ပုဒ်မ ၁၀၀ တွင် ဖြစ်စေ၊ မည်သူက အယူခံဝင်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိချေ။ အမှုရှုံးသူ အမှုသည်က အယူခံဝင်နိုင်သည်မှာ မြင်သာသောအချက် ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"Save as otherwise provided by this Code or by any law for the time being in force, where any proceeding may be taken or application made by or against any preson, then the proceeding may be taken or the application may be made by or against any person claiming under him."

အမှုသည်တစ်ဦးထံမှ ဆိုင်ရေးဆိုင်ခွင့် ရရှိသူသည် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ မိမိအားအကြိုးအကျယ် ထိခိုက်စေသည့် ဒီကရီကို အယူခံဝင်ခွင့်ရှိသည်။ သို့ဖြစ်၍ ကွယ်လွန်သူအမှုသည်၏ တရားဝင် ကိုယ်စားလှယ်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ပါ ပြဋ္ဌာန်းချက်များအရ မိမိအား အကြိုးအကျယ် ထိခိုက်နစ်နာစေသည့် ဒီကရီကို အယူခံဝင်နိုင်သည်။

---

(၂) အေအိုင်အာ ၁၉၂၁ လခ ဟိုး၊ ဂ၊

၁၉၉၀
ဒေါ်တင်ကြည် နှင့် ဦးစန်းမြင့် ပါ(၂)

ဤအမှုတွင် ဒေါ်တင်ကြည်သည် ကွယ်လွန်သူ၏ တရားဝင် ကိုယ်စားလှယ်မဟုတ်ဟု တိုင်းတရားရုံးက ကောက်ယူ ဆုံးဖြတ်ထားသည်။ တိုင်းတရားရုံး၏ ၂၆-၂-၈၈ ရက်စွဲပါ အမိန့်အဘည် ဖြစ်နေသေးသ၍ ကာလပတ်လုံး ဒေါ်တင်ကြည်အနေဖြင့် ဒေါ်အေးစွဲဆိုခဲ့သော အမှုအား တိုင်းတရားရုံးက ပိတ်လိုက်သောအမိန့်ကို အယူခံဝင်ခွင့် မရှိနိုင်ပေ။ ဒေါ်တင်ကြည်အနေဖြင့် ဒေါ်အေး၏ ကိုယ်စားလှယ်မဟုတ်ဟူသော တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်စေပြီး အမှုတွင်တရားဝင် ကိုယ်စားလှယ် အဖြစ်ဝင်ခွင့်ရရှိမှသာ အယူခံဝင်ခြင်း အပါအဝင် ကိစ္စအဝဝကို ဆောင်ရွက်ခွင့်ရရှိပေလိမ့်မည်။ သို့ဖြစ်ရာ တိုင်းတရားရုံးက ဒေါ်အေးစွဲဆိုသော အမှုကို ပိတ်သည့် အပြီးသတ်အမိန့်ကို အယူခံဝင်ရန် ဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူ ဆုံးဖြတ်ခြင်းသည် ဤအမှုတွင် ပေါ်ပေါက်သော ထူးခြားချက်များအရ မှားယွင်းပေသည်။

ထို့ကြောင့် ဤအခွင့်ထူးအယူခံကိုခွင့်ပြုပြီး ဤရုံး ၁၉၈၈ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၂ တွင် ချမှတ်ခဲ့သည့် ၁၄-၁၁-၈၈ရက်စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တရားရုံးချုပ်သည် ဒေါ်တင်ကြည် တင်ပြသည့်အတိုင်း တရားဝင် ကိုယ်စားလှယ်အဖြစ် ဒေါ်အေး၏နေရာတွင် ထည့်သွင်းသင့် မသင့်ကို အထောက်အထားများအရ အဆုံးအဖြတ် ပြုရန် ညွှန်ကြားလိုက်သည်။ ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို နှစ်ဘက်အမှုသည်များက မိမိတို့ကိုယ်တိုင် ကျခံကြစေ။

**တရားမအထွေထွေအယူခံမှု**

တရားရုံးချုပ်၊တရားသူကြီး ဦးအေးအုန်းရှေ့တွင်

ဦးတင်မြင့်

နှင့်

ဦးလင်ကျန်ဟင်း*(၎င်း၏ကိုယ်စားလှယ် ဒေါ်မျိုးမျိုးသူ)

၁၉၉၀ ဧပြီလ ၁၃ ရက်

**ရုံးခွန်အက်ဥပဒေ ဇယား ၂၊ အပိုဒ် ၁၁–တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၄ အရ လျော်ကြေးထားမှုတွင် ချမှတ်သောအမိန့်ကို အယူခံရာတွင် ရုံးခွန်အက်ဥပဒေ ဇယား ၂၊ အပိုဒ် ၁၁ အရ မဟုတ်ဘဲ တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အရ လျော်ကြေးထားမှုတွင် ချမှတ်သောအမိန့်ကို အယူခံဝင်ရာတွင် တင်သွင်းသော အယူခံလွှာ အတွက် ရုံးခွန်ကို ဇယား ၂၊ အပိုဒ် ၁၁ အရ ထမ်းဆောင် လျှင် လုံလောက်မည် မဟုတ်ပေ။ ယင်းပြဿနာနှင့်စပ်လျဉ်း၍ တန်ဖိုးအလျောက် ရုံးခွန် ထမ်းဆောင်ရမည်ဖြစ်သည်။

**မောင်လှမောင် နှင့် မနှင်းဒေါက် အမှု[+] နှင့် မထွေး နှင့် အခြားသူများ နှင့် ဦးတိုက်** [၁] အမှုတို့ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက် — ဦးစောဟန်၊တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — မရှိပါ

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း

အယူခံတရားလိုဦးတင်မြင့်မှ အယူခံတရားပြိုင် ဦးလင်ကျန်ဟင်း အပေါ် ၁၉၆၀ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁) [(ဂ)နှင့်(စ)အရ လမ်းမတော်မြို့နယ်တရားရုံး တရားမကြီးမှု အမှတ်၃/၈၇

---

* ၁၉၉၀ပြည့်နှစ်၊တရားမအထွေထွေ အယူခံမှုအမှတ် ၁၈

\+ ၁၉၈၉ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၂၈ တွင် ချမှတ်သော(၁၂-၁-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကိုအယူခံမှု

(၁) ရန်ကုန် အတွဲ ၈ စာ ၂၄၁

(၂) ၁၉၃၈ခုနှစ်၊ရန်ကုန်စီရင်ထုံးများ စာ ၆၃၅

၁၉၉၀
ဦးတင်မြင့် နှင့် ဦးလင်ကျန်ဟင်း (၎င်း၏ကိုယ်စားလှယ် ဒေါ်မျိုးမျိုးသူ)

တွင်စွဲဆိုရာ ၁၁-၈-၇၉ နေ့၌ အနိုင်ဒီကရီ ရရှိသည်။ ဦးလင်ကျန်ဟင်းက ထိုဒီကရီကို ရန်ကုန်တိုင်းတရားရုံးတရားမပထမအယူခံမှုအမှတ် ၁၉၂/၇၉ တွင် အယူခံဝင်သည်။ အဆိုပါအယူခံမှုကို ဆုံးဖြတ်ခြင်းမပြုမီ ဦးတင်မြင့်က မူလရုံးတွင် ဇာရီမှုအမှတ် ၉၄/၇၉ (၈) ဖွင့်၍ အတည်ပြုရာ အချင်းဖြစ်ဥပစာကို လက်ရောက်ရရှိခဲ့သည်။ အထက်ပါ ရန်ကုန်တိုင်း တရားရုံး တရားမ ပထမ အယူခံမှုအမှတ် ၁၉၂/၇၉တွင် မူလတရားရုံး၏ ဒီကရီကို ၁၂-၁၂-၇၉ နေ့၌ ပယ်ဖျက်ခဲ့သည်။

ထိုအခါ ဦးလင်ကျန်ဟင်းက မိမိလက်လွှတ်ခဲ့ရသော အချင်းဖြစ်ဥပစာတွင်မိုနေမြဲကျားနေမြဲ ပြန်လည်နေထိုင်ခွင့်ရရန်တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရ ရန်ကုန်တိုင်းတရားရုံး အမှတ် (၃၃) သို့လျှောက်ထားရာ တရားမ အထွေထွေမှု အမှတ် ၂၀/၇၉ ဖွင့်လှစ်သည်။ ၎င်းနောက် ဦးလင်ကျန်ဟင်း (အခွင့်ရ ကိုယ်စားလှယ်စာရသူ မမျိုးမျိုးသူ) ၏ လျှောက်ထားသည့်အတိုင်း ဇာရီမပြုလုပ်မီ အခြေအနေအတိုင်း မိုနေမြဲ ကျားနေမြဲ ပြန်ထားပေးရန် ၁၂-၁-၉၀ နေ့၌ အမိန့်ချသည်။

ဦးတင်မြင့်က ထိုအမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

ဦးတင်မြင့်အနေဖြင့် ဤအယူခံမှု၌ ရုံးခွန်ထမ်းဆောင်မှုသည် မဖွေး နှင့် ဦးတုတ် အမှု နှင့်အညီ ရုံးခွန်ထမ်းဆောင်ထားခြင်း ရှိမရှိ ပြဿနာ ပေါ်ပေါက်သည်။

ဤရုံးမှ စမ်းမြန်းချက်ကို အယူခံတရားလိုဦးတင်မြင့်၏ ရှေ့နေ ဦးစောဟန်က မူလလမ်းမတော်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃/၇၇တွင် ထမ်းဆောင်ခဲ့သည့် ရုံးခွန်မှာ ၂၇ ကျပ်ဖြစ်ပြီး အထွေထွေ အယူခံမှုတွင်လည်း မူလရုံးခွန်အတိုင်း ၂၇ ကျပ်ထမ်းဆောင်ပြီးဖြစ်၍ ရုံးခွန်ထမ်းဆောင်မှု မှန်ကန်သည်ဟု ယူဆကြောင်းဖြင့် တင်ပြခဲ့သည်ဟု ဤရုံး၏ ၅-၃-၉၀ နေ့စဉ်မှတ်တမ်း၌ မှတ်တမ်းတင်ထားသည်။

ရန်ကုန်တိုင်းတရားရုံး တရားမ အထွေထွေမှု အမှတ် ၂၀/၇၉ တွင် ၁၂-၁-၉၀နေ့၌ အောက်ပါအတိုင်း အမိန့်ချသည်။

၁၂-၁-၉၀ × × × × × × × × × × × × × ×

× × × × × × × × × × × × × ×

---

(၁) ၁၉၃၈ ခုနှစ် ရန်ကုန်စီရင်ထုံးများ စာ ၆၃၅

၁၉၆၀
ဦးတင်မြင့် နှင့် ဦးလင်ကျန်ဟင်း၊ (ရှင်းကိုယ်စားလှယ် ဒေါ်မျိုးမျိုး၊ သူ)

ထို့ကြောင့် လျှောက်ထားသူမှ တရားမကျင့်ထုံး ပုဒ်မ ၁၄၄ အရ လျှောက်ထားခြင်းအပေါ် အောက်ပါအတိုင်း အမိန့်ချပေးလိုက်သည်။

အမိန့်

လျှောက်ထားသူ ဦးလင်ကျန်ဟင်း (အခွင့်ရ ကိုယ်စားလှယ်စာရသူ မမျိုးမျိုးသူ) မှ လျှောက်ထားသည့် အတိုင်း ဇာရီပြုလုပ်ခြင်း မပြုလုပ်မီ အခြေအနေအတိုင်း လျှောက်ထားသူ မိသားစု ပိုနေမြဲကျားနေမြဲ ပြန်ထားပေးစေရန် အပ်ဝရမ်းထုတ်ပေးမည် ဖြစ်ကြောင်း အမိန့်ချမှတ်သည်။’

ဦးတင်မြင့်၏ အယူခံ အကြောင်းပြချက်များတွင် ဖော်ပြချက်အရ လမ်းမတော်မြို့နယ် တရားရုံးတွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ ဦးလင်ကျန်ဟင်းအပေါ် အနိုင်ရရှိခဲ့သောဒီကရီကိုရန်ကုန်တိုင်း တရားရုံးသို့ဦးလင်ကျန်ဟင်းက အယူခံဝင်ရာတွင် တိုင်းတရားရုံးမှ ပယ်ဖျက်ခဲ့ကြောင်း ဦးတင်မြင့်က မူလရုံး၏ အနိုင် ဒီကရီကို ဇာရီမှု၌ အတည်ပြုရာတွင် အချင်းဖြစ် ဥပစာမှ ဦးလင်ကျန်ဟင်း ဖယ်ရှားပေးရပြီးဖြစ်ကြောင်း ဖော်ပြထားချက်များနှင့် အထက်ဖော်ပြပါ ၁၂--၁-၉၀ ရက်စွဲပါ အမိန့်၌ ဖော်ပြချက်များအရ အယူခံတရားပြိုင် ဦးလင်ကျန်ဟင်းက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အရသာ လျှောက်ခဲ့ကြောင်း ပေါ်လွင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ လျှောက်ထားမှုတွင်ချမှတ်သော အမိန့်ကို အယူခံဝင်ရာတွင် တင်သွင်းသော အယူခံလွှာအတွက် ရုံးခွန်ကို ဇယား ၂ အပိုဒ် ၁၁ အရ ထမ်းဆောင်လျှင် လုံလောက်မည် မဟုတ်ပေ။ ယင်းပြဿနာနှင့် စပ်လျဉ်း၍ တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း **မောင်လှမောင်နှင့် မနှင်းခေါက်** အမှု(၁) တွင် ထုံးဖွဲ့ထားသည်။

၎င်းစီရင်ထုံးကို **မဘွေးနှင့် အခြားသူများနှင့် ဦးတုတ်** အမှု(၂) တွင် အောက်ပါအတိုင်း လက်ခံအတည်ပြုသည်။ ယခု အချိန်ထိ ဆန့်ကျင်ဘက် စီရင်ထုံးများ ထွက်ပေါ်ခြင်း မရှိသေးချေ။

---

(၁) ရန်ကုန် အတွဲ ၈ စာ ၂၇၁
(၂) ၁၉၃၈ ခုနှစ် ရန်ကုန် စီရင်ထုံးများ စာ ၆၃၅

၁၉၉၉၀

ဦးတင်မြင့်
နှင့်
ဦးလင်ကျန်
ဟင်း
(၄င်း၏ကိုယ်
စားလှယ်
ဒေါ်မျိုးမျိုး
သူ

'An appeal from an order of restitution passed under S144 of the civil procedure code does not come within the exemption given by Financial Department Notification No 41 dated 9 th september 1921, and must be stamped ad valorem.

ဤထုံးဖွဲ့မှု ဥပဒေသများအရ အယူခံတရားလို ဦးတင်မြင့်သည် ဤအယူခံတွင် ဦးလင်ကျန်ဟင်း ၄ားရမ်းနေထိုင်သော အချင်းဖြစ် ဥစာ၏ ကာလတန်ဖိုး (Market Value) ပေါ်တွင် တန်ဖိုးအလျောက် ရုံးခွန်တမ်းဆောင်ရမည်ဖြစ်၍ မူလ တရားမကြီးမှုတွင် ထမ်းဆောင်ခဲ့သည့်အတိုင်း ၂၇ ကျပ် ရုံးခွန်ထမ်းဆောင်ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်။

ထို့ကြောင့် အယူခံတရားလို ဦးတင်မြင့် အနေဖြင့် ထမ်းဆောင်ပြီး ရုံးခွန် ၂၇ ကျပ်ကိုနုတ်၍ တန်ဖိုးအလျောက် ရုံးခွန်ကို တရားရုံးချုပ်ရှိ သက်ဆိုင်ရာ ရုံးခန်း၌ ဤအမိန့်ချမှတ်သည့်နေ့မှ တစ်လအတွင်းထမ်းဆောင်ရန် ညွှန်ကြားလိုက်သည်။ စရိတ်မသတ်မှတ်။

**တရားမ အထွေထွေ အယူခံမှု**

**တရားရုံးချုပ် တရားသူကြီး ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်း နှင့်**

**ဦးကျော်ဝင်း တို့ရှေ့တွင်**

+၁၉၉၀
ဇွန်လ
(၂၆)ရက်

တန်အင်စွမ်း (ခ) တန်အင်ချွန်း (ခ)
ဦးကျော်မင်း

နှင့်

ဒေါ်ခင်လေးမ (ခ) ဒေါ်ကျင်ရင်*

**တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆—အရေးယူ လောက်သော ပြဿနာဖြစ်ရန် လိုအပ်ချက်များ—အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ ချမှတ်သော ဆုံးဖြတ်ချက်ကို ပြန်လည်စစ်ဆေး စီရင်ရန် အတွက် အထူးအယူခံဝင်ခွင့် မပေးသင့်ခြင်း— မည်သည့်အခါ အထူးအယူခံဝင်ခွင့် ပေးသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** အရေးယူလောက်သော ပြဿနာဖြစ်ရန် အောက်ပါအချက်များဖြင့် ညီညွတ်ရန် လိုအပ်သည်—

(က) ပြဿနာသည် ယေဘုယျအားဖြင့် အများပြည်သူများ အတွက် အရေးပါရမည်။

(ခ) အဆိုပါပြဿနာသည် အမှုသည်များ၏အခွင့်အရေးကို အတော်အတန် တိုက်ရိုက်အားဖြင့် အကျိုးသက်ရောက်သည့်အချက်နှင့် သက်ဆိုင်ရမည်။

(ဂ) အဆိုပါပြဿနာသည် ခက်ခဲသည့် ပြဿနာဖြစ်ရမည်။

(ဃ) အမြင့်ဆုံးတရားရုံးက အဆုံးအဖြတ် မပေးဖူးသေးသောပြဿနာမျိုး ဖြစ်ရမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပထမအယူခံတွင်အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ စာဒက တက်ခွင့်ပြုထားသည်။ ဒုတိယအယူခံတွင်မူ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ (၁) (ဿ) အရ တင်သွင်းသော အယူခံမှုတွင်မှ တစ်ပါး

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၁၄၈

\+ ၁၉၈၉ ခုနှစ်၊ ၊တရားမ ပထမအယူခံမှု အမှတ် ၉၂ တွင် ချမှတ်သော (၁၇–၁–၉၀) ရက်စွဲပါစီရင်ချက်နှင့် ဒီကရီကို ဒု.ယူခံမှု

၁၉၉၀

တန်အင်စွမ်း
(ခ)
တန်အင်ချွန်း
(ခ)
ဦးကျော်မင်း
နှင့်
ဒေါ်ခလေးမ
(ခ)
ဒေါ်ကျင်ရှင်

အခြားတရားမ ဒုတိယအယူခံမှုတွင် မူလရုံးနှင့် ပထမအယူခံတရားရုံးက အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခြင်းကို တရားရုံးချုပ်က စွက်ဖက်ပြင်ဆင်ခြင်းမပြုနိုင်၊ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၀ တွင် ကျဉ်းမြောင်းစွာ ဘောင်ခတ်ပြီးခါမှ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ တင်သွင်းသည့် ကိစ္စ၌ အကြောင်းခြင်းရာများကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့်ရှိမည်ဆိုလျှင် သဘာဝကျမည်မဟုတ်ချေ။ တစ်ဘက်တွင် တရားရုံးချုပ်သည် အမှုတွဲတွင် အခိုင်အမာတည်ရှိသော သက်သေခံချက်တို့ကို မျက်ကွယ်ပြု၍ ယင်းသက်သေခံချက်များနှင့် ဆန့်ကျင်ဆုံးဖြတ်လျှင်ဖြစ်စေ သက်သေခံ အထောက်အထား လုံးဝမရှိဘဲ အမှုသည်တစ်ဦးဦးအား အနိုင်ပေးလျှင်ဖြစ်စေ တရားရုံးချုပ်၏ စီရင်ချက်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ စွက်ဖက်ပြင်ဆင်သင့်ပေသည်။

အယူခံတရားလိုအတွက် - ဦးကျော်ငြိမ်း (ဖေငင်တော်သီ)
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးလှဘူး၊ တရားရုံးချုပ်ရှေ့နေ

တရားရေး အကြံပေး - ဦးလှမြင့်ဝင်း

လျှောက်ထားခံရသူ ဒေါ်ခလေးမ (ခ) ဒေါ်ကျင်ရင်သည် လျှောက်ထားသူ တန်အင်စွမ်း (ခ) တန်အင်ချွန်း (ခ) ဦးကျော်မင်း (မူလရုံးနှင့် ပထမ အယူခံရုံးတို့တွင် အင် အစား ဟင်ဟု ဖော်ပြထားကြောင်း တွေ့ရသည်)၏ အစ်မဖြစ်သည်။ ဒေါ်ခလေးမက ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၁၉၂ (သမ်းမတော်) တွင် မောင်ဖြစ်သူထံ အပ်နှံထားသည်ဆိုသော ရွှေထည်ပစ္စည်းများနှင့် အိမ်မြေတို့နှင့် သက်ဆိုင်သည့် ဂရန်စာချုပ်နှင့်အခြားစာချုပ်များကိုပြန်လည် ပေးအပ်စေရန် တရားစွဲဆိုရာ တိုင်းတရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ ဦးကျော်ခင်းက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် တရားရုံးချုပ် ၁၉၇၉ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် ၉၂ တွင် အယူခံဝင်သောအခါ တရားရုံးချုပ်က ရွှေထည်ပစ္စည်းများကို ပြန်လည်ပေးအပ်စေရန် အမိန့်ကိုပယ်ဖျက်သည်။ ဂရန်စာချုပ်နှင့် အခြား စာချုပ်များ ပြန်လည်ပေးအပ်ရန် ချမှတ်သည့် အမိန့်ကိုမူ အတည်ပြုသည်။ ဦးကျော်မင်းက တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို ပြန်လည် စစ်ဆေးစီရင်ပေးရန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ဤအမှုတွင် လျှောက်ထားလာပါသည်။

တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ တင်သွင်းသော အထူးအယူခံမှုများကို စစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရန် တရားရုံးချုပ်သည် တရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက်လုပ်ထုံး

၁၉၉၀
တန်အင်စွမ်း
(ခ)
တန်အင်ချွန်း
(ခ)
ဦးကျော်မြင့်
နှင့်
ဒေါ်ခလေးမ
(ခ)
ဒေါ်ကျင်ရင်

လုပ်နည်းများကို သတ်မှတ်ထားရာ အပိုဒ် ၁၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

'လျှောက်ထားမှုသည် အရေးယူလောက်သော ပြဿနာပေါ် ပေါက်ကြောင်း တွေ့ရှိလျှင် အထူးခုံရုံးသည် မည်သည့် ပြဿနာ အတွက် ကြားနာရန် အထူးအယူခံဝင်ရန် ခွင့်ပြုကြောင်း အမိန့်ချ မှတ်ရမည်'

တရားစီရင်ရေး ဥပဒေတွင်ဖြစ်စေ၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ သတ်မှတ်သောလုပ်ထုံးလုပ်နည်းများတွင်ဖြစ်စေ 'အရေးယူလောက် သော ပြဿနာ' ဆိုသော စကားရပ်ကို အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိ ချေ။ **အေအိုင်အာရ် ၁၉၆၂ (တရားလွှတ်တော်ချုပ်) ၁၃၁၄** အမှုတွင် အိန္ဒိယနိုင်ငံ တရားလွှတ်တော်ချုပ်က ညွှန်ပြထားသည့်အတိုင်း အရေးယူ လောက်သော ပြဿနာဖြစ်ရန် အောက်ပါအချက်များဖြင့် ညီညွတ်ရန် လိုအပ်သည်—

(က) ပြဿနာသည် ယေဘုယျအားဖြင့် အများပြည်သူများအတွက် အရေးပါရမည်။

(ခ) အဆိုပါ ပြဿနာသည် အမှုသည်များ၏ အခွင့်အရေးကို အတော်အတန် တိုက်ရိုက်အားဖြင့် အကျိုးသက်ရောက်သည့် အချက်နှင့် သက်ဆိုင်ရမည်။

(ဂ) အဆိုပါ ပြဿနာသည် ခက်ခဲသည့် ပြဿနာဖြစ်ရမည်။

(ဃ) အမြင့်ဆုံးတရားရုံးက အဆုံးအဖြတ် မပေးဖူးသေးသော ပြဿနာမျိုးဖြစ်ရမည်။

ပထမအယူခံတွင် အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ စာဒကတက်ခွင့် ပြုထားသည်။ ဒုတိယအယူခံတွင်မူ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၀ (၁) (ဃ) အရ တင်သွင်းသော အယူခံမှုတွင်မှ တစ်ပါး၊ အခြား တရားမ ဒုတိယအယူခံမှုတွင် မူလရုံးနှင့် ပထမအယူခံတရားရုံးက အကြောင်းခြင်း ရာနှင့်စပ်လျဉ်း၍ တစ်သဘောတည်း ကောက်ယူဆုံးဖြတ်ခြင်းကို တရား ရုံးချုပ်က စွက်ဖက်ပြင်ဆင်ခြင်း မပြုနိုင်။ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ-၁၀၀ တွင် ကျဉ်းမြောင်းစွာ ဘောင်ခတ်ပြီး ခါမှ တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ တင်သွင်းသည်ကိစ္စ၌ အကြောင်း ခြင်းရာများကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခွင့်ရှိမည်ဆိုလျှင် သဘာဝကျမည် မဟုတ်ချေ။ တစ်ဘက်တွင် တရားရုံးချုပ်သည် အမှုတွဲတွင် အခိုင်အမာ တည်ရှိသော သက်သေခံချက်တို့ကို မျက်ကွယ်ပြု၍ ယင်းသက်သေခံချက်များ

၁၉၉၀

တန့်ကျင်ဖွမ်း (ခ) တန်အောင်ချွန်း (ခ) ဦးကျော်မင်း နှင့် ဒေါ်ခလေးမ (ခ) ဒေါ်ကျင်ရင်

နှင့် ဆန့်ကျင်ဆုံးဖြတ်လျှင်ဖြစ်စေ။ သက်သေခံ အထောက်အထား လုံးဝ မရှိဘဲ အမှုသည်တစ်ဦးဦးအား အနိုင်ပေးလျှင်ဖြစ်စေ တရားရုံးချုပ်၏ စီရင်ချက်ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ စွက်ဖက်ပြင်ဆင် သင့် ပေသည်။

ဤအမှုတွင် ဒေါ်ခလေးမ က ဦးကျော်မင်းထံတွင် အချင်းဖြစ် စာချုပ် စာတမ်းများကို အပ်နှံထားခြင်း ရှိမရှိမှာ အကြောင်း ခြင်းရာ ဆိုင် ရာ ပြဿနာသက်သက်ဖြစ်သည်။ တရားရုံးချုပ်သည် ယင်း ပြဿနာ ကို သက်သေခံ အထောက်အထားများအပေါ်အခြေခံ၍ ဆုံးဖြတ်ထားကြောင်း တွေ့ရှိရသဖြင့် တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စိစစ်နိုင်ရန် အလို့ငှာ အထူးအယူခံဝင်ရန် အလို့ငှာ ခွင့်ပြုရန် အကြောင်းမမြင်ချေ။

ထို့ကြောင့် ဦးကျော်မင်း တင်သွင်းသော လျှောက်လွှာကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရှေ့နေခကျပ် ၁၀၀/-သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

ဒေါ်ထွေးခင်

နှင့်

ဒေါ်တင်မြ*

(၎င်း၏ ကိုယ်စားလှယ် ဦးအောင်မြင့်)

+ ၁၉၉၀
အောက်တို
ဘာ၁လ
၂၉-ရက်

**မီးသေခြင်း-မည်သည့်အခါ စီရင်ချက် တစ်ရပ်သည် တရားပြိုင် အချင်းချင်းအကြားတွင် မီးသေခြင်း။**

အယူခံတရားလို ဒေါ်ထွေးခင်နှင့် အယူခံတရားပြိုင် ဒေါ်တင်မြ၊ ဤအယူခံမှုတွင် အမှုသည်အဖြစ် မပါသော ဒေါ်ညွန့်ခင်၊ ဒေါ်ခင်သန်း ဒေါ်ခင်စိန်၊ ဦးကျော်ထွန်းနှင့် ကွယ်လွန်သူ ဒေါ်ညွန့်တင်တို့သည် မောင်နှမအရင်းအချာများဖြစ်ကြသည်။ ဒေါ်ညွန့်တင်မှာ အမှုသည်များ၏ အစ်မဖြစ်သည်။ ၁၄-၃-၇၅ နေ့တွင် ဒေါ်ညွန့်တင် ကွယ်လွန်သော အခါ ခင်ပွန်း၊ သားသမီးများ မကျန်ရစ်ချေ။ ဒေါ်တင်မြက ဒေါ်ညွန့်တင် ကျန်ရစ်ခဲ့သောပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် ရန်ကုန်တိုင်း တရားရုံးတွင် အစ်မ၊ ညီမများနှင့် မောင်တို့အပေါ် တရားစွဲဆိုသည်။ ထိုအမှုကို အယူခံ တရားလို ဒေါ်ထွေးခင်ကသာ ယှဉ်ပြိုင်ပြီး ကျန်တရားပြိုင်များက ဖြောင့်ဆို ဝန်ခံကြသည်။ ဒေါ်ထွေးခင်က အချင်းဖြစ်အိမ်ကို ကွယ်လွန်သူနှင့် မိမိတို့ ဆောက်လုပ်ကြသည်ဟု တုချေသည့်အပြင် ယင်းအိမ်တစ်ဝက်မှာ မိမိပိုင် ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်အပြန်အလှန်တောင်းဆိုသည်။တိုင်း တရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်ထွေးခင်၏ တင်ပြ ချက်ကို ပယ်ချကာ အမွေပစ္စည်းများ၏ ခြောက်ပုံတစ်ပုံကို ဒေါ်တင်မြအား ခွဲဝေပေးစေရန် ပဏာမ ဒီကရီ ချမှတ်လိုက်သောကြောင့် ဒေါ်ထွေးခင်က တရားရုံးချုပ်တွင် ဤအယူခံကို ဒေါ်တင်မြ တစ်ဦးတည်းအပေါ် တင်သွင်း လာသည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၂၈။

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၆၂ တွင် ချမှတ်သော (၂၉-၁၂-၈၉) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၉၀

ဒေါ်ထွေးခင်
နှင့်
ဒေါ်တင်မြ

**ဆုံးဖြတ်ချက်။** အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ တစ်ဦးတည်းပိုင် ဟုတ်မဟုတ် အယူခံတရားလို ဒေါ်ထွေးခင်နှင့် ဤအယူခံ၌ အမှုသည်များ အဖြစ်ဖြင့် မပါဝင်သော ဒေါ်ညွန့်ခင်ပါ ၄ ဦးတို့အကြားတွင် အငြင်းပွား လျက်ရှိသည်၊ တရားလိုတောင်းဆိုသော သက်သာခွင့်ကို ရခွင့် ရှိမရှိ အဆုံး အဖြတ်ပေးရာ၌ ယင်း အငြင်းပွားချက်ကို ဆုံးဖြတ်ပေးရန် လိုအပ်သည့် အလျောက် တိုင်းတရားရုံးသည် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ငြင်းချက် အမှတ် (၁)နှင့် ငြင်းချက်အမှတ် (၂) တို့ကို ထုတ်နုတ်ကြားနာကာဒေါ်ညွန့် ခင်အားအနိုင်ပေး၍ ဆုံးဖြတ်ခဲ့သည်။သို့ဖြစ်ရာ မူလရုံး၏ ဆုံးဖြတ်ချက်သည် အယူခံတရားလိုနှင့် မူလရုံး တရားပြိုင်များဖြစ်ကြသော ဒေါ်ညွန့်ခင်ပါ ၄ဦးတို့ အကြားတွင် မီးသေပြီး ဖြစ်သည်။ဤအခြေအနေတွင် ဤအယူခံမှု၌ တရားရုံးချုပ်က အယူခံတရားလို၏ တင်ပြချက်ကိုလက်ခံကာ အချင်းဖြစ်အိမ် မှာဒေါ်ထွေးခင်နှင့် ကွယ်လွန်သူတို့နှစ်ဦးပိုင် အိမ်ဖြစ်သည်ဟု ကောက်ယူ ဆုံးဖြတ်ပါက ပြဿနာ တစ်ရပ်တည်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက် ဆုံး ဖြတ်ချက်နှစ်ရပ် ပေါ်ပေါက်လာမည် ဖြစ်သည်။

အယူခံတရားလိုအတွက် — ဦးတီဝိဝမ်း၊တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးသန်းမောင်၊တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး — ဦးဘတင့်

အယူခံတရားလို ဒေါ်ထွေးခင်နှင့် အယူခံတရားပြိုင် ဒေါ်တင်မြ ဤ အယူခံမှုတွင် အမှုသည် အဖြစ်မပါသော ဒေါ်ညွန့်ခင်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်စိန်၊ ဦးကျော်ထွန်းနှင့် ကွယ်လွန်သူဒေါ်ညွန့်တင်တို့သည် မောင်နှမ အရင်းအချာများ ဖြစ်ကြသည်။ ဒေါ်ညွန့်တင်မှာ အမှုသည်များ၏ အစ်မ ဖြစ်သည်။ ၁၄-၁-၇၅နေ့တွင် ဒေါ်ညွန့်တင် ကွယ်လွန်သောအခါခင်ပွန်း၊ သားသမီးများမကျန်ရစ်သဖြင့် ညီမနှင့်မောင်တို့က မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ညွန့်တင် ကျန်ရစ်သော ပစ္စည်းများကို ဆက်ခံကြသည်။ ထိုပစ္စည်းများတွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် အရှေ့တိုက်နယ် ရပ်ကွက် အမှတ် ၅၂' မြေတိုင်းရပ်ကွက်အမှတ် ၂၉(စီ)-၂၊ မြေကွက်အမှတ် ၁၀၆ ဓာရင်း ပေါက်သော ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက် အအုံမှာ ကွယ်လွန်သူ၏ ပစ္စည်းဖြစ်သည်ဟု ဆိုကာ ဒေါ်တင်မြက ဒေါ်ညွန့်တင် ကျန်ရစ်ခဲ့သောပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် ရန်ကုန်တိုင်း တရားရုံး ၁၉၇၅ခုနှစ် တရားမကြီးမှုအမှတ် ၁၀(စမ်းချောင်း)တွင် အစ်မ၊ ညီမများ

၁၉၉၀ ဒေါ်ထွေးခင် နှင့် ဒေါ်တင်မြ

နှင့်မောင်တို့အပေါ် တရားစွဲဆိုသည်။ ထိုအမှုကို အယူခံတရားလို ဒေါ်ထွေးခင်ကသာ ယှဉ်ပြိုင်သည်။ ကျန် တရားပြိုင်များက ဖြောင့်ဆို ဝန်ခံကြသည်။

ဒေါ်ထွေးခင်က အချင်းဖြစ်အိမ်ကို ကွယ်လွန်သူနှင့် မိမိတို့ဆောက်လုပ်ကြသည်ဟု ထုချေသည့်အပြင် ယင်းအိမ်တစ်ခုက်မှာ မိမိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် အပြန်အလှန်တောင်းဆိုသည်။ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်ထွေးခင်၏တင်ပြချက်ကိုပယ်ချကာ အမွေပစ္စည်းများ၏ ခြောက်ပုံတစ်ပုံကို ဒေါ်တင်မြအား ခွဲဝေပေးစေရန် ပဏာမဒီကရီ ချမှတ်လိုက်သောကြောင့်ဒေါ်ထွေးခင်က တရားရုံးချုပ်တွင် ဤအယူခံကို ဒေါ်တင်မြတစ်ဦးတည်း အပေါ် တင်သွင်းလာသည်။

မူလရုံးတွင် တရားပြိုင်များအဖြစ်ပါဝင်ခဲ့ကြသော ဒေါ်သွန်းခင်၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်စိန်နှင့် ဦးကျော်ထွန်းတို့သည် ဤအမှု၌အမှုသည်များအဖြစ်ဖြင့် ပါဝင်ခြင်းမရှိချေ။ သို့ဖြစ်၍အယူခံတရားပြိုင်၏ရှေ့နေများက ၁၀-၉-၉၀ ရက်စွဲပါ လျှောက်လွှာအရ သူတို့အား အယူခံတရားပြိုင်များ အဖြစ်ဖြင့် ထည့်သွင်းပေးရန် လျှောက်ထားခဲ့သည်။ အယူခံတွင် အမှုသည်များ အစုံအလင်ပါရှိအောင် ဆောင်ရွက်ရမည့်သူမှာ အယူခံတရားလို ဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားပြိုင်ဘက်မှ ထိုသို့လျှောက်ထားခြင်းမှာ အံ့ဩဖွယ်ရာ အကြောင်းတစ်ရပ် ဖြစ်သည်။ အယူခံလွှာကို ၁၃-၃-၉၀ ရက်နေ့က တင်သွင်းသောအခါ စည်းကမ်းသတ် ကာလ အတွင်း ကျရောက်သော်လည်း အမှုသည်များအဖြစ်ဖြင့် မပါဝင်သော မူလရုံးတရားပြိုင် များအား အမှုသည်များအဖြစ်ဖြင့် ထည့်သွင်းရန် လျှောက်ထားသည့် ၁၁-၉-၉၀ နေ့တွင်မူ သူတို့အပေါ်အယူခံဝင်ခွင့်မှာ စည်းကမ်းသတ် ကျော်လွန်ပြီ ဖြစ်သည်။ ကာလစည်းကမ်းသတ်အားဖြင့် ရရှိပြီးဖြစ်သော အဖိုးထိုက်တန်လှသည့်အခွင့်အရေးကို တရားရုံးက ဖျက်သိမ်းရာရောက်အောင် အယူခံတွင် အမှုသည်များကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၀အရ ထည့်သွင်းခြင်းမပြုနိုင်ကြောင်း စီရင်ထုံး အများအပြားတွင် ထုံးဖွဲ့ပြီးဖြစ်သည်။ **စစ်တွေမြို့ ဆိပ်ကမ်းအရာရှိနှင့် ရန်ကုန်တိုင်း သယ်ယူပို့ဆောင်ရေး စင်တီကိတ်အဖွဲ့ပါ၃** [၁] စီရင်ထုံးကို ရည်ညွှန်းလျှင် လုံလောက်မည် ဖြစ်သည်။

ဆက်လက်၍ စိစစ်ရမည့်အချက်မှာ ဒေါ်သွန်းခင်ပါ ၄ဦးအား ဤအယူခံတွင် အမှုသည်များအဖြစ်ဖြင့် ထည့်သွင်းခြင်းမပြုသည့် အတွက် ဤအယူခံ

---

(၁) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၁၁-၁၉
၂ တရားလွှတ်တော်ချုပ်

၁၉၉၀ ဒေါ်ထွေးခင် နှင့် ဒေါ်တင်မြ

ကို အမှုသွား အမှုလာအရ အဆုံးအဖြတ် ပေးနိုင်ခွင့် ရှိ မရှိ ဖြစ်သည်။ ယင်းပြဿနာကို လျှောက်လဲတင်ပြရန် အယူခံသည် ပထမဆုံး ကြားနာသည့် ၂၄-၉-၉၀ နေ့တွင် နှစ်ဘက် ရှေ့နေများအား ညွှန်ကြားခဲ့ရာ ရှေ့နေများက ရက်ချိန်းတောင်း၍ ပြည့်ပြည့်စုံစုံ လေ့လာတင်ပြနိုင်ရန် အချိန်ပေးခဲ့သည်။

**ကိုဖန်စိန်း နှင့် ဒေါ်ရှုတင် (၁) လင်ကြူ့သွင်ပါ၂** အမှုတွင်အယူခံကရားပြိုင် ဦးထန်စွ°နှင့် ကိုဖန်စိန်းတို့သည် ဦးနီ၊ဒေါ်ချစ်တို့၏ သားသမီးများဖြစ်၍ ဒေါ်ရှုတင်မှာ ဦးနီ၏ဒုတိယဇနီး ဖြစ်သည်။ ဦးနီကွယ်လွန်သွားသောအခါ ဦးထန်စွ°က ကိုဖန်စိန်း ဒေါ်ရှုတင်တို့ အပေါ် ဖခင် ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုရာ တရားပြိုင်ကိုဖန်စိန်းက ဦးထန်စွ°ကိုထောက်ခံ၍ဖြောင့်ချက်တင်သွင်း သည်။မူလရုံးကဦးနီသည် အထက်ပါသားများကို အမွေခွဲဝေပေးပြီးဟု ကောက်ယူကာ ဦးထန်စွ°စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ မူလရုံး၏ ဆုံးဖြတ်ချက်ကို တရားလိုဦးထန်စွ°က ယခင်တရားရုံးချုပ်တွင် အယူခံမဝင်ဘဲ ကိုဖန်စိန်းကအယူခံဝင်ရာ အယူခံဝင်ခွင့် ရှိမရှိနှင့် စပ်လျဉ်း၍ အငြင်းပွားရာ တရားရုံးချုပ်က အယူခံဝင်ခွင့် ရှိကြောင်း အောက်ပါ အတိုင်း သုံးသပ်ဝေဖန်သည်။

'အယူခံတရားလိုသည် မူလရုံး၌ဒုတိယတရားခံအဖြစ်ပါဝင်ခဲ့သည်။ ၎င်းသည်ထိုရာတွင်တရားလိုဖြစ်သော မိမိ၏အစ်ကိုကိုထောက်ခံခဲ့သည်။ အမှုကို မူလရုံးကစစ်ဆေးစီရင်၍ ပလပ်လိုက်သောအခါ၌ ၂-တရားခံဖြစ်သော ညီက အယူခံတရားလိုအဖြစ် ဤရုံးသို့လာခြင်းသည် ဥပဒေနှင့်ညီမညီကို ထပ်ဆင့်ပြဿနာတစ်ရပ်အနေနှင့် နှစ်ဘက်ရှေ့နေကြီးများအား လျှောက်လဲရန်ဖိတ်ခေါ်ခဲ့သည်။ ဦးကိုကိုက ထိုပြဿနာနှင့်ပတ်သက်၍ **မောင်စိန်ဖုံး နှင့် မပန်းညွှန့်**[၂] အမှုကိုကိုးကားသည်။ ထိုစီရင်ထုံးတွင် ပရီဗီကောင်စီက ဤအမှုနှင့်အလားတူ အမွေမှု၌တရားခံအဖြစ်ပါဝင်ခဲ့သော သူတစ်ဦးအပေါ်တွင်လည်းအမှု၏အပြီးသတ် ဒီကရီ သည်တည်သည်။ ထိုအမှုတွင် ထိုတရားခံက အခြားတရားခံများနှင့်အကျိုးဆန့်ကျင်၍ နေသော်လည်း ဒီကရီသည်၎င်းနှင့် အခြားတရားခံများအပေါ်တွင် ထပ်တူအတည်ဖြစ်နေသဖြင့် ထိုတရားခံက အယူခံဝင်လျှင်ဝင် မဝင်လျှင်တိုအမွေမှုနှင့်ပတ်သက်၍ တရားလိုပြုလုပ်ကာ အမှုသစ်စွဲဆိုခွင့်မရှိဟူ၍ ဆုံးဖြတ်ထားသည်။ ရန်ကုန်မြို့ တရားလွှတ်တော်က ထိုဆုံးဖြတ်ချက်နှင့်ဆန့်ကျင်၍ ဆုံးဖြတ်ခဲ့သဖြင့် အယူခံကို ပရီဗီကောင်စီသို့ တိုင်အောင်တက်ရောက်ခဲ့ရခြင်းဖြစ်ပေသည်။

---

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၈၇။
(၂) ရန်ကုန်စီရင်ထုံး၊ အတွဲ-၁၀၊ စာ-၃၂၂။

၁၉၉၀
ဒေါ်ထွေးခင်
နှင့်
ဒေါ်တင်မြ

ပညာရှိရှေ့နေကြီးဦးဗဂျမ်းက ဦးကိုကို ရည်ညွှန်းသောစီရင်ထုံးအရ ဤအယူခံကိုမူလရုံးတွင် ဒုတိယတရားခံအဖြစ် တရားလိုနှင့်အကျိုးတူ ပါဝင်ခဲ့သောညီဖြစ်သူက တင်သွင်းခြင်းဖြစ်သော်လည်း တင်သွင်းပိုင်ခွင့်ရှိပါသည်ဟု လျှောက်ထားသည်။

ထို့ကြောင့် ပဏာမ ပြဿနာနှစ်ရပ်ပေါ်တွင် အယူခံကို ယခု သတ်မှတ်ထားသော တန်ဘိုးအတိုင်း တင်သွင်းခွင့်ရှိသည်။ အယူခံ တရားခံဘရားလိုကလည်း အယူခံကို တင်သွင်းနိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်လိုက်သည်။ အမှုကို ဆက်လက်ကြားနာစီရင်ရန်ဖြစ်သည်။

ဤအမှုတွင်လည်း ဒေါ်ညွန့်ခင်တို့သည် မူလအမှုတွင် ကိုဖန်စိန်း နည်းတူ မူလမှုတွင် တရားလို စွဲဆိုသောအမှုကို ဖြောင့်ဆိုဝန်ခံသူများဖြစ်ကြသည်။ အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ တစ်ဦးတည်းပိုင် ဟုတ်မဟုတ် အယူခံ တရားလို ဒေါ်ထွေးခင်နှင့် ဤအယူခံ၌ အမှုသည်များအဖြစ်ဖြင့် မပါဝင် သော ဒေါ်ညွန့်ခင် ပါ ၄ ဦးတို့အကြားတွင် အငြင်းပွားလျက်ရှိသည်။ တရားလိုတောင်းဆိုသော သက်သာခွင့်ကို ရခွင့်ရှိမရှိ အဆုံးအဖြတ်ပေးရာ၌ ယင်းအငြင်းပွားချက်ကို ဆုံးဖြတ်ပေးရန် လိုအပ်သည့်အလျောက် တိုင်း တရားရုံးသည် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ငြင်းချက်အမှတ်(၁)နှင့် ငြင်းချက် အမှတ်(၂)တို့ကို ထုတ်နုတ်ကြားနာကာ ဒေါ်ညွန့်ခင် အား အနိုင်ပေး၍ ဆုံးဖြတ်ခဲ့သည်။ သို့ဖြစ်ရာ **ကိုဖန်စိန်း** အမှုတွင် ရည်ညွှန်းထားသည့် **မောင်စိန်တိုး** နှင့် **မပန်းညွန့်**[၁] အမှုတွင် ထုံးဖွဲ့ထားသည့်အတိုင်း ထို့ပြင် **ကိုဖန်စိန်း** အမှုတွင် သုံးသပ်ထားသည့်အတိုင်း အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ တစ်ဦးတည်းပိုင် ဖြစ်သည်ဟူသော မူလရုံး၏ ဆုံးဖြတ်ချက်သည် အယူခံတရားလိုနှင့် မူလရုံး တရားပြိုင်များဖြစ်ကြသော ဒေါ်ညွန့်ခင် ပါ ၄ ဦးတို့အကြားတွင် မီးသေပြီးဖြစ်သည်။ ဤအခြေအနေတွင် ဤအယူခံမှု၌ တရားရုံးချုပ်က အယူခံတရားလို၏ တင်ပြချက်ကို လက်ခံကာ အချင်းဖြစ် ဖြစ်အိမ်မှာ ဒေါ်ထွေးခင်နှင့် ကွယ်လွန်သူတို့ နှစ်ဦးပိုင် အိမ်ဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ပါက ပြဿနာတစ်ရပ်တည်းနှင့် ပတ်သက်၍ ဆန့်ကျင် ဘက်ဆုံးဖြတ်ချက် နှစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်သည်။

'အယူခံတရားပြိုင်၏ ရှေ့နေ ကိုးကားသော **မသန်းမေ** နှင့် **မိုဟာမက်ယူစွတ်**[၂] အမှုတွင် ဦးဘိုးအိုင် ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် တရားစွဲဆိုရာ တရားလိုမှာ သေသူ၏ တူဖြစ်ပြီး ပထမ တရားပြိုင်သည် ဦးဘိုးအိုင် ၏ ဇနီးဖြစ်၍ ဒုတိယတရားပြိုင်သည်

---

(၁) ရန်ကုန် စီရင်ထုံး အတွဲ ၁၀၊ စာ-၃၂၂
(၂) ရန်ကုန် စီရင်ထုံးများ အတွဲ -၉၊ စာ-၆၂၄။

၁၉၉၀

ဒေါ်ထွေးခင် နှင့် ဒေါ်တင်မြ

ဦးဘိုးအိုင်၏ တူမဖြစ်သည်။ ပဏာမ ဒီကရီတွင် သူတို့၏ ဝေစုများကို သတ်မှတ်ပြီးနောက် ကော်မရှင်နာ ခန့်ထား၍ အမွေပုံပစ္စည်းများကို စီမံခန့်ခွဲစေသည်။ မူလရုံးက ကော်မရှင်နာ၏ အစီရင်ခံစာကို စစ်ဆေးပြီးနောက် အပြီးသတ်ဒီကရီ ချမှတ်ရာတွင် အမွေပုံပစ္စည်းများကို မည်သို့မည်ပုံ စီမံခန့်ခွဲကြောင်း အသေးစိတ်ဖော်ပြသည်။ ပထမ တရားပြိုင်က ထိုအပြီးသတ် ဒီကရီကို ယခင်တရားလွှတ်တော်သို့ အယူခံဝင်သောအခါ ဒုတိယ တရားပြိုင် အား အမှုသည်အဖြစ်ဖြင့် ထည့်သွင်းခြင်း မပြုသောကြောင့် အယူခံကို ဆက်လက်ဆောင်ရွက်ခြင်း မပြုနိုင်တော့ကြောင်း အောက်ပါအတိုင်း အကြောင်းပြသည် —

> "Now, in the absence of the second defendant, ought the appeal to be allowed to proceed? The test to be applied is this. Assume that the appeal against the respondent proved to be successful would the effect be that there would be in existence two inconsistent decrees, one of the High Court, and the other of the District Court, with respect to the subject matter of the suit? In my opinion, there would. In the memorandum of appeal the appellant alleges that the items representing the estate under administration were not correctly found in the report of the Commissioner, or set out in the decree of the District Court. In respect of certain items the appellant contends that increased deductions ought to be allowed to her in respect of disbursements that she had made, and that in respect of certain properties she should receive a larger share than under the decree was allotted to her. If the appeal were to succeed in respect of all or any of the items set out in the memorandum of appeal the decree of this Court as against the respondent would both in form and in substance vary from the decree passed by the District Court which, as between the parties to the appeal and the second defendant, has become conclusive. In these circumstances the appeal cannot be allowed to proceed."

အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ တစ်ဦးတည်းပိုင် ဖြစ်သည်ဟူသော ရှေ့အောက်ရုံး၏ ဆုံးဖြတ်ချက်သည် အယူခံတရားလို ဒေါ်ထွေးခင်နှင့် ဤအယူခံတွင် အမှုသည်များအဖြစ်ဖြင့် မပါဝင်သော ဒေါ်ညွန့်ခင်ပါ ၄ ဦး

အကြားတွင် အပြီးသတ် အတည်ဖြစ်လျက်ရှိရာ ဤရုံးအနေဖြင့် ထိုဆုံးဖြတ်ချက်ကို ပြင်ဆင်ပယ်ဖျက်ခွင့်မရှိပါချေ။ သို့ဖြစ်၍ ဤအယူခံကို ဆက်လက်ကြားနာလျှင်လည်း အကျိုးရှိဖွယ်ရာ အကြောင်းမမြင်ချေ။

ဤစီရင်ချက်ကို မဆုံးဖြတ်မီ မှတ်ချက်ပြုလိုသော အချက်တစ်ရပ်ရှိသည်။ အယူခံတရားလို ဒေါ်ထွေးခင်သည် အချင်းဖြစ်မြေ၏ ထက်ဝက်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် ပြန်လှန်တောင်းဆိုထားသည်။ ယင်းတောင်းဆိုချက်အတွက် ဒေါ်ထွေးခင်က လိုအပ်သည့် ရုံးခွန်ကိုထမ်းဆောင်ထားသည်။ တိုင်းတရားရုံးသည် ယင်းတောင်းဆိုချက်ကို ခွင့်မပြုကြောင်း ဆုံးဖြတ်သည်ဖြစ်၍ နောက်ဆုံးအမိန့်ကိုချမှတ်ရာ၌ ပြန်လှန်တောင်းဆိုချက်ကို ပယ်ကြောင်းတစ်ပါတည်း ဖော်ပြ၍ အမိန့်ချရန် လိုအပ်သည်။

ထို့ကြောင့် ဤအယူခံကိုပလပ်လိုက်သည်။ အယူခံတရားပြိုင် မတင်ပြသော ဥပဒေပြဿနာအရ အယူခံကိုဆုံးဖြတ်ခြင်းဖြစ်သဖြင့် နှစ်ဘက်အမှုသည်တို့သည် ဤယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမပြင်ဆင်မှု

**တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်**

+ ၁၉၉၀
အောက်တို
ဘာလ
၁၂-ရက်

ဒေါ်ထွေးတင်

နှင့်

ဒေါ်ကြည်ကြည်*

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉—အမွေထိန်းစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုသည် တရားမကြီးမှု ဟုတ်မဟုတ် ယင်းအမှုလျှောက်ထားဆဲတွင် ဇာရီမှုကိုဆိုင်းငံ့ထားခွင့်ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။အမွေထိန်းစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ တွင် ရည်ညွှန်းထားသော 'တရားမကြီးမှု' မဖြစ်နိုင်ပေ။ သို့ဖြစ်၍ အမွေထိန်းစာ ပယ်ဖျက်ပေးရန် လျှောက်ထားဆဲတွင် ဒေါ်ထွေးတင် ဖွင့်လှစ်ထားသော ဇာရီမှုကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ထားခွင့် ရှိမည်မဟုတ်ချေ။

လျှောက်ထားသူအတွက် — ဦးမြစိန်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် — ဦးညွန့်မြိုင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးအောင်သစ်

ဒေါ်ထွေးတင်သည် ကွယ်လွန်သူ ဒေါ်ခင်တင့် ကျန်ရစ်သော ပစ္စည်းများကို ထိန်းသိမ်းရန်အတွက် အမွေထိန်းစာ ရရှိထားသူ ဖြစ်သည်။ ဒေါ်ထွေးတင်က အမွေထိန်းအဖြစ်ဖြင့် လျှောက်ထားခံရသူ ဒေါ်ကြည်ကြည်နှင့် ဦးကျော်စိုးတို့လက်ဝယ်ရှိ ဒေါ်ခင်တင့် ကျန်ရစ်သော အမွေပစ္စည်းများကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ အနိုင်ရရှိသဖြင့် အနိုင်ဒီကရီကို အတည်ပြုပေးရန် ရှမ်းပြည်နယ် တရားရုံး ၁၉၉၀ ပြည့်နှစ်၊ တရားမ ဇာရီမှုအမှတ် ၁ တွင် လျှောက်ထားသည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၁ ၉

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ဇာရီမှုအမှတ်-၁ တွင်ချမှတ်သော (၁၉-၇-၉၀) ရက်စွဲပါ ရှမ်းပြည်နယ်၊ တရားရုံး၏ အမိန့်ကိုလျှောက်ထားမှု

၁၉၉၀ ဒေါ်ထွေးတင် နှင့် ဒေါ်ကြည်ကြည်

ဇာရီမှုကို ဆက်လက်ဆောင်ရွက်ဆဲတွင်ဒေါ်ကြည်ကြည်က ဒေါ်ခင်တင့်အား ထုတ်ပေးထားသော အမွေထိန်းစာကို ပယ်ဖျက်ပေးရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၆၃ အရ ရှမ်းပြည်နယ် တရားရုံး၊ တရားမ အထွေထွေမှု အမှတ် ၇/၉၀ တွင် လျှောက်ထားသည်။ ယင်းသို့ လျှောက်ထားဆဲတွင် ရှမ်းပြည်နယ် တရားရုံးက ဒေါ်ထွေးတင် ဖွင့်လှစ်ထားသော ဇာရီမှုကိုဆိုင်းငံ့ထားစေရန် အမိန့်ချမှတ်လိုက်သောကြောင့် ဒေါ်ထွေးတင်က တရားရုံးချုပ်တွင် ဤပြင်ဆင်မှုကိုတင်သွင်းလာသည်။

ဇာရီမှုတစ်မှုကို ဆိုင်းငံ့ထားနိုင်သော ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၆၊
(ခ) တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၉၊
(ဂ) တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၅။

ဤအမှုတွင် ရှမ်းပြည်နယ် တရားရုံးသည် မိမိချမှတ်လိုက်သော ဒီကရီကို အတည်ပြုလျက်ရှိရာ ယင်းဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၆ အရ ဆိုင်းငံ့ထားခွင့် မရှိသည်မှာ ယုံမှားဖွယ်မရှိချေ။ မူလဒီကရီကို အယူခံဝင်ထားခြင်း မရှိ၍ ဇာရီမှုကို အမိန့် ၄၁ နည်း ၅ (၂) အရ ဆိုင်းငံ့ထားရန် အကြောင်းလည်း မပေါ်ပေါက်ချေ။ သို့ဖြစ်၍ အမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ခွင့် ရှိမရှိ ဆက်လက် စဉ်းစားရန် အကြောင်းပေါ်ပေါက်သည်။

အမွေထိန်းစာ လျှောက်ထားမှုသည် တရားမကြီးမှု မဟုတ်ကြောင်း ဆူဘန်ခန်းပေါ် ၂ နှင့် မိုဟာမက်ယူစွက် (၁) အမှုတွင် ထုံးဖွဲ့ထားသည်။ အမွေထိန်းစာကို မည်သည့်အခါ ရုပ်သိမ်းနိုင်ကြောင်း အမွေဆက်ခံခြင်း ဥပဒေပုဒ်မ ၂၆၃ တွင် ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေ အခန်း ၄ တွင် သေတမ်းစာ အတည်ပြုလက်မှတ်နှင့် အမွေထိန်းစာ ထုတ်ပေးခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပါရှိသည်။ အဆိုပါ ပုဒ်မ ၂၉၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"295 In any case before the District Jndge" which there is contention, the proceding shall take as nearly as may be, the form of a regular suit according to the provisions of the Code of Civil pro-

(၁) ၁၉၃၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၇၂။

၁၉၉၀
ဒေါ်ထွေးတင်
နှင့်
ဒေါ်ကြည်ကြည်

dure, in which the petitioner for probate or letters of administration, as the case may be, shall be the plaintiff, and the person who has appeared to oppose the grant shall be the defendant.

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များသည် အမွေထိန်းစာထုတ်ပေးသည့် အမှုကိုရည်ညွှန်းသည်ဟုယူဆရန် အကြောင်းပေါ်ပေါက်သော်လည်း ပုဒ်မ ၂၉၆ တွင် အမွေထိန်းစာရုပ်သိမ်းသည့်အခါ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားခြင်းကိုထောက်ရှု၍ ပုဒ်မ ၂၉၅ ပါပြဋ္ဌာန်းချက်များအတိုင်း အမွေထိန်းစာရုပ်သိမ်းသည့်အမှုတွင် လိုက်နာကျင့်သုံးရန်ဖြစ်သည်ဟုဆိုရပေမည်။ သို့ဖြစ်ရာအမွေထိန်းစာကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၉ တွင် ရည်ညွှန်းထားသော 'တရားမကြီးမှု' မဖြစ်နိုင်ပေ။ သို့ဖြစ်၍အမွေထိန်းစာ ပယ်ဖျက်ပေးရန် လျှောက်ထားဆဲတွင် ဒေါ်ထွေးတင်ဖွင့်လှစ်ထားသော ဇာရီမှုကိုတရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၂၉ အရ ဆိုင်းငံ့ထားခွင့်ရှိမည်မဟုတ်ချေ။

ထူးခြားသောအခြေအနေတွင် တရားရုံးတစ်ရုံးသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ ပါ မူလဘူတအာဏာကိုသုံးစွဲ၍ ဇာရီမှုတစ်မှုကို ဆိုင်းငံ့နိုင်သည်။ ဒေါ်ထွေးတင်ရရှိထားသည့် ဒီကရီကိုတရားရုံးချုပ်က အတည်ပြုထားသည်ဖြစ်ရာ ယင်းဒီကရီကိုဇာရီပြုလုပ်ခြင်းသည် တရားရုံး၏ယန္တရားကို အလွဲသုံးစားပြုသည်ဟု ကောက်ယူရန် အကြောင်း မပေါ်ပေါက်ချေ။ အကယ်၍အမွေထိန်းစာကို ပယ်ဖျက်လိုက်ပါမူ ဇာရီမှုအရ ဒေါ်ကြည်ကြည် အနေဖြင့် လက်လွှတ်လိုက်ရသောပစ္စည်းများကို ပိုနေမြဲကျားနေမြဲပြန်ရရန် လျှောက်ထားခွင့်ရှိသည်၊ ဤအခြေအနေတွင် တရားမျှတမှုအလို့ငှာဇာရီမှုကို ဆိုင်းငံ့ထားရန်တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်လိုမည်မဟုတ်ချေ။

သို့ဖြစ်၍ဒေါ်ကြည်ကြည်က ဒေါ်ခင်တင့်အား ထုတ်ပေးထားသော အမွေထိန်းစာကို ပယ်ဖျက်ပေးရန်ရှမ်းပြည်နယ်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၇/၉၀ ကိုစွဲဆိုထား၍ ဇာရီမှုကိုဆိုင်းငံ့ပေးရန် အမိန့်ချမှတ်ခြင်းမှာဥပဒေနှင့်မညီပေ။

ထို့ကြောင့်ဤပြင်ဆင်မှုကို ခွင့်ပြု၍ဇာရီရုံး၏ ၁၉-၃-၉၀ ရက်စွဲပါ တရားမ အထွေထွေမှုအမှတ် ၇/၉၀ ကို စစ်ဆေးနေစဉ်ဇာရီ အမှုအမှတ် ၁/၉၀ အားဆိုင်းငံ့ထားရန် ချမှတ်သည့် အမိန့်ကိုပယ်ဖျက်လိုက်သည်။ ထို့နောက် ဇာရီရုံးက ၂၇-၂-၉၀ နှင့် ၁၉-၃-၉၀ နေ့တွင်

အမိန့်ချမှတ်ထားသည့်အတိုင်း တရားနိုင် ဒေါ်ထွေးတင်တောင်းဆိုထားသော ဇယား(က)ပါမြေနှင့်အိမ်ကိုလည်းကောင်း၊ ဇယား (ခ)ပစ္စည်း (၃)မျိုးဖြစ်သော ဆိုင်ခန်း၊တယ်လီဖုန်း၊ လျှပ်စစ်မီတာတို့မှအပ ကျန်ပစ္စည်းများအားလုံးကိုလည်းကောင်း လက်ရောက်ပေးအပ်နိုင်ရန်အတွက် ဇာရီမှုကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ဇာရီရုံးအား ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ်ကျပ် ၅၀ သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့်ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်းတို့ရှေ့တွင်**

+ ၁၉၉၀ ဒီဇင်ဘာလ (၂၄)ရက်

ဒေါ်ထွေးသိန်း

နှင့်

ဦးရွှေကူပါ(၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ)- စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၇—မှတ်ပုံမတင်သော အရောင်းအဝယ် စာချုပ်သည် အထမမြောက်ခြင်း- အိမ်ငှားထံမှ ဥပစာကို မှတ်ပုံမတင်သော စာချုပ်အရ ဝယ်ယူသူသည် အဆိုပါ အိမ်ငှားထံမှ တစ်ဆင့် ဆိုင်ရာဆိုင်ခွင့် ရရှိသူမဟုတ်၍ ဝယ်ယူသူဟု အဆိုရှိသူသည် အိမ်ငှားဖြစ်မလာနိုင်ခြင်း။

**ဆုံးဖြတ်ချက်။** အချင်းဖြစ်စာချုပ်ကို မှတ်ပုံမတင်ရသေးသည်မှာ အငြင်းမပွားသောအချက်ဖြစ်သည်။ ယင်းစာချုပ်ကို မှတ်ပုံတင်ရန် လိုအပ်သည်မှာလည်း မြင်သာသောအချက်ဖြစ်သည်။ သို့ဖြစ်ရာ စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၄၉ အရ၊ ရောင်းချမှုမှာ အထ မမြောက်ချေ။ ဤအခြေအနေတွင် ဝယ်သူ ဒေါ်သွန်းမေသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဆ) တွင် အနက်အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း မူလအိမ်ငှား ဦးမောင်စီ ထံမှတစ်ဆင့်ဆိုင်ရာဆိုင်ခွင့်ရရှိသူဟု ကောက်ယူနိုင်မည် မဟုတ်ချေ။ သို့ဖြစ်၍ အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ၂၇–၁၂–၈၂ ရက်စွဲပါ အိမ်အရောင်းအဝယ် စာချုပ် ချုပ်ဆိုသည်ကို အကြောင်းပြုပြီး အယူခံတရားပြိုင်များသည် မြေငှားအဖြစ်သို့ မရောက်ရှိနိုင်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထူး အယူခံမှု အမှတ် ၈

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၇ တွင် ချမှတ်ထားသော (၂၄-၉-၇၉)ရက် ပါ တရားရုံးချုပ်၏ ရင်စီချက်နှင့်ဒီကရီကိုအထူးအယူခံမှု

၁၉၉၀
ဒေါ်ထွေးသိန်း
နှင့်
ဦးရွှေကူ
ဂ (၂)

အယူခံတရားလိုအတွက် —ဒေါ်ဆန်းဆန်းဦး၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် —ဦးမင်းအောင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးမြ

သင်္ဃန်းကျွန်းမြို့နယ် တရားရုံး ၁၉၈၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၄ တွင် အယူခံတရားလို ဒေါ်ထွေးသိန်းက အယူခံတရားပြိုင် ဦးရွှေကူနှင့် ဒေါ်ညွန့်မေတို့အပေါ် မိမိပိုင်မြေကွက်အတွင်း ဆောက်လုပ်နေထိုင်လျက်ရှိသော သူတို့၏အိမ်ကို ဖျက်သိမ်း၍ မြေမှဖယ်ရှားပေးစေရန် တရားစွဲဆိုရာ မြို့နယ်တရားရုံးက နှစ်ဘက်ကို စစ်ဆေး ကြားနာပြီးနောက် ဒေါ်ထွေးသိန်း စွဲဆိုသည့်အတိုင်းဒီကရီ ချမှတ်လိုက်သည်။ ဦးရွှေကူ တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်ထွေးသိန်း စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ဒေါ်ထွေးသိန်းက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်ပြန်သဖြင့် တရားရုံးချုပ် ၁၉၈၉ ခုနှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၅၇ တွင် အယူခံဝင်သည်။ သို့သော် မအောင်မြင်သဖြင့် တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ပေးရန် တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေ လျှောက်လွှာ အမှတ် ၉၁ တွင် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ လျှောက်ထားရာ တရားရုံးချုပ်က အောက်ပါအရေးယူလောက်သည့် ပြဿနာကို ကြားနာရန် အထူးအယူခံ ဝင်ခွင့်ပြုလိုက်သည်—

'တရားလိုပိုင်မြေကို ငှားရမ်း၍ အိမ်ဆောက်နေထိုင်သူ မြေငှားထံမှ အိမ်ကိုဝယ်ယူပြီး ထိုအိမ်ပေါ်တွင် ဝင်ရောက် လက်ရှိရယူ နေထိုင်သူ တရားပြိုင်တို့သည် မြေရှင်တရားလို၏ မြေငှား အလိုအလျောက် ဖြစ်လာသလား (သို့တည်းမဟုတ်) မြေပေါ် ကျူးကျော်နေထိုင်သူ ဖြစ်သလား'

'အိမ်ငှား' ဆိုသည့် စကားရပ်ကို ၁၉၆၀'—ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ) တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားရာ ဤအမှုနှင့် သက်ဆိုင်သမျှမှာ အောက်ပါအတိုင်းဖြစ်သည်-

'အိမ်ငှားဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှတစ်ဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူ တစ်ဦးတစ်ယောက်ကိုဆိုလိုသည်။ ထိုစကားရပ်တွင် တရားမကျင့်ထုံးကို ဥပဒေ၌ အဓိပ္ပာယ် ဖော်ပြထားသည့် တရားဝင် ကိုယ်စားလှယ် လည်းကောင်း၊ အခါအားလျော်စွာ အိမ်ငှားထံမှတစ်ဆင့် ဆိုင်ရာ ဆိုင်ခွင့်ရရှိသူ အသီးသီးလည်းကောင်း ××× ပါဝင်သည်'

၁၉၉၀
ဒေါ်ထွေး
သိန်း
နှင့်
ဦးရွှေကူ
(ပါ)၂၂

အယူခံတရားပြိုင်တို့၏ ရှေ့နေက အယူခံတရားပြိုင် ဒေါ်ညွန့်မေသည် အချင်းဖြစ်အိမ်ကို မူလ အိမ်ငှားဖြစ်သူ ဦးမောင်စီထံမှ ၂၇-၁၂-၈၂ ရက်စွဲပါ စာချုပ်အရ ဝယ်ယူခဲ့ကြောင်း၊ အိမ်ရောင်းချသူ ဦးမောင်စီသည် ဒေါ်ထွေးသိန်း၏ မြေငှားဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ ဒေါ်ညွန့်မေနှင့် ဦးရွှေကူတို့သည် ဦးမောင်စီထံမှတစ်ဆင့် ဆိုင်ရာဆိုင်ခွင့် ရရှိသူဖြစ်သဖြင့် အိမ်ငှားဖြစ်သည့် အလျောက် ဒေါ်ထွေးသိန်းသည် သူတို့အား ကျူးကျော်သူများအဖြစ်ဖြင့် ဖယ်ရှားပေးစေလိုမှု တရားစွဲဆိုခွင့်မရှိကြောင်း စသည်ဖြင့် လျှောက်ထားသည်။ အယူခံတရားလို၏ ရှေ့နေက အယူခံတရားပြိုင်တို့၏ ရှေ့နေ ရည်ညွှန်းသော စာချုပ်သည် သက်သေခံမဝင်ဟု အကြောင်းပြကာ ပယ်ထားကြောင်း၊ ယင်းစာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၁၇ အရ လွှဲပြောင်းမှု တရားမဝင်သောကြောင့် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်အိမ်၏ ပိုင်ဆိုင်ခွင့်ကို မရရှိနိုင်ကြောင်း ဖြေကြားလျှောက်ထားသည်။

အချင်းဖြစ် စာချုပ်ကို မှတ်ပုံမတင်ရသေးသည်မှာ အငြင်းမပွားသော အချက်ဖြစ်သည်။ ယင်းစာချုပ်ကို မှတ်ပုံတင်ရန် လိုအပ်သည်မှာလည်း မြင်သာသော အချက်ဖြစ်သည်။ သို့ဖြစ်ရာ စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၄၉ အရ ရောင်းချမှုမှာ အထမမြောက်ချေ။ ဤအခြေအနေတွင် ဝယ်သူ ဒေါ်ညွန့်မေသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ) တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း မူလ အိမ်ငှား ဦးမောင်စီထံမှ တစ်ဆင့် ဆိုင်ရာဆိုင်ခွင့် ရရှိသူဟု ကောက်ယူနိုင်မည် မဟုတ်ချေ။ သို့ဖြစ်၍ အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ၂၇-၁၂-၈၂ ရက်စွဲပါ အိမ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုသည်ကို အကြောင်းပြုပြီး အယူခံတရားပြိုင်များသည် မြေငှားအဖြစ်သို့ မရောက်ရှိနိုင်။

မူလရုံး တရားလိုဘက်မှ ပြန်လှန်စစ်မေးရာတွင် ဦးရွှေကူက 'ဒေါ်ထွေးသိန်းမှ ကျွန်တော့်အား အိမ်ငှားအဖြစ် လက်ခံသော မြေငှားခ တစ်လခမျှ မရှိဟုဆိုလျှင် မှန်ပါသည်' ဟု ဝန်ခံထွက်ဆိုသည်။ သို့ဖြစ်ရာ ငှားရမ်းခ အပေးအယူပြုလုပ်သည့်နည်းဖြင့် ဒေါ်ထွေးသိန်းနှင့် ဦးရွှေကူတို့ အကြားတွင် အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု ပေါ်ပေါက်ခဲ့ခြင်း မရှိကြောင်းလည်း ပေါ်လွင်သည်။

တရားရုံးချုပ်က ၁၉၈၉ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၅၇ တွင် အယူခံ တရားပြိုင်တို့သည် ကျူးကျော်သူများမဟုတ်ကြောင်း ကောက်ယူရာ၌ အောက်ပါအတိုင်း အကြောင်းပြသည်—

၁၉၉၀
ဒေါ်ထွေး
သိန်း
နှင့်
ဦးရွှေကူ
ပ၅(၂)

'တရားပြိုင်ပြ သက်သေ ဒေါ်ညိုက အစစ်ခံရာ၌ ၎င်းအိမ်၌ အိမ်အရောင်းအဝယ် စကားပြောကြရာ ဒေါ်ထွေးသိန်းအား အသိပေးရန် ၎င်းက ပြောသဖြင့် ဒေါ်ထွေးသိန်းအား သွား၍ခေါ်ကြောင်း ဒေါ်ထွေးသိန်း၏ ရှေ့၌အရောင်းအဝယ်ကိစ္စစကားပြောကြကြောင်း ထွက်ဆိုသည့် ××× အိမ်အရောင်းအဝယ်စာချုပ်၌ဒေါ်ထွေးသိန်း စာမတတ်၍ သက်သေအဖြစ် လက်မှတ် မထိုးခဲ့လင့်ကစား အရောင်းအဝယ်လုပ်ကြောင်း ဒေါ်ထွေးသိန်း သိသဖြင့် သဘောတူရာ ရောက်ပေသည်။ ဒေါ်ထွေးသိန်းသာမက ၎င်း၏တူ ဦးစောဘ (ထိုစဉ်က ရပ်ကွက်ကောင်စီ လူကြီး) ကိုယ်တိုင် သိရှိသဖြင့်လည်း ဒေါ်ထွေးသိန်းအား ပြောပြပြီး အကြံပေးနိုင်သည်။ ထို့ကြောင့်အိမ်အရောင်းအဝယ် ကိစ္စ၌ ဒေါ်ထွေးသိန်း အနေဖြင့်လုံးဝလည်း မသိ၊ သဘောလည်း မတူပါဟု ငြင်းဆိုခြင်းမှာ ခိုင်လုံမှုမရှိပေ။ ၎င်းတို့ အနေဖြင့် အိမ်အရောင်းအဝယ် ကိစ္စကိုသိရှိခြင်းကြောင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်ခြင်း၊ တားခြင်းမပြုလုပ်ခဲ့ခြင်းပင်လျှင် တစ်နည်းအားဖြင့် သဘောတူရာရောက်သည်။ ထို့ကြောင့် တရားပြိုင်များသည် ဒေါ်ထွေးသိန်း သဘောမတူဘဲ ကျူးကျော်နေထိုင်သူများ မဟုတ်ပေ။ ဒေါ်ထွေးသိန်းသည် ယခုအမှုကို ကျူးကျော်နေထိုင်သူအား ဖယ်ရှားပေးစေရန် ခေါင်းစဉ်ဖြင့် စွဲဆိုခြင်းမှာ အောင်မြင်ရန် အကြောင်းမရှိပေ'

အယူခံတရားပြိုင်တို့၏ ရှေ့နေက ဒေါ်ထွေးသိန်း ရှေ့မှောက်တွင် နေအိမ် အရောင်းအဝယ် ပြုလုပ်ခဲ့ခြင်းဖြစ်သဖြင့် ဒေါ်ထွေးသိန်း၏ သဘောတူညီချက်ဖြင့် ဦးရွှေကူတို့ ဝင်ရောက်နေထိုင်ခြင်း ဖြစ်ကြောင်း ပေါ်လွင်ပါသည်ဟု တင်ပြလျှောက်ထားသည်။ အယူခံတရားလို၏ ရှေ့နေက အရောင်းအဝယ် ကိစ္စကို ဒေါ်ထွေးသိန်း သိသည် ဆိုစေဦး ယင်းသို့ သိရှိမှုဖြင့် ဒေါ်ထွေးသိန်းက ဦးရွှေကူတို့အား မြေငှားအဖြစ် အလိုအလျောက် သဘောတူ အသိအမှတ်ပြုရာ မရောက်ကြောင်း ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၁၀ အရ ပဋိညာဉ်မြောက်သော တူညီချက်ဖြစ်မှသာလျှင် မြေငှားဖြစ်လာမည် ဖြစ်ကြောင်း ဒေါ်ထွေးသိန်းနှင့် ဦးရွှေကူတို့အကြားတွင် မြေရှင် မြေငှားအဖြစ် ပဋိညာဉ်မြောက်သော သဘောတူညီချက် မရှိခဲ့ပါကြောင်း တင်ပြလျှောက်ထားသည်။ ဒေါ်ထွေးသိန်းက ဦးရွှေကူတို့အား မိမိမြေတွင် မြေငှားအဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အတိအလင်း ပြောဆိုခဲ့ခြင်း မရှိ၍ အယူခံတရားလိုတို့၏ ရှေ့နေတင်ပြချက်ကို လက်ခံရပေမည်။

အိမ်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ဒေါ်ထွေးသိန်းသိရှိမှုဖြင့် ဦးရွှေကူတို့သည် ဒေါ်ထွေးသိန်း၏သဘောတူညီချက်ဖြင့် အချင်းဖြစ်မြေအတွင်းသို့ဝင်ရောက်နေထိုင်ခြင်းဖြစ်သည်ဟု တထစ်ချမဆိုနိုင်ပေ။ အကြောင်းမူ ရောင်းချသည်ဆိုသောအိမ်မှာ ဒေါ်ထွေးသိန်းပိုင်မဟုတ်သဖြင့် ဒေါ်ထွေး

၁၉၉၀ ဒေါ်ထွေးသိန်း နှင့် ဦးရွှေကူ ပါ(၂)

သိန်းအနေဖြင့်ရောင်းချသည့်ကိစ္စကို တစ်စုံတစ်ရာကန့်ကွက်ပြောဆိုခွင့်မရှိချေ။ အချင်းဖြစ်အိမ်ကိုပိုင်ရှင်ဖြစ်သူက ဦးရွှေကူတို့အားရောင်းချသည့်ကိစ္စ၌ ကြားလူဖြစ်သောဒေါ်ထွေးသိန်းကကန့်ကွက်ဟန့်တားမှု မပြုခြင်းနှင့် ဦးရွှေကူတို့ကအချင်းဖြစ်မြေတွင် နေထိုင်သည့်ကိစ္စကို ဒေါ်ထွေးသိန်းတို့က သဘောတူညီခြင်းသည် သီးခြားကိစ္စရပ်များဖြစ်သည်။ အယူခံတရားပြိုင်တို့ဘက်မှ ဒေါ်ထွေးသိန်းသည် အယူခံတရားပြိုင်တို့အား အချင်းဖြစ်မြေကို ဆက်လက်ငှားရမ်းမည်ဖြစ်ကြောင်း အရိပ်အမြွက်အားဖြင့်သဘောတူညီရာရောက်သော စကားတစ်စုံတစ်ရာပြောဆိုခဲ့သည်၊ သို့မဟုတ်ပြုမူခဲ့သည်ဟု စွပ်စွဲထားခြင်းမရှိသဖြင့်အိမ်ရောင်းချသည့်ကိစ္စတွင် ဒေါ်ထွေးသိန်းက ဆိတ်ဆိတ်နေခဲ့ခြင်းသက်သက်ကိုအကြောင်းပြုပြီး ဦးရွှေကူတို့သည် မိမိ၏မြေငှားမဟုတ်ဟု သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့်မရှိတော့ကြောင်း ကောက်ယူခြင်းမပြုနိုင်ချေ။ ဒေါ်ထွေးသိန်းသည် အယူခံတရားပြိုင်တို့ထံမှ မြေလခတစ်စုံတစ်ရာမယူခဲ့သည့်အချက်က ဦးရွှေကူတို့အားမြေငှားအဖြစ် အသိအမှတ်မပြုလိုသည့်ဆန္ဒကို ဖော်ညွှန်းလျက်ရှိသည်။အယူခံတရားပြိုင်တို့က မြေငှားခပေးသော်လည်း ဒေါ်ထွေးသိန်းကလက်မခံသဖြင့် ပြဿနာပေါ်ပေါက်ခဲ့ရကြောင်း ချေလွှာအပိုဒ် ၁၅ တွင် အတိအလင်းဝန်ခံထားသည်။

အယူခံတရားပြိုင်တို့သည် ဒေါ်ထွေးသိန်း၏မြေငှားလည်းမဟုတ်၊ ခွင့်ပြုချက်အရနေထိုင်သူလည်းမဟုတ်သဖြင့်အချင်းဖြစ်နယ်မြေ၌အခွင့်အရေးတစ်စုံတရာအရနေထိုင်ခြင်းဖြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်ချေ။ ထို့သို့ဆိုလျှင် **ကူပါရတ်ကွတ္တီးအခန်မီရာနှင့်အီဗွတ်(၁)ကော်စ်အမ်မဟာမက်အိဗွပ်** ပ၊-၂ စီရင်ထုံးအရ ဒေါ်ထွေးသိန်းသည် အယူခံ တရားပြိုင်တို့အား အချင်းဖြစ်မြေမှဖယ်ရှားခွင့်ရှိပေသည်။ သို့ဖြစ်ရာအယူခံတရားလို၏ရှေ့နေတင်ပြသည့် မူလမြေငှားနှင့် ဒေါ်ထွေးသိန်းတို့အကြား အိမ်ရှင်အိမ်ငှားဆက်သွယ်မှုမှာ ပြတ်စဲသွားခြင်းရှိမရှိ အဆုံးအဖြတ်ပေးရန် ပြဿနာမပေါ်ပေါက်တော့ချေ။

ဒေါ်ထွေးသိန်းသည် အချင်းဖြစ်မြေကို ပိုင်မပိုင်ကိစ္စမှာ ဤအယူခံတွင် အဆုံးအဖြတ်ပေးရမည့် ပြဿနာမဟုတ်ချေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တရားရုံးချုပ်၏ ၁၉၇၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၅၇ နှင့် ရန်ကုန်တိုင်းတရားရုံး ၁၉၇၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၂ တွင် ချမှတ်ထားသောစီရင်ချက်နှင့် ဒီကရီတို့ကိုတရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ပြီး မြို့နယ်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကိုကျပ် ၁၅၀ သတ်မှတ်သည်။

(၁) ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ ၈၁-၄၁၁။

**တရားမအထူး အယူခံမှု**

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့်၊ ဦးမျိုးထွန်းလင်း ဦးကျော်ဝင်း တို့ရှေ့တွင်

+ ၁၉၉၀ / နိုဝင်ဘာလ ၁၉–ရက်

ဒါဝတ်အီဘရာဟင်ဘိုင်မြား

နှင့်

ဝိုင်ဇွအမြား(ခ)ယာတီးယား အာမက်မြား*

**အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှု–အမှုကိုစိစစ် ဆုံးဖြတ်ရန် အချက်များ။**

**ဆုံးဖြတ်ချက်။** အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးရန် မဟုတ်ဟူသော ဥပဒေသကို လိုက်နာကျင့်သုံးရန်ဖြစ်သည်။ ယခုအမှုတွင်တရားပြိုင်သည် အခွင့်အမိန့်အရ နေထိုင်သူဖြစ်သလား သို့တည်းမဟုတ် မိမိ၏ ဆိုင်ရေး ဆိုင်ခွင့်အရ နေထိုင်သူဖြစ်သလားဟူသော ပြဿနာကို စိစစ်ဆုံးဖြတ်ရာ၌ အခြေအမြစ်ရှိသော အထောက်အထားများအရ အချင်းဖြစ်ဥပစာတွင် အမွေဆက်ခံသူအဖြစ်ဖြင့်နေထိုင်သူ ဟုတ်မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရန် လိုအပ်သည်။ သို့မှသာ အခွင့်အမိန့်အရ နေထိုင်သူဟုတ်မဟုတ်ကို ပြည့်ပြည့်စုံစုံ အဆုံးအဖြတ်ပြုရာ ရောက်ပေလိမ့်မည်။ စီရင်ထုံးများတွင် အမွေဆက်ခံမှုကို နက်နက်နဲနဲ စိစစ်ခြင်းမပြုဘဲ အမွေဆိုင် တစ်ဦး အနေဖြင့် နေထိုင်ခြင်းဖြစ်ကြောင်း အခြေအမြစ်ရှိသည့် အထောက်အထားများကို စိစစ်ဆုံးဖြတ်ထားကြောင်း တွေ့မြင်ရသည်။

အယူခံတရားလိုအတွက် — ဦးခင်မောင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးမြင့်ထွန်း၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးမြ

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထူးအယူခံမှုအမှတ် ၆

+ ၁၉၈၈ ခုနှစ်၊ တရားမ ပထမအယူခံအမှုအမှတ် ၈၂ တွင် ချမှတ်သော (၁၈–၁၁–၈၈)ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု၊

၁၉၉၀

ဒု၊ ဝတ်အီဘာ ရာဟင် တိုင်မြား နှင့် ဝိုင်အေမြား (ခ) ယာတီးယား အာမက်မြား

ကွယ်လွန်သူ ဒေအေမြားနှင့် အယူခံတရားပြိုင် ဝိုင်အေမြား တို့သည် ညီအစ်ကိုအရင်း တော်စပ်သူများဖြစ်သည်။ ဒေအေမြားသည် ၁၉၇၂ ခုနှစ် အတွင်း ကွယ်လွန်သွားရာ သေတမ်းစာတစ်စောင် ရေးသားခဲ့သည်။ ယင်း သေတမ်းစာအရ အယူခံတရားလို ဒါဝတ် အီဘာရာဟင်တိုင်မြားသည် သေတမ်းစာ အတည်ပြုသူ တစ်ဦးဖြစ်သည်။ အယူခံတရားလိုက အယူခံ တရားပြိုင်အား ကွယ်လွန်သူ ကျန်ရစ်သော မြေမှ အခွင့်အမိန့်အရ နေထိုင် သူအဖြစ်မှ ဖယ်ရှားပေးစေရန် ရန်ကုန်တိုင်းတရားရုံး ၁၉၇၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၃ (ဒဂုံ) တွင် တရားစွဲဆိုရာ တိုင်းတရားရုံးက နှစ်ဘက်ကိုစစ်ဆေးကြားနာပြီးနောက် အယူခံတရားလို စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ အယူခံတရားလိုက တရားရုံးချုပ် ၁၉၈၈ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၈၂ တွင် ပထမ အယူခံဝင်သော်လည်း မအောင်မြင်ခဲ့ချေ။

အယူခံတရားလိုက တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် စစ်ဆေးစီရင်ပေးရန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ၁၉၉၀ ပြည့်နှစ် တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၁ တွင် လျှောက်ထားသော အခါ တရားရုံးချုပ်က အောက်ပါပြဿနာကို အဆုံးအဖြတ်ပေးရန် အခွင့် ထူးအယူခံခွင့်ပြုခဲ့သည်။

'အမှုသည်များ၏ အမွေခံစားခွင့်ကို အမွေမှုတွင်သာ စဉ်းစား ဆုံးဖြတ်ရန်ဖြစ်ရာ ဤခွင့်ပြုချက်ဖြင့် ထားသူအား နှင်လိုမှုတွင် အမွေ ခံစားခွင့်ကိစ္စကို ကြိုတင်သုံးသပ်ထားခြင်းမှာ သင့် မသင့်'

အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် တရားပြိုင်သည် အခွင့် အမိန့်အရ နေထိုင်သူဖြစ်သလား၊ သို့တည်း မဟုတ် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူဖြစ်သလား ဟူသောပြဿနာကို စိစစ်ရာ၌ အမွေဆက်ခံသည့် ကိစ္စကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ စိစစ် ဆုံးဖြတ်ခဲ့ကြောင်း တရားရုံးချုပ်က ၁၉၈၈ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၈၂တွင် ကိုးကားထားသော စီရင်ထုံးများတွင် လည်းကောင်း၊ အခြားစီရင်ထုံး များတွင်လည်းကောင်း တွေ့မြင်နိုင်သည်။ ယင်းစီရင်ထုံးများပါမူကို ယခင် နိုင်ငံတော်ကောင်စီကလည်း လက်ခံဆုံးဖြတ်ထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ယင်းဥပဒေပြဿနာမှာ အတည်ဖြစ်လျက် ရှိနေပေပြီ။

အယူခံတရားလို၏ရှေ့နေက ဦးသိန်းအောင်ပေါ်၊ နှင့်ဒေါ်ပင်းပေါ်၃ စီရင်ထုံးကို ကိုးကား၍ခွင့်ပြုသူ၏ အမွေစားအမွေခံတို့က ခွင့်ပြုသူ အခမဲ့ ထားခဲ့သောသူကို နှင်ထုတ်ခွင့် ရှိကြောင်းသာ ယခင်ဗဟို တရားရုံးက

---

(၁) ၁၉၈၄ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၃၃၁။

၁၉၉၀ ဒါဝတ်အီ ဘရာဟင် ဘိုင်မြား နှင့် ဝိုင်အေမြား (ခ) ယာတီးယား အာမက်မြား

လက်ခံခဲ့ကြောင်း အခြားအမွေဆက်ခံသည့် ကိစ္စများကို အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် စဉ်းစားရန် မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့ပြင် ဦးစံရှိန်ပါ ၂ နှင့် ဦးမြင့်မောင်၃ စီရင်ထုံးတွင် အခွင့်အမိန့် အရ နေထိုင်သူအား နှင်လိုမှု၌ အမွေဆက်ခံသည့် ပြဿနာ၊ သားသမီး အဖြစ်မွေးစားခြင်းဟုတ်မဟုတ် ဆိုသည့်ပြဿနာ များကို အဆုံးအဖြတ် မပေးသင့်၊ ထိုကဲ့သို့ နက်နဲသိမ်မွေ့သည့်ပြဿနာများကို ယင်းအမှုမျိုးတွင် အဆုံးအဖြတ်ပေးမည် ဆိုပါက မည်သူကမျှ တံဆိပ်ခေါင်းဖိုး အကုန်ခံကာ အမွေမှု၊ လက်ရောက်ရလိုမှု စသည့်အမှုတို့ကို စွဲဆိုမည်မဟုတ်ဘဲ တံဆိပ် ခေါင်း ၂၀ကျပ် (ယခု ၃၀ကျပ်) ကပ်ကာ ပေါ့ပေါ့နှင့် လွယ်လွယ်စွဲဆို ကြမည်ဖြစ်၍ နိုင်ငံတော်အစိုးရ၏ဘဏ္ဍာ ထိခိုက်နစ်နာဖွယ်ရာ ရှိကြောင်း ထုံးဖွဲ့ထားသည်ကို တွေ့ရကြောင်း စသည်ဖြင့် လျှောက်ထားသည်။

အခွင့်အမိန့်အရ နေထိုင်သူအား နှင်လိုမှုတွင် အမွေဆက်ခံမှုကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးရန် မဟုတ်ဟူသော ဥပဒေသကို လိုက်နာ ကျင့်သုံးရန်ဖြစ်သည်။ တစ်ဘက်တွင် တရားပြိုင်သည် အခွင့်အမိန့် အရ နေထိုင်သူဖြစ်သလား သို့တည်းမဟုတ် မိမိ၏ဆိုင်ရေးဆိုင်ခွင့်အရ နေထိုင် သူဖြစ်သလားဟူသောပြဿနာကို စိစစ်ဆုံးဖြတ်ရာ၌ အခြေအမြစ်ရှိသော အထောက်အထားများအရ အချင်းဖြစ်ဥပစာတွင် အမွေဆက်ခံသူအဖြစ် ဖြင့် နေထိုင်သူ ဟုတ်မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရန် လိုအပ် သည်။ သို့မှသာ အခွင့်အမိန့်အရ နေသူ ဟုတ်မဟုတ်ကို ပြည့်ပြည့်စုံစုံ အဆုံးအဖြတ်ပြုရာ ရောက်ပေလိမ့်မည်။ စီရင်ထုံးများတွင် အမွေဆက်ခံမှု ကို နက်နက်နဲနဲစိစစ်ခြင်းမပြုဘဲ အမွေဆိုင် တစ်ဦးအနေဖြင့် နေထိုင်ခြင်း ဖြစ်ကြောင်း အခြေအမြစ်ရှိသည့် အထောက်အထားများကို စိစစ်ဆုံးဖြတ် ထားကြောင်း တွေ့မြင်ရသည်။

ဦးစံရှိန် အမှုတွင် သုံးသပ်ထားသကဲ့သို့ သားသမီး မွေးစားခြင်း ဟုတ်မဟုတ်ဆိုသည့် ပြဿနာကို နက်နက်နဲနဲအဆုံးအဖြတ်ပေးရန် မဟုတ် ချေ။ ဆီလျော်ရာအမှုစွဲဆို၍ ယင်းပြဿနာကို အဆုံးအဖြတ် ခံယူရန် ဖြစ် သည်။ တစ်ဘက်တွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုကာ မွေးစားကြောင်း အခြေအမြစ်ရှိသည့်အထောက်အထားများ တင်ပြနိုင်သည့်အမှုတွင်မူအခွင့် အမိန့်အရ နေထိုင်သည်ဟု အဆိုရှိသောသူသည် မွေးစားမိဘ၏ အိမ်သူ အိမ်သားများအဖြစ် နေထိုင်ခြင်းဖြစ်၍ ခွင့်ပြုချက်အရ နေထိုင်သူ မဟုတ်ဟု ကောက်ယူဆုံးဖြတ်နိုင်သည်။ ဒေါ်မြသန်း နှင့် ဒေါ်တင်ဝေ[၄] စီရင် ထုံးကိုကြည့်ပါ။ သို့ဖြစ်ရာ အမွေဆက်ခံခြင်းကိစ္စ၊ သားသမီးများ မွေး

---

(၂) ၁၉၈၇ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၈။
(၃) ၁၉၈၂ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၆၄။

၁၉၉၀
ဗွါဝတ်အိဘ
ရဟင်ဘိုင်
မြား
နှင့်
ဝိုင်အေမြား
(၁)
ယာတီးယား
အာမက်မြား

စားခြင်းကိစ္စကို အခွင့်အမိန့်အရ နေထိုင်သူအား နှင်းလိုမှုတွင် မည်မျှ အတိုင်းအတာအထိ စဉ်းစားဆုံးဖြတ်သင့်သည် ဆိုသော အချက်မှာ အမှု တစ်မှုစီတွင်ပေါ်ပေါက်သော အကြောင်းခြင်းရာများ အပေါ် မူတည်ပေ သည်။

ယခုအမှုတွင် အေအေမြား ကွယ်လွန်သောအခါ ၎င်း၏မိခင် စလီမာ ဘီဘီက သားဖြစ်သူ၏အမွေတစ်စိတ်တစ်ဒေသကို ဆက်ခံကြောင်း၊စလီမာ ဘီဘီ ကွယ်လွန်သောအခါ သားဖြစ်သူ ဝိုင်အေ မြားက မိခင်၏အမွေကို ဆက်ခံကြောင်းနှင့် စပ်လျဉ်း၍ နှစ်ဘက်ရှေ့နေများ အငြင်း မပွားချေ။ သို့ရာတွင် အယူခံတရားလို၏ရှေ့နေက ပညာရှင်မူလာ ပြုစုသော မဟာ မေဒင်ဥပဒေကျမ်း အပိုဒ်၅၆ ပါပြဋ္ဌာန်းချက်ကို ကိုးကား၍ ဝိုင်အေမြား သည် အေအေမြား ကျန်ရစ်သော အမွေပစ္စည်းကို အမွေဆက်ခံခွင့်မရှိဟု လျှောက်ထားသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အယူခံတရားလို၏ ရှေ့နေ ကိုးကား သောကျမ်းအရပင် ဝိုင်အေမြားသည် အမွေဆက်ခံသည့် နည်းလမ်းဖြင့် ပိုင်ရေးပိုင်ခွင့် ရရှိသောသောကြောင့် ခွင့်ပြုချက်အရ နေထိုင်သူ မဟုတ် ကြောင်း ဖြေကြားလျှောက်ထားသည်။

အယူခံတရားပြိုင်၏ ရှေ့နေက ဝိုင်အေမြားသည် အေအေမြား ၏ အမွေစား အမွေခံ မဟုတ် ဟူသော အချက်ကို ဝန်ခံသည်။ အယူခံ တရားလို၏ရှေ့နေက ယင်းဝန်ခံချက်ကို ညွှန်ပြကာ ဝိုင်အေမြား သည် အချင်းဖြစ်မြေပေါ်တွင် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူ မဟုတ်နိုင်ကြောင်း ဦးသိန်းအောင်စီရင်ထုံးကို ကိုးကားလျှောက်ထားသည်။

အယူခံတရားလို ရှေ့နေ ကိုးကားသောကျမ်းပါ ဖော်ပြချက် အရ အေအေမြား ကွယ်လွန်သောအခါ မိခင်စလီမာဘီဘီသည် အချင်းဖြစ် မြေအပါအဝင် အေအေမြားကျန်ရစ်သော အမွေပစ္စည်း၏ တစ်စိတ် တစ် ဒေသကို အမွေဆက်ခံသည်။ ယင်းအမွေရခွင့်မှာ 'အပြီးအပိုင် အကျိုး ခံစားခွင့်'ဖြစ်သဖြင့် အမွေ ဆက်ခံရမည့်သူ စလီမာဘီဘီသည် အမွေ လက်ဝယ်မရမီ ကွယ်လွန်သွားသော အခါ ၎င်း၏ရခွင့်တို့သည် ၎င်း၏ အမွေစားအမွေခံများထံသို့ သက်ဆင်းသည်။ သို့ဖြစ်ရာ ဝိုင်အေမြားသည် အေအေမြား၏အမွေကို ညီအစ်နေဖြင့်ရခွင့် မရှိသော်လည်း မိခင်မှတစ်ဆင့် ရခွင့်ရှိပေသည်။ ထိုသို့ရရှိခြင်းမှာ ဝိုင်အေမြားက အေအေမြား၏ အမွေကို တိုက်ရိုက် ဆက်ခံခြင်းမဟုတ်၊ မိခင်ဆက်ခံရရှိသည့်အမွေကို တစ်ဆင့်အမွေ ရခြင်းသာ ဖြစ်သည်။

၁၉၉၀
ဒါဝတ်အီဘာရာဂင်ဘိုင်
မြဲ၊
နှင့်
ပို့ အမြား
(ခ)
ယာတီယား
အာမက်မြား

အယူခံတရားလို၏ ရှေ့နေက ပိုင်အေမြားသည် အေအေမြား၏ အမွေစားအမွေခံ မဖြစ်နိုင်ကြောင်း အကြိတ်အနယ်တင်ပြခြင်းမှာ မှားသည်ဟု မဆိုနိုင်သော်လည်း အေအေမြား၏ အမွေတွင် မိခင်ဖြစ်သူ ရရန်ရှိသော အမွေစုကို မဟာမေဒင်ဥပဒေအရ ဆက်ခံရရှိသော ပိုင်အေမြားသည် တစ်ချိန်က အေအေမြားပိုင်ဆိုင်ခဲ့သော အချင်းဖြစ်မြေတွင် ပိုင်ရေးပိုင်ခွင့်အရ နေထိုင်သူဖြစ်သည်ဟု ကောက်ယူရပေမည်။ ထိုသို့ ကောက်ယူရာတွင် အမွေဆက်ခံသည့်ကိစ္စကို နက်နက်နဲနဲ အဆုံးအဖြတ်ပေးခြင်း မဟုတ်ပေ။

မြင်သာသော အကြောင်းခြင်းရာများအရ အချင်းဖြစ်မြေ၏ ပိုင်ရှင် အေအေမြား ကွယ်လွန်သောအခါ မိခင်ဖြစ်သူက အမွေ ဆက်ခံခြင်း မိခင်ကွယ်လွန်ပြန်သောအခါ သားဖြစ်သူ ပိုင်အေမြားက မိခင်ဖြစ်သူ၏ ဝေစုကို အမွေဆက်ခံခြင်းတည်းဟူသော မြင်သာသည့် အကြောင်းခြင်းရာများအရလည်းကောင်း၊ ဥပဒေကြောင်းအရ လည်းကောင်း အဆုံးအဖြတ်ပေးခြင်းသာ ဖြစ်သည်။ တစ်ဘက်တွင် တရားရုံးချုပ်က အယူခံမှု၌ အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ မဟာမေဒင်ဥပဒေကို သုံးသပ်ရာတွင် လိုအပ်သည်ထက် ပိုသည်ဟု ယူဆသည်။

အယူခံတရားလို၏ ရှေ့နေက တိုင်းတရားရုံးသည် ပိုင်အေမြားမှာ အယူခံတရားလို၏ ခွင့်ပြုချက်အရ အချင်းဖြစ်မြေတွင် နေထိုင်ခြင်း ဖြစ်သည်ဟု ကောက်ယူဆုံးဖြတ်ခဲ့ကြောင်း၊ အယူခံတရားလိုတင်သွင်းသော တရားရုံးချုပ် ၁၉၈၈ ခုနှစ် တရားမ ပထမအယူခံမှု အမှတ် ၈၂ တွင် ယင်းကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းကြောင်း ပိုင်အေမြားက တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁ နည်း ၂၂ တွင် ခွင့်ပြုထားသည့်အတိုင်း ပြန်လှန်ကန့်ကွက်လွှာ တင်သွင်းခဲ့ခြင်းမရှိသဖြင့် အဆိုပါဆုံးဖြတ်ချက်မှာ အတည်ဖြစ်လျက်ရှိသောကြောင့် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ် ပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို အယူခံ တရားပြိုင်၏ ရှေ့နေက ဖြေကြားခြင်းမပြုချေ။

အယူခံတရားလို ရည်ညွှန်းသော ကောက်ယူဆုံးဖြတ်ချက်ကို အယူခံတရားပြိုင်က အယူခံဝင်ခွင့်မရှိချေ။ တရားမကျင့်ထုံးဥပဒေအရ စီရင်ချက်ကို အယူခံဝင်ခြင်းမဟုတ် ဒီကရီကိုသာအယူခံဝင်ခြင်း ဖြစ်သည်။ ရန်ကုန်တိုင်း ၁၉၈၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၃ (ဒဂုံ) တွင် ချမှတ်သော ဒီကရီ၌ အဆိုပါ ကောက်ယူဆုံးဖြတ်ချက်ကို ထည့်သွင်းဖော်ပြထားခြင်း မရှိချေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်သည် အဆိုပါ ကောက်ယူဆုံးဖြတ်ချက်ကို အယူခံဝင်ခွင့် မရှိသည့်အလျောက် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ ပြန်လှန်ကန့်ကွက်လွှာ တင်သွင်းခွင့်မရှိချေ။

၁၉၉၀
ဒါဝတ်အိ ရှာင်တိုဒ်
မြား
နှင့်
ဗိုင်ဒေမြား
(ခ)
ယာတီယား
အာမက်မြား

**မသိန်းရှင်ပါ ၅နှင့်တန်ကိခန်ပါ ၄[၁]နှင့် အမီးအာရ်ဘီဒင်နှင့်ဦးလှိုင်ဖေ**ပါ ၄[၂]စီရင်ထုံးများကို ကြည့်ပါ။

ထို့ကြောင့် ဤအထူးအယူခံကို တရားရုံးအဆင့်ဆင့် စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ဗ္ဗရှ့နေခကို ကျပ် ၁၅၁ သတ်မှတ်သည်။]

---

(၁) ၁၉၅၅ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၈၅ (တရားလွှတ်တော်ချုပ်)
(၂) ၁၉၆၇ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးမျာ ၊ စခ-၁၁၇၄

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းသင်း ရှေ့တွင်

ကိုပုပါ (၂)

နှင့်

ဒေါ်သန်းသန်းပါ(၆)*

+ ၁၉၉၀ ဇွန်လ ၁၈ ရက်

**လိမ်လည်မှု– မည်သည့် လိမ်လည်မှုမျိုးအပေါ် အခြေခံ၍ ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ခြင်း၊ ဆုံးဖြတ်ပြီးသော ပြဿနာကို ထပ်မံအရေးဆိုခွင့်မရှိခြင်း။**

ဆုံးဖြတ်ချက်။ လိမ်လည်မှုကိုအကြောင်းပြု၍ ဒီကရီတစ်ရပ်ကို ပယ်ဖျက်ပေးရန်အတွက် တရားစွဲဆိုနိုင်ရန် ထိုဒီကရီကို အခြေခံသည့် သက်သေခံချက်သည် မမှန်ကန်ကြောင်း တရားလိုက ပြဆိုရုံမျှဖြင့်မလုံလောက်ပေ။ မိမိ၏ ပျက်ကွက်မှု(သို့မဟုတ်)လျစ်လျူရှုမှုကြောင့်မဟုတ်ဘဲ တရားပြိုင်(ယခင်အမှုတရားလို)၏တမင်လိမ်လည်လှည့်ဖြားမှုကြောင့်မိမိသည် ယင်းလိမ်လည်မှုကို ယခင်အမှုတွင် ဖော်ထုတ်နိုင်ခွင့်မရခဲ့ကြောင်း သက်သေပြရမည်။ ဆုံးဖြတ်ပြီးသော ပြဿနာများကို ထပ်မံအရေးဆိုခွင့် မရနိုင်ချေ။

| | |
|---|---|
| အယူခံတရားလိုများအတွက် | – ကိုယ်တိုင် |
| အယူခံတရားပြိုင်များအတွက် | – ဦးမင်းဆွေ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | – ဦးအောင်ထွေး။ |

မန္တလေးတိုင်း တရားရုံးတရားမကြီးမှုအမှတ် ၄၁၆/၇၉(အရှေ့မြောက်)တွင် အယူခံတရားလို ကိုပုနှင့် မညွန့်ငွေတို့က အယူခံတရားပြိုင် ဒေါ်သန်းသန်း၊ ဦးခင်မောင်စု၊ ဒေါ်ခင်မြမြ ဒေါ်ခင်မမ၊ ဦးထွန်းအောင်ကျော်နှင့် ဒေါ်ထိုက်အောင်တို့(၆)ဦးအပေါ် မဟုတ်မမှန်တင်ပြ၍ ရယူထားသော ဒီကရီဖြစ်ကြောင်း ကြေညာပြဋ္ဌာန်းပေးရန်နှင့် အိမ်ကို တရားလိုများ ပိုင်ခြင်းကြောင့် မြေငှားဖြစ်ကြောင်း ကြေညာပြဋ္ဌာန်းပေးရန် စွဲဆိုရာ ပလပ်ခံရသည်။ ယင်းသို့ပလပ်သည့် တိုင်းတရားရုံး၏ စီရင်

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၉၆

+ ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၆ တွင် ချမှတ်သော (၂၉–၁၂–၇၉) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု၊

၁၉၉၀
ကိုပု ပါ(၂) နှင့် ဒေါ်သန်း သန်း ပါ(၆)

ချက်နှင့် ဒီကရီအပေါ် မူလရုံးတရားလို ကိုပု တို့က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ပထမအယူခံကို တင်သွင်းသည်။

ယခင်မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၃၇/၇၃ တွင် ဒေါ်သန်းသန်းက ကိုပု နှင့် မသွန်ဝေတို့အပေါ် အချင်းဖြစ် မန္တလေးမြို့၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် ၇၂၃၊ ဦးပိုင်(၁၀)ရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံမှ ထွက်ခွာပေးရန် အခမဲ့နေသူ နှင့် လိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီရရှိခဲ့သည်။ ထိုအမှုတွင် မြို့နယ်တရားရုံးက တရားပြိုင် ကိုပုတို့သည် အချင်းဖြစ် အဆောက်အအုံ၏ ပိုင်ရှင်ဖြစ်သည်ဟုဆိုခြင်းမှာမမှန်၊အချင်းဖြစ်မြေနှင့် အဆောက်အအုံတွင် တရားလို ဒေါ်သန်းသန်း၏ ခွင့်ပြုချက်အရ နေခြင်းမှန်သည်ဟု ကောက်ယူဆုံးဖြတ်၍ ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။ မူလရုံး၏ ဒီကရီကို ယခင် မန္တလေးတိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၁၁/၈၁ (အရှေ့မြောက်) တွင်လည်းကောင်း၊ ယခင်ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) တရားမ ဒုတိယအယူခံအမှုမှတ် ၆၉/၈၁ တွင် လည်းကောင်း အတည်ပြုသည်။ ထိုသို့ ဒေါ်သန်းသန်း ရရှိခဲ့သည့် ဒီကရီသည် မဟုတ်မမှန်တင်ပြ၍ ရယူထားသော ဒီကရီဖြစ်ကြောင်းနှင့် မိမိတို့သည် မြေငှား ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် အယူခံတရားလို ကိုပု တို့က ဒေါ်သန်းသန်းတို့အပေါ် ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

အမှုတွင်ဒေါ်သန်းသန်းအပြင် အချင်းဖြစ်မြေ၏ မူလပိုင်ရှင် ဦးခင်မောင်ကြီး၏ သားသမီးများဟုဆိုသော မြေရှင်ဦးခင်မောင်စု၊ ဒေါ်ခင်မြမြနှင့် ဒေါ်ခင်မမတို့အား (၂)(၃)(၄)တရားပြိုင်များအဖြစ် လည်းကောင်း၊ ထိုသူတို့ထံမှမြေကို ဒေါ်သန်းသန်းကဝယ်ယူပြီး ဒေါ်သန်းသန်းထံမှ မြေကို ထပ်ဆင့်ဝယ်ယူသည်ဆိုသူ ဦးထွန်းအောင်ကျော်နှင့် ဒေါ်ထိုက်အောင်တို့အား (၅) (၆) တရားပြိုင်များအဖြစ်လည်းကောင်း ထည့်သွင်းစွဲဆိုထားသည်။

ချေလွှာတွင် ဒေါ်သန်းသန်းတို့က အခြားအချက်များအပြင် ဒေါ်သန်းသန်းက ကိုပုတို့အပေါ်တရားရုံးအဆင့်ဆင့်တွင် အနိုင်ရရှိထားသော ယခင်အခမဲ့ထားသူနှင်လိုမှုဒီကရီကြောင့်တရားလိုကိုပုတို့က မိမိတို့အပေါ် တို့ဤအမှုကိုစွဲဆိုခွင့်မရှိ၊ မီးသေပြီးဆုံးဖြတ်ချက်ဖြစ်ကြောင်း ချေပသည်။

မူလရုံးက ငြင်းချက် (၄) ရပ်ထုတ်ပေးရာ ငြင်းချက်အမှတ်(၃) ကို ပဏာမငြင်းချက်အဖြစ် အောက်ပါအတိုင်းထုတ်ပေးသည်—

၃။ တရားလိုများသည် (၁)တရားပြိုင်ဒေါ်သန်းသန်းပိုင် အခင်းဖြစ် မြေနှင့်အဆောက်အအုံတွင် ခွင့်ပြုချက်ဖြင့်နေထိုင်သူများဖြစ်၍ ဒေါ်

၁၉၉၀
ကိုပု ပါ(၂) နှင့် ဒေါ်သန်း သန်း ပါ(၆)

သန်းသန်းက နှင်လိုမှုစွဲဆိုခဲ့ရာ တရားရုံးအဆင့်ဆင့်၌ အနိုင်ရရှိခဲ့ပြီးဖြစ်၍ တရားလိုများသည် ဤအမှုကိုစွဲဆိုပိုင်ခွင့်မရှိ ဆိုတာမှန်မှန်သလား’

ပဏာမငြင်းချက်အပေါ် နှစ်ဘက်ကြားနာပြီး မူလရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁(၄)အရ မီးသေပြီးဖြစ်၍ ကိုပုတို့အနေဖြင့် ဤအမှုကိုစွဲဆိုပိုင်ခွင့်မရှိတော့ကြောင်း ‌ကောက်ယူဆုံးဖြတ်၍ အမှုကိုပလပ်လိုက်ခြင်းဖြစ်သည်။

လိမ်လည်မှုကို အကြောင်းပြု၍ ဒီကရီတစ်ရပ်ကို ပယ်ဖျက်ပေးရန်အတွက် တရားစွဲဆိုနိုင်ရန် ထိုဒီကရီကိုအခြေခံသည့် သက်သေခံချက်သည် မမှန်ကန်ကြောင်း တရားလိုကပြဆိုရုံမျှဖြင့် မလုံလောက်ပေ။ မိမိ၏ပျက်ကွက်မှု (သို့မဟုတ်) လျစ်လျူရှုမှုကြောင့်မဟုတ်ဘဲ တရားပြိုင်(ယခင်အမှုတရားလို)၏ တမင်လိမ်လည်လှည့်ဖြားမှုကြောင့် မိမိသည်ယင်းလိမ်လည်မှုကို ယခင်အမှုတွင် ဖော်ထုတ်နိုင်ခွင့်မရခဲ့ကြောင်း သက်သေပြရမည်။ ဆုံးဖြတ်ပြီးသော ပြဿနာများကိုထပ်မံ အရေးဆိုခွင့်မရနိုင်ချေ။ **ဒေါက်တာအဖွဲ့ဒူလ်ရင်ပါ—၂ နှင့် ‹နို့ဒစ်တိုင်ရမ်နှင့်အခြားသူများ[၁] အမှုကိုကြည့်ပါ။**

**ကောဒီး၊မူရှီတန် နှင့် ဘာဘူမိုဟင်ဒရာနတ်(သ်)ဆင်း[၂] အမှုတွင်**လည်း—

‘A suit to set aside a decree on the ground of fraud is maintainable only when the fraud allegeu was extra. neous to the previous trial’.

ဟုထုံးပြုထားသည်။ထို့ပြင် **အမ်၊ဒေ၊မေစတြဲ[၀] နှင့် အဖြိုဒူ(လ်)အာဇစ်ရာမန်[၃]** အမှုတွင်လည်းအလားတူပင် ‘the fraud alleged must be on extrinsic fraud’ဟု ပြဆိုသည်။

သို့ဖြစ်၍ ဒီကရီတစ်ရပ်ကို လိမ်လည်လှည့်ဖြား၍ ရယူခဲ့သောဒီကရီဖြစ်ခြင်းကြောင့် ပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရရန်မှာ ယခင်အမှုတွင် တရားလို၏လိမ်လည်လှည့်ဖြားခြင်းကြောင့်ထိုအမှုတွင်တရားပြိုင်ကမိမိထုချေလိုသောအချက်ကို တင်ပြခွင့်မရခဲ့ခြင်း၊ ထိုလိမ်လည်မှုသည် အဆုံးအဖြတ်

(၁) အေအိုင်အာ၊ ၁၉၃၇၊ ရန်ကုန်စာ-၅၃၄။
(၂) ရန်ကုန်အတွဲ ၁၊ စာ-၅၀၀။
(၃) ရန်ကုန်အတွဲ-၅၊ စာ-၄၆။

၁၉၉၀ ကိုပု ပါ ၂) နှင့် ဒေါ်ထန်း သန်း ပါ(၆)

ပေးခဲ့သည့်အမှု၏ ပြင်ပတွင်ပေါ်ပေါက်ခဲ့သော ကိစ္စဖြစ်ခြင်းစသည့်အချက်တို့ကို အကြောင်းပြု၍ စွဲဆိုခြင်းဖြစ်ရန်လိုအပ်သည်။ ဆုံးဖြတ်ပြီးသည့်အမှုတွင် သက်သေခံချက်များမမှန်မကန်တင်ပြကာ ဒီကရီကိုရယူခဲ့သည်ဆိုပြီး ထိုဒီကရီကိုပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ကိုလမ်းဖွင့်ပေးထားပါက အမှုတစ်မှုတွင်ရှုံးနိမ့်သူက ထိုအမှု၌အမှုနိုင်သူသည် မမှန်ကန်သောသက်သေခံချက်များ တင်ပြကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်ဟု အကြောင်းပြချက်ဖြင့် 'အတောမသတ်၊သံသရာလည်'ကာ တရားစွဲဆိုနေကြခြင်းဖြင့် မှုခင်းများဆုံးခန်းတိုင်ရောက်ရန် အကြောင်းရှိတော့မည်မဟုတ်ချေ။

ဤအမှုတွင်စွဲဆိုခဲ့သော ယခင်တရားမကြီးမှု ၃၇/၇၃ တွင်ကိုပုတို့က သူတို့သည်အချင်းဖြစ်မြေပေါ်၌ အခမဲ့နေထိုင်သူများမဟုတ် မြေငှားအဖြစ်နေထိုင်ခဲ့သူများဖြစ်ကြောင်း ချေပခွင့်ရခဲ့၍ ထိုအချက်ကိုပင်အဓိကအားကိုးချေပခဲ့ကြပြီးဖြစ်သည်။ ယင်းချေပချက်မမှန်ကြောင်းလည်း တရားရုံးအဆင့်ဆင့်က သီးခြားငြင်းချက် ထုတ်ဆုံးဖြတ်ခဲ့ပြီးဖြစ်၍ နောက်ထပ်တရားစွဲဆိုရန် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ (၄) အရ မီးသေပိတ်ပင်ပြီးဖြစ်ကြောင်း ထင်ရှားသည်။ **ဦးရွှေမိုးနှင့် ဦးသန်းမောင်** [၁] အမှုတွင်ကြည့်ပါ။ ထို့ကြောင့်ယခုအမှုတွင်အယူခံတရားလိုကိုပုတို့အဆိုပြုသည့်အချက်များမှာ ယခင်အမှုတွင် တရားရုံးအဆင့်ဆင့်က အကျုံးဝင်ဆုံးဖြတ်ပြီးဖြစ်ခြင်းကြောင့် မြေငှားဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်ဆိုသည့် ယခင်ပြဿနာကိုပင် နောက်ထပ်တရားတစ်ထုံးစွဲဆို ဖော်ထုတ်ခွင့်မရတော့ချေ။ **ဒေါ်ငြိမ်းခင်နှင့် မက်ဆား(စ်)ဂျက်ဗ္ဘာရားသားလီမီတက်** [၂] အမှုတွင်ကြည့်ပါ။

ဤကဲ့သို့နောက်ထပ်တရားစွဲဆိုရန် မီးသေပြီးအမှုဖြစ်ခြင်းကြောင့် ကျန်ငြင်းချက်များကို ဖြေဆိုဆုံးဖြတ်ရန်မလိုတော့ဘဲ မူလရုံးကတရားလိုစွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။

အထက်ပါအကြောင်းများကြောင့် မူလရုံး၏စီရင်ချက်နှင့် ဒီကရီကိုအတည်ပြု၍ အယူခံကိုတရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ်-၁၀၀ သတ်မှတ်သည်။

---

(၄) ၁၉၈၄၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၁၈၈။

(၂) ၁၉၆၃၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ။ စာ-၈၆၄ (တရားရုံးချုပ်)

## တရားမ အထွေထွေလျှောက်လွှာ

**တရားရုံးချုပ်၊ တရားသူကြီး ဦးအေးအုန်း၊ ဦးမျိုးထွန်းလင်း နှင့် ဦးကျော်ဝင်း တို့ရှေ့တွင်**

ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင်

နှင့်

ဦးမျိုးသန်းပါ–၂*

+ ၁၉၉၀ မေလ (၃၀)ရက်

**အရေးယူလောက်သည့် ပြဿနာ–အထူးအယူခံ ဝင်ခွင့်ပေးခြင်း– နို့တစ်စာ တရားမဝင်မှာ အများပြည်သူနှင့်သက်ဆိုင်သည့် အရေးကြီးသော ဥပဒေ ပြဿနာမဟုတ်၍ အထူးအယူခံ ဝင်ခွင့် မပေးသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** လျှောက်ထားသူ၏ပြဆိုချက်ဖြစ်သည့် အမှုများတွင် ပေးပို့ခဲ့သည့် နို့တစ်စာမှာ ဥပဒေအရမှားယွင်းနေသဖြင့် လျှောက်ထားခံရသူများသည် ဒီကရီမရထိုက်ပါဟု ဆိုသည်နှင့်ပါတ်သက်၍ ၎င်းအချက်ကို မူလရုံးနှင့် တရားရုံးချုပ်တို့မှ သက်သေခံချက်များနှင့် အကြောင်းအရာများ စိစစ်ပြီး နို့တစ်စာမှာ ဥပဒေအရ မှန်ကန်စွာ ပေးပို့သည့်နို့တစ်စာ ဖြစ်ကြောင်း သဘောတူညီ ယူဆဆုံးဖြတ်ထားပြီး ဖြစ်သည့်အပြင် ၎င်းပြဿနာမှာ အကြောင်းခြင်းရာနှင့် ဥပဒေရောစပ်နေလင့်ကစား အများပြည်သူနှင့်သက်ဆိုင်သည့် အရေးကြီးသည့်ဥပဒေ ပြဿနာတစ်ရပ် မဟုတ်သောကြောင့် ထိုအကြောင်းပြချက်တို့အပေါ် မူတည်၍ စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာရန် မသင့်သဖြင့် လျှောက်ထားသူ၏ လျှောက်ထားလွှာများကို ပယ်ရန်သာဖြစ်သည်။

လျှောက်ထားသူအတွက် —ဦးအုန်းမောင်၊တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်—ဦးစိုးမြင့်၊ တရားရုံးချုပ်ရှေ့နေ
ဦးကျော်ဇင်လွင်၊တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးလှမြင့်ဝင်း

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၇၀၊ ၇၁

\+ ၁၉၈၉ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၇၄၊ ၇၅ တွင် ချမှတ်သော (၈-၁-၉၀) ရက်စွဲပါ ရန်ကုန်မြို့တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေးဥပဒေ ပုဒ်မ ၆ အရ ပြန်လည်ကြားနာပေးရန် လျှောက်ထားမှု။

**၁၉၉၀**
**ဒေါ်မိမိသွင်**
**(ခ)**
**ဒေါ်တင်မာ**
**သွင်**
**နှင့်**
**ဦးမျိုးသန်း**
**ပ၊ (၂)**

ဦးမျိုးသန်းနှင့် ဒေါ်ခင်သန်းနု တို့က ဒေါ်မိမိသွင်(ခ)ဒေါ်တင်မာသွင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၂ (၁) (က)အရ လည်းကောင်း၊ စမ်းချောင်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၁/၇၆ နှင့် ၁၅/၇၆ တို့တွင် အိမ် နှင်လိုမှုအသီးသီးစွဲဆိုသည်။ အမှုနှစ်မှုလုံးတွင် နို့တစ်စာများ တရားဝင် မဝင်နှင့်စပ်လျဉ်းသော ပဏာမငြင်းချက်များတွင် မူလရုံးက ဥပဒေနှင့်ညီကြောင်း တရားဝင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဒေါ်မိမိသွင်က ထိုအမိန့်များကို ပယ်ဖျက်ပေးရန် တရားရုံးချုပ်သို့ တရားမပြင်ဆင်မှုအမှတ် ၃၃၁/၇၉ နှင့် ၃၃၂/၇၉တို့ကို တင်သွင်းသော်လည်း အောင်မြင်မှုမရရှိပေ။ ထို့အတူ ဒေါ်မိမိသွင်က အဆိုပါအမိန့်များကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄ အမိန့် ၄၇အရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားသော တရားရုံးချုပ် တရားမအထွေထွေ လျှောက်လွှာအမှတ် ၇၄/၇၉ နှင့် ၇၅/၇၉တို့မှာလည်း လက်ခံရေး အဆင့်တွင်ပင် ပြန်လည်စိစစ်ရန် အကြောင်းမရှိကြောင်းဖြင့် ၈-၁-၉၀ နေ့တွင် ပယ်ကြောင်း အမိန့်များ ချသည်။

ဒေါ်မိမိသွင်က ထိုအမိန့်များကို တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြန်လည်ကြားနာပေးပါရန် ဤတရားမအထွေထွေ လျှောက်လွှာ အမှတ် ၇၀/၉၀နှင့် ၇၁/၉၀ အသီးသီးတင်သွင်းသည်။

အထွေထွေ လျှောက်ထားမှု နှစ်မှုသည် ဥပဒေပြဿနာ ဆက်စပ်မှုရှိသဖြင့် ဤစီရင်ချက်သည် အမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

တရားရုံးချုပ် ပြင်ဆင်မှု အမှတ် ၃၃၁/၇၉နှင့် ၃၃၂/၇၉ တို့တွင် အဆိုလွှာအရ အိမ်လခတစ်လ ၇၅၀ကျပ်နှုန်းဖြင့် ၁၉၇၉ခုနှစ် မတ်လမှ စတင်ငှားရမ်းသည်ဟု ဖော်ပြကြောင်း၊ ငှားရမ်းခကို ၂နှစ်အတွက် ၅လ အတွက် စသည်ဖြင့် ကြိုတင်ပေးသော်လည်း သီးခြားကတိ စာချုပ် မရှိသောကြောင့် လအလိုက်ငှားပြီး လစဉ် အင်္ဂလိပ်လဆန်း (၁)ရက်နေ့မှ စတင်ငှားသည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၁၂ (၁)(က) အရ စွဲဆိုမှုတွင် အိမ်ရှင်ကအိမ်ငှားထံသို့ ၃၁-၃-၇၇နေ့စွဲပါ နို့တစ်စာအရ အိမ်ငှားသည် ၃၀-၄-၇၇ နေ့ကိုနောက်ဆုံးထား၍ ဖယ်ရှားပေးရန် ပေးပို့ခြင်းမှာ ဥပဒေနှင့်ကိုက်ညီကြောင်း၊ ပုဒ်မ ၁၂ (၁) (စ)အရ စွဲဆိုမှုတွင် ၁၀-၁၀-၇၆ နေ့စွဲဖြင့် နို့တစ်စာပေးပို့ပြီး ၃၁-၁၀-၇၆နေ့ နောက်ဆုံးထား၍ပြောင်းရွှေ့ရန် တောင်းဆိုခြင်းမှာ တရားဝင်ကြောင်း၊ မြို့နယ်တရားသူကြီး၏ ဆုံးဖြတ်ချက်များသည် မှားယွင်းမှုမရှိကြောင်း သုံးသပ်လျက် ပြင်ဆင်မှုများကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

၁၉၉၀
ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင် နှင့် ဦးမျိုးသန့် ပါ(၂)

အဆိုပါအမိန့်များကို ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားသော တရားရုံးချုပ် အထွေထွေလျှောက်လွှာအမှတ် ၇၄/၇၉နှင့်၇၅/၇၉ တို့ကို ပြန်လည်စိစစ်ရန် အကြောင်းမရှိကြောင်းဖြင့် ပယ်ခဲ့သည်။

လျှောက်ထားသူက အထွေထွေ လျှောက်လွှာအမှတ် ၇၀/၉၀ တွင် အမိကအားဖြင့် အောက်ပါအချက်(၂)ရပ်ကို တင်ပြသည်–

(၁) နို့တစ်စာ ကုန်ဆုံးသောနေ့ရက်သည် နို့တစ်စာတွင် ပါရှိသော ငှားရမ်းသောလ ကုန်ဆုံးသည့်နေ့ရက်နှင့် တစ်ထပ်တည်း ကျနေသောကြောင့် တကယ်အမှန် ငှားရမ်းသောကာလ ကုန်ဆုံးသည့် နေ့ရက်ထက် တစ်ရက်ပိုမိုနေထိုင်ခွင့် ပေးထားကြောင်း၊

(၂) နှစ်အလိုက် သီးခြားစာချုပ် မရှိသည့်တိုင်အောင် တရားလိုက ဤသို့ငှားရမ်းသည့်သဘော ထွက်ဆိုပြီး နို့တစ်စာကို လအလိုက် ငှားရမ်းသကဲ့သို့ ပေးထားခြင်းသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆နှင့် မကိုက်ညီကြောင်း တင်ပြသည်။

အထွေထွေလျှောက်လွှာအမှတ် ၇၁/၉၀တွင် အထက်ပါအချက်(၂) ရပ်အပြင် အောက်ပါအချက်(၂)ရပ်ကို တင်ပြသည်–

(၁) ပထမစွဲဆိုသော တရားမကြီးမှုအမှတ် ၁၃/၇၆၏ ၁၀–၁၀–၇၆ နေ့စွဲပါ နို့တစ်စာဖြင့် အိမ်ရှင်အိမ်ငှားအဖြစ် ရပ်စဲပြီးမှ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလအထိ အိမ်လခများကို ထည့်သွင်း တောင်းခံထားကြောင်း၊

(၂) အိမ်ရှင်အိမ်ငှား သဘောတူသော ငှားရမ်းခလည်းမဟုတ်၊ စံ ငှားရမ်းခလည်းမဟုတ်သော ငှားရမ်းခကိုတောင်းခံသော နို့တစ်စာသည် ဥပဒေနှင့်မညီကြောင်း တင်ပြပါသည်။

အိမ်ရှင်ဖြစ်သူက အိမ်ငှားဖြစ်သူအား လဆန်း(၁)ရက်နေ့မှ စတင် ငှားရမ်းခြင်း ရှိမရှိ ဟူသောအချက်၊ ထိုကဲ့သို့ ငှားရမ်းခြင်းမှာ လအလိုက် ဟုတ်မဟုတ် ဟူသောအချက်တို့သည် အကြောင်းခြင်းရာ ပြဿနာ ဖြစ်သည်။

ရင်းအပြင် နို့တစ်စာတရားဝင် မဝင် ကိစ္စရပ်နှင့်စပ်လျဉ်းပြီး လျှောက်ထားသူမှတင်ပြသော ကျန်အကြောင်းပြချက်တို့မှာလည်း ဒီကရီကိုအယူခံသောအခါ အယူခံအကြောင်းပြချက်အဖြစ် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၀၅ အရ တင်ပြနိုင်ခွင့်ရှိသည်။

၁၉၅၁
ဒေါ်မိမိသွင် (ခ) ဒေါ်တင်မာသွင် နှင့် ဦးမျိုးသန့် ပေါ်(၂)

သို့ဖြစ်ရာ လျှောက်ထားသူ၏ ပြဆိုချက်ဖြစ်သည့်အမှုများ၌တွင် ပေးပို့ခဲ့သည့် နို့တစ်စာမှာ ဥပဒေအရ မှားယွင်းနေသဖြင့် လျှောက်ထားခံရသူများသည် ဒီကရီမရထိုက်ပါဟု ဆိုသည်နှင့် ပတ်သက်၍ ၎င်းအချက်ကို မူလရုံးနှင့် တရားရုံးချုပ်တို့မှ သက်သေခံချက်များနှင့် အကြောင်းအရာများ စိစစ်ပြီးနို့တစ်စာမှာ ဥပဒေအရ မှန်ကန်စွာပေးပို့သည့် နို့တစ်စာဖြစ်ကြောင်း သဘောတူညီယူဆ ဆုံးဖြတ်ထားပြီး ဖြစ်သည့်အပြင် ၎င်းပြဿနာမှာ အကြောင်းခြင်းရာနှင့် ဥပဒေရောစပ်နေသင့်ကစား အများပြည်သူနှင့် သက်ဆိုင်သည့် အရေးကြီးသည့် ဥပဒေ ပြဿနာ တစ်ရပ်မဟုတ်သောကြောင့် ထိုအကြောင်းပြချက်တို့အပေါ် မူတည်၍ စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာရန် မသင့်သဖြင့် လျှောက်ထားသူ၏ လျှောက်ထားလွှာများကို ပယ်ရန်သာဖြစ်သည်။ **ဒေါက်တာဘဦးဒုတ်(စ်) နှင့် မစ္စည်းထိန်းဝန်။ တရားရုံးချုပ် အမှု**ကို အကိုးအကားပြုသည်။

ထို့ကြောင့် ဒေါ်မိမိသွင်၏ လျှောက်ထားလွှာကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၇၀ သတ်မှတ်သည်။

(၁) ၁၉၅၆ ဖြင့်ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ စာ-၁၁၁

## တရားမအထွေထွေအယူခံမှု

+ ၁၉၉၀ ဇူလိုင်လ (၂) ရက်

တရားရုံးချုပ် တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဒေါ်မြမော်လွှ

နှင့်

ဦးဝေါင်ဖုတ်ရီပါ–၂ *

**တရားမကျင့်ထုံးဥပဒေအမိန့် ၃၁၊ နည်း ၁၆–တရားနိုင်၏ တရားဝင်ကိုယ်စားလှယ် အဖြစ်ဖြင့် ၎င်း၏ အစ်ကိုဖြစ်သူက တရားနိုင်ရရှိထားသောဒီကရီကို အတည်ပြုခွင့်ရှိမရှိ–တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆–မူလတရားနိုင် လျှောက်ထားခွင့်ရှိသော ဇာရီမှုကို တရားနိုင်အားဆက်ခံအရေးဆိုသူက ဆက်လက် ဆောင်ရွက်ခွင့် ရှိမရှိ။**

**ဆုံးဖြတ်ချက်။** အယူခံတရားပြိုင် ဦးဝေါင်ဖုတ်ရီသည် တရားနိုင်ဦးဝေါင်ဖုတ်မိန်၏ အစ်ကို ဖြစ်သည့် အားလျော်စွာ ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် တရားနိုင်ရရှိထားသော ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်း ၁၆ အရ အတည်ပြုခွင့်ရှိပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** မူလတရားနိုင် လျှောက်ထားခွင့်ရှိသော ဇာရီမှုကို ယင်းတရားနိုင်အား ဆက်ခံအရေးဆိုသူအနေဖြင့် အစ်ကို ဦးဝေါင်ဖုတ်ရီက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၄၆ တွင် ခွင့်ပြုထားသည့် အတိုင်း ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ ဇာရီမှုအသစ်ဖွင့်လှစ်ပေးရန် လျှောက်ထားခွင့်လည်းရှိသည်။

အယူခံတရားလိုအတွက် –ဦးစိန်သောင်း၊ တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်များအတွက် –ဦးမောင်ကလေး၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး –ဦးလှမြင့်ဝင်း

ရန်ကုန်တိုင်းတရားရုံး ၁၉၈၆ ခုနှစ်တရားမဇာရီမှု၊ အမှတ် ၆၅ (လသာ)တွင် အယူခံတရားပြိုင်ဦးဝေါင်ဖုတ်ရီ၏ညီ ဦးဝေါင်ဖုတ်မိန်က အယူခံတရားလို ဒေါ်မြမော်လွှ၏ခင်ပွန်းဖြစ်သူ ဦးအာအောအပေါ် အဆို

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၂၆

\+ ၁၉၈၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀၄ တွင် ချမှတ်သော (၂၃-၁-၉၀) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

ပါတိုင်းတရားရုံး ၁၉၈၃ ခုနှစ်တရားမကြီးမှု၌အမှတ် ၁၃၄(လသာ) အချင်းဖြစ်ဥပစာမှ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားပေးစေရန် ချမှတ်ထားသော ဒီကရီကို ဦးအာအောနှင့်ဇနီးပေါ်မော်လွှမိတို့ အပေါ် အတည်ပြုသည်။ ထိုသို့အတည်ပြုဆဲတွင် တရားနိုင်ကွယ်လွန်သွားသည်ဟု ဆိုကာတရားနိုင်၏အစ်ကို ဦးဝေါ်ဖုတ်ရီနှင့် ဇနီးဒေါ်ကြင်ရွှေတို့က အမှုတွင်တရားဝင်ကိုယ်စားလှယ် အဖြစ်ထည့်သွင်းပေးရန် လျှောက်ထားသည်။ ထိုအခါတရားရုံးဘက်မှ ကန့်ကွက်သဖြင့် တိုင်းတရားရုံးက နှစ်ဘက်ကို ကြားနာပြီးနောက် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၃ အရ တင်သွင်းသည့်ဦးဝေါ်ဖုတ်ရီနှင့် ဇနီးတို့၏လျှောက်လွှာကို ပလပ်ကြောင်းနှင့် ဇာရီမှုကိုခေတ္တပိတ်ထားစေရန် ၃-၈-၈၉ နေ့တွင် အမိန့်ချသည်။

ရန်ကုန်တိုင်းတရားရုံး ၁၉၈၉ ခုနှစ်တရားမဇာရီမှုအမှတ် ၁၀၄ တွင် ဦးဝေါ်ဖုတ်ရီနှင့် ဒေါ်ကြင်ရွှေတို့က တရားနိုင်ဦးဝေါ်ဖုတ်မိန်၏တရားဝင်ကိုယ်စားလှယ်များအဖြစ်ဖြင့် ဦးဝေါ်ဖုတ်မိန်ရရှိထားသော ဒီကရီကို တရားရှုံးဦးအာအောနှင့်ဇနီး ဒေါ်မော်လွှမိတို့အပေါ် အတည်ပြုပေးရန် လျှောက်ထားရာ ဒေါ်မော်လွှမိက ဇာရီမှုကိုဖွင့်ခြင်းမှာ ဥပဒေနှင့်မညီညွတ်ကြောင်း အကြောင်းပြ၍ ကန့်ကွက်သည်။ တရားရုံးက လျှောက်ထားသူဦးဝေါ်ဖုတ်ရီသည် ကွယ်လွန်သူတရားနိုင်၏ အစ်ကိုအရင်းဖြစ်ပြီး ဒေါ်ကြင်ရွှေသည်တရားနိုင်၏မရီးဖြစ်သောကြောင့် တရားနိုင်အခွင့်ရ ကိုယ်စားလှယ်များ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသည်ဟု အကြောင်းပြကာ အယူခံတရားပြိုင်၏လျှောက်ထားချက်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၆ အရ လက်ခံကြောင်းနှင့်ဇာရီမှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အမိန့်ချမှတ်သောကြောင့် ဒေါ်မော်လွှမိကတရားရုံးချုပ်တွင် ဤအယူခံကိုတင်သွင်းလာခြင်းဖြစ်သည်။

ဤအယူခံတွင် ပေါ်ပေါက်သောပြဿနာများကို အဆုံးအဖြတ်မပြုမီ မှတ်ချက်ပြုရန်ရှိသော အချက်အလက်များကို ဖော်ပြလိုသည်။ ပထမအချက်မှာရန်ကုန်တိုင်းတရားရုံး ၁၉၈၃ ခုနှစ်တရားမကြီးမှုအမှတ် ၁၃၄ (လသာ)အမှုတွဲကို ၁၉၈၆ ခုနှစ်တရားမဇာရီမှုအမှတ် ၆၅ (လသာ) နှင့်တွဲထားသည့်ကိစ္စဖြစ်သည်။ သီးခြားအမှုများဖြစ်၍ တွဲထားရန်အကြောင်းမရှိချေ။ တရားမကြီးမှုကို ၈-၅-၈၆ နေ့ကဆုံးဖြတ်ခဲ့သည်ဖြစ်ရာ အမှုတွဲမှာအခုအချိန်တွင်, အမှုတွဲခန်းသို့ရောက်ရှိသင့်ပြီဖြစ်သည်။ ဤစီရင်ချက်ကို တရားရုံးက ရရှိပြီးနောက် အဆိုပါအမှုတွဲကို အမှုတွဲခန်းသို့ အမြန်ပို့ရန် ညွှန်ကြားလိုက်သည်။

အထက်ဖော်ပြပါ တရားမကြီးမှုတွင် တရားပြိုင်များမှာဦးအာအောနှင့်ဇနီး ဒေါ်မော်လွှမိတို့ဖြစ်သည်။ သို့ရာတွင်အမှု၌ အောက်ပါအတိုင်းဆုံးဖြတ်ထားသည်-

အထက်ပါကောက်ချက်(၁)အပေါ်ဖြေဆိုချက်အရ ၁-တရားပြိုင် ဦးအာအော (ဦးအာအောကို ဆိုလိုဟန်တူသည်)နှင့်တကွ ၎င်းကို အကြောင်းပြုနေထိုင်သူအားလုံးကို အချင်းဖြစ်အခန်းမှ ထွက်ခွာသွားစေရန် တရားလိုတောင်းဆိုသည့် သက်သာခွင့်အတိုင်း အမိန့်ဒီကရီကို စရိတ် မရှိချမှတ်ပေးလိုက်သည်။ ၁၉၅၀ ဒေါ်မော်လွှမ် နှင့် ဦးပေါင် ဖုတ်ရီ ပါ(၂)

ဒီကရီတွင်လည်း အလားတူခဖော်ပြထားသည်။ ထို သို့ ဆို လျှင် ဒေါ်မော်လွှမ်အပေါ် စွဲဆိုသောအမှုကို တိုင်းတရားရုံးက ပလပ်လိုက်သည့်သဘောဖြစ်သည်။ တိုင်းတရားရုံးက တရားပြိုင် ဦးအာအောကို အကြောင်းပြု၍ နေထိုင်သူအားလုံးကို အချင်းဖြစ်အခန်းမှ ထွက်ခွာသွားစေရန် ဒီကရီချမှတ်ခြင်းမှာ အထင်အရှားမှားယွင်းသည်။ အမှုတွင် အမှုသည်အဖြစ်မပါဝင်သူတို့အပေါ် ဒီကရီချမှတ်ခြင်း မပြုနိုင်။ ဒေါ်မော်လွှမ်သည် အမှုတွင် တရားပြိုင်တစ်ဦးအဖြစ်ဖြင့် ပါဝင်ခဲ့သည်ကတစ်ကြောင်း၊ အတိအလင်း ဒီကရီချမှတ်ခြင်းခံရသော ဦးအာအော၏ ဇနီးဖြစ်သည်က တစ်ကြောင်းကြောင့် တရားရှုံးဖြစ်သည်ဟု ယူဆကာ ဒေါ်မော်လွှမ် အပေါ်တွင်လည်း ဇာရီမှုများ ဖွင့်လှစ်ခဲ့သည်။ ထိုသို့ ဇာရီမှု ဖွင့်လှစ်ခြင်းကို ဒေါ်မော်လွှမ်က ကန့်ကွက် ပြောဆိုခဲ့ခြင်းမရှိချေ။

အယူခံတရားလို၏ ရှေ့နေက တရားမ ဇာရီမှုအမှတ် ၆၅/၇၆ ကို ခေတ္တပိတ်ထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးပေါင်ဖုတ်ရီတို့သည် အဆိုပါ ဇာရီမှုတွင်သာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် လျှောက်ထားရမည်ဖြစ်ကြောင်း သီးခြား ဇာရီမှုဖွင့်ခြင်းမှာ မှားယွင်းကြောင်း လျှောက်ထားတင်ပြသည်။

ဇာရီမှုကို ခေတ္တပိတ်နိုင်သည်ဟု ဥပဒေပြဋ္ဌာန်းချက် တစ်စုံတစ်ရာ မရှိချေ။ နောက်ထပ် ဇာရီမှုဖွင့်လှစ်ခြင်းကို ပိတ်ပင်သော ဥပဒေလည်း မရှိချေ။ သို့ဖြစ်၍ ဇာရီမှုဖွင့်လှစ်ခွင့်ရှိသူတို့က ဇာရီမှုအသစ် ဖွင့်လှစ် ခြင်းကို စည်းကမ်းသတ်ကာလအတွင်း လျှောက်ထားနိုင်သည်။

အယူခံအကြောင်းပြချက်(၂)နှင့်စပ်လျဉ်း၍ ၁၉၇၉ ခုနှစ် တရားမ ဇာရီမှုအမှတ် ၁၀၄ သည် ၁၉၇၆ ခုနှစ် တရားမ ဇာရီအမှတ် ၆၅ (လသာ)၏ အဆက်မဟုတ်ချေ။ ၁၉၇၉ ခုနှစ် တရားမဇာရီမှုအမှတ် ၁၀၄ တွင် ဒေါ်မော်လွှမ်က ၁၄-၁၂-၇၉ ရက်စွဲပါ ကန့်ကွက်လွှာကို တင်သွင်း၍ ဇာရီမှုဖွင့်လှစ်ခြင်းမှာ ဥပဒေနှင့်မညီညွတ်ကြောင်း တင်ပြခဲ့သည်။ သို့ဖြစ်ရာ ဇာရီမှုဖွင့်လှစ်ခြင်းကို ကန့်ကွက်နိုင်ရန် ဒေါ်မော်လွှမ် အနေနှင့် အခွင့်အရေး အပြည့်အဝရရှိပြီးဖြစ်သည်။ ပြည့်ပြည့်စုံစုံ ဖော်ပြကန့်ကွက်ရန် ပျက်ကွက်လျှင် ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်ပေလိမ့်မည်။

I၊

၁၉၉၀ / ဒေါ်မေဒ်လွင် နှင့် ဦးဝေါင်ဖုတ်ရီ ပါ(၂)

အယူခံတရားပြိုင်တို့က ဇာရီမှုတွင် တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့် ပါဝင်ခွင့်ပြု၍ ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် ၁၄-၁၂-၈၉ နေ့၌ လျှောက်လွှာတင်ခဲ့သည်။ ထိုနေ့မှာပင် ဒေါ်မေဒ်လွင်ကလည်း ကန့်ကွက်လွှာ တင်သွင်းထားကြောင်းတွေ့ရသည်။ ထို့နောက် တိုင်းတရားရုံးက နှစ်ဘက်ကို ကြားနာခဲ့သည်။ သို့ဖြစ်ရာ ဒေါ်မေဒ်လွင်သည် အယူခံတရားပြိုင်တို့၏ လျှောက်ထားချက်ကို ချေပပြောဆိုရန် အခွင့်အရေးရရှိခဲ့သည်ဟု ကောက်ယူရပေမည်။

၁၉၈၆ ခုနှစ် တရားမဇာရီမှုအမှတ် ၆၅(လသာ)တွင် အယူခံတရားပြိုင်တို့၏ ရှေ့နေကဇာရီမှု၌ တရားဝင်ကိုယ်စားလှယ်များအဖြစ်ဖြင့် ပါဝင်ခွင့်ပြုရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၃ ကို ကိုးကားလျှောက်ထားရာ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၂၂ နည်း ၁၂ အရ အမိန့် ၂၂ နည်း ၃ သည်ဇာရီမှုများနှင့်မသက်ဆိုင်ကြောင်း အကြောင်းပြ၍လျှောက်လွှာကို ပယ်ခဲ့ကြောင်းတွေ့ရသည်။ ယင်းဆုံးဖြတ်ချက်သည် အမှုသွားအမှုလာအပေါ် အခြေခံထားခြင်း မရှိသဖြင့် ဇာရီမှုအသစ်လျှောက်ထားခြင်းကို ပိတ်ပင်သည့် မီးသေသော ဆုံးဖြတ်ချက်မဖြစ်နိုင်ပေ။

အယူခံတရားလိုဘက်မှ အယူခံတရားပြိုင်တို့အားဇာရီမှုတွင် တရားနိုင်၏ တရားဝင် ကိုယ်စားလှယ်များအဖြစ်ဖြင့် ပါဝင် ဆောင်ရွက်ခွင့်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၆ အရခွင့်ပြုခြင်းမှာ မှားယွင်းကြောင်းအကျယ်တဝင့် တင်ပြလျှောက်ထားသည်။

တိုင်းတရားရုံးက အယူခံတရားပြိုင်ဦးဝေါင်ဖုတ်ရီသည် ကွယ်လွန်သူ တရားနိုင်၏ အစ်ကိုအရင်းဖြစ်ပြီး ဒေါ်ကြင်ရွှေသည်တရားနိုင်၏ မရီးတော်စပ်ခြင်းကြောင့် တရားနိုင်၏ အခွင့်ရကိုယ်စားလှယ်များ ဖြစ်ကြောင်းကောက်ယူခြင်းမှာ မှားယွင်းသည်။ အခွင့်ရကိုယ်စားလှယ်နှင့် တရားဝင်ကိုယ်စားလှယ်သည် ခြားနားသည်။ အခွင့်ရကိုယ်စားလှယ်များကိစ္စကို တရားမကျင့်ထုံးဥပဒေအမိန့် ၃ တွင်ပြဋ္ဌာန်းထားသည်။ တရားဝင်ကိုယ်စားလှယ်များကိစ္စမှာအမိန့် ၂၂ တွင်ပါရှိသည်။

အယူခံတရားပြိုင်ဦးဝေါင်ဖုတ်ရီသည်တရားနိုင်ဦးဝေါင်ဖုတ်မိန်၏ အစ်ကိုအရင်းဖြစ်ကြောင်း တစ်ဘက်မှ၍အယူခံတွင်ငြင်းဆိုခြင်းမပြု၊ တရားနိုင်၏ တရားဝင်ကိုယ်စားလှယ်မဖြစ်နိုင်ဟူ၍လည်း အငြင်းပွားခြင်းမပြု၊ ဒေါ်ကြင်ရွှေသည် တရားနိုင်၏မရီးသာဖြစ်၍ တရားဝင်ကိုယ်စားလှယ်မဖြစ်နိုင်၊ သို့ဖြစ်၍ ၎င်းသည် ကွယ်လွန်သူရရှိသောဒီကရီကို အတည်ပြုခွင့်ရှိသူမဟုတ်ချေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၁၆ ပထမပိုဒ်ပါ ဤအမှုနှင့် သက်ဆိုင်သမျှပြဋ္ဌာန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်- ၁၉၉၀ ဒေါ်းမာ လှ နှင့် ဦးဝေါင် ဖုတ်ရီ ပေါ်(၂)

'Where a decree x x x x is transferred x x × x x by operation of law, the transferee may apply for execution of the decree to the Court which passcd it; and the decree may be executed in the same manner and subject to the same conditions as if the application were made by such decree-holder.'

Sailendra Nath Ghose and others v Surendra Nath De and another[၁] အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

'The legal representatives of deceas d decree-holder are transferees of the decree by opaeration of law within the meaning of O 21, R. 16 and as such an application by then for execution lies only to the Court which passed the decree.'

ဤအမှုတွင် အယူခံတရားပြိုင် ဦးဝေါင်ဖုတ်ရီသည် တရားနိုင် ဦးဝေါင်ဖုတ်မိန်၏ အစ်ကိုဖြစ်သည့် အားလျော်စွာ ၎င်း၏တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့် တရားနိုင်ရရှိထားသော ဒီကရီကို တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၁၆ အရ အတည်ပြုခွင့်ရှိပေသည်။

ထို့အပြင် မူလတရားနိုင် လျှောက်ထားခွင့်ရှိသော ဇာရီမှုကို ယင်း တရားနိုင်အား ဆက်ခံအရေးဆိုသူအနေဖြင့် အစ်ကို ဦးဝေါင်ဖုတ်ရီက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆ တွင် ခွင့်ပြုထားသည့်အတိုင်း ဆက် လက်ဆောင်ရွက်ခွင့်ရှိသည်။ ဇာရီမှု အသစ် ဖွင့်လှစ်ပေးရန် လျှောက်ထား ခွင့်လည်းရှိသည်။

ထို့ကြောင့် ဤအယူခံကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ ဒေါ်ကြင်ရွှေက ဇာရီမှုဖွင့်လှစ်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုသည့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားပြိုင် ဦးဝေါင် ဖုတ်ရီ ၏ လျှောက်ထားချက်ကို ခွင့်ပြုသော တိုင်းတရားရုံး၏ အမိန့်ကိုမူ အတည် ပြုလိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

---

(၁) ဧအ အိုင် အာရ် ၁၉၃၀ ကာလကတ္တား စာ ၆၁၄

## တရားမပြင်ဆင်မှု

### တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်းရှေ့တွင်

+ ၁၉၉၀
မေလ
၂၃ ရက်

ဦးမင်းမောင်ပါ-၂

ဦးထွန်းအောင်ပါ-၂

နှင့်

ဦးလှမောင်ပါ-၆*

**တရားမကျင့်ထုံး ဥပဒေအမိန့် ၅-နည်း ၂၀-က ဆင့်ဆိုရန် လိပ်စာ တင်သွင်းရန်ပျက်ကွက်လျှင် ဆောင်ရွက်ရန်နည်းလမ်း-မည်သည့် အခါ အဆိုလွှာကို ပလပ်သည်အထိ အရေးယူနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** အမိန့် ၅၊နည်း ၂၀-က(၄)အရ ဆင့်ဆိုရန်လိပ်စာ တင်သွင်းရန် ပျက်ကွက်သော အဆိုလွှာကို တရားရုံးက ပလပ်နိုင်သည်။ ထိုသို့ပလပ်ခြင်းမပြုဘဲ လိပ်စာတင်သွင်းစေရန် ဆင့်ဆိုနိုင်သည်။ ယင်းသို့ ဆင့်ဆိုရာ၌ အမှုကို ရုံးချိန်းပေးရသည့်အတွက် တစ်ဘက် အမှုသည်များ အား တရားစရိတ်ပေးစေနိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** တရားလိုဘက်မှ လိပ်စာတင်သွင်းရန် ပျက်ကွက်ခြင်းနှင့် ရုံးသို့အချိန်မှန်မှန် လာရောက်ခြင်းတို့သည် သီးခြားကိစ္စများ ဖြစ်သည်။ တရားလိုများသည် ရုံးချိန်းပျက်ကွက်ခြင်း မရှိသည့် အတွက် လိပ်စာတင်သွင်းရန် မလိုဟူ၍ လည်းကောင်း၊ တရားလိုဘက်ကို ဆင့်ဆို ရန်လိပ်စာမပါသောအဆိုလွှာကို လက်ခံ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ လိပ်စာ တင်သွင်းစေရန်မလို ဟူ၍လည်းကောင်း မူလရုံးက ယူဆခဲ့ဟန်တူသည်။ ယင်းယူဆချက်သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀-က (၁)ပါ အတိအလင်းပြဋ္ဌာန်းချက်ကို အဟောသိကံ ဖြစ်စေသည်။ အဆို လွှာကို လက်ခံစဉ်အခါက လိပ်စာပါမပါ မစိစစ်မိ၍ လက်ခံမိသည့်တိုင် အောင် လိပ်စာတင်သွင်းရန် ပျက်ကွက်ကြောင်း တွေ့ရလျှင် အမိန့် ၅၊ နည်း ၂၀-က (၄) အရ အမိန့်တစ်ရပ်ရပ်ချမှတ်ရမည် ဖြစ်သည်။ လိပ်စာ တင်သွင်းရန် တရားရုံးကညွှန်ကြားပါလျက် တရားလိုဘက်မှ တင်သွင်းရန် ပျက်ကွက်လျှင် အဆိုလွှာကိုပလပ်ပစ်သည်အထိ အရေးယူ ဆောင်ရွက်ရန် ဖြစ်သည်။

---

* ၁၉၈၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၂၈ နှင့် ၂၂၉

+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ နှင့် ၁၂ တွင် ချမှတ်သော (၁၃-၁၁-၈၉) ရက်စွဲပါ မြင်းမူမြို့နယ်တရားရုံး၏ အမိန့်ကို လျှောက်ထားမှု။

လျှောက်ထားသူများအတွက် — ဦးညွန့်မောင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်— ဦးသိန်းရှန်၊ တရားရုံးချုပ် ရှေ့နေ

တရားရေးအကြီးပေး — ဦးဘသန်းအောင်

၁၉၉၀ ဦးမင်းမောင် ပါ(၂) ဦးထွန်းအောင် ပါ(၂) နှင့် ဦးလှမောင် ပါ(၆)

မြင်းမူမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁/၇၉ တွင် ဦးလှမောင် ပါ ၆ ဦးတို့က ဦးမင်းမောင်နှင့် ဦးတင်ဆင့်တို့အပေါ်၌ လည်းကောင်း၊ အဆိုပါတရားရုံး ၁၉၇၉ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင်ဦးလှမောင်ပါ ၆ ဦးတို့က ဦးထွန်းအောင်နှင့် ဒေါ်တင်မြင့်တို့ အပေါ်၌ လည်းကောင်း အခမဲ့နေထိုင်ခွင့်ပြုထားသည်ဟု အဆိုရှိသောမြေမှ ဖယ်ရှားပေးစေရန် တရားစွဲဆိုသည်။ တရားပြိုင်များက ချေလွှာတင်သွင်းရာတွင် တရားလိုများသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀-က(၁)အရ လိုအပ်သည့်လိပ်စာကို တင်သွင်းရန်ပျက်ကွက်သည်ဟု အကြောင်းပြကာ အဆိုလွှာကိုပလပ်ပေးရန် ထည့်သွင်းထုချေသည်။

တရားလိုဘက်မှ ပြန်ကြားလွှာ တင်သွင်းရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၅ သည် သမ္မာန်စာထုတ်ခြင်း၊ ဆင့်ဆိုခြင်းနှင့်သာ သက်ဆိုင်၍ တရားလိုနှင့်မဆိုင်သဖြင့် အမှုကိုပလပ်ရန်မလိုကြောင်း ဖြေကြားသည်။ မြို့နယ်တရားရုံးက အဆိုအချေများအရ ငြင်းချက်ထုတ်နုတ်သည်။ ထိုအခါ တရားပြိုင်များဘက်မှ တရားလိုဘက်မှ လိပ်စာ တင်သွင်းရန် ပျက်ကွက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ငြင်းချက်ဖြည့်စွက် ထုတ်နုတ်ပေးရန် လျှောက်ထားရာ မြို့နယ်တရားရုံးက ယင်းလျှောက်ထားချက်ကို ငြင်းပယ်လိုက်သဖြင့် ဦးမင်းမောင်တို့က တရားရုံးချုပ် တရားမ ပြင်ဆင်မှု အမှတ် ၂၂၀/၇၉ တွင်လည်းကောင်း၊ ဦးထွန်းအောင်တို့က တရားရုံးချုပ်တရားမ ပြင်ဆင်မှုအမှတ် ၂၂၉/၇၉ တွင် လည်းကောင်း ပြင်ဆင်မှု တင်သွင်းလာသည်။ ဤပြင်ဆင်မှုနှစ်မှုတွင် ပေါ်ပေါက်သော ဥပဒေပြဿနာ တူညီသည့်ကတစ်ကြောင်း၊ ပြင်ဆင်မှု အကြောင်းပြချက်များမှာ တူသည့်ကတစ်ကြောင်းကြောင့် ဤအမိန့်တွင် ပြင်ဆင်မှု နှစ်မှုလုံးနှင့် စပ်လျဉ်း၍ တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးမည် ဖြစ်သည်—

ဤပြင်ဆင်မှုများတွင် ပြင်ဆင်ပေးရန် လျှောက်ထား လာသော မူလရုံးက ချမှတ်သည့်အမိန့်မှာ အောက်ပါအတိုင်းဖြစ်သည်—

'တရားလိုမှလိပ်စာ မတင်သွင်းသော်လည်း ချိန်းရက်တွင် တရားလိုတို့ ရုံးရှေ့ရောက်ရှိပြီး အမှုတွင်လည်း နှောင့်နှေးမှု မရှိကြောင်း၊ ယခင်တရားသူကြီးကလည်း ဤအတိုင်းယူဆပြီး လက်ခံခဲ့ပြီးဖြစ်၍ ယခုရုံးကောက်ချက်ချရန် အဆင့်တွင် ဤအချက်ကို ဖြည့်စွက်ကောက်ချက်

၁၉၉၀
ဦးမင်းမောင်
ပါ(၂)
ဦးထွန်း
အောင်
ပါ(၂)
နှင့်
ဦးလှမောင်
ပါ(၆)

ထုတ်ရန်မလိုဘဲ တရားလိုနှင့်လိုပြသက်သေများ စစ်သွားရန် ဆုံးဖြတ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊နည်း ၂၀–က (၁)တွင် တရားလိုသည် အဆိုလွှာနှင့်အတူ မိမိအားဆင့်ဆိုရန် လိပ်စာပါရှိသော စာတွဲကို ပူးတွဲတင်ပြရမည်ဟု အတိအလင်းပြဋ္ဌာန်းထားရာ ဦးလှမောင်တို့သည် အချင်းဖြစ်အမှုနှစ်မှုကို စွဲဆိုရာ၌ လိပ်စာတင်သွင်းရန် ပျက်ကွက်ကြောင်း ပေါ်မပေါက်သည်ဖြစ်၍ တရားရုံးသည် အမိန့် ၅၊နည်း ၂၀–က (၄)အရ တရားမျှတသည်ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်ပေးရန်ဖြစ်သည်။ တရားလိုဘက်မှ လိပ်စာမတင်သွင်းသော်လည်း ရုံးချိန်းရက်များတွင် တရားလိုတို့ ရုံးရှေ့ရောက်ရှိသဖြင့် အနှောင့်အနှေးဖြစ်ခြင်း၊ အမှုကိုတရားရုံးက လက်ခံခဲ့ပြီးဖြစ်ခြင်းတို့ကိုအကြောင်းပြကာ မူလရုံးတရားပြိုင်ဘက်မှ ဖြည့်စွက်ထုတ်နုတ်ပေးရန်ငြင်းချက်ကို ထုတ်နုတ်ရန်မလိုဟု မြို့နယ်တရားရုံးက ချမှတ်သောအမိန့်သည် အမိန့် ၅၊နည်း ၂၀–က (၄) တွင် ရည်ညွှန်းထားသော အမိန့်မျိုး မဟုတ်ပေ။

အမိန့် ၅၊နည်း ၂၀–က(၄)အရ ဆင့်ဆိုရန် လိပ်စာတင်သွင်းရန် ပျက်ကွက်သောအဆိုလွှာကို တရားရုံးကပလပ်နိုင်သည်။ ထိုသို့ပလပ်ခြင်းမပြုဘဲ လိပ်စာတင်သွင်းစေရန် ဆင့်ဆိုနိုင်သည်။ ယင်းသို့ ဆင့်ဆိုရာ၌ အမှုကို ရုံးချိန်းပေးရသည့်အတွက် တစ်ဘက် အမှုသည်များအား တရားစရိတ်ပေးစေနိုင်သည်။

တရားလိုဘက်မှ လိပ်စာတင်သွင်းရန် ပျက်ကွက်ခြင်းနှင့်ရုံးသို့ အချိန်မှန်မှန် လာရောက်ခြင်းတို့သည် သီးခြားကိစ္စများဖြစ်သည်။ တရားလိုများသည် ရုံးချိန်းပျက်ကွက်ခြင်း မရှိသည့်အတွက် လိပ်စာတင်သွင်းရန် မလိုဟူ၍လည်းကောင်း၊ တရားလိုဘက်ကို ဆင့်ဆိုရန် လိပ်စာမပါသော အဆိုလွှာကိုလက်ခံဆောင်ရွက်ခဲ့ပြီးဖြစ်၍လိပ်စာတင်သွင်းစေရန်မလို ဟူ၍လည်းကောင်း မူလရုံးကယူဆခဲ့ဟန် တူသည်။ ယင်းယူဆချက်သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊နည်း ၂၀–က (၁) ပါ အတိအလင်း ပြဋ္ဌာန်းချက်ကို အဟောသိကံဖြစ်စေသည်။ အဆိုလွှာကိုလက်ခံစဉ်အခါက လိပ်စာ ပါ မပါ မစိစစ်မိ၍လက်ခံမိသည့်တိုင်အောင် လိပ်စာတင်သွင်းရန် ပျက်ကွက်ကြောင်းတွေ့ရလျှင် အမိန့် ၅၊ နည်း ၂၀–က (၄) အရ အမိန့်တစ်ရပ်ရပ် ချမှတ်ရမည်ဖြစ်သည်။ လိပ်စာတင်သွင်းရန် တရားရုံးကညွှန်ကြားပါလျက် တရားလိုဘက်မှ တင်သွင်းရန်ပျက်ကွက်လျှင် အဆိုလွှာကို ပလပ်ပစ်သည် အထိ အရေးယူဆောင်ရွက်ရန် ဖြစ်သည်။

တရားလိုဘက်မှ လိပ်စာတင်သွင်းရန်ပျက်ကွက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ငြင်းချက်ဖြည့်စွက်ထုတ်နုတ်ပေးရန် တရားပြိုင်ဘက်မှ လျှောက်ထားခြင်းသည် မှားယွင်းသည်။ လိပ်စာတင်သွင်းရန်ကိစ္စသည် တရားမကျင့်ထုံး

၁၉၉၀
ဦးမင်းမောင် ပါ(၂)၊ ဦးထွန်းအောင် ပါ(၂) နှင့် ဦးလှမောင် ပါ(၆)

ဥပဒေအမိန့် ၁၄၊ နည်း ၃ တွင် ဖော်ပြထားသောငြင်းချက်ထုတ်နုတ်ရာ၌ အခြေခံရမည့်အကြောင်းအချက်များမဟုတ်ချေ။ သို့ဖြစ်ရာလိပ်စာတင်သွင်းရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ငြင်းချက်ထုတ်ပေးရန် မြို့နယ်တရားရုံးက ငြင်းပယ်ခြင်းမှာ ၎င်းပြသောအကြောင်းအချက်များအရ မမှန်သော်လည်း အမိန့် ၁၄၊ နည်း ၃ အရမှန်ကန်သည်ဟု ဆိုရပေမည်။

တရားလိုဘက်မှဖြစ်စေ၊ တရားပြိုင်ဘက်မှဖြစ်စေ ဆင့်စာချရန်အတွက် လိပ်စာတင်သွင်းရန် ပျက်ကွက်လျှင် တစ်ဘက်အမှုသည် သည် ပျက်ကွက်သည့်အမှုသည်အပေါ် အမိန့် ၅၊ နည်း ၂၀-က(၄)အရ အခွင့်ရေးယူပေးရန် လျှောက်ထားရမည်ဖြစ်ကြောင်း အဆိုပါနည်းဥပဒေခွဲတွင် အတိအလင်းသတ်မှတ်ထားသည်။ ယင်းသို့လျှောက်ထားလာလျှင် တရားရုံးက တရားမျှတသည်ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်ရမည်ဖြစ်သည်။

မူလရုံးတရားလိုတို့သည် ၂၉-၁၁-၈၉ နေ့က တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်း ၂၀-က(၁)အရ လိုအပ်သည့်လိပ်စာများ တင်သွင်းထားကြောင်း တွေ့ရှိရသည်။ ဤအခြေအနေတွင် လျှောက်ထားခံရသူတို့ခွဲဆိုသောအမှုကိုပလပ်ပစ်ရန် မသင့်ပေ။ သို့ရာတွင်လျှောက်ထားခံရသူတို့သည် ကနဦးကဆင့်စာချအပ်ရန် လိပ်စာတင်သွင်းရန် ပျက်ကွက်ခဲ့သည့်အပြင် တစ်ဘက်မှထိုပျက်ကွက်မှုကိုထောက်ပြသည့်အခါ အမိန့် ၅၊ နည်း ၂၀-က (၁)သည် တရားလိုနှင့်မသက်ဆိုင်သည့် သဘောထုချေထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ဤပြင်ဆင်မှုများတင်သွင်းရသည်အထိ အငြင်းပွားမှု ပေါ်ပေါက်ရသည်ကိစ္စတွင် တရားလိုဘက်မှတာဝန်မကင်းချေ။ သို့ဖြစ်၍ လိပ်စာတင်သွင်းရန် ပျက်ကွက်သည့်အတွက် တရားလိုတို့အား တရားစရိတ်များပေးစေရန် ပြစ်ဒဏ်ပေးသင့်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုများကို ပလပ်လိုက်သည်။ ဤအမှုတွင်နှစ်ဘက်အမှုသည်များသည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။ လျှောက်ထားခံရသူတို့သည် အမှုစွဲဆိုပြီးနောက်(၄)လကျော်ကြာမှ လိပ်စာတင်သွင်းသည့်အတွက် လျှောက်ထားခံရသူတို့အား တရားစရိတ်တစ်မှုလျှင် ကျပ် ၁၀၀ စီပေးစေရန် ညွှန်ကြားလိုက်သည်။

## တရားမပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

+ ၁၉၉၀

ဒီဇင်ဘာလ ၁၉–ရက်

မရှမ်းပါ(၅)

နှင့်

ဦးသန်းမြင့်*

ပစ္စည်းခွဲဝေပေးစေလိုမှု–တရားစွဲဆိုနိုင်ရန် အကြောင်းသည် နေ့စဉ် ထပ်တလဲလဲ ပေါ်ပေါက်ခြင်း။

**ဆုံးဖြတ်ချက်။** ။ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပေါ်ပေါက်သောတရားစွဲဆိုရန် အချင်းဖြစ်အကြောင်းအရာသည် ထပ်တလဲလဲ ပေါ်ပေါက်သည်ဖြစ်၍ ပစ္စည်းခွဲမပေးသရွေ့ကာလပတ်လုံး တရားစွဲရန် နေ့စဉ်နှင့်အမျှ အကြောင်း ပေါ်ပေါက်နေမည်သာဖြစ်သည်။

လျှောက်ထားသူများအတွက် — တရားရုံးချုပ်ရှေ့နေ၊ ဦးစိုးမြင့်ကိုယ်စားတရားရုံးချုပ်ရှေ့နေဦးညွန့်မြိုင်က ရေးသားလျှောက်လဲချက် တင်သည်။

လျှောက်ထားခံရသူအတွက် — ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

တရားရုံးအကြံပေး — ဦးဘသန်းဒေအောင်

လျှောက်ထားခံရသူ ဦးသန်းမြင့်က မန္တလေး အရှေ့တောင်မြို့နယ် စကြာနွယ်စဉ်ရပ်ကွက် အကွက်နံပါတ် ၆၇၇၊ ဦးပိုင်နံပါတ် ၂၀ စာရင်းပေါက်သည့်မြေကို ဘကြီးဦးဖေက မိမိနှင့်အစ်ကို ဦးသိန်းမောင်တို့ ၁၉၅၆ ခုနှစ်က လွှဲပြောင်းပေးခဲ့ကြောင်း မရှမ်းတို့ (၅) ဦးသည် ဦးသိန်းမောင်၏ သားသမီးများဖြစ်ကြကြောင်း။ လျှောက်ထားသူမရှမ်း တို့၏ မိခင်က မြေကို ခွဲဝေပေးမည်ဟု ပြောသော်လည်း ခွဲမပေးဘဲနေ၍ လျှောက်ထားသူများအပေါ် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုရကြောင်း အဆိုပြုပြီး မန္တလေးတိုင်း တရားရုံးတွင် တရားမကြီးမှုအမှတ် ၂၇၁/၇၉ (အရှေ့တောင်)ကို စွဲဆိုခဲ့သည်။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၄၆

\+ ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇၁ တွင် ချမှတ်သော (၆-၄-၉၀)ရက်စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကိုလျှောက်ထားမှု

၁၉၅၀
မရှမ်း
ပါ(၅)
နှင့်
ဦးသန်းမြင့်

မရှမ်းတို့က အခြားချေပချက်များအပြင် အမှုစွဲဆိုရာ၌ ကာလ စည်းကမ်းသတ်ကျော်လွန်ကြောင်း ချေပခဲ့၍ အဆိုချေအရ '၎င်းအမှုကို စွဲဆိုရန် ကာလ စည်းကမ်းသတ် ကျော်လွန်ပါသလား' ဟူ၍ ပဏာမငြင်းချက် ထုတ်ပေးခဲ့သည်။ နှစ်ဘက်လျှောက်လဲချက် ကြားနာပြီးနောက် မူလတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးကြောင်း တရားလိုဘက် အသာပေးဖြေဆိုပြီး အမှုကိုဆက်လက်ဆောင်ရွက်သွားရန် အမိန့်ချသည်။ မရှမ်း တို့ မောင်နှမတစ်စုက မကျေနပ်၍ ၎င်းပြင်ဆင်မှုကိုတင်သွင်းသည်၊

ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပေါ်ပေါက်သော တရားစွဲဆိုရန် အချင်းဖြစ်အကြောင်းအရာသည် ထပ်တလဲလဲပေါ်ပေါက်သည်ဖြစ်၍ ပစ္စည်းခွဲမပေးသရွေ့ ကာလပါတ်လုံး တရားစွဲရန် နေ့စဉ်နှင့်အမျှ အကြောင်း ပေါ်ပေါက်နေမည်သာဖြစ်သည်။ ထို့ကြောင့်ပင် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားတွင် ပစ္စည်းခွဲဝေပေးစေလိုမှုအတွက် စည်းကမ်းသတ် ကာလနှင့် ပတ်သက်၍ သီးခြားပြဋ္ဌာန်း မဖော်ပြခဲ့ခြင်းဖြစ်သည်။ မူလပိုင်ရှင်နှင့် ပူးတွဲပိုင်သူတို့ သေသည့်နေ့၌ တရားစွဲဆိုရန် အကြောင်းအရာ ပေါ်ပေါက်၍ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း လျှောက်ထားသူ၏ ရှေ့နေ တင်ပြချက်မမှန်ကန်ပေ။ တရားလိုက တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းအရာသည် တရားပြိုင်တို့က ပစ္စည်းခွဲဝေပေးရန် ငြင်းဆန်သော ၁၇-၇-၇၉ နေ့တွင်လည်းကောင်း ထိုနေ့ရက်နောက်များတွင်လည်းကောင်း ပေါ်ပေါက်ကြောင်း အဆိုပြုခဲ့ပြီး အမှုကို ၂၇-၇-၇၉ နေ့တွင် စွဲဆိုခြင်း ဖြစ်ရာ ကာလစည်းကမ်းသတ် မကျော်လွန်သေးသည်မှာ ထင်ရှားသည်။ သို့သော် မူလတရားရုံးက ကာလစည်းကမ်းသတ် မကျော်လွန်သေးကြောင်းကို ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁ ကို ကိုးကားဆုံးဖြတ်ခဲ့ခြင်းသည် မမှန်ပေ။

ထို့ကြောင့် ၎င်းပြင်ဆင်မှုကို တစ်စိတ်တစ်ဒေသအားဖြင့် ခွင့်ပြုပြီး မူလတရားရုံးက အမှုသည် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၉၁ နှင့် အကျုံးဝင် သက်ဆိုင်ကြောင်း ကောက်ယူ သုံးသပ်ချက်ကို ပယ်ဖျက်လိုက်သည်။ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိသေးကြောင်း ကောက်ယူဆုံးဖြတ် ခြင်း ကိုမူ ဆက် လက် အ တည် ပြုပေးလိုက်သည်။

နှစ်ဘက်အမှုသည်များသည် မိမိတို့စရိတ်ကို မိမိတို့ ကျခံကြစေ။

## တရားမအထူး အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့်၊ ဦးမျိုးထွန်းလင်း ဦး ကျော်ဝင်း တို့ရှေ့တွင်

+ ၁၉၉၀
ဒီဇင်ဘာလ
၂၄-ရက်

ဦးလင်ကျွန်ဟင်း

နှင့်

ဦးတင်မြင့်*

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂၊ (၁) (စ)— အိမ်ထောင်ကျသွားသော သားသမီးများသည် မိဘအပေါ်လုံးဝဥဿုံ မှီခိုသူများဖြစ်သည်ဟု ကောက်ယူခြင်းပြုနိုင်မနိုင် ဥပဒေတစ်ရပ်ပါစကားရပ် အသုံးသီးသည် အနက်အဓိပ္ပာယ် တစ်မျိုးတည်းသာရှိခြင်း ဥပဒေပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်ကို အဟောသိကံဖြစ်စေအောင် အဓိပ္ပာယ်မကောက်ယူနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အိမ်ထောင် ကျသွားသော သားသမီးများသည် ငွေကြေးမှတတ်နိုင်သဖြင့် အိုးအိမ်သီးခြားတည်ထောင်နိုင်သည့် အခြေအနေမရှိဦးတော့ အိမ်ထောင်ပြုခြင်းကြောင့် မိဘ၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက် သွားသည်ဖြစ်၍ ရောက်သာဂနီ အမှုတွင် ရည်ညွှန်းထားသည့် မိဘအပေါ်လုံးဝဥဿုံမှီခိုသူများဖြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်သည်မှာ ထင်ရှားသောအချက်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့ပြဒေသများတွင် အာဏာသက်ရောက်လျက်ရှိရာ အယူခံ တရားလိုရှေ့နေတင်ပြသကဲ့သို့ ကာလဒေသကိုလိုက်၍ ဥပဒေကိုအဓိပ္ပာယ်အမျိုးမျိုး ကောက်ယူရန် သင့်မည်မဟုတ်ချေ။ ဥပဒေတစ်ရပ်ပါစကားရပ်အသီးသီးသည် ယင်းဥပဒေအာဏာတည်သည့်အချိန်မှသည် ဖျက်သိမ်းကုန်ဆုံးသည့်နေ့အထိ အနက်အဓိပ္ပာယ်တစ်မျိုးတည်းသာရှိသည်။ အချိန်အခါကိုလိုက်၍

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထူးအယူခံအမှတ် ၁၁

+ ၁၉၉၀ ပြည့်နှစ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၆ ၅ တွင် ချမှတ်သော (၃၁-၃-၉၀) ရက်စွဲပါ တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု။

ဖြစ်စေ၊ ကာလဒေသကိုလိုက်၍ဖြစ်စေ အဓိပ္ပာယ်အမျိုးမျိုးဆောင်သည်ဟု ဆိုလျှင်လိုရာသို့ဆွဲ၍ အဓိပ္ပာယ်ကောက်ယူရာရောက်ပေလိမ့်မည်။ ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်သောဒေသတွင် နေထိုင်ရန်ဥပစာရှားပါးသဖြင့် နေထိုင်ရန်အခက်အခဲရှိသောကြောင့် အိမ်ထောင်ခွဲသားသမီးများသည် မိဘများအားမှီသူ ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူပါက ဥပဒေကိုချဲ့ထွင်ရာရောက်ပေလိမ့်မည်။ အိမ်ထောင်ခွဲသားသမီးများနေထိုင်ရန်အတွက်မိဘဖြစ်သူအိမ်ရှင်ကအိမ်ငှားကိုပုဒ်မ ၁၂ (၁) (စ) အရ နှင်ခွင့်ရှိသည်ဟု ကောက်ယူလျှင်အိမ်ငှားအား အဓိကအားဖြင့် အကာအကွယ်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းသော ဥပဒေသည်အဟောသိကံဖြစ်ပေလိမ့်မည်။

အယူခံတရားလိုအတွက် —ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် —ဦးလှဘူး၊တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးမြ

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၅ လမ်း၊ အိမ်အမှတ် ၁၁ဂ ၏ တောင်ဘက်ရှိ မြေညီထပ်နှင့် အပေါ်ထပ်ကို အယူခံတရားလို ဦးလင်းကျန်ဟင်းက အယူခံတရားပြိုင် ဦးတင်မြင့်၏ မိခင် ဒေါ်အိ ထံမှ တစ်လလျှင် ငှားရမ်းခ ကျပ် ၁၀၀ နှုန်းဖြင့် ငှားရမ်း နေထိုင်လာခဲ့သည်။ ဒေါ်အိ ကွယ်လွန်သောအခါ အယူခံတရားပြိုင် ဦးတင်မြင့်သည် အိမ်ရှင်ဖြစ်လာသည်။ ဦးတင်မြင့်က လမ်းမတော်မြို့နယ် တရားရုံး ၁၉၈၇ ခုနှစ် တရားမကြီးမှုအမှတ် ၃ တွင် အိမ်ငှားဖြစ်သူ ဦးလင်းကျန်ဟင်းအား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(စ)အရ၊ ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဦးလင်းကျန်ဟင်းက ရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးတင်မြင့်စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ဦးတင်မြင့်က တစ်ဖန်တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ် တရားမဒုတိယအယူခံမှုအမှတ် ၆ တွင် အယူခံ ဝင်ပြန်သောအခါ တရားရုံးချုပ်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။ ဦးလင်းကျန်ဟင်းက တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကိုပြန်လည်စစ်ဆေးစီရင်ပေးစေရန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ် တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၁၁၉ တွင် လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါပြဿနာ သုံးရပ်ကို စိစစ် ဆုံးဖြတ်ပေးရန်အတွက် အထူးအယူခံဝင်ခွင့် ပြုလိုက်သည်-

၁၉၉၀
ဦးလင်းကျွန်ဟင်း နှင့် ဦးတင်မြင့်

'(၁) ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)အရ စွဲဆိုမှုတွင် တရားလိုနှင့်အတူ နေထိုင်လိုသော ငွေကြေးအားဖြင့် တစ်အိုးတစ်အိမ် မထူထောင်နိုင်သေးသည့် အိမ်ထောင်ခွဲ သားသမီးများသည် တရားလိုအား မှီခိုသူဟု ကောက်ယူ၍ ယင်းအိမ်ထောင်ခွဲသားသမီးများ နေထိုင်ရန်အတွက် တရားရုံးက အိမ်နှင်ဒီကရီ ချမှတ်ခွင့် ရှိမရှိ။

(၂) ရန်ကုန်မြို့ကဲ့သို့သော လူဦးရေ ထူထပ်သောဒေသတွင် နေထိုင်ရန် အိမ်ခန်းရှားပါး၍ နေထိုင်ရန်အခက်အခဲရှိသောကြောင့် အဆိုပါ အိမ်ထောင်သည်သားသမီးများသည် မိဘအား မှီခိုသူဟု ကောက်ယူရန် သင့်မသင့်။

(၃) ယင်းကိစ္စနှင့် ပတ်သက်၍ ရန်ကုန်၊ မန္တလေး စသည့် လူဦးရေ ထူထပ်သော မြို့ကြီးများတွင် တစ်မျိုးကောက်ယူ၍ အခြားဒေသများတွင် တစ်မျိုးကောက်ယူရန် သင့်မသင့်။'

အယူခံတရားလိုတို့၏ ရှေ့နေက ဤအယူခံတွင် အဆုံးအဖြတ်ပြုရန် ဖြစ်သော ပထမနှင့် ဒုတိယပြဿနာများနှင့် စပ်လျဉ်း၍ **ရောက်သာဂနီ နှင့် ဂျီဆရင်**[၁] **တေချိန်ဗွန်း နှင့် ချန်ထရ ရူး**[၂]၊ **ဦးခင်မောင် နှင့် ဦးထွန်းဟန်**[၃]၊ **ဦးထွန်းရှိန် နှင့် ဒေါ်တင်လှ**-၄၊ **ဒေါ်ဇော်ရာပါ**-၃ နှင့် **ဒေါ်စိန်မြ**[၅] အစရှိသည့် စီရင်ထုံးများတွင် တညီတညွတ်တည်း ထုံးဖွဲ့ထားပြီးဖြစ်ကြောင်း၊ အိမ်ထောင်ခွဲ သားသမီးများနေထိုင်ရန်အတွက် အိမ်ရှင်က အိမ်ငှားထံမှ အငှားချထားသည့် ဥပစာကို ရယူလိုခြင်းသည် အိမ်ရှင်ကိုယ်တိုင် နေထိုင်ရန်အတွက် ရယူလိုခြင်းဖြစ်သည်ဟု ကောက်ယူမည်ဆိုပါက ဥပဒေကို ချွတ်ချော်ရာ ရောက်မည်ဖြစ်ကြောင်း၊ ထိုအကြောင်းကြောင့် အိမ်ရှင်က အိမ်ငှားအား နှင်ခွင့်ရရှိစေလိုပါမူ ဥပဒေကို ပြင်ဆင်ရန်သာ ရှိမည်ဖြစ်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်၏ရှေ့နေက **ဒေါ်ဇော်ရာ** အမှုတွင် အိမ်ထောင်ခွဲ သားသမီးများသည် သီးခြားနေထိုင်ကြောင်း ဤအမှုတွင် ဦးတင်မြင့် ၏

---

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၈၁။
(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၈၅။
(၃) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၈။
(၄) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၅၄။
(၅) ၁၉၈၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၃။

၁၉၉၈
ဦးလင်းကျော်
ဟင်း
နှင့်
ဦးတင်မြင့်

အိမ်ထောင်ခွဲသားသမီးများမှာ ဦးတင်မြင့်နှင့်အတူ နေထိုင်လျက်ရှိသဖြင့် ဖြစ်ရပ်ခြင်းမတူကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁)(စ)အရ အိမ်ရှင်တစ်ဦးတည်းအတွက် အိမ်ငှားအား နှင်နိုင်သည်ဟု၍ သာမန်အားဖြင့် ယူဆနိုင်ကြောင်း၊ သို့ရာတွင် စီရင်ထုံးများအရ အိမ်ရှင်ဆိုသူမှာ ဦးတင်မြင့် တစ်ဦးတည်း မဟုတ်ကြောင်း ဇနီးနှင့်သားသမီးများလည်း အကျုံးဝင်ကြောင်း၊ ဦးတင်မြင့်အိမ်ထောင်စုတွင် အိမ်ထောင်မကျသေးသော သားသမီးများအပြင် အိမ်ထောင်ကျပြီးသော သားသမီးများလည်းရှိရာ ကြပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ရသဖြင့် အိမ်ငှားပေါ် ပုဒ်မ ၁၂ (၁)(စ)အရ နှင်ထုတ်ရခြင်းဖြစ်ကြောင်း၊ စီရင်ထုံးများတွင် မိဘနှင့် တစ်သီးတစ်ခြားနေထိုင်သော အိမ်ထောင်ခွဲ သားသမီးများအတွက် အိမ်ငှားအား ပုဒ်မ ၁၂ (၁) (စ) အရ နှင်ခွင့်မရှိဟု ထုံးဖွဲ့ထားခြင်းသာဖြစ်ကြောင်း၊ အိမ်ငှားက ချေလွှာတွင် ဦးတင်မြင့် ၏အိမ်ထောင်ခွဲ သားသမီးများသည် သီးခြား အိမ်ခန်းများငှားရမ်းနေထိုင်သူများဖြစ်သည်ဟု ချေပခဲ့ခြင်းမရှိကြောင်း ဦးတင်မြင့်၏ သားသမီးများသည် အိမ်ထောင်ကျပြီးနောက် ဦးတင်မြင့်နှင့်အတူနေထိုင်သူများဖြစ်၍ ဦးတင်မြင့် အနေဖြင့် အိမ်ငှားအား ပုဒ်မ ၁၂ (၁) (စ) အရ နှင်ခွင့်ရှိသည်ဟု ကောက်ယူသင့်ကြောင်း ဖြေရှင်းလျှောက်ထားသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။-

'ဤအက်ဥပဒေနှင့် သက်ဆိုင်သည့်အဆောက်အအုံ သို့တည်းမဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို ပိုင်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလို၍ ဆိုခဲ့သည့်ဥပစာ၌ မိမိကိုယ်တိုင် နေထိုင်ပါမည်ဟူ၍လည်းကောင်း ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ရက်မှစ၍ ၃ လအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့်ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။'

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄ (၁)(ဂ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

'ဥပစာကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် အိမ်ရှင်က မိမိကိုယ်တိုင် သို့တည်းမဟုတ် မိမိ၏အိမ်ထောင်မိသားစုတွင် ပါဝင်သူတစ်ဦးတစ်ယောက် နေထိုင်ရန်ဖြစ်စေ၊ ဥပစာ၏ အကျိုးသက်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက် နေထိုင်ရန်အတွက်ဖြစ်စေ၊ တရားရုံးက ကျေနပ်လောက်သည်ဟု ယူဆသည့်အခြားကိစ္စ တစ်ခုခုအတွက်ဖြစ်စေ

၁၉၉၀
ဦးလင်ကျန်
ဟင်း
နှင့်
ဦးတာမြင့်

ရယူလို၍ ထိုဥပစာကို မိမိကိုယ်တိုင် သို့တည်းမဟုတ် မိမိ၏အိမ်ထောင်သားစုတွင် ပါဝင်သူ သို့တည်းမဟုတ် အကျိုးခံစားခွင့်ရှိသူ နေထိုင်ပါမည်ဟူ၍ သော်လည်းကောင်း၊ တရားရိုးကသတ်မှတ်သည့် ကာလအပိုင်းခြားအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍ လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။'

ရောက်သာဂနီ အမှုတွင် အိမ်ရှင်က မိမိလက်ရှိနေထိုင်လျက်ရှိသော အခန်းနှစ်ခန်းမှာ များပြားလှသော မိမိ၏ အိမ်ထောင်သားစုများအတွက် ကျဉ်းမြောင်းသည်ဟု အကြောင်းပြကာ အိမ်ငှားအပေါ် ၁၉၄၈ ခုနှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁ (၁) (စ) [ယခု ပုဒ်မ ၁၂ (၁) (စ)] အရ စွဲဆိုရာ မူလရုံးက 'သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်' ဟူသော စကားရပ်ကို အဓိပ္ပာယ်ကောက်ယူရာ၌အိမ်ရှင်၏ မိသားစုဝင်များသည် အိမ်ရှင်အပေါ် မှီခိုအားထားသည်ဖြစ်စေ၊ မမှီခိုသည်ဖြစ်စေ၊ အိမ်ရှင်သည် အိမ်ငှားအား မိမိကိုယ်တိုင် နေထိုင်ရန်အတွက် နှင်ခွင့်ရှိသည်ဟု အကြောင်းပြသည်။ ယခင် တရားလွှတ်တော်က ပုဒ်မ ၁၁ (၁) (စ) နှင့် ပုဒ်မ ၁၃ (၁) (စ) [ယခု ပုဒ်မ ၁၂ (၁) (စ) နှင့် ပုဒ် ၁၄ (၁) (စ)] ပါ ပြဋ္ဌာန်းချက် နှစ်ရပ် ခြားနားမှုကို ညွှန်ပြကာ ပုဒ်မ ၁၂ (၁) (စ) တွင် 'မိမိ၏ အိမ်ထောင် မိသားစုတွင် ပါဝင်သူ တစ်ဦးတစ်ယောက်' ဟူသော စကားရပ် မပါရှိခြင်းသည် ထူးခြားကြောင်း သို့ဖြစ်၍ အိမ်ရှင်သည် အိမ်ငှားအား မိမိကိုယ်တိုင် နေထိုင်ရန်အတွက်သာ နှင်ခွင့်ရှိကြောင်း အဓိပ္ပာယ်ကောက်ယူ၍ အောက်ပါအတိုင်း ဆက်လက်သုံးသပ်သည်—

"No doubt, the word "himself" occuring therein may be interpreted as not only the owner but wife and such members of his family as are entirely dependent upon him and living with him. Such is not the case with the members of the family now living with the plaintiff-respondent Dr. Gurudatta Sarin. For instance, Dr. Brihaspati Sarin (P W 2), the younger son of the plaintiff, was living in India until about a year ago. On his return from India he and his family came to live with the plaintiff. One of the daughters, Mrs. Sonia who was living with her husband in Pyinmana, came very recently to live with the plaintiff, her father, bringing with her the children whom she wished to put in school in Rangoon. That is one of the reasons why the two rooms now

being occupied by the plaintiff is overcrowded. The other son, Bikramdat Sarin (PW 1), was also in India during the war and he and his family came to occupy the rooms occupied by his father after the war was over. He is also a person of independent means. For these reasons, I consider that the learned trial Judge was wrong in considering that the suit room is bona fide required by the plaintiff for his occupation so as to attract the provisions of clause (f) of sub-section(1) of section II of the Urban Rent Control Act."

အထက်ပါ စီရင်ထုံးမှသည် **ဒေါ်စောဉ်နု** စီရင်ထုံးအထိ ယခင် တရားလွှတ်တော်နှင့် ဗဟိုတရားရုံးတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)ပါ 'မိမိကိုယ်တိုင်' ဟူသော စကားရပ်ကို တညီတညွတ်တည်း အဓိပ္ပာယ်ကောက်ယူခဲ့ကြသည်။ **မောင်စန်းဘွင့်ပါနှင့် မသန့်းစိန်**(၆) အမှုတွင် ရှေးဟောင်း စီရင်ထုံးများကို လွယ်လင့်တကူ မပယ်ဖျက်သင့်ကြောင်းနှင့် ဆုံးဖြတ်ချက်များအပြောင်းအလွဲပြုလုပ်သည့်အခါ ထည့်သွင်းစဉ်းစားရသည့် မူတစ်ရပ်ကို စာမျက်နှာ ၁၇ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

"Great importance is to be attached to old authorities, on the strength of which many transactions may have been adjusted and rights datermined. But where they are plainly wrong and especially where the subsequent course of judicial decisions has disclosed weakness in the reasoning on which they were based and practical injustice in the consequences that must flow frcm them, I consider it is the duty of this House to overrule them, if it has not lost the right to do so by itself expressly affirming them"

အထက်တွင် ဖော်ပြခဲ့သည့် စီရင်ထုံးတချို့ကို လိုက်နာကျင့်သုံးခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်။ ယင်းစီရင်ထုံးများပါ အကြောင်းပြချက်များသည် မှားယွင်းကြောင်း အထင်အရှား မပေါ်ပေါက်ချေ။ ယင်းအကြောင်းပြချက်များထက် ပို၍ ခိုင်လုံသောအကြောင်းပြချက်များကိုလည်း ကျွန်ုပ်တို့မမြင်။ အိမ်ထောင်ကျသွားသော သားသမီးများသည် ငွေကြေးမတတ်နိုင်သဖြင့် အိုးအိမ်သီးခြား တည်ထောင်နိုင်သည့် အခြေအနေ မရှိ

---

(၆) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၁ (စုံညီ)။

၁၉၉၀
ဦးလင်းကျန်
တင်း
နှင့်
ဦးတင်မြင့်

ဦးတော့ အိမ်ထောင်ပြုခြင်းကြောင့် မိဘ၏ အုပ်ထိန်းမှုအောက်မှ လွတ်မြောက်သွားသည်ဖြစ်၍ ရောက်သဂနီ အမှုတွင် ရည်ညွှန်းထားသည့် မိဘအပေါ် လုံးဝဥဿုံ မှီခိုသူများဖြစ်သည်ဟု ကောက်ယူခြင်း မပြုနိုင်သည်မှာ ထင်ရှားသော အချက်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ပြဒေသများတွင် အာဏာသက်ရောက်လျက်ရှိရာ အယူခံတရားလို ရှေ့နေတင်ပြသကဲ့သို့ ကာလဒေသကိုလိုက်၍ ဥပဒေကို အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူရန် သင့်မည်မဟုတ်ချေ။ ဥပဒေတစ်ရပ်ပါ စကားရပ် အသီးသီးသည် ယင်းဥပဒေ အာဏာတည်သည့် အချိန်မှသည် ဖျက်သိမ်းကုန်ဆုံးသည့်နေ့အထိ အနက် အဓိပ္ပာယ်တစ်မျိုးတည်းသာ ရှိသည်။ အချိန်အခါကိုလိုက်၍ဖြစ်စေ၊ ကာလဒေသကိုလိုက်၍ ဖြစ်စေ အဓိပ္ပာယ်အမျိုးမျိုး ဆောင်သည်ဟု ဆိုလျှင် လိုရာသို့ဆွဲ၍ အဓိပ္ပာယ်ကောက်ယူရာ ရောက်ပေလိမ့်မည်။ ရန်ကုန်မြို့ကဲ့သို့ လူဦးရေ ထူထပ်သော ဒေသတွင် နေထိုင်ရန် ဥပစာရှားပါးသဖြင့် နေထိုင်ရန် အခက်အခဲရှိသောကြောင့် အိမ်ထောင်ခွဲ သားသမီးများသည် မိဘများအား မှီခိုသူဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူပါက ဥပဒေကို ချွတ်ချော်ရာရောက်ပေလိမ့်မည်။ အိမ်ထောင်ခွဲ သားသမီးများ နေထိုင်ရန်အတွက် မိဘဖြစ်သူ အိမ်ရှင်က အိမ်ငှားကို ပုဒ်မ ၁၂ (၁) (စ) အရ နှင်ခွင့်ရှိသည်ဟု ကောက်ယူလျှင် အိမ်ငှားအား အဓိက အားဖြင့် အကာအကွယ်ပေးရန် ရည်ရွယ် ပြဋ္ဌာန်းသော ဥပဒေသည် အဓိပ္ပာယ်ပေါက် ဖြစ်ပေလိမ့်မည်။

တရားရုံးသည် ဥပဒေကို အရှိအတိုင်း စီရင်ရန်ဖြစ်ကြောင်း ဦးထွန်းလှိုင်ပါ ၂ နှင့် ဦးကြည်ဝင်းပါ ၅၊ ဦးကျော်စိန်ပါ ၄ (၀) အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်—

> 'တရားရုံးသည် ဥပဒေကို ရှင်းလင်း ထင်ရှားသလို ကျင့်သုံးရသည်။ ရှင်းလင်းထင်ရှားသော ဥပဒေ စကားရပ်ကို တရားရုံးက အဓိပ္ပာယ်ဖွင့်ဆိုရန် ဋီကာချဲ့ရန်မလို၊ အဓိပ္ပာယ်ဖွင့်သလိုနှင့် ဥပဒေကိုချဲ့ခြင်း၊ ချုံ့ခြင်း၊ ပြုမိတတ်သည်ကို ဆင်ခြင်ရမည်။ ယင်းသို့ပြုရန်လိုလျှင် ဥပဒေပြု အာဏာပိုင်အဖွဲ့ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟုလည်း မကြာခဏ သတိပေးခဲ့ဖူးပြီ'

သို့ဖြစ်၍ အတည်တကျ ဥပဒေသအဖြစ် လက်ခံထားပြီးဖြစ်သော ရောက်သဂနီ စီရင်ထုံးတွင် ထုံးဖွဲ့ထားမှုကို ကျွန်ုပ်တို့လက်ခံသည်။ တရားရုံးချုပ်က ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၆ တွင်

(၀) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၉၂။

၁၉၉၀
ဦးလှိုင်ကျွန်
ဟင်း
နှင့်
ဦးတင်မြင့်

'အိမ်ထောင်ကျသွားလင့်ကစား မိမိဘာသာ ရပ်တည်နိုင်စွမ်း မရှိသေး၊ တစ်အိုးတစ်အိမ် မထူထောင်နိုင်သေးသည့် သားသမီးများအနေဖြင့် မိဘကို မှီခိုသူများပင်ဖြစ်သည်ဟု ယူဆရပေမည်' ဟူ၍ ကောက်ယူပြီး ဦးတင်မြင့်သည် အိမ်ထောင်ခွဲ သားသမီးများ နေထိုင်ရန်အတွက် အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) အရ နှင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်၏ ဘောင်ကိုကျော်လွန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

အယူခံတရားလို၏ ရှေ့နေက အချင်းဖြစ်အိမ်မှာ ၁–၅–၄၅ နေ့၌ တည်ရှိကြောင်း မပေါ်ပေါက်ပါပဲလျက် ပုဒ်မ ၁၂ (၁) (စ) အရ ဒီကရီချမှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။ အယူခံတရားပြိုင်၏ ရှေ့နေ တင်ပြသကဲ့သို့ ယင်းကိစ္စကို ချေလွှာတွင် ထုချေခဲ့ခြင်းလည်း မရှိ အမှုတွင် သက်သေပြခဲ့ခြင်းလည်း မရှိသဖြင့် ဤအယူခံတွင် အဆုံးအဖြတ်ပေးရန် မသင့်ချေ။

အယူခံတရားလို၏ ရှေ့နေက အချင်းဖြစ်အခန်းကို ဒေါ်ကျင်မြိုင်ဆိုသူက အိမ်ရှင်အား အပျောက်ပေး၍ နေထိုင်ခဲ့ရာမှ အယူခံတရားလိုက ဒေါ်ကျင်မြိုင်အား အပျောက်ပေးပြီး ငှားရမ်းနေထိုင်လာခြင်းဖြစ်ရာ အိမ်ရှင်က အိမ်ငှားအား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) မှ (င) ပါ ပြဋ္ဌာန်းချက်များအရ နှင်ခွင့်ရှိသည်ကို မငြင်းလိုသော်လည်း ပုဒ်မ ၁၂ (၁) (စ) အရမူ နှင်ခွင့်မရှိနိုင်ကြောင်း။ အပျောက်ယူခြင်းက ထိုသို့ နှင်ထုတ်ခွင့်ကို ပိတ်ပင်ကြောင်း တရားမျှတမှု သဘောအရလည်း နှင်ခွင့်မပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။ အပျောက်ပေးသည့် ကိစ္စကိုဥပဒေက အသိအမှတ် မပြုကြောင်း အယူခံတရားလို၏ ရှေ့နေက ဝန်ခံသည်။ အပျောက်ပေးခြင်းမှာ ငှားရမ်းလိုသည့် ဥပစာတွင် နေထိုင်ခွင့်ရရန်အတွက် အိမ်လခအပြင် အပိုဆောင်းပေးသည့် ငွေကြေးဖြစ်သည်။ နေထိုင်ခွင့်ကို ငွေနှင့်လဲလှယ်ယူခြင်းသာဖြစ်သည်။ အပျောက်ပေးခြင်းက ဥပဒေအရ အိမ်ငှားအား နှင်ခွင့်ကို အတားအဆီး မဖြစ်နိုင်ချေ။ အကယ်၍ အယူခံတရားလို၏ ရှေ့နေ တင်ပြချက်ကို လက်ခံမည်ဆိုပါက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) မှ (ဂ) ပါ ကိစ္စရပ်များ မပေါ်ပေါက်လျှင် အိမ်ကိုပြင်ဆင်ရန်အတွက် နှင်ထုတ်ရန် အကြောင်း မပေါ်ပေါက်မချင်း အိမ်ငှားသည် ငှားရမ်းသည့်အခန်းတွင် နေခွင့်ရမည်ဖြစ်၍ အိမ်ပြင်ရန် အကြောင်းမပေါ်ပေါက်မီ နှစ်အတန်ကြာပိုင်ရှင်အဖြစ် သို့ရောက်ရှိသွားပေလိမ့်မည်။ သို့ဖြစ်၍ အိမ်ရှင်က အိမ်ငှားထံမှအပျောက်

၁၉၉၀

ဦးလင်းကျော်ဟင်း နှင့် ဦးထင်မြင့်

ယူထားရုံမျှဖြင့် ပုဒ်မ ၁၂ (၁)(စ) အရနှင့် နှင်ခွင့်မရှိဟု ကောက်ယူရန် မသင့်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကိုခွင့်ပြု၍ တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၆ တွင်ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၂၀၀/-သတ်မှတ်သည်။

## တရားမပထမအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

ဦးလင်းကြည်

နှင့်

ဒေါ်မေသကြိုင်*

+ ၁၉၉၀
မေလ
(၃၁)ရက်

**မြွက်ဟကြေညာပေးစေလိုမှု – တရားရုံးလက်တွင်ဖြစ်စေ၊ တရားရုံးက ခန့်ထားသော ပစ္စည်းထိန်းလက်တွင်ဖြစ်စေ ရှိသောပစ္စည်းနှင့်စပ်လျဉ်း၍စွဲဆိုနိုင်ခွင့် – အစိုးရဌာနလက်ဝယ်ရှိ ပင်စင်ပေးရန်အမှု၌ နောက်ဆက်တွဲသက်သာခွင့်တောင်းခံရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။မြွက်ဟကြေညာပေးစေလိုသည့် အခွင့်အရေးနှင့် ဆက်စပ်သော အကျိုးဆက်ခံစားရန်ရှိသည့် ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့် အရေးမှာ ပစ္စည်းသည်တရားရုံးလက်တွင်ဖြစ်စေ၊ တရားရုံးကခန့်ထား သော ပစ္စည်းထိန်းလက်တွင်ဖြစ်ခဲ့စေရှိနေလျှင်ပစ္စည်းပေးအပ်စေရန်မတောင်း ဆိုဘဲမြွက်ဟကြေညာပေးရန် သက်သက်စွဲဆိုနိုင်သည်။ မိသားစုပင်စင်သည် တရားလိုတရားပြိုင်လက်ဝယ်ရှိပစ္စည်းမဟုတ်ပေ။ အစိုးရဌာနတစ်ခု၏ လက် ဝယ်တည်ရှိသည်။ တရားရုံးကယင်းပင်စင်ကို မည်သူခံစားခွင့်ရှိကြောင်း အဆုံးအဖြတ်ပေးကြေညာ မြွက်ဟလိုက်လျှင်ယင်းအဆုံးအဖြတ်ကို အခြေပြု၍ သက်ဆိုင်ရာအစိုးရဌာနက ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ အစိုးရ ဌာနလက်ဝယ်ရှိ ပင်စင်ပေးရန်အမှု၌ နောက်ဆက်တွဲသက်သာခွင့်တောင်း ခံရန်မလို၊ မြွက်ဟကြေညာရန်သက်သက်စွဲနိုင်သည်။

အယူခံတရားလိုအတွက် – ကိုယ်တိုင်

အယူခံတရားပြိုင်အတွက် – ဒေါ်နုနုအောင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး – ဦးအောင်ငွေ

ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၃/၈၉ (ပဲခူးမြို့နယ်စု)တွင် ဒေါ်မေသကြိုင်က ဦးလင်းကြည်အပေါ်တရားလိုသည့် ကွယ်လွန်သူဗိုလ်နေ လင်း၏ တရားဝင်ဇနီးမယားဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှု

---

* ၁၉၉၀ပြည့်နှစ်၊ တရားမပထမ အယူခံမှု အမှတ် ၃၃

+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃တွင်ချမှတ်သော (၃၁-၁-၉၀) ရက်စွဲပါ ၊ ပဲခူးတိုင်း တရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

၁၉၉၀
ဦးလင်းကြည်
နှင့်
ဒေါ်မေ
သကြိန်

စွဲဆိုရာစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်သည်။ ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မူလရုံးတရားပြိုင်ဦးလင်းကြည်က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမပထမအယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလို ဦးလင်းကြည်သည် ကွယ်လွန်သူဗိုလ်နေလင်း၏ ဖခင်ဖြစ်သည်။ဗိုလ်နေလင်းသည် ပုသိမ်ကြီးမြို့၊ ခလရ (၄) မှ တပ်မတော်အရာရှိတစ်ဦးဖြစ်ပြီး ၁၁-၄-၈၉ နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာ၌ ကျဆုံးသွားသည်။ ဒေါ်မေသကြိန်က သူသည် ဗိုလ်နေလင်းနှင့် ၁၆-၆-၈၈ နေ့တွင် ပုသိမ်ကြီးမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူလက်ထပ် ကတိစာချုပ်ပြုလုပ်ပြီးတရားဝင် လင်မယားအဖြစ် လက်ထပ် ပေါင်းသင်းနေထိုင်ခဲ့ကြကြောင်း၊ ကွယ်လွန်သူ ဗိုလ်နေလင်းအတွက်ရရန်ရှိသောအမွေဆက်ခံခွင့် အခွင့်အရေးများအတွက်တရားလိုသည် ဗိုလ်နေလင်း၏တရားဝင်ဇနီးမဟုတ်ဟု ဗိုလ်နေလင်း၏ဖခင်ဦးလင်းကြည်က ၄-၈-၈၉ နေ့တွင်ငြင်းဆိုလာသဖြင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း ဒေါ်မေသကြိန်ကအဆိုပြုထားသည်။

ချေလွှာတွင်ဦးလင်းကြည်က ဗိုလ်နေလင်းနှင့်ဒေါ်မေသကြိန်တို့သည်မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ထားသောလင်မယားဟုတ်မဟုတ် ဆိုခြင်းနှင့်စပ်လျဉ်း၍တိတိကျကျချေပငြင်းဆိုခြင်းမပြုပေ။ တပ်မတော်ဥပဒေအရ ဇနီးမယားမဟုတ်ကြောင်းနှင့် မြွက်ဟလိုမှုသက်သက် မစွဲဆိုနိုင်ကြောင်းသာ အဓိကချေပခဲ့သည်။

တိုင်းတရားရုံးက ဗိုလ်နေလင်းနှင့်ဒေါ်မေသကြိန်တို့သည် ၁၆-၆-၈၈ နေ့စွဲပါလက်ထပ်မင်္ဂလာကတိပြုလွှာ သက်သေခံ'က'အရ အသိသက်သေ ဗိုလ်ကြီးအောင်မျိုးနှင့် ဗိုလ်ကြီးမြတ်ကိုကိုတို့ ရှေ့မှောက်တွင် ပုသိမ်ကြီးမြို့နယ်တရားရုံး၌ လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြပြီး၊ ခလရ(၄)တပ်ရင်းတွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်မှာ ထင်ရှားကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်လင်မယားမြောက်သည့်အတွက် ဒေါ်မေသကြိန်သည်၊ ဗိုလ်နေလင်း၏ တရားဝင်ဇနီးဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်သည်။

အမှုကိုလေ့လာစိစစ်ကြည့်ရာ ကွယ်လွန်သူဗိုလ်နေလင်းနှင့် အယူခံတရားပြိုင်ဒေါ်မေသကြိန်တို့သည် သက်သေခံ 'က' လက်ထပ်မင်္ဂလာကတိသစ္စာပြုလွှာအရ ၁၆-၆-၈၈ နေ့တွင် ပုသိမ်ကြီးမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူလက်ထပ်ခဲ့ကြသည်။ ထိုသို့ လက်ထပ်ခဲ့ကြစဉ် နှစ်ဦးစလုံးမှာ ဥပဒေအရအရွယ်ရောက်ပြီးသူများဖြစ်ကြပြီး ခလရ (၄)မှ ဗိုလ်ကြီးအောင်မျိုးနှင့် ဗိုလ်ကြီးမြတ်ကိုကိုတို့ သက်သေအဖြစ်ပါဝင်ခဲ့ကြရာ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြသူများ ဖြစ်ကြောင်းအငြင်းပွားစရာမရှိချေ။ ထို့ပြင်ယင်းသို့ လက်ထပ်ထိမ်းမြားကြပြီးနောက် ပုသိမ်ကြီးမြို့၊ခလရ (၄)ရှိ

၁၉၉၀
ဦးလင်းကြည်
နှင့်
ဒေါ်မေ
သကြိန်

တပ်ရေးဗိုလ်ကြီး အောင်မျိုးအိမ်တွင် သူသိရှင်ကြား ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ဗိုလ်နေလင်းနှင့်ဒေါ်မေသကြိန်တို့သည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အကြင်လင်မယားဖြစ်ကြသည်ဆိုခြင်းမှာ အမှုတွင်ထင်ရှားသည့်အချက်ဖြစ်သည်။

ဤကဲ့သို့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာ မြောက်၍ ဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယား ဖြစ်ကြသူတို့သည် လင်ဖြစ်သူ တပ်မတော်သားဖြစ်သည့်အခါ တပ်မတော် စည်းမျဉ်း စည်းကမ်းအရ သက်ဆိုင်ရာတပ်ရင်းမှူးထံ လက်ထပ်ရန် ကြိုတင်ခွင့်ပြုမိန့် မရယူခဲ့ဟု ဆိုရုံမျှဖြင့် လင်မယားအရာမမြောက်ဟု မဆိုနိုင်ပေ။ တရားဝင် လင်မယား အဖြစ်မှ ပယ်ဖျက်ရန်အကြောင်းလည်း မရှိချေ။ ထို့ကြောင့် တပ်ရင်းမှူး၏ လက်ထပ်ခွင့်မရယူခဲ့ခြင်းကြောင့် ဗိုလ်နေလင်းနှင့် ဒေါ်မေသကြိန်တို့ တရားဝင်လင်မယား မဟုတ်ပါဆိုသော အယူခံတရားလို ဦးလင်းကြည်၏ တင်ပြချက်မှာ လက်ခံရန် မဖြစ်နိုင်ပေ။

အယူခံတရားလိုက ပင်စင်ရရန် ရည်ရွယ်၍ တရားဝင်မယားဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် သက်သေခံဆိုခွင့်မရှိ၊ အကျိုးဆက် သက်သာခွင့် တောင်းဆိုရန်လိုသည်ဟု ဒေါ်ဒေးလုံနှင့်ဒေါ်ခင်နီ[၁] အမှုကို ကိုးကား၍ လျှောက်လဲတင်ပြသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ သူ တစ်ဦးတစ်ယောက်၏ ဥပဒေအရ အခွင့်အရေးရပိုင်ခွင့် (**Legal Character**)သို့မဟုတ်ပစ္စည်းနှင့် ပတ်သက်သောအခွင့်အရေးရပိုင်ခွင့်(**interest in Property**) ကို အခြားသူ တစ်ဦးတစ်ယောက်က ဆန့်ကျင်၍ အရေးဆိုနေပါက မိမိ၏ ဥပဒေအရ အခွင့်အရေးရပိုင်ခွင့်ကိုဖြစ်စေ ပစ္စည်းနှင့်ပတ်သက်ပြီး ရပိုင်ခွင့်ကိုဖြစ်စေ တရားရုံးက မြွက်ဟကြေညာပေးရန် တရားစွဲနိုင်သည်။ အကျိုးဆက် (နောက်ဆက်တွဲ) သက်သာခွင့်တောင်းခံရန် ပုဒ်မ ၄၂ ခြွင်းချက်၏ ရည်ရွယ်ချက်မှာ အမှုပွားများခြင်းကို တားဆီးရန် ဖြစ်သည်။ ဤကဲ့သို့ စွဲဆိုသောအမှုများတွင် မြွက်ဟသည့် အခွင့်အရေးနှင့် ဆက်စပ်နေသည့် နောက်ဆက်တွဲသက်သာခွင့် တောင်းရန်လိုမလို၊ ဆုံးဖြတ်ရာ၌ တရားလို စွဲဆိုသည့်အမှု၏ အနှစ်သာရကိုစိစစ်ကြည့်ရပေမည်။

တရားဝင်သားသမီးဖြစ်ခြင်းသည် ဥပဒေအမှု တရားဝင်အဆင့်အတန်း တစ်ရပ်ဖြစ်ခြင်းကြောင့် တရားဝင်သားသမီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်စွဲဆိုနိုင်ကြောင်းဟာဂျီအဗ္ဗာကရင် နှင့် ဆာရာရာဘီဂမ်[၂]အမှုတွင် စုံညီခုံရုံးက ထုံးပြုခဲ့သည်။ တရားပြိုင် မောင်ကျော်ခင်သည် မိမိ၏ သမီး

---

(၁) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၃၂၈။
(၂) အေအိုင်အာရ်၊ ၁၉၄၅၊ လာဟိုး၊ စာ-၂၆၆(စုံညီ)။

•၉၉•
ဦးလင်းကြည်
နှင့်
ဒေါ်မေ
သကြိန်

မလှလှ၏ ဖခင်ဖြစ်ကြောင်းမြွက်ဟပေးရန် စွဲဆိုခွင့်ရှိကြောင်း **မခွေးမနှင့် မောင်ကျော်ခင်** [၇] အမှုတွင်လည်းကောင်း တရားပြိုင်သည် မိမိ၏ ခင်ပွန်း မဟုတ်ဟု မြွက်ဟကြေညာပေးရန် စွဲဆိုနိုင်ကြောင်း **ဒေါ်ခင်ရီ နှင့် ဦးလှချို** [၈] အမှုတွင်လည်းကောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် မြွက်ဟကြေညာ ပေးစေလိုသည့်အခွင့်အရေးနှင့် ဆက်စပ်သော အကျိုးဆက်ခံစားရန်ရှိသည့် ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေးမှာ ပစ္စည်းသည် တရားရုံးလက်တွင်ဖြစ်စေ တရားရုံးကခန့်ထားသော ပစ္စည်းထိန်းလက်တွင်ဖြစ်စေ ရှိနေလျှင် ပစ္စည်းပေးအပ်စေရန် မတောင်းဆိုဘဲ မြွက်ဟကြေညာပေးရန်သက်သက်စွဲဆိုနိုင်သည်။ မိသားစုပင်စင်သည် တရားလို တရားပြိုင်လက်ဝယ်ရှိ ပစ္စည်းမဟုတ်ပေ။ အစိုးရဌာနတစ်ခု၏ လက်ဝယ်တည်ရှိသည်။ တရားရုံးက ယင်းပင်စင်ကို မည်သူ ခံစားခွင့် ရှိကြောင်း အဆုံးအဖြတ်ပေးကြေညာမြွက်ဟလိုက်လျှင် ယင်းအဆုံးအဖြတ်ကို အခြေပြု၍ သက်ဆိုင်ရာ အစိုးရဌာနက ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ အစိုးရဌာနလက်ဝယ်ရှိ ပင်စင်ပေးရန် အမှု၌ နောက်ဆက်တွဲသက်သာခွင့် တောင်းခံရန်မလို၊ မြွက်ဟကြေညာရန်သက်သက် စွဲနိုင်သည်။ **ဒေါ်စိန်မြင့် နှင့် ဒေါ်ညွန့်ရီ** [၉] အမှုတွင်ကြည့်ပါ။ ဆိုခဲ့သည့်စီရင်ထုံး ဥပဒေသများ အရ အယူခံတရားလို ကိုးကားတင်ပြသည့် ဒေါ်အေးလုံ နှင့် ဒေါ်ခင်နီ အမှုကို လိုက်နာရန်မလိုပေ။

ယခုအမှုတွင် ဒေါ်မေသကြိန်သည် ဗိုလ်နေလင်း၏ တရားဝင်ဇနီး ဖြစ်ပါက ဗိုလ်နေလင်း ကွယ်လွန်သည့်အတွက် ဗိုလ်နေလင်း နှင့် စပ်လျဉ်းပြီး အမွေဆက်ခံရေးနှင့် အခြားဥပဒေအရ ဆက်ခံနိုင်သည့် အခွင့်အရေးများ ရှိလာသည်။ ဦးလင်းကြည် က ဒေါ်မေသကြိန်သည် ကွယ်လွန်သူ ဗိုလ်နေလင်း၏ တရားဝင်ဇနီးမဟုတ်ဟု ငြင်းဆန်နေခြင်းကြောင့် ဒေါ်မေသကြိန်အနေဖြင့် မိမိသည် ဗိုလ်နေလင်း၏ ဥပဒေအရ တရားဝင်ဇနီးဖြစ်ကြောင်း အရေးဆိုရန်အကြောင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဤသို့ အရေးဆိုနိုင်သည့် အခွင့်အရေးမှာ ဒေါ်မေသကြိန်၏ ဥပဒေအရ ရရှိထားသော 'ဘဝ'နှင့် သက်ဆိုင်သည့်အခွင့်အရေးနှင့် နောင်တွင် အကျိုးဆက်ခံရန် ရှိသည့်ပစ္စည်းနှင့်စပ်လျဉ်းသော အခွင့်အရေးလည်း ဖြစ်သည်။ ထိုကြောင့် ဒေါ်မေသကြိန်သည် သီးခြားသက်သာခွင့် ဥပဒေ

---

၇) ဗဟိုတရားရုံး ၁၉၇၅ ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ် ၅၃ (မန္တလေး)
၈) ဗဟိုတရားရုံး ၁၉၇၉ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၄ (မန္တလေး)
၉) ၁၉၀၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၂၃။

ပုဒ်မ ၄၂ အရ တရားစွဲဆိုပိုင်ခွင့်ရှိပေသည်။ မြွက်ဟချက်သက်သက် ဒီကရီချမပေးနိုင်ဟု တယူခံတရားလို၏ ရှေ့နေတင်ပြသည့် အချက်မှာ လက်ခံစရာအကြောင်းမရှိချေ။ ၁၉၉၀ ဦးလင်းကြည် နှင့် ဒေါ်မေသကြိန်

အထက်ပါ အကြောင်းများကြောင့် ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/–သတ်မှတ်သည်။

## တရားမပထမအယူခံမှု

### တရားရုံးချုပ်၊ တရားသူကြီးဦးကျော်ဝင်းရှေ့တွင်

+ ၁၉၉၀
ဩဂုတ်လ
(၇) ရက်

ဒေါ်လှပိုပါ (၂)

နှင့်

ဦးတင်အုန်းပါ(၂)*

**မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ-ပေးကမ်းခြင်း-အမွေရှင် မကွယ်လွန်မီ အမွေပစ္စည်းအားလုံးကို ပေးကမ်းခြင်းနှင့်စပ်လျဉ်း၍၊ အမွေရရန်ရှိသူတစ်ဦးက ပေးကမ်းခြင်းကိုပယ်ဖျက်ပေးရန် တရားစွဲဆိုခွင့်ရှိမရှိ။**

**ဆုံးဖြတ်ချက်။** ။အမွေပစ္စည်း အားလုံးကို ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ်ခြင်းရှိမရှိမှာ အမွေရှင်မကွယ်လွန်မီ ထိုသို့ပေးကမ်းခြင်းကို ပယ်ဖျက်ပေးရန် အမွေရရန်ရှိသူတစ်ဦးက တရားစွဲဆိုခွင့်မရှိဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။စာချုပ် စာတမ်းတစ်ခုကို ဖျက်သိမ်းခွင့်ရှိသူတစ်ဦးသည် ယင်းစာချုပ်နှင့်သက်ဆိုင်သော ပစ္စည်းတွင်ဖြစ်စေ၊ ယင်းစာချုပ်အရပေးအပ်သော အခွင့်အရေးတွင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ ဖြစ်ရန်လိုအပ်သည်။ ဤအမှုတွင် ဒေါ်စောခင် မကွယ်လွန်မီ ဒေါ်လှပိုသည် အချင်းဖြစ်ပစ္စည်းကို အကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာ မရရှိသောကြောင့် ဒေါ်စောခင်ကအချင်းဖြစ် ပစ္စည်းများအားပေးကမ်းခြင်းကို ကန့်ကွက်ပြောဆိုခွင့်မရှိသည့်အလျောက် ဒေါ်စောခင်အပေါ် ယင်းစာချုပ်ပျက်ပြယ်ရာပျက်ပြယ်ကြောင်း တရားစွဲဆိုခွင့်မရှိနိုင်ချေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးခင်မောင်၊တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံပြိုင်များအတွက် | — | ဦးညွန့်မြိုင်၊တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးအောင်သစ် |

အမှုအတောအတွင်း ကွယ်လွန်သွားသူ ဒေါ်စောခင်တွင် အိမ်ထောင်နှစ်ဆက်ရှိသည်။ ပထမအိမ်ထောင်နှင့်သမီး ဒေါ်ခင်ကြည်ရခဲ့ပြီး ဒေါ်ခင်ကြည်ကွယ်လွန်သွားသောအခါ အယူခံတရားပြိုင်များဖြစ်ကြသည့် သား

---

* ၁၉၈၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၂

+ ၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် ချမှတ်သော(၂၀-၄-၈၉) ရက်စွဲပါ မကွေးတိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု

ဦးတင်အုန်းနှင့်သမီးဒေါ်သန်းတင်လှတို့ ကျန်ရစ်သည်။ ဒေါ်လှပိုမှာ ဒေါ်စောခင်၏ဒုတိယအိမ်ထောင်တွင် ထွန်းကားသောသမီးဖြစ်သည်။ ဦးတင်ထွန်းသည် ဒေါ်လှပို၏ခင်ပွန်းဖြစ်သည်။

၁၉၉၀ ဒေါ်လှပို ပါ(၂) နှင့် ဦးတင်အုန်း ပါ(၂)

ဒေါ်လှပိုတို့က ရေစကြိုမြို့အမှတ်(၃)ရပ်ကွက်ရှိ အချင်းဖြစ် ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိတိုက်ကို ဒေါ်စောခင်က ဦးတင်အုန်းတို့အား ပေးကမ်းခြင်းသည် မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိဟု အဆိုပြုလွှာပယ်ဖျက်ပေးရန် မကွေးတိုင်းတရားရုံး ၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃ တွင် တရားစွဲဆိုသည်။ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်လှပိုတို့စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် ဒေါ်လှပိုတို့က တရားရုံးချုပ်တွင် ဤအယူခံကိုတင်သွင်းသည်။

ဒေါ်လှပိုတို့တင်သွင်းသော အဆိုလွှာအပိုဒ်(၄)တွင် အချင်းဖြစ်တိုက်မှာ ဒေါ်စောခင်၊ဒေါ်စောခင်၏ ဒုတိယခင်ပွန်းဦးတိုက်စံ၊(ဒေါ်လှပို၏ဖခင်)နှင့် ဒေါ်လှပိုတို့ ပူးတွဲပိုင်ဆိုင်သည်ဟု အဆိုပြုထားကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အမှုခေါင်းစီး၌ 'အပေးစာချုပ်များသည် မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိ၍ ပယ်ဖျက်ပေးစေလိုမှု' ဟူ၍လည်းကောင်း၊ သက်သာခွင့်တောင်းဆိုရာ၌ 'သို့ဖြစ်ပါ၍ (ခ)နှင့်(ဂ) အပေးစာချုပ်များသည် မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိ၍ ပယ်ဖျက်ပေးရန် တရားပြိုင်တို့အပေါ်စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးပါမည့်အကြောင်း ရိုသေစွာလျှောက်ထားအပ်ပါသည်' ဟူ၍ ဖော်ပြထားသည်ကို ထောက်ချင့်၍ ဒေါ်လှပိုတို့သည် မိမိတို့၏ပိုင်ရေးပိုင်ခွင့် အပေါ်တွင်လည်း အခြေခံကာစွဲဆိုခြင်းမဟုတ်ကြောင်း ပေါ်လွင်သည်။

အကယ်၍ အယူခံတရားလိုတို့ အဆိုပြုသည့်အတိုင်း အချင်းဖြစ်ပစ္စည်းများမှာ ဒေါ်စောခင်နှင့်ဒေါ်လှပိုတို့ ပူးတွဲပိုင်ဆိုင်သောပစ္စည်းများ ဖြစ်ပါမူ ဒေါ်စောခင်က ယင်းပစ္စည်းများကို အမွေမမီမြေး ဦးတင်အုန်းနှင့် ဒေါ်သန်းတင်လှတို့အား ပေးကမ်းရာ၌ ဒေါ်လှပို၏ အစုကို ၎င်းတို့သဘောမတူဘဲ ပေးကမ်း၍ မရနိုင်သည့်အလျောက် သူတို့၏ အစုကို ထိခိုက်နိုင်ဖွယ်ရာအကြောင်း တစ်စုံတစ်ရာမရှိချေ။ ထိုသို့ ဒေါ်လှပိုတို့၏ ဝေစုကို မထိခိုက်ခြင်းသည် မြန်မာဗုဒ္ဓဘာသာ ဥပဒေနှင့်မဆိုင်၊ မိမိမပိုင်သောပစ္စည်းကို မပေးနိုင်သည်မှာ အခြေခံကျသော ဥပဒေဖြစ်သည်။ အယူခံတရားလိုတို့က အချင်းဖြစ် တိုက်အိမ်ကို ဆောက်ရာ၌ သူတို့၏ ငွေပါသည်ဟု ဆိုသော်လည်း အမှုတွင် အခိုင်အမာပြဆိုနိုင်ခြင်းမရှိချေ။ သို့ဖြစ်၍ ဤအယူခံတွင် ဒေါ်စောခင်က ဦးတင်အုန်းတို့အား ပေးကမ်းခြင်းသည်

၁၉၅၈ မနှင်းလှပို ပါ(၂) နှင့် ဦးတင်အုန်း ပါ(၂)

မြန်မာဗုဒ္ဓဘာသာ ထုံးတမ်းဥပဒေအရ အထမြောက် မမြောက် စိစစ်ဆုံးဖြတ်ရန် သာရှိသည်။

အဆိုအပိုဒ် ၁၀ တွင် အောက်ပါအတိုင်း အဆိုပြုထားသည်—

'၁၀။ တစ်ဦးတည်းသောနှစ်ပါးစုံသမီး ဖြစ်သည့် (၁) တရားလို၏ အခွင့်အရေးကို ထိပါးပြီး တရားလိုကို အမွေမဆက်ခံစေရန်ရည်ညွှန်း၍ အမှတ် (၁) တရားပြိုင်သည် တရားလိုများပူးတွဲပိုင်သည့်တိုက်နှင့် မရွှေ့မပြောင်းနိုင်သည့်နှစ်ပါးစုံ ပစ္စည်းပိုင်းမြေကို တရားပြိုင်အမှတ် (၂)နှင့် (၃) တို့ကို ချုပ်ဆိုပေးကမ်းခြင်းသည် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ တည်မြဲခိုင်မာခြင်းမရှိ၍ ပျက်ပြယ်ပါသည်။'

ကင်းဝန်မင်းကြီး ဦးကောင်း ပြုစုသော ဓမ္မသတ် ၃၆ စောင်တွဲ အခန်း(၈)ပုဒ်မ ၇၅ ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

'သားချင်းတို့အနက် တစ်စုံတစ်ယောက်သော သားသမီးတို့အား မိဘတို့သည် ပေးကမ်းခဲ့၍ လက်သို့ရောက်သော်လည်း ထိုမိဘတို့ သေဆုံးသည့်နောက် သားချင်းတို့မှာ ဝေခြမ်းစရာ အမွေဥစ္စာမရှိခဲ့မူကား မိဘတို့ ပေးကမ်းခဲ့သည့် လက်ရောက်ဥစ္စာဖြစ်သည်ဟု မဆိုသာ ထိုဥစ္စာကိုအမွေပုံမှာသွင်း၍ သားချင်းတို့နှင့် တရားကြောင်းအလျောက် ခွဲဝေခြင်းကို ပြုအပ်၏။'

မြန်မာဗုဒ္ဓဘာသာ တစ်ဦးသည် မိမိပိုင်ပစ္စည်းကို ပေးကမ်းခွင့်မရှိဟု မြန်မာဓလေ့ ထုံးတမ်းဥပဒေက တားမြစ်ခြင်းမပြု၊ တစ်ဘက်တွင် မိဘဖြစ်သူက သားသမီးတစ်ဦးအား အမွေပစ္စည်းအားလုံးကို ပေးကမ်းလိုက်ရာ၌ အမွေရှင် ကွယ်လွန်သောအခါ အမွေခွဲဝေရန် ပစ္စည်းမရှိတော့လျှင် ထိုသို့ပေးကမ်းခြင်းသည် ပျက်ပြယ်သည်။ ထိုဥပဒေသဘောကိုပင် အယူခံတရားလိုတို့၏ ရှေ့နေက မယာသိန်းပါ(၂)နှင့် ဦးတာတေပါ(၂) အမှု ်ကို ရည်ညွှန်းတင်ပြသည်။ သို့ဖြစ်ရာ အမွေပစ္စည်းအားလုံးကို ပေးခြင်းသည် မြန်မာဓလေ့ ထုံးတမ်းအရ ပျက်ပြယ်ခြင်းရှိမရှိမှာ အမွေရှင် ကွယ်လွန်သည့်အခါမှသာ ပေါ်ပေါက်မည့်ပြဿနာဖြစ်သဖြင့် အမွေရှင် မကွယ်လွန်မီ ထိုသို့ပေးကမ်းခြင်းကို ပယ်ဖျက်ပေးရန် အမွေရရန် ရှိသူတစ်ဦးက တရားစွဲဆိုခွင့် မရှိဟု ကောက်ယူရပေမည်။

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၃၉ တွင် ဤအမှုနှင့်သက်ဆိုင်သမျှ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

---

(၁) အေအိုင်အာရ်၊ ၁၉၃၀ ခုနှစ်၊ ရန်ကုန် ၂၁၆

၁၉၉၀
ဒေါ်လှပို ပါ(၂)
နှင့်
ဦးတင်အုန်း
ပါ(၂)

"ပျက်ပြယ်သော သို့တည်းမဟုတ် ပျက်ပြယ်ခွင့်ရှိသော စာဖြင့် ရေးသားထားသည့် စာချုပ်စာတမ်းတစ်ရပ်ကို မဖျက်သိမ်းဘဲ ထားပါက အကြီးအကျယ် နစ်နာစေမည်ဟု စိုးရိမ်ဖွယ်ရာအကြောင်း ယုတ္တိရှိသောသူ တစ်ဦးတစ်ယောက်သည် ယင်းစာချုပ် ပျက်ပြယ်ကြောင်း သို့မဟုတ် ပျက်ပြယ်ခွင့်ရှိကြောင်း အဆုံးအဖြတ်ရရန်အလို့ငှာ တရားစွဲဆိုနိုင်သည်။ တရားရုံးသည် မိမိသဘောအတိုင်း ယင်းကဲ့သို့ ဆုံးဖြတ်နိုင်သည့်အပြင် စာချုပ်စာတမ်းကို ပေးအပ်စေ၍ ဖျက်သိမ်းစေရန် အမိန့်ချမှတ်ခွင့်လည်း ရှိသည်။"

အချင်းဖြစ်စာချုပ်များကို ဖျက်သိမ်းခြင်းမပြုဘဲထားပါက အယူခံတရားလိုတို့အား အကြီးအကျယ် ထိခိုက်နစ်နာစေနိုင်သည့်မှာ မြင်သာသော အချက်ဖြစ်သည်။ သို့ရာတွင် အယူခံတရားလိုတို့အနေဖြင့် ယင်းစာချုပ်များမှာ ပျက်ပြယ်ကြောင်း သို့မဟုတ် ပျက်ပြယ်ခွင့်ရှိကြောင်း သက်သေ ထင်ရှားပြရန် တာဝန်ရှိသည်။ စာချုပ်စာတမ်းတစ်ခုကို ဖျက်သိမ်းခွင့်ရှိသူတစ်ဦးသည် ယင်းစာချုပ်နှင့်သက်ဆိုင်သော ပစ္စည်းတွင်ဖြစ်စေ၊ ယင်းစာချုပ်အရ ပေးအပ်သော အခွင့်အရေးတွင်ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူဖြစ်ရန် လိုအပ်သည်။ ဤအမှုတွင် ဒေါ်စောခင် မကွယ်လွန်မီ ဒေါ်လှပိုသည် အချင်းဖြစ်ပစ္စည်းကို အကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာ မရရှိသောကြောင့် ဒေါ်စောခင်က အချင်းဖြစ်ပစ္စည်းများအား ပေးကမ်းခြင်းကို ကန့်ကွက်ပြောဆိုခွင့်မရှိသည့်အပြင် ဒေါ်စောခင်အပေါ် ယင်းစာချုပ်ပျက်ပြယ်ရာ ပျက်ပြယ်ကြောင်း တရားစွဲဆိုခွင့်မရှိနိုင်ချေ။ ဤအမှုနှင့် ဖြစ်ရပ်ခြင်းဆင်တူသော **ဦးတင်ဝင်း ပါ(၂)နှင့် ဦးတင်ညွန့်ပါ(၃)**[၂] စီရင်ထုံးကိုကြည့်ပါ

ဒေါ်စောခင်ကွယ်လွန်သည့်အခါ ဒေါ်လှပိုသည် ဒေါ်စောခင်၏အမွေကို ဆက်ခံခွင့်ရှိရုံမျှဖြင့် အမွေဆက်ခံရန်အကြောင်းရှိသောပစ္စည်းကို မိခင်ဖြစ်သူက ပေးကမ်းခြင်း မှာ ပျက်ပြယ်သည်ဟု တရားစွဲဆိုခွင့် မရှိပေ။ **မောင်အောင်သိန်းနှင့် မောင်ဘမော်နှင့် အခြားသူများ**[၃] စီရင်ထုံးကိုကြည့်ပါ။

တိုင်းတရားရုံးက ငြင်းချက်(၄)ကိုဖြေဆိုရာ၌ အောက်ပါအတိုင်း သုံးသပ်ထားသည်-

ဆက်လက်၍ဖြေဆိုရလျှင် တရားလိုများက မိမိတို့၏တရားပြိုင်များဘက်မှ ချေပထားသောချေလွှာအပိုဒ်(၁၀)ကို ပြန်ကြားလွှာအပိုဒ်(၉)

---

(၂) ၁၉၈၃-ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၉၁
(၃) ၁၉၄၀-ပြည့်နှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၅၄

၁၉၉၀
ဒေါ်လှပို
ပါ(၂)
နှင့်
ဦးတင်အုန်း
ပါ(၂)

အရ ချေပရာ၌ (၁) တရားလိုဒေါ်လှပိုသည် မိခင်ဖြစ်သူ (၁) တရားပြိုင် ဒေါ်ခေါ်စောခင်အားတော်လှန်ပြီး ရုန့်ရင်းကြမ်းတမ်းစွာဖြင့် ရန်သူသဖွယ်သဘောထားကာ ပြုကျင့်ဆက်ဆံသူမဟုတ်ပါ။ သွာနုတ္တသမီးသာဖြစ်ပါသည်ဟု ဝန်ခံပြန်ကြားထားသဖြင့် ဒေါ်စောခင်၏အမွေနှင့် ပတ်သက်၍ ခံစားပိုင်ခွင့်မရှိတော့ပေ။'

အယူခံတရားလိုတို့၏ ဖြေလွှာအပိုဒ် (၉) တွင် အောက်ပါအတိုင်း ချေပထားသည်ကိုတွေ့ရသည်–

'၉။ တရားပြိုင်အချေလွှာ အပိုဒ်(၁၀)နှင့် ပတ်သက်၍ အမှတ်(၁) တရားလိုဒေါ်လှပိုသည် မိခင်ဖြစ်သူ(၁)တရားပြိုင် ဒေါ်စောခင်ကိုတော်လှန်ပြီး ရုန့်ရင်းကြမ်းတမ်းစွာဖြင့် ရန်သူသဖွယ် သဘောထားကာ ပြုကျင့်ဆက်ဆံသူမဟုတ်ပါ။ သွာနုတ္တသမီးသာဖြစ်ပါသည်။ သမီးကျင့်ဝတ်ပျက်ပြားသည်ဆိုသောအချက်ကို တရားပြိုင်များက သက်သေထင်ရှားပြရန် တာဝန်ရှိပါသည်။ တည်ဆဲဥပဒေအရ ပျက်ပြယ်ပါသည်။ အမှတ်(၁)ဘရားပြိုင်က တရားလိုများအား ငွေအရင်းအနှီးများနှင့်လက်ဝတ်ရတနာရွှေထည်များ ပေးထားခဲ့သည်ဆိုတာ လုံးဝမမှန်ပါ။'

အယူခံဘရားလိုတို့၏ အထက်ပါချေပချက်တွင် တိုင်းတရားရုံး သုံးသပ်ထားသကဲ့သို့ အယူခံတရားလိုတို့က ဝန်ခံထားခြင်းမရှိချေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် အယူခံတရားလိုတို့သည် မိခင်အပေါ် စာချုပ်ကို ပယ်ဖျက်ပေးစေရန်အလို့ငှာ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်သေးဘဲ စွဲဆိုကြောင်းထင်ရှားနေသဖြင့် တိုင်းတရားရုံးက အယူခံတရားလိုဘို့ စွဲဆိုသောအမှုကို ပလပ်လိုက်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ်(၁၁၀) သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်**

+ ၁၉၉၀
ဇွန်လ
၂၁-ရက်

ဦးဝှာကေး

နှင့်

ဒေါ်သောင်း*

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅–အိမ်ငှားက အိမ်ရှင်ထံမှ စပေါ်ငွေ ပြန်လည်ရခွင့်ရှိခြင်း၊

**ဆုံးဖြတ်ချက်။** ပဋိညာဉ်တစ်ရပ် ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရ ရရှိထားသည့် အကျိုးခံစားခွင့်ကို ရရှိထားသူက ပြန်လည်ပေးအပ်ရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ တွင် ပြဋ္ဌာန်းထားသည်။ ဤအခြေအနေတွင် အိမ်ငှားက အိမ်ရှင်ထံမှ ပေးအပ်ထားသော စပေါ်ငွေ ပြန်ရခွင့်ရှိကြောင်း ပေါ်လွင်သည်။

အယူခံတရားလိုအတွက် — ဦးတင်အောင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဒေါ်သောင်း၊ ကိုယ်တိုင် လျှောက်လဲချက်တင်သည်။

တရားရေးအကြံပေး — ဦးအောင်ငွေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၉၅/၈၄ တွင် ဦးဝှာကေးက ဒေါ်သောင်းအပေါ် စပေါ်ငွေကျပ် ၇၀၀၀၀/– ရလိုမှု စွဲဆိုရာ ပလပ်ခံရသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မူလရုံးတရားလို ဦးဝှာကေးက မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ပထမအယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလို ဦးဝှာကေးနှင့် အယူခံတရားပြိုင် ဒေါ်သောင်း တို့သည် အိမ်ရှင်အိမ်ငှားများဖြစ်ကြပြီး ဦးဝှာကေးကမန္တလေးမြို့ ၂၉ လမ်း ၈၃x၈၄ လမ်းကြားရှိ ဒေါ်သောင်း၏ အဆောက်အအုံကို တစ်လလျှင်

---

+ ၁၉၈၉ ခုနှစ် တရားမ ပထမ အယူခံမှုအမှတ် ၄၀
* ၁၉၈၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၅ တွင် ချမှတ်သော (၂၆–၅–၈၉) ရက်စွဲပါ မန္တလေး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၀
ဦးဝှာကေး
နှင့်
ဒေါ်သောင်း

ကျပ် ၆၀၀/-နှုန်းဖြင့် အငှားနေထိုင်ခဲ့ကြောင်း အငြင်းမပွားချေ။ ၂၄-၃-၈၄ နေ့ မန္တလေး မီးကြီးလောင်ရာတွင် အချင်းဖြစ် အဆောက်အအုံလည်း မီးထဲပါသွားသည်။ အဆောက်အအုံတည်ရှိရာ မြေကိုပိုင်ရှင်ဖြစ်သူဒေါ်သောင်းသို့ သက်ဆိုင်ရာက ပြန်ပေးပြီးဖြစ်သည်။

ဤတွင် ဦးဝှာကေးက ဒေါ်သောင်း၏ အဆောက်အအုံကို ငှား ရမ်းခဲ့စဉ် အိမ်ရှင်အိမ်ငှားကတိစာချုပ် စည်းကမ်းအရ စပေါ်ငွေ ကျပ် ၇၀၀၀၀ ကို ဒေါ်သောင်းသို့ အလီလီပေးခဲ့ပြီးဖြစ်ကြောင်း၊ စပေါ်ငွေပြန်ပေးရန် တောင်းဆိုရာ မရသဖြင့် တရားစွဲဆိုရကြောင်း၊ စပေါ်ငွေ ပေး သည့် ငွေရပြေစာများ ပူးတွဲတင်ပြ၍ အဆိုပြုစွဲဆိုသည်။

ချေလွှာတွင် ဒေါ်သောင်းက အိမ်ငှား ဦးဝှာကေးထံမှ ငွေရယူခဲ့သည်ကို မငြင်းဆိုပေ။ သို့သော် စပေါ်ငွေရယူခဲ့ခြင်းမဟုတ်ကြောင်း၊ အိမ်အောက်ထပ်ကို ဦးဝှာကေး အသုံးပြုနိုင်ရန် အိမ်ပြုပြင်စရိတ် ရယူခဲ့ခြင်းသာဖြစ်၍ စပေါ်ငွေပြန်ပေးရန် တာဝန်မရှိကြောင်း၊ တရားလိုသည် တ ရား ပြိုင် ထံ မှ ငှားယူထားသည့် မူလအိမ်ခန်းကို ပြန်လည်အပ်နှင်းခြင်း မရှိသေးသည့်ပြင် အိမ်ရှင်အိမ်ငှား မပြတ်စဲသေး၍ စပေါ်ငွေ ပြန်ရလိုမှု စွဲဆိုရန် အကြောင်း မပေါ်ပေါက်ကြောင်း ချေပသည်။

တိုင်းတရားရုံးက အိမ်ရှင် ဒေါ်သောင်းသည် အိမ်ငှား ဦးဝှာကေးထံမှ သက်သေခံ 'က'၊'ခ'၊'ဂ' ငွေရပြေစာတို့အရ စပေါ်ငွေကျပ် ၇၀၀၀၀/ ရယူခဲ့ခြင်းဆိုသည်မှာ ထင်ရှားကြောင်းနှင့် စပေါ်ငွေပြန်ရရန် တရားစွဲဆိုခွင့် ရှိကြောင်း၊ သို့ရာတွင် ယင်းစပေါ်ငွေတို့မှာ သက်သေခံ (က) (ခ) (ဂ) ငွေရပြေစာများကို အခြေခံ၍ ရရန်ငွေများဖြစ်ရာ ထိုငွေရပြေစာများအတွက် လိုအပ်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန် ပျက်ကွက်သဖြင့် စာချုပ်များကို သက်သေခံအဖြစ် လက်မခံဟု ၃-၁၂-၈၅ နေ့စွဲပါ အမိန့်ချမှတ်ထားခြင်းကြောင့် တရားမဝင်သော စာချုပ်များ ဖြစ်နေကြောင်း ကောက်ယူသုံးသပ်လျက် ထိုစာချုပ်များမှ ပေါက်ပွားလာသော စပေါ်ငွေများကို မ ရထိုက်ကြောင်း ဆုံးဖြတ်သည်။

ဤအယူခံတွင် အယူခံတရားလို၏ ရှေ့နေက ဒေါ်သောင်းသည် ဦးဝှာကေးထံမှ ငွေကျပ် ၇၀၀၀၀/-လက်ခံရရှိခဲ့ကြောင်း မ ငြင်း ဆို ဘဲ အိမ်ပြင်စရိတ်ဟု ခုခံသော်လည်း ထင်ရှားမပြနိုင်သဖြင့်စပေါ်ငွေဖြစ်သည်မှာ ထင်ရှားကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ အငှားချထားမှု ပျက်ပြယ်သည့်အခါ ပုဒ်မ ၆၅ အရ စပေါ်ငွေကိုပြန်ပေးရန် တာ ဝန် ရှိကြောင်း သက်သေခံအဖြစ် လက်ခံထားပြီးသော သက်သေခံ(က) (ခ) (ဂ)ငွေရပြေစာများကို ငွေရပြေစာ စာချုပ်များဟု ဖော်ပြလျက် တရား

၁၉၉၀
ဦးဝှာကေး
နှင့်
ဒေါ်သောင်း

မဝင် စာချုပ်များဟု သုံးသပ်ပြီး အမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း သက်သေခံ (က) (ခ) (ဂ) ငွေရပြေစာများမှ တရားဝင် ပြေစာများဖြစ်ကြောင်း တင်ပြသည်။

အမှုကို လေ့လာသုံးသပ်ကြည့်ရာ အယူခံတရားလို ဦးဝှာကေးသည် အယူခံတရားပြိုင်ဒေါ်သောင်း၏အိမ်ငှားဖြစ်ပြီး အချင်းဖြစ်အဆောက်အအုံကို အငှားချထားခြင်းအတွက် အိမ်ရှင်ဒေါ်သောင်းက အိမ်ငှား ဦးဝှာကေးထံမှ သက်သေခံ 'က'၊ 'ခ'နှင့် 'ဂ' ငွေရပြေစာများအရ စပေါ်ငွေ ကျပ် ၇၀၀၀၀/-ကို ၃ ကြိမ်ခွဲ၍ လက်ခံရယူခဲ့ကြောင်းနှင့် ပြန်လည်ပေးဆပ်ခြင်း မပြုရသေးကြောင်း အမှုတွင် အငြင်းမပွားချေ။ အချင်းဖြစ်ဥပစာမှာ ၁၉၈၄ ခုနှစ် မန္တလေး မီးကြီးလောင်ရာတွင် ပါသွားသဖြင့် မြေကို ပိုင်ရှင် အယူခံတရားပြိုင် ဒေါ်သောင်းအား သက်ဆိုင်ရာက ပြန်လည်ပေးအပ်ပြီးဖြစ်သော်လည်း ဒေါ်သောင်းက စပေါ်ငွေပြန်မပေးခြင်းကြောင့် ဦးဝှာကေးက တရားစွဲဆို တောင်းခံခြင်းဖြစ်သည်။ ဒေါ်သောင်းက စပေါ်ငွေ မဟုတ် အိမ်ပြင်စရိတ်ဟု ထုချေသော်လည်း စပေါ်ငွေသာလျှင်ဖြစ်သည်မှာ ထင်ရှားကြောင်းနှင့် ဦးဝှာကေးအနေဖြင့် တရားစွဲဆို တောင်းခံခွင့်ရှိကြောင်း တိုင်းတရားရုံးက လက်ခံသုံးသပ်ထားသည်။ ယင်းသို့ သုံးသပ်ပြီးကာမှ သက်သေခံ'က'ခ' 'ဂ'ငွေရပြေစာများကို အခြေခံပြီး ရရန်ငွေများဖြစ်ခြင်းကြောင့် ထိုပြေစာများမှာ လိုအပ်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိ၍ တရားမဝင်ဟုဆိုကာ အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ တွင် ပဋိညာဉ်တစ်ခု မည်သည့်အခါ အချည်းနှီးဖြစ်ကာ ပျက်ပြယ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၁၀၈ (င)တွင် ငှားရမ်းထားသည့်ပစ္စည်း၏ အစိတ်အပိုင်းမှာ မီးဘေး၊ ရေဘေး၊ လေဘေး အစရှိသည့် ဘေးအန္တရာယ်တစ်ရပ်ရပ် ကျရောက်ခြင်းကြောင့် လုံးဝပျက်စီးသွားလျှင် ငှားရမ်းခြင်း ပယ်ဖျက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ငှားရမ်းထားသည့် အိမ်ခန်း မီးလောင်သွားရာ ဥပစာကို ပြန်လည်ပေးအပ်ရန် မဖြစ်နိုင်တော့သည့် အခြေသို့ ဆိုက်ရောက်လျှင် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ အရ ငှားရမ်းခြင်း ပျက်ပြယ်သည်။ ဤသို့ ပဋိညာဉ်ပျက်ပြယ်လျှင် ပဋိညာဉ်ဆုံးခန်းတိုင်ရောက်သွားပြီးပဋိညာဉ်ပျက်ပြယ်ခြင်းဆိုင်ရာဥပဒေသမှာငှားရမ်းခြင်းပဋိညာဉ်များနှင့်လည်း သက်ဆိုင်ကြောင်း မောင်ကျော်ငြိမ်း နှင့် မောင်ကျော်ကျော် [1] အမှုတွင် ပြဆိုထားသည်။ ထို့ကြောင့် အိမ်ခန်းကို အိမ်ရှင်အား ပြန်လည်

(၁) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စ၁-၂၆၆
(တရားလွှတ်တော်)

မပေးအပ်ခြင်းကြောင့် အိမ်ရှင်အိမ်ငှား မပြတ်စဲသဖြင့် စပေါ်ငွေ ပြန်ရခွင့်မရှိဟုဆိုသော အယူခံတရားလိုပြိုင် ဒေါ်သောင်း၏ ထုချေ ချက်မှာ လက်ခံရန်မဖြစ်နိုင်ပေ။

ဤအမှုတွင် ဦးဝှာကေးအား ဒေါ်သောင်းက အငှားချထားသည့် အိမ်ဥပစာမှာ မီးလောင်ပျက်စီးသွားပြီးဖြစ်၍ ငှား ရမ်း ခြင်း ပျက် ပြယ် ပြီးဖြစ်ကြောင်း အငြင်းပွားစရာမရှိပေ။ ပဋိညာဉ်တစ်ရပ် ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရ ရရှိထားသည့် အကျိုးခံစားခွင့်ကို ရရှိထားသူက ပြန်လည် ပေးအပ်ရမည်ဟု ပဋိညာဉ် အက်ဥပဒေပုဒ်မ ၆၅ တွင် ပြဋ္ဌာန်းထားသည်။ ဤအခြေအနေတွင် အိမ်ငှားက အိမ်ရှင်ထံမှ ပေးအပ်ထားသော စပေါ်ငွေပြန်ရရှိခွင့်ရှိကြောင်း ပေါ်လွင်သည်။ ၁၉၆၀ ပြည့်နှစ်မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် အိမ်ရှင်အား ငှားရမ်းခအပြင် အပိုငွေ၊ စပေါ်ငွေတောင်းခံခြင်းမပြုရဟု တားမြစ်ထားသည်။ အိမ်ငှားကိုမူ ထိုသို့အပိုငွေ၊ စပေါ်ငွေပေးခြင်းမှ အတိအလင်း တားမြစ်ခြင်းမပြုချေ။ ထို့ကြောင့် အဆိုပါ ဥပဒေပုဒ်မ ၁၀ ကို ဆန့်ကျင်၍ အိမ်ရှင်နှင့် အိမ်ငှားတို့ စပေါ်ငွေ အပေးအယူပြုလုပ်ရာ၌ အတူတူ အပြစ်ရှိသည်ဟု မယူဆနိုင်ပေ။ ယင်း သို့ ယူ ဆ လျှင် စပေါ်ငွေ ပေးအပ်ထားရသူအိမ်ငှားအဖို့ မတရားနစ်နာဖွယ်ရာရှိပေသည်။ ထို့ကြောင့် အိမ်ငှားက အိမ်ရှင်ထံမှ ပေးအပ်ထားသော စပေါ်ငွေပြန်ရရန် တရားစွဲဆိုခွင့် ရှိသည်ဆိုခြင်းမှာ ယုံမှားဖွယ်မရှိချေ။ **အမ်အေဝါဟစ်ပါ၂ နှင့် အမ္ဘူဘူကွာရန်**[၂] အမှုတွင် ကြည့်ပါ။

အလားတူပင် ယခုနေအိမ်ငှားအဖြစ် ခံ ယူ ရန် အ တွက် အိမ် ရှင် တို့ က အိမ်ငှားထံမှ ငှားရမ်းခအပြင် အပိုငွေ(အပျောက်ငွေ)အမြောက်အမြားကို တစ်လုံးတည်းတောင်းခံရယူလေ့ရှိကြသည်။ထိုသို့အိမ်ငှားက အိမ်ရှင်အား အပြီးအပိုင်ပေးအပ်ထားရသော အခြားအပိုငွေ (အပျောက်ငွေ) ကိုလည်း အိမ်ငှားက အိမ်ရှင်ထံမှ ပြန်ရရန် တောင်းခံ တရားစွဲဆိုခွင့် ရှိရမည်သာဖြစ်ကြောင်း အလျဉ်းသင့်၍ မှတ်ချက်ပြုလိုက်သည်။

ဤအမှုတွင် သက်သေခံ 'က'၊ 'ခ'၊ 'ဂ' ငွေရပြေစာတို့အရ ဒေါ်သောင်းက ဦးဝှာကေးထံမှ စပေါ်ငွေ ကျပ် ၇၀၀၀၀/ လက်ခံရယူထားခဲ့ကြောင်း အငြင်းမပွား ထင်ရှားသည့်အချက်ဖြစ်သည်။သို့ဖြစ်၍ အိမ်ရှင် ဒေါ်သောင်းက အိမ်ငှား ဦးဝှာကေးအား စပေါ်ငွေပြန်ပေးရန် တာဝန်ရှိကြောင်း ထင်ရှားသည်။ သူတို့အကြား ပြုလုပ်ထားသည့်အိမ်ရှင်အိမ်ငှား ပဋိညာဉ်မှာ တံဆိပ်ခေါင်းခွန် ထမ်းဆောင်မထားခြင်းကြောင့် တရားဝင် မဝင် စဉ်းစားစရာ မလိုတော့ပေ။အဆိုပါ သက်သေခံ 'က'၊ 'ခ'၊ 'ဂ' ငွေရပြေစာတို့တွင်

(၂) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၃၄၅ (တရားရုံးချုပ်)

၁၉၉၀
ဦးဗှာကေး
နှင့်
ဒေါ်သောင်း

(၁၅) ပြီးတန် တံဆိပ်ခေါင်းကပ်လျက် ငွေလက်ခံသူ ဒေါ်သောင်း က လက်မှတ်ရေးထိုးထားရာ ယင်းငွေရပြေစာတို့သည် တံဆိပ်ခေါင်း အက်ဥပဒေ ပထမဇယား၊ အမှတ်စဉ် ၅၃ ပါ ပြဋ္ဌာန်းချက်နှင့် အညီ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားသော တရားဝင်ပြေစာများဖြစ်ကြောင်း တွေ့ရသည်။ တံဆိပ်ခေါင်းခွန် ထမ်းဆောင်မထား၍ တရားဝင် ပြေစာများ မဟုတ်သဖြင့် ယင်းပြေစာများကို အခြေခံ၍ စပေါ်ငွေပြန်ရခွင့် မရှိဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်။ တိုင်းတရား ရုံးက ၃–၁၂–၈၅ နေ့တွင် သက်သေခံအဖြစ် လက်မခံဟု ဆုံးဖြတ်ခဲ့သော စာရွက်စာတမ်းမှာ အထက်ပါပြေစာများမဟုတ်ချေ။ အိမ် ရှင် အိမ် ငှား ကတိစာချုပ်သာဖြစ်သည်ကို တိုင်းတရားရုံးက သတိမူမိဟန်မတူပေ။

ထို့ပြင် ငွေပေးဆပ်ရန်ဒီကရီ တစ်စုံတစ်ရာ ချမှတ်ရာတွင် တရားရုံးက တရားစွဲဆိုသောနေ့ရက်မှ ဒီကရီချမှတ်သောနေ့အထိနှင့် ဒီကရီချမှတ်သော နေ့မှ၊ ငွေပေးဆပ်သောနေ့အထိ သင့်တော်သည် ထင်မြင်သောနှုန်းဖြင့် အတိုးပေးစေရန် ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အတိုးပါပေးစေရန် မူလရုံးတရားလို ဦးဗှာကေး တောင်းခံသည့် သက်သာခွင့်ကိုပါ လက်ခံစဉ်းစားရန်ရှိသည်။ သို့ရာတွင် ချေးငွေကိစ္စ မဟုတ်ခြင်းကြောင့် ဦးဗှာကေး တောင်းဆိုသော တရားစွဲဆိုသည့်နေ့က စတင်ပေးစေရန် သင့်မည်မဟုတ်ပေ။ ပုဒ်မ ၃၄ အရ တရားရုံးက သတ်မှတ်သော အတိုးနှုန်းသည် သာမန်အားဖြင့် တစ်နှစ် ငွေကျပ်တစ်ရာလျှင် ၆%/နှုန်း သို့မဟုတ် ၎င်းနှုန်းထက်လျော့သည့် ပမိုသာ၍ ထားရှိလျှင် ပမိုသာ၍တွင်ပါရှိသော နှုန်းအတိုင်း သတ်မှတ်ရမည်ဟု တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ တွင် ပြဆိုထားသည်။ သို့ဖြစ်၍ အယူခံ တရားလို ဦးဗှာကေးက စွဲဆိုသည့်အတိုင်း စပေါ်ငွေကျပ် ၇၀၁၀၀/အပြင် သင့်တော်သော အတိုးပါ ပေးစေရန် ဒီကရီချမှတ်လိုက်သည်။

အထက်ပါအကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ ဦးဗှာကေး စွဲဆိုသည့် အတိုင်း စပေါ်ငွေ ကျပ် ၇၀၀၀၀/နှင့် ဒီကရီချမှတ်သောနေ့မှ ငွေပေးဆပ် သောနေ့အထိ အတိုး ၆ ရာခိုင်နှုန်းပေးစေရန် စရိတ် နှင့် တကွ ဒီကရီ ချမှတ်ပေးလိုက်သည်။

ရှေ့နေခ ကျပ် ၁၅၀/သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

ဦးသောင်း

နှင့်

မတင်တင်ဦး ပါ(၆)*

၁၉၅၀ ဒီဇင်ဘာလ ၁၈ ရက်

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၄ နှင့် နည်း ၆–အမွေစီမံခန့်ခွဲပေးစေလိုမှုသည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လက်ရောက်ရလိုမှုမဟုတ်ခြင်း–တရားစွဲဆိုနိုင်ရန် အကြောင်းများကို မည်သည့်အခါ သီးခြားစစ်ဆေးစီရင်ရခြင်း။

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၊ နည်း ၄ သည် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလက်ရောက်ရလိုမှုကို ရည်ညွှန်းသည်။ ယခုအမှုတွင် အမွေခွဲဝေရမည့် ပစ္စည်းများ၌ မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းများ ပါဝင်သော်လည်း အယူခံတရားလို စွဲဆိုသည့်အမှုသည် အနှစ်သာရအားဖြင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လက်ရောက်ရလိုသည် မဟုတ်ချေ။ သို့ဖြစ်ရာ အယူခံတရားလို ပူးတွဲစွဲဆိုလိုသော တရားစွဲဆိုနိုင်ရန် အကြောင်းနှစ်ရပ်ကို အမှုတစ်မှုတည်းတွင် ပူးတွဲစွဲဆိုခြင်းအားဖြင့် အမိန့် ၂၊ နည်း ၄ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ရန်အကြောင်း မရှိနိုင်ပေ။ ထို့ပြင် တရားစွဲဆိုရန်အကြောင်းများကို မှားယွင်းပူးတွဲစွဲဆိုရုံမျှဖြင့် အမှုကို ပလပ်ရန်မဟုတ်ချေ။ ပူးတွဲထားသော တရားစွဲဆိုနိုင်ရန် အကြောင်းများကို စုပေါင်း၍ စစ်ဆေးစီရင်ခြင်း မပြုနိုင်လျှင် တရားရုံးက သီးခြားစစ်ဆေးစီရင်စေရန်အမိန့်ချမှတ်နိုင်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊နည်း ၆ ၌ တရားရုံးသည် သင့်သည်ထင်မြင်သည့် အခြားအမိန့် ချမှတ်နိုင်သည်ဆိုရာ၌ အမှုကို ပလပ်ပစ်ရမည်ဟုဆိုလိုခြင်းမဟုတ်ချေ။

အယူခံတရားလိုအတွက် —ဦးမင်းဆွေ၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် —ဦးမြစိန်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး —ဦးအောင်မွေ

* ၁၉၅၀ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၉၊
+ ၁၉၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၁ တွင် ချမှတ်သော (၂၂-၂-၁၉၄၉) ရက်စွဲပါ မန္တလေး တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ဦးကိုကြီးနှင့် ဒေါ်ကြည်ကြည်တို့သည် မြန်မာဗုဒ္ဓဘာသာ လင်မယား
ဖြစ်ကြ၍ သားရင်း သမီးရင်း ထွန်းကားခဲ့ခြင်း မရှိချေ။ အယူခံတရားလို
ဦးသောင်းသည် ဒေါ်ကြည်ကြည်၏ မောင်အရင်းဖြစ်သည်။ ဦးကိုကြီးနှင့်
အယူခံတရားပြိုင် ဒေါ်လှတင်၊ ဦးဘခင်၊ ဦးကိုလေး၊ ဒေါ်တင်ညွန့် နှင့်
ဦးထွေး တို့သည် ညီအစ်ကို မောင်နှမများ ဖြစ်ကြသည်။ ဦး ကို ကြီး
ကွယ်လွန်ပြီးနောက် အယူခံတရားပြိုင် မတင်တင်ဦး အား ဒေါ်ကြည်ကြည်က
မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့သည်။ ဦးကိုကြီးနှင့်
ဒေါ်ကြည်ကြည်တို့သည် ၁၉၈၄ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်တွင် အသီးသီး
ကွယ်လွန်ခဲ့သည်။ အယူခံတရားလို ဦးသောင်းက မတင်တင်ဦးနှင့် အထက်
ဖော်ပြပါ ဦးကိုကြီး ၏ ညီအစ်ကို မောင်နှမများအပေါ် ဒေါ်ကြည်ကြည် က
မတင်တင်ဦးအား မွေးစားသောစာချုပ်မှာ လိမ်လည်လှည့်ဖြားသွေးဆောင်
ဖြားယောင်းပြီး မတရားသြဇာလွှမ်းမိုး၍ ချုပ်ဆိုခဲ့သည်ဟု အဆိုပြုကာ
ယင်းစာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ဒေါ်ကြည် ကြည်
ကျန်ရစ်သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် မန္တလေး တိုင်း
တရားရုံး၊ ၁၉၈၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၁(အနောက်တောင်)တွင်
တရားစွဲဆိုသည်။ တိုင်းအရေးရုံးက ဦးသောင်းအဆိုပြုသည့် တရားစွဲရန်
အကြောင်းနှစ်ရပ်ကို အမှုတစ်မှုတည်း စုပေါင်း၍ စွဲဆိုခွင့် မရှိဟု
အကြောင်းပြကာ ဦးသောင်း စွဲဆိုသောအမှုကို ပလပ် လိုက် သ ဖြင့်
ဦးသောင်းက တရားရုံးချုပ်တွင် ဤအယူခံကို တင်သွင်းလာသည်။

အမှုကို စိစစ်ကြည့်ရာ တိုင်းတရားရုံးသည် ၁၉၈၇ ခုနှစ်၊ အောက်တို
ဘာလ ၉ ရက် နေ့စွဲပါ အမိန့်အရ ဒေါ်လှတင်၊ ဦးဘခင်၊ ဦးကိုလေး၊
ဒေါ်ခင်ညွန့်နှင့် ဦးထွေးတို့သည် ဒေါ်ကြည်ကြည်၏ အမွေကို သက်ခံခွင့်
ရှိသူများမဟုတ်ဟုအကြောင်းပြကာအဆိုလွှာကိုလိုအပ်သလိုပြင်ဆင်စေရန်
အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံးသည် ဒေါ်လှတင် ပ၁-၅ ဦးတို့အား
အမှုသည်များစာရင်းမှ ဖယ်ထုတ်သင့် မသင့်။ ပဏာမ ငြင်းချက် ထုတ်နုတ်
ကြားနာပြီးနောက် စာရင်းမှ ဖယ်ထုတ်သင့်သည်ဟု ကောက်ယူဆုံးဖြတ်
ခဲ့သည်။ အပြီးသတ်အမိန့်ချမှတ်ရာ၌ အဆိုပါအမှုသည် (၅) ဦးအား
တရားပြိုင်စာရင်းမှ ဖယ်ထုတ်ကြောင်း အတိအလင်း အမိန့်ချမှတ်ခြင်းမပြု၊
သို့ရာတွင် အဆိုလွှာကို လိုအပ်သလို ပြင်ဆင်စေရန် အမိန့်ချမှတ်ခြင်းက
ဒေါ်လှတင်တို့ (၅) ဦးအား တရားပြိုင်စာရင်းမှ ပယ်ထုတ်သည့်သဘော
သက်ရောက်သည်။ ယင်းအမိန့်ကို ဦးသောင်းနှင့် ဒေါ်လှကင်ပ၁-၅ ဦး
တို့က ယခင် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) ၁၉၈၇ ခုနှစ် တရားမ
ပြင်ဆင်မှုအမှတ် ၁၄၆ နှင့် ၁၄၇ တို့တွင် အပြန်အလှန် လျှောက်ထား
ခဲ့ကြသည်။ တိုင်းတရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးက အထက်ဖေါ်ပြပါ
ပြင်ဆင်မှုတွင် တစ်စိတ်တစ်ဒေသ အတည်ပြုပြီး အဆိုလွှာကိုပြင်ဆင်စေရန်
အမိန့်ကိုမူ ပယ်ဖျက်ခဲ့သည်။ တိုင်းတရားရုံး၏ အမိန့်နှင့် ယခင်ဗဟိုတရား

၁၉၉၁
နှင့်
မတင်တင်ဦး
ပ၁ (ဒ)

၁၉၉၀
ဦးသေခင်း
နှင့်
မတင်တင်ဦး
ပါ(၆)

ရှုံးတို့၏ အမိန့်အရ အမှုတွင် တရားပြိုင် မတင်တင်ဦး တစ်ဦးတည်းသာ ကျန်ရစ်တော့ကြောင်း ထင်ရှားသည်။ သို့ဖြစ်ပါလျက် တိုင်းတရားရုံးက အမှုကိုအပြီးသတ် ပလပ်ရာတွင် စီရင်ချက်တွင်လည်းကောင်း၊ ဒီကရီတွင်လည်းကောင်း ဒေါ်လှတင်ပါ ၅ ဦးတို့ကို တရားပြိုင်အဖြစ် ဖော်ပြချမှတ်ခြင်းမှာ အထင်အရှားမှားယွင်းသည်။ အယူခံတရားလိုကလည်း တရားရုံးချုပ်တွင် ဤအယူခံကို တင်သွင်းရာ၌ ထို(၅)ဦးအား အယူခံတရားပြိုင်များအဖြစ် ဖော်ပြခြင်းမှာ ထပ်ဆင့်မှားယွင်းသည်။

တိုင်းတရားရုံးက အယူခံတရားလို၏ အမှုကို ပလပ်ရာ၌ အောက်ပါအတိုင်း အကြောင်းပြသည်-

'သို့ဖြစ်သောကြောင့် မှတ်ပုံတင် ကိတ္တိမစာချုပ်မှာ ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အမွေပုံ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည့်အချက် (၂)ချက်ကို ပူးတွဲစွဲဆိုခွင့် ရှိမရှိအပေါ် သုံးသပ်ရမည်ဖြစ်သည်။ ဤသို့မတူညီသည့်အမှုဖြစ် အကြောင်းအရာကိုပူးပေါင်းစွဲဆိုခွင့်မရှိကြောင်းကို တရားပြိုင်၏ ချေလွှာအပိုဒ် (၂၀) တွင် တစ်ပေါင်းတည်း မစွဲနိုင်ကြောင်းကို အမိန့် (၂) နည်းဥပဒေ (၇) နှင့်အညီ ကန့်ကွက် ငြင်းဆိုထားသည်ကိုတွေ့ရသည်။ ၎င်းအပြင် ဤအမှုစွဲဆိုနိုင်ရန် တရားရုံး၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ စွဲဆိုထားသဖြင့် တရားမကျင့်ထုံး အမိန့် ၂ နည်းဥပဒေ (၄) အရ အဆိုလွှာအပေါ် လက်ခံစဉ်းစားရန် အကြောင်းမပေါ်ပေါက်တော့ပေ။

ထို့ကြောင့် ကိတ္တိမမွေးစားစာချုပ် ပယ်ဖျက်ရန်အကြောင်းအရာမှာ ၁၇-၃-၈၇ နေ့တွင် ပေါ်ပေါက်ပြီး အမွေအုပ်ထိန်းရန် အမှုမှာ ဒေါ်ကြည်ကြည် ကွယ်လွန်သည့် ၃-၄-၈၇ နေ့တွင် ပေါ်ပေါက်သဖြင့် မတူညီသည့်အမှုဖြစ်အကြောင်းအရာ (၂) ခုကိုပေါင်း၍ စွဲဆိုခွင့်မရှိဟု ဤပဏာမငြင်းချက်ကို တရားပြိုင်အကျိုး၌ ဖြေပြီးအဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၄ သည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း လက်ရောက်ရလိုမှုကို ရည်ညွှန်းသည်။ ယခုအမှုတွင် အမွေခွဲဝေရမည့်ပစ္စည်းများတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများပါဝင်သော်လည်း အယူခံတရားလို စွဲဆိုသည့်အမှုသည် အနှစ်သာရအားဖြင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လက်ရောက်ရလိုသည်မဟုတ်ချေ။ သို့ဖြစ်ရာ အယူခံတရားလို ပူးတွဲစွဲဆိုလိုသော တရားစွဲဆိုနိုင်ရန် အကြောင်းနှစ်ရပ်ကို အမှု

၁၉၄၀
ဦးသောင်း နှင့် မတင်တင်ဦး ပါ(၆)

တစ်မှုတည်းတွင် ပူးတွဲစွဲဆိုခြင်းအားဖြင့် အမိန့် ၂၊ နည်း ၄ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ရန် အကြောင်းမရှိနိုင်ချေ။ ထို့ပြင် တရားစွဲဆိုရန် အကြောင်းများကို မှားယွင်းပူးတွဲစွဲဆိုရုံမျှဖြင့် အမှုကို ပလပ်ရန် မဟုတ်ချေ။ ပူးတွဲထားသော တရားစွဲဆိုနိုင်ရန် အကြောင်းများကို စုပေါင်း၍ စစ်ဆေးစီရင်ခြင်းမပြုနိုင်လျှင် တရားရုံးက သီးခြားစစ်ဆေးစီရင်စေရန် အမိန့်ချမှတ်နိုင်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ ၌ တရားရုံးသည် သင့်သည်ထင်မြင်သည့် အခြားအမိန့် ချမှတ်နိုင်သည်ဆိုရာ၌ အမှုကို ပလပ်ပစ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ချေ။ **ဦးချစ်မောင် ပါ ၂ နှင့် ဒေါ်အုန်းသွင်** [1] အမှုတွင်ကြည့်ပါ။ အမှု၏ထူးခြားသော အခြေအနေအရ သီးခြားစစ်ဆေး-စီရင်ခြင်းမပြုဘဲ အဆင်ပြေပြေ စစ်ဆေးစီရင်နိုင်မည့် အခြားနည်းလမ်းတစ်ခုကို ရွေးချယ်နိုင်သည်။ သို့တည်းမဟုတ် လက်ရှိအမှုတွင် တရားလိုက စစ်ဆေးစီရင်ပေးစေလိုသော တရားစွဲဆိုနိုင်ရန် အကြောင်းနှင့်စပ်လျဉ်းသည့်အမှုကို ဆက်လက်စစ်ဆေးစီရင်ပြီး အခြားတရားစွဲဆိုနိုင်ရန်အကြောင်း စပ်လျဉ်း၍ အမှုကို ရုပ်သိမ်းခွင့် ပြုစေ၍ တရားတစ်ထုံးစွဲဆိုရန် ဖြစ်သည်။

ဤအမှုတွင် တရားလိုဘက်တွင် တရားလိုတစ်ဦး တရားပြိုင်ဘက်တွင် တရားပြိုင်တစ်ဦးသာ ရှိသည်။ ဦးသောင်း၏ အဆိုပြုချက်အရ သူတို့နှစ်ဦးသည် ပူးတွဲ အမွေဆိုင်များ မဟုတ်ကြချေ။ အမွေမှုတွင်ပူးတွဲ အမွေဆိုင်များက တရားဆိုင်ကြရသည်။ သူတစိမ်းများပါဝင်ရန် အကြောင်းမရှိဟု စစ်ပြီးခေတ် နောက်ပိုင်းတွင် **မောင်သိန်းနှင့် ဒေါ်ဖွားနှင့် အခြားသူများ** [2] စီရင်ထုံးမှစ၍ စီရင်ထုံး အများအပြား တညီတညွတ်တည်း ပြဆိုထားသည်။ **ဦးမောင်ညို နှင့် အဘူ(ခ)မောင်အေးမောင် ပါ ၁၉** [3] အမှုမှာ ခြွင်းချက်ဖြစ်သည်။ မတင်တင်ဦးအား အမွေရှင်ဒေါ်ကြည်ကြည်က ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှာ အထမြောက်ပါမူ ကွယ်လွန်သူ၏ မောင်ဖြစ်သူ ဦးသောင်းသည် ကွယ်လွန်သူ၏ ကိတ္တိမသမီးနှင့် ယှဉ်၍ အမွေဆက်ခံခွင့် မရှိနိုင်သဖြင့် အယူခံတရားလို စွဲဆိုသော အမှုမှာ အောင်မြင်ရန် အကြောင်းမရှိနိုင်ချေ။ အကယ်၍ ဒေါ်ကြည်ကြည်က မတင်တင်ဦးအား မွေးစားခြင်းသည် ပျက်ပြယ်ပါမူ ဦးသောင်းသည် ဒေါ်ကြည်ကြည် ကျန်ရစ်သော အမွေပစ္စည်းများကို မတင်တင်ဦး လက်ဝယ်မှ လက်ရောက်ရလိုကြောင်း အရေးဆိုရန်ဖြစ်သဖြင့် ဦးသောင်း စွဲဆိုသော အမှုမှာအမှုပုံစံလွဲမှားပေလိမ့်မည်။ ဤအခြေအနေတွင် အောက်ရုံး၏ အကြောင်းပြချက်များမှာ မှားယွင်းသော်လည်း ဦးသောင်း စွဲဆို

---

(၁) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စ--၁၃၃။
(၂) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စ၁-၄၁၀
(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စ၁-၄၅၇၀

၁၉၄၉
ဦးခသာင်း
နှင့်
မတင်တင်ဦး
ဝါ (၆)

ဓိသာ အမှုအား ပလပ်ခြင်းမှာမူ အထက်တွင် ဖော်ပြခဲ့သော အကြောင်းများကြောင့် မှန်ကန်သည်။

ထို့ကြောင့် ဤအယူခံကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/ သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

**တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့် ရှေ့တွင်**

ဒေါ်သန်းခင် | + ၁၉၉၀ ဇွန်လ ၂၉ရက်

နှင့်

ဒေါ်နွဲ့နွဲ့ဇင် *
(ကွယ်လွန်သူ ဒေါ်ခင်ခင်၏ တရားဝင်ကိုယ်စားလှယ်)

**မြန်မာဓလေ့ထုံးတမ်း ဥပဒေ—အမွေဆက်ခံခြင်း—မွေးစားသားသမီး၊ မွေးစားမိဘထံမှ အမွေဆက်ခံခွင့်။**

**ဆုံးဖြတ်ချက်။** မွေးစားသည့် ကလေးသည် ၎င်း၏ မိရင်း ဘရင်း ထံမှ အမွေဆက်ခံခွင့် ဆုံးရှုံးပြီး၊ မွေးစားမိဘနှင့် မွေးစားမိဘ၏ ဆွေမျိုးများ ထံမှ အမွေဆက်ခံခွင့်ရသည်ဆိုသည့် ဥပဒေသသည် မြန်မာ ဗုဒ္ဓဘာသာ တရားဥပဒေတွင် အခြေခံ အချက်တစ်ရပ်ဖြစ်နေသည်။

အယူခံတရားလိုအတွက်— ဦးသိမ်းအောင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက်— ဦးကြည်ဝင်း (သန်လျင်) တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး — ဦးအောင်သစ်

ဧရာဝတီတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၃၄/၈၄ (ပုသိမ် အနောက်)တွင် ရန်ကုန်မြို့၊ စူနီရန်ပတ် (ခ) အမှတ် ၂၃ (ခ) နေ ဒေါ်သန်းခင်က ပုသိမ်မြို့၊ တံတားကြီးလမ်း၊ အမှတ် ၆၆ (ခ) နေ ဒေါ်ခင်ခင် အပေါ် မိမိလက်ဝယ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ဖြစ်သော ပုသိမ်မြို့၊ မြို့တောင် (ဘီ) အကွက်၊ တရုတ်စု၊ အုပ်စုအမှတ်( ၂၄ ) အသည်ကြီး ကုန်သည်လမ်းရှိ ၁၉၁၂-၁၃ ခုနှစ်၊ ဦးပိုင် အမှတ် ၆၆၃/၂၁၇၉ ဘလောက် နံပါတ် ၂၁ (ဧ)၊ မြေဧရိယာ စတုရန်းပေ ၆၄၃၈ ရှိ မြေကွက်ဖြစ်သော ပုသိမ်မြို့ အနောက်ပိုင်းမြို့နယ်၊ စဉ်းအိုးဖို အုပ်စု၊ အမှတ် ၆၃၊ မြို့မအလယ်၊ ၁၉၅၃-၅၄ ဦးပိုင် နံပါတ် ၁၃၈၊ မြေဧရိယာ ၁၃၈ နှင့် ၎င်းပေါ်ရှိ အဆောက်အအုံဖြစ်သော သုံးခန်းနှစ်ထပ်တိုက် အိမ်တစ်လုံး ဘွက်ကြီးတန်းလမ်း အမှတ် (၁) အမည်တွင်သော

---

* ၁၉၉၀ ပြည့်နှစ် တရားမ ပထမ အယူခံမှုအမှတ် ၁၅

\+ ၁၉၈၄ ခုနှစ် တရားမကြီးမှု အမှတ် ၃၄ တွင် ချမှတ်သော (၂၅-၁၀-၈၉) ရက်စွဲပါ ဧရာဝတီတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု

၁၉၉၀
ဒေါ်သန်းခင်
နှင့်
ဒေါ်နွဲ့နွဲ့တင်

သုံးခန်း နှစ်ထပ်တိုက်တစ်လုံးနှင့် မော်တော်ကားရှိ တစ်ချို့တို့မှာမိမိ တစ်ဦးတည်းပိုင်သော ပစ္စည်းများဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှု စွဲဆိုရာ မူလရုံးက အချင်း ပစ္စည်းများ၏ ထက်ဝက်ကိုသာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို ချမှတ်ခဲ့သည်။ ယင်းဒီကရီကို ဒေါ်သန်းခင်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤတရားမ ပထမ အယူခံမှုကို တင်သွင်းသည်။

အဆိုလွှာတွင် ဒေါ်သန်းခင်က အချင်းဖြစ် ရွှေ့မပြောင်းနိုင်သော ပစ္စည်းများမှာ ကွယ်လွန်သူ ဦးဘိုးရင်နှင့် ဒေါ်ဒေါ်ဆင့်တို့ နှစ်ဦးပိုင်ဆိုင်ကြောင်း၊ ၎င်းတို့သည်မိမိအား (၁၁) လ သမီးအရွယ်တွင်လည်းကောင်း၊ ဒေါ်ဒေါ်ဆင့်သည် ၎င်း၏ အစ်မ ဒေါ်တင်၏ သမီး ဒေါ်တင်တင်အား ဦးဘိုးရင် သေဆုံးပြီး နောက်တွင်လည်းကောင်း၊ ကိတ္တိမသမီးများအဖြစ် မှတ်ပုံတင် စာချုပ်များဖြင့် မွေးစားခဲ့ကြောင်း၊ ဒေါ်တင်တင်သည် ၂၉-၄-၈၈ နေ့တွင် ကွယ်လွန်၍ ဦးဘိုးရင်နှင့် ဒေါ်ဒေါ်ဆင့်တို့ပိုင်ပစ္စည်းကို မိမိတစ်ဦးတည်းကသာ ဆက်ခံပိုင်ဆိုင်ကြောင်း၊ ဒေါ်ခင်ခင်မှာ ဒေါ်တင်တင်၏ အစ်မဖြစ်ပြီး မိမိ၏ အကျိုးကိုဆန့်ကျင်၍ အမွေထိန်းစာ လျှောက်ထားသဖြင့် ဤအမှုကို စွဲဆိုရကြောင်း အဆိုပြုသည်။

ချေလွှာတွင် ဒေါ်ခင်ခင်က အချင်းပစ္စည်းများကို ဦးဘိုးရင် ဒေါ်ဒေါ်ဆင့်တို့ပိုင်သည်မှာ မှန်သော်လည်း ဒေါ်ဒေါ်ဆင့်က မိမိ၏ ညီမ ဒေါ်တင်တင်ကိုပေးခဲ့ပြီးဖြစ်ကြောင်း၊ မွေးစား မိဘများဖြစ်သည့်ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့်တို့က မွေးစားသမီးများ ဖြစ်ကြသည့် ဒေါ်သန်းခင်နှင့် ဒေါ်တင်တင်တို့ကို သီးခြား အမွေ ခွဲဝေပေးပြီးဖြစ်၍ ဒေါ်တင်တင် ပိုင်ဆိုင်မှုရှိသော ပစ္စည်းများအရပ်ရပ်တွင် သွေးရင်း အစ်မတော်စပ်သူ မိမိက မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေပါ အမွေဆက်ခံခွင့် အစီအစဉ်အရ အမွေဆက်ခံထိုက်သူဖြစ်၍ ဒေါ်သန်းခင် အနေဖြင့် ဤအမှုကို စွဲဆိုခွင့် မရှိကြောင်း အဓိက ချေပသည်။

မူလရုံးက အဆိုအချေများအရ အောက်ပါငြင်းချက် (၄) ရပ်ကိုထုတ်ခဲ့သည်။

၁။ အချင်းဖြစ် အဆောက်အအုံများနှင့် အိမ်ခန်းများမှာ တရားလို ဒေါ်သန်းခင်နှင့် ကွယ်လွန်သူ ဒေါ်တင်တင်တို့ ပူးတွဲပိုင်ဆိုင်မှုရှိကြသည် ဆိုတာ မှန်သလား။

၂။ အချင်းဖြစ် အဆောက်အအုံများနှင့် ပစ္စည်းများကို ဒေါ်သန်းခင် (သို့မဟုတ်) ဒေါ်တင်တင် ပိုင်ဆိုင်သလား၊

၃။ ဦးဘိုးရင်နှင့်ဒေါ်ဒေါ်ဆင့်တို့မှာ မကွယ်လွန်မီကပင် တရားလိုနှင့် ဒေါ်တင်တင်တို့အား သီးခြား အမွေ ခွဲပေးခဲ့ပြီးဆိုတာ မှန်သလား၊

၁၉၆၀
ဒေါ်သန်းခင်
နှင့်၊
ဒေါ်နွဲ့နွဲ့ဇင်

၄။ တရားလိုသည် မည်သည့် သက်သာခွင့်ရထိုက်ပါသနည်း။

မူလရုံးက ငြင်းချက်များကို စစ်ဆေးကြားနာ၍ အချင်းဖြစ် ပစ္စည်းကို ဒေါ်သန်းခင်နှင့် ဒေါ်တင်တင်တို့ ပူးတွဲပိုင်ဆိုင်ကြပြီး ဒေါ်သန်းခင် (သို့မဟုတ်) ဒေါ်တင်တင် တစ်ဦးတည်း မပိုင်ဆိုင်ကြောင်း၊ အချင်းဖြစ် ပစ္စည်းများကို အမွေခွဲခဝပြီးကြောင်း အထောက် အထား မရှိကြောင်း သုံးသပ်ကာ ဒေါ်သန်းခင်အနေဖြင့် အချင်းဖြစ်ပစ္စည်းများ၏ ထက်ဝက် ပိုင်ဆိုင်ကြောင်း ဒီကရီချမှတ်ခဲ့သည်။

အယူခံတွင် ဒေါ်သန်းခင်က ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာ ပေးစေလိုမှု စွဲဆိုခြင်းကိုအမွေခွဲဝေသည့်သဘောဖြင့် ပစ္စည်းထက်ဝက်ကိုသာ ပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံသူအဖြစ် မိမိတစ်ဦးတည်းသာ ကျန်ရစ်ကြောင်း ပေါ်လွင်ထင်ရှားပါလျက် ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့်တို့ ကျန်ရစ်သော အချင်းဖြစ် ပစ္စည်းများအပေါ် ထက်ဝက်သာ ပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ခြင်းမှာ ဓလေ့ထုံးတမ်း ဥပဒေနှင့်ဆန့်ကျင်ကြောင်း၊ အမွေဆက်ခံခွင့် လုံးဝမရှိသော သူစိမ်းဖြစ်သူ ဒေါ်ခင်ခင်ကို အမွေဆက်ခံခွင့်ရှိကြောင်း ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း အကြောင်းပြသည်။

ဤအမှုတွင် အချင်းဖြစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများမှာ ကွယ်လွန်သူ ဦးဘိုးရင်နှင့် ဒေါ်ဒေါ်ဆင့်တို့ပိုင် ပစ္စည်းများဖြစ်ကြောင်း အငြင်းမပွားချေ။ ထို့ပြင် အယူခံတရားလို ဒေါ်သန်းခင်နှင့် မူလတရားပြိုင် ဒေါ်ခင်ခင်၏ အစ်မတော်သူ ဒေါ်တင်တင် တို့သည် ဦးဘိုးရင်နှင့် ဒေါ်ဒေါ်ဆင့်တို့၏ မွေးစားသမီးများဖြစ်ကြကြောင်း အငြင်းမထွက်ချေ။ ဒေါ်တင်တင်မှာ ၂၉-၄-၈၇ နေ့တွင် တစ်ကိုယ်တည်း ဘဝဖြင့်ကွယ်လွန် ခဲ့သည်။ ဒေါ်တင်တင်၏ အစ်မတော်သူ ဒေါ်ခင်ခင်က ဒေါ်တင်တင် ပိုင်ဆိုင်သည်ဆိုသော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းစာ လျှောက် ထား၍ ဒေါ်သန်းခင်က ဤအမှုကို စွဲဆိုခြင်းဖြစ်သည်။

မွေးစားသည့်ကလေးသည် ၎င်း၏ မိရင်းဘရင်းထံမှ အမွေဆက်ခံခွင့် ဆုံးရှုံးပြီး မွေးစားမိဘနှင့် မွေးစားမိဘ၏ ဆွေမျိုးများထံ အမွေ

(၁) ၅၊ အောက်မြန်မာနိုင်ငံစီရင်ထုံး၊ ၈၁-၈၉။

၁၉၉၈
ဒေါ်သန်းခင်
နှင့်
ဒေါ်နှဲနှဲဇင်

ဆက်ခံခွင့်ရသည်ဆိုသည့် ဥပဒေသသည် မြန်မာဗုဒ္ဓဘာသာ တရား ဥပဒေတွင် အခြေခံ အချက်တစ်ရပ် ဖြစ်နေသည်။ ထိုဥပဒေသတော့ကို **မဒေသာ် နှင့် မစိန်** အမှု² တွင်ကြည့်ပါ။

ဒေါ်ခင်ခင်မှာ ဒေါ်တင်တင်နှင့်မိတူဘတူမှမွေးဖွား၍ ညီအစ်မအရင်း တော်စပ်သော်လည်း ဒေါ်တင်တင်ကို ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့် တို့က မှတ်ပုံတင် စာချုပ်စာတမ်းဖြင့် မွေးစားခဲ့၍ ဒေါ်တင်တင်၏ အမွေကို ဒေါ်ခင်ခင် အနေဖြင့် ဆက်ခံခွင့်မရှိချေ။ ဒေါ်တင်တင်မှာ တိုက်ရိုက်အမွေ ဆက်ခံသူမရှိဘဲ ကွယ်လွန်ခဲ့၍ မွေးစားညီအစ်မဖြစ်သူ ဒေါ်သန်းခင် (အယူခံတရားလို) ကသာ ဒေါ်တင်တင်၏ အမွေကို ဆက်ခံသည်။ မူလရုံးက ရည်ညွှန်းဆုံးဖြတ်ခဲ့သော **မောင်ခက် နှင့် မရင်** အမှု² တွင် ကွယ်လွန်သူ မွေးစားသားကို ညီမအရင်းက နာစဉ်ပြု ပြုစုခဲ့၍ နှမအရင်း သည် မွေးစားမိဘဘက်မှ တော်စပ်သည့် တစ်ဝမ်းကွဲ ညီအစ်ကိုမောင်နှမ များထက် မွေးစားသား၏အမွေကို ရခွင့်ရှိသည်ဟု ဆုံးဖြတ်ခြင်းမှာ ခြွင်းချက်မျှသာ ဖြစ်သည်။

ယင်းအမှု၌ မွေးစားသားတွင် ပိုမိုနီးစပ်သည့် အမွေစားအမွေခံ မကျန် ရစ်ခဲ့၍ ဆုံးဖြတ်ခြင်းဖြစ်သည် ဤအမှုတွင် မွေးစားညီမ အယူခံ တရားလို ဒေါ်သန်းခင် ကျန်ရစ်နေရာ မွေးစားသမီးဖြစ်သူ ဒေါ်တင်တင်၏ အစ်မ အရင်း ဒေါ်ခင်ခင်က ဒေါ်တင်တင်၏အမွေကို ခံစားခွင့်မရှိချေ။ ထို့ပြင် ဒေါ်သန်းခင်နှင့် ဒေါ်တင်တင်တို့သည်လည်း အမွေခွဲဝေပြီးကြောင်း မပေါ် ပေါက်၍ ဒေါ်တင်တင်ပိုင်ဆိုင်သော ပစ္စည်းလည်း မတည်ရှိသေးပေ။ ကွယ်လွန်သူ ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့်တို့ ကျန်ရစ်သော အမွေပုံပစ္စည်း အဖြစ်သာ တည်ရှိနေပေသည်။ သို့ဖြစ်ရာ ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့်တို့၏ တူမဖြစ်သူဒေါ်ခင်ခင်သည် ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့်တို့၏ မွေးစားသမီး ဒေါ်သန်းခင်နှင့် ယှဉ်၍ အမွေခံစားခွင့်မရှိချေ။ ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့် တို့တွင် အမွေစားအမွေခံအဖြစ် ဒေါ်သန်းခင်တစ်ဦးတည်းသာ ကျန်ရှိရာ အမွေပုံပစ္စည်းများတွင်ဒေါ်သန်းခင်ထံသို့သာသက်ဆင်းပေသည်။ကွယ်လွန် သူ ဒေါ်တင်တင်၏အစ်မဖြစ်သူ ဒေါ်ခင်ခင်သို့ သက်ဆင်းရန်အကြောင်း မရှိချေ။

အထက်ပါ အကြောင်းအချက်များအရ မွေးစားသမီး ဒေါ်တင်တင် သေဆုံးသည့်အခါ ယင်းအမွေကို ဆွေမျိုးအရင်းအချာများက အမွေ လမ်းကြောင်းအရ ဆက်ခံခွင့်ရှိသည်။ အမွေဆက်ခံခွင့် ကိစ္စများတွင်

---

(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၂၇(၂၉)။

သူစိမ်းပြင်ပြင် ဖြစ်၍သွား၊သည်ဆိုခြင်းမှာ မမှန်ကြောင်း ကောက်ယူ၍ မူလရုံးက ဒေါ်သန်းခင်သည် အမွေပုံ၏ ထက်ဝက်သာ ပိုင်ဆိုင်ကြောင်း မြွက်ဟ ဒီကရီချမှတ်ခဲ့သည်မှာ မှန်ကန်ခြင်းမရှိချေ။ ၁၉၉၀ ဒေါ်သန်းခင် နှင့် ဒေါ်နွဲ့နွဲ့ဇင်

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မူလရုံး၏ ၂၅–၁၀–၈၉ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးဘိုးရင်၊ ဒေါ်ဒေါ်ဆင့်တို့ ကျန်ရစ်သော အဆိုလွှာအပိုဒ်(၁)ပါ အမွေပုံပစ္စည်းများမှာ ဒေါ်သန်းခင် တစ်ဦးတည်း ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီကို စရိတ်နှင့် တကွ ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/–သတ်မှတ်သည်၊

## တရားမ အထွေထွေအယူခံမှု

တရားရုံးချုပ်၊တရားသူကြီး ဦးမျိုးထွန်းလင်း ရှေ့တွင်

+ ၁၉၉၀
ဒီဇင်ဘာလ
၂၀ ရက်

ဒေါ်သန်းညွှန့်ပါ(၄)

နှင့်

ဦးအုန်းမြိုင် *

**အပ်ဝရမ်းကိုအတည်ပြုခြင်း–ဘိလစ်ကဆောင်ရွက်ရန်နည်းလမ်း။**

**ဆုံးဖြတ်ချက်။** ဘိလစ်ဖြစ်သူသည် အပ်ဝရမ်းကို အတည်ပြုရာ၌ လက်ရောက်ပေးအပ်ရန်ရှိသော ဥပစာ၌ တရားရှုံး နေထိုင်ခြင်း ရှိမရှိ မိမိဘတ်စွမ်းသမျှ စုံစမ်းစိစစ်ရသည်။ တရားရှုံး မရှိသည့်တိုင်အောင် ပေးအပ်ရန်ဖြစ်သော ဥပစာတွင် လက်ရှိနေထိုင်လျက်ရှိသူများသည် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများ ဟုတ်မဟုတ် ထပ်ဆင့်စုံစမ်းရမည်။ လိုက်နာရန် တာဝန်ရှိသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရလျှင် အပ်ဝရမ်း၌ အခွင့်အာဏာ ပေးအပ်ထားသည့်အတိုင်း ထိုသူတို့ကိုဖယ်ရှားရန်ဖြစ်သည်။ ပေးအပ်ရန်ဖြစ်သောဥပစာ၌ တရားရှုံးလည်းမရှိ၊ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများလည်း နေထိုင်ခြင်းမပြုကြောင်း တွေ့ရပြီး အခြားသူများ နေထိုင်လျက်ရှိခြင်းကြောင့် ပစ္စည်းကို တရားနိုင်အား မပေးအပ်နိုင်လျှင် အကျိုးအကြောင်းဖော်ပြ၍ အပ်ဝရမ်းကို အတည်မပြုရကြောင်း တရားရုံးသို့ အစီရင်ခံရန်ဖြစ်သည်။

အယူခံတရားလိုများအတွက်— ဦးသန်းကျော်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးတင်လှအောင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးအောင်သစ်

မန္တလေးတိုင်း တရားရုံး၊ ၁၉၈၉ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၄၆/ (အရှေ့မြောက်)တွင် အယူခံတရားလို ဒေါ်သန်းညွှန့်တို့က ဦးအုန်းမြိုင် အပေါ် မန္တလေးမြို့၊ အရှေ့မြောက်မြို့နယ်၊ ယခင် ရန်မျိုးလုံရပ်ကွက် တရားရုံး ၁၉၈၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၂၇ တွင် ၎င်းတို့၏ မိခင်ဖြစ်သူ ဒေါ်စိမ်းစိမ်းက ဦးအုန်းမြိုင်အပေါ် ရရှိထားသော ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၅၂

\+ ၁၉၈၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၆ တွင် ချမှတ်သော (၂၉-၅-၉၀) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု၊

၁၉၉၀
ဒေါ်သန်းညွန့် ပ ါ(၄) နှင့် ဦးအုန်းမြိုင်

(၁) (က) အရ ချမှတ်ထားသည့် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက ၃၀-၄-၉၀ ရက်စွဲပါ အပ်ဝရမ်းကို ထုတ်ဆင့်သောအခါ ဦးအုန်းမြိုင်သည် အချင်းဖြစ် ဥပစာတွင်နေထိုင်ခြင်း မရှိဟု အကြောင်းပြကာ ဝရမ်းကိုအတည်မပြုဘဲ ပြန်သွင်းသည်။ တရားနိုင်ဘက်မှ အပ်ဝရမ်း ထပ်မံထုတ်ပေးရန်လျှောက်ထားရာ တိုင်းတရားရုံးက လျှောက်လွှာကို ပလပ်ပြီး ဇာရီမှုကို ပိတ်လိုက်သဖြင့် ဒေါ်သန်းညွန့်တို့က တရားရုံးချုပ်သို့ ဤအယူခံကို တင်သွင်းလာသည်။

အပ်ဝရမ်းကို အတည်ပြုသူ ဝန်ထမ်းသည်အပ်ဝရမ်းကို အဘယ်ကြောင့် အတည်မပြုရကြောင်း အစီရင်ခံရန် အပ်ဝရမ်းတွင် အတိအလင်း ဖော်ပြထားပါလျက် ''ရပ်ကွက် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ထောက်ခံချက်အရ အတည်မပြုနိုင်ဘဲ ပြန်လည်တင်သွင်းအပ်ပါသည်'' ဟူသော မှတ်ချက်ကိုရေးသား၍ ဝရမ်းကိုပြန်လည်တင်ပြထားကြောင်း တွေ့ရသည်။ အပ်ဝရမ်းနှင့်အတူ ပူးတွဲထားသော ထောက်ခံစာတွင် ဦးအုန်းမြိုင်သည် ရန်မျိုးလုံရပ်၊ အကွက် ၇၄၀ တွင် နေထိုင်ခြင်း မရှိကြောင်း မှန်ကန်ပါသည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ ဝရမ်းအတည်ပြုသူသည် ဝရမ်းကို အတည်ပြုရာ၌ အောက်ပါ ပုဂ္ဂိုလ်တို့ကို ဖယ်ရှားစေရန် တာဝန်ရှိသည်-

(က) တရားရှုံး

(ခ) ဒီကရီအရ လိုက်နာရန် တာဝန်ရှိသူများ။

ဘီလစ်ဖြစ်သူသည် အပ်ဝရမ်းကိုအတည်ပြုရာ၌ လက်ရောက်ပေးအပ်ရန်ရှိသော ဥပစာ၌ တရားရှုံးနေထိုင်ခြင်း၊ ရှိမရှိ မိမိတတ်စွမ်းသမျှ စုံစမ်းစိစစ်ရသည်။ တရားရှုံးမရှိသည့်တိုင်အောင် ပေးအပ်ရန်ဖြစ်သော ဥပစာတွင် လက်ရှိ နေထိုင်လျက်ရှိသူများသည် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများရှိသူများဟုတ်မဟုတ် ထပ်ဆင့် စုံစမ်းရမည်။ လိုက်နာရန်တာဝန်ရှိသူများဖြစ်ကြောင်းစိစစ်တွေ့ရှိရလျှင် အပ်ဝရမ်း၌ အခွင့်အာဏာ ပေးအပ်ထားသည့်အတိုင်း ထိုသူတို့ကို ဖယ်ရှားရန်ဖြစ်သည်။ ပေးအပ်ရန်ဖြစ်သော ဥပစာ၌ တရားရှုံးလည်း မရှိ၊ ဒီကရီကိုလိုက်နာရန်တာဝန်ရှိသူများလည်း နေထိုင်ခြင်း မပြုကြောင်းတွေ့ရပြီးအခြားသူများနေထိုင်လျက်ရှိခြင်းကြောင့် ပစ္စည်းကို တရားနိုင်အား မပေးအပ်နိုင်လျှင်အကျိုးအကြောင်း ဖော်ပြ၍ အပ်ဝရမ်းကို အတည်မပြုရကြောင်း တရားရုံးသို့ အစီရင်ခံရန်ဖြစ်သည်။

တရားနိုင်များက အပ်ဝရမ်း ထုတ်ဆင့်ပေးရန် ၂၁-၅-၉၀ ရက်စွဲပါ လျှောက်လွှာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်-

၁၉၉၀
ဒေါ်သန်းညွန့်
ပါ(၄)
နှင့်
ဦးအုန်းမြိုင်

'ပုံစံပါအမှုမှာ ရန်မျိုးလုံရပ်ကွက် တရားရုံး တရားမကြီးမှု အမှတ် ၂၇/၁၀ ၏ ဒီကရီကို အတည်ပြုပေးရန် လျှောက်ထား စွဲဆိုသော အမှုဖြစ်ပါသဖြင့် ယင်းဒီကရီအရ အချင်းဖြစ် မြေဖြစ်သည့် ရန်မျိုးလုံရပ်၊ အကွက်အမှတ် (၇၄၀) ဦးပိုင် အမှတ်(၅) (၆) (၇) မြေကိုမြေအပ်ဝရမ်းထုတ်ဆင့်ပေးထိုက်ပါသည်။

ပုံစံပါအမှုတွင် တရားနိုင်က ဇာရီ လျှောက်လွှာနှင့် အတူ မူလရုံး ဒီကရီ မိတ္တူနှင့် မြေပုံများ တင်သွင်းပြီးဖြစ်၍ မူလ ရပ်ကွက်တရားရုံးမှလည်း ဒီကရီတွင် ပါရှိသည့်အတိုင်း အချင်းဖြစ်မြေကို မြေအပ်ဝရမ်း အကြိမ်ကြိမ်ထုတ်ဆင့်ပေးခဲ့သည့် အစဉ်အလာလည်း ရှိပါသည်။

သို့ပါ၍ မူလရုံး ဒီကရီတွင် ပါရှိသည့်အတိုင်း မန္တလေးမြို့၊ ရန်မျိုးလုံရပ်၊ အကွက်နံပါတ် (၇၄၀)၊ဦးပိုင်အမှတ် (၅) (၆) (၇)၊ အရှေ့အနောက် (၁၀၅) ပေ၊ တောင်မြောက် (၁၂၀) ပေ၊ အကျယ်အဝန်းရှိ အချင်းဖြစ်မြေကို မြေအပ် ဝရမ်း ထုတ်ဆင့်အတည်ပြုပေးပါရန် လျှောက်ထားအပ်ပါသည်။ ''မူလရုံး ဒီကရီနှင့် မြေပုံ ခေတ်ပုံ မိတ္တူများကို ပူးတွဲတင်သွင်းပါသည်''

တရားနိုင်တို့၏ ၂၃-၄-၉၀ ရက်စွဲပါ ခြေနစဉ် မှတ်တမ်း၌ တရားရှုံး ဦးအုန်းမြိုင်သည် ၂၂-၇-၈၉ နေ့တွင် မြေမှထွက်ခွာသွားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုသို့ ဆိုလျှင် မြေအပ်ဝရမ်း၌ ဦးပိုင်အမှတ်များကို အသေးစိတ် ဖော်ပြရုံမျှဖြင့် တရားနိုင်တို့ အတွက် အကျိုးရှိစေရန် အကြောင်းမမြင်ချေ။ တရားနိုင်တို့က ၂၃-၄-၉၀ ရက်စွဲပါ လျှောက်လွှာတွင် အမှုနှင့် ပါဝင်ပတ်သက်ခြင်း မရှိသူ ဦးစိန်မောင်မောင်ပါ ၃ ဦးတို့ ကျူးကျော် နေထိုင်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုသူတို့အား ဖယ်ရှား၍ အနိုင်ရထားသော မြေကို တရားနိုင်တို့အား လက်ရောက်ပေးအပ်စေလိုဟန်တူသည်။ ထိုသို့ ပေးစေလိုလျှင် ဦးစိန်မောင်မောင်တို့သည် မူလမှု စွဲဆိုပြီးနောက် တရားရှုံးကိုအကြောင်းပြုပြီး အချင်းဖြစ် ဥပစာပေါ်သို့ ရောက်ရှိလာကြောင်း ထင်ရှားအောင် တရားနိုင်တို့ဘက်က တင်ပြရန် လိုအပ်ပေသည်။ ယခုမူ ထိုသို့ တင်ပြထားခြင်း မရှိကြောင်း တွေ့ရသည်။

တိုင်းတရားရုံးက တရားနိုင်များဘက်မှ တရားမကျင့်ထုံး အမိန့် ၂၁ နည်း ၉၇ အရ လျှောက်ထားခြင်း မပြုသည့်ကိစ္စကို ဇာရီမှုအား ပလစ်သော အမိန့်တွင် ရည်ညွှန်းထားကြောင်း တွေ့ရသည်။ အပ်ဝရမ်းကို အတည်ပြုရာ၌ တစ်ဦးတစ်ယောက်က လက်ရောက်ပေးအပ်ခြင်းကို ခုခံ

၁၉၉၀
ဓါသန်ညွန့် ဝါ(၄)
နှင့်
ဦးအုန်းမြိုင်

တားဆီးကြောင်း မပေါ်ပေါက်သဖြင့် တရားနိုင်တို့သည် တိုင်းတရားရုံး ယူဆသကဲ့သို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်း ၉၇ အရ လျှောက်ထားရန် အကြောင်းမပေါ်ပေါက်ချေ။

ဤကဲ့သို့ မပြေလည်သော အခြေအနေ ပေါ်ပေါက်ရသည့် ကိစ္စတွင် တရားနိုင်များသည် လည်းကောင်း၊ ဝရမ်းကိုအတည်ပြုသူ ဝန်ထမ်းသည် လည်းကောင်း၊ တာဝန် မကင်းချေ။ ဝန်ထမ်းဖြစ်သူသည် အပ်ဝရမ်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုလျှင် လက်ရှိပေါ်ပေါက်သည့် အခက်အခဲကို ကျော်လွှားသွားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

ထို့ကြောင့် အယူခံတရားလိုတို့၏ ဇာရီမှုကို ပိတ်သိမ်းရန် ချမှတ်သော တိုင်းတရားရုံး၏ ၂၉-၅-၉၀ ရက်စွဲပါ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အယူခံတရားလိုတို့၏ ဇာရီမှုကိုပြန်လည်ဖွင့်၍ အပ်ဝရမ်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ဆင့်အတည်ပြုစေရန် ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို နှစ်ဘက် အမှုသည်များက မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## တရားမအထွေထွေအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးဦးကျော်ဆင့်ရှေ့တွင်

၁၉၅၀ +
ဧပြီလ ၃၀ ရက်

ဦးသန်းထွန်း

နှင့်

ဦးစန်းမောင်*

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၁-ဒီကရီတွင် ပစ္စည်းကို လက်ရောက်ပေးအပ်ခြင်း မပြုနိုင်သည့်အခါ ဆောင်ရွက်ရန် နည်းလမ်း-ဇာရီရုံး၏အာဏာ။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၁ အရ ဒီကရီတွင်ပစ္စည်းကို လက်ရောက်ပေးအပ်ခြင်းမပြုနိုင်ပါက တန်ဖိုးငွေမည်မျှ ပေးရမည်ဟု ပါရှိလျှင်အဆိုပါတန်ဖိုးငွေကို တရားနိုင်သို့ပေးစေရန်နှင့်တန်ဖိုး ငွေသတ်မှတ်ထားခြင်း မရှိလျှင် တရားရုံးက သင့်သည်ထင်မြင်သည့် လျော်ကြေးကိုပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ မူလဒီကရီတွင် ပစ္စည်းကိုသာ လက်ရောက် ပြန်လည်ပေးအပ်စေရန်ပါရှိပြီး ပစ္စည်းပေးအပ်ခြင်းမပြုနိုင်က တန်ဖိုးငွေမည်၍ မည်မျှပေးရမည်ဟု ပါရှိခြင်းမရှိ၍ ဇာရီရုံးက ထိုက်သင့်သောလျော်ကြေးကို ပေးအပ်စေရန်အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးဝင်းထိန်၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဒေါ်ခင်မေသန်း၊ တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးအောင်သစ် |

ရန်ကုန်တိုင်း တရားရုံး၊ တရားမဇာရီမှုအမှတ် ၂/၇၉ (မရမ်းကုန်း) တွင် တရားနိုင်ဦးစန်းမောင်က တရားရှုံးဦးသန်းထွန်းအပေါ် တရားမကြီးမှုအမှတ် ၁၀၇/၇၃ တွင် ရရှိသည့်ဒီကရီကို အတည်ပြုဆောင်ရွက်သည်။ ဒီကရီမှာ 'တရားလိုသည် တရားပြိုင်ထံမှ တစ်ကျော့မတ္တာအမည်ရှိရုပ်ရှင် ဇာတ်လမ်းကို ကျပ်တစ်သိန်းဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဖြစ်ကြောင်း မြွက်ဟ

---

* ၁၉၉၀ ပြည့်နှစ်တရားမအထွေထွေအယူခံမှုအမှတ် ၁၂

+ ၁၉၇၉ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂ တွင်ချမှတ်သော (၉-၁၁-၇၉) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို လျှောက်ထားမှု

၁၉၆၀

ဦးသန်းထွန်း
နှင့်
ဦးစန်းမောင်

ကြေညာ၍ ယင်းရုပ်ရှင်ဇာတ်ကားကို တရားပြိုင်မှ တရားလိုသို့လက်ရောက် ပေးအပ်ရန်ဖြစ်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးလိုက်သည်" ဟူ၍ဖြစ်သည်။ ဇာရီရုံးက 'တစ်ကျော့မေတ္တာ' ဇာတ်ကားကို တရားရှုံး ဦးသန်းထွန်းက တရားနိုင်ဦးစန်းမောင်အား လက်ရောက်ပေးအပ်ရန် အမိန့် ချမှတ်သော်လည်း မပေးပျက်ကွက်၍ လျော်ကြေးအဖြစ် ငွေကျပ် ၅၀၀၀၀ိ ကို တရားရှုံးဦးသန်းထွန်းက တရားနိုင်ဦးစန်းမောင် လျှောက်ထားသည့် အတိုင်း ပေးစေရန်အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို တရားရှုံးဦးသန်းထွန်းက မကျေနပ်၍အထွေထွေအယူခံ မှုကို တင်သွင်းသည်။

အယူခံတွင်ဦးသန်းထွန်းက အခြားအကြောင်းများအပြင် ဒီကရီကို အကျိုးသက်ရောက်အောင် ဆောင်ရွက်ရာ၌ ဒီကရီတွင်ပါရှိသည့်အတိုင်း သာ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း၊ မူလတရားမကြီးမှုအမှတ် ၁၀၈/၈၀ တွင် ပစ္စည်းမပေးအပ်ပါကငွေမည်မျှ ပေးရမည်ဟု တောင်းဆိုခဲ့ခြင်းမရှိ၍ ဇာရီရုံးက လျော်ကြေးပေးစေရန် အမိန့်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း အဓိကအကြောင်းပြသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၁ အရ ဒီကရီတွင်ပစ္စည်းကို လက်ရောက်ပေးအပ်ခြင်းမပြုနိုင်ပါက တန်ဖိုးမည်မျှ ပေးရမည်ဟုပါရှိလျှင် အဆိုပါတန်ဖိုးငွေကို တရားနိုင်သို့ပေးစေရန်နှင့် တန်ဖိုးငွေသတ်မှတ်ထား ခြင်းမရှိလျှင် တရားရုံးကသင့်သည်ထင်မြင်သည့် လျော်ကြေးကိုပေး ရမည်ဟု ပြဋ္ဌာန်းထားသည်။ မူလဒီကရီတွင်ပစ္စည်းကိုသာ လက်ရောက်ပြန်လည်ပေး စေရန်ပါရှိပြီး ပစ္စည်းပေးအပ်ခြင်းမပြုနိုင်က တန်ဖိုးငွေမည်ရွေ့မည်မျှပေး ရမည်ဟု ပါရှိခြင်းမရှိ၍ ဇာရီရုံးက ထိုက်သင့်သောလျော်ကြေးကို ပေးအပ် စေရန်အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ထိုဥပဒေသဘော ကို ရင်ဒါဒိုင် နှင့် ဂနုရိုဘိုင်အမှု(၁)တွင် အောက်ပါအတိုင်း လမ်းညွှန်ဆုံး ဖြတ်ထားသည်—

" It provides where the judgment-debtor has failed to carry out the decree (i.e.to deliver the movable property) the decree holder will be entitled to such compensation found due for non-delivery of that property according to the terms of the decree. Now this decree did not provide for this contingency and the value was not decided upon and fixed. But the later provision of the same section

---

(၁) အေအိုင်အာ ၁၉၅၃ ဟိုင်ဒါရာဘတ် စာ ၁၇၃

၁၉၄၀
ဦးသန်းထွန်း
နှင့်
ဦးစန်းမောင်

lays down that otherwise the decree-holder will be entitled to such an amount by way of compensation which the court finds reasonable."

ဇာရီကိုအတည်ပြုသည့် တရားရုံးအနေဖြင့် ဒီကရီတွင်ပါရှိသည့်အတိုင်းသာ အကျိုးသက်ရောက်အောင် ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း ယခုကဲ့သို့ဥပဒေပြဋ္ဌာန်းချက်ရှိသည့်ကိစ္စရပ်တွင် ယင်းဥပဒေပြဋ္ဌာန်းချက်အတိုင်းလိုက်နာ၍ဆောင်ရွက်သည့်တွင် အယူခံတရားလိုဘက်မှတင်ပြသကဲ့သို့ ဒီကရီကိုကျော်လွန်၍ ဆောင်ရွက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့်ဇာရီရုံး၏ ၉—၁၀—၇၉ ရက်စွဲပါ အမိန့်ကိုအတည်ပြု၍ ဤအယူခံကိုစရိတ်တကွပလပ်လိုက်သည်။ ရှေ့နေစရိတ်ကျပ် ၇၀ သတ်မှတ်သည်။

## တရားမ အထူး အယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့်
ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်းတို့ရှေ့တွင်

ဒေါ်သန္တီးသန်းပေါ် (၃)

နှင့်

ဒေါ်တီပေါ် (၃)*

+၁၉၉၀
ဒီဇင်ဘာလ
၂၄ ရက်

**တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁–မီးသေသော ဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ချက်များ– မည်သည့် ဆုံးဖြတ်ချက်များသည် အမှုဖြစ် အကြောင်းအရာကို အပြီးသတ် ဆုံးဖြတ်ရာ မရောက်ခြင်း။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ မီးသေသော ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်ရန်အလို့ငှာ အမှုတွင် တိုက်ရိုက်အားဖြင့်လည်း ကောင်း၊ အဓိကအားဖြင့်လည်းကောင်း၊ အငြင်းပွားသော အကြောင်း အရာကို တရားရုံးက ကြားနာ၍ အပြီးသတ်အဆုံးအဖြတ်ပြုသော ဆုံးဖြတ် ချက်တစ်ရပ်ရှိရန်လိုအပ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် ဗဟိုတရားရုံး၏ သုံးသပ်ချက်အရဆိုလျှင် အယူခံတရားလိုတို့ ပထမစွဲဆိုသော အမှုကို အမှုသွားအမှုလာအရ အဆုံးအဖြတ်မပေးဘဲ အမှုပုံစံလွဲမှားခြင်း သက်သက် ကို အကြောင်းပြု၍ အယူခံတရားလိုတို့၏အမှုကို ပလပ်လိုက်ခြင်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ အမှုသည်များအကြား အငြင်းပွားသည့်အကြောင်း အရာကို ကြားနာ၍ အပြီးသတ်အဆုံးအဖြတ်ပြုသော ဆုံးဖြတ်ချက်သာလျှင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် ဆုံးဖြတ်ချက် ချမှတ်သည့်အမှုတွင် ပါဝင် သော အမှုသည်များအပေါ်တွင်ဖြစ်စေ၊ သူတို့၏အကျိုးကို ဆက်ခံသော သူများအပေါ်တွင်ဖြစ်စေ၊ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ အမှုပုံစံ လွဲမှားခြင်း၊ နို့တစ်စာ တရားမဝင်ခြင်း၊ အမှုသည်မစုံလင်ခြင်း၊ အမှုသည် များကို မှားယွင်းပူးတွဲထားခြင်း၊ တရားစွဲဆိုနိုင်ရန်အကြောင်း မပေါ် ပေါက်ခြင်း၊ စီရင်ပိုင်ခွင့်မရှိခြင်း၊ ရုံးခွန်လုံလောက်စွာ မထမ်းဆောင်ခြင်း

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမအထူး အယူခံမှုအမှတ် ၇

\+ ၁၉၈၆ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၈၇ တွင် ချမှတ်သော (၁၄-၃-၈၉) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု

၂၉၉၀
ဒေါ်သန်း
သန်း
ဝါ(၃)
နှင့်
ဒေါ်တီ
ဝါ(၃)

စသည့် အကြောင်းတစ်ရပ်ရပ်ကို အကြောင်းပြု၍ အမှုကို ပလပ်သော စီရင်ချက်သည် အမှုဖြစ်အကြောင်းအရာကို အပြီးသတ်ဆုံးဖြတ်ရာ မရောက်သဖြင့် မီးသေသော ဆုံးဖြတ်ချက် မဟုတ်ချေ။

အယူခံတရားလိုများအတွက် — ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဦးသန်းတင်၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး [illegible] ဦးမြ [illegible]

လွန်ခဲ့သောအနှစ် ၄၀ အတွင်း အချင်းဖြစ်မြေနှင့်အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ အကြိမ်ကြိမ် တရားဖြစ်ခဲ့ကြသည်။ ဤစီရင်ချက်သည် နှစ်ဘက် အမှုသည်များအကြား အငြင်းပွားမှုကို အဆုံးမသတ်နိုင်သေး၊ အမှုသည့် တို့သည် တစ်ဖန် တရားဆိုင်ကြရန် ရှိသေးသည်ဖြစ်၍ ခရီးရှည်ဆက်လက် လျှောက်ရပေဦးမည်။ ပထမဦးဆုံး အမှုမှာ မန္တလေးမြို့ ယခင် ခရိုင် တရားမရုံး တရားမကြီးမှု အမှတ် ၁/၅၀ ဖြစ်သည်။ ယင်းအမှုတွင် အယူခံ တရားပြိုင် ဒေါ်တီက ဒေါ်ကြည် ဆိုသူ အပါအဝင် အစ်မ၊ ညီမနှင့် မောင်တို့အပေါ် ဖခင်ဖြစ်သူ ကျန်ရစ်သော အမွေပစ္စည်းများကို စီမံ ခန့်ခွဲပေးစေရန် တရားစွဲဆိုရာ နောက်ဆုံးတွင် ပြေငြိမ်းသည့် ဒီကရီအရ ဒေါ်ကြည်က မန္တလေးမြို့ ပြည်ကြီးကျက်သရေ အနောက်ရပ်၊ အကွက် အမှတ် ၁၆၇၊ ဦးပိုင်အမှတ် ၃၀ (က) စာရင်းပေါက်သော မြေနှင့်ယင်း မြေပေါ်ရှိ အဆောက်အအုံ ထို့အပြင် ဦးပိုင်အမှတ် ၃၀/၁ စာရင်းပေါက် သော မြေတို့ကိုအမွေစုအဖြစ် ရရှိခဲ့သည်။ အဆိုပါအမှုကို ဆိုင်ဆဲတွင် ဒေါ်တီမှအပ ဒေါ်ကြည် အပါအဝင် မောင်နှမလေးဦးက အဆိုပါ မြေကွက် များနှင့်အဆောက်အအုံကိုအယူခံတရားလို ဒေါ်သန်းသန်း၊ ကိုညွန့်ဝင်းနှင့် ကိုဇော်ဝင်းတို့၏ မိခင်နှင့် အစ်မဖြစ်သူ ဒေါ်အေးခင်နှင့် မလှလှမြင့်တို့ အသီးသီးထံ ၂၇-၂-၅၁ ရက်စွဲပါ စာချုပ်အရ ပေါင်နှံခဲ့ပြီးနောက် ဒေါ်ကြည်က အဆိုပါပစ္စည်းများကို ၂၂-၇-၅၄ ရက်စွဲပါ မှတ်ပုံတင် စာချုပ်အရ ဒေါ်ချစ်စိန် ဆိုသူအား ရောင်းချလိုက်သည်။ ဒေါ်ချစ်စိန်က တစ်ဖန် ၂၁-၉-၅၄ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ အဆိုပါ ပစ္စည်း များကို ဒေါ်ကြည်၏ ခင်ပွန်း ဦးဘသန်းအား ပြန်လည်ရောင်းချလိုက် သဖြင့် ဦးဘသန်းက မန္တလေးမြို့ ယခင် နယ်ပိုင် တရားမရုံး တရားမကြီးမှု အမှတ် ၇၉/၅၅ တွင် ဒေါ်အေးခင်နှင့် လှလှမြင့်တို့အပေါ်၊ အပေါင် ရွေးနုတ်လိုမှု စွဲဆိုသောအခါ ၂၇-၂-၆၁ နေ့တွင် ပဏာမ ဒီကရီရရှိ ခဲ့သည်။ ထို့နောက် ဦးဘသန်းကွယ်လွန်သွားသဖြင့်ဦးဘသန်း၏ နေရာတွင် ဒုတိယဇနီး ဒေါ်တီ၊သား ကိုအောင်သိန်းနှင့်သမီး မခင်မြမြ (အယူခံတရား ပြိုင်များ) တို့အား လည်းကောင်း၊ ဦးဘသန်းနှင့် ပထမ ဇနီး ဒေါ်ကြည်

၁၉၉၀
ဒေါ်သန်း
သန်း
ပါ(၃)
နှင့်
ဒေါ်ဗီတီ
ပါ(၃)

တို့၏ သမီး မခင်လှလှနှင့် မခင်မမတို့အား လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်များ အဖြစ်ဖြင့် ထည့်သွင်းပြီးနောက် ၃၁–၅–၇၆ နေ့တွင် အပြီးသတ် ဒီကရီချမှတ်ခဲ့သည်။

ဤအတောအတွင်း မခင်မမ၊ မခင်လှလှနှင့် သူတို့၏ မောင်တော်သူ မောင်ကိုကိုကြီး၏ သားသမီးများ၏ အုပ်ထိန်းသူ ဒေါ်အမာကြည်တို့က ၂–၇–၇၅ ရက်စွဲပါ မှတ်ပုံတင် စာချုပ်အရ အထက်ဖော်ပြပါ မြေနှင့် အဆောက်အအုံတို့ကို အယူခံတရားလို ဒေါ်သန်းသန်းတို့ သုံးဦးအား ရောင်းချလိုက်သည်။ ဒေါ်တီတို့က ဦးဘသန်း၏ တရားဝင် ကိုယ်စားလှယ်များအဖြစ်ဖြင့် ရရှိထားသော အပေါင် ရွေးနုတ်လိုမှု ဒီကရီကို အတည်ပြုရန် ကြိုးပမ်းလာသောကြောင့် ဒေါ်သန်းသန်းတို့က မန္တလေးတိုင်း တရားရုံး ၁၉၇၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၅၄ တွင် အယူခံ တရားပြိုင် ဒေါ်တီတို့အပေါ် အဆိုပါ မြေကွက်များနှင့်အဆောက်အအုံမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် ဒေါ်တီတို့က ယင်း မြေကွက်များနှင့် အဆောက်အအုံကို လက်ရောက်ရယူခြင်း မပြုစေရန် အတွက် ထာဝရတားဝရမ်း ထုတ်ပေးစေရန် တရားစွဲဆိုရာ တိုင်းတရားရုံးက အမှုကို ပလပ်လိုက်သဖြင့် ဒေါ်သန်းသန်းတို့က ယခင် ဗဟိုတရားရုံး (မန္တလေးရုံးထိုင်) ၁၉၇၀ ပြည့်နှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၅၁ တွင် အယူခံဝင်သည်။ ဗဟိုတရားရုံးက အချင်းဖြစ် ပစ္စည်းများတွင် ဒေါ်တီတို့ အနေဖြင့် ဦးဘသန်း၏ အမွေအနှစ်ကို ဆက်ခံကြသည်ဖြစ်၍ ဒေါ်သန်းသန်းတို့သည် မိမိတို့ဝယ်ယူသည်ဆိုသော အချင်းဖြစ်မြေကွက် များနှင့် အဆောက်အအုံတို့ကို အပြည့်အဝပိုင်ဆိုင်မှု မရနိုင်ကြောင်း အကြောင်းပြကာ ဒေါ်သန်းသန်းတို့ တင်သွင်းသော အယူခံကိုပလပ် လိုက်သည်။

ဒေါ်သန်းသန်းတို့က တစ်ဖန် မန္တလေးတိုင်း တရားရုံး၊ ၁၉၇၆ ခုနှစ် တရားမကြီးမှု အမှတ် ၁၀၅ တွင် အယူခံ တရားပြိုင်တို့အပေါ် အချင်းဖြစ် မြေကွက်များနှင့် အဆောက်အအုံတို့မှာ ဒေါ်တီတို့နှင့် ပူးတွဲပိုင်ဆိုင် ကြောင်း မြွက်ဟ ကြေညာပေးစေရန်နှင့် ခွဲဝေပေးစေရန် တရားစွဲဆိုရာ တိုင်းတရားရုံးက အမှုကို ပလပ်လိုက်သဖြင့် ဒေါ်သန်းသန်းတို့က တရား ရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၇၆ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၈၇ တွင် အယူခံဝင်သော်လည်း မအောင်မြင်ချေ။ ဒေါ်သန်း သန်းတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် စစ်ဆေး ရေးပေးရန် တရားရုံးချုပ်၊ ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၃ တွင် လျှောက်ထားသောအခါ တရားရုံးချုပ်က အောက်ပါ ဥပဒေ ပြဿနာနှစ်ရပ်ကိုကြားနာနိုင်ရန်အလို့ငှာ အထူးအယူခံ ဝင်ခွင့် လျှောက်ထားခြင်းကို ခွင့်ပြုလိုက်သည်–

၁၉၉၃
ဒေါ်သန်းသန်း ပါ(၃) နှင့် ဒေါ်တီ ပါ(၃)

'၁။ ယခင် ဗဟိုတရားရုံး တရားမ ပထမ အယူခံမှုအမှတ် ၅၁/၈၀ တွင် မခင်မြမြတို့ထံမှ မှတ်ပုံတင် စာချုပ်အရ ဝယ်ယူခဲ့သော ဒေါ်သန်းသန်းတို့သည် အဆိုပါမြေနှင့် အဆောက်အအုံကို အပြည့်အဝ ပိုင်ဆိုင်မှု မရနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည့်အတွက် အချင်းဖြစ် ဥပစာကိုပင် ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုရာ ယင်းကဲ့သို့ စွဲဆိုနိုင်ခြင်း ရှိ မရှိ၊

၂။ အမှု ၂ မှုစလုံးမှာ အရောင်းအဝယ် စာချုပ်တစ်ခုတည်းအပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သဖြင့် ဒုတိယ အမှုကို စွဲဆိုရာတွင်မီးသေသဆုံးဖြတ်ချက် ဖြစ်သည်ဟု တရားရုံးချုပ်က ကောက်ယူခြင်း မှန်မမှန်'

အယူခံတရားလိုတို့၏ ရှေ့နေက မခင်နှင့် မိဖုပါ-၃ ° စီရင်ထုံးပုဒ်မီးသေသော ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်ရန်အလို့ငှာ ညီညွတ်ရမည့် အချက်ငါးချက်ကို ပြဆိုထားရာ အမှုဖြစ်သည့် ပစ္စည်းတူခြင်း၊ အခြေခံ၍စွဲဆိုသော အရောင်းအဝယ် စာချုပ်မှာ တစ်ခုတည်းဖြစ်ခြင်း၊ အမှုသည်များတူခြင်းကို မငြင်းလိုကြောင်း၊ သို့ရာတွင် ပထမ အမှု၌ အယူခံတရားလိုများ ဝယ်ယူထားသည့် မြေနှင့်အဆောက်အအုံကို လက်ရောက်ရရန်အတွက် အယူခံတရားပြိုင်တို့က ဆောင်ရွက်လျက်ရှိသဖြင့် ပစ္စည်းတစ်ရပ်လုံးကို အယူခံတရားလိုတို့ ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးရန်နှင့် နှောင့်ယှက်မှု မပြုရန်အတွက် ထာဝရ တားဝရမ်း ထုတ်ပေးစေရန် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယ အမှုမှာ ပိုင်ဆိုင်မှုအပေါ် အခြေခံ၍ ပစ္စည်းခွဲဝေပေးစေရန် စွဲဆိုခြင်းဖြစ်သဖြင့် 'တရားစွဲဆိုနိုင်ရန်အကြောင်း' ချင်း မတူသည့်အတွက် ပထမမှုတွင် ချမှတ်သော ဆုံးဖြတ်ချက်သည် ဒုတိယ အမှုကို မပိတ်ပင်နိုင်ကြောင်း၊ ထို့ပြင် ပထမအမှုကို ယခင် ဗဟိုတရားရုံးက အမှုပုံစံ မှားယွင်းသည်ဟု အကြောင်းပြကာ ပလပ်လိုက်ခြင်းဖြစ်သဖြင့် အမှုသွား အမှုလာအရ ဆုံးဖြတ်ခဲ့ခြင်း မဟုတ်သောကြောင့် ဗဟိုတရားရုံး၏ စီရင်ချက်သည် မီးမသေကြောင်းဖြင့် အေအိုင်အာ ရှ-၁၉၆၆ တရားလွှတ်တော် ချုပ်စာ-၁၃၃၂ ကို ကိုးကား၍ လျှောက်ထားသည်။

အယူခံ တရားပြိုင်၏ ရှေ့နေက ယခင် ဗဟိုတရားရုံး ၁၉၈၀ ပြည့်နှစ် တရားမ ပထမ အယူခံမှု အမှတ် ၅၁ တွင် ချမှတ်သော စီရင်ချက်သည် မီးသေခြင်း ရှိမရှိ တိတိပပ ချေပခြင်းမပြု။ အမှုဖြစ်ရပ်ကို အစမှအဆုံး စုံပြုံ လျှောက်ထားသည်။

အထူးအယူခံမှုသည် အခြားအယူခံမှုများနှင့်မတူ၊ အထူးအယူခံမှုတွင် တရားရုံးချုပ်က အထူးအယူခံခွင့်ပြုသော တရားမ အတွေ့အထွေလျှောက်ထားမှုတွင် အရေးယူလောက်သော ပြဿနာများအဖြစ် သဘော်မှတ်ထား

(၁) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၃၄၃။

ထားသည့် ကိစ္စရပ်များနှင့် စုံညီခုံရုံးက မိမိသဘောအလျောက် ဖြည့်စွက် သတ်မှတ်ပေးသောပြဿနာတို့ကို ဦးတည်လျောက်ထားကြရန် ဖြစ်သည်။

၁၉၉၀
ဒေါ်သန်း သန်း ပါ(၃) နှင့် ဒေါ်တီ ပါ(၄)

ပြဿနာတစ်ရပ်ကို နှစ်ဘက်ရှေ့နေများက လျှောက်လဲရာတွင် ကနဦး လျှောက်ထားခွင့်ရှိသူက အချင်းဖြစ် ပြဿနာများနှင့်စပ်လျဉ်းသော အမှု ဖြစ်စဉ်ကို လိုအပ်သမျှ အကျဉ်းချုပ် တင်ပြ၍ ပြဿနာ၏ အဖြေကို စိစစ် ရှာဖွေ လျှောက်ထားရန် ဖြစ်သည်။ တစ်ဘက်ရှေ့နေသည် ထိုရှေ့နေ၏ တင်ပြချက်မှန်မမှန် ဖြေကြား၍ ပြဿနာ၏အဖြေနှင့်စပ်လျဉ်းသော ဖြည့်စွက် တင်ပြရန်ရှိသည်တို့ကို လျှောက်ထားရသည်။ ထို့နောက် ပထမရှေ့နေက တစ်ဘက်ရှေ့နေ၏ ဖြေရှင်းချက် မှန်မမှန်ဖြေကြား ရှင်းလင်းရန်ဖြစ်သည်။ တစ်ဦးစီသည် မိမိပြောလိုရာသက်သက် ပြောရန်မဟုတ်၊ အချင်းဖြစ်ပြဿနာ များနှင့်စပ်လျဉ်း၍ အဖြေကို ဖော်ထုတ်တင်ပြရာ၌ စကားစစ်ထိုးသည့် အသွင် တစ်နည်းအားဖြင့် စကားရည်လုသည့်နည်းစနစ်ဖြင့် လျှောက်ထား ကြရသည်မှာ တရားရုံးများတွင် အစဉ်တစိုက် လိုက်နာခဲ့သည့်ကျင့်စဉ် ဖြစ်သည်။ ပြဿနာတစ်ရပ်နှင့် စပ်လျဉ်းသော နှစ်ဘက်အမြင်ကို တရား ရုံးက သိမြင်ခွင့်ရရှိခြင်းသည် အဖြေမှန်ကို ရှာဖွေဖော်ထုတ်ရာ၌ အထောက် အကူဖြစ်စေနိုင်သည်ကို သတိချပ်ရန်လိုသည်။ နှစ်ဘက် ရှေ့နေများသည် တစ်ဦးတင်ပြချက်ကို တစ်ဦးက ဖြေကြားတင်ပြခြင်းမပြုဘဲ တစ်ယောက် တစ်ပေါက်ပြောဆိုကြလျှင် လျှောက်လဲခြင်း၏ရည်ရွယ်ချက် ပျောက်ကွယ် ပေလိမ့်မည်။ တရားရုံးအား အကူအညီပေးရန် တာဝန်လည်း ကျေမည် မဟုတ်ပေ။

အယူခံတရားပြိုင်တို့၏ ရှေ့နေက အယူခံတရားလိုတို့သည် အချင်းဖြစ် မြေကွက်များနှင့် အဆက်အဆံကို ဝယ်ယူခဲ့ခြင်းသည်တရားမဝင်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ယင်းကိစ္စမှာ ဤအယူခံတွင် အဆုံးအဖြတ်ပေးရန် ပြဿနာမဟုတ်ပေ။

ယခင် ဗဟိုတရားရုံး၊ ၁၉၇၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၅၁ တွင် ဒေါ်သန်းသန်းတို့ စွဲဆိုသော အမှုကို ပလပ်ရာ၌ ဗဟိုတရားရုံးက အောက်ပါအတိုင်း အကြောင်းပြသည်—

> 'အယူခံတရားလိုတို့၏ ဖြေလွှာအပိုဒ် ၁၁ (ဆ) တွင် အောက်ပါ အတိုင်း ဖြေကြားထားသည်—

> 'တရားလိုများသည် ပိုင်ရှင် ဒေါ်ကြည်၏ သားသမီးများ ထံမှ ဝယ်ယူပြီး လက်ရှိ နေထိုင်လာခြင်းဖြစ်ရာ မိမိတို့၏ အခွင့်အရေး အပေါ် အခြေပြု၍ တရားစွဲဆိုခြင်း ဖြစ်ပါသည်။'

၁၉၉၀
ဒေါ်သန်း
သန်း
စါ(၃)
နှင့်
ဒေါ်တီ
ပါ(၃)

ဤဖော်ပြချက်များအရဆိုလျှင် အချင်းဖြစ် မြေနှင့်အဆောက်အအုံကို ရောင်းချခဲ့သည်ဆိုသော မခင်မမတို့သည် ဒေါ်ကြည်၏ အမွေဆိုင်များ အဖြစ်ဖြင့် အချင်းဖြစ် မြေနှင့် အဆောက်အအုံကို ရောင်းချခဲ့ကြောင်း ပေါ်ပေါက်နေပေသည်။ သို့သော် မန္တလေးမြို့၊ ယခင်နယ်ပိုင်တရားမရုံး တရားမကြီးမှုအမှတ် ၇၉/၅၅ တွင် သက်သေခံအဖြစ် တင်ပြထားသော စာချုပ်စာတမ်းများအရဆိုလျှင် ဒေါ်ကြည် မကွယ်လွန်မီက အချင်းဖြစ် အိမ်နှင့်မြေကို ၂၂-၇-၅၃ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ ဒေါ်ချစ်စိန်အား ရောင်းချခဲ့ရာ ဒေါ်ချစ်စိန်ကတစ်ဖန် ၂၁-၉-၅၄ ရက်စွဲပါ မှတ်ပုံတင် စာချုပ်အရ မခင်မမတို့၏ဖခင် ဦးဘသန်းအား ရောင်းချခဲ့သဖြင့် ဦးဘသန်း က ဒေါ်အေးခင်တို့ထံမှ ယင်းပစ္စည်းများကို အပေါင်ရွေး နုတ်လိုမှု စွဲဆို ရာမှ ဦးဘသန်း မကွယ်လွန်မီ ပဏာမဒီကရီရရှိခဲ့ကြောင်းပေါ်ပေါက်သည်။ သို့ဖြစ်ရာ ယင်းပစ္စည်းများမှာ ဒေါ်ကြည် တစ်ဦးတည်းပိုင် မဟုတ်ကြောင်း ထင်ရှားနေပေသည်။

အယူခံတရားလိုတို့က ပြန်ကြားလွှာအပိုဒ် (၂) တွင် ဒေါ်ကြည်က ဒေါ်ချစ်စိန်သို့ ငွေကြေးမရဘဲရောင်းချဟန်ပြုလုပ်ခဲ့ပြီး တစ်ဖန် ဦးဘသန်းက ငွေကြေးမပေးဘဲ ဝယ်ယူဟန်ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ကြောင်း ဖြေကြားထား သည်ကိုတွေ့ရသည်။ ထိုအတိုင်းမှန်ဦးတော့ ဒေါ်ကြည်ကွယ်လွန်သော အခါ ဒေါ်ကြည်၏အမွေအနှစ်ကို ဦးဘသန်းက အမွေရမည်ဖြစ်သည်။ ဦးဘသန်းကွယ်လွန်သောအခါ ဦးဘသန်း၏အမွေအနှစ်ကို ၎င်း၏ဒုတိယ မယားဒေါ်တီနှင့်သား မောင်အောင်သိန်း သမီးမခင်မြမြတို့က အမွေဆက်ခံ ကြမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်မြေ နှင့်အဆောက်အအုံတွင် ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပေါ်ပေါက်နေပေ သည်။ မခင်မမတို့သည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို အပြည့် အဝပိုင်ဆိုင်သူများ ဖြစ်သည်ဟုမဆိုနိုင်သည့်အလျောက် သူတို့ထံမှတစ်ဆင့် ဝယ်ယူခဲ့သော အယူခံတရားလိုတို့သည် အချင်းဖြစ်မြေနှင့် အဆောက် အအုံ တစ်ရပ်လုံး၏ ပိုင်ရှင်အဖြစ်သို့ရောက်လာသည်ဟု မဆိုနိုင်ပေ။

ထို့ပြင် ဦးဘသန်းသည် အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဒေါ် အေးခင်တို့ထံမှ ရွေးနုတ်ခွင့်ပဏာမဒီကရီရရှိခဲ့သည်။ အယူခံတရားပြိုင် ဒေါ်တီတို့သုံးဦးသည် ဦးဘသန်း၏ တရားဝင်ကိုယ်စားလှယ်များအဖြစ်ဖြင့် အပေါင်အရွေးနုတ်ခွင့် အပြီးသတ်ဒီကရီရရှိထားသည်ဖြစ်ရာအဆိုပါမြေနှင့် အဆောက်အအုံတွင် ဆိုင်ရေးဆိုင်ခွင့်ရှိနေပေသည်။ သို့ဖြစ်ရာ မခင်မမတို့ ထံမှမှတ်ပုံတင်စာချုပ်အရ ဝယ်ယူခဲ့သော အယူခံတရားလိုတို့သည် အဆိုပါ မြေနှင့်အဆောက်အအုံကို အပြည့်အဝ ပိုင်ဆိုင်မှု မရနိုင်သောကြောင့် အယူခံတရားလိုတို့ တရားစွဲဆိုသောအမှုမှာ အောင်မြင်ရန် အကြောင်း မရှိပေ။

၁၉၅၀ ဒေါ်သန်းသန်း ပါ(၃) နှင့် ဒေါ်တီ ပါ(၃)

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ မီးသေသောဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ရန်အလို့ငှာ အမှုတွင်တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း၊ အငြင်းပွားသောအကြောင်းအရာကို တရားရုံးက ကြားနာ၍ အပြီးသတ် အဆုံးအဖြတ်ပြုသော ဆုံးဖြတ်ချက်တစ်ရပ်ရှိရန်လိုအပ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် ဗဟိုတရားရုံး၏ သုံးသပ်ချက်အရဆိုလျှင် အယူခံတရားလိုတို့ ပထမစွဲဆိုသောအမှုကို အမှုသွားအမှုလာအရ အဆုံးအဖြတ်မပေးဘဲ အမှုပုံစံလွဲမှားခြင်းသက်သက်ကို အကြောင်းပြု၍ အယူခံတရားလိုတို့၏အမှုကို ပလပ်လိုက်ခြင်းဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ အမှုသည်များအကြား အငြင်းပွားသည့်အကြောင်းအရာကို ကြားနာ၍ အပြီးသတ်အဆုံးအဖြတ်ပြုသော ဆုံးဖြတ်ချက်သာလျှင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် ဆုံးဖြတ်ချက် ချမှတ်သည့်အမှုတွင် ပါဝင်သောအမှုသည်များ အပေါ်တွင်ဖြစ်စေ၊ သူတို့၏ အကျိုးကို ဆက်ခံသောသူများအပေါ်တွင်ဖြစ်စေ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ အမှုပုံစံလွဲမှားခြင်း၊ နို့တစ်စာတရားမဝင်ခြင်း၊ အမှုသည်မစုံလင်ခြင်း၊ အမှုသည်များကို မှားယွင်းပူးတွဲထားခြင်း၊ တရားစွဲဆိုနိုင်ရန် အကြောင်းမပေါ်ပေါက်ခြင်း၊ စီရင်ပိုင်ခွင့်မရှိခြင်း၊ ရုံးခွန်လုံလောက်စွာ မထမ်းဆောင်ခြင်းစသည့် အကြောင်းတစ်ရပ်ရပ်ကို အကြောင်းပြု၍အမှုကို ပလပ်သောစီရင်ချက်သည် မှုဖြစ်အကြောင်းအရာကိုအပြီးသတ်ဆုံးဖြတ်ရာ မရောက်သဖြင့် မီးသေသော ဆုံးဖြတ်ချက်မဟုတ်ချေ။

အယူခံတရားလိုတို့က အဆိုပါအပိုဒ် (၈)တွင် အောက်ပါအတိုင်းအဆိုပြုထားသည်—

'တရားလိုတို့က မြို့နယ်တရားရုံး၏ကြားဖြတ်အမိန့် တစ်ရပ်ကို တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်း၍ မြို့နယ်တရားရုံးရှိဇာရီမှုကိုခေါ်ယူဆဲတွင် (၂၈-၄-၈၆)နေ့နံနက် (၇)နာရီအချိန်တွင် တရားလိုကိုညွန့်ဝင်းနေသောအိမ်၏ အရှေ့ခွန်းဆုံးအခန်းမှ ပစ္စည်းများကိုဆွဲထုတ်၍တရားပြိုင်များသို့ ပေးအပ်၍ငင်းတို့က အဆိုပါအခန်းတွင် ကြည့်ရှုစောင့်ရှောက်ရန် ကိုတင်မောင်ဦးဆိုသူအား လွှဲအပ်ထားသောကြောင့် ကိုတင်မောင်ဦးက နေထိုင်လျက်ရှိပြီး၊ ကျန် (၂) ခန်းတွင် တရားလိုတို့က လက်ရှိနေထိုင်လျက်ရှိပါသည်။'

အထက်ဖော်ပြပါအဆိုပြုချက်အရ ဆိုလျှင်အယူခံတရားလိုတို့သည် ပထမအမှုကိုစွဲဆိုစဉ်က အချင်းဖြစ်ပစ္စည်းတစ်ရပ်လုံးမှာ သူတို့လက်ရှိဖြစ်သည်။ သို့ဖြစ်ရာ ထိုစဉ်က အယူခံတရားလိုတို့သည် ပစ္စည်းခွဲဝေပေးစေလိုမှုစွဲဆိုရန်

၈၉၉၀ ဒေါ်သန်းသန်း ပါ(၃) နှင့် ဒေါ်တီ ဓါ(၄)

အကြောင်းမပေါ်ပေါက်သေး၊ ထိုအခြေအနေ၌ ပထမအမှုတွင် အယူခံ တရားလိုတို့အနေဖြင့် ပစ္စည်းခွဲဝေပေးစေရန်သက်သာခွင့်ကို တောင်းဆိုခြင်းမပြုနိုင်။ ထို့ပြင် ယင်းသက်သာခွင့်ကိုတောင်းဆိုရန်လည်းမသင့်ချေ။ သို့ဖြစ်ရာ အယူခံတရားလိုတို့စွဲဆိုသော ဒုတိယအမှုကို ပထမအမှုတွင်ချမှတ်သောစီရင်ချက်က တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရပိတ်ပင်ရန် အကြောင်းမရှိချေ။

ထို့ပြင် ပထမအမှုတွင် အယူခံတရားလိုတို့သည် အချင်းဖြစ်ပစ္စည်းကို လက်ရှိထားသည့်အလျောက် ပစ္စည်းခွဲဝေပေးစေရန် တောင်းဆိုခြင်းမပြုဘဲ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်သက်သက်အတွက်တရားစွဲဆိုနိုင်သည်။ အော၊ အယ်လ်၊ အမ်၊ ချစ်တီးယားဖမ်း နှင့် မဆင့်ပါ(၄) ဒေါ်ကြည်နှင့်ဒေါ်ပုပါ–၇၃စီရင်ထုံးများကိုကြည့်ပါ။ သို့ဖြစ်ရာ မြွက်ဟကြေညာပေးစေရန်အတွက်စွဲဆိုခဲ့သောပထမအမှုတွင်ချမှတ်သည့် စီရင်ချက်သည် ပစ္စည်းခွဲဝေပေးစေရန် ထပ်မံစွဲဆိုသောဒုတိယအမှုအား စွဲဆိုခြင်းကိုမပိတ်ပင်နိုင်ချေ။ ထို့ပြင်အယူခံတရားလိုတို့သည် အချင်းဖြစ်ပစ္စည်းများကို အယူခံတရားပြိုင်တို့နှင့်ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်အတွက် စွဲဆိုဖို့မလိုချေ။ ပိုင်ရှင်များအဖြစ် ပစ္စည်းလက်ရှိထားမှုအပေါ်အခြေခံကာ ပစ္စည်းခွဲဝေပေးစေလိုမှုကို တိုက်ရိုက်စွဲဆိုနိုင်သည်။

အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း အယူခံတရားလိုတို့စွဲဆိုသော အမှုနှစ်မှုလုံးမှာ အရောင်းအဝယ်စာချုပ်တစ်ခုတည်းအပေါ်တွင်သာ အခြေခံ၍ စွဲဆိုခြင်းမဟုတ်ဘဲ လက်ရှိထားခြင်းအပေါ်တွင်လည်း အခြေခံကြောင်း အဆိုလွှာပါ အဆိုပြုချက်များအရ ပေါ်လွင်သဖြင့် အမှုနှစ်မှုလုံးတွင် ပေါ်ပေါက်သော တရားစွဲဆိုနိုင်ရန်အကြောင်းများသည် ထပ်တူထပ်မျှတူညီသည်မဟုတ်၍ ပထမအမှုတွင် ချမှတ်ထားသော စီရင်ချက်သည် မှီးသေသည်ဟုတရားရုံးချုပ်(မန္တလေးရုံးထိုင်)က ၁၉၈၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၈၇ တွင် ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် မှန်သည်ဟုမဆိုနိုင်ချေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ တရားရုံးချုပ်နှင့်မန္တလေးတိုင်းတရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အယူခံတရားလိုတို့စွဲဆိုသောအမှုကို မူလအမှုအမှတ်အတိုင်းပြန်လည်ဖွင့်လှစ်၍အမှုကိုတရားဥပဒေနှင့်အညီအဆုံးအဖြတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။

---

(၂) ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၄၁၂၊
(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၁၁၇၉။

ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များတို့ နောက်ဆုံးတွင်အ မှုရှုံး သူက နောက်ဆုံးတွင် အမှုနိုင်သူအား ပေးရမည်။

ဤအယူခံတွင် အယူခံတရားလိုတို့ ထမ်းဆောင်ထားသော ရုံးခွန်ကို ပြန်အမ်းရန်အတွက် လိုအပ်သည့်သက်သေခံလက်မှတ်ကို အယူခံတရားလိုတို့ အား ထုတ်ပေးစေ။ ရှေ့နေခကို ကျပ် ၁၅၀ သတ်မှတ်သည်။

၈၉၉၀
ဒေါ်ယန်း
သန်း
ပါ(၃)
နှင့်
ဒေါ်တီ
ပါ(၃)

## တရားမ အထွေထွေလျှောက်လွှာ

### တရားရုံးချုပ်၊ တရားသူကြီးများဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့် ဦးကျော်ဝင်းတို့ ရှေ့တွင်

+၁၉၉၀
နိုဝင်ဘာလ
၁၉ ရက်

ဦးသိန်းသန်း

နှင့်

ဦးအာရစ်ဘမ်း *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အိမ်လခပေးရန် ပျက်ကွက်သဖြင့် အကြိမ်ကြိမ် တရားစွဲဆိုခဲ့ရသော အိမ်ငှားအား ပုဒ်မ ၁၅ (၁) ပါ အကျိုးကျေးဇူးကို အကြိမ်ကြိမ် ခံစားခွင့်ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ အိမ်ငှားတစ်ဦးသည် ဥပစာတစ်ခုတည်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၅ (၁) ပါ အကျိုးကျေးဇူးကို အကြိမ်ကြိမ် ခံစားခွင့် မရှိစေရဟု ပိတ်ပင်ထားခြင်း မရှိချေ။ အိမ်လခ မပေးသည့်အတွက် အငှားချထားသည့် ဥပစာမှ နှင်ထုတ်ရန် ဒီကရီချမှတ်ပြီးနောက် ယင်းဒီကရီကို အတည်မပြုရသေးမီ အိမ်ငှား အနေဖြင့်အိမ်လခကြွေးများကို မည်သို့မည်ပုံ ပေးဆောင်ရမည်ဖြစ်ကြောင်း စည်းကမ်းချက်များ သတ်မှတ်၍ ဒီကရီ အတည်ပြုခြင်းကို ဆိုင်းငံ့ထားရပေမည်။ အိမ်ငှား တရားရုံး၏ လျှောက်ထားချက်သည် ပုဒ်မ ၁၅ (၁) ပါ သတ်မှတ်ချက်နှင့် ညီညွတ်လျှင် တရားရုံးက ခွင့်ပြုရပေမည်။ ဥပဒေက အိမ်ငှားဖြစ်သူသို့ ပေးထားသော အခွင့်အရေးသာဖြစ်သည်။ အိမ်လခပေးရန် ပျက်ကွက်သဖြင့် အကြိမ်ကြိမ် တရားစွဲဆိုခဲ့သည်ကို အကြောင်းပြုပြီး တရားရုံး အိမ်ငှား၏ လျှောက်ထားချက်ကို ပယ်ချခြင်း ပြုနိုင်ကြောင်း ဥပဒေ ပြဋ္ဌာန်းချက်၌ ဖော်ပြမှု မရှိချေ။ တရားရုံးချုပ်မှ အထက်ပါဖော်ပြသည့်အတိုင်း သုံးသပ်ခဲ့သည်။ ယင်းသို့ သုံးသပ်ချက်သည် တည်ဆဲပြဋ္ဌာန်း ဥပဒေနှင့်ဆန့်ကျင်မှုမရှိချေ။

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၄၄

\+ ၁၉၈၉ ခုနှစ်၊ တရားရုံးချုပ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၉၈ တွင် ချမှတ်သော (၂၀-၁၁-၈၉) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

**၁၉၉၀**
**ဦးသိန်းသန်း နှင့် ဦးအာရစ်ဘမ်း**

အယူခံတရားလိုအတွက် — ဦးသိန်းသန်း (ကိုယ်တိုင်)

အယူခံတရားပြိုင်အတွက် — ဦးတင်ဝင်း (မော်လမြိုင်) တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးလှမြင့်ဝင်း

မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရပ်ကွက် တရားရုံး၊ တရားမကြီးမှုအမှတ် ၁/၈၄ တွင် ဦးသိန်းသန်းက ဦးအာရစ်ဘမ်းအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁) (က) အရ နှင်လိုမှုစွဲဆိုရာ အမှုပလပ်ခြင်း ခံရသည်။ ဦးသိန်းသန်းက ထိုဒီကရီကို မော်လမြိုင်မြို့နယ် တရားရုံးသို့ အယူခံဝင်ရောက်သော်လည်း မအောင်မြင်ချေ။ ဦးသိန်းသန်းက မွန်ပြည်နယ် တရားရုံးသို့ ဆက်လက်အယူခံဝင်သောအခါ ပြည်နယ် တရားရုံးက မြို့နယ်တရားရုံးနှင့် ရပ်ကွက်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကိုပယ်ဖျက်လျက် ဦးသိန်းသန်း စွဲဆိုသည့်အတိုင်း အနိုင် ဒီကရီချပေးသည်။

ဦးသိန်းသန်းက ရင်းရရှိသော အနိုင်ဒီကရီကို မော်လမြိုင်မြို့နယ် တရားရုံး ဇာရီမှုအမှတ် ၆/၈၉ တွင် အတည်ပြုရန် ဆောင်ရွက်သည့်အခါ ဦးအာရစ်ဘမ်းက အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ အိမ်ငှားခများ သွင်းခွင့်ပြုရန် လျှောက်ထားသော်လည်း မြို့နယ်တရားရုံးက ခွင့်မပြုခဲ့ချေ။ ဦးအာရစ်ဘမ်းက မွန်ပြည်နယ်တရားရုံးသို့ အယူခံဝင်သည့်အခါ မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး ဦးအာရစ်ဘမ်း၏ လျှောက်ထားချက်ကို ခွင့်ပြု၍ ငှားရမ်းခများပေးသွင်းခွင့်ပြုခဲ့သည်။ ပြည်နယ်တရားရုံး၏ အမိန့်ကို ဦးသိန်းသန်းက တရားရုံးချုပ်သို့ တရားမ အထွေထွေအယူခံမှု အမှတ် ၉၈/၈၉ ကို တင်သွင်းသည်။ တရားရုံးချုပ်က ဦးသိန်းသန်း၏ အယူခံမှုကို ၂၀-၁၁-၈၉ နေ့တွင် ပလပ်ခဲ့သည်။

ဦးသိန်းသန်းက ယင်းအမိန့်ကို မကျေနပ်၍ တရားစီရင်ရေး ဥပဒေ ပုဒ်မ ၆ အရ အထူးအယူခံဝင်ရောက်ခွင့်ပြုရန် ဤအထွေထွေ လျှောက်လွှာကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> 'ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာ....မှ အိမ်ငှားကို.... နှင်ထုတ်ရန်အတွက် အမိန့် သို့တည်း မဟုတ် ဒီကရီချမှတ်သည့်အချိန်၌ သော်လည်းကောင်း၊ ဤအက်ဥပဒေ အာဏာ မတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ ထိုအမိန့်ကို သို့တည်းမဟုတ် ထိုဒီကရီ

[illegible]
ဦးသိန်းသန်း
နှင့်
ဦးအာရစ်
ဘမ်း

ကို အတည်ပြုရန် လျှောက်ထားသည့်အခါတွင်ဖြစ်စေ အိမ်ငှားက.... ထိုအမိန့်ကို သို့တည်းမဟုတ် ထိုဒီကရီ အတည်မပြုရန် လျှောက်ထားသည့် အခါတွင်ဖြစ်စေ၊ ထိုအမိန့် သို့တည်းမဟုတ် ထိုဒီကရီကိုအတည်မပြုရသေးသည့် ကိစ္စ၌သော်လည်းကောင်း၊ တရားရုံးသည် ပုဒ်မ ၁၂ (၁) အပိုဒ်(ဂ)'.... နှင့် သက်ဆိုင်သည့် ကိစ္စမှတပါး ထိုအမိန့် သို့တည်းမဟုတ် ထိုဒီကရီ အတည်ပြုခြင်းကို ရပ်ဆိုင်းထားရမည် သို့တည်းမဟုတ် ဆိုင်းငံ့ထားရမည်'

ဤဥပဒေ ပြဋ္ဌာန်းချက်တွင် အိမ်ငှားတစ်ဦးသည် ဥပစာတစ်ခုတည်းနှင့် စပ်လျဉ်းပြီး ပုဒ်မ ၁၅(၁) ပါ အကျိုးကျေးဇူးကို အကြိမ်ကြိမ် ခံစားခွင့် မရှိစေရဟု ပိတ်ပင်ထားခြင်း မရှိချေ။ အိမ်လခ မပေးသည့်အတွက် အငှားချထားသည့် ဥပစာမှ နှင်ထုတ်ရန် ဒီကရီချမှတ်ပြီးနောက် ယင်းဒီကရီကို အတည်မပြုရသေးမီ အိမ်ငှားအနေဖြင့် အိမ်လခကြွေးများကို မည်သို့မည်ပုံ ပေးဆောင်ရမည်ဖြစ်ကြောင်း စည်းကမ်းချက်များသတ်မှတ်၍ဒီကရီအတည်ပြုခြင်းကို ဆိုင်းငံ့ထားရပေမည်။ အိမ်ငှား တရားရုံး၏ လျှောက်ထားချက်သည် ပုဒ်မ ၁၅ (၁)ပါ သတ်မှတ်ချက်နှင့် ညီညွတ်လျှင် တရားရုံးက ခွင့်ပြုရပေမည်။ ဥပဒေက အိမ်ငှားဖြစ်သူသို့ ပေးထားသော အခွင့်အရေးသာဖြစ်သည်။ အိမ်လခပေးရန် ပျက်ကွက်သဖြင့် အကြိမ်ကြိမ် တရားစွဲဆိုခဲ့သည်ကို အကြောင်းပြုပြီး တရားရုံး အိမ်ငှား၏ လျှောက်ထားချက်ကို ပယ်ချခြင်းပြုနိုင်ကြောင်း ဥပဒေ ပြဋ္ဌာန်းချက်၌ ဖော်ပြမှု မရှိချေ။ တရားရုံးချုပ်မှ အထက်ပါဖော်ပြသည့်အတိုင်း သုံးသပ်ခဲ့သည်။ ယင်းသို့သုံးသပ်ချက်သည် တည်ဆဲပြဋ္ဌာန်း ဥပဒေနှင့် ဆန့်ကျင်မှု မရှိချေ။

ထို့ကြောင့် ဤလျှောက်လွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၁၀၀/–သတ်မှတ်သည်။

**တရားမပြင်ဆင်မှု**

တရားရုံးချုပ်၊ တရားသူကြီး ဦးကျော်တင့် ရှေ့တွင်

ဒေါ်အေးမှိုပါ(၂)

နှင့်

ဒေါ်ဟန်ပါ–(၃)*

+ ၁၉၉၀
နိုဝင်ဘာလ
၉ ရက်

**တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁–အမှုပွားများရန် အကြောင်းရှိခြင်းကြောင့် အမှုရုပ်သိမ်းခြင်းကို ငြင်းပယ်ရန် သင့်မသင့်–**

**ဆုံးဖြတ်ချက်။** အမှုကို ရုပ်သိမ်းခွင့်ပြုခြင်းကြောင့် တရားတစ်ထုံး ထပ်မံစွဲဆိုရန်အကြောင်း ရှိမည်ဖြစ်သော်လည်း ယင်းသို့ အမှု ပွားများလာရန် အကြောင်း ရှိသည်ကို ညွှန်ပြကာ အမှုရုပ်သိမ်းခွင့်ကို ငြင်းပယ်ရန်မဟုတ်ပေ။ ထိုအကြောင်းပြချက်ဖြင့် ငြင်းပယ်မည်ဆိုပါက တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၃၊ နည်း ၁(၂)ပါ ပြဋ္ဌာန်းချက်မှာ အဓိပ္ပာယ်မဲ့ ဖြစ်ပေလိမ့်မည်။

**ထပ်မံဆုံးဖြတ်ချက်။** တရားမမှုများကို အကြိမ်ကြိမ် စွဲဆိုရန်မသင့်ဟူသော ဥပဒေကို ခြွင်းချက်ဖြင့် ကျင့်သုံးရန်ဖြစ်သည်။ တရားလိုတစ်ဦးသည် အကြောင်းအရာ တစ်ရပ်တည်းအပေါ် အကြိမ်ကြိမ် တရားစွဲဆိုလျှင် တစ်ဘက်အမှုသည်အားအနည်းနှင့်အများနစ်နာစေမည်ဖြစ်သည်။ သို့ရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁ (၂)တွင် အကျုံးဝင်သောအကြောင်း တစ်ရပ်ရပ်ကြောင့် အမှုကို ရုပ်သိမ်းခွင့်ပြုရန်အကြောင်း ဆိုက်ရောက်လာလျှင် တရားရုံးအနေဖြင့် ခွင့်ပြုသင့်ပေသည်။

အယူခံတရားလိုများအတွက် – ဦးဝမ်းမောင်၊တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက်–ကိုယ်တိုင်(မလာ)

တရားရေးအကြံပေး –ဦးဘသန်းအောင်

မန္တလေးတိုင်း စဉ့်ကူးမြို့နယ်တရားရုံး၊ ၁၉၇၉ ခုနှစ် တရားမကြီးမှုအမှတ် ၁၅ တွင် လျှောက်ထားသူ ဒေါ်အေးမှိုနှင့် ဦးမြသောင်း တို့က လျှောက်ထားခံရသူ ဒေါ်ဟန်၊ဦးချစ်လွင်နှင့်မကြည်ရှိန်တို့အပေါ် စဉ့်ကူးမြို့နယ်မင်းရွာကျေးရွာရှိ အချင်းဖြစ်မြေကွက်၏တစ်ဝက်မှာဒေါ်အေးမှို အမွေရပိုင်ဆိုင်သောမြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုသည်။ ထို့နောက် ဒေါ်အေးမှိုက အမှုသစ်စွဲဆိုရန် ခွင့်ပြုချက်ဖြင့် အမှုကို ရုပ်သိမ်း

* ၁၉၉၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှုအမှတ်၊ ၉၇

\+ ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ်၊ ၁၅ တွင် ချမှတ်သော (၃၀-၁-၉၀) ရက်စွဲပါ စဉ့်ကူးမြို့နယ်တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

၁၉၉၀
ဒေါ်အေးမို
ပါ(၂)
နှင့်
ဒေါ်ဟန်
ပါ(၃)

ခွင့်ပြုရန် လျှောက်ထားရာ မြို့နယ်တရားရုံးက အမှုကို ရုပ်သိမ်းခွင့် ပြုသော်လည်း အမှုသစ်စွဲဆိုခွင့်မပြုဟု အမိန့်ချမှတ်သောကြောင့် ဒေါ်အေးမိုတို့က တရားရုံးချုပ်တွင် ဤပြင်ဆင်မှုကို လျှောက်ထားလာသည်။

တရားလိုတစ်ဦးသည် မိမိစွဲဆိုထားသောအမှုကို ရုပ်သိမ်းနိုင်ရန်အတွက် တရားရုံး၏ ခွင့်ပြုချက်ကို ရယူရန်မလိုချေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁(၁)ကိုကြည့်ပါ။ သို့ရာတွင် ရုပ်သိမ်းလိုသောအမှု၌ ပေါ်ပေါက်သည့် တရားစွဲဆိုနိုင်ရန်အကြောင်းအပေါ် အခြေခံကာ အမှုသစ်စွဲဆိုလျှင်မူ တရားရုံး၏ ခွင့်ပြုချက်ကို တောင်းခံရန်လိုသည်။ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း(၂)နှင့်(၃)ကိုကြည့်ပါ။ သို့ဖြစ်၍ မြို့နယ် တရားရုံးက အမှုသစ်စွဲဆိုရန် ခွင့်မပြုပါဘဲလျက်၊ အမှုကို ရုပ်သိမ်းခွင့် ပြုကြောင်း အမိန့်ချမှတ်ခြင်းမှာ တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁ (၁)ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည်။

လျှောက်ထားသူတို့က အောက်ပါအကြောင်းပြချက်ဖြင့်အမှုကို ရုပ်သိမ်းခွင့် ပြုရန် လျှောက်ထားသည်—

တရားလိုသည် ဤအမှုကို ရုပ်သိမ်းပြီး အချင်းဖြစ် ပစ္စည်းနှင့် ပတ်သက်၍ တရားမမှု အသစ်ကို သဘောရိုးဖြင့် စွဲဆိုလိုပါသည်။

အမှုသစ်စွဲဆိုခွင့်ပြုရန် ခွင့်တောင်းလျက် အမှုကိုရုပ်သိမ်းခွင့် လျှောက်ထားရာ၌ ခွင့်ပြုသင့် မသင့် စိစစ်ရန် အကြောင်းနှစ်ရပ်ကို အမိန့် ၂၃၊ နည်း ၂ (က) နှင့် (ခ) တွင် သတ်မှတ်ထားသည်။ လျှောက်ထားသူတို့သည် ယင်းသတ်မှတ်ချက် တစ်ရပ်ရပ်နှင့်အညီ အမှုကိုရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း အကြောင်းပြခဲ့ခြင်းမရှိ၍ ယခုကဲ့သို့ မလိုလားအပ်သော ကြန့်ကြာမှု ပေါ်ပေါက်ရခြင်းဖြစ်သည်။

မြို့နယ်တရားရုံးက လျှောက်ထားသူတို့သည် ယခင်ကအမှုတစ်မှုစွဲဆိုပြီး တရားရုံး၏ ခွင့်ပြုချက်အရ ရုပ်သိမ်းပြီးနောက် ယခုအမှုကို စွဲဆိုခြင်း ဖြစ်ကြောင်း၊ လက်ရှိအမှုကို ရုပ်သိမ်းခွင့်ပြုပါက အမှု ပွားများမည်ဖြစ်ကြောင်း အကြောင်းပြကာ အမှုသစ်စွဲဆိုခွင့်မပြုဟု ကောက်ယူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထုံးနည်းချို့ယွင်းမှု သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်ရပ်ရပ်ကြောင့် တရား လိုစွဲဆိုသောအမှုမှာ မုချ ရှုံးရမည့်အခြေအနေသို့ ဆိုက်ရောက်နေကြောင်း တွေ့ရှိရလျှင် အမှုကို ဆက်လက်စစ်ဆေး စီရင်ဆုံးဖြတ်ပါက အကျိုးဖြစ်ထွန်းဖွယ်ရာ အကြောင်းမရှိသဖြင့် ယင်းအမှုကိုရုပ်သိမ်းကာ အမှုကိုရှုံးစေမည့်အကြောင်း တရားကိုဖယ်ရှားလျက် အမှုသစ် စွဲဆို

၁၉၅၀
ဒေါ်အေးမို ပါ(၂) နှင့် ဒေါ်ဟန် ပါ(၃)

ခွင့်ပြုရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၃၊ နည်း(၂)တွင် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အမှုကိုရုပ်သိမ်းခွင့်ပြုခြင်းကြောင့်တရားတစ်ထုံး ထပ်မံစွဲဆိုရန်အကြောင်း ရှိမည်ဖြစ်သော်လည်း ယင်းသို့ အမှုပွားများလာရန် အကြောင်းရှိသည်ကို ညွှန်ပြကာ အမှုရုပ်သိမ်းခွင့်ကို ငြင်းပယ်ရန် မဟုတ်ပေ။ ထိုအကြောင်းပြချက်ဖြင့် ငြင်းပယ်မည်ဆိုပါက တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၂)ပါ ပြဋ္ဌာန်းချက်မှာ အဓိပ္ပာယ်မဲ့ဖြစ်ပေလိမ့်မည်။

မူလရုံးတွင် တင်သွင်းသော လျှောက်လွှာတွင်ဖြစ်စေ ဤပြင်ဆင်မှုအကြောင်းပြချက်များ တွင်ဖြစ်စေ အမှုကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊ နည်း ၁(၂)(ခ)တွင် အကျုံးဝင်သော လုံလောက်သည့်အကြောင်း တစ်စုံတစ်ရာရှိကြောင်း ဖော်ပြထားခြင်းမရှိပေ။ ဤအခြေအနေတွင် အမှုသစ်စွဲဆိုရန် ခွင့်ပြုလျက် အမှုကို ရုပ်သိမ်းနိုင်မည်မဟုတ်ချေ။

မြို့နယ်တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၃)ပါ အချင်းဖြစ်အကြောင်းအရာ၊ (Subject-matter)ဆိုသည်မှာ ပစ္စည်းတွင် အခွင့်အရေး (right in property)ဖြစ်သည်ဟုကောက်ယူထားသည်ကို တွေ့ရသည်။ ဒေါ်အေးမို ယခင်စွဲဆိုသောအမှုမှာ အမွေစီမံခန့်ခွဲပေးစေလိုမှုဖြစ်ပြီး ယခုအမှုမှာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုဖြစ်သည်။ အမွေမှုတွင် ခွဲဝေရမည်ဖြစ်သော မြေနှင့်ယခုအမှုတွင်အမှုရုံးဆိုသောမြေတို့မှာ တစ်ခုတည်းဖြစ်၍ ပစ္စည်းတစ်ခုတည်းအတွက် အမှုများတစ်တလဲလဲမစွဲသင့်ဟု ကောက်ယူကာ အမှုသစ်စွဲဆိုခွင့် မပြုခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်း ၁(၂)နှင့် (၃)တို့တွင် ပါရှိသော **အချင်းဖြစ်အကြောင်းအရာ**ဆိုသည်မှာ **တရားစွဲဆိုနိုင်ရန် အကြောင်း**ကို ဆိုလိုသည်ဟု ကောက်ယူရန်ဖြစ်သည်။ **အလီမိုဟာမက်နှင့် ကရန်ဘရှတ်**[၁] စီရင်ထုံးကိုကြည့်ပါ။ ယင်းစကားရပ်သည် မူလရုံး ကောက်ယူသည့်အတိုင်း ပစ္စည်းတွင်ရရန်ရှိသော အခွင့်အရေးမဟုတ်၊ ယင်းအခွင့်အရေးနှင့်တစ်နည်းနည်းဖြင့် သက်ဆိုင်သည်ကားမှန်၏။ အငြင်းပွားသောပစ္စည်းတူခြင်းနှင့် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုနိုင်ရန် အကြောင်းတူခြင်းသည် သဘောသဘာဝချင်းကွဲပြားခြားနားသည်။

---

(၁) အေအိုင်အာ၊ ၁၉၃၃၊ လာဟိုး ၆၄၈။

၁၉၉၈
မဒေါ်အေးမို့
ပါ(၂)
နှင့်
ဒေါ်ဟန်
ပါ(၃)

အမှုမှုစွဲဆိုစဉ်က အခွင့်အရေးနှင့် မြွက်ဟကြေညာပေးစေလိုမှုတွင် အခြေခံသောအခွင့်အရေးတို့သည် အတူတူဖြစ်စေကာမူ ပထမအမှုကိုတရားရုံး၏ ခွင့်ပြုချက်ဖြင့် ရုပ်သိမ်းပြီးနောက် ဒုတိယအမှု စွဲဆိုခြင်းကိုဥပဒေက ပိတ်ပင်ရန် အကြောင်း မရှိချေ။

တရားမမှုများကို အကြိမ်ကြိမ်စွဲဆိုရန် မသင့်ဟူသော ဥပဒေသကို ခြွင်းချက်ဖြင့် ကျင့်သုံးရန်ဖြစ်သည်။ တရားလိုတစ်ဦးသည် အကြောင်းအရာ တစ်ရပ်တည်းအပေါ် အကြိမ်ကြိမ်တရားစွဲဆိုလျှင် တစ်ဘက်အမှုသည်အား အနည်းနှင့်အများ နစ်နာစေမည်ဖြစ်သည်။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊နည်း ၁(၂)တွင် အကျုံးဝင်သောအကြောင်း တစ်ရပ်ရပ်ကြောင့် အမှုကိုရုပ်သိမ်းခွင့်ပြုရန် အကြောင်းဆိုက်ရောက်လာလျှင် တရားရုံးအနေဖြင့် ခွင့်ပြုသင့်ပေသည်။ ထိုသို့ခွင့်ပြုရာ၌ တရားရုံးသည် သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်ခွင့်ရှိသည်ဖြစ်ရာ ဒုတိအကြိမ်၊ တတိယအကြိမ်စသည်ဖြင့်ရုပ်သိမ်းခွင့်လျှောက်ထားမှုကို ခွင့်ပြုရာ၌တစ်ဘက် အမှုသည်အား နစ်နာမှုလျော့ပါးစေရန် တရားစရိတ်ကို များများပေးစေခြင်းဖြင့် တရားလိုအား လွယ်လွယ်အမှုစွဲဆိုခြင်းကို ဟန့်တားရန်ဖြစ်သည်။

ထို့ကြောင့် မြို့နယ်တရားရုံး၏ ၃၁-၁-၉၀ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်သည်။ တရားလိုများသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၁)တွင် ခွင့်ပြုထားသည့်အတိုင်း အမှုကိုရုပ်သိမ်းနိုင်သည်။ အမိန့် ၂၃၊ နည်း ၁(၂)(က)နှင့် (ခ)ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းလိုလျှင်မူ ရုပ်သိမ်းရသည့်အကြောင်းကို တိတိကျကျဖော်ပြ၍ လျှောက်ထားရန်ဖြစ်သည်။ ယင်းတင်ပြချက်သည် ပြဋ္ဌာန်းချက်တွင်အကျုံးဝင်လျှင် မြို့နယ်တရားရုံးက အမှုသစ်စွဲဆိုခွင့်ပြုလျက် အမှုကိုရုပ်သိမ်းခွင့်ပြုရန် ဖြစ်သည်။ နည်း ၂(၂)တွင် အကျုံးဝင်သောအကြောင်း တစ်ရပ်ရပ်ကို မဖော်ပြနိုင်လျှင်အမှုကို ဆက်လက်စစ်ဆေးရန်ဖြစ်သည်။

ဤပြင်ဆင်မှုအတွက် စရိတ်ချမှတ်ခြင်းမပြု။

## တရားမပြင်ဆင်မှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ဒေါ်ငွေအေးသင်

နှင့်

ဒေါ်ခင်စိန် (ခ) ဒေါ်ချော၀ါ-၅ *

၁၉၉၀ မေလ ၂၀ ရက်

— မှုရပ်စဲခြင်း–အမွေထိန်းစာရသူ ကွယ်လွန်သောအခါ ၎င်းစွဲဆိုသောအမှု ရပ်စဲသွားခြင်း

ဆုံးဖြတ်ချက်။ မူလရုံး အမှုတွဲ၌ တရားလို ဦးခင်ငွေက အမှုစွဲဆိုရာတွင် အချင်းဖြစ် ပစ္စည်း၏ အခမွဲဆိုင် တစ်ဦးဖြစ်သူ ဒေါ်စောတင် (ကွယ်လွန်)၏ ကျန်ရစ်သော ပစ္စည်းများနှင့် ပတ်သက်၍ အမွေထိန်း လက်မှတ်စာ လျှောက်ထားပြီး အမွေထိန်းလက်မှတ်စာရသူ အနေဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။ အမွေထိန်းလက်မှတ်စာကို ကိုင်ဆောင်၍ တရားမမှု စွဲဆိုသူ တရားလို ဦးခင်ငွေ အမှုအခင်းတာအတွင်း ကွယ်လွန်သွားသောအခါ အမှုမှာ အလိုလိုရပ်စဲပြီးဆုံးသွားပြီးဖြစ်သည်။ အကြောင်းမူကား ဦးခင်ငွေ တစ်ဦးချင်း အခနှင့် လျှောက်ထားရရှိသည့် အမွေထိန်း လက်မှတ်စာ ဖြစ်သဖြင့် ဦးခင်ငွေ သေဆုံးသည်နှင့် တစ်ပြိုင်နက် ထိုအမွေထိန်း လက်မှတ်စာမှာလည်း ဆုံးခန်းတိုင် ရောက်သွားပြီးဖြစ်သည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | — ဦးမောင်မောင်ကြင်၊ တရားရုံးချုပ် ရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | — ဦးဇော်မြင့် (မြေထဲ) တရားရုံးချုပ် ရှေ့နေ |
| တရားရေးအကြံပေး | — ဦးဘတင့် |

မြေထဲမြို့နယ် တရားရုံး၊ ၁၉၈၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃ တွင် တရားလို ဦးခင်ငွေက တရားပြိုင် ဒေါ်ငွေအေးသင် အပေါ်၌ အခမွဲ

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၂၄

\+ ၁၉၈၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃ တွင် ချမှတ်သော(၂၃-၁-၉၀) ရက်စွဲပါ မြေထဲ မြို့နယ်တရားရုံး၏ အမိန့်ကိုလျှောက်ထားမှု။

၁၉၉၀

ဒေါ်အေးသင်
နှင့်
ဒေါ်ခင်စိန်
(၁)
ဒေါ်ချော
ပါ(၅)

ထားသော နေအိမ်နှင့်ဝိုင်း မြေအတွင်းမှ နှင်ထုတ်ပေးစေလိုမှု စွဲဆိုသည်။ တရားလို ဦးခင်ငွေက ယိုအမှုစွဲဆိုရာ၌ အချင်းဖြစ်ပစ္စည်း၏ အမွေဆိုင် တစ်ဦးဖြစ်သူ ဒေါ်စောတင် (ကွယ်လွန်)၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် ပတ်သက်၍ အမွေထိန်း လက်မှတ်စာ (မကွေးတိုင်း တရားရုံးက ထုတ်ပေးသည့် ၁၇-၃-၈၇ နေ့စွဲပါ အမွေထိန်း လက်မှတ်စာ)ကို ကိုင်ဆောင်၍ တရားလိုအဖြစ် စွဲဆိုခြင်း ဖြစ်ကြောင်း၊ မူလရုံးအမှုတွဲ၌ တွေ့ရသည်။ အမှုအတောအတွင်း ဦးခင်ငွေ သေဆုံးသဖြင့် ၎င်း၏ လက်ရှိ ဇနီး ဒေါ်ခင်စိန်(၁) ဒေါ်ချောနှင့် သားသမီးများက ၁၁-၄-၈၈ နေ့စွဲပါ လျှောက်လွှာအရ ကွယ်လွန်သူ တရားလို ဦးခင်ငွေ၏ နေရာ၌ တရားဝင် ကိုယ်စားလှယ်များအဖြစ် ထည့်သွင်း ပေးရန် လျှောက်ထားကြသည်။ ထိုလျှောက်ထားချက်နှင့် ပတ်သက်၍ မြို့နယ် တရားသူကြီးက ၎င်း၏ ၂၃-၁-၉၀ နေ့စွဲပါ အမိန့်အရ အမှုမှာ ရပ်စဲခြင်း မရှိ၊ ဆက်လက် စစ်ဆေးမည်ဟု ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်၍ မူလရုံး တရားပြိုင် ဒေါ်အေးသင်က တရားရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားလာခြင်း ဖြစ်သည်။

ယခု ပြင်ဆင်မှု အကြောင်းပြရာ၌ ကွယ်လွန်သူ တရားလို ဦးခင်ငွေမှာ ပထမ ဇနီးနှင့် သားသမီးများ ရှိနေသေးကြောင်း၊ ၎င်းတို့ကိုလည်း အမှု၌ ပါဝင်စေရမည်ဖြစ်ကြောင်း ယခု ပါဝင်ခွင့်ပြုထားသည့် ဒေါ်ခင်စိန်မှာ ဒုတိယ ဇနီးဖြစ်ပြီး သားသမီးများမှာ ဒုတိယ ဇနီး ဒေါ်ခင်စိန်၏ သားသမီးများဖြစ်ကြောင်း၊ ဒုတိယ ဇနီးနှင့် သားသမီးများကိုသာ အမှု၌ ထည့်သွင်းရုံမျှနှင့် မပြည့်စုံကြောင်း ထို့ကြောင့်အမှုမှာရပ်စဲသွားပြီဟု ယူဆရမည်ဖြစ်ကြောင်း အကြောင်းပြသည်။

မူလရုံး အမှုတွဲ၌ တရားလို ဦးခင်ငွေက အမှုစွဲဆိုရာတွင် အချင်းဖြစ်ပစ္စည်း၏ အမွေဆိုင် တစ်ဦးဖြစ်သူ ဒေါ်စောတင် (ကွယ်လွန်)၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် ပတ်သက်၍ အမွေထိန်း လက်မှတ်စာ လျှောက်ထားပြီး အမွေထိန်း လက်မှတ်စာရသူ အနေဖြင့် တရားစွဲဆိုခြင်း ဖြစ်ကြောင်း တွေ့ရသည်။ အမွေထိန်းလက်မှတ်စာကို ကိုင်ဆောင်၍ တရားမမှုစွဲဆိုသူ တရားလို ဦးခင်ငွေ အမှုအတောအတွင်း ကွယ်လွန်သွားသောအခါ အမှုမှာ အလိုလိုရပ်စဲ ပြီးဆုံးသွားပြီ ဖြစ်သည်။ အကြောင်းမူကား ဦးခင်ငွေ တစ်ဦးချင်း အနေနှင့် လျှောက်ထားရရှိထားသည့် အမွေထိန်းလက်မှတ်စာဖြစ်သဖြင့် ဦးခင်ငွေ သေဆုံးသည်နှင့် တစ်ပြိုင်နက် ထိုအမွေထိန်း လက်မှတ်စာမှာလည်း ဆုံးခန်းတိုင်ရောက်သွားပြီဖြစ်သည်။ ထို့ကြောင့် အမွေထိန်းလက်မှတ်စာကို ကိုင်ဆောင်၍တရားစွဲဆိုသူ တရားလို ဦးခင်ငွေ သေဆုံးချိန်၌ ထိုတရားမမှုမှာလည်း အလိုလိုရပ်စဲသွားပေသည်။ ကွယ်လွန်သူ ဦးခင်ငွေ၏ နေရာ၌ တရားဝင်ကိုယ်

စားလှယ် ထည့်သွင်းရန် အကြောင်းမပေါ်တော့ပေ။ ထို့ကြောင့် မူလ ရုံးမှ ကွယ်လွန်သူ ဦးခင်မွေ၏ နေရာ၌ တရားဝင် ကိုယ်စားလှယ်များ ထည့်သွင်းပြီး အမှုကိုဆက်လက်ဆောင်ရွက်နေခြင်းမှာ မှားယွင်းကြောင်း တွေ့ရသည်။ ယခု ပြင်ဆင်မှုအား ခွင့်ပြုပြီး မူလ မြို့နယ်တရားသူကြီး၏ ၂၃-၁-၉၀ နေ့စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်သည်။ မြို့နယ် တရားရုံး၏ ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၃ မှာ တရားလို ဦးခင်မွေ ကွယ်လွန်ချိန်မှစ၍ အလိုအလျောက် အမှုရပ်စဲသွားပြီဖြစ်သည်ဟူ၍ ဆုံးဖြတ် လိုက်သည်။

၁၉၉၀
ဒေါ်မေအေးသင်
နှင့်
ဒေါ်ခင်စိန်
(ခ)
ဒေါ်မြချော
ပါ(၅)

စရိတ်မသတ်မှတ်။

**တရားမ ပထမ အယူခံမှု**

**တရားရုံးချုပ် တရားသူကြီး ဦးအေးအုန်း ရှေ့တွင်**

+ ၁၉၉၀<br>မေလ<br>၂၇ ရက်

ဒေါ်အေးအေးကြိုင်

(၎င်း၏ အထွေထွေ ကိုယ်စားလှယ် စာရသူ

ဒေါ်ခင်မျိုးလှ)

နှင့်

ဒေါ်သိန်းထွေး*

**ယာယီ တားဝရမ်း–အငြင်းပွားဖွယ်ရာ မရှိလျှင်**

**ယာယီတားဝရမ်း ထုတ်ပေးရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** အမှုတွင် အငြင်းပွားသည့် ပြသနာသည် စာချုပ်အား ပျက်ပြယ်စေလိုကြောင်းသာ ဖြစ်၍ အငြင်းပွားဖွယ်ရာဟူ၍ မရှိချေ။ ဤအခြေအနေတွင် ယာယီတားဝရမ်း ထုတ်ဆင့်ရန်အကြောင်း မရှိပေ။

အယူခံတရားလိုအတွက် —ဦးညွှန့်မြိုင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် —ဦးလွှန်းမောင်၊ တရားရုံးချုပ်ရှေ့နေ (မလာ)

တရားရေးအကြံပေး —ဦးဘသန်းအောင်

အယူခံတရားလို ဒေါ်အေးအေးကြိုင်၏ဖခင် ဦးမြင့်က မိထွေးဒေါ်သိန်းထွေးအား မိတ္ထီလာမြို့၊ရပ်ကွက်အမှတ် ၁၁/ဂဈေးရပ်၊ဦးပိုင်အမှတ် ၇/၄၊ မြေကွက်အမှတ် ၁၃/၅၁ ပေါ်ရှိ အဆောက်အအုံ၏ထက်ဝက် အရှေ့ဘက်ခြမ်းတိုက်ခန်း (၃) ခန်းကို မေတ္တာဖြင့်အပိုင်ပေး စာချုပ် ချုပ်ဆိုပေးခဲ့သည်။ ထိုအပေး စာချုပ်ကို ပျက်ပြယ် စေလိုကြောင်း ဒေါ်အေးအေးကြိုင်က ဒေါ်သိန်းထွေးအပေါ် မန္တလေးတိုင်းတရားရုံး (မိတ္ထီလာမြို့နယ်စုံ) တွင် တရားမကြီးမှုအမှတ်၃၆/ဂ၉ကို စွဲဆိုခဲ့သည်။ မူလတရားရုံးက ယင်းအမှုကို ပလပ်လိုက်၍ ဒေါ်အေးအေးကြိုင်က ဤအယူခံမှုကိုတင်သွင်းသည်။ အယူခံဝင်နေစဉ်အတွင်း ဒေါ်သိန်းထွေးက အချင်းဖြစ်ဥပစာမှ အိမ်သုံးမီတာ၊ သံဘာဂျာတံခါးများ၊ ပြတင်းပေါက်သံတိုင်များ၊ သွပ်ပြားများကို ခွာ၍

---

+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၇
+ ၁၉ဂ၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆ တွင် ချမှတ်သော မန္တလေးတိုင်း တရားရုံး(မိတ္ထီလာမြို့နယ်စု)၏ အမိန့်ကို အယူခံမှု။

၁၉၉၈ — ဒေါ်အေး အေးကြိုင် နှင့် ဒေါ်သိန်း ထွေး

ရောင်းချသည့်သာမက တိုက်ခန်းများကိုလည်း အခြားသူသို့ လွှဲပြောင်းရန် ကြိုးပမ်းဆောင်ရွက်နေ၍ ယာယီတားဝရမ်း ထုတ်ပေးရန် တရားမကျင့်ထုံးအမိန့် ၃၉၊ နည်း ၁ နှင့် ၃ တို့အရ လျှောက်ထားခဲ့သည်။

ဒေါ်သိန်းထွေးက ဒေါ်အေးအေးကြိုင်စွဲဆိုသည့်အမှုကို ပလပ်ပြီးသည့်နောက်(၃) လကြာမှ တိုက်ခန်း (၃)ခန်းအနက်မှ အရှေ့ဘက် နှစ်ခန်းအား ဦးတင်အောင်နှင့် ဒေါ်နုတို့ကို စာချုပ်စာတမ်းဖြင့် ငှားရမ်းခဲ့ခြင်း ဖြစ်သောကြောင့် ယာယီတားဝရမ်း မထုတ်သင့်ကြောင်း ကန့်ကွက်သည်။ ယာယီတားဝရမ်းထုတ်သင့် မသင့်ကိစ္စကို ကြားနာရန် ၎င်းအမှုကို ရုံးရှေ့ တင်ပို့ခြင်းဖြစ်သည်။

အမှုတစ်မှုတွင် အငြင်းပွားသည့်ပစ္စည်း ပျက်စီးယိုယွင်းမည့် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့် သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ် ရှိနေကြောင်း ထင်ရှားမှသာ ယာယီတားဝရမ်းထုတ်ရန် ဖြစ်သည်။

အမှုတွင် အငြင်းပွားသည့်ပြဿနာသည် စာချုပ်အား ပျက်ပြယ်စေလိုကြောင်းသာဖြစ်၍ အငြင်းပွား ပစ္စည်းဟူ၍ မရှိချေ။ ၎င်းအခြေ အနေတွင် ယာယီတားဝရမ်း ထုတ်ဆင့်ရန် အကြောင်းမရှိပေ။ အငြင်းပွားပစ္စည်း မရှိလျှင် ယာယီတားဝရမ်း ထုတ်ပေးရန် မလိုကြောင်းနှင့် ပတ်သက်၍ **ဦးကျော်ဇောပါ ၂ နှင့် ဦးခင်မောင်ဗိုလ်**[၁] အမှုကို ကြည့်ပါ။

ထို့ကြောင့် ဒေါ်အေးအေးကြိုင်၏ ယာယီတားဝရမ်း ထုတ်ပေးရန် လျှောက်လွှာကို ပလပ်လိုက်သည်။ စရိတ်မသတ်မှတ်။

၁ ။ ၁၉၇၂ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁

## တရားမအထူးအယူခံမှု

တရား ရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးအေးအုန်း၊ ဦးကျော်တင့်နှင့် ဦးမျိုးထွန်းလင်း၊ ဦးကျော်ဝင်းတို့ရှေ့တွင်

၁၉၉၈ ဒီဇင်ဘာလ ၂၄ ရက်

ဦးအောင်မျှင်

ဒေါ်ထွေး

နှင့်

ဒေါ်သင်းလှိုင်*

ကျူးကျော်သူအား ဖယ်ရှားပေးစေလိုမှု–တရားမစွဲဆိုမီ ကျူးကျော်သူထံ နို့တစ်စာပေးရန် လိုမလို–ကျူးကျော်သူအား ကျူးကျော်သည့်နေ့တွင် တရားစွဲဆိုနိုင်ရန် အကြောင်း ပေါ်ပေါက် ခြင်း တရားစွဲဆိုနိုင်ရန် အကြောင်း ထပ်ကာလဲလဲ ပေါ်ပေါက်ခြင်း၊ ရှိ မရှိ–စည်းကမ်းသတ် ကာလကို စတင် ရေတွက်ရမည့် နေ့–ရှေ့နေ၏ဝန်ခံချက်–ဥပဒေအကြောင်းနှင့် စပ်လျဉ်း၍ ရှေ့နေတစ်ဦး၏မှားယွင်းသော ဝန်ခံချက်သည် အမှုသည်၏ အကျိုးကို ထိခိုက်စေခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ကျူးကျော်သူအား ဖယ်ရှားပေးစေလိုမှုတွင် အိမ်ငှား အား နှင်ထုတ်ပေးစေလိုမှုမှာကဲ့သို့ အကြောင်းကြားစာပေးရန် မလိုချေ။ ကာလအပိုင်းအခြား သတ်မှတ်၍ ငှားရမ်းသည့်ကိစ္စဖြင့်လျှင် ငှားရမ်းခြင်းကိုရပ်စဲရန် အကြောင်းကြားစာ ထုတ်ဆင့်ဖို့မလိုချေ။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၁ (က) ကိုကြည့်ပါ။ ကျူးကျော်သူအား နှင်ထုတ်ပိုင်ခွင့်ကို ကျူးကျော်သည့်နေ့တွင် သက်ဆိုင်ရာ မြေရှင် သို့မဟုတ် မြေကို လက်ရှိထားသူကရရှိသည်။ မြေမှ ဖယ်ရှားထွက်ခွာပေးစေရန် အကြောင်းကြားစာကို ပေးလိုက်နာခြင်းက တရားစွဲဆိုနိုင်စေရန်အကြောင်း ပေါ်ပေါက်စေသည်မဟုတ်ချေ။ ကျူးကျော်သူအား ဖယ်ရှားပေးစေရန် တရားစွဲဆိုခွင့်သည် ထပ်တလဲလဲ ပေါ်ပေါက်သော အခွင့်အရေးမျိုး မဟုတ်၊ ကျူးကျော်သည့်နေ့တွင် စတင်ပေါ်ပေါက်သည်။ စည်းကမ်းသတ်ကာလကို ထိုနေ့မှစ၍ စတင်ရေတွက်ရသည်။ သို့ဖြစ်၍ အကြောင်းကြားစာကို အကြောင်းပြုပြီး

---

* ၁၉၉၀ ပြည့်နှစ်၊ တရားမ အထူးအယူခံမှု အမှတ် ၉ နှင့် ၁၀

\+ ၁၉၀၉ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၅ နှင့် ၄၅တွင် ချမှတ်သော (၁၀-၁-၉၀)ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု၊

၁၉၈၀
ဦးအောင်မျှင်
ဒေါ်ထွေး
နှင့်
ဒေါ်သင်း
လှိုင်

တရားစွဲဆိုနိုင်ရန်အကြောင်း ပေါ်ပေါက်သည်ဟု အဆိုပြုခြင်းသည် လည်းကောင်း၊ ၃၁-၁-၈၃ နေ့၏ နောက်ပိုင်းတွင်တရားစွဲဆိုနိုင်ရန် အကြောင်းမှာအဆက်မပြတ် ပေါ်ပေါက်သည်ဟူသောအဆိုပြုချက်သည်လည်းကောင်း၊ ဥပဒေနှင့် ညီညွတ်ခြင်း မရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ဥပဒေ ကြောင်းနှင့် စပ်လျဉ်း၍ ရှေ့နေတစ်ဦး၏ မှားယွင်းသော ဝန်ခံချက်သည် သူ့အမှုသည်၏အကျိုးကို ထိခိုက်စေခြင်း မရှိချေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | — | ဦးသိန်းမြင့်၊ တရားရုံးချုပ် ရှေ့နေ<br>ဦးတင်ထွန်း၊ တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဒေါ်အေးကြူ၊တရားရုံးချုပ်ရှေ့နေ |
| တရားရေးအကြံပေး | — | ဦးမြ |

အမှုအတောအတွင်းကွယ်လွန်သွားသူဦးချစ်ကရန်ကုန်တိုင်း အင်းစိန်မြို့ဖော့ကန်ရပ်ကွက် မြေတိုင်းအမှတ် ၃၉၉ (က) မြေကွက်အမှတ်၄၅/ကနှင့် ၄၆/က မြေကွက်တို့ကို ဦးကျော်လှိုင် ဆိုသူထံမှ ၄-၆-၆၃ ရက်စွဲပါမှတ်ပုံတင် အရောင်းစာချုပ်အရ ဝယ်ယူထားသည်ဟု အဆိုပြုကာ အဆိုပါမြေကွက်များတွင် နေထိုင်လျက်ရှိကြသော ဦးအောင်မျှင်နှင့် အမှုအတောအတွင်း ကွယ်လွန်သွားသူ ဦးစံမောင်တို့အပေါ် ကျူးကျော်သူများအဖြစ်ဖယ်ရှား၍ သူတို့ အိမ်ဆောက်နေထိုင်သည့် မြေများကို လက်ရောက်ပေးအပ်စေလိုကြောင်းဖြင့် ဦးအောင်မျှင်အပေါ် ရန်ကုန်တိုင်း တရားရုံး ၁၉၈၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင်လည်းကောင်း၊ ဦးစံမောင်အပေါ် ၁၉၈၃ ခုနှစ်၊ တရားကြီးမှုအမှတ် ၄၆ တွင်လည်းကောင်း၊ တရားစွဲဆိုသည် အမှုအတောအတွင်းဦးချစ်နှင့်ဦးစံမောင်တို့ကွယ်လွန်သွားသဖြင့်ဇနီးဒေါ်သင်းလှိုင်နှင့် ဒေါ်ထွေးတို့အသီးသီးအား တရားဝင်ကိုယ်စားလှယ်များအဖြစ်ဖြင့် ထည့်သွင်း၍ တိုင်းတရားရုံးက အမှုကိုစစ်ဆေးကြားနာပြီးနောက် ဦးချစ် စွဲဆိုသည့်အတိုင်း ဒီကရီများ ချမှတ်ခဲ့သည်။ ဦးအောင်မျှင်နှင့် ဒေါ်ထွေးတို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် တရားရုံးချုပ်၊ ၁၉၈၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၅ နှင့် ၄၅ တို့တွင် အသီးသီးအယူခံဝင်ရာ မအောင်မြင်ချေ။ ဦးအောင်မျှင် တို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်စစ်ဆေး စီရင်ပေးရန် တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ တရားရုံးချုပ် ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၇၄ နှင့် ၁၅၄ တို့တွင် အသီးသီး လျှောက်ထားရာ တရားရုံးချုပ်က အောက်ပါပြဿနာကို ကြားနာ၍ အဆုံးအဖြတ်ပေးရန်အလို့ငှာ အထူးအယူခံဝင်ခွင့်ပြုလိုက်သည်—

၁၉၉၀
ဦးအောင်မျှင်
ဒေါ်နီငွေထွေး
နှင့်
ဒေါ်သင်း
လှိုင်

'ဤအမှုတွင် ကာလစည်းကမ်းသတ် ကျော်မကျော်ပြဿနာကို ကာလစည်းကမ်းသတ် ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၃၆ အရသာ စဉ်းစား အဆုံးအဖြတ်ပေးသင့်သည် ဆိုခြင်း မှန်သလား။'

စုံညီခုံရုံးက အချင်းဖြစ် မြေကွက်များကို ဦးချစ် ပိုင် မပိုင် စိစစ်ဘင်ပြကြရန် နှစ်ဘက်ရှေ့နေများအား ဖိတ်ခေါ်ခဲ့သည်။

ဤအထူးအယူခံမှုများတွင် အယူခံတရားပြိုင်မှာ တစ်ဦးတည်းဖြစ်သည်က တစ်ကြောင်း၊ အယူခံမှုနှစ်မှုတွင် ပေါ်ပေါက်သော ပြဿနာများမှာ တူညီသည်က တစ်ကြောင်းကြောင့် အယူခံမှု နှစ်မှုလုံးကို ဤစီရင်ချက်တစ်ခုတည်းတွင် တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

မူလရုံးတရားလို ဦးချစ်က အဆိုလွှာအပိုဒ် ၁ တွင် အောက်ပါအတိုင်း ဖော်ပြ အဆိုပြုသည်—

'တရားလိုသည် အင်းစိန်မြို့၊ ဖော့ကန်ရပ်ကွက်၊ မြေတိုင်းအမှတ် ၃၉၉ (က)၊ မြေကွက်အမှတ် ၄၅/ကနှင့် ၄၆/က မြေကွက်ကို ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂)တွင် မြေပိုင်ဆိုင်ခွင့် ဒီကရီ ရရှိထားသူ ဦးကျော်လှိုင်ထံမှ ၁၉၆၃ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့၌ မှတ်ပုံတင်အရောင်းစာချုပ်ဖြင့်တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။'

ယင်းအဆိုပြုချက်များနှင့် စပ်လျဉ်း၍ တရားပြိုင်များဘက်က အောက်ပါအတိုင်းချေပသည်—

'တရားလို၏ အဆိုလွှာပိုအဒ်(၁)ကို ဖြေဆိုရန်မလိုပါ။ တရားလိုအား သက်သေပြန်ရန် တာဝန်ထားပါသည်'

အချင်းဖြစ် မြေကွက်နှင့် စပ်လျဉ်း၍ ဦးကျော်လှိုင် ဆိုသူက ဒီကရီ ရရှိထားခြင်း၊ ထိုမြေကွက်ကို ဦးချစ်က ဝယ်ယူခဲ့ခြင်းကို တရားပြိုင်များအနေဖြင့် မသိရှိ၍ မဖြေဆိုခြင်း ဖြစ်နိုင်သည်။ တရားလိုဘက်မှ အဆိုပြုချက်ကို သက်သေပြရန် တရားပြိုင်ဘက်မှ တာဝန်ပေးသည်ဖြစ်၍ အချင်းဖြစ်မြေကို ဦးချစ်မပိုင်ဟု အတိအလင်း ငြင်းဆိုသည့် သဘောဖြစ်သည်။ သို့ဖြစ်ရာ အချင်းဖြစ်မြေကို ဦးချစ် ပိုင်မပိုင် ငြင်းချက်ထုတ်နုတ် စစ်ဆေးသင့်သည်။ တိုင်းတရားရုံးက အောက်ပါငြင်းချက်ကို ထုတ်နုတ် ကြားနာခဲ့သည်—

'တရားလိုပိုင်သည့် အချင်းဖြစ်မြေကွက်တွင် တရားပြိုင်သည် ကျူးကျော် နေထိုင်သူ ဖြစ်သည်ဆိုတာ မှန်သလား'

ဤငြင်းချက်အရဆိုလျှင် တရားရုံးက အချင်းဖြစ်မြေကိုဦးချစ်ပိုင်ကြောင်း မှတ်ယူထားသည့် သဘော သက်ရောက်သဖြင့် တရားပြိုင်ကို နစ်နာစေသည်။ တရားရုံး၏ လုပ်ရပ်ကြောင့် အမှုသည်များအား မနစ်နာစေသင့်ပါ။ တရားရုံးသည် အမှုသည်များအကြား အငြင်းပွားသည့် အချက်

များကို လေးလေးနက်နက် စိစစ်၍ တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၄၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ငြင်းချက်ထုတ်နုတ် ကြားနာရန်လို အပ်သည်။

၁၉၉၀

ဦးအောင်မျှင်
ဒေါ်ထွေး
နှင့်
ဒေါ်သင်းလှိုင်

တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၅ တွင် အတိအလင်း ငြင်းဆိုခြင်း မပြုသော သို့မဟုတ် ငြင်းဆိုရာ သဘောရောက်သည်ဟု ကောက်ယူခြင်း မပြုနိုင်သော အဆိုလွှာပါ စွပ်စွဲချက်ကို ဝန်ခံသည်ဟု မှတ်ယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည် မှန်သော်လည်း တရားရုံးသည် ယင်းသို့ ဝန်ခံသည်ဟု မှတ်ယူနိုင်သော အကြောင်းခြင်းရာကို မိမိသဘော အတိုင်း သက်သေထင်ရှားပြစေနိုင်သည်။ တရားလိုဘက်မှ စွပ်စွဲချက်ကို တရားပြိုင်ဘက်မှ ပြတ်ပြတ်သားသား ငြင်းဆိုခြင်း မပြုသည့်ကိစ္စတွင် ဝန်ခံရာရောက်သည်ဟု မှတ်ယူသင့်မသင့် တရားရုံးက လေးလေးနက်နက် စိစစ်ရန်လိုအပ်သည်။ ချေလွှာတစ်ခုလုံးကို ဖတ်ကြည့်လျှင် တရားပြိုင်များ ဘက်မှ ဦးချစ်၏ ပိုင်ဆိုင်မှုကို ဝန်ခံမှုမပြုလိုကြောင်း ပေါ်ပေါက်သည် ဖြစ်၍ တရားရုံးသည် အမိန့် ၈၊ နည်း ၅ ၏ ပထမအပိုဒ်ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် မသင့်ချေ။ သို့ဖြစ်ရာ တိုင်းတရားရုံး အနေဖြင့် အောက်ပါ အတိုင်း ငြင်းချက်ထုတ်နုတ်သင့်ပေသည်—

'အချင်းဖြစ်မြေကွက်ကိုတရားလိုပိုင်ဆိုင်သည်ဆိုခြင်းမှာ မှန်သလား၊ မှန်လျှင် တရားပြိုင်သည် ယင်းမြေကွက်တွင် ကျူးကျော်နေထိုင်သူအဖြစ် နေထိုင်သည်ဆိုခြင်းမှာ မှန်သလား'

အချင်းဖြစ်မြေကို ဦးချစ် ပိုင်မပိုင် စိစစ်တင်ပြရန် နှစ်ဘက်ရှေ့နေများ အား ဖိတ်ခေါ်ခဲ့ရာ၌ အမိက တင်ပြရန်တာဝန်ရှိသူမှာ အယူခံ တရားလိုတို့ ဖြစ်သည်။ အယူခံ တရားလိုတို့၏ ရှေ့နေများသည် ယင်းအချက်ကို ဒိဗိ ပြင်ပြင် တင်ပြခြင်း မပြုနိုင်ကြောင်း တွေ့ရှိရသည်။

အလျင်းသင့်၍ မှတ်ချက်ပြုလိုသော အချက်တစ်ရပ်ရှိသည်။ နှစ်ဘက် အမှုသည်များ၏ ရှေ့နေတို့သည် အမှုကို လျှောက်လဲတင်ပြရန် တရား ရုံးသို့ ရောက်ရှိသောအခါ အမှု၏ အကြောင်းခြင်းရာ အပြည့်အစုံနှင့် အမှုတွင် ပေါ်ပေါက်နိုင်သည့် ဥပဒေ ပြဿနာ အရပ်ရပ်တို့ကို ဖြေကြား နိုင်စွမ်းရှိအောင် ပြင်ဆင်ပြီးဖြစ်စေရမည်။ သို့မှသာ ဆိုင်ရာအမှုသည်တို့ အတွက် တာဝန်ကျေကျေ ထမ်းရွက်နိုင်မည်ဖြစ်သည်။ တရားရုံးက ပြဿနာ တစ်ရပ်ကို ချပြသောအခါ ဖြေဆိုရန် အသင့်မရှိ၍ လေ့လာရန် အချိန် တောင်းဆိုရန် မသင့်။ အမှုနှင့်သက်ဆိုင်သမျှသော ပြဿနာ အရပ်ရပ်ကို ဖြေကြားနိုင်ရန် အစွမ်းကုန် အားထုတ်ပြီး ဖြစ်စေရမည်။

အယူခံတရားလိုတို့၏ ရှေ့နေများက အချင်းဖြစ်မြေကို ဦးချစ် ပိုင်ဆိုင် ကြောင်းနှင့် စပ်လျဉ်း၍ စောဒကတက်ခြင်းမပြု ပိုင်ဆိုင်သည်ဟု သဘော ထားကာ အမှုကို လျှောက်လဲကြကြောင်း တွေ့ရှိရသည်။

၂၉၉၀
ဦးအောင်မျှင့်
ဒေါ်ထွေး
နှင့်
မဒေါ်သင်းလှိုင်

အင်းစိန်မြို့ ယခင် ရာဘက် ခရိုင်တရားမ တရားသူကြီးရုံး ၁၉၆၁ ခုနှစ် တရားမကြီးမှု အမှတ် ၂ တွင် ဦးကျော်လှိုင်၏ အဆိုပြုချက်အရ အချင်းဖြစ်မြေမှာ မူလက ဒဗလျူအက်ဗ်ဂုမ်းလားဆိုသူ ပိုင်ဆိုင်ခဲ့ဟန်တူသည်။ ဦးကျော်လှိုင်က မိမိ၏ ဖခင် လက်ထက်မှစ၍ ယင်းမြေတွင်ဆန့်ကျင်လက်ရှိထားသည်ဟုအကြောင်းပြကာ မိမိသည်အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာပေးစေရန် အထက်ပါအမှုတွင် တရားစွဲဆိုရာ စွဲဆိုသည့်အတိုင်း ဒီကရီ ရရှိခဲ့ရာ၊ ဦးချစ်က ၄-၆-၆၃ ရက်စွဲပါ မှတ်ပုံတင်အရောင်းစာချုပ်အရ ငယ်ယူခဲ့ခြင်းဖြစ်သည်။ အင်းစိန်မြို့ ယခင် ရာဘက် ခရိုင် တရားမ တရားသူကြီးရုံး ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင် ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီသည် ထိုအမှုတွင် အမှုသည်များဖြစ်ကြသည့် တရားလိုနှင့် တရားပြိုင်များအကြားတွင် လည်းကောင်း၊ သူတို့၏ အကျိုးကို ဆက်ခံသောသူများ အကြားတွင် လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ အရ အကျိုးသက်ရောက်မှု ရှိသည်။ သို့ရာတွင် အခြားသူများအပေါ် အကျိုးသက်ရောက်မှု မရှိသည်ကို အယူခံတရားလိုတို့၏ ရှေ့နေများက သိရှိဟန် မတူ။ သို့ဖြစ်၍ မှားယွင်းဝန်ခံခဲ့ခြင်းဖြစ်သည်။ အယူခံ တရားလိုတို့သည် ဦးကျော်လှိုင် စွဲဆိုသောအမှုမှ အမှုသည်များ၏ အကျိုးကိုဆက်ခံသူများမဟုတ်၊ အမှုတွဲရှိ သက်သေခံချက်များအရ ဦးကျော်လှိုင်က အထက်ပါအမှုကို စွဲဆိုစဉ်ကပင် သူတို့သည် အချင်းဖြစ် ခြံမြေအတွင်းတွင် ဝင်ရောက်နေထိုင်ပြီးဖြစ်ကြသည်။ သို့ဖြစ်ရာ ဦးကျော်လှိုင် ရရှိသော ဒီကရီသည် အယူခံတရားလိုတို့အပေါ် အကျိုးသက်ရောက်မှု မရှိချေ။ ဦးကျော်လှိုင်ထံမှ ယင်းမြေကိုဝယ်ယူသည်ဆိုသော ဦးချစ်သည်လည်း မှတ်ပုံတင် စာချုပ်ကိုပြကာ အယူခံတရားလိုတို့အပေါ် တရားစွဲဆိုခွင့် မရှိချေ။

အမန်စင်စစ် ၁၉၆၁ ခုနှစ်ကပင် ဦးကျော်လှိုင်က အချင်းဖြစ်အမှုကို စွဲဆိုစဉ်ကပင် ဦးအောင်မျှင်နှင့် ဦးစံမောင်တို့သည် အချင်းဖြစ်မြေအတွင်းတွင် ရောက်ရှိပြီးဖြစ်သည်။ အယူခံတရားပြိုင်၏ ရှေ့နေကမူ အယူခံတရားလိုတို့သည် အချင်းဖြစ်မြေအတွင်းသို့ ၁၉၇၂ ခုနှစ်ကျမှ ရောက်ရှိလာခြင်းဖြစ်သည်ဟု တင်ပြလျှောက်ထားသည်။

ဦးချစ်က အဆိုလွှာ အပိုဒ် ၂ တွင် အယူခံတရားလိုတို့က အချင်းဖြစ်မြေပေါ်၌ ကျူးကျော်နေထိုင်ကြောင်း စွပ်စွဲထားသော်လည်း စတင်ကျူးကျော် နေထိုင်သည့် နေ့ကိုမူ စွပ်စွဲနိုင်ခြင်း မရှိချေ။

တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခြင်းနှင့်စပ်လျဉ်း၍ အဆိုလွှာတွင် အောက်ပါအတိုင်း အဆိုပြုထားသည်–

'မြို့နယ် တရားရုံးမှ အမိန့်ချမှတ်ပြီးနောက် တရားလို၏ အကျိုးဆောင်မှ ၁၈-၁-၇၃ နေ့စွဲဖြင့် တရားပြိုင်ထံသို့ တရားလိုပိုင်မြေကွက်ပေါ်မှ ၃၁-၁-၇၃ နေ့ နောက်ဆုံးထား၍ ဖယ်ရှားထွက်ခွာ ပြောင်း

၁၉၉၀
ဦးမောင်မျှင်
ဒေါ်ထွေ
နှင့်
ဒေါ်သင်းလှိုင်

ရွှေ့ပေးပါရန် အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း တရားပြိုင်မှ လိုက်နာခြင်းမရှိဘဲ ဆက်လက်ကျူးကျော် နေထိုင်လျက်ရှိပါသဖြင့် ၃၁-၁-၈၃ နေ့၏ နောက်ပိုင်း နေ့ရက်များတွင် တရားစွဲဆိုရန် အကြောင်းသည် အဆက်မပြတ် ပေါ်ပေါက်လျက် ရှိပါသည်'

ကျူးကျော်သူအား ဖယ်ရှားပေးစေလိုမှုတွင် အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှုမှာကဲ့သို့ အကြောင်းကြားစာ ပေးရန်မလိုချေ။ ကာလ အပိုင်းအခြား သတ်မှတ်၍ ငှားရမ်းသည့်ကိစ္စဖြစ်ပါလျှင် ငှားရမ်းခြင်းကို ရပ်စဲရန် အကြောင်းကြားစာ ထုတ်ဆင့်ဖို့ မလိုချေ။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၁၁ (က) ကိုကြည့်ပါ။ ကျူးကျော်သူအား နှင်ထုတ်ပိုင်ခွင့်ကို ကျူးကျော်သည့်နေ့တွင် သက်ဆိုင်ရာ မြေရှင် သို့မဟုတ် မြေကိုလက်ရှိထားသူက ရရှိသည်။ မြေမှဖယ်ရှား ထွက်ခွာပေးစေရန် အကြောင်းကြားစာကို မလိုက်နာခြင်းက တရားစွဲဆိုနိုင်စေရန် အကြောင်းပေါ်ပေါက်စေသည် မဟုတ်ချေ။ ကျူးကျော်သူအား ဖယ်ရှားပေးစေရန် တရားစွဲဆိုခွင့်သည် ထပ်တလဲလဲ ပေါ်ပေါက်သော အခွင့်အရေးမျိုးမဟုတ်၊ ကျူးကျော်သည့် နေ့တွင် စတင်ပေါ်ပေါက်သည်။ စည်းကမ်းသတ်ကာလကို ထိုနေ့မှစ၍ စတင်ရေတွက်ရသည်။ သို့ဖြစ်၍ အကြောင်းကြားစာကို အကြောင်းပြုပြီး တရားစွဲဆိုနိုင်ရန် အကြောင်းပေါ်ပေါက်သည်ဟု အဆိုပြုခြင်းသည် လည်းကောင်း၊ ၃၁-၁-၈၃ နေ့၏ နောက်ပိုင် တွင် တရားစွဲဆိုနိုင်ရန် အကြောင်းမှာ အဆက်မပြတ် ပေါ်ပေါက်သည်ဟူသောအဆိုပြုချက်သည် လည်းကောင်း ဥပဒေနှင့်ညီညွတ်ခြင်း မရှိချေ။

ဦးချစ်၏ သက်သေ ဦးစိန်ဖုးက 'ကိုကျော်လှိုင်ထံမှ ဦးချစ် မြေဝယ်သည့် အချိန်က ဦးအောင်မျှင်နှင့် ဦးစံမောင် ယောက္ခမ ဦးညို၊ ဒေါ်အုံး တို့မှာ ရှိနှင့်နေပြီ ဖြစ်သည်ဆိုလျှင် မှန်ပါသည်' ဟု ထွက်ဆိုထားရာ အယူခံတရားလိုတို့သည် အချင်းဖြစ်မြေအတွင်းသို့ ၁၉၇၂ ခုနှစ်ကျမှ ရောက်ရှိလာသည်ဟူသော တင်ပြချက်သည် မမှန်ကန်ကြောင်း ထင်ရှားသည်။ အမှုတွဲရှိ သက်သေခံချက်များအရ အယူခံတရားလိုတို့သည် ၁၉၅၀ ပြည့်နှစ် ဝန်းကျင်က အချင်းဖြစ်မြေ အတွင်းသို့ ရောက်ရှိခဲ့ကြသည်။ ဦးကျော်လှိုင်က တရားစွဲဆိုသည့် အချိန်တွင် အချင်းဖြစ်မြေမှာ ဦးကျော်လှိုင် လက်ရှိ မဟုတ် အယူခံတရားလိုတို့ လက်ရှိဖြစ်နေသည်။ ဤသို့ဆိုလျှင် ဦးကျော်လှိုင်က ဆန့်ကျင် လက်ရှိထားခြင်းဖြင့် ပိုင်ဆိုင်ခွင့် ရရှိသည် ဟူသော ယခင် ရာဘက်ခရိုင် တရားမ တရားသူကြီး၏ ကောက်ယူဆုံးဖြတ်ချက်သည် အယူခံတရားလိုတို့ နေထိုင်သော မြေကွက်များနှင့် မသက်ဆိုင်ကြောင်း ယုံမှားဖွယ် မရှိချေ။ အယူခံတရားလိုတို့၏ ရှေ့နေများသည် ဥပဒေ သဘောကို ကောင်းစွာ နားမလည်ဘဲ မိမိအမှုသည်များ နေထိုင်လျက်ရှိသည့် မြေကွက်များကို ဦးချစ် ပိုင်သည်ဟု မှားယွင်းဝန်ခံခဲ့ခြင်း ဖြစ်သည်။ ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ရှေ့နေ တစ်ဦး၏ မှားယွင်းသော

၁၉၉၀
ဦးအောင်မျှင်
ဒေါ်ထွေး
နှင့်
ဒေါ်သင်းလှိုင်

ဝန်ခံချက်သည် သူ့အမှုသည်၏ အကျိုးကိုထိခိုက်စေခြင်း မရှိချေ။ ဦးခင်မောင်ပ ၊ ၂ နှင့် ဦးတင်ခရွှေပ ၊ ၉ ^၁^ စီရင်ထုံးကိုကြည့်ပါ။

အယူခံတရားပြိုင်၏ ရှေ့နေက ဦးကျော်လှိုင်သည် မိမိရောင်းချသော မြေကို ဦးချစ်အား လက်ရောက်ပေးအပ်၍ရောင်းချခဲ့ခြင်းဖြစ်သဖြင့် အမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်ကြောင်း အကျယ်တဝင့်တင်ပြ လျှောက်ထားသည်။ မြေကို လက်ရောက်ရရှိပြီးမှ အယူခံတရားလိုတို့က ဝင်ရောက်နေထိုင်သဖြင့် အချင်းဖြစ် မြေကွက်များကို လက်လွှတ်လိုက်ရခြင်းဖြစ်လျှင် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယားအမှတ်စဉ် ၁၄၂ မှာ ဦးချစ် စွဲဆိုသောအမှုနှင့် သက်ဆိုင်ပေလိမ့်မည်။ သို့ဖြစ်ရာ အယူခံတရားပြိုင်၏ ရှေ့နေ တင်ပြချက် အရပင် အမှတ်စဉ် ၁၄၄ နှင့် မသက်ဆိုင်ကြောင်း ပေါ်ပေါက်သည်။

ဦးချစ်သည် အချင်းဖြစ်မြေကို လက်ရောက်ရရှိခဲ့ကြောင်း ခိုင်မာသည့် အထောက်အထား တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။အယူခံတရားလို တို့ဘက်မှ ၁၉၅၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် အချင်းဖြစ်မြေ၌ သူတို့ နေထိုင်လျက်ရှိကြောင်း အထောက်အထား တင်ပြနိုင်ခဲ့သည်။ သို့ဖြစ်ရာ ဦးကျော်လှိုင်က ဦးချစ်အား မြေရောင်းချစဉ် အခါက လက်ရှိမဟုတ် သဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၃၆ နှင့် ဦးချစ် စွဲဆိုသော အမှုနှင့်သက်ဆိုင်သည်။ တရားရုံးချုပ်က စိစစ် တွေ့ရှိခဲ့သည့်အတိုင်း အယူခံတရားလိုတို့သည် ပိုင်ရှင်အား ဆန့်ကျင်နေ ထိုင်ခဲ့ခြင်း မရှိချေ။

စောအိမ်ဟုတ်နှင့် မပို ရင်နှင့် အခြားသူများ ^၂^ အမှုတွင် အမှတ်စဉ် ၁၃၆ အရ၊ သတ်မှတ်ထားသည့် စည်းကမ်းသတ် ကာလကို မည်သို့ မည်ပုံ ရေတွက်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်—

> 'The expression' out of the possession, 'an used in Art. 136 implies that some person is in possession adversely to the vendor. Time does not begin to run under Art. 136, until the property is held in possession adverse to the vendor.'

သို့ဖြစ်၍ ဦးချစ် စွဲဆိုသော အမှုများမှာ ကာလစည်းကမ်းသတ် ကျော် လွန်ခြင်း မရှိဟု တရားရုံးချုပ်က ကောက်ယူ ဆုံးဖြတ်ခြင်းသည် မှန်ကန် သည်။

(၁) ၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၁၄၅။
(၂) အောဆိုင်အာ ၁၉၃၂ ရန်ကုန် ၂၂၃။

၁၉၉၁
ဦးလေးခင်မျှင်
ဒေါ်ထွေး
နှင့်
ဒေါ်သင်း
လှိုင်

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအထူးအယူခံမှုများကို ခွင့်ပြု၍ တရားရုံးချုပ်နှင့် ရန်ကုန်တိုင်း တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီ တို့ကို ပယ်ဖျက်ပြီး ဦးချစ် စွဲဆိုသောအမှုများကို ပလပ်လိုက်သည်။ အယူခံ တရားလိုတို့က တရားရုံး အဆင့်ဆင့်တွင် အခသာအချာတင်ပြခြင်း မပြုသော အချက်အရ အယူခံ တရားလိုတို့ အနိုင်ရရှိသဖြင့် သုံးရုံးလုံးတွင် ကုန် ကျသော တရားစရိတ်များကို သက်ဆိုင်ရာ အမှုသည်တို့သည် မိမိတို့ ကိုယ်တိုင် ကျခံကြရမည်။

**တရားမ ပထမအယူခံမှု**

**တရားရုံးချုပ်တရား သူကြီးဦးမျိုးထွန်းလင်းရှေ့တွင်**

ဒေါ်အုန်းရင်

+၁၉၉၀
နှန်လ ၂၁ ရက်

နှင့်

(၁) ကိုမြအောင်*

(၂) ကိုထွန်းရွှေ

(ကွယ်လွန်သူ ဒေါ်ဒေါင်းရှိန်၏ တရားဝင်
ကိုယ်စားလှယ်များ)

**မြန်မာဓလေ့ထုံးတမ်းဥပဒေ-မယား ဖြစ်သူ ဖောက်ပြားခြင်း-မည်သည့်အခါ လင်ခန်းမယားခန်း မပြတ်စဲခြင်း။**

**ဆုံးဖြတ်ချက်။** ။ဤအမှုတွင် မယားဖြစ်သူ ဒေါ်ဒေါင်းရှိန်က ဦးအုန်းမောင် ဆိုသူနောက် လိုက်ပါသွားခြင်းဖြင့် နောက်လင်ယူသည် ဆိုခြင်းနှင့် စပ်လျဉ်း၍ ခင်ပွန်းဖြစ်သူ ဦးပေါသွယ်က မယားခိုးမှုဖြင့်ဖြစ်စေ၊ တရားရုံး၌ တရားဝင် ကွာရှင်းခွင့် ဒီကရီတောင်းခံခြင်းဖြင့် ဖြစ်စေ၊ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့ခြင်း အလျဉ်းမရှိပေ။ ထို့ကြောင့် ဒေါ်ဒေါင်းရှိန်က ဦးအုန်းမောင်ဆိုသော တစ်ပါးသော ယောကျာ်းနှင့် ဖောက်ပြား ပေါင်းသင်း၍ ကလေးတစ်ယောက်ရခဲ့သည် မှန်စေဦး၊ ဦးပေါသွယ်နှင့်ဒေါ်ဒေါင်းရှိန်တို့သည်လင်မယားအဖြစ်မှ အလိုအလျောက် တရားဝင် ကွာရှင်းပြတ်စဲပြီးရာ မရောက်ပေ။

အယူခံတရားလိုအတွက် — ဦးထွန်းကြည်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် — ဒေါ်ထွန်းထွန်းဆင်း၊ တရားရုံးချုပ်ရှေ့နေ

တရားရေးအကြံပေး — ဦးအောင်ငွေ

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၈၆/၈၅ (အနောက်တောင်)တွင် ဒေါ်ဒေါင်းရှိန်က ဒေါ်အုန်းရင်အပေါ် အမွေပုံ ပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ အမှုအတောအတွင်း ဒေါ်ဒေါင်းရှိန် ကွယ်လွန်သွားရာ သားဖြစ်သူကိုမြအောင်နှင့် ကိုထွန်းရွှေတို့ကို တရားဝင်

* ၁၉၈၉ ခုနှစ် တရားမ ပထမအယူခံမှု အမှတ် ၄၁

\+ ၁၉၈၅ ခုနှစ်၊ တရားမမှုကြီး အမှတ် ၁၈၆ တွင်ချမှတ်သော (၁၅-၅-၈၉) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၀
ဒေါ်အုန်းရင်
နှင့်
ကိုမြအောင်
ပါ(၂)

ကိုယ်စားလှယ်အဖြစ် ထည့်သွင်း၍ ဆက်လက် ဆောင်ရွက်ခဲ့သည်။ တိုင်းတရားရုံးက တရားလိုများသည်ဦးပေါ်သွယ်နှင့် သူတို့၏မိခင် ဒေါ်ဒေါင်းရှိန်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းတွင် သုံးပုံနှစ်ပုံနှင့် ဦးပေါ်သွယ်နှင့် ဒေါ်ဒေါင်းရှိန်၊ တရားပြိုင်ဒေါ်အုန်းရင်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသောပစ္စည်းတွင် နှစ်ပုံတစ်ပုံအသီးသီး ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်လိုက်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မူလရုံးတရားပြိုင်ဒေါ်အုန်းရင်က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမပထမအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

မန္တလေးမြို့ပြည်ကြီးပျော်ဘွယ် အနောက်၊ အကွက်အမှတ် (၂၇၀)၊ ဦးပိုင်(၂၇)နေ ဦးပေါ်သွယ်နှင့် ဒေါ်ဒေါင်းရှိန်တို့သည် တရားဝင် အကြင်လင်မယားဖြစ်ကြသည်။ ကိုမြအောင်နှင့် ကိုထွန်းရွှေတို့မှာ ဦးပေါ်သွယ်နှင့် ဒေါ်ဒေါင်းရှိန်တို့၏ သားနှစ်ဦးဖြစ်ကြပြီး အယူခံတရားလိုဒေါ်အုန်းရင်မှာ ဦးပေါ်သွယ်၏ ဒုတိယအိမ်ထောင်မှ ဇနီးဖြစ်သည်။ ထို့ကြောင့် ဒေါ်ဒေါင်းရှိန်နှင့် ဒေါ်အုန်းရင်တို့သည် ကွယ်လွန်သူ ဦးပေါ်သွယ်၏ ပထမဇနီးနှင့် ဒုတိယဇနီးများဖြစ်ကြသည်။ ဦးပေါ်သွယ်မှာ ၁၃၄၃ ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်နေ့တွင် ကွယ်လွန်သွားရာ အဆိုလွှာ နောက်ဆက်တွဲ (က) စာရင်းပါ အိမ်နှင့်မြေပစ္စည်း (၄) မျိုးကျန်ခဲ့သဖြင့် ပထမဇနီးဒေါ်ဒေါင်းရှိန်က ဒုတိယဇနီးဒေါ်အုန်းရင်အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးရန် စွဲဆိုခြင်းဖြစ်သည်။

ဒေါ်ဒေါင်းရှိန်က အဆိုလွှာ နောက်ဆက်တွဲ (က) ပစ္စည်းစာရင်း အမှတ်စဉ်(၁)ပါ မြေနှင့်အမှတ်စဉ် (၂)ပါ အိမ်တို့သည် တရားလိုနှင့် ဦးပေါ်သွယ်တို့ပေါင်းသင်းစဉ် ဦးပေါ်သွယ် အမွေရပစ္စည်းများဖြစ်၍တရားလိုက သုံးပုံနှစ်ပုံနှင့် တရားပြိုင်ဒေါ်အုန်းရင်ကသုံးပုံတစ်ပုံ ရထိုက်ကြောင်း နောက်ဆက်တွဲ (က) စာရင်းအမှတ်စဉ် (၃) နှင့်(၄)ပါ အိမ်များမှာ ဦးပေါ်သွယ်နှင့်တရားလို၊တရားပြိုင် ဇနီး၂ဦးတို့ ပေါင်းသင်းနေထိုင်စဉ် လက်ထက်ပွား ပစ္စည်းများဖြစ်၍ တရားလိုနှင့်တရားပြိုင်တို့ နှစ်ပုံတစ်ပုံစီ အညီအမျှရထိုက်ကြောင်း အဆိုပြုသည်။

ဒေါ်အုန်းရင်က အခြားအချက်များအပြင် ဒေါ်ဒေါင်းရှိန်သည် ၁၃၁၆ ခုနှစ် သီတင်းကျွတ်လဆုတ် (၇)ရက်နေ့က ဦးပေါ်သွယ်ထံမှ အပြီးအပိုင်ထွက်ခွာသွားပြီး၊ နောက်ထပ်အိမ်ထောင်ပြုခဲ့ပြီး ဖြစ်ခြင်းကြောင့် ဦးပေါ်သွယ်နှင့် ကွာရှင်းပြတ်စဲပြီးဖြစ်ရာ၊ အမွေရခွင့်မရှိတော့ကြောင်း အမွေဆက်ခံခွင့်ရှိသည့်တိုင်အောင် ဦးပေါ်သွယ်နှင့်ကွဲကွာခဲ့သည်မှာ (၃၁)နှစ် ရှိပြီဖြစ်၍

၁၉၉၀
ဒေါ်အုန်းရင်
နှင့်
ကိုမြ
အောင်
ပ (၂)

ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း၊ တရားလို ဒေါ်ဒေါင်းရှိန် အမွေရခွင့်မရှိသဖြင့် ၎င်းနှင့်ဦးပေါသွယ်တို့၏သားဖြစ်သူ မောင်မြအောင်တို့မှာလည်း အမွေဆက်ခံခွင့်မရှိကြောင်း အမိန့်ချမှတ်ခဲ့သည်။

တိုင်းတရားရုံးက မယားဖြစ်သူ ဖောက်ပြန်သည်ဆိုသော စွပ်စွဲချက်မှာ လင်မယားကွာရှင်းလိုမှု အတွက်မှတစ်ပါး ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူ အပေါ် ပစ္စည်းခန်းစွဲဆိုသောအမှုတွင်မစဉ်းစားနိုင်ဟု ဦးဂန္ဓနှင့် မမြကြင် အမှုကိုလည်းကောင်း၊ မယားဖြစ်သူ ဖောက်ပြန်ရုံဖြင့် လင်ခန်းမယားခန်း ပြတ်စဲပြီဟု မယူဆနိုင်ကြောင်း မမယ်လှနှင့် မောင်မိုးသူ နှင့်[၂] အမှုကိုလည်းကောင်း ရည်ညွှန်းကိုးကားပြီးဒေါ်ဒေါင်းရှိန်၏ ဖောက်ပြားမှုကို အကြောင်းပြု၍ ဦးပေါသွယ်နှင့် ဒေါ်ဒေါင်းရှိန်တို့သည် လင်မယားအဖြစ်မှ ပြတ်စဲခဲ့ကြပြီဟု မဆိုနိုင်ကြောင်း ကောက်ယူသုံးသပ်၍ဦးပေါသွယ် ကွယ်လွန်သည့်အခါ ဒေါ်ဒေါင်းရှိန်သည် ဇနီးတစ်ဦးအနေဖြင့် အမွေဆက်ခံခွင့် ရှိကြောင်းနှင့် အမှုမှာ ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း ဆုံးဖြတ်သည်။

ဤအယူခံတွင် အယူခံတရားလို၏ ရှေ့နေက ဒေါ်ဒေါင်းရှိန်သည် ဖောက်ပြန်ရုံမျှမက ကိုအုန်းမောင်ဆိုသူနှင့် နောက်ထပ် အိမ်ထောင်ပြု၍ ကလေးတစ်ယောက်ပင် ရရှိကြောင်း ထင်ရှားသည့်ပြင် ဦးပေါသွယ်နှင့် ပြန်လည်ပေါင်းသင်းခြင်း မရှိတော့သည်မှာလည်းထင်ရှားပါလျက် လင်ခန်းမယားခန်း အလိုအလျောက် မပြတ်စဲဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်းနှင့်ကိုအုန်းမောင်နှင့် နောက်အိမ်ထောင်ပြုသည်နှင့် ဦးပေါသွယ်နှင့် လင်ခန်း မယားခန်း ပြတ်စဲပြီဟု ယူဆရမည်ဖြစ်ကြောင်း ဒေါ်ဒေါင်းရှိန်သည် ၎င်း၏ အိမ်ထောင်ရေးပြစ်မှုကို လင်ဖြစ်သူက ခွင့်လွှတ်ပါက အမွေရခွင့်ရှိနိုင်သည်ဆိုလျှင်ပင် နောက်အိမ်ထောင်ပြုသော ၁၃၁၆ ခုနှစ်မှစ၍ ၁၂ နှစ်အတွင်း တောင်းဆိုခြင်း မပြုသဖြင့် အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်းအဓိက တင်ပြသည်။

အမှုကိုလေ့လာသုံးသပ်ကြည့်ရာ ဒေါ်ဒေါင်းရှိန်သည် ဦးပေါသွယ်၏ တရားဝင် ပထမ ဇနီးမယားဖြစ်ပြီး ဒေါ်အုန်းရင်သည် ဦးပေါသွယ်၏ တရားဝင် ဒုတိယ ဇနီးမယားဖြစ်ခြင်းကြောင့် ဒေါ်ဒေါင်းရှိန်နှင့်ဒေါ်အုန်းရင်တို့သည် ဦးပေါသွယ်၏ မယားပြိုင်များဖြစ်ကြကြောင်း အမှုတွင် အငြင်းမပွားပေ။ ဦးပေါသွယ် ကွယ်လွန်သည်အထိ မည်သည့်ဇနီးမယားနှင့်မျှ နှစ်ဦး သဘောတူဖြစ်စေ၊ တရားရုံး၏ အမိန့်အရဖြစ်စေ တရားဝင်ကွာရှင်းမှု မပြုခဲ့ကြောင်းလည်း အမှုတွင် ထင်ရှား ပေါ်လွင်နေသည်။ ဒေါ်ဒေါင်းရှိန်သည် ယင်းသို့ ဦးပေါသွယ်၏ တရားဝင် ဇနီးမယားအဖြစ်

---

(၁) ၁၉၆၂ခုနှစ်၊မြန်မာနိုင်ငံတရားစီရင်ထုံး၊၊စာ-၁၃၁ (တရားရုံးချုပ်)။
(၂) အတွဲ-၃၊ရန်ကုန်စီရင်ထုံး၊ စာ-၉၀။

ပေါင်းသင်းစဉ် ဦးအုန်းမောင်ဆိုသူနောက် လိုက်ပါ၍ပေါင်းသင်းနေထိုင်ခဲ့ကြောင်း ဦးအုန်းမောင် စစ်ထဲဝင်သွားမှ မူလနေရပ်သို့ပြန်လာကြောင်းလည်း အမှုတွင် ပေါ်ပေါက်နေသည်။ ၁၉၅၀ ဒေါ်အုန်းရင် နှင့် ကိုမြ အောင် ပါ(၂)

ထို့ကြောင့် ဤအမှုတွင် မြန်မာ ဗုဒ္ဓဘာသာ အမျိုးသမီးသည်တစ်ပါးသော ယောကျ်ားနှင့် ဖောက်ပြားခြင်းဖြင့်ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကျူးလွန်လျှင်ဖြစ်စေ၊ တရားဝင် လင်ယောကျ်ားကို တရားဝင် မကွာရှင်းရသေးဘဲ တစ်ပါးသောယောကျ်ားနောက်လိုက်ပါ၍ နောက်လင်အဖြစ်ပေါင်းသင်းမှုပြုလျှင် ဖြစ်စေ၊ ခင်ပွန်းဖြစ်သူ လင်ယောကျ်ားနှင့် အလိုအလျောက် ကွာရှင်းပြတ်စဲပြီးရာ ရောက်မရောက်၊ မယားအဖြစ် ပစ္စည်းခန်း ရပိုင်ခွင့် ဆုံးရှုံးခြင်း ရှိမရှိ အဓိက သုံးသပ်ဆုံးဖြတ်ရန်ဖြစ်သည်။ ယင်းပြဿနာမျိုးနှင့် စပ်လျဉ်း၍ ဦးဆင် နှင့် မမလေး[၁] အမှုတွင် အောက်ပါအတိုင်း ထုံးပြုညွှန်ပြထားသည်–

'According to Burmese Buddhist law, a husband may Condone his wife's offemce of adultery or may obtain her admission of guilt and the dissolution of marriage may then take place by mutual consent on the footing that the huf band retains the hnapazon property. But otherwise he cannot retain the property on his own allegation of his wife's guilt. He must bring a suit for divorce and prove the guilt in a court of law.

ဤအမှုတွင် မယားဖြစ်သူ ဒေါ်ဒေါင်းရှိန်က ဦးအုန်းမောင်ဆိုသူနောက် လိုက်ပါသွားခြင်းဖြင့် နောက်လင်ယူသည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ခင်ပွန်းဖြစ်သူ ဦးပေါ်သွယ်က မယားနိုးမှုဖြင့်ဖြစ်စေ၊ တရားရုံး၌ တရားဝင် ကွာရှင်းခွင့် ဒီကရီတောင်းခံခြင်းဖြင့်ဖြစ်စေ၊ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့ခြင်း အလျဉ်း မရှိပေ။ ထို့ကြောင့် ဒေါ်ဒေါင်းရှိန်က ဦးအုန်းမောင် ဆိုသော တစ်ပါးသော ယောကျ်ားနှင့် ဖောက်ပြားပေါင်းသင်း၍ ကလေးတစ်ယောက်ရခဲ့သည် မှန်စေဦး၊ ဦးပေါ်သွယ်နှင့်ဒေါ်ဒေါင်းရှိန်တို့သည် လင်မယားအဖြစ်မှ အလိုအလျောက် တရားဝင် ကွာရှင်းပြတ်စဲပြီးရာ မရောက်ပေ။ မယားဖြစ်သူ၏ ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကို တရားရုံးတွင် ထင်ရှားပြဆိုပြီး တရားဝင် ကွာရှင်းခွင့် အမိန့်ရယူမှသာ လင်မယားအဖြစ်မှပြတ်စဲမည်ဖြစ်သည်။ မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ လင်မယားအဖြစ်မှ ကွာရှင်းခြင်း အကြောင်း (၃) ရပ်ရှိသည့်အနက် နှစ်ဦးသဘောတူ ကွာရှင်းခြင်းနှင့် အိမ်ထောင်ရေးပြစ်မှုကြောင့် တရားရုံးအမိန့်အရ ကွာရှင်းခြင်းတို့မှအပ လင်ဖြစ်သူ ရဟန်းဘောင်သို့

---

(၁) ၁၉၄၁၊ ရန်ကုန် စီရင်ထုံး၊ စာ-၁၄။

၁၉၉၀ ဒေါ်အုန်းရင် နှင့် ကိုမြအောင် ပါ(၂)

အပြီးအပိုင် ကူးပြောင်းသွားခြင်း အကြောင်းတစ်ရပ်သာ လင်မယား အဖြစ်မှ အလိုအလျောက် ပြတ်စဲရာရောက်နိုင်သည်ကို သတိပြုရန်လိုသည်။

ထို့ကြောင့် ဦးပေါသွယ်နှင့် ဒေါ်ဒေါင်းရှိန်တို့ လင်မယားအဖြစ်မှ အလိုအလျောက် ပြတ်စဲပြီးဖြစ်သည်ဟု မှတ်ယူရန် အယူခံတရားလို၏ ရှေ့နေ တင်ပြသည့် အချက်မှာ လက်ခံရန် မဖြစ်နိုင်ပေ။ လင်မယား အဖြစ်မှ တရားဝင် မပြတ်စဲသည့်နှင့်အမျှ လင်ဖြစ်သူသေဆုံးလျှင် မယား ဖြစ်သူ ဒေါ်ဒေါင်းရှိန်၌ ပစ္စည်းခန်းနှင့် စပ်လျဉ်း၍ မယားငြိုင်ဖြစ်သူ ဒေါ်အုန်းရင်နှင့် ယှဉ်ပြိုင် ခံစားခွင့်ရှိနေကြောင်း ယုံမှားဖွယ် မရှိချေ။ မခွဲ ဝေရသော အမွေပစ္စည်းတွင် အမွေဆိုင် တစ်ဦး၏ ရရန်ရှိသော အကျိုး သက်ဆိုင်ခွင့်သည် 'အပြီးအပိုင် ရရှိသည့် အကျိုးခံစားခွင့်' ဖြစ်သည်နှင့် အညီ ထိုသူ ကွယ်လွန်သောအခါ သူ၏ အမွေစုသည် ထိုသူ၏ အမွေစား အမွေခံများသို့ သက်ရောက်သည်။ မောင်မိုက်နှင့် မောင်ငြိမ်း[1] အမှုနှင့် မောင်အောင်ဇော်နှင့် ဦး ...အောင်ကျော်[2] အမှုတို့တွင်ကြည့်ပါ။ ထို့ကြောင့် ဒေါ်ဒေါင်းရှိန် ကွယ်လွန်သွားရာ ၎င်း၏ အမွေဝေစုကို ၎င်း၏ သား ကိုမြအောင်တို့က ဆက်ခံသည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

အယူခံတရားပြိုင် ဒေါ်ဒေါင်းရှိန်သည် မယားငြိုင်ဖြစ်သူ အယူခံတရားလို ဒေါ်အုန်းရင်ထံမှ ခင်ပွန်းသည် ဦးပေါသွယ် ကွယ်လွန်ခြင်းကြောင့် အမွေ ဝေစု ခွဲဝေပေးရန် တောင်းခံနိုင်သည့် အကြောင်းမှာဦးပေါသွယ် ကွယ်လွန် ချိန်တွင် စတင်ပေါ်ပေါက်ခြင်းဖြစ်သည်။ ယင်းသို့ စတင်ပေါ်ပေါက်သည့် တိုင်အောင် ကာလ စည်းကမ်းသတ် ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ အရ စည်းကမ်းသတ် ကာလစတင်ရေတွက်ရမည့်နေ့ရက်သည် ဦးပေါသွယ် သေဆုံးသည့် နေရက်က စတင်ရေတွက်ရန်မဟုတ်ပေ။ တရားပြိုင် ဒေါ်အုန်း ရင်က အမွေဆိုင်ပစ္စည်းကို တရားလိ ဒေါ်ဒေါင်းရှိန်အား ဆန့်ကျင်လက် ရှိထားသည့်နေ့က စတင်တွက်ရန်ဖြစ်သည်, ဂူလမ်မိုဟာမက်နှင့် ဂူလမ် ဟူစိန်[3] အမှုနှင့် ဒီးသိန်ဟာန်နှင့်မငွေပါ-၂[4] အမှုနှင့် ဒေါ်ခင်မိမိနှင့် မောင်ဇင်လင်းပါ ၃[5] အမှုတို့တွင်ကြည့်ပါ။ ဤအမှုမှာ ဦးပေါသွယ် သေဆုံးသည့် ၁၃၄၃ ခုနှစ်က စတင်ရေတွက်လျှင်ပင် ၁၂ နှစ် မကျော် လွန်သဖြင့် ကာလစည်းကမ်းသတ် မကျော်ဟု တိုင်းတရားရုံးက ဆုံးဖြတ် ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ ဒေါ်ဒေါင်းရှိန်က ဦးပေါသွယ်

(၁) ၁၈၉၇-၀၁၊ အထက်မြန်မာပြည် စီရင်ထုံးများ။ အတွဲ-၂၊ စာ-၁၄၆။
(၂) ရန်ကုန် စီရင်ထုံးများ။ အတွဲ-၈၊ စာ-၅၃၄ (၅၃၇)။
(၃) အိန္ဒိယ အယူခံမှုများ၊ အတွဲ-၅၉၊ စာ-၇၄။
(၄) ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ-၈၇ (၉၃)။
(၅) ၁၉၈၉ ခုနှစ် တရားမ ပြင်ဆင်မှုအမှတ် ၂၄၅ (တရားရုံးချုပ်)

အား စွန့်ခွာသည့် ၁၃၁၆ ခုနှစ် က စ၍ ၁၂ နှစ်အတွင်း မတောင်းဆိုသဖြင့် ကာလစည်းကမ်းသတ်ကျော်သည်ဟု အယူခံတရားလို၏ ရှေ့နေတင်ပြသည့် အချက်မှာလည်း လက်ခံစရာအကြောင်း မရှိချေ။

၁၉၄၀
ဒေါ်အုန်းရှင်
နှင့်
ကိုမြ
အောင်
ပါ(၂)

အထက်ပါ အကြောင်းများကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/– သတ်မှတ်သည်။

## တရားမ ပထမအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီး ဦးမျိုးထွန်းလင်းရှေ့တွင်

ညွှန်ကြားရေးမှူးချုပ်ပါ-၂

အိုးအိမ်ဦးစီးဌာန

အုန်းပရိုကပ်ရှ်(ခ) မောင်အေး

နှင့်

ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင်ပါ-၁၀ ဦး*

+၁၉၈၀
ဇူလိုင်လ
၂ ရက်

**အယူခံဝင်ခွင့်-အယူခံဝင်ခွင့် ရှိသူများ-ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၂၃-မှည်သည့်အခါ ပေးကမ်းမှု မတည် မဖြစ်ခြင်း- အတည်မဖြစ်သော အပေးစာချုပ် အပေါ် အခြေခံ၍ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုသောအဆိုလွှာကို တရားမကျင့်ထုံး ဥပဒေ အမိန့်-၇၊ နည်း ၁၁ အရ ပလပ်ရန်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** တရားရုံးတစ်ရုံး၏ စီရင်ချက်သို့မဟုတ် ဒီကရီကိုအယူခံဝင်ခွင့်ရှိသူများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်သည်-

(က) ဒီကရီအရ အကြီးအကျယ် ထိခိုက်နစ်နာသူအမှုသည်၊အကယ်၍ ထိုသူကွယ်လွန်လျှင် ၎င်း၏တရားဝင် ကိုယ်စားလှယ်၊

(ခ) အဆိုပါ အမှုသည်၏ အကျိုးသက်ဆိုင်ခွင့်ကို လွှဲပြောင်းရရှိထားသူ၊ ထိုအကျိုး သက်ဆိုင်ခွင့်နှင့် စပ်လျဉ်းသမျှ ထိုသူသည် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသည့်အပြင် ၎င်း၏ အမည်ကို အမှုတွဲတွင် ဖော်ပြထားပြီး ဖြစ်ရမည်၊

(ဂ) လိမ်လည်လှည့်ဖြားခြင်းကို အကြောင်းပြုပြီး ဇာရီမှုတွင် ပစ္စည်းရောင်းချခြင်းကို ပယ်ဖျက်သည့် အမိန့်အား လေလံဆွဲဝယ်သူက အယူခံဝင်နိုင်သည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်-၃၇။

\+ ၁၉၈၀ ပြည့်နှစ်၊ တရားမ အထွေထွေမှုအမှတ်-၁ / ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀ တို့တွင် ချမှတ်သော(၂၃-၃-၇၉) ရက်စွဲပါ မန္တလေးတိုင်း(အရမ)၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု၊

၁၉၉၀
ညွှန်ကြားရေးမှူးချုပ် ပါ(၂)၊
အိုးအိုမ်ဦးစီးဌာန
အုန်းပရ်ကပ်ရှိ
(ခ)
မောင်အေး
နှင့်
ချုန်ဒုရာဒေဗ်
(ခ)
ဒေါ်မြခင်
ပါ(၁၀)

ထပဲမဆုံးဖြတ်ချက်။ အဆိုအပိုဒ် (၄)(ပ)၊ အဆိုပြုချက်များ အရ ဒေါ်မြခင်၏ဖခင်မှာ အချင်းဖြစ်ပစ္စည်းများကို ဒေါ်မြခင်အား ပေးကမ်းသည်ဆိုရာ၌ ပစ္စည်းလွှဲပြောင်းရေး၊ အက်ဥပဒေ ပုဒ်မ ၁၂၃ နှင့် အညီ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ခြင်းမရှိ၍ ပေးကမ်းမှုမှာ အတည်မဖြစ်နိုင်ချေ။ ဤအခြေအနေတွင် ဒေါ်မြခင်သည် အချင်းဖြစ်ပစ္စည်းများ၏ ပိုင်ရှင်အဖြစ်သို့ မည်သည့်နည်းနှင့်မျှ မရောက်နိုင်ချေ။ အဆိုလွှာသည် တရားစွဲဆိုနိုင်ရန် အကြောင်းပေါ်ပေါက်ကြောင်း ထင်ရှားသိသာစေခြင်း မရှိ၍ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်–၇ နည်း ၁၁ (က) အရ ပလပ်ရန်ဖြစ်သည်။ အဆိုလွှာပါအဆိုပြုချက်များအရ ဒေါ်မြခင်သည်အချင်းဖြစ် ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်ကြောင်း မပေါ်လွင်ပါဘဲလျက် နှင့်တရားပြိုင်များ၏ ဖြောင့်ဆိုချက်သက်သက်အရ ဒီကရီမချမှတ်နိုင်ချေ။ တရားပြိုင်တို့၏ ဖြောင့်ချက်သည် ပိုင်ရှင်မဟုတ်သူအား ပိုင်ရှင်ဖြစ်အောင်မဖန်တီးနိုင်ပေ။

အယူခံတရားလိုများအတွက်–ဦးတင်ရှိန်၊ ဥပဒေအရာရှိ အဆင့် (၁) ရှေ့နေချုပ်ရုံး

အယူခံတရားပြိုင်များအတွက်–(၁) ဒေါ်မြမြလေး၊တရားရုံးချုပ် ရှေ့နေ (၂)မှ(၁၀) ဦးညွန့်ပြိုင်တရားရုံးချုပ် ရှေ့နေ

တရားရေးအကြံပေး –ဦးလှမြင့်ဝင်း

မန္တလေးတိုင်း တရားရုံး၊ ၁၉၇၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၀ (အရှေ့မြောက်) တွင် ဒေါ်မြခင် (ခ) ချုန်ဒုရာဒေဗီက ဒေါ်နာလာဝတီနှင့် အခြားသူများအပေါ် အချင်းဖြစ်အိမ်နှင့် မြေမှာ မိမိ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုရာ တရားပြိုင်များဘက်မှ ဖြောင့်ဆိုသဖြင့် တရားလိုစွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်လိုက်သည်။ တိုင်းတရားရုံးက ချမှတ်သောဒီကရီကို ရန်ကုန်မြို့၊ အိုးအိမ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် ရန်ကုန်မြို့၊ဝန်ကြီးများရုံး ပြည်သူ့ရဲဘာတင်းတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးတို့က တရားရုံးချုပ်၊ ၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၇ တွင် အယူခံဝင်သည်။ တိုင်းတရားရုံးက ချမှတ်သောစီရင်ချက်မှာ ဥပဒေနှင့်ညီညွှတ်ခြင်း ရှိမရှိစိစစ်ရန် တရားရုံးချုပ်၊ တရားသူကြီးချုပ်၏ ညွှန်ကြားချက်နှင့် အညီ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအရ ၁၉၉၀ ပြည့်နှစ်၊ တရားမ အထွေထွေမှုအမှတ် ၁ ကို ဖွင့်ခဲ့သည်။ ဤအမှု (၂) မှုသည် မူလရုံးအမှု (၁) မှုတည်းမှ ပေါ်ပေါက်လာသည်ဖြစ်၍ ဤစီရင်ချက်တွင် အမှု (၂) မှုလုံးကို တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးမည်။

တရားရုံးတစ်ရုံး၏စီရင်ချက် သို့မဟုတ် ဒီကရီကို အယူခံဝင်ခွင့် ရှိသူများမှာ အောက်ပါပုဂ္ဂိုလ်များဖြစ်သည်။

၁၉၉၀
ညွှန်ကြား
ရေးမှူးချုပ်
ပါ(၂)
အိုးအိမ်ဦး စီး
ဌာန
အုန်းဇရ်ကပ်နှ
(ခ)
မောင်အေး
နှင့်
ချန်ဇရာဓေဝီ
(ခ)
ဒေါ်မြခင်
ပါ(၁၀)

(၁) ဒီကရီအရ အကြီးအကျယ်ထိခိုက်နစ်နာသူ အမှုသည်၊ အကယ်၍ ထိုသူကွယ်လွန်လျှင် ၎င်း၏တရားဝင် ကိုယ်စားလှယ်။

(၂) အဆိုပါအမှုသည်၏ အကျိုးသက်ဆိုင်ခွင့်ကို လွှဲပြောင်း ရရှိထားသူ၊ ထိုအကျိုးသက်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ ထိုသူသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသည့်အပြင် ၎င်း၏အမည်ကို အမှုတွဲတွင် ဖော်ပြထားပြီးဖြစ်ရမည်၊

(၃) လိမ်လည်လှည့်ဖြားခြင်းကို အကြောင်းပြုပြီး ဇာရီမှုတွင် ပစ္စည်း ရောင်းချခြင်းကို ပယ်ဖျက်သည့် အမိန့်အား လေလံဆွဲဝယ်သူက အယူခံဝင်နိုင်သည်၊

အယူခံဝင်လိုသောအမိန့် သို့မဟုတ် ဒီကရီကို ချမှတ်ထားသည့် အမှုတွင် အမှုသည်အဖြစ်မပါဝင်သူတစ်ဦးသည် ယေဘုယျအားဖြင့် အယူခံဝင်ခွင့်မရှိ။ သို့ရာတွင် အမှုသည်မဟုတ်သူ တစ်ဦးသည် ဒီကရီအရ ထိခိုက်နစ်နာမည့်ပြင် မီးသေသော ဆုံးဖြတ်ချက်အဖြစ် အကျိုးသက်ရောက်မည် ဆိုပါက အယူခံရုံး၏ခွင့်ပြုချက်ဖြင့် အယူခံဝင်နိုင်သည်။

၁၉၇၉ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၃၇၀တွင် အယူခံဝင်သူများသည် မူလအမှု၌ အမှုသည်အဖြစ် ပါဝင်ခဲ့သူများ မဟုတ်ကြချေ။ ယင်းအမှုမှတရားပြိုင်များနှင့် တစ်နည်းနည်း ပတ်သက်ကြောင်းလည်း မပေါ်ပေါက်ချေ။ သို့ဖြစ်ရာ အမှုတွင် ချမှတ်ထားသော ဒီကရီသည် အယူခံတရားလိုတို့အပေါ် အကျိုးသက်ရောက်မှုမရှိနိုင်သဖြင့် မီးသေသော ဆုံးဖြတ်ချက်မဖြစ်နိုင်ချေ။ ဤအခြေအနေတွင်အယူခံတရားလိုတို့အားတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံဝင်ခွင့်ပြုရန် အကြောင်းမမြင်သဖြင့် သူတို့၏ အယူခံလွှာကို ပလပ်ရန်သာ ရှိပေတော့သည်။

အဆိုအပိုဒ်(၁)မှ (၅)တွင် အောက်ပါအတိုင်း အဆိုပြုထားသည်—

၁။ မန္တလေးမြို့၊ ပြည်ကြီးမျက်မှန်ရပ်၊ အကွက်အမှတ်(၇၀၁)၊ ဘိုးဘပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံမှာ မေဒင်ကို ပေါ်ဘာဂလာ အမည်ပေါက်ပါသည်။ အမည်ပေါက်သူ မေဒင်ကို ပေါ်ဘာဂလာက တရားလို၏ ဖခင်ဖြစ်သူ ဦးအောင်ကြည် (ခ) မစ္စတာ ဗီဘဲလူးသို့ ၁၉၆၂ ခုနှစ်တွင် ကတိစာချုပ်ဖြင့်ပေးကမ်းခဲ့ပြီး အဆိုပါ ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့် များကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

အမည်ပေါက်သူ မေဒင်ကို ပေါ်ဘာဂလာ၏ တစ်ဦးတည်းသားဖြစ်သူ ဆရစ်ဝင်ကူးမားဘာဂလာကလည်း တရားလို၏ ဖခင်အား ပေးကမ်းခြင်းကို သဘောတူသည့် အားလျော်စွာ (၉-၇-၆၂) နေ့စွဲပါရန်ကုန်မြို့၊စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မရုပ်နိုင်မသိမ်းနိုင်သော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၇၇၆/၆၂) ကို ပြုလုပ်ပေးခဲ့ပါသည်။

၃။ တရားလို၏ ဖခင်ကလည်း ၁၉၆၂ ခုနှစ်မှ စ၍ ပိုင်ရှင်သဖွယ် ပြုမူဆောင်ရွက်ခဲ့ပြီး အဆိုပါဘိုးဘပိုင်မြေပေါ်ရှိ အဆောက်အအုံကို အရှေ့မြောက်မြို့နယ် အိုးအိမ်ဦးစီးဌာနသို့ ငှားရမ်းခဲ့ပါသည်။

၄။ အဆိုပါ ဘိုး ဘပိုင် မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက် အအုံကို တရားလို၏ ဖခင်က ကရားလိုမှာ သမီးအကြီးဆုံး ဖြစ်သည့်က တစ်ကြောင်း၊ မောင်ညီမများကို လုပ်ကိုင် ကျွေးမွေးနေခြင်းကို ကြောင့် ချစ်မြတ်နိုးပါသဖြင့် (၁-၁-၇၇) နေ့စွဲပါ စာချုပ်ဖြင့် တရားလို၏ဖခင်က တရားလိုသို့ အဆိုပါမြေနှင့် အဆောက်အအုံကို အပိုင်ပေးခဲ့ပါသည်။

၅။ ဤသို့ စာချုပ် ချုပ်ဆိုပြီးနောက် တရားလို၏ဖခင်မှာ နာမကျန်း ဖြစ်လာပြီး အဆိုပါစာချုပ်ကို ရေစစ္စတြီ မပြုလုပ်ရခင်ပင် ဖခင် ဖြစ်သူမှာ ကွယ်လွန်ခဲ့ပါသည်'

၁၉၆၄-
(၁) ညွန့်ကြားရေးမှူးချုပ် အိုးအိမ် ဦးစီး ဦးစီးဌာန
(၂) သတင်း တပ်ဖွဲ့ မှူး ပြည်သူ့ရဲတပ် ဖွဲ့
နှင့်
ချန်ဒရာဒေဝီ (ခ) ဒေါ်မြခင် (ပါ)၁၀ဦး

အဆိုအပိုဒ် (၁)ပါ အဆိုပြုချက်များအရ အချင်းဖြစ် ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်ဟန်တူသောသူက ဒေါ်မြခင်၏ဖခင်အား အချင်းဖြစ်ပစ္စည်းများကို ပေးကမ်းရာ၌ မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့ခြင်းမရှိ၍ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ ပါ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် ပေးကမ်းမှုမှာ အထမမြောက်ချေ။

ထို့ပြင် အဆိုအပိုဒ် (၄) ပါ အဆိုပြုချက်များအရ ဒေါ်မြခင်၏ဖခင်မှာ အချင်းဖြစ်ပစ္စည်းများကို ဒေါ်မြခင်အား ပေးကမ်းသည်ဆိုရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ နှင့်အညီ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ခြင်းမရှိ၍ ပေးကမ်းမှုမှာ အတည်မဖြစ်နိုင်ချေ။ ဤအခြေအနေတွင် ဒေါ်မြခင်သည် အချင်းဖြစ်ပစ္စည်းများ၏ ပိုင်ရှင်အဖြစ်သို့ မည်သည့်နည်းနှင့်မျှ မရောက်နိုင်ချေ။ အဆိုလွှာသည် တရားစွဲနိုင်ရန် အကြောင်း ပေါ်ပေါက်ကြောင်း ထင်ရှား သိသာစေခြင်း မရှိ၍ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့်ရ နည်း ၁၁(က) အရ ပလပ်ရန်ဖြစ်သည်။ အဆိုလွှာပါ အဆိုပြုချက်များအရ ဒေါ်မြခင်သည် အချင်းဖြစ် ပစ္စည်းများ၏ ပိုင်ရှင် ဖြစ်ကြောင်း မပေါ်လွင်ပါဘဲလျက်နှင့် တရားပြိုင်များ၏ ဖြောင့်ဆိုချက် သက်သက်အရ ဒီကရီမချမှတ်နိုင်ချေ၊ တရားပြိုင်တို့၏ ဖြောင့်ဆိုချက်သည် ပိုင်ရှင်မဟုတ်သူအား ပိုင်ရှင်ဖြစ်အောင် မဖန်တီးနိုင်ပေ။

ထို့ကြောင့် ၁၉၇၉ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၃၇ ကို ပလပ်လိုက်သည်။ မန္တလေးတိုင်း တရားရုံး ၁၉၇၉ ခုနှစ် တရားမကြီးမှုအမှတ် ၇၀ (အရှေ့မြောက်) တွင် ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီကို တရား

၁၉၉၀
(၁) ညွှန်ကြား ရေးမှူး ဗျူပ် ဆိုးအိမ်ဦးစီး ဌာန
(၂) သတင်း တပ်ဖွဲ့မှူး ပြည်သူ့ရဲ တပ်ဖွဲ့
နှင့်
ချွန်ဒရာဒေဝီ (ခ) ဒေါ်မြခင် ၁၀ (၁၀) ဦး

စီရင်ရေးဥပဒေပုဒ်မ ၄ (ဆ) အရ ပယ်ဖျက်၍ ဒေါ်မြခင်စွဲဆိုသော အမှုကို ပလပ်လိုက်သည်။

ထို့ပြင် အုန်းပရိကပ်ရှိ (ခ) မောင်အေးသည် ရုံးခွန် ကျပ် ၂၀ ထမ်းဆောင်ရန် ညွှန်ကြားလိုက်သည်။ ထိုရုံးခွန်ကို တရားရုံးချုပ်က အရကောက်ခံရန် ဖြစ်သည်။

နှစ်ဘက်အမှုသည်များသည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

## ပြစ်မှုအမှားပြင်ဆင်ချက်

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၄ | ၂၁ | အပြစ်မှုများ | ပြစ်မှုအများ |
| ၂၄ | ၂၂ | ရည်ရွယ်တာ | ရည်ရွယ်ထား |
| ၂၅ | ၂၅ | ဦးကျှင်စိန် | ဦးဆန်းဦး |
| ၂၅ | ၂၆ | ဦးကျှင်စိန် | ဦးဆန်းဦး |
| ၅၂ | ၁၂ | ဝန်ခံထားသည့် | ဝန်ခံထားသည်။ |
| ၆၇ | ၁ | နှင် | နှင့် |
| ၆၇ | ၂၄ | ဥပဒေ ၂၅၂ | ဥပဒေပုဒ်မ ၂၅၂ |
| ၇၂ | ၇ | စီရင်ပိုင်ခွင် | စီရင်ပိုင်ခွင့် |

## တရားမမှု အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| ဂ | ၅ | ဖြစ်သော်လည်း ကောင်း | ဖြစ်လျှင်သော်လည်းကောင်း |
| ဂ | ၉ | မည်အည့်အခါ | မည်သည့်အခါ |
| ဃ | ၂ | တရားတစ်ထုံးစွဲခွင့် ရှိသည်။ | တရားတစ်ထုံးစွဲဆိုခွင့်ရှိသည်။ |
| ဃ | ၃ | နာနာမှု | နစ်နာမှု |
| ဃ | ၂၁ | လက်မှတ်ရေးထို | လက်မှတ်ရေးထိုး |
| စ | ၂၁ | ကွယ်လွန်သူး | ကွယ်လွန်သူ |
| စ | ၂၂ | တစ်ရပ်တည် | တစ်ရပ်တည်း |
| ဆ | ၅ | ဒီကရီတစ်ရပ်ကို | ဒီကရီကို |
| ဇ | ၃ | အစါ | အခါ |
| ဈ | ၂၄ | အပ်ဝရမ်းအတည် ပြုခြင်း | အစ်ဝရမ်းကိုအတည်ပြုခြင်း |
| ဈ | ၃၂ | တရားရှုံးလည်း ထို ဒီကရီကို လိုက်နာရန် တာဝန်ရှိသူ | တရားရှုံးလည်းမရှိ၊ ဒီကရီကို လိုက်နာရန်တာဝန်ရှိသူ |
| ည | ၁ | များလေည်းနထိုင် ခြင်း | များလည်းနေထိုင်ခြင်း၊ |
| ည | ၁၄ | အဆုံးအဖြတ်မပေးကဲ့ | အဆုံးအဖြတ်မပေးဘဲ |

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ည | ၂၆ | မီးဧသ ဆုံးဖြတ်ချက် | မီးသေသောဆုံးဖြတ်ချက် |
| ဋ | ၁၃ | အမှုသည်ရပ်စဲခြင်း | အမှုရပ်စဲခြင်း |
| ဋ | ၂၁ | သေခါ | သောအခါ |
| ဌ | ၆ | နိုင်ရန်ထပ်တလဲလဲ ပေါ် ပေါက်ခြင်း—ရှိမရှိ | နိုင်ရန်အကြောင်းထပ်တလဲလဲ ပေါ်ပေါက်ခြင်းရှိမရှိ— |
| ဌ | ၇ | စတင်ရေတွက်ရမည့်နူ | စတင်ရေတွက်ရမည့်နေ့ |
| ဌ | ၁၃ | ပစ္စည်းလွှပြောင်း | ပစ္စည်းလွှဲပြောင်း |
| ဌ | ၂၇ | ထပ်မွဆုံးဖြတ်ချက် | ထပ်မံဆုံးဖြတ်ချက် |
| ဌ | ၂၇ | ဥပဒေကြောင်း | ဥပဒေအကြောင်း |
| ဍ | ၁ | အယူခံဝင်ခွင့်ရှိသူများ | အယူခံဝင်ခွင့်ရှိသူများ— |
| ဍ | ၁၅ | လိမ်လည်လှည့်ဖြာ | လိမ်လည်လှည့်ဖြား |
| ဍ | ၁၀ | အဆိုပါ | အဆို |
| ဍ | ၂၀ | ပစ္စည်းလွှဲပြောင်းရေးအက် ဥပဒေ | ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ |
| ဍ | ၂၅ | အမိန့် ၇ နည်း ၁၀(က) | အမိန့် ၇ နည်း ၁၁(က) |
| ဍ | ၂၇ | မပေါ်မလွှင် | မပေါ်လွှင် |
| ဍ | ၂၉ | ပိုင်ရှင်ရှစ်အောင် | ပိုင်ရှင်ဖြစ်အောင် |
| ဎ | ၂၀ | အယူခံဝင်ခွင့်ပေးသင့်ခြင်း | အယူခံဝင်ခွင့်မပေးသင့်ခြင်း |
| တ | ၄ | ဒါဝတ်အိဘရာဟင်ဘိုင် မြားနှင့် ဗိုင်အေမြား(ခ) ယာတီးယာ အာမက်မြား | ဒါဝတ်အိဘရာဟင်ဘိုင်မြားနှင့် ဗိုင်အေမြား (ခ) ယာတီးယား အာမက်မြား |
| တ | ၂၀ | ဒေါ်မိမိသွင် | ဒေါ်မိမိသွင် |
| ထ | ၄ | မြန်မာ့ဓလေ့ထုံးတမ် ဥပဒေ | မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ |
| ထ | ၅ | အမွေပည်း | အမွေပစ္စည်း |
| ထ | ၁၀ | ဆိုန | (ဖျက်ရန်) |
| ထ | ၂၀ | ယင်းစာချုပ် ပျက်ပြယ် ကြောင်း | ယင်းစာချုပ်ပျက်ပြယ်ရာ ပျက်ပြယ်ကြောင်း |
| ထ | ၂၆ | ဥပဒေသည် | ဥပဒေသသည် |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ဒ | ၂ | လင်ခန်းမယားသို့ပြတ်စဲခြင်း | လင်ခန်းမယားခန်း မပြတ်စဲခြင်း |
| ဒ | ၁၂ | ဦးမြမောင် | ဦးမြအောင် |
| ဒ | ၁၆ | အပိုဒ် ၁၀ | အပိုဒ် ၁၁ |
| ဓ | ၂ | ခန့်အပ်ထားသော | ခန့်ထားသော |
| ဓ | ၆ | ပစ္စည်းများ | ပစ္စည်း |
| ဓ | ၈ | ခန့်အပ်ထားသော | ခန့်ထားသော |
| ဓ | ၁၉ | ပုဒ်မ ၄ | ပုဒ်မ ၄၉ |
| ဓ | ၂၁ | မှတ်ပုံတင်သော | မှတ်ပုံမတင်သော |
| ဓ | ၂၅ | ယင်းစာချုပ်တို့ | ယင်းစာချုပ်ကို |
| န | ၂၅ | ဥပဒေ | ယင်းဥပဒေ |
| န | ၃၁ | အမ်ပွာယ် | အဓိပ္ပာယ် |
| ပ | ၁၄ | အငှားချထားသည့် အတွက် | (ဖျက်ရန်) |
| ပ | ၁၆ | အိမ်လခကြေးများ | အိမ်လခကြေးများကို |
| ၁ | ၁၇ | လျှောက်ထားခံရသူများ အတွက် | လျှောက်ထားခံရသူ အတွက် |
| ၃ | ၁၉ | in' respeet | in respect |
| ၃ | ၁၉ | aetion | action |
| ၃ | ၂၀ | provide | provided |
| ၃ | ၃၂ | ဒေါ်ထိုက်မှာ | ဒေါ်ထိုက်မှ |
| ၅ | ၃၂ | အမိန့်ကိုပြင်ဆင်မှု | အမိန့်ကိုလျှောက်ထားမှု |
| ဝ | ၃ | ဆန့်ကျင်တက် | ဆန့်ကျင်ဘက် |
| ဝ | ၆ | တက်အမှုသည် | ဘက်အမှုသည် |
| ဝ | ၁၆ | အပုဒ် (၁) | အပိုဒ် (၁) |
| ဗ | ၁၆ | ဆိုင်ရာတရားသူကြီး | ဆိုင်ရာတရားသူကြီးသည် |

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၁၂ | ၁၆ | ၆၆/၀၀ | ၆/၀၀ |
| ၁၃ | ၃၂ | ပုန်မ | ပုဒ်မ |
| ၁၅ | ၂၆ | တစ်ကောင်က | တစ်ကောင်ကို |
| ၁၅ | ၂၇ | တရားရုံးကို | တရားရုံးက |
| ၁၅ | ၃၁ | အမိန့်ကိုပြင့်ဆင်မှု | အမိန့်ကိုလျှောက်ထားမှု |
| ၁၆ | ၂ | ပြိုင်ပစ္စည်းမဟုတ်ဘဲ | ပိုင်ပစ္စည်းမဟုယ်ဘဲ |
| ၁၆ | ၂ | အငှာမောင်းရန် | အငှားမောင်းရန် |
| ၁၆ | ၃ | ပစ္စ""း | ပစ္စည်း |
| ၁၇ | ၁ | တစ်ရားတစ်ထုံး | တရားတစ်ထုံး |
| ၁၇ | ၄ | မခသက်နှင့် ဦးဘမှန် | မခင်သက်နှင့် ဦးဘမှန် |
| ၂၄ | ၅ | ၃၁–၀–၀၅ | ၃၁–၁–၀၅ |
| ၂၆ | ၂၁ | agreemet entered into | agreement entered into |
| ၂၀ | ဘေးညွှန်း | +၁၉၀၀ | +၁၉၉၀ |
| ၂၉ | ၂ | ပေ | ပေး |
| ၃၂ | ဘေးညွှန်း | ဒေါ်တင်ကြည်ပါ (၂) | ဒေါ်တင်ကြည်ပါ (၆) |
| ၃၄ | ၂၄ | မိမိတရားဝင်ကိုယ်စားလှယ် | မိမိအားတရားဝင်ကိုယ်စားလှယ် |
| ၃၀ | ၁၄ | ပြင်ဆင် | ပြင်ဆင်မှု |
| ၃၀ | ၁၆ | တင်သွင်းခဲ့ခြင်းမရှိချေ။ | မှုတင်သွင်းခဲ့ခြင်းမရှိချေ။ |
| ၃၉ | အောက်ညွှန်း | ၁၉၂၁ လခဟိုး | ၁၉၂၀ လာဟိုး |
| ၄၁ | ၁၆ | ဦးတိုက် | ဦးတုတ် |
| ၄၂ | ၉ | ပုဒ်ဂ | ပုဒ်မ |
| ၄၂ | ၂၄ | ဤရုံး၏ | ဤအမှု၏ |
| ၄၄ | ၂ | S 144 of the civil procedure code | S. 244 of the civil procedure code |
| ၄၅ | ၁ | တရားမအထွေထွေ အယူခံမှု | တရားမအထွေထွေလျှောက်လွှာ |
| ၄၅ | ဘေးညွှန်း | ၂၆ ရက် | ၂၀ ရက် |
| ၄၅ | အောက်ညွှန်း | အထွေထွေအယူခံမှု | အထွေထွေလျှောက်လွှ |
| ၄၆ | ၁၃ | အယူခံတရားလို | လျှောက်ထားသူ |
| ၄၆ | ၁၅ | အယူခံတရားပြိုင် | လျှောက်ထားခံရသူ |
| ၄၀ | ၉ | စိစစ်နိုင်ရန် | စိစစ်စီရင်နိုင်ရန် |
| ၄၉ | ၂၀ | အပြန်အလှန် | တန်ပြန် |

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၄၉ | ၂၇ | ၁၉၈၉ ခုနှစ် | ၁၉၇၇ ခုနှစ် |
| ၅၀ | အောက်ဆုံး | | (၁) ရန်ကုန်စီရင်ထုံး၊ အတွဲ-၁၀၊ စာ-၃၂၂။ |
| ၅၁ | ၂၁ | ၁၁-၉-၉၀ | ၁၀-၉-၉၀ |
| ၅၂ | ၉ | ကိုဖန်စိန်း ဒေါ်ရှုတင် | ကိုဖန်စိန်း နှင့် ဒေါ်ရှုတင် |
| ၅၂ | ၁၂ | အမွေခွဲဝေပေးပြီဟု | အမွေခွဲဝေပေးပြီးပြီဟု |
| ၅၂ | ၂၃ | ဖိတ်ဖေါ်ခဲ့သည် | ဖိတ်ခေါ်ခဲ့သည် |
| ၅၄ | ၂၆ | အဆိုပါပုဒ်မ ၂၉၅ | အဆိုပါအခန်းပါပုဒ်မ ၂၉၅ |
| ၅၇ | ၂၇ | Jndge' which | Judge in which |
| ၅၇ | ၂၉ | produre, | procedure, |
| ၆၀ | အောက်ဆုံး | ၂၄-၉-၈၉ | ၂၅-၉-၈၉ |
| ၆၃ | ၂၆ | တူညီချက် | သဘောတူညီချက် |
| ၆၄ | ၁၉ | နယ်မြေ၌ | မြေ၌ |
| ၆၄ | ၂၁ | ခက်စ်ခမ် | အက်စ်အမ် |
| ၆၄ | ၂၇ | ဤအယူခံတွင် | ဤအထူးအယူခံတွင် |
| ၆၄ | ၂၉ | တရားရုံးချုပ်၏ | တရားရုံးချုပ် |
| ၆၆ | ၁၁ | တရားမအယူခံမှု အမှတ် ၈၂တွင် ပထမအယူခံ ဝင်သော်လည်း | တရားမပထမ အယူခံမှု အမှတ် ၈၂ တွင် အယူခံ ဝင်သော်လည်း |
| ၇၀ | ၁ | တန့်ကိခန့်ပါ ၄ | တန်ကိခန်ပါ ၅ |
| ၇၀ | အောက်ဆုံး | စာ-၁၁၇၄ | စာ-၁၁၇ |
| ၇၂ | ၂၈ | ကိုပုတို့က မိမိတို့အပေါ် တို့ | ကိုပုတို့အပေါ် |
| ၇၃ | ၂၀ | allege | alleged |
| ၇၃ | ၂၂ | မေတြိနှင့်အဖွဲ့ (လဲ) | မေစတီနှင့်အဖွဲ့ (လ်) |
| ၇၄ | ၁၉ | မရတော့ချေ။ | မရနိုင်တော့ချေ။ |
| ၇၅ | ၂ | ဦး၊ အေးအုန်း၊ ဦးမျိုး ထွန်းလင်းနှင့် | ဦးမျိုးထွန်းလင်း၊ ဦးအေး အုန်းနှင့် |
| ၇၅ | ၁၂ | လျှောက်ထားခံရသူများ | လျှောက်ထားသူ |
| ၇၈ | ၂ | လျှောက်ထားခံရသူများ | လျှောက်ထားသူသည် |
| ၇၈ | အောက်ဆုံး | စာ-၁၁၈ | စာ-၁၀၈ |
| ၇၉ | ၁၅ | နည်း ၁ အရ | နည်း ၁၆ အရ |

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈၀ | ၁ | မှု၌အမှတ် ၁၃၄ (လသာ) | မှုအမှတ် ၁၃၄ (လသာ)၌ |
| ၈၀ | ၁၆ | တရားရုံးက | တိုင်းတရားရုံးက |
| ၈၁ | ၂၇ | ဇာရီအမှတ် | ဇာရီမှုအမှတ် |
| ၈၄ | အောက်ဆုံး | (၁၃-၁၁-၈၉) | (၁၃-၁၀-၈၉) |
| ၈၇ | ၂၇ | လျှောက်ထားခံရသူ | လျှောက်ထားသူ |
| ၉၀ | ၃ | ဦးကျော်တင့်နှင့် | ဦးကျော်တင့်၊ |
| ၉၀ | အောက်ဆုံး | အယူခံအမှတ် | အယူခံမှုအမှတ် |
| ၉၂ | ၆ | ချမှတ်ခွင့် | ချမှတ်နိုင်ခွင့် |
| ၉၅ | ၁၆ | မောင်စန်းဘွင့် ပါနှင့် | မောင်စန်းဘွင့်ပါ ၂ နှင့် |
| ၉၈ | ၁ | အရနှင့် | အရ |
| ၁၀၁ | ၁၀ | ပယ်ဖျက် | ပျက်ပြယ် |
| ၁၀၁ | ၁၅ | သက်သေ | သက်သက် |
| ၁၀၁ | အောက်ဆုံး | ၁၉၆၉ | ၁၉၆၄ |
| ၁၀၂ | ၁၇ | ဒေါ်အေးလုံနှင့် ဒေါ်ခင်နီ | ဒေါ်အေးလုံနှင့် ဒေါ်ခင်နီ၏ |
| ၁၀၅ | ၇ | အဆိုပြုလွှာ | အဆိုပြုကာ |
| ၁၀၅ | ၂၉ | ပစ္စည်းကို | ပစ္စည်း |
| ၁၀၆ | ၂၄ | အားလုံးကိုပေး | အားလုံးကိုပေးကမ်း |
| ၁၀၇ | ၂၅ | ဖြစ်သူက | ဖြစ်သူ |
| ၁၀၈ | ၁၆ | တိုင်းတရားရုံး | တိုင်းတရားရုံးက |
| ၁၀၈ | ၂၀ | နေသဖြင့် | နေသည်ဖြစ်၍ |
| ၁၁၀ | ၁၄ | အပ်နှင်းခြင်း | အပ်နှံခြင်း |
| ၁၁၂ | ၂၂ | အပြင်အပိုငွေ | အပြင့်အခြားအပိုငွေ |
| ၁၁၄ | ၇ | ပေးစေလိုမှုသည် | စေလိုမှုတွင် |
| ၁၁၅ | ၁၃ | ကြေညာပေးရန် | ကြေညာပေးစေရန် |
| ၁၁၅ | ၃၅ | ပြင်ဆင်မှုတွင် | ပြင်ဆင်မှုများတွင် |
| ၁၁၇ | ၂၁ | အများအပြား | အများအပြားတွင် |
| ၁၁၇ | အောက်ဆုံး | စာ-၄၅၈၈ | စာ-၁၅၈၈ |
| ၁၁၉ | ၂၆ | ဧရိယာ ၁၃၈ | ဧရိယာ ၀.၁၃၈ |
| ၁၂၅ | ၂၄ | ရှိသူများ ရှိသူများ | ရှိသူများ |
| ၁၂၉ | ၁၇ | တန်ဘိုး | တန်ဘိုးငွေ |
| ၁၂၉ | ၂၁ | ပြန်လည်ပေးစေရန် | ပြန်လည်ပေးအပ်စေရန် |
| ၁၃၄ | ၂၅ | ၌အအိုင်အာ၍ | ၌အအိုင်အာ၏ |

| စာမျက်နှာ | အကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၃၀ | ၁၁ | ဒြေါပုံပါ-၇၃ | ဒေါ်ပုံပါ-၇? |
| ၁၃၀ | ၃၂ | စာ ၄၁၂၊ | စာ ၄၀၂။ |
| ၁၄၃ | ၁၅ | ဥပဒြေကို | ဥပဒေသကို |
| ၁၄၄ | ၇ | အမှုသစ်စွဲဆိုလျှင်မှု | အမှုသစ်စွဲဆိုလိုလျှင်မှ |
| ၁၄၆ | ၁၆ | ၃၁-၁-၉၃ | ၃၀-၁-၉၀ |
| ၁၄၇ | ၁၄ | ရရှိသည့် | ရရှိထားသည် |
| ၁၅၂ | အောက်ဆုံး | ၁၉၀၉ | ၁၉၀၉ |
| ၁၅၄ | ၂၀ | ပြန်ရန် | ပြရန် |
| ၁၅၀ | ၂၁ | မပိုရင် | မပိုးရင် |
| ၁၅၀ | ၂၄ | expression' out of the possession, 'an | expression 'out of the possessioı as |
| ၁၅၀ | ၂၅ | 116 | 136 |
| ၁၆၉ | အောက်ဆုံး | ၁၉၉၁ | ၁၉၉၀ |
| ၁၆၃ | ၁၇ | huf band | hus band |
| ၁၆၄ | ၁၃ | ဦး နှံး ေ ၁င်ကျော် | ဦးထွန်းအောင်ကျော် |
| ၁၆၄ | ၁၅ | ဆုံးဖြတ်ခြင်းမှာ | ဆုံးဖြတ်ခဲ့ခြင်းမှာ |
| ၁၆၄ | ၂၆ | မငွေပါ၊ ၄ အမနှင် | မငွေပါ ၂' အမှုနှင့် |
| ၁၆၄ | ၂၇ | မောင်ဇင်လင့်ပါမှု ၃ | မောင့်ဇင်လင်ပါ ၃ |
| ၁၆၄ | အောက်ဆုံး (၂) | (၅၁၇)၊ | (၅၃၇)၊ |
| ၁၆၅ | ၁ | စွန့်ခွာသည့် | စွန့်ခွာသွားသည့် |
| ၁၆၀ | ၁၅ | ၃၀၀ | ၃၀ |